
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၀၉၅၁၀၆၀၇ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၉၃၅၀၆၀၈ |
| ပထမအကြိမ် | – | ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | |
| မျက်နှာဖုံးပန်းချီ | – | မောင်မောင်သိုက် |
| မျက်နှာဖုံးကာလာခွဲ | – | မြကျွန်းသာ |
| အတွင်းဖလင် | – | AZ |
| ကွန်ပြူတာစာစီ | – | မြရတနာအဖွဲ့သားများ |
| စာအုပ်ချုပ် | – | မြရတနာအဖွဲ့သားများ |

**ထုတ်ဝေသူ**

ဒေါ်မူမူ(ခေါ်)ဒေါ်မြရတနာ (၀၄၂၀၁ မြဲ)

သီရိမြင်သာဈေးအတွင်း

မေတ္တာလမ်းနှင့်သံသုမာလမ်းထောင့်

၁၄/၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၅၇၈၆၇၀၊ ၃၇၉၇၇၃


**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**

ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)၊ (၀၇၉၉၆ မြဲ)

မြရတနာပုံနှိပ်တိုက်

အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ်(၁)

၁၄/၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

သောင်းဝေဦး

www.burmeseclassic.com

www.burmeseclassic.com

# အတွေးပုံရိပ် အတိတ်တိုသီ

## အခန်း (၁)

### စစ်ကိုင်းတိုင်းမှာလေးနှစ်ကြာ


| | | |
|---|---|---|
| ၁။ | မှတ်မိနေသော ရွှေဟသာ်ဆရာတော်ဘုရားကြီး၏ ဈာပန | ၂ |
| ၂။ | ကျွန်တော်သိသော ရွှေဟသာ် | ၆ |
| ၃။ | လူမှုသိသော အလှူလေးတစ်ခု | ၁၃ |
| ၄။ | ဓါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအကြောင်း တစေ့တစောင်း | ၁၇ |
| ၅။ | ဒုလ္လဘဝတ်ရန် အကြောင်းဖန်လာခြင်း | ၂၄ |
| ၆။ | ကျစွာချောင်မှ ဒုလ္လဘရဟန်းတစ်ပါး | ၃၀ |


## အခန်း (၂)

### စစ်ကိုင်းမြို့မှ နေ့ရက်များ


| | | |
|---|---|---|
| ၇။ | ကျွန်တော်ဂေါက်သီးသမား | ၃၆ |
| ၈။ | ဂေါက်ကွင်းကိုစတင်မြင်ဖူးခြင်း | ၃၈ |
| ၉။ | အတွေးအခေါ်ပြောင်းသွားသောကျွန်တော် | ၄၂ |
| ၁၀။ | ဂေါက်သီးကစားဖြစ်ပြီ | ၄၃ |
| ၁၁။ | မတတ်ဘဲနှင့် ဂေါက်ကွင်းဖောက်ခြင်း | ၄၅ |
| ၁၂။ | ကျွန်တော်နှင့် တောင်ကြီးဂေါက်ကွင်း | ၄၈ |


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

### စစ်ကိုင်းမှသည် ရွှေဘိုသို့

၁၃။ ကန်တော်လမ်းမှာ မမေ့စရာ ၅၉
၁၄။ ရွှေဘိုအကြောင်း တစေ့တစောင်း ၆၇
၁၅။ ရွှေဘို–မြစ်ကြီးနား မဟာဗျူဟာလမ်းမကြီး ၇၃
၁၆။ အမှတ်တရ ဘိုတဲကလေး ၈၂

## အခန်း (၄)

### ကန့်ဘလူတစ်ဝိုက်မှာ သုံးလကြာ

၁၇။ မြေမွန်နိုင်ငံတော်စိုက်ကွင်း ၉၃
၁၈။ ကျွန်တော်သိသော မြေအချဉ်အငန်သဘောတရား ၉၇
၁၉။ ကြိမှသည် သကြားသို့ ၁၀၀

## အခန်း (၅)

### ဇာတိချက်ကြွေ မွေးရပ်မြေသို့

၂၀။ ကျွန်တော်သိသော ရေဦး ၁၁၀
၂၁။ အတိတ်က ပုံရိပ်များ ၁၁၅
၂၂။ ရေဦး၏ စီးပွားကုန်သွယ်မှု ၁၁၇
၂၃။ စာသင်ကျောင်းများနှင့် ပညာရေး ၁၂၀
၂၄။ ရေဦးသို့ ပြန်ရောက်ခြင်း ၁၂၅
၂၅။ ကျွန်တော်နှင့် တန့်ဆည်သားများ ၁၃၂
၂၆။ မတစ်ထောင် တစ်ကောင်ဘွားဟေ့ ၁၃၃



## အခန်း (၆)

### ပင်လယ်ဘူးသို့ လျှပ်တစ်ပြက် ခရီးတစ်ခေါက်

၂၇။ ပင်လယ်ဘူးသို့ ဗကပတို့ ထိုးဖောက်ခဲ့စဉ်က ၁၄၈
၂၈။ ကျွန်တော်ရောက်ခဲ့သောပင်လယ်ဘူး ၁၅၂
၂၉။ ပင်လယ်ဘူးက ဇာတ်လမ်းတစ်ပုဒ် ၁၆၀

## အခန်း (၇)

### ကျွန်တော်နှင့် ခင်ဦးမြို့ကလေး

၃၀။ ခင်ဦးဆိုသည်ကား ၁၆၆
၃၁။ ဦးချစ်ညိုနှင့် ဦးအောင်ဖေငယ်ျ ၁၇၂
၃၂။ ခင်ဦးစား၏ အစွမ်း ၁၇၃
၃၃။ ချစ်ညိုနှင့် အောင်ဖေယျ တွေ့ကြရာဝယ် ၁၇၆

## အခန်း (၈)

### ငယ်ဘဝက ကျွန်တော့်ဆရာများ

၃၄။ ဆရာကြီး ဦးမောင်မောင် ၁၈၄
၃၅။ ဆရာ ဦးချစ်မောင် ၁၉၈
၃၆။ ဆရာ ဦးကိုကြီး ၂၁၀
၃၇။ ဆရာ ဦးစံရွှင် ၂၂၃
၃၈။ ဆရာမ ဒေါ်တင်အေး ၂၃၆



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

အမှတ်တရ တိုက်ခိုက်ရေးကျောင်း


၃၉။ တိုက်ခိုက်ရေးကျောင်းကို အောက်မေ့သည် ၂၄၉

၄၀။ တပ်ခွဲမှူးသင်တန်း တက်ခဲ့စဉ်က အမှတ်တရများ ၂၆၅

၄၁။ ပြည်ထောင်စုကို အသက်ပေးလို့ ဒို့ကာကွယ်မလေ ၂၇၆

၄၂။ အမှတ်တရ ဗထူးဂေါက်ကွင်း ၂၈၂


အခန်း (၁၀)

ကျွန်တော်နှင့် စာပေဆုများ


၄၃။ ကျွန်တော် စာပေဆုရခဲ့စဉ်က ၃၀၃

၄၄။ လူသေသော်လည်း နာမည်ကမသေပါ ၃၀၆


မြရတနာစာပေ

အတွေးပုံရိပ်

◆ ဆောင်းဝေဦး ◆

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အတွေးပုံရိပ် အတိတ်ဟိုဆီ

## အခန်း(၁)

## စစ်ကိုင်းတိုင်းမှာလေးနှစ်ကြာ

၂၀၀၄ ခုနှစ်၊ ကျွန်တော့်အသက် ခြောက်ဆယ်ရှိသွားပြီ။

သို့ရာတွင် အချိန်တွေက ရိပ်ခနဲ၊ ရိပ်ခနဲ ကုန်သွား၏။ မြန်လိုက်သည့်ဖြစ်ခြင်း ကိုယ့်ဟာကိုယ်တော့ အတော်ငယ်သေးသည် ထင်နေ၏။ အနှစ်ခြောက်ဆယ်ဆိုသည်မှာ အလုပ်နဲ့လက် ဖယ်ဆက်သလို မပြတ်လုပ်နေရ၍ အချိန်ကုန်တာ သတိမထားလိုက်မိခြင်းလည်း ဖြစ်မည်။ အခုတော့ အလုပ်ကနားပြီ၊ နည်းနည်း စဉ်းစားချိန်၊ တွေးတောချိန်လေး ရလာသည့်မို့ အနှစ်ခြောက်ဆယ် ဘဝတာခရီးကို ပြန်စဉ်းစားမိ၏။ ထိုအခါ အတွေးပုံရိပ်များက စိတ်အစဉ်မှာ ရုပ်ရှင်များပြသလို တဖြည်းဖြည်း ပေါ်လွင်ထင်ရှားလာ၏။ အတိတ်ဟိုဆီက မေ့မရသည်များကို ပြန်ပြောင်းအောက်မေ့မိ၏။ လွမ်းမိ၏။ သတိရမိ၏။ ပြန်၍ ကြုံချင်ဆုံချင်သေး၏။ လူပုဂ္ဂိုလ်တစ်ဦးစီ တစ်ဦးစီကိုလည်းကောင်း၊ အဖြစ်အပျက်တစ်ခုစီ တစ်ခုစီကိုလည်းကောင်း၊ နေရာဒေသတစ်ခုစီ တစ်ခုစီကိုလည်းကောင်း၊ အချိန်ကာလ အပိုင်းအခြားအလိုက် ပြန်လည်သတိရနေမိ၏။ တတိယအရွယ်၌ ဘုရား

www.burmeseclassic.com



ဘုရားလေးကိုလည်း စလာမိသည်။ ထိုအခါ မိမိအား ဘုရားတရားလေး အနည်းအပါးလုပ်ဖြစ်အောင် အကြောင်းဆုံလာစေခဲ့သည့် စစ်ကိုင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ကာလများကို ဦးစွာပထမ ပြေးသတိရလိုက်မိ၏။

အထူးခြားဆုံးကား အသက်ရာကျော် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ချာပနနှင့် ကံစပ်၍ ကြုံရဆုံရပုံပင်ဖြစ်၏။

၍

နှောင်မီနေသော ရွှေဟင်္သာ ဆရာတော်ဘုရားကြီး၏ ချာပန

၁၉၉၂ ခုနှစ်တွင် စစ်ကိုင်းသို့ နည်းဗျူဟာမှူးတာဝန်ဖြင့် ပြောင်းရ၏။ တာဝန်ကျတပ်မတွင် မနေရဘဲ ရှေ့တန်းသို့ ချက်ချင်းလိုက်ရ၏။ ရှေ့တန်းတွင် သုံးလေးလ တိုက်ပွဲဝင်ပြီး စစ်ကိုင်းသို့ ပြန်ရောက်လာ၏။ ကျဆုံးခဲ့သူများအတွက် အလှူအတန်းများလုပ်ရင်း စစ်ကိုင်းတောင်သို့ မကြာခဏ ရောက်ပါတော့သည်။

ထိုသို့ သွားရင်းလာရင်းဖြင့် ဝါးချက်ဗိဝိတဒါန သံဃာ့ဆေးရုံတည်ထောင်သူ ဆရာတော်ဦးလက္ခဏနှင့်လည်းကောင်း၊ စစ်ကိုင်းရွှေဟင်္သာ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တပဏ္ဍိတသီရိနှင့် လည်းကောင်း၊ ဆရာဒကာများဖြစ်ခဲ့၏။ ဝါးချက်ဆရာတော်နှင့်မူ ဆေးရုံတွင် အလှူလုပ်ရင်း ရင်းနှီးသွားခြင်းဖြစ်၏။ ရွှေဟင်္သာဆရာတော်ဘုရားကြီးကိုမူကား ဆရာတော်ကြီး၏ သီလသမာဓိဂုဏ်သိက္ခာအရ ကြည်ညိုရင်းနှီးမှုရှိသဖြင့် သွားရောက်ဖူးမြော်ရာမှ ဆရာဒကာဖြစ်သွားခြင်း ဖြစ်သည်။ ကျွန်တော်တို့ စစ်ကိုင်းရောက်တော့ ရွှေဟင်္သာဆရာတော်ဘုရားကြီး အသက်တစ်ရာနီးပြီ။ စစ်ဆင်ရေးများက ပြန်ရောက်တိုင်း ကျွန်တော်သွားကန်တော့သည့်အခါ ဆရာတော်ဘုရားကြီးက–

"အေးအေးမော်တို့ အစ်ကိုလား"





ဟု မေးတတ်၏။

အေးအေးမော်ဆိုသည်မှာ ကျွန်တော့်ဦးလေးဦးကံစိန်မှ မွေးသော ညီမဝမ်းကွဲ ဖြစ်သည်။ စစ်ကိုင်းတွင်နေ၏။ သူက ရွှေဟင်္သာဆရာတော်ဘုရားကြီးကျောင်း၌ ထာဝရ ဝေယျာဝစ္စဝတ်အသင်းဝင်ဖြစ်၏။ ဆရာတော်ဘုရားကြီးအား အနီးကပ် ပြုစုနေသူများထဲတွင် ပါဝင်၏။ ပထမအကြိမ် စတင် ဖူးမြော်စဉ်ကပင် အေးအေးမော်လိုက်ပါလာရာ အေးအေးမော်က –

"တပည့်တော်အစ်ကို စစ်ကိုင်းတပ်မက ဗျူဟာမှူးပါဘုရား"

ဟု လျှောက်ထားခဲ့ဖူးသည်။

ဆရာတော်ကြီးက တည်ငြိမ်စွာ တစ်ချက်ကြည့်ရင်း "အေးနှအား" ဟု မိန့်တော်မူ၏။ တစ်ခါတည်းနှင့် မှတ်မိသွားသည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် စာရေး၊ စာဖတ် အလွန်ဝါသနာပါ၏။ ကျွန်တော်ကလည်း စာပေသမားဖြစ်၍ ဆရာတော်ကြီး၏စာများကို ဖတ်ဖူးသည်။ သက်တော်ရှည် ဆရာတော်ကြီးများအနက် တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရနှင့် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ စာများကို ကျွန်တော် အလွန်ကြိုက်သည်။ အရေးအသား ရိုးရှင်းသည်။ တည်ငြိမ်ခန့်ညားသည်။ ဆိုလိုသည်ကို လွယ်ကူစွာ နားလည်နိုင်သည်။ အရေးအသား ရိုးရှင်းသည်ဆိုသော်လည်း ဖတ်လို့ကောင်းလှ၏။ ဗဟုသုတပြည့်စုံ၍ စေတနာပါသဖြင့် ဖတ်လို့ကောင်းခြင်းဖြစ်မည် ထင်ပါ၏။

ထို ကျွန်တော် ကြည်ညိုလေးစားသော ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့၊ ညနေ (၄) နာရီ၊ (၅၅) မိနစ်၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားသည်။ မပျံလွန်မီက ရက်ပေါင်းအတော်ကြာ နေမကောင်းဖြစ်နေရာ ရန်ကုန်မှ လူကြီးများ မကြာခဏ လာရောက်ကြည့်ရှုကြသည်။ လိုအပ်သည်များ ပြည့်စုံစွာ ဆောင်ရွက်ပေးသည်။ မည်မျှပင် အလွမ်းကုန် ပြုစု



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ကြသော်လည်း မြတ်စွာဘုရားကိုယ်တိုင် မရှောင်လွှဲနိုင်သည့် သဘာဝတရားအတိုင်း သက်တော်ရာကျော်၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားခြင်း ဖြစ်သည်။

ထိုနေ့က သတင်းကြားလျှင်ကြားချင်း ဒုတိယတပ်မမှူး ဗိုလ်မှူးကြီး သူရအေးမြင့်နှင့် ကျွန်တော်တို့ ရွှေဟင်္သာကျောင်းသို့ ရောက်သွားသည်။ မန္တလေးနှင့် မုံရွာတိုင်းမှူးတို့ ရောက်လာပြီး ချက်ချင်းပင် ဈာပနကော်မတီ ဖွဲ့စည်းကြ၏။ ကျွန်တော်သည် ပဋ္ဌာန်းဆက်ကြောင့်ပဲလား မသိပါ။ ထိုကော်မတီ၌ အထွေထွေအတွင်းရေးမှူး တာဝန်ကို ထမ်းဆောင်ရပါသည်။ ဗဟိုကော်မတီအောက်တွင် ကော်မတီခွဲ (၈)ခု ရှိ၏။ ဗဟိုကော်မတီဥက္ကဋ္ဌများမှာ မန္တလေးတိုင်းမှူးနှင့် မုံရွာတိုင်းမှူးတို့ ဖြစ်သည်။

ကျွန်တော်သည် အထွေထွေအတွင်းရေးမှူး တာဝန်သာမက ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံရေးဆပ်ကော်မတီများတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူရသည်။ အထွေထွေအတွင်းရေးမှူး ဖြစ်သဖြင့် အောက်တိုဘာလ (၁၀) ရက်နေ့မှစ၍ ကျောင်း၌ ညအိပ်ရတော့သည်။ အန္တိမဈာပနကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၊ အန္တိမဈာပနဆောင်ရွက်ရေးဆပ်ကော်မတီ၊ ဆောက်လုပ်ရေးနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ဆက်သွယ်ရေးနှင့်ပြန်ကြားရေး ဆပ်ကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ အစရှိသည့် ကော်မတီများတွင်လည်း ကျွန်တော့်မှာ တာဝန်ရှိသဖြင့် အလုပ်မှာ ဂျင်ခြေလည်နေ၏။ အချို့ ရက်များဆို အိမ်သို့ လုံးဝမပြန်နိုင်ပါ။ ဘုန်းကြီးကျောင်းတွင် အခြေမြဲနေရ၍ ညနေတိုင်းမှီဝဲနေကျ ယမကာလေးလည်း မမှီဝဲရပါ။

(၁၀)ရက်နေ့မှစ၍ ရွှေဟင်္သာကျောင်းဝင်း၌ လူတွေပျားပန်းခတ်မျှ လှုပ်ရှားသွားလာနေကြသည်။ မဏ္ဍာပ်များထိုးသည်။ အကျွေးအမွေးများ



ဆောင်ရွက်သည်။ အလှူငွေနှင့်ပစ္စည်းများ လက်ခံသည်။ အောက်တိုဘာလ (၁၅)ရက်နေ့၊ တနင်္ဂနွေနေ့တွင် အန္တိမဈာပန ဆောင်ရွက်ရေးဆပ်ကော်မတီက ဆရာတော်ကြီး၏ ရုပ်ကလာပ်အား နေ့လယ်အချိန်၌ မဏ္ဍပ်စံကျောင်းမှထုတ်ကာ ညနေ (၃) နာရီတွင် မီးသင်္ဂြိုဟ်သည်။

(၁၇)ရက်နေ့၌ အရိုးပြာများကို ရောဝတီမြစ်ကမ်းနားသို့ သယ်ယူကာ ကမ်းနားစံကျောင်းမှနေ၍ ရေမျှောခြင်းအခမ်းအနားကို ညနေ (၄)နာရီမှ စပြီး ဖောင်များဖြင့် လှည့်လည်ပူဇော်သည်။ ရေချသည်။

ည (၇)နာရီတွင် အရိုးပြာများ ရေမျှောခြင်းအခမ်းအနား ပြီးဆုံးခဲ့သည်။ လွန်စွာသိုက်မြိုက်စည်ကားလှ၏။ ထို့ကြောင့်ပင် ထိုအခမ်းအနား၌ သဲကုန်းဆရာတော် ရှင်ဉာဏဓိသရက–

"ဗိုလ်မှူးကြီးတို့တစ်တွေ အလွန်တော်တယ်။ ခတ္တိယပဏ္ဍိတတွေပဲ"ဟု ချီးကျူးစကား ပြောဆိုသွား၏။

ကျွန်တော်သည် မမျှော်လင့်ဘဲ ဆရာတော်ကြီး၏ ဈာပန၌ အတွင်းရေးမှူးတာဝန် ယူလိုက်ရသည်။ ဈာပနပြီးမြောက်သွားသော်လည်း အခြားကိစ္စများ အချိန်အတော်ကြာအောင် ရှင်းယူရ၏။ အထူးသဖြင့် ငွေကြေးကိစ္စများ မပြီးပြတ်သေးပါ။ ဆရာတော်ကြီးနှင့် ဆက်စပ်နေသော ငွေကြေးများအား တစ်ပြားတစ်ချပ်မကျန် ရွှေဟင်္သာကျောင်းသို့ အပ်နှံခဲ့ပါသည်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာ၌ ဆုပေးရာတွင် ဘုန်းကြီးလို့ အသက်ရှည်ပါစေဟု ဆုပေးတတ်ကြ၏။

သို့ရာတွင် ဘုန်းကြီးလို့အသက်ရှည်သူ အလွန်ရှားလှ၏။ ဘုန်းကြီးသော်လည်း အသက်ကမရှည်၊ အသက်ရှည်သော်လည်း ဘုန်းကမကြီး။ ထိုလိုလူချည်းသာ များလှချေ၏။ ရွှေဟင်္သာဆရာတော်ဘုရားကြီးကား ထိုရှားပါးသော ဘုန်းကြီး၍ အသက်ရှည်သည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တွင် တစ်ပါးအပါအဝင် ဖြစ်သည်။ ထို အရှင်သူမြတ်ကြီး၏ နိုင်ငံတော်အဆင့်ဈာပနတွင် ကျွန်တော်သည် မမျှော်လင့်


www.burmeseclassic.com

www.burmeseclassic.com



အဲ ပါဝင်ဆောင်ရွက်ရသဖြင့် ပင်ပန်းသော်လည်း ကျေနပ်လှပါသည်။ ကံစပ်သဖြင့် ဤစျာပနတွင် လုပ်အားဒါနပြုရခြင်း ဖြစ်ပါ၏။

နောက်တစ်လကျော်အကြာတွင် ကျွန်တော် ရန်ကုန်သို့ ပြောင်းမိန့် ထွက်လာသည်။ ရွှေဟသာ်နှင့် အဆက်ပြတ်သွား၏။ ရန်ကုန် ရောက်တော့ ညောင်တုန်းမှ တစ်ဖက်ကမ်းကူးသည့် ရောဝတီ မြစ်ကူး တံတားသစ်ကြီး ပြီးနေပြီဟု ကြားသိရ၏။ ထို့ကြောင့် ရုံးပိတ်ရက်တွင် ညောင်တုန်း စက္ကော့ မြစ်ကူးတံတားကြီးအား သွားရောက်ကြည့်ရှုရင်း ညောင်တုန်းမြို့ရှိ ရွှေဟသာ်ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ ဝင် ဖြစ်သည်။ ထိုအခါ ရွှေဟသာ်ဆရာတော်ဘုရားကြီး၏ စျာပနဌ် ကျွန်တော် စျာပနကော်မတီ အတွင်းရေးမှူးတာဝန် ထမ်းဆောင်ခဲ့ရ သည်ကို ထိုကျောင်းတိုက်မှ ဆရာတော်များကို လျှောက်ထားမိသည်။ ကျောင်းထိုင်ဆရာတော်များက–

"ဒါဆို ဒကာက ရွှေဟသာ်ဆရာတော်ဘုရားကြီးရဲ့ ဒကာပဲ၊ ရွှေဟသာ်တည်ထောင်တဲ့ နှစ်တစ်ရာပြည့်စာစောင်ထုတ်ရင် စာလေး ဘာလေး ရေးပေးပါဦး"ဟု မိန့်ကြားကြ၏။

ကျွန်တော်သည် ရွှေဟသာ်ကို သံယောဇဉ် မပြတ်နိုင်သဖြင့် ထိုစာစောင် ထုတ်ဝေသောအခါ "ကျွန်တော်သိသော ရွှေဟသာ်" အမည်ဖြင့် ဆောင်းပါး တစ်စောင်ရေးလိုက်မိ၏။


ထိုဆောင်းပါးကလေးကို ဆက်လက်ဖော်ပြအပ်ပါသည်။

၀

## ကျွန်တော်သိသော ရွှေဟသာ်

ကျွန်တော်သည် စစ်ကိုင်းတိုင်းအတွင်း မူးမြစ်အနောက်ဘက် ကမ်းရှိ မြို့ကလေးတစ်မြို့မှ ဖြစ်ပါသည်။ သို့ရာတွင် စစ်ကိုင်းကိုတော့ ဖြတ်သွားဖြတ်လာ သည့်အခါမှလွဲ၍ နှံ့နှံ့စပ်စပ် မသွားဘူး။ မလာဘူးပါ။





ကျေးဇူးရှင်သက်တော်ရှည် ရွှေဟသာ်ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဇာတိမြို့ကလေးမှ တက္ကသိုလ်ဝင်တန်း ဖြေပြီးကတည်းက ထွက်ခွာလာခဲ့ရာ ၁၉၉၂ ခုနှစ်၊ လုပ်ငန်းတာဝန်ဖြင့် စစ်ကိုင်းမြို့ကို ရောက်မှ ဇာတိဒေသကို ပြန်ခြေချမိပါတော့သည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၅ ခုနှစ်ကုန်အထိ စစ်ကိုင်းတွင် လေးနှစ်ကြာသည်။ တပ်မတော်သားဖြစ်၍ စစ်ဆင်ရေးတာဝန်ဖြင့် ရှေ့တန်းမှပြန်လာတိုင်း စစ်ကိုင်းတောင်ရိုးမှ ဆရာတော်၊ သံဃာတော်များအား ဖူးမြော် ကန်တော့မိပါသည်။ ထိုသို့ ကန်တော့သည့်အထဲတွင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတသိရီ အရှင်သူမြတ်ကြီးလည်း အပါအဝင်ဖြစ်၏။

ဆရာတော်ကြီးမှာ ကျွန်တော် ဖူးမြော်ကန်တော့ ချိန်တွင် အသက်တစ်ရာ ရှိနေပါပြီ။ ဥတုသပ္ပာယ မျှတအောင်နေ၍ စာပေဝါသနာပါသည့် ဆရာတော်ဘုရားကြီးဖြစ်သဖြင့် ကျွန်တော် များစွာမှ ကြည်ညိုမိ၏။ ကျွန်တော် ပထမဦးဆုံးအကြိမ် ကန်တော့သည့်နေ့က ဆရာတော်ဘုရားကြီး ပတ္တပိုက်ဆွမ်း ဘုဉ်းပေးနေသည်ကို တွေ့ရသည်။

ဆရာတော်ဘုရားကြီး၏ အထူးခြားဆုံးအချက်မှာ မြတ်စွာဘုရားဟောကြားခဲ့သည့် အသက်ရှည်ခြင်းတရား ငါးပါးအတိုင်း နေထိုင်ကျင့်ကြံခြင်းပင် ဖြစ်၏။ ကျွန်တော့်အနေဖြင့် ဆရာတော်ဘုရားကြီး၏ ကျင့်ကြံနေထိုင်မှု၊ သီလသမာဓိကို လေးစားကြည်ညိုသဖြင့် စစ်ဆင်ရေးမှ ပြန်ဝင်တိုင်း ရွှေဟင်္သာဆရာတော်ဘုရားကြီးအား ပုံမှန်ကန်တော့ဖြစ်ပါသည်။ ထိုသို့ ရှိနေရာမှ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့တွင် ဆရာတော်ဘုရားကြီး ဘဝနတ်ထံစံတော်မူပါသည်။ ထိုအခါ နိုင်ငံတော်က ဈာပနကော်မတီတစ်ရပ် ဖွဲ့စည်းလိုက်၏။ ရေးရေစက်ကြောင့်ပဲလားမသိ၊ ကျွန်တော်က ထိုကော်မတီတွင် အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူရပါတော့သည်။

တာဝန်အရ နှစ်ပတ်ခန့် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်တွင် အခြေပြု၍ ဆရာတော်ဘုရားကြီး၏ ဈာပနကို ပြီးမြောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ခဲ့ရပါတော့သည်။ ဈာပနတွင် အထွေထွေအတွင်းရေးမှူး ဖြစ်နေ၍ လုံခြုံရေး၊ ကြိုဆိုညှိခံရေး၊ နေရာချထားရေး၊ မီးသဂြိုဟ် ဖော်ရေး အားလုံး အကျုံးဝင်ပါသည်။ ထို့ကြောင့် တာဝန်ကြီးလှပါ သည်။ ရန်ကုန်မှ နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် လာရောက်ကြ သဖြင့်လည်း ဈာပနကော်မတီ အထွေထွေအတွင်းရေးမှူး ကျွန်တော့် အနေဖြင့် လုပ်ငန်းမပီပြင်မှာ လွန်စွာပူပန်မိပါသည်။

ထို့ကြောင့် နေ့မအား၊ ညမနား တာဝန်များကို ဖိဖိစီးစီး ဆောင်ရွက်ခဲ့ပါသည်။ ဈာပနကြီး ပြီးမြောက်သွားမှ ဟင်းခနဲ သက်ပြင်း ချနိုင်ပါတော့သည်။ ဤသို့ဖြင့် စစ်ကိုင်းတောင်ရိုးမှ ရွှေဟင်္သာတိုက်သစ် ဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တပဏ္ဍိတသိရီ၏ ဈာပနကို ဆောင်ရွက်ပြီး နှစ်လကျော်ခန့်အကြာတွင် ကျွန်တော်သည် စစ်ကိုင်းမှ ရန်ကုန်သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပါသည်။ ထိုအခါ မိသားစုက အထူးပျော်ကြ၏။ ဆရာတော်ဘုရားကြီး၏ ဈာပနတွင် တာဝန်ထမ်းဆောင်ခဲ့ရခြင်းကြောင့် ရန်ကုန်ပြောင်းရသည်ဟု ပြောကြပါ သည်။ ကျွန်တော်ကတော့ ပြုံးရုံသာ ပြုံးလိုက်၏။ သို့ရာတွင် ကျွန်တော်၏ ခေါင်းထဲတွင်''ရွှေဟင်္သာ၊ ရွှေဟင်္သာ''ဆိုသောအသံမှာ အမြဲ ကြား ယောင်နေပါသည်။

ရန်ကုန်ရောက်ပြီး သိပ်မကြာပါ။ ဆရာတော်ကြီးအား ကြည်ညိုရင်းဖြစ်သဖြင့် ဆရာတော်ကြီး၏ မူလဘူတပထမ အခြေချရာ ညောင်တုန်းမြို့ ရွှေဟင်္သာတောရသို့ ထွက်ခဲ့ပါသည်။ လှိုင်မြစ်ကူး တံတား တည်ဆောက်ပြီးဖြစ်၍ ညောင်တုန်းမြို့သို့ ကားဖြင့်သွားရ၏။ ရန်ကုန်မှ တစ်နာရီကျော်ကျော်မောင်းသော် ညောင်တုန်းမြို့အထွက်က ရွှေဟင်္သာတောရသို့ ရောက်ပါသည်။ ကျောင်းထိုင်ဆရာတော်ဘုရားများ အား မိတ်ဆက်စကားလျှောက်ထား၍ မိသားစုနှင့်အတူ ပါလာသည့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလိုက်ပါသည်။ ထို့နောက်



ရွှေဟင်္သာတောရတိုက်နှင့် ပတ်သက်၍ သိလိုသည်များကို လျှောက်ထား မေးမြန်းမိပါသည်။

''ရွှေဟင်္သာတောရလို့ ဘာကြောင့် အမည်သမုတ်ပါသလဲဘုရား''

''ဒီနေရာက ဟိုတုန်းက ဟင်္သာတွေအုပ်လိုက်ချီပြီးတော့ လာရောက်ကျက်စားတဲ့ နေရာဖြစ်လို့ ဒီမြို့နယ်က လူတွေက ဟင်္သာ ကုန်းလို့ ခေါ်ကြတယ်။ ဒါကိုအာရုံညွတ်ပြီးတော့ ရွှေဟင်္သာကုန်းလို့ သမုတ်ကြတာ ဖြစ်ပါတယ်''

''ပထမဆုံးတည်တဲ့ ဆရာတော်က ဘယ်သူပါလဲဘုရား''

''ရဟန္တာလို့ ထင်ရှားကျော်စောတော်မူတဲ့ ပဲခူးတောရ ဘုန်းတော် ကြီး ဦးသီလနဲ့ ရန်ကုန်ကျောင်းတော်ရာဆရာတော်တို့ ဖြစ်ကြပါတယ်''

''ဘယ်ခုနှစ်က စတည်ခဲ့ပါသလဲဘုရား''

''၁၂၆၂ ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက်က စတည် ခဲ့ပါ တယ်။ စတည်စဉ်က ဝါဆိုသံဃာ အပါး(၂၀)ပဲ ရှိပါတယ်''

''အကျယ်အဝန်း ဘယ်လောက်ရှိပါသလဲဘုရား''

''၂၂ ဒသမ ၇၅ ဧက အကျယ်အဝန်းရှိပြီး အဆောက်အအုံ ပေါင်း ၄၀ ကျော် ရှိပါတယ်''

''လက်ရှိကျောင်းတိုက်ကြီးရဲ့ အခြေအနေကို သိပါရစေဘုရား''

''နှစ်စဉ် ဝါဆိုသံဃာ ၂၀၀-ပတ်ဝန်းကျင် ရှိပါတယ်၊ ပါဠိ တက္ကသိုလ် ကျောင်းတိုက်ကြီးဖြစ်လို့ တိပိဋကပထမကျော်၊ အဂ္ဂမဟာ အကျော်၊ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ သက်ျသီဟ ဓမ္မာစရိယ အစရှိတဲ့ ပရိယတ္တိအာဇာနည် အရှင်မြတ်များ ရာဂဏန်း မက ဒီကျောင်းတိုက်ကြီးက ပေါ်ထွက်ခဲ့ပြီးဖြစ်ပါတယ်''

''စတည်ကတည်းက စာသင်တိုက် ဖြစ်ပါသလားဘုရား''

''မှန်ပါတယ်။ စတည်ကတည်းက ပရိယတ္တိ စာသင်တိုက် ဖြစ်ပါတယ်။ သံဃာအပါး ၂၀ နဲ့ စခဲ့တာပါ။ အခုတော့ သံဃာအပါး ၂၀၀ လောက်ရှိနေပါပြီ''

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲဗျာ၊ ဒါလေးသိထားတော့ အခုကျွန်တော်တို့ လုပ်မယ့် စိုက်ခင်းတွေမှာ လိုသလိုသုံးလို့ရတာပေါ့ဗျာ"

"ဟုတ်ပါတယ်၊ ဒီနားတစ်ဝိုက်ကတော့ အခုအဘတို့စိုက်မယ့် ကြံ ပဲစင်းငုံ စတာတွေအတွက် မြေဩဇာအများကြီး သုံးစရာမလိုပါဘူး မြေအခြေအနေကောင်းပါတယ်၊ ကြံနဲ့ပဲစင်းငုံက စပါးလောက်လည်း ရေမလိုပါဘူး။ စပါးလို ရေဝပ်တာလည်း မကြိုက်ဘူး။ ရေငတ်တဲ့ အခါလည်းခံနိုင်ပါတယ်၊ အောင်မြင်မှာပါခင်ဗျ၊ ကျွန်တော်တို့လည်း လိုတာကူပါ့မယ်"

မြေမွန်စိုက်ကွင်းမှ စိုက်ပျိုးရေးရိပ်သာတွင် တည်းခိုရရုံမက စိုက်ပျိုးရေးဗဟုသုတများပါ ရရှိသဖြင့် ဦးလုကြီးနှင့်သက်ဆိုင်ရာ တာဝန်ရှိသူများကို ကျေးဇူးတင်ရပါ၏။ ကျွန်တော်သာမက နောင်အခါ စိုက်ကွင်း လာရောက်စစ်ဆေးသည့် ကျွန်တော့်အထက်အရာရှိကြီး များကိုလည်း မြေမွန်စိုက်ကွင်းကြီးသို့ ခေါ်သွားပြီး ပြသရပါသေးသည်။ ထိုစိုက်ကွင်းကြီးကြောင့် ထိုတစ်ဝိုက်၌ စိုက်ပျိုးရေးဗဟုသုတများ ရကြ ပြီး လူအတော်များများ အလုပ်အကိုင်နှင့် အဆင်ပြေနေသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ခဲ့ရပါသည် ခင်ဗျား။

၆

## ကြံမှသည် သကြားသို့

၁၉၉၃ ဆောင်းဦးပေါက် ကြံများစိုက်ပျိုးပြီးစတွင် ကျွန်တော် ကန့်ဘလူမြို့နယ် မြေမွန်ဒေသမှ စစ်ကိုင်းသို့ပြန်ခဲ့၏။

အပြန်တွင် ရွှေဘို၌ တစ်ရက်နားပြီး ကြံစိုက်ပျိုးခြင်းလုပ်ငန်းနှင့် သကြားချက်လုပ်ငန်းများကို ဝင်ရောက်လေ့လာခဲ့၏။ ရွှေဘိုမြို့ပေါ်တွင် အိမ်တွင်းမှုလုပ်ငန်းအနေနှင့် သကြားချက်လုပ်သည့် စက်မှုလုပ်ငန်း ကလေးများ နှစ်ဆယ်အစိတ်ခန့် ရှိကြောင်းသိရ၏။



"ကန့်ဘလူသွားတဲ့လမ်းတစ်လျှောက်မှာ ကြံခင်းတွေချည်းပဲ၊ ဖွက်ရည်ချက်ပြီး ရွှေဘိုကိုပို့ကြသတဲ့၊ ဒီရွှေဘိုမှာ သကြားချက်ကြတယ် ပြောတယ်၊ အဲဒါလေးတွေကြည့်လို့ရရင် ကြည့်ချင်တယ်၊ စီစဉ်ပေးစမ်း ပါဦး"

ရွှေဘိုညှော်ရိပ်သာရောက်သည့် ညမှာပင် ကျွန်တော်က တာဝန်ရှိသူများအား ပြောရ၏။ သူတို့စီစဉ်ပေးမှုကြောင့် နောက်တစ်နေ့ နက်တွင် ရွှေဘိုဈေးကြီးအနီးမှ သကြားချက်နေသည့် နေရာနှစ်ခုအား သွား၍ ကြည့်နိုင်ခဲ့သည်။

ပထမစက်မှာ ခါစက်ကလေးဖြစ်၏။ စည်ပိုင်းပြတ်ကလေး တစ်ခုအား ဒိုင်နမိုမော်တာဖြင့် လည်စေပြီး ၎င်းအထဲ၌ ဖွက်ရည်သကာ ကို လောင်းထည့်၍ မိနစ်အနည်းငယ်လည်ပတ်ပြီး ခါလိုက်သည်နှင့် ခဲညိုညိုသကြားများ ရရှိလေသည်။ အလွန်လွယ်လှပါ၏။ လွယ်လွန်း အားကြီးသဖြင့် ဟုတ်မှဟုတ်ရဲ့လားဟုပင် အောက်မေ့ရပါသည်။

"ကျွန်တော်တို့ ဒီစက်ကလေးကတော့ သကြားညို Raw Sugar ရပါတယ်၊ ဒါ့ထက်ကောင်းတာ ရချင်ရင်တော့ ပေါင်းစက်ကြီးနဲ့ လုပ်ရ ပါတယ်၊ ပေါင်းစက်ကြီးကတော့ ပင်ပန်းတယ်၊ ငွေကုန်ကြေးကျ များတယ်၊ လက်ဝင်တယ်၊ ပညာရှင်လည်းလိုတယ်၊ ဒါ့ကြောင့် ကျွန်တော်တို့က ဆုလွယ်နပ်လွယ် ဒီခါစက်ကလေးနဲ့ သကြားထုတ် တာပါ"

ခါစက်ပိုင်ရှင်က အထက်ပါအတိုင်း ပြော၏။ ငွေကုန်ကြေးကျ သိပ်များများမခံနိုင်သူများ သုံးသင့်ပါသည်။

"ဒီသကြားရော ဘယ်သူတွေသုံးကြပါသလဲ"





www.burmeseclassic.com

www.burmeseclassic.com



''သုံးပါတယ်ခင်ဗျ၊ နို့ဆီချက်တဲ့သူတွေနဲ့ မုန့်မျိုးစုံလုပ်တဲ့သူတွေ ယိုစုံလုပ်တဲ့သူတွေ၊ အဖျော်ယမကာနဲ့ ချိုချဉ် ချောကလက်ထုတ်လုပ်တဲ့ သူတွေအားလုံး သုံးကြပါတယ်၊ ရောင်းရပါတယ်ခင်ဗျ''

ဟုတ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က မြန်မာ ရှုပ်သံမှ ကြော်ငြာနေရာ တစ်နိုင်ငံလုံး ထမင်းမစားဘဲ ယိုစုံနှင့်မုန့်ချည်းသာ များစားနေသလားဟု ထင်မှတ်မှားရပါသည်။ ခါစက်ကလေးကို ကြည့်ပြီး နောက် နောက်ထပ်စက်တစ်လုံးသွားကြည့်ကြပြန်သည်။ ထိုစက်က စက်ကြီးပေါင်းစက်၊ သကြားပေါင်းဖိုကြီး လုပ်ထားပြီး တင်လဲရည်များ ရင်းထဲတွင်ထည့်ထား၏။ မီးဖြင့်အပူပေးရသည်။ ပေါင်းစက်ကြီးတွင် အခရာကျသူမှာ ဖိုဆရာဖြစ်၏၊ သကြားစက်အနေအထားကို အကဲဖြတ် ပေး၏၊ သူ့အား လခကောင်းကောင်းပေးရ၏။ သစ်တိုက်သည့်အခါ မြေဖြူဖြင့် သစ်လုံးထိပ်အား အရာပေးရသည့် လွှဝိုင်းဆရာမျိုး ဖြစ်မည် ထင်ပါသည်။

''ကျွန်တော်တို့နယ်က ဝယ်လိုက်တဲ့ ပွက်ရည်ကိုပြန်ချက်ပြီး အဲဒီ အထဲမှာ ထုံးရည်နဲ့ရောပြီး ကာဗွန်နစ်အက်ဆစ် ထည့်ရပါတယ်၊ ဒါပြီးရင် အရောင်ချွတ်တဲ့ကန်ထဲမှာ ဖြတ်ရပါတယ်၊ ပြီးတော့ ခြောက်သွားအောင် အငွေ့ပြန်အောင်လုပ်ရပါတယ်။ ဒါပြီးရင် ခဲပြီးတော့ သန့်အောင်လုပ်လိုက်တာနဲ့ သကြားဖြူရတာပါပဲ''

သကြားစက်ပိုင်ရှင်ကြီးက သူ့စက်အကြောင်းကို အားရပါးရ ရှင်းပြနေ၏။ ကျွန်တော်က လုံးစေ့ပတ်စေ့တော့ နားမလည်ပါ။ တောင်ကြီး တွင် နေခဲ့စဉ်က ရေတာရှည်သကြားစက်သို့ ရောက်ခဲ့ဖူးပါသည်။ သကြားဖြူဖြစ်မှု (Process) အား အကြမ်းဖျဉ်းမျှသာ သိနားလည်ခဲ့၏။ ယခုလည်း ပွက်ရည်ခေါ် သကာရည်အား စက်ထဲသို့ ထည့်လိုက်ရာ သိပ်မကြာမီမှာပင် သကြားဖြူထွက်လာသည်ကိုသာ နားလည်ပါသည်။





သူပြောသည့်အဆင့်အထိ နားလည်ဖို့ကတော့ ကိုယ်တိုင်သကြားစက် ထောင်လိုက်ပါမှ ရပါမည်။

''သကြားရော ရောင်းရရဲ့လား''

''ရောင်းရပါတယ်၊ မန္တလေးလည်း ပို့ပါတယ်၊ နယ်ကလည်း အနွတ်အသိမ်းရှိပါတယ်''

ဒါလည်း ဟုတ်မည်ထင်ပါသည်။ မူးမြစ်အနောက်ဘက်ကမ်း ဒေသများ၌ သကြားစက်များ ကျွန်တော်မတွေ့ဘူးပါ။ ထို့ကြောင့် ရွှေဘိုခရိုင်အတွင်း၌ မူးမြစ်အနောက်ဘက်ကမ်းမြို့နယ်များက ရွှေဘိုမှ သကြားများကို အမြောက်အမြားဝယ်ယူစားသုံးကြသည်ဟု သိရ၏။ နေရာတကာတွင်လည်း ခရီးသွားသူများ များပြားစည်ကား၍ ကုန်စည် ဆိုင်းမှု အလွန်ကောင်းနေရာ လက်ဖက်ရည်ဆိုင်များနှင့် တရုတ်မုန့်ဆိုင်များ အလျှိုလျှို ပေါ်လာသည်။ အလွန်သေးကွေးသည့် ခင်ဦး မြို့ကလေးပင် ဟိုယခင်က လက်ဖက်ရည်ဆိုင်တစ်ဆိုင်သာရှိသည့် အခုက ဆိုင်ပေါင်း ဆယ့်လေးငါးဆိုင် ဖြစ်နေပါပြီ။ ဒါဆို သကြားစားသုံး မှာ အရင်ကထက် လေးငါးဆယ်ဆ တက်လာမည်မှာ သေချာလှပါ၏။ ကောင်းပေစွ။ ကျွန်တော်တို့ ရွှေဘိုအနောက်လက်တောသားများ ရည်လည်လာပြီပေါ့ ခင်ဗျာ။

နောက်တစ်နေ့ ရွှေဘိုမှထွက်တော့ ရွှေဘိုတောင်ဘက်၌ ခင်းများ မရှိတော့ပါ။ ဝင်းမှည့်နေသည့် ဆည်ရေသောက် စပါးခင်း များသာ တွေ့ရတော့၏။ ရွှေဘိုမှသည် ဆားတောင်ရောက်သည်အထိ မင်းဘောဘယ်ညာကား ရွှေရောင်လွှမ်းနေသော စပါးခင်းများသာ စိုးနေ၏။

အပြန်တွင် မြောက်လေအေးလေးက တစ်ချက်တစ်ချက် ခဲလာနေ ပါသည်။ ရိတ်သိမ်းနေသော စပါးခင်းများတစ်ဝိုက်၌



www.burmeseclassic.com

www.burmeseclassic.com



တီတီတာတာ အော်မြည်နေသည့် စာကလေးအုပ်များက ဟိုဟို သည်သည် ပျံဝဲလျက် ရှိနေပါ၏။ ပရိယေသန ဝမ်းစာရေးအတွက် လှုပ်ရှားနေကြသည်ထင်၏။

စစ်ကိုင်းကိုမကြာခင်ပြန်ရောက်ပါတော့မည်။ ဒီတစ်ခေါက် ခရီးကတော့ စိုက်ပျိုးရေးလုပ်ငန်းများနှင့် နပန်းလုံးခဲ့ရပြီး မှတ်လောက်သားလောက် ဗဟုသုတများအတော်ရခဲ့သော ခရီးတစ်ခေါက်ဖြစ်ကြောင်းပါခင်ဗျား။

ဖ ဖ ဖ



## အခန်း(၅)
## ဇာတိချက်ကြွေ မွေးရပ်မြေသို့

ကျွန်တော့်ဇာတိမှာ အများသိကြပြီးသားဖြစ်သည့် ရွှေဘိုမြောက်လက် ရေဦးမြို့ကလေးပါ ခင်ဗျား။ ကျွန်တော်ကား မမြင်ဘူးမမြင်ထင်သည့် တောသားစစ်စစ်ဖြစ်ပါ၏။ ကျွန်တော်မွေးသည့်ကာလမှာ ၁၉၄၅ ခုနှစ်၊ မတ်လဟုသိရ၏။ ကျွန်တော့်မွေးနေ့မွေးရက်နှင့်ပတ်သက်ပြီး အဖေနှင့်အမေက ကလေးသာသာလင်မယားမို့ ဘာအမှတ်အသားမှ မရှိ။ ကျွန်တော့်ကို ရေဦးမြို့ဈေးကြီးမြောက်ဘက်ရဲဌာနဝင်းအတွင်းရှိ ရဲတန်းလျားလေးမှာ မထင်မရှားမွေးလာ၏။ ကျွန်တော့်မွေးတော့ အဖေ့အစ်ကို ရဲအရာရှိကိုဝင်းဦးက စာတတ်ပေတတ်မို့ –

"ဟေ့ကောင် သိန်းမောင်၊ အခုမွေးတဲ့ မင်းသားလေးက အသားညိုညိုလေးကွ၊ မျက်လုံးပြူးပြူးလေးနဲ့ စစ်ပြေးကုလားတွေသေလို့ ဝင်စားသလားကွာ"

ဟု ပြောပြီး ကျွန်တော့်၏မွေးနေ့မွေးရက်အား ကျွန်တော့်အဖေနှင့်အမေနေကြသည့် ရဲတန်းလျား အိမ်ခန်းလေး၏ အိမ်နံရံခါးပန်း၌ မြေဖြူခဲဖြင့် ရေးမှတ်ပေးခဲ့၏။

ကျွန်တော့်ဘကြီး ကိုဝင်းဦးကား အသားဖြူဖြူ အရပ်ရှည်ရှည်နှင့် ရုပ်ရှင်မင်းသားကြီးခင်မောင်ရင်လို ချောမောသူဟု သိမီသူများက

www.burmeseclassic.com

www.burmeseclassic.com



ဆိုကြသည်။ ရွှေဘိုတွင် ကျောင်းနေခဲ့ပြီး စစ်မဖြစ်မီက အင်္ဂလိပ်မြန်မာ ခုနှစ်တန်းအောင်သည်။ အမျိုးထဲ၌ ရှားရှားပါးပါး ပညာတတ်ဖြစ်၏ ခုနှစ်တန်းအောင်ပြီးသည်နှင့် အဖေအမေ၏ စီးပွားရေးချို့တဲ့မှုကြောင့် ဟိုစဉ်က (Burma Police) ဟုခေါ်သည့် ရဲတပ်ဖွဲ့တွင် ဝင်ရောက် အမှုထမ်းရာ ရာဇဝတ်အုပ်ရာထူးကို ရရှိလေတော့သည်။ ကိုဝင်းဦးက ၁၉၁၅ ခုနှစ်၌မွေးပြီး ၁၉၃၅ ခုနှစ်လောက်တွင် အလုပ်ဝင်ရသည်။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ရဲအရာရှိကလေးရာထူးရရှိခြင်း ရုပ်ရည်ချောမောခြင်းတို့ကြောင့် ကျွန်တော့်ဘကြီး ကိုဝင်းဦးသည် ၁၉၈ ခုနှစ်က ကွယ်လွန်သွားခဲ့သည့် ရုပ်ရှင်မင်းသားကြီး ဝင်းဦးလိုပင် ရေဦးမြို့ကလေး၌ အလွန်စန်းပွင့်လှသည်ဟု ဆိုကြ၏။ ပျိုတိုင်း ကြိုက်တဲ့နှင်းဆီခိုင် ဖြစ်နေသည်။ ရည်စားတွေ အမြောက်အမြား ထားပြီးသည့်နောက် အရာရှိဘဝနှင့် သုံးလေးနှစ် ပျော်ပျော်ပါးပါးနေပြီး သူဌေးသမီးတစ်ဦးနှင့် အိမ်ထောင်ကျလေတော့သည်။ မတင်ပုဟု ခေါ်သည်။ သိပ်ကြိုက်လှ၍တော့မဟုတ်။ အိမ်ကအလွန်သဘောတူ သဖြင့် ဘေးကအတင်းဝိုင်းလှော်ကြရာ အလှော်ကောင်းသဖြင့် ဘကြီးတို့ နှစ်ယောက် ရသွားသည်ဟု ဆိုကြ၏။

အိမ်ထောင်ရှင်ဖြစ်သွားသော်လည်း ဘကြီးက အပျော်အပါး မလျှော့၊ အိမ်ထောင်ရေး သိပ်အဆင်မပြေ၍ အသောက်အစား ဖက်လာ၏။ ယခင်ကလည်း အနည်းအကျဉ်းသောက်တတ်စားတတ် ရ၏။ စစ်အတွင်းကမူ ငြိမ်နေ၏။ သို့ရာတွင် ၁၉၄၅ ခုနှစ်၊ ကျွန်တော် မွေးပြီးတော့ အင်္ဂလိပ်များ ပြန်ဝင်လာ၍ ဘကြီးရာထူးပြန်ရသည်။ သွားနိုင် လာနိုင် သုံးနိုင်စွဲနိုင် ပြန်ဖြစ်လာသည်။ ထိုအခါ အပျော်အပါး များလာပြန်သည်။ ငွေ၊ အရက်၊ မိန်းမစသည့် ယောက်ျားများပျက်စီး စေသည့် သည်းခြေကြိုက်အရာများက သူ့နားမှာအလျှံပယ်မို့ ကိုဝင်းဦး ကား ထိုအရာများထဲတွင် မွေ့လျော်နေ၏။ မတင်ပုကတိုင်၍ အဖေ့ အမေက ဆုံးမသည်။ အဖေကြီး ဦးပွားကိုယ်တိုင်က အသောက်သမား



သားကြီးကို ပြောဆိုဆုံးမ၍မရ။ မကြာခဏ ထိုကိစ္စကို အဖေနဲ့အမေက ခေါ်ပြောရာ ကိုဝင်းဦးက နားငြီးလာဟန်တူ၏။ သာမန်အချိန်ဆို အဖေနဲ့အမေအား ပြန်ပြောလေ့မရှိ၊ ငြိမ်ခံတတ်၏။ တစ်ရက် အရက် အလွန်မူးနေချိန်တွင် ခေါ်ပြောလိုက်မိရာ –

"ဩော် မောင်ပွားနဲ့မယ်တင်အိုက ကျုပ်ကို အရက် မသောက်နဲ့ ဆုံးမတယ်ပေါ့လေ၊ ဟား ဟား ဟား ကျုပ်ကို အရက် မဖြတ်ခိုင်းနဲ့ဗျ မောင်ပွား ခင်ဗျားဟာခင်ဗျား အရက်အရင်ပြတ်အောင် လုပ်ပါဦးဗျာ။ မယ်တင်အိုကလည်း ခင်ဗျားယောကျ်ားကြီး ခင်ဗျား အရင်နိုင်အောင် ပြောဗျာ" ဟု အဖေနှင့်အမေ့အား မူးမူးနှင့် ပြောလိုက်၏။

ဝဋ်ဗေဒ ထိတိုင်းရှသည်ထင်ပါ၏။ ထိုကိစ္စဖြစ်ပြီး သိပ် မကြာလိုက်ပါ။ ကိုဝင်းဦးသည် ရေဦးအနောက်ဘက် တင်းတိမ်ရုံရွာ၌ လူဆိုးသွားဖမ်းရင်း ထိုလူဆိုး၏ သတ်ဖြတ်ခြင်းကို ခံလိုက်ရ၏။ ထိုသေချိန်တွင် အရက် အလွန်အကျွံမူးနေသည်ဟု ဆို၏။

"အဖမ်းခံပါ့မယ့်ဆရာရယ် ဒီမှာအေးအေးဆေးဆေး စားကြ သောက်ကြပါဦး။ ဒါလေးပြီးရင် သွားကြတာပေါ့၊ ကျွန်တော်လိုက်ပါ့မယ်"

ထိုလူဆိုးက အထက်ပါအတိုင်း အရက်ကို အမြည်းများဖြင့် ညှို့ခံရင်း ပြော၏။ အကုသိုလ်ဖိစီးနေသည့် ကျွန်တော့်ဘကြီးက လွယ်လွယ်ကူကူပင် သူ့တပည့်နှစ်ဦးနှင့်အတူ သောက်စားရန် လက်ခံ လိုက်၏။ ထို့နောက် သောက်ကြစားကြ၏။ ဆရာတပည့်သုံးဦး ရေချိန် ကိုက်နေချိန်၌ လူဆိုးက အသင့်ဝှက်ထားသည့် မြိနေအောင်သွေးထား သော ငှက်ကြီးတောင်ဓားဖြင့် ရုတ်တရက်ထပိုင်းလိုက်ရာ ဘကြီးက ကျင်းပြီးသေ၏။ သူ့တပည့်ရဲကြပ်ကြီးက ပါးတစ်ခြမ်းပါသွား၏။ ဆေးရုံ ပေါင်းများစွာတက်ရပြီး ပါးတွင် သေရာပါအမာရွတ်ကြီး ဖြစ်သွား၏။ နောက်တစ်ယောက်က သေနတ်လှမ်းအဆွဲ လက်ကိုဓားခုတ်ခံလိုက်ရရာ လက်ပြတ်သွား၏။ သုံးယောက်ပေါင်း လောင်းကျော်သွားသည်။ ယောက်သားတွင်မှ ကံကွက်ကျား၍ ကျွန်တော့်ဘကြီးကား

www.burmeseclassic.com



ဥပဇ္ဈေဒ်ကက်ဖြင့် သေဆုံးခဲ့ရ၏။ ကံကြီးထိုက်သွားသည် ထင်ပါသည်။ အရက်သမားတစ်ဦး၏ အမှားအား ကြုံကြိုက်၍ တင်ပြခြင်းပါခင်ဗျား။

သို့ရာတွင် ဘကြီးသည် ကျွန်တော့်အား အလွန်ချစ်ရှာ၏။ မသေမီက ကျွန်တော်တို့အိမ်ကလေးသို့ မကြာမကြာလာပြီး "ကုလားလေးဟေ့ ကုလားလေးဟ" ဟုဆိုကာ ကျွန်တော့်ကို မကြာခဏ ချီတာတ်ပိုးတတ်၏။ ကျွန်တော်တစ်နှစ်သားသာသာတွင် သူသေဆုံးသွားသည်ဟု အရီးက ပြောဖူး၏။

ဘကြီးက ကုလားလေးဟေ့ဆိုခြင်းမှာ အောက်ပါအကြောင်းကြောင့်ဟု ထင်ပါသည်။

ဒုတိယကမ္ဘာစစ်က မဟာမိတ်တပ်များ အိန္ဒိယသို့ဆုတ်ခွာရာ၌ ရေဦးကို ဖြတ်ကြသည်။ မန္တလေးနှင့်မုံရွာဘက်မှ ဆုတ်လာသောတပ်များသည် ရေဦးကိုဖြတ်၍ တန့်ဆည်၊ ကံထူးမ၊ ကလေးဝ၊ ကလေးမှသည်တမူး၊ မိုးရေး၊ ထိုမှတစ်ဖန် အိန္ဒိယပြည်တွင်းရှိ အင်ဖာ၊ ကိုဟီးမားနှင့် ဒင်မာပူအထိ ဆုတ်ခွာကြသည်ဟု သိမီသူများက ပြောဖူး၏။

ရေဦးကား စစ်လမ်းကြောင်းကျသည်။ ကျွန်တော့်အဘိုးဦးပွားနှင့် အဘွားဒေါ်တင်အိုတို့က စစ်ကြောင်းများဆုတ်ခွာသည့်ဘူတာကွင်း ရပ်ကွက်က ဘူတာလမ်းဘေးမှာနေ၏။ ထို့ကြောင့် စစ်အတွင်းက ဆုတ်ခွာသူများကို မတွေ့ချင်၊ မမြင်ချင်မှအဆုံး အားလုံးထဲ၌ ကုလားစစ်သားများက သနားစရာအကောင်းဆုံး။ စုတ်ပြတ်ပေရေပြီး အစာငတ် ရေငတ်နှင့် ရောဂါဘယအမျိုးစုံ၏ ဖိစီးနှိပ်စက်ခြင်းကို ခံနေကြရသည်ဟု ဆို၏။ သူတို့သည် ရေဦး၊ ကလေးလမ်းတစ်လျှောက်၌ ကပ်ကြီးသုံးပါးဒဏ်ကြောင့် တဖြုတ်ဖြုတ်နှင့် သေကြရသည်။ ထိုသူများ မသေမီက ရေဦးဖြတ်အသွား၌ သနားကြင်နာတတ်သည့် ရေဦးသူ ရေဦးသားများက တတ်အားသရွေ့ လမ်းထွက်ပြီး ကျွေးမွေးကြသည်ဟု သိရ၏။ ထိုစေတနာရှင်များထဲတွင် ကျွန်တော့်အဘိုးအဘွားမိသားစုလည်း ပါ,ပါသည်။



တစ်ရက် ကျွန်တော့်အမေက စစ်ပြေးကုလားစစ်သားများအား ထမင်းသွားကျွေးရာ နေမကောင်းနေသော ကုလားစစ်ဗိုလ်တစ်ဦးသည် အမေကျွေးသည့်ထမင်းကိုစား၍ အမေ့ကို စကားတွေ တတွတ်တွတ်ပြောပြီး အမေ့ရှေ့မှာပင် အသက်ထွက်သွားသည်ဆို၏။ ထိုကာလမှ နှစ်နှစ်ခန့် လွန်မြောက်သော် ကျွန်တော်မွေးလာရာ ဘကြီးကိုဝင်းဦးအပါအဝင် အဖေ့အမျိုးများက ကျွန်တော့်အား ထိုကုလားစစ်ဗိုလ်သေ၍ ဝင်စားလာသူ၊ ကုလားနှင့်ဆင်သူ၊ တခြားကမ္ဘာကလာသူဟု မကြာခဏပြောကြ၏။ ကုလားဗိုလ်ဟုလည်း မကြာခဏခေါ်ကြသည်။ ဟုတ်မဟုတ်တော့ သေသေချာချာမသိပါ။ ကျွန်တော်ကား ငယ်စဉ်က မစွမ်းသန်နှင့် အတော်သတ်ချင်ဖြတ်ချင်စိတ်ရှိသူတစ်ဦး ဆိုသည်ဟုကားညီအစ်ကိုများက ပြောကြပါ၏။ ကိုယ့်ကိုယ်ကိုယ်တော့ အရာရာကိုကြောက်တတ်သူဟုထင်၏။ ထားပါတော့ခင်ဗျာ။

ကျွန်တော့်မွေးသက္ကရာဇ်နှင့် ပတ်သက်ပြီး ဆက်ပြောသိုပါသည်။

၁၉၄၈–ခုနှစ်၌ မြန်မာတစ်နိုင်ငံလုံး ရောင်စုံသူပုန်များ ထကြွသောင်းကျန်းကြရာ ရေဦးမြို့ကလေးလည်း သူပုန်သူကန်များ လက်တွင်းသက်ဆင်းရ၏။ သူပုန်များက ရဲဌာနအား စီးနင်းတိုက်ခိုက်၍ မီးတင်ရှို့လိုက်ရာ ကျွန်တော့်အဖေနှင့်အမေနေခဲ့သည့် ရဲတန်းလျားမှ အိမ်ခန်းလေး ပါသွားပါတော့သည်။ ထိုအခါ ကျွန်တော့်ဘကြီးကိုဝင်းဦး အမှတ်ထားသည့် ကျွန်တော်၏ မွေးသက္ကရာဇ်ကလေးလည်း ထိုမီးနှင့်အတူ ပြာပုံဘဝသို့ ကျရောက်သွားတော့၏။ ကျွန်တော့်အမေကလည်း ကောင်းကောင်းမမှတ်မိရှာပါ။ မေးလိုက်တိုင်း တောင်တောင်အီအီတိုတိုဒီဒီနှင့် ၁၉၄၅ ဟု ပြောလိုပြော၊ ၁၉၄၆ ဟု ပြောလိုပြောနှင့် အမှားမှားအယွင်းယွင်းပင်၊ နောက်ဆုံးတော့ ကိုယ်နှင့်မရွေးမနှောင်း ဘကြီးလငယ်၊ ရက်ကြီး ရက်ငယ် မွေးခဲ့သူများနှင့် တိုက်ဆိုင်ညှိနှိုင်း၍



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် လိုအပ်သည်များ မေးမြန်း လျှောက်ထားပြီး နောက် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်တောရ ဆရာတော် ဘုရားကြီး၏ ဈာပနကိစ္စများတွင် ကျွန်တော် ပါဝင်ဆောင်ရွက်ခဲ့သည် များကို လျှောက်ထားမိပါသည်။ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ဆရာတော်ဘုရားကြီးနှင့် ယခုရွှေဟင်္သာတောရတိုက်တို့ အဆက်အစပ် များကို မေးမြန်းလျှောက်ထားမိ၏။ အတော်လေး မေးမြန်းပြီးမှ မိမိ မိသားစုနှင့်အတူ ရွှေဟင်္သာတောရကျောင်းမှ ပြန်ခဲ့ပါသည်။

ရွှေဟင်္သာတိုက်သစ်တောရ ဆရာတော်ကြီးက ညောင်တုန်း ရွှေဟင်္သာတောရမှ စစ်ကိုင်းတောင်ရိုးသို့ ၁၂၈၉ ခုနှစ်တွင် ရောက်ရှိလာ ခြင်း ဖြစ်သည်။ လွန်ခဲ့သည့် အနှစ် (၇၀) ကျော်ကဖြစ်၏။ စစ်ကိုင်း တောင်ရိုးရောက်ချိန်မှစ၍ ၁၃၅၇ ခုနှစ်၊ ဘဝနတ်ထံ ပျံလွန်တော်မူချိန် အထိ၊ သာသနာတော် ပြန့်ပွားရေးကို တစိုက်မတ်မတ် ဆောင်ရွက်သွား တော်မူခဲ့လေသည်။ ဆရာတော်ကြီးကား အသက်ရာကျော်ရှည်၏။ စာပေကျမ်းဂန်များ အဆက်မပြတ်ရေးသားခဲ့၏။

ထိုကဲ့သို့ တိုင်းသိပြည်သိ၊ ကမ္ဘာသိအကျော်အမော် ဆရာတော် ဘုရားကြီးအား ပြုစုပျိုးထောင်ပေးလိုက်သည့် ရွှေဟင်္သာတောရတိုက် ကား အလွန်ပင်ထူးခြားသည်ဟု ဆိုနိုင်ပါသည်။

ရွှေဟင်္သာတောရတိုက် မတည်ဆောက်မီ တစ်နေ့သောညနေ ချမ်းတွင် ညောင်တုန်းမြို့၊ ဥသျှစ်လဟာရှေ့စေတီတော်ကြီးအနီးရှိ အုတ်တိုက်ကျောင်း ဆရာတော်ကြီးဦးမေဓာသည် ရွှေဟင်္သာတောရ တိုက် တည်ဆောက်လတ္တံ့သောအရပ်မှ မီးတောက်မီးလျှံကြီးတစ်ခု၏ အလင်းရောင်ကဲ့သို့ ထင်ရှားသော အလင်းတန်းကြီးကို တွေ့မြင်တော် မူသည်။ ထိုအခါ ဆရာတော်ကြီးဦးမေဓာမှ—

"ဒကာတို့၊ ဤအရပ်၌ ဘုန်းတန်ခိုး အရှိန်အဝါကြီးမားသော သူတော်ကောင်းပညာရှင်များ ဆိုက်ရောက်လာလိမ့်မည်။ ဤ အလင်း တန်းကြီးကား ထိုသို့ ဆိုက်ရောက်လာမည့် ပုဗ္ဗနိမိတ်ပင် ဖြစ်ပေသည်"





ဟု အနီးရှိဒကာများအား မြွက်ကြားတော်မူခဲ့သည်ဟု ကျွန်တော်မေးမြန်း သိရှိခဲ့ရပါသည်။

ညောင်တုန်းရွှေဟင်္သာတောရကား ယခုအခါ စည်းကား သိုက်မြိုက်သည့် ပါဠိတက္ကသိုလ်ကြီး ဖြစ်နေပါပြီ။ ရန်ကုန်နှင့် ညောင်တုန်း ကားလမ်း (၃၃) မိုင်ဝေး၏။ ရှေးယခင်က လှိုင်မြစ်ကို လှေဖြင့် ဖြတ်သန်းပြီးမှ သွားလာရ၏။ ယခုတော့ လှိုင်မြစ်ကူး တံတား ကြီးများ (၃) စင်းပင် ရှိနေပြီဖြစ်သဖြင့် ရန်ကုန်မှ ညောင်တုန်းသာမက ပုသိမ်အထိပင် သွား၍ရနေပါသည်။ ညောင်တုန်းစကြော့ မြစ်ကူးတံတား ကြီးလည်း ဖွင့်ပြီးဖြစ်ပါသည်။ ထို့ကြောင့် ရွှေဟင်္သာတောရတိုက်ရှိရာ ညောင်တုန်းသို့ ရန်ကုန်မှသာမက ဧရာဝတီတိုင်းရှိ ပုသိမ်၊ မြောင်းမြ၊ ဓနုဖြူ၊ ဝါးခယ်မစသည့် တောင်ဘက်မြစ်ဝကျွန်းပေါ်ဒေသ၊ မြောက်ဘက် မြန်အောင်၊ ကြံခင်း၊ ဟင်္သာတ အစရှိသည်တို့မှ သွားလာ နိုင်ကြပြီ ဖြစ်ပါသည်။ ထိုသို့သွားလာပြီး ရွှေဟင်္သာတောရတိုက်တွင် စာပေ ပရိယတ္တိများ ဆည်းပူးနိုင်ကြပြီဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံကား ရွှေဟင်္သာတောရလို စာသင် တိုက်များကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာ ပြန့်ပွားတည်တံ့လျက် ရှိနေ သည်။ ဗုဒ္ဓဘာသာစစ်စစ်ကို လေ့လာမည်ဆိုက မြန်မာနိုင်ငံကို မလွဲ သေချာ လာကြရပါလိမ့်မည်။ ဤသည်မှာ ပရိယတ္တိစာသင်တိုက်ကြီး များ၏ ကျေးဇူးတရားပင်တည်း။

ဗုဒ္ဓသာသနာတော်အား အများပြည်သူတို့ မှန်ကန်စွာ သိမြင် ကြည်ညိုနိုင်စေရန် ရွှေဟင်္သာတောရတိုက်လို စာသင်တိုက်များမှ စာသင် သားများကို ကြိုးစားဆောင်ရွက်လျက် ရှိပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ဆရာတော် ဘုရားကြီးက သာသနာတော် အရှည်ခိုင်၍ တည်တံ့ခြင်းအကျိုးငှာ သင်စာချများ ပြုလုပ်ကြရန် "ပရိယတ္တိဝန်ဆောင် ဘုန်းကြီးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အသက်ကို ကိုယ့်ဟာကိုယ်ပဲတွက်ချက်ပြီး ကျွန်တော့် မွေး သက္ကရာဇ်အား ၁၉၄၅ ကိုပဲ အတည်ပြုလိုက်ရတော့၏။

မည်သို့ပင်ဖြစ်စေ ၁၉၄၅ မှ ၁၉၆၁ တက္ကသိုလ်ဝင်တန်း အောင်သည်အထိ နေခဲ့ရသည့် ကျွန်တော့်ဇာတိချက်ကြွေ မွေးရပ်မြေ ရေဦးမြို့ကလေးကိုတော့ မမေ့ပါ။ အခါအခွင့် မသင့်၍သာ ခွဲခွာနေရ သော်လည်း သင့်သည်နှင့် ကျွန်တော်ရောက်ဖြစ်အောင် ကြိုးစားမိပါ သည်။ ယခုလည်း စစ်ကိုင်းတွင် တာဝန်ကျသည်နှင့် ကျွန်တော့်ဇာတိ ရေဦးမြို့ကလေးသို့ လေးနှစ်အတွင်း လေးငါးခေါက် မရောက်ရောက် အောင် သွားခဲ့၏။

ကျွန်တော်သိထားသော ကျွန်တော့်မြို့ကလေး၏ ရှေးက ပုံရိပ်နှင့် အတိတ်ဟိုဆီက အဖြစ်အပျက်များအား အခွင့်ကြုံ တင်ပြခွင့် ပြုပါခင်ဗျား။

## ကျွန်တော်သိသော ရေဦး

ကျွန်တော့်ဇာတိ ရေဦးမြို့ကလေးအကြောင်း ပြောရမည်ဆိုလျှင် ပါက မြို့သဲမိုင်းကပင် စရမည်ထင်ပါသည်။

မြန်မာသက္ကရာဇ် ၄၅၄–ခုနှစ်က နန်းတက်သော ပုဂံမင်းဆက်မှ အလောင်းစည်သူမင်းကြီးသည် မကြာခဏ မိမိနိုင်ငံအတွင်း တိုင်းခန်း လှည့်လည်လေ့ရှိသည်ဟု ဆို၏။ အခါတစ်ပါးတွင် အလောင်းစည်သူမင်းကြီးသည် အထက်အညာဒေသများသို့ သစ်ကနက်လှေတော်ဖြင့်လှည့်ရာ မြေဒူးအရပ်သို့ ရောက်ခဲ့၏။ မြေဒူးကား ရေဦး၏ မြောက်ယွန်းယွန်းတွင် ရှိ၏။ မြေဒူးဒေသ မြင်းခွာတောင်ခြေမှ မူးတူးမြောင်းကို မုဆိုးဖို ယခုအခေါ် ရွှေဘိုအထိတူးဖော်စေ၍ ပြီးစီးသည့်အခါ မုဆိုးဖိုအထိ စုန်ဆင်းသည်ဟု ဆိုလေသည်။ ထိုသို့ စုန်ဆင်းရင်း မူးမြစ်ဘေးမှ



www.burmeseclassic.com



ရွာကလေးတစ်ရွာသို့ ဦးစွာရောက်၏။ ရွာကလေးမှာ မြစ်အနောက်ဘက်ကမ်းမှာရှိ၏။

ရွှေဦးရေဖျားနှင့်အတူ အလောင်းစည်သူမင်းကြီးရောက်ရှိခဲ့သော ထိုနေရာအား ထိုအချိန်မှစပြီး ရွှေဦးဟု ခေါ်တွင်ခဲ့ကြသည်ဟု ကျွန်တော် ကြားဖူးပါသည်။ ရွှေဦးသားစစ်စစ်ဖြစ်သော်လည်း ယခုအချိန်ထိ ရွှေဦးအမည်တွင်ရသည်ကို ပီပီပြင်ပြင်မသိသေးသဖြင့် ကြားဖူးနားဝ ကိုသာ ဖော်ပြရပါသည်။ မှားယွင်းပါက ပညာရှင်များမှ ပြင်ပေးကြပါကုန်။

အလောင်းစည်သူမင်းကြီး ရောက်ရှိသောထိုနေရာတွင် ဘုရားတစ်ဆူတည်ထားခဲ့ရာ ထိုဘုရားအား ရွှေဦးမြို့မြစ်ဘေးမှ မင်္ဂလာရာမကျောင်းတိုက်ဝင်းအတွင်း၌ ဖူးတွေ့နိုင်ပါ၏။ စေတီတော်အတွင်းတွင်လည်း လိုဏ်ဂူတစ်ခုရှိပါသည်။ လိုဏ်ဂူမှာ အတော်ငယ်သဖြင့် လူကြီးများဝင်ပါက အနည်းငယ်တိုးဝင်ရ၏။ ကလေးများသာ ချောင်ချောင်ချိချိ ဝင်၍ရ၏။ ငယ်စဉ်ကလေးဘဝကတော့ ထိုလိုဏ်ဂူအဲသို့ ကျွန်တော် အကြိမ်ကြိမ်ဝင်ခဲ့ဖူးပါသည်။

"ဒီဘုရားက အလောင်းစည်သူမင်းကြီး တည်သွားတာ"

ငယ်စဉ်ကပင် ထိုစကားကို လူကြီးသူမများနှင့် မင်္ဂလာရာမကျောင်းတိုက်မှ ရဟန်းသံဃာများ မြွက်ကြားကြသဖြင့် မှတ်သားခဲ့ရ၏။ ရွှေဦးဟူသောအမည်ကား အလောင်းစည်သူမင်းကြီးနှင့် ဆက်စပ်နေပါသည်။

ဤသည်မှာ ကျွန်တော်သိသော ကျွန်တော့်ဇာတိမြို့ကလေး ရွှေဦးဟုအမည်တွင်ရခြင်း အကျဉ်းပါတည်း။

ရွှေဦးမြို့ကလေးသည် မြောက်ဘက်၌ တန့်ဆည်နှင့် ဖိုးကုန်းမြို့နယ်များ၊ အရှေ့ဘက်တွင် ခင်ဦးမြို့နယ်၊ အနောက်ဘက်နှင့် တောင်ဘက်တွင် ဒီပဲယင်းမြို့နယ်များရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် အလျဉ်းသင့်သဖြင့် ကျွန်တော်တို့ ရေဦးနှင့် ရွှေဘိုနယ်သားများ၏ စကားအခေါ်အဝေါ် အသံထွက် အသုံးအနှုန်း တစ်ခုကို တင်ပြလိုပါသည်။ ရေဦး၏တောင်ဘက် ဆယ်မိုင်ခန့်တွင် ဒီပဲယင်းမြို့ကလေးရှိ၏။ ထိုမြို့လေးအား စာဖြင့်ရေးက ဒီပဲယင်းဟု ရေးကြသည်။ သို့ရာတွင် ရေဦးသားများနှင့် ရွှေဘိုနယ်သားများက ဒီပဲယင်းကို ဒဘယင်းဟုခေါ်၏။ အလားတူပင် ရေဦးမြောက် ဆယ်မိုင်ကျော်ဝေးသည့် တန့်ဆည်မြို့ကလေးကိုလည်း စာဖြင့်ရေးက တန့်ဆည်ဟု ရေးကြသည်။ နှုတ်ဖြင့်ခေါ်က ဒဇယ်ဟုခေါ်၏။

ဤသို့ ဒေသလိုက်ပြီး ခေါ်ကြပြောကြသည်များမှာ သူ့နယ်နှင့်သူ ရှိနေကြသည်သာ။

မော်လမြိုင်တွင်နေခဲ့စဉ်က မုတ္တမကို မော်လမြိုင်သားများက မဒမ။

မုဒုံကို မဒုံး
ရေးကို ရီး
သံဖြူဇရပ်ကို ဇပုဟုခေါ်၏။
တောင်ငူတွင်နေခဲ့စဉ်က –
တောင်ငူကို တောင်အူ –
တောင်ကွေ့ဈေးကို တောင်ဂွေးစိ ဟုခေါ်၏။

အလားတူ အခေါ်အဝေါ်များကား ရှာဖော်ပြမည်ဆိုပါက များလှပါသည်။ အလျဉ်းသင့်၍ အနည်းငယ်မျှ တင်ပြလိုက်ခြင်းပါခင်ဗျား။

ရေဦးသည် မူးမြစ်ဘေးမှာ ရှိသည်ဆိုသော်လည်း အထက်တွင် ကာဘိုးဆည်ကြီးရှိနေခြင်း၊ နွေရာသီတွင် ရေခြေကျင်းဝတ်မျှသာ ရှိခြင်းတို့ကြောင့် မူးမြစ်သည်ကား ရေကြောင်းသွားလာမှုအတွက်မူ အသုံးမတည့်ပါချေ။ မူးမြစ်ကို စိုက်ပျိုးရေးကိစ္စအတွက်သာ အားထားရပါ၏။

ကုန်းလမ်းခရီးများအနေဖြင့်မူ အဓိကလမ်းကြောင်းကြီး သုံးကြောင်း ရှိ၏။ ပထမလမ်းကြောင်းမှာ အရှေ့ဘက်ခင်ဦးမှ ရွှေဘို





စစ်ကိုင်း၊ မန္တလေးသို့လည်းကောင်း၊ ဒုတိယလမ်းကြောင်းမှာ တောင်ဘက်ဒီပဲယင်းမှ မုံရွာသို့လည်းကောင်း။ တတိယလမ်းကြောင်းမှာ မြောက်ဘက် တန့်ဆည်မှ ကံထူးမနှင့် မဟာမြိုင်တောကြီးကိုဖြတ်၍ အလေးဝသို့ လည်းကောင်း ကားလမ်းကြီးများရှိ၏။ ကလေးဝလမ်းမှ ခွဲ၍ ကျွန်လမ်းနှစ်လမ်းမှာ ရေးအထက်ကျော် ကာရီကပင် ကတ္တရာ လမ်းများဖြစ်၍ ရာသီမရွေး ကားများကောင်းမွန်စွာသွားလာနိုင်ပါသည်။ သို့ရာတွင် ခင်ဦးလမ်းမှာ ရှေးယခင်က မိုးရာသီ၌ မူးမြစ်ရေကြီးခြင်း ကြောင့် မူးမြစ်အား ကူးတို့လှေများဖြင့် ဖြတ်ကူးရ၏။ တံတားမရှိပါ။ နွေရာသီရောက်မှသာ ယာယီ ဝါးတံတားထိုးပြီး သွားလာကြရ၏။ သက္ကရာဇ် ၂၀၀၀ နောက်ပိုင်းတွင် နိုင်ငံတော်မှ မူးမြစ်ကူးတံတားအား ရေဦးမြို့ တောင်ဘက်ရှိ မန်ကျည်းတောရွာကလေးအနီးတွင် တည်ဆောက် ဖွင့်လှစ်ပေးခဲ့သဖြင့် ရေဦး၊ ခင်ဦး ကားလမ်းကား အတားအဆီးမရှိ ရာသီမရွေး သွားလာနိုင်သည့် လမ်းဖြစ်သွားတော့၏။ တံတားထိုးပေးသည့် လူကြီးများကို ကျေးဇူးတင်ရပါသည်။

''ဒီတံတားကြီးပြီးသွားတော့ လူမှုရေး၊ ပညာရေး၊ စီးပွားရေး အားလုံးကောင်းသွားတာပေါ့၊ ကျန်းမာ ရေးကစပြီး အရေးဟယ် အကြောင်းဟယ်ဆိုရင် မန္တလေးတို့ ရွှေဘိုတို့က ဆေးရုံကြီးတွေကို နေ့ရောညပါ သွားနိုင်တယ်လေ၊ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်''

၂၀၀၂–ခုနှစ် ကျွန်တော် ရေဦးခဏပြန်ရောက်စဉ်က ကျွန်တော့်အသိ မြို့မိမြို့ဖတစ်ဦးက ပြောလိုက်ဖူးပါသည်။ ဟုတ်ပါ သည်။ ကျွန်တော် စစ်ကိုင်းမှာရှိစဉ်က ရေဦးကို ပွင့်လင်းရာသီမှသာ သွားလေ့ရှိ၏။ သို့မဟုတ်ပါက ပါလာသည့်ကားအား မူးမြစ်အရှေ့ ဘက်ကမ်း၌ ထားခဲ့၍ ကူးတို့လှေဖြင့် အနောက်ဘက်ကမ်းသို့ ချိတင်ရ၏။ ဟိုဘက်ရောက်မှ မြို့ကကားမှာစီးရသည်။ အုပ်ချုပ်မှုကိစ္စ ညီးနည်းရှုပ်သွားတာပေါ့ ခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ပွင့်လင်းရာသီဆိုပါက စတိုင်ထွားထွား ကိုယ့်ကားဖြင့်ကိုယ် သွားနိုင်ပါ၏။ အားမနာရဘူးပေါ့ခင်ဗျာ။

မူးမြစ်ကူးတံတားကြီးထိုးပြီးသောအခါ ရေဦး၊ ခင်ဦး ရထားလမ်းလည်း ပေါက်သွားသဖြင့် ရေဦးမှခင်ဦးသို့ ကားရောရထားပါသွား၍ ရပါသည်။ တံတားကြီးမှာ ကားလမ်းရော၊ ရထားလမ်းပါရောထားသည့် လမ်းဖြစ်ပါ၏။ ရှေးယခင်က စစ်ကိုင်း–မုံရွာသွားကားလမ်းရှိ ညောင်ပင်ဝန်းတံတားသည်လည်း ယခုတံတားမျိုးဖြစ်၏။ (Duel use) ဟုခေါ်မည်လား မပြောတတ်ပါ။ ယခုအခါ ကချင်ပြည်နယ်မှ ဆင်းလာသော ရထားစီး ခရီးသည်များသည် ခင်ဦးလမ်းခွဲမှ ရထားဖြင့် မုံရွာထိ သွား၍ ရနေပါပြီ။ ရှေးက မုံရွာသို့ ရထားဖြင့်သွားလိုက စစ်ကိုင်းအနီးရွာထောင်မှ လမ်းခွဲသွားရပါသည်။ ယခုတော့ အဆင်ပိုပြေသွား၏။

ရေဦးတွင် ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီက မုံရွာမှမီးရထားလမ်း ရှိခဲ့ဖူးသည်။ စစ်ကြီးပြီးသောအခါ ရေဦး–မုံရွာရထားလမ်းပျက်သွားခဲ့၏။ သံလမ်းများကို စစ်အတွင်းက ဂျပန်များကဖြုတ်ပြီး တခြားနေရာများ၌ သုံးခဲ့သည်ဟုဆို၏။ အချို့က သံဖြူဇရပ်၊ ဘုရားသုံးဆူ ရထားလမ်းခေါ် သေမင်တမန်လမ်းမကြီးဖောက်ရာတွင် သုံးခဲ့သည်ဟုလည်း အရပ်စကား ကြားရ၏။ မှန်မမှန်တော့မသိပါ။ မကြာသေးမီနှစ်များက နိုင်ငံတော်မှ ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ရာတွင် ရေဦးမြို့ကလေးလည်း ထိုစီမံကိန်းတွင်ပါဝင်၍ ယခုအခါ မုံရွာသို့လည်းကောင်း၊ ခင်ဦးသို့လည်းကောင်း ရထားလမ်းများ ရှိသွားပါပြီ။ နောင်အလျဉ်းသင့်လျှင်ဖြင့် မြောက်ဘက်ပင်လယ်ဘူးဒေသသို့တိုင် ရထားလမ်းများ ပေါက်သွားမည် ထင်ပါ၏။ မျှော်လင့်ရတာပေါ့ ခင်ဗျာ။

❀





**အတိတ်ကပုံရိပ်များ**

ရေဦးနှင့်ပတ်သက်၍ မှတ်မိသမျှ အတိတ်ပုံရိပ်များကိုစရပါက ၁၉၅၀ ပတ်ဝန်းကျင်းလောက် စရမည်ထင်ပါ၏။ ထိုအချိန်တွင် ကျွန်တော် အသက်လေး,ငါးနှစ်ရှိပါပြီ။ ကျောင်းစနေရန် ပြင်ဆင်နေချိန်ဖြစ်၏။ အဖေဆုံးပြီးခါစက ရေဦးမြောက်ဘက် ဘူတာကွင်းရပ်ကွက်တွင် အမေကြီး၊ အရီးတို့နှင့်နေရ၏။ သိပ်မကြာမြင့်မီမှာပင် ဘူတာကွင်းမှ ကုန်းပေါ်ရပ်ကွက်ရှိ တရုတ်တန်းသို့ပြောင်းရ၏။

ရေဦးတွင် ကျွန်တော်မှတ်မိသမျှ ရပ်ကွက်ကြီး ဆယ့်သုံးလေးငါးခုရှိ၏။

ဘူတာကွင်း၊ ကုန်းပေါ်၊ ကန်တွင်းရပ်၊ မြို့မ၊ ကုလားတန်း၊ တရုတ်တန်း၊ အလယ်တန်းဈေးထိပ်၊ ဈေးတောင်ဘက်၊ အောင်မင်္ဂလာ၊ အောင်သုခ၊ နတ်စင်ကုန်း၊ ကမ်းနား၊ ညောင်ကိုးပင်၊ ရေဦးကုန်း၊ ဘုရင်ဂျီတန်း စသည်တို့ဖြစ်ကြသည်။

မြို့မှာ မြေပြန့်လွင်ပြင်ဟု ဆိုနိုင်သော်လည်း တောင်ဘက်နှင့် အနောက်ဘက်က အနည်းငယ်မြင့်ပြီး မြောက်ဘက်နှင့်အရှေ့ဘက်က အနည်းငယ်နိမ့်၏။ ထို့ကြောင့် မူးမြစ်ရေကြီးတိုင်း အနိမ့်ရပ်ကွက်များသို့ ရေဝင်၏။ ထိုရပ်ကွက်များကား အနည်းငယ်ဆင်းရဲသူများသာ နေထိုင်ပြီး ချမ်းသာသူများကတော့ ဈေးကြီးနှင့်မနီးမဝေး တရုတ်တန်း၊ အလယ်တန်း၊ ကုလားတန်း၊ ဈေးထိပ်၊ ဈေးတောင်ဘက် စသည်တို့တွင်သာ နေကြ၏။ မူးရေမှာ ကြီးပြီး ခဏနှင့်ပြန်ဆင်းသွားတတ်၏။ ထို့ကြောင့် ရေဘေးဒုက္ခ ကြာကြာခံစားရသည်ဟူ၍ ရေဦးမှာမရှိပါ။ သို့ရာတွင် ၁၉၅၆ ခုနှစ်ကတော့ မူးရေအတိုးကြမ်း၍ ကာဘိုးရေကာတာကြီး ကျိုးပေါက်သွားပြီး ရေဦးမြို့တစ်မြို့လုံးနီးပါး ရေဖုံးသွား၏။ ချမ်းသာကြီးကျောင်း၊ လေးထပ်ကြီးကျောင်းနှင့်သိမ်ကျောင်း စသည့်ဘုန်းကြီးကျောင်း ငါးကန်ကြီးများမှ လူလောက်ကြီးသည့် နှစ်ချို့ငါးကြီးများ



www.burmeseclassic.com

www.burmeseclassic.com



မူးရေကျတွင် ပြန်ပါသွားသည်ဟု မြို့သူမြို့သားများက ယခုတိုင် ပြောစမှတ်ပြုကြသည်။

ကျွန်တော်က ငါးတန်းကျောင်းသားမို့ ထိုရေကြီးစဉ်ကာလကို မှတ်မိနေသည်။ ရေမမြုပ်စဘူး တစ်မြို့လုံး ရေမြုပ်နေရာ ကုန်းပေါ် ရပ်ကွက်တစ်ခုတည်းသာ ကုန်းပေါ်ဟူသည့် စကားအတိုင်း ကုန်းပေါ် နေသည်။ ရေဘေးဒုက္ခသည်များအား ကုန်းပေါ်မှ ထမင်းဟင်းချက်ကျွေး ကြရ၏။ လေ့ဆိပ်ကို ဦးသက်ရှည်၏ (B.O.C) ရှေ့မှာလုပ်ထားသည်။ ထို(B.O.C)ကုန်းကား ရေဦးတွင် အမြင့်ဆုံးကုန်းဖြစ်ရုံမက အနှစ် တစ်ရာကျော်နေသည့် လူလေးငါးခြောက်ယောက် ဖက်ရမည့် ပင်စည် ရှိသော မန်ကျည်းပင်အိုကြီးတစ်ပင်ရှိ၏။ အမြင့်ကား ပေနှစ်ရာနီးပါး ရှိမည်ထင်၏။ (Century Tree) ကြီးဖြစ်ပြီး ရေဦးမြို့၏ ထင်ရှားသော မြင်မှတ် (Land Mark) ကြီးတစ်ခုပါပေ။ ပွင့်လင်းရာသီများတွင် ထိုမန်ကျည်း ပင်အိုကြီးပေါ်၌ လင်းတအိုကြီးများ နားနေကြသည်ကို မကြာခဏတွေ့ရ၏။

၂၀၀၂ ခုနှစ်၊ ကျွန်တော် ရေဦး နောက်ဆုံးအခေါက်ရောက်တော့ ထိုမန်ကျည်းအပင်အိုကြီးမရှိတော့ပါ။ သို့ရာတွင် ထိုနေရာ၌ ထိုမန်ကျည်း ပင်ကြီးကို ပြန်လည်မြင်ယောင်နေပါသည်။ ထို့ကြောင့်–

"မန်ကျည်းပင်ကြီး ဘယ်ရောက်သွားလဲဗျာ" ဟု မေးမိရာ–

"သူလည်း အသက်ရှိတာပဲလေ။ ပြီးတော့ သိပ်အိုနေပြီ အသက်ကြီးတော့ အို၊ နာ၊ သေဘေး ပြေးမလွတ်ဆိုတဲ့ လမ်းစဉ်အတိုင်း လွန်ခဲ့တဲ့နှစ်နှစ် သုံးနှစ်လောက်က သူ့အလိုအလျောက် လဲပြီးသေသွား ရော၊ အဲဒါနဲ့ မြို့မြူနီစီပါယ်အဖွဲ့က ရှင်းလိုက်ရတယ်" ဟု မြို့ခံမိတ်ဆွေ တစ်ဦးက ဗုဒ္ဓဘာသာပီပီ တရားသံနှော၍ ပြောပါသည်။

"အသက် ဘယ်လောက်ရှိမယ်ထင်လဲ"

"အင်း ကျုပ်တို့အဘိုးအဘွားတွေလက်ထက်ကတည်းက အပင်အိုကြီးဆိုတော့ အနှစ်တစ်ရာ့ငါးဆယ် နှစ်ရာနီးပါးတော့ ရှိမယ် ထင်တယ်"





သူပြောသောကြောင့် မန္တလေးနန်းတွင်းက မန်ကျည်းပင်အိုကြီး များနှင့် ထိုင်းနိုင်ငံဘန်ကောက်မြို့ မြဘုရားအနီးက မန်ကျည်းပင်အိုကြီး များအား ပြေး၍သတိရလိုက်ပါ၏။ ထိုမန်ကျည်းပင်ကြီးများအားလုံး အသက်ရာကျော်ကြသည်။ ရှေးကောရာဇ်မင်းများက စိုက်ခဲ့ကြသည်ဆို၏။

"အင်း–အဲဒါဆိုရင် အနှစ်နှစ်ရာနီးပါးရှိတယ်ဆိုတာ ဟုတ်မယ် ထင်ပါတယ်"

ကျွန်တော်က ကျွန်တော့်မိတ်ဆွေအား ပြန်ပြောမိ၏။ ဘာပဲဖြစ်ဖြစ် သက်ရှိအားလုံး သင်္ခါရဟူသော ပြောင်းလဲမှု သဘော သဘာဝကြီးကိုတော့ မလွန်ဆန်နိုင်ကြပါချေ။ တွေးရင်းစဉ်းစားရင်း တရားကျသွား၏။ အဟောင်းအဟောင်းတို့ ချုပ်ငြိမ်းပျောက်ကွယ်၍ အသစ်အသစ်တို့က ဖြစ်တည်လာနေ၏။

သို့ရာတွင် ပုထုဇဉ်တို့ သဘာဝအတိုင်း အဟောင်းကို ပြန်ပြောင်း စဉ်းစားရင်း ငယ်မူငယ်သွေး ပြန်လိုက်ချင်ပါသေးသည် ခင်ဗျာ။

✿

## ရေဦး၏စီးပွား ကုန်သွယ်မှု

ရေဦးကား ရှေးယခင်က တောင်ဘက်မုံရွာမှ ရထားလမ်းဆုံး ဖြစ်၏။ မုံရွာသည် ချင်းတွင်းမြစ်အရှေ့ဘက်ကမ်း၌ အစည်ကားဆုံး ရောင်းဝယ် ဖောက်ကားမှု အကောင်းဆုံးမြို့ဖြစ်၏။ ရေဦးသည်လည်း မုံရွာမြောက်ဘက်တွင် အစည်ကားဆုံးဖြစ်သည်။ သို့ရာတွင် မုံရွာ တစ်ဝက်သာသာသာ ရှိမည်ထင်ပါ၏။ မြို့အကျယ်မှာ တောင်မြောက် ငါးမိုင်ခန့်နှင့် အရှေ့အနောက်လေးမိုင်ခန့်ရှိရာ၊ စတုရန်းမိုင် ၂၀ ခန့်ဟု ခန့်မှန်းရ၏။ မြို့တွင်းအိမ်ခြေပေါင်း ငါးထောင်ခန့်ရှိ၏။ မြို့သူ မြို့သားအများစုမှာ အရောင်းအဝယ်ဖြင့်သာ အသက်မွေးကြ၏။ အစိုးရ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းများက ဒုတိယ အများစုဖြစ်၏။ ကျန်သူများမှာ စိုက်ပျိုးရေး မွေးမြူရေးနှင့် လက်လုပ်လက်စားများသာ ဖြစ်ကြပါ၏။

မြို့ပတ်ဝန်းကျင် ကျေးရွာများကား အဓိက စပါး၊ ပဲအမျိုးမျိုး ကြက်သွန်၊ ငရုတ်၊ နှမ်း၊ ဆေးရွက်ကြီး စသည်တို့စိုက်ပျိုးသော တောင်သူလယ်သမားများသာ ဖြစ်ကြ၏။ ကာဘိုးဆည်ကြီးမှလာသော ဆည်မြောင်းများသည် ရေဦးမြို့နယ်မှသည် ဒီပဲယင်းမြို့နယ်ထဲအထိ ရေပေးနိုင်၏။ ရေဦးအနီးတစ်ဝိုက် လယ်သမားများကား ဆည်ရေ သောက် မူးရေဝင် လယ်သမားများဖြစ်ကြပါ၏။ ထို့ကြောင့် လယ်သမား အများအားဖြင့် စားနိုင်သောက်နိုင်ရှိသူသာများ၏။

မူးမြစ်သည်လည်း ရေကျသွားချိန်တွင် နုန်းတင်မြေနုများ ပေါ်လာ၍ ထိုမြေပေါ်တွင် ဆေးရွက်ကြီး၊ ကြက်သွန်နီ၊ နှမ်းနှင့် ခရမ်းချဉ်၊ ခရမ်းသီး နှင့် ဟင်းသီးဟင်းရွက်များ အများအပြားစိုက်ကြ၏။ အထူးသဖြင့် ဆောင်းတွင်းကာလများတွင် ရေဦး၌ဟင်းသီးဟင်းရွက်များ လှိုင်လှိုင် ပေါ်ပေသည်။ ခရမ်းချဉ်သီးတစ်တောင်းမှ ငါးမူးတစ်ကျပ်သာ ပေးရ၏။ မယုံမရှိပါနဲ့ ကိုယ်တွေ့ပါခင်ဗျာ။

ရေဦးမြို့မဈေးကြီးထဲ၌ အဝတ်အထည်ကန်၊ ကုန်ခြောက်ခေါ် ချိတ်ကုန်တိုက်ကုန်အတန်း၊ ငါးပိဆားပြားအတန်း၊ ကျူလီယာ ကုန်အတန်း၊ ဆန်တန်း၊ ဟင်းသီးဟင်းရွက်တန်း၊ အသားငါးတန်းဟူ၍ ဈေးတန်းများ အသီးသီးရှိ၏။ အရောင်းရဆုံးမှာ ကုန်ခြောက်တန်း ထင်ပါသည်။ ကုန်ခြောက်ဆိုရာ၌ လက်ဖက်ခြောက်၊ ပုစွန်ခြောက် ငရုတ်သီးခြောက်၊ ဆား၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ချင်း၊ လက်ဖက် အာလူး၊ မြေပဲဆန်၊ ပဲမျိုးစုံနှင့် ဆေးရွက်ကြီး စသည်တို့ပါဝင်ပါ၏။ ကျွန်တော်သည် ရေဦးမြို့မဈေးကြီးထဲ၌ ၁၉၅၀ ခုနှစ်မှ ၁၉၆၀ ခုနှစ်အထိ ဆယ်နှစ်ကျော် သွားလာနေထိုင်ခဲ့ဖူးရာ ရေဦးဈေး၏ အနေအထားအား အထိုက်အလျောက်ပြောနိုင်ပါသည်။





စားကုန်ပစ္စည်း အတော်များများအား ရွှေဘိုမှ မှာယူတင်သွင်းရ သည်။ အထည်အလိပ်စသည်တို့လည်း ရွှေဘိုမှပင် မှာရ၏။ ရွှေဘို ဆိပ်ခွန်ထည်များကား ထိုစဉ်ကပင် ရေဦး၌ နာမည်ရနေပါပြီ။ မုံရွာ ဘက်ကမူ ဂျစ်ကားချည်ချောလုံချည်များ လာတတ်ပါ၏။

ရေဦးမှ ဆန်လည်းအကြီးအကျယ်ထွက်၏။ ကျွန်တော်ငယ်စဉ် ကပင် ဆန်စက်ကြီးပေါင်း ဆယ်လုံးထက်မနည်းရှိ၏။ ဆန်များကို ရွှေဘိုနှင့်မုံရွာသို့ တင်ပို့ရ၏။ ရေဦး၏ အချမ်းသာဆုံးပုဂ္ဂိုလ်များထဲတွင် ဆန်စက်ပိုင်ရှင်ကြီးများပါဝင်၏။ ဦးမြကြီး၊ ဦးဘကြွယ်၊ ဦးတင်မောင်၊ ဦးဘကြည် စသူတို့ကား ရေဦးမှ ကျွန်တော်မှတ်မိသော ဆန်စက် ပိုင်ရှင်များ ဖြစ်ကြ၏။ ထိုလူကြီးများ ယခုရှိသေးလျှင်ဖြင့် အသက် တစ်ရာနား ကပ်နေကြပါပြီ။ ၁၉၆၂ နောက်ပိုင်း ရေဦး-ကလေးဝ လမ်းပေါက်သွားသောအခါ ရေဦးမှဆန်များကို ကလေးဝအထိ တင်ပို့ကြသည်ဟူ၍လည်း ကြားရ၏။ အိန္ဒိယထိ ထိုဆန်များရောက်သည် ဆင်ပါသည်။ ထိုအချိန်၌ ကျွန်တော် ရေဦးမှာမရှိတော့ပါ။

ခြုံ၍ပြောရပါက ကျွန်တော်ကြီးပြင်းခဲ့သော ရေဦးမြို့သည်ကား ရွှေဘိုခရိုင်အတွင်း၌ စီးပွားရေးကောင်းမွန်သည်ဟု ပြောနိုင်ပါ၏။ စားနိုင်သောက်နိုင် လှူနိုင်တန်းနိုင်ကြ၏။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ကျောင်း ဆယ်ကျောင်းကျော်မျှရှိ၏။ ချမ်းသာကြီးကျောင်း၊ မစိုးရိမ် ကျောင်း၊ လေးထပ်ကြီးကျောင်း၊ မင်္ဂလာကျောင်း၊ ဝါဆိုကျောင်း၊ ပါဠိ ရွာကျောင်း၊ သိမ်ကျောင်း၊ ရက္ခမူကျောင်း၊ ကမ္ဘာ့ရုံကျောင်း၊ ညောင် ကိုးပင်ကျောင်း၊ ဥယျာဉ်ကျောင်း၊ ကန်တွင်းကျောင်းဟူ၍ ကျောင်းကြီး ကျောင်းကောင်းများ ဖြစ်ကြပါ၏။

ထိုဘုန်းကြီးကျောင်းများကို ကြည့်ခြင်းအားဖြင့် အလှူရေစက် သက်နှင့်မကွာလှူနိုင်သည့် ရေဦးဟုဆိုနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သာသနာမှာ အရေးကြီးသည်၊ ထို့ကြောင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းနှင့်သမျှ စာသင်စာချ ပြုလုပ်ကြပါ”ဟု မိန့်ကြားခဲ့ပါသည်။

နိုဂုံးချုပ်အနေဖြင့် ၁၂၆၂ ခုနှစ်၊ တပေါင်းလဆန်း (၁၂) ရက်မှ တောင်တည်ထောင်ခဲ့သော ရောဝတီတိုင်း၊ ညောင်တုန်းမြို့ ရွှေဟင်္သာ တောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးသည် နှစ်တစ်ရာတိုင် တည်မြဲနေပြီ ဖြစ်ပါသည်။ ထိုကျောင်းတိုက်ကြီးမှ အခြေခံအကျဆုံး သင်အံပို့ချမှု ပရိယတ္တိ သာသနာတော်သည် သာသနာ သုံးရပ်လုံးကို မြဲမြံခိုင်ခံ့ တည်တံ့စေနိုင်သည်ဖြစ်ရာ ထိုပရိယတ္တိသာသနာအား ကြောင့်ကြမဲ့ တာဝန်ထမ်းရွက်နိုင်ရန်အတွက် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် အပေါင်းမှ ဝိုင်းဝန်းလှူဒါန်းပူဇော် ဖြေရှင်းပေးကြပါရန် တိုက်တွန်းနှိုးဆော် လိုက်ရပါသည် ခင်ဗျား။

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု။

❀

ဆောင်းပါးမှာ အထက်ပါအတိုင်း ဖြစ်ပါသည်။

စစ်ကိုင်းတွင် လေးနှစ်နီးပါးကြာ၏။ စစ်ဆင်ရေးက ပြန်ဝင်လာတိုင်း စစ်ကိုင်းတောင်သို့သွားပြီး ထေရ်ကြီးဝါကြီး အရှင်သူမြတ်များအား ဖူးမြော်ကန်တော့လေ့ရှိရာ၊ ရွှေဟင်္သာဆရာတော်ကြီးသာမက ဝါးချက်ဆရာတော်၊ သီတဂူဆရာတော်၊ ဟံသာဝတီဆရာတော် စသည့် ဆရာတော်များကိုပါ ပုံမှန်ကန်တော့ဖြစ်ပါသည်။ ထိုဆရာတော်များနှင့် တွေ့ဆုံပုံကိုလည်း မကြာခဏ သတိရနေပါသည်။ ယခုအချိန်အထိ ဆရာဒကာ ဖြစ်နေပါ၏။

ယခု ဤစာမှာ ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ဈာပနကိစ္စနှင့် ဆက်စပ်၍ သတိတရရေးသားခြင်း ဖြစ်သဖြင့် ရွှေဟင်္သာ ဆရာတော် ဘုရားကြီး၏ ဩဝါဒကထာကလေး တစ်ပိုဒ်ဖြင့် နိဂုံးချုပ်အပ်ပါသည်။





* အရေးကိစ္စပေါ်တုံက၊ ကူကြမိတ်သဟာ။
* ရလျှင် ကပ်လာ၊ မရခွာ၊ လူညာမိတ်တုသာ။
* စကားဖြင့်မြှောက်၊ လက်မရောက်၊ ကြောက်ရမည့် သူသာ။
* အရေးကြုံက၊ ရှောင်လွှဲကြ၊ မှတ်ကြ မိတ်တုသာ။
* ပေးလျှင် ကျေးစဉ်၊ ကျေးဇူးတင်၊ ဝေးလျှင် မေ့တတ်ပါ။
* ကျေးဇူးတရား၊ သိတုံပြား၊ သူကား မိတ်စစ်သာ။
* ကိုယ်တိုင်တွေ့က၊ နှုတ်ချိုမြ၊ တူလုပ်များသကာ။
* မျက်ကွယ်ရောက်က၊ အဆိပ်မျှ၊ ပြောကြမိတ်တုသာ။
* အစစ် အတု၊ မိတ်နှစ်ခု၊ ခွဲမှုဉာဏ်ယှဉ်ပါ။

၂၅-၄-၂၀၀၄

❀

သူမသိသော အလှူလေးတစ်ခု

စစ်ကိုင်းတွင် လေးနှစ်ခန့် ကြာခဲ့သည်ကို စာဖတ်သူများအား ကျွန်တော် တင်ပြခဲ့ပြီးပါပြီ။

ထိုကာလတွင် စစ်ကိုင်းတောင်နှင့်ပတ်သက်၍ အမှတ်တရ ပြောစရာလေးတွေ ရှိနေသည်များအား ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ဈာပနကိစ္စဖြင့် အစချီလိုက်ပါသည်။ ဆက်၍ ပြောလိုပါသေးသည်။ ယခု အကြောင်းအရာကတော့ စစ်ကိုင်းတောင်တွင် ကျွန်တော်၏ ပထမဦးဆုံး သူမသိသူမသိလုပ်ခဲ့သည့် အလှူလေးတစ်ခုပါခင်ဗျာ။

၁၉၉၂ ခုနှစ်၊ မိုးဦးကျကာလ။

မိုးဦးကျမို့ မိုးက တစ်ပြိုက်နှစ်ပြိုက်ရွာပြီး၍ စစ်ကိုင်း ပတ်ဝန်းကျင်တွင် စိမ်းစိမ်းစိုစို ဖြစ်စပြုပြီ။ ကျွန်တော်နေထိုင်ရသည့် ရွှေထောင်တပ်နယ် အဝန်းအဝိုင်းကား တမာပင်များဖြင့် စိမ်းညို့နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဩဩ်–ပြောဖို့ တစ်ခုကျန်ပါသည်။ ရေဦး၌ ကက်သလစ်ချာ့(ခ်)ကျောင်းကြီးတစ်ကျောင်း၊ ဆစ်(ခ်)ဘုရားရှိခိုးကျောင်းကြီးတစ်ကျောင်းနှင့် ဗလီတစ်ခုလည်း ရှိပါသေးသည်ခင်ဗျား။

✿

**စာသင်ကျောင်းနှင့်ပညာရေး**

ရေဦးတွင် ကျွန်တော် လူမှန်းသိတတ်ခါစကပင် အထက်တန်းကျောင်း ရှိနေပါပြီ၊ အထက်တန်းကျောင်းကြီးအား ပထမ ဈေးကြီးအနီးမှ ဘောလုံးကွင်းကြီးဘေးတွင် အဆောင်ငယ် အခန်းငယ်များခွဲကာ ဖွင့်လှစ်ခဲ့၏။ ကျောင်းအုပ်ကြီးမှာ ဦးသန်းမြင့်ဖြစ်ပါသည်။ ဦးသန်းမြင့်သည်ကား နောင်တွင် ရန်ကုန်၌ ပညာမင်းကြီးဖြစ်သွား၏။ နာမည်ကျော် စာရေးဆရာကြီး စစ်ကိုင်းဦးတိုးသင်း၏ သမက်ပါ။ ဆရာကြီး၏ဇနီးဒေါ်မြင့်မြင့် (ခေါ်) ဒေါ်သီရိက စစ်ကိုင်းဦးဘိုးသင်း၏ သမီးဖြစ်၏။ ဗိုလ်မှူးကြီးသိုးထိန်းနှင့် မောင်နှမအရင်းဖြစ်သည်။ ကျွန်တော်တို့မူလတန်းကျောင်းသားတုန်းက ကျွန်တော်တို့ဆရာမ ဖြစ်ခဲ့ဖူးသည်။ ဆရာကြီးဦးသန်းမြင့်က ဖြူဖြူချောချော၊ ထောင်ထောင်မောင်းမောင်း ဥပဓိရုပ်ကောင်းကောင်း၊ ထို့အတူ ဆရာမကလည်း ဆရာကြီးနှင့်လိုက်လျောညီထွေ ချောပါပေသည်။ သမီး လေးငါးယောက်နှင့် အငယ်ဆုံးသားကလေးတစ်ဦးသာ ရှိ၏။ အဖေအမေချော၍ သမီးများလည်း ချောကြပါသည်။ ဟိုစဉ်က ကျွန်တော်နှင့် အိမ်နီးချင်းကစားဖော် ကစားဖက်သူငယ်ချင်းများပါ။ အခုတော့ အသက် ၆၀ အရွယ်အဘွားကြီးများဖြစ်နေပေရော့မည်။

၁၉၅၆ ခုနှစ်၊ ကျွန်တော်လေးတန်းအောင်၍ ငါးတန်းရောက်သည့်နှစ်၌ ရေဦးအထက်တန်းကျောင်းကြီးအား မြို့တောင်ဘက်သို့ ရွှေ့၏။ အိုးပုံသဏ္ဌာန်နှစ်ထပ် အဆောင်ကြီးနှစ်ဆောင် ရပါသည်။





အဆောင် တိုင်း၌ (Assembly Hall) ပါပြီး တစ်ထပ်လျှင် အခန်းပေါင်းဆယ်ခန်း လောက်ပါ၏။ ထိုကျောင်းသစ်ကြီးရရှိသောကြောင့် ကျောင်းသားများ တစ်စုတစ်ဝေးတည်း ခန့်ခန့်ညားညား ကျောင်းတက်နိုင်၏။ ကျောင်းဝင်းကလည်း ကေတစ်ရာခန့် ကျယ်ဝန်း၏။ အလွန် ကောင်းမွန်လှပါသည်။ အထက်တန်းကျောင်းရှိသော်လည်း တက္ကသိုလ် စာမေးပွဲအတွက် စာဖြေဌာနမရသေးပါ။ တက္ကသိုလ်ဝင်တန်း ကျောင်းသားများစာမေးပွဲဖြေလျှင် ရွှေဘိုသို့ သွားဖြေရပါသည်။ ၁၉၅၉ လောက်မှရေဦး၌ တက္ကသိုလ်ဝင် စာဖြေဌာန ရသည်ဟု ထင်ပါ၏။ တက္ကသိုလ်ဝင်စာမေးပွဲကလည်း အောင်ချက်အလွန်နည်းပါသည်။ လူတစ်ရာမှသုံးလေးငါးယောက် အောင်သည့်ကာလဖြစ်၏။ ကျွန်တော် တက္ကသိုလ်ဝင်တန်းအောင်သည့် ၁၉၆၁ ခုနှစ်အထိ ဆယ်တန်းခေါ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက်မှာ သုံးလေးငါးရာခိုင်နှုန်းသာ ဖြစ်နေပါသေးသည်။

"ဟိုတုန်းက တက္ကသိုလ်ဝင်တန်းအောင်ပြီး တက္ကသိုလ်ကျောင်းသားဆိုရင် တို့မြို့မှာ လူတကာ ငေးကြည့်ရတယ်နော်"

ဟု ကျွန်တော်နှင့်အတူ ရေဦးမှဆယ်တန်းအတူအောင်ခဲ့သည့် ဒေါ်မြမြဝင်းမှ မကြာသေးမီက အိမ်လာလည်ရင်း အမှတ်တရပြောသွားခဲ့၏။ သူ့ခေတ်နဲ့သူပေါ့ခင်ဗျာ။

ထိုစဉ်ကာလက ကျူရှင်ဆိုသည်လည်းမရှိပါ။ ရေဦး၌ အလွတ်သင်ကျောင်းဆို၍ အင်္ဂလိပ်စာတစ်ခုသာရှိ၏။ ဒါကလည်း တောမြို့ကလေးဖြစ်၍ အင်္ဂလိပ်စာအလွန်ညံ့ကြသောကြောင့် လိုအပ်ချက်အရ ရှိနေခြင်းဖြစ်မည်ထင်ပါသည်။ ကျန် သင်္ချာနှင့်အခြားဘာသာရပ်များအတွက် အလွတ်သင်ကျောင်း မဖွင့်ကြပါ။ အားလုံး အထက်တန်းကျောင်းကြီးမှ သင်ကြားပေးသမျှဖြင့် ,စာမေးပွဲဝင်ကြပါသည်။ ညီသူမှလည်း ကျူရှင်မတက်ကြပါ။ ကျောင်းကြီးမှ သင်ပေးသမျှဖြင့် ရောင့်ရဲကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာများကလည်း အသင်အပြကောင်းကြ၏။ ကျွန်တော် ဆယ်တန်းဖြေသည့်နှစ်က ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင် ကိုယ်တိုင် (Private study) ကာလ၌ အင်္ဂလိပ်စာသင်ပေးပါသည်။ အခြားဆရာများကလည်း စာမေးပွဲတွင်ပါနိုင်မည့် အဖြေများအား (Exam Special) ဆို၍ အထူးပို့ချပေးကြ၏။ ထိုအထူးသင်ကြားချက်များကို ကျက်မှတ်ပြီး ကျွန်တော်တို့ ဆယ်တန်းအောင်ခဲ့ကြပါသည်။

ဆရာကြီးဦးသန်းမြင့်က ၁၉၅၅ ခုနှစ်လောက်တွင် ရေးမှ ရာထူးတက်ပြီး ပြောင်းသွား၏။ ပညာရေးမှူးဖြစ်သွားသည်ထင်ပါသည်။ ကျောင်းအုပ်ကြီးအသစ် ဆရာကြီး ဦးမောင်မောင် ရောက်လာ၏။ ဦးမောင်မောင်ကား ကျွန်တော်နှင့်အလွန်ရင်းနှီးသော ဆရာကြီးဖြစ်ပြီး ကျွန်တော်ဆယ်တန်းအောင်အောင် များစွာလည်း အထောက်အပံ့ပေးခဲ့၏။ ဆရာကြီး၏ ယောက်ဖကိုကျော်မြင့်က ကျွန်တော်နှင့်အတန်းတူ သူငယ်ချင်းဖြစ်၏။ ကိုကျော်မြင့်နှင့်ပတ်သက်ပြီး ဆရာကြီးက ကျွန်တော်နှင့် ကိုဘိုကြည်တို့ကို မျက်မှန်းတန်းမိသွားသည်။ ကျွန်တော်တို့နှစ်ယောက်က ဆရာကြီးအိမ် မကြာခဏ ဝင်ထွက်ကြသည်။ ထိုအခါ ဆရာကြီးက ကျွန်တော်တို့အား–

''ဟေ့ကောင်လေးနှစ်ယောက်၊ ဆယ်တန်းက ကျဖူးရင် ကြောက်သွားရောကွ၊ မင်းတို့စကောလားရှစ်သမားတွေ မဟုတ်လား (One Stroke) နဲ့ အောင်အောင်လုပ်၊ ငါတွက်ထားတဲ့ ဆယ်တန်းအောင်မယ့် ကြိုတင်ခန့်မှန်း စာရင်းထဲမှာ မင်းတို့နှစ်ယောက်ပါတယ်။ ကြိုးစားကြ၊ လိုတာလည်းလာမေး''

ကျွန်တော်နှင့်ဘိုကြည်က လေးတန်းတွင် စကောလားရှစ်ဖြင့် အောင်လာသူများဖြစ်ရာ ထိုအကြောင်းကို ဆရာကြီးက ကောင်းစွာ သိ၏။ ထို့ကြောင့် ကျွန်တော်တို့ကို အားပေး၏။ ဆရာကြီး၏ အားပေးမှု ကောင်းသဖြင့် စိတ်ဓာတ်တက်ကြွပြီး စာဖိကြိုးစားလိုက်ရာ ကျွန်တော်နှင့် ကိုဘိုကြည်တို့ နှစ်ချင်းပေါက် ဆယ်တန်းအောင်ခဲ့ပါသည်။ ဆရာကြီး



ဦးမောင်မောင်သာမကပါ ကျွန်တော်တို့ဆယ်တန်းအောင်အောင် စာသင်ပေးသူများထဲတွင် ဆရာဦးစံရွှင် (အင်္ဂလိပ်စာ၊ သင်္ချာ)၊ ဆရာကြီး ဦးကြင်စိန် (သိပ္ပံ၊ သင်္ချာ)၊ ဆရာမဒေါ်ကင်းမြ (အင်္ဂလိပ်စာ၊ သမိုင်း)၊ ဆရာဦးတင်ဖေ (ပထဝီ)စသည့်ဆရာ၊ ဆရာမများလည်း ပါဝင်ပါသည်။ အာစရိယဂုဏောအနန္တောပေါ့ခင်ဗျာ။ ရေး၌ အလယ်တန်းကျောင်း မရှိပါ။ အထက်တန်းကျောင်းလည်း တစ်ကျောင်းသာရှိပါသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှ အထက်တန်းကျောင်းတစ်ကျောင်း ရေးမြောက်ဖျားတွင် ထပ်တိုးလာသည်ဟု သိရ၏။ အထက (၂) ပေါ့ခင်ဗျာ၊ ယခု အခေါ်အဝေါ်ဖြင့်ဆိုပါက အခြေခံပညာအထက်တန်းကျောင်းဟု ခေါ်မည် ထင်ပါ၏။

သို့ရာတွင် မူလတန်းကျောင်းကတော့ ကျွန်တော်ငယ်စဉ်ကပင် လေးကျောင်းခန့်ရှိ၏။ ရေးတောင်ခြမ်း၌ ဒေါ်သန်းရင်ကျောင်း၊ ဒေါ်သန်းကြီးကျောင်း နှစ်ကျောင်းရှိသည်။ အမှန်ကတော့ အမက (၁)၊ အမက (၂) ဟုခေါ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် မြို့သူမြို့သားများက ထိုသို့မခေါ်တတ်ပါ။ ကျောင်းအုပ်ဆရာမကြီးများ၏ အမည်ကို အစွဲပြု၍ ဒေါ်သန်းရင်ကျောင်း၊ ဒေါ်သန်းကြီးကျောင်းဟု ခေါ်ဝေါ်ကြ၏။

ရေးမြောက်ခြမ်းတွင်မူ ဒေါ်ရွှေစင်ကျောင်း၊ ညောင်ကိုးပင်ကျောင်းဟူ၍ နှစ်ကျောင်းရှိ၏။ ကျွန်တော် ကျောင်းစနေတော့ အိမ်နှင့်နီးသည့် ဒေါ်သန်းရင်ကျောင်းမှာစနေ၏။ ဒေါ်သန်းရင်က အပျိုကြီး စာသင် ကောင်းသော်လည်း အပျိုကြီးပီပီ ဒေါသကြီး၏။ အတော် အရိုက်သန်ပါသည်။ စိတ်မထင်ရင် မထင်သလိုလည်း ဘုပြောတတ်၏။ ကျွန်တော်က စာတော်သော်လည်း မျောက်ဟိုဒင်းကို့ သမန်းရှအောင် ဆော့တတ်သူဖြစ်၍ ဆရာမကြီးဒေါ်သန်းရင်၏ ရိုက်နှက်မှုအား အကြိမ်ကြိမ်ခံခဲ့ရဖူး၏။ ၁၉၅၅ ခုနှစ်တွင် ထိုကျောင်းလေးတန်းမှ ကျန်းမာရေးကြောင့် ကျွန်တော်ကျောင်းထွက်ခဲ့ရသည်။ ရေးတောင်ဖျားမှ ရေးမြောက်ဖျားရှိ ဒေါ်ရွှေစင်ကျောင်းသို့ ပြောင်းနေခဲ့သည်။ ဒေါ်ရွှေစင်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှ လေးတန်းအား စကောလားရှစ်ဖြင့် အောင်ခဲ့သည်။ ကျွန်တော် သိပ်တော်၍တော့ မဟုတ်ပါ။ အတန်းပိုင်ဆရာဦးချစ်မောင်က စကော လားရှစ်ဖြေမည့် ကျွန်တော်၊ အေးချို၊ သန်းညွန့်တို့သုံးဦးအား သူ့အိမ် တွင် လပေါင်းအတော်ကြာညအိပ်စေပြီး ဘာသာစုံကို အနီးကပ်ကြပ်မတ် စာသင်ပေးခဲ့သဖြင့် အောင်သွားခြင်းပါခင်ဗျာ။ မခင်အေး တစ်ယောက် သာ မိန်းကလေးဖြစ်နေခြင်းကြောင့် ဆရာအိမ်ညလာ မအိပ်ရပါ။ ထို့ကြောင့် ထင်ပါ၏။ မခင်အေး စကောလားရှစ် မအောင်ပါ။ မည်သို့ ပင်ဖြစ်စေ။ ထိုစဉ်က ရေဦးမှ မူလတန်းကျောင်းအားလုံး အစိုးရစစ် စတုတ္ထတန်း စာမေးပွဲများအား တန်းလုံးကျွတ်အောင်ကြပါသည်။ မူလတန်းပညာရေးကောင်းသည်ပေါ့ခင်ဗျာ။

အလယ်တန်းလည်း အစိုးရစစ်ပါပဲ။ ဒါလည်း ၅၀ ရာခိုင်နှုန်းခန့် ရေဦးကျောင်းက အောင်ပါသည်။ ၁၉၆၀ ပတ်ဝန်းကျင်က ခုနစ်တန်း အောင်ရင် (Lower Division Clerk) ခေါ် ၁၂၆ ကျပ်စား စာရေးလေး လုပ်၍ ရပါသေးသည်။ (PAT) ခေါ် မူလတန်းလက်ထောက်ဆရာလေး လည်း ဖြစ်နိုင်ပါသေးသည်။ ၁၉၆၀ နောက်ပိုင်းရောက်တော့ ဆယ်တန်းအောင်မှသာ (L.D.C) တို့ (PAT) တို့ လုပ်ကြရတော့သည်။ ဆယ်တန်းကတော့ ရေဦးကျောင်းက ကျွန်တော် ဆယ်တန်းစဖြေသည့် ၁၉၆၁ ထိ သုံးလေးငါးရာခိုင်နှုန်းသာ အောင်၏။ ထိုနှုန်းကလည်း တစ်နိုင်ငံလုံးနှုန်းထက် မနိမ့်ပါ။ ထို့ကြောင့် ငံအောင်ချက်ကောင်းသည်ဟု ပြောလို့ရပါသေးသည်။

ခြုံငုံပြောရမည်ဆိုပါက ရေဦး၏ပညာရေးသည် မည့်၏ ဘုန်းကြီးကျောင်းများကလည်း ဘုန်းကြီးကျောင်းပညာရေးအား ဝိုင်းဝန်းခဲ့ကြပါသည်။

ကောင်းသည်ဟု ပြော၍ ရပါသည်ခင်ဗျား။

✿



## ရေဦးသို့ပြန်ရောက်ခြင်း

ကန့်ဘလူမြို့နယ်တွင် လေ့ကျင့်ခန်းဆင်းရင်း ပထမဦးဆုံး အကြိမ် ရေဦးသို့ရောက်ပါသည်။ အခွင့်ကြုံပါ။

၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ၏ နေ့တစ်နေ့။

"အဘ၊ ကျွန်တော်တို့ လေ့ကျင့်ခန်းက ဖီးကုန်းကာဘိုးနားမှာ စစ်စဉ် ဖွင့်ထားတယ်။ အဲဒီဘက် ခဏရွှေ့မှ ရမယ်"

ကျွန်တော့် ဦးစီးအရာရှိများက ပြောလာ၏။

"ဟေ၊ ရွှေ့ရမယ်ဆိုရင်လည်း ရွှေ့တာပေါ့ကွာ"

လေ့ကျင့်ခန်းအရ စံပယ်နှံ့သာမှ ဖီးကုန်းမလယ်လမ်းဆုံကို ရွှေ့ခဲ့ရ၏။ ထိုမှ ကာဘိုးဆည်ကြီးအနီးသို့ ရွှေ့ခဲ့ရပြန်သည်။

"ကာဘိုးနဲ့တန်ဆည်ဘယ်လောက်ဝေးသလဲ"

ကျွန်တော်က စိတ်ကူးတစ်ခုရ၍ မေးလိုက်မိ၏။

"ရွာသားတွေပြောတာတော့ လေးမိုင်လောက်ပဲတဲ့ ခင်ဗျ"

ဦးစီးအရာရှိ တစ်ဦးမှ ဖြေ၏။

"ကားလမ်းရော ရှိလား"

"ကာဘိုးရဲစခန်းမှူးပြောတာတော့ နွေဆိုရှိတယ်တဲ့ခင်ဗျ။ မိုးဆိုရင်တော့ မရှိဘူးတဲ့"

"အဲဒါဆို စခန်းမှူးခဏခေါ်ကွာ"

ကျွန်တော့်လေ့ကျင့်ခန်းမှာ မြစ်ကူးချောင်းကူးများ ပါပါသည်။ ထို့ကြောင့် မူးမြစ်အား အရှေ့မှ အနောက်သို့ ကူးရန်ရှိ၏။ မြစ်ကူးရင် ကျွန်တော်ပါ လိုက်သွားလိုသည်။ တန့်ဆည်ကိုရောက်ဖူးချင်၏။ ရေဦး အားသာဆိုသည်၊ ရေဦးနှင့်ဆယ့်လေးငါးမိုင်သာဝေးသည့် တန့်ဆည် မြို့ကလေးအား တစ်ခါမှ မရောက်ခဲ့ဘူးပါ။ ယခု အသက် ငါးဆယ် အနီးမှ အခွင့်ကြုံမရောက်ဘူးပါက နောင်ဘယ်တော့မှ ရောက်ဖူးတော့ မည်မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



''ကဲ စခန်းမှူးကြီး မူးမြစ်ကိုကူးပြီး တန့်ဆည်သွားချင်တယ် ရမလား''

''ရပါတယ်အဘ၊ ဟိုဘက်ကမ်းကို လှေနဲ့ပို့ပေးပါမယ်''

''ကားပါ ယူသွားချင်တာ၊ ကားကူးလို့ရမလား''

''ဟုတ်ကဲ့၊ ကားငယ်လေးတွေတင်ပြီး ကူးနိုင်တဲ့ ကူးတို့ဖောင်လေးတစ်ခု ရှိပါတယ်။ အဘက ဘာကားယူမှာလဲ''

''မာဇဒါဂျစ်ပါ''

''ဟာ ဒါဆိုရင် ရပါတယ်ခင်ဗျာ၊ အဘသွားချင်တဲ့နေ့ပြောပါ စီစဉ်လိုက်ပါ့မယ်''

''မနက်ဖြန်သွားချင်တယ်၊ စောစောလေးလုပ်ထားပေးပါ''

နောက်တစ်နေ့တွင် မြစ်ကူးလှေကျင့်ခန်းအတွက် မြေအခြေအနေ ကြိုတင်လေ့လာသည့်အနေဖြင့် ကာဘိုးဆည်ကြီးအနီးမှ မူးမြစ်ကို ကျွန်တော် ဖြတ်ကူးခဲ့သည်။ ဦးစီးအရာရှိတစ်ဦး ခေါ်လာခဲ့ရပါသည်။ တစ်ဦးကိုမူ ရုံးစောင့်ထားခဲ့ရ၏။

ပါလာသည့် မာဇဒါဂျစ်အား လှေနှစ်စီးတွဲထားသည့် ကူးတို့ဖောင်ပေါ်တင်ကာ လှေထိုးသားများက ထိုးဝါးများဖြင့်ထိုးပြီး မြစ်ကို ဖြတ်ကူး၏။ လွယ်လွယ်ကူကူပင် အနောက်ဘက်ကမ်းရောက်သွားပါသည်။ အနောက်ဘက်ကမ်း၌ ရဲစခန်းမှူးနှင့် ရွာသာအချို့က စောင့်နေကြ၏။

''အဘ၊ ဒီဘက်လမ်းက သဲချည့်ပဲ၊ ကားသွားရတဲ့အထိ ဝိုင်းတွန်းဖို့ ကျွန်တော် လူစုထားပါတယ်''

စခန်းမှူးက သူ့အစီအစဉ်ပြောသည်။ ၎င်းအတိုင်းပင် ကားလေးအား လူဆယ်ယောက်ခန့်ဖြင့် ကိုက် ၁၀၀၀ နီးပါးတွန်းလိုက်ရ၏။ လှည်းလမ်းတစ်ခုသို့ ရောက်သည်။

''ဒီလမ်းအတိုင်း ဖြည်းဖြည်းမောင်းသွားရင် တန့်ဆည် ရောက်ပါပြီ ခင်ဗျ။ ဒါတန့်ဆည်သွားတဲ့ လှည်းလမ်းပါ၊ ကျွန်တော်တို့ ဒီလမ်းက သွားနေကျပါ''





ရဲစခန်းမှူးနှင့် ရွာသာများက ပြောကြ၏။ ကျေးဇူးတင်ကြောင်း ပြောပြီး ငွေငါးရာကျပ်ပေးခဲ့ပါတယ်။ လုပ်အားခပေါ့ခင်ဗျာ။

လှည်းလမ်းလေးအတိုင်း အရှေ့မှအနောက်သို့ မောင်းရာ ၂ မိုင်ခန့်သာ မောင်းရ၏။ တန့်ဆည်မြို့ကလေးသို့ ရောက်ပါသည်။ တန့်ဆည်မြို့ကား မြို့သေးသေးလေးပါ။ အိမ်ငယ်ကလေးများနှင့် ချောင်ကျခေါင်လှပါသည်။ အိမ်ခြေတစ်ထောင်ထက် ပိုမည်မထင်ပါ။ မြို့တွင်း၌ကား ကတ္တရာလမ်းလေးများ တွေ့ရပါ၏။

''ဟ၊ မြို့သေးသေးလေးပါလားကွ၊ တန့်ဆည်တန့်ဆည်နဲ့ ခုံသူငယ်ချင်း တန့်ဆည်သားတွေကတော့ ပြောနေကြတာပဲ''

ဟု ကျွန်တော်က ပြောလိုက်ရာ–

''ရွှေကတော့လမ်းဆုံကတော့ စည်တယ် ပြောတယ်ခင်ဗျ''

အတူပါလာသည့် ဗိုလ်မှူးမြသန်းက ဆို၏။

မြို့တွင်း ကားဖြတ်မောင်းရင်း လမ်းတစ်လျှောက် မြေအခြေအနေ ကြည့်လာပါသည်။ ဟင်းသီးဟင်းရွက်စိုက်ခင်း အများအပြား တွေ့ရသည်။ တန့်ဆည်ဘက်က ပဲအမျိုးမျိုးနှင့် သစ်တောထွက်ပစ္စည်းများ ရှေးသို့ဝင်ပါသည်။ ခဏအကြာတွင် ရွှေကတော့လမ်းဆုံသို့ ရောက်၏။ ရွှေကတော့လမ်းဆုံကား မြောက်ဘက်ကျွန်းလှသို့ သွား၍ရပြီး အနောက်ဘက် တမူးကလေးဝသို့ သွားသည့်နေရာဖြစ်၏။ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ ကုန်စုံဆိုင်များနှင့် အတော်စည်ကားပါသည်။ မိုး ကလေးဝသွားကားများ အသွားအပြန်နားနေသည့် စခန်းထောက်ဟု ပြောကြပါသည်။ ကျွန်တော်တို့ စစ်ကိုင်းနားက အုန်းတောလမ်းခွဲနှင့်လည်း ခပ်ဆင်ဆင်တူပါ၏။

''ဟေ့ – ကိုမြသန်း အုန်းတောနဲ့ ခပ်ဆင်ဆင်ပဲကွ''

ရွှေကတော့လမ်းဆုံတွင် ခဏနား၍ လေ့ကျင့်ခန်းအတွက် ဆွေးနွေးစားကြသည်။

''ဒီကနေပြီး ရှေးဘယ်လောက်ဝေးလဲ၊ မေးစမ်းပါဦးကွ''



www.burmeseclassic.com

www.burmeseclassic.com



"အဘ ဆယ်မိုင်ကျော်ပဲတဲ့ခင်ဗျ၊ မေးပြီးပြီ၊ လမ်းလည်း သိပ်ကောင်းတယ်၊ သွားရင်နာရီဝက်တောင် မကြာဘူးတဲ့ခင်ဗျ"

အလွန်အကင်းပါးသည့် ဗိုလ်မှူးမြသန်းက ဆို၏။

"အေးကွာ၊ ဒါဆိုရင်လည်း ရှေ့ဦးသွားကြရအောင်၊ ပြီးမှ ခင်ဦးဘက်က လှည့်ပြီး စုံပယ်နဲ့သာ ပြန်ကြတာပေါ့၊ အချိန်မမီရင်လည်း ငှက်ပျောဒိုင်းက ဘရေရိပ်သာမှာ အိပ်ကြတာပေါ့"

ငှက်ပျောဒိုင်းတွင် ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေထုတ်လုပ်ရေးဌာနမှ ဧည့်ရိပ်သာတစ်ခု ရှိပါသည်။ ညအိပ်ဖူးပါသည်။ မြေမွန် ရိပ်သာနီးပါး ကောင်းပါသည်။

ခရီးဆက်ထွက်ခဲ့ကြသည်။ အမှန်ပင် လမ်းကောင်း၏ ကတ္တရာလမ်း ဖြစ်သည်။ မိနစ် ၂၀ ခန့်မောင်းပြီး ရှေ့ဦးရောက်တော့၏ ကျွန်တော် ငယ်စဉ်က နေခဲ့သော ဘူတာကွင်း အရင်ရောက်ပါသည်။ ဘာမှ သိပ်မထူးပါ။ အရင်လိုပါပဲ။ သို့ရာတွင် အထက်တန်းကျောင်းသစ် တစ်ကျောင်းတိုးလာသည်ကိုတော့ သတိထားမိခဲ့ပါသည်။ ကောင်းပါ၏။ ဘူတာလမ်းနှင့် မနီးမဝေးရှိ ပါဠိပိဋကကျောင်းသို့ ကျွန်တော် ဦးစွာ ဝင်သည်။ ဆရာတော်ဦးပညာသိပ္ပ (၂၀၀၂ ခုနှစ်က ပျံလွန်တော်မူသွားသည့် မဟာစည်ဆရာတော် ဘဒ္ဒန္တပညာသိပ္ပ)အား ဝင်ဖူးသည်။ ကျောင်းအတွက် အလှူငွေများ လှူဒါန်းရေစက်ချခဲ့သည်။

"မောင်သောင်းဝေ ဘယ်ကလာသလဲ"

"တပည့်တော် တန့်ဆည်ကလာတာပါ ဘုရား"

"အေး–မင်းသတင်းတော့ ကြားပါတယ်ကွာ၊ ဒါပေမယ့် ဘုန်းကြီး စစ်ကိုင်းရောက်တိုင်း မင်းက စစ်ကိုင်းမှာမရှိတာ များတယ်"

"မှန်ပါဘုရား၊ တပည့်တော်က သွားသွားလာလာ များတယ် ဘုရား"

ဆရာတော်ဦးပညာသိပ္ပမှာ ကျွန်တော်၏ မွေးစားအဖေဆိုလျှင် မှားမည်မဟုတ်ပါ။ ဘုန်းကြီးနှင့် ကျွန်တော့်အဖေ ဦးသိန်းမောင်တို့ သက်တူရွယ်တူ သူငယ်ချင်းများဖြစ်ကြပြီး ကိုရင်အတူဝတ်၊ သင်္ကန်းဆည်းခဲ့သူများ ဖြစ်၏။ ဆရာတော်က ထိုစဉ်ကပင် ဘုန်းကြီးဘဝနှင့် သာသနာ့တာဝန်ကို ထမ်းရွက်ခဲ့သည်မှာ ယခုတိုင်ဖြစ်၏။ ကျွန်တော့် အဖေကား အသက်သုံးဆယ်မပြည့်မီမှာပင် လူဝတ်ကြောင်ဘဝနှင့် ဥပစ္ဆေဒကကံဖြင့် ကွယ်လွန်ခဲ့ရ၏။ သို့ရာတွင် ငယ်စဉ်က ဆရာတော်နှင့် အလွန်ချစ်ခင်ရင်းနှီးလှသည်ဟု ဆရာတော်က အမိန့်ရှိဖူး၏။





ကျွန်တော့်ကိုလည်း–

"ငါ့သူငယ်ချင်းသိန်းမောင်ရဲ့သားလေး" ဟုဆိုကာ ချစ်ရှာ၏။ တက္ကသိုလ်တက်တော့ နှစ်နှစ်သုံးနှစ်ခန့် ဘုန်းကြီးကျောင်းသွားတိုင်း ကျောင်းစရိတ် တစ်ရာမျိုး နှစ်ရာမျိုး ထောက်ပံ့ခဲ့ဖူး၏။

ယခုအခါတွင်တော့ ဆရာတော်အား ကျွန်တော်ကပြန်ပြီး လှူနိုင်တာ လှူရမည့်အချိန် ပြန်ဖြစ်နေပါပြီ။

ကွယ်လွန်သူ အရီးဒေါ်သန်းအားရည်မှန်းပြီး ငွေငါးထောင် ရေစက်ချ လှူဒါန်းခဲ့ပါသည်။

"အရီးဒေါ်သန်းအတွက်ပါ ဘုရား၊ ဆရာတော် သင့်တော်ရာ စီမံပေးပါ"

ဆရာတော်က အလှူငွေအား မထိမကိုင်ပါ။ ဝိနည်းတော် အရသာ ဆောင်ရွက်ပါ၏။

"အေး– ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနဲ့ ဆရာမိဘကို ရိုသေတော့ ဘုန်းကြီးသက်ရှည်ပေါ့၊ ဒီကုသိုလ်ကြောင့် ငါ့တပည့် ကောင်းကျိုးလိုရာဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်ပါစေ"

ဆရာတော်၏ ဆုပေးမှုကိုခံယူပြီး ကန်တော့၍ ပါဠိပိဋက ကျောင်းမှ ထွက်ခဲ့၏။ ကျောင်းမှာ ကမ္မဋ္ဌာန်းကျောင်း ဖြစ်နေပါပြီ။ ဆရာတော်ကား ကိုးကျမ်းအောင် စာတတ်ပေတတ် ရဟန်းတော်ပါး ဖြစ်သော်လည်း ယခုအခါတွင်မူ ကမ္မဋ္ဌာနစရိယ ဖြစ်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင်ကား မြို့တွင်းရောက်၏။ ဈေးအနီး၌ ကားရပ်ပြီး နေ့လယ်စာစားရင်း အခြေအနေကြည့်မိ၏။ ဈေးပတ်ဝန်းကျင်ကား ပြောင်းလဲနေပါပြီ။ လမ်းများ ပိုကောင်းနေ၏။ နာရီစင်တစ်ခု အသစ်လုပ်ထားသည်ကို တွေ့ရ၏။ အချို့အိမ်များ တိုက်သစ်များ ဖြစ်နေပြီ။ ထမင်းစားပြီးတော့ အထက်တန်းကျောင်းကြီးဘက် ထွက်ခဲ့၏။ ကျောင်းကြီးကတော့ မပြောင်းလဲပါ။ အရင်အတိုင်းပါပဲ ထို့နောက် ကျွန်တော်နောက်ဆုံးနေခဲ့သည့် အောင်သုခရပ်ကွက်ကလေးကို သွားသည်။ ကျွန်တော့်အိမ်ကလေးအား အလွမ်းပြေဝင်ကြည့်သည်။ သူ့အရိပ်အောက်မှာ ထိုင်ရင်းစာကျက်ခဲ့ရသည့် တမာပင်ကြီးကို ကြည့်သည်။ တမာပင်ကြီး မရှိရှာတော့ပါ။ နောက်အိမ်ရှင်က အိမ်သစ်ဆောက်ရာ မလွတ်၍ ခုတ်ပစ်လိုက်သည်ဟု ဆို၏။ လွမ်းမိပါသည်။ ကျွန်တော်ဆိုသည့်ကောင်ကလည်း တက္ကသိုလ်တုန်းက ပထမဆုံးဝတ်ခဲ့တဲ့ တက်ထရွန်အင်္ကျီလေးနှစ်ထည်တောင် အလွန်အစွဲအလမ်းကြီးစွာ သိမ်းထားခဲ့ဖူးရာ ယခုတမာပင်ကြီးကိုတော့ ဆိုဖွယ်ရာမရှိတော့ပါ။

ထို့နောက် အိမ်နီးချင်းဒေါ်ညိုမြအား ဝင်နှုတ်ဆက်၏။

"အောင်မယ်လေး၊ မောင်သောင်းဝေရယ်၊ ဟိုတုန်းက ခမျိုးခယိုင်နဲ့ စစ်ထဲလိုက်သွားလိုက်တာ အခုတော့လည်း တကယ့်စစ်သားကြီးပါပဲလားဟဲ့၊ မင်းညီ မောင်မျိုးမြင့်လည်း မင်းလိုပဲ ဗိုလ်မှူးဖြစ်နေပါပြီတော်"

ဒေါ်ညိုမြက ဝမ်းပန်းတသာဖြင့် ကျွန်တော့်ကို အားပါးတရဖက်ယမ်းပြောဆို၏။ ငယ်စဉ်က ဒေါ်ညိုမြက ကျွန်တော့် အောင်သွယ်တော်ကြီး။ ဟိုဘက်အိမ်က ကျွန်တော့်ကလေးမကို တစ်ခုခုပြောလိုက—

"ကူညီပါဦး၊ ဒေါ်ညိုမြရယ်" ဟု အသနားခံရ၏။ သူမကလည်း ကူညီ၏။ သမီးရည်းစားဖြစ်ပြီးသည်အထိ ကူညီခဲ့ပါသည်။ ဖူးစာမပါ၍ လွဲခဲ့ရတာကတော့ တစ်မျိုးပေါ့ခင်ဗျာ။



မောင်မျိုးမြင့်မှာ သူ့မသားအကြီးဆုံး။ မျိုးမြင့်၊ မျိုးတင့်၊ ဖိုးစိန်ဆိုသူများကား သူမသားများ ကျွန်တော်နှင့် ဘောလုံးကန်ဖက်များ။ မျိုးမြင့်က ဆယ်တန်းဖြေပြီး စစ်ထဲလိုက်သွားရာ တပ်ထဲရောက်မှ ဆယ်တန်းအောင်ပြီး ဗိုလ်ဖြစ်သွား၏။ ယခု ဤစာရေးနေချိန်မှာတော့ နယ်စပ်စည်ပင်တွင် တာဝန်ထမ်းဆောင်ရင်း မန္တလေးတိုင်းမှာလိုလို ကြားပါသည်။ လူချင်းမတွေ့ကြတာ ကြာပါပြီ။

အောင်သုခကွက်သစ်က ပြန်တော့ သိမ်ကျောင်းနားမှရှိသည့် ဒေါ်လေးမဆယ်ကို ဝင်နှုတ်ဆက်ရ၏။ လေးဆယ်ကျော်မှ ကံပေါ်သည့် ကျွန်တော့်အဒေါ်က သူ့ယောကျ်ားကိုဘိုနှင့် မိတ်ဆက်ပေး၏။

"ကြားဖူးတယ်ဗျာ၊ ခင်ဗျားဒေါ်လေးက ခင်ဗျားအကြောင်းတောခဏ ပြောတာဗျ"

ကိုဘိုကား ကုန်သည်မို့ လည်လည်ဝယ်ဝယ်ရှိ၏။ အညာသားများ ထုံးစံအတိုင်း အသားကခပ်ညိုညိုပြင်၊ အသက်ကမူ ငါးဆယ်ကျော်ခြောက်ဆယ်ခန့်။

ဒေါ်လေးမဆယ်ကလည်း ကျွန်တော့်အောင်သွယ်ပါပဲ။ ထို့ကြောင့် ရေးဟောင်းနှောင်းဖြစ်များ စကားလက်ဆုံပြောမကုန်ပါ။ သို့ရာတွင် ကန့်ဘလူမြို့နယ်ထဲအထိ ပြန်ရမည်ဖြစ်သဖြင့် နေ့လယ်တစ်နာရီ ထိုးပြီးသည်နှင့် ရွေဦးမှပြန်ထွက်ခဲ့၏။ မြို့ကိုတော့ တစ်ပတ်ပတ်ပြီး ကြည့်ဖြစ်အောင် ကြည့်ခဲ့ပါသေးသည်။ ယခင်ကထက်တော့ အတော်တိုးတက်မှု ရှိပါ၏။ လုံးဝဥဿုံ ပြောင်းလဲတာတော့ မဟုတ်ပါ။ အချို့သော အသစ်အသစ်များကိုကား မြင်တွေ့နေရပါသည်။ လူတွေကတော့ အိုကြ၊ ဟောင်းကြ၊ သေကြပါပြီ။ ကျွန်တော် ကျောင်းသားဘဝကမြို့ပေါ်မှ နာမည်ထင်ရှားသူ လူကြီး အတော်များများကား ကွယ်လွန်သွားကြပါပြီ။ ကျွန်တော့်အသက် ၂၀ ခန့်က သူတို့က ငါးဆယ်၊ ခြောက်ဆယ်၊ အခု ကျွန်တော်ပင်လျှင် ငါးဆယ်နားကပ်နေရာ သူတို့သေမည်ဆိုကသေတန်လောက်ပါပြီ၊ ဒါကလည်း သဘာဝပဲ မဟုတ်ပါလားခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com



သီတင်းကျွတ်ပြီး၍ မူးမြစ်ကို ယာယီဝါးတံတားအသစ်မှ ဖြတ်ကူးနိုင်ခဲ့ပါသည်။ သိပ်မကြာလိုက်ပါ။ ညနေသုံးနာရီတွင် ခင်ဦးသို့ ရောက်၏။ ခင်ဦးမှ မဟာဗျူဟာလမ်းဆုံသို့ မိနစ်အနည်းငယ်မောင်းပြီး ပြန်ခဲ့ရာ ညနေငါးနာရီခန့်တွင် စံပယ်နံ့သာမှာရှိသည့် ကျွန်တော့်ဘိုထဲ အသစ်ကလေးသို့ ပြန်ရောက်ပါတော့သည်။

၁၉၇၇ ကတည်းက မရောက်ခဲ့သည့် ရွေဦးကို အနှစ် ၂၀ နီးပါးအကြာ ပထမဆုံးအကြိမ် ပြန်ရောက်ရာ အားလုံးက လွမ်းစရာ တွေပါ။ ကျွန်တော့်အတွက် အတိတ်ကိုမှန်းဆ၍ လွမ်းရပါသည် ခင်ဗျား။

❦

## ကျွန်တော်နှင့် တန့်ဆည်သားများ

ကျွန်တော်သည် ရွေဦးသားဆိုသော်လည်း ရွေဦးမြောက်ဘက် ဆယ်မိုင်မျှသာဝေးသည့် တန့်ဆည်မြို့လေးသို့ ငယ်စဉ်က မရောက်ခဲ့ဘူး ပါ။ သို့ရာတွင် ကျွန်တော့်၌ တန့်ဆည်သားမိတ်ဆွေအမြောက်အမြား ရှိ၏။ ငယ်သူငယ်ချင်းများလည်း ပါဝင်သည်။ ကျွန်တော်နှင့် လေးတန်း စကောလားရှစ်အတူအောင်ခဲ့သော မောင်နီ(ခ) သောင်းညွန့်သည် တန့်ဆည်မျိုးဆက်ဖြစ်၏။ သူ၏အဖေ ဆရာကြီးပျို့သည် ကျွန်တော့် ဆရာ ဖြစ်ခဲ့ဖူးသည်။

ကျွန်တော်တက္ကသိုလ်တက်တော့ ရန်ကုန်ကြည့်မြင်တိုင် ကျောင်းတိုက်ကြီး ရွှေလှိုင်အုတ်ကျောင်းတွင် တစ်နှစ်ခန့်နေခဲ့ရသည်။ ကျွန်တော့်အရင် တန့်ဆည်ကြောင်ဆင်းအိုင်မှ ကိုမိုးရည်ရှိနှင့်၏။ သူသည် စာအလွန်တော်၏။ တန့်ဆည်သားထဲ၌ လူသိများသူဖြစ်၏။

တန့်ဆည်သားထဲ၌ အခြားလူသိများ ကျော်ကြားသူမှာ ကွယ်လွန်သူ ဗိုလ်ချုပ်သီဟသူရစစ်မောင်ဖြစ်သည်။ တန့်ဆည်သားထဲ၌ အကျော်ကြားဆုံးဟု ဆိုနိုင်၏။ တပ်မတော်တွင် ကျွန်တော်နှင့် မအေ မနှောင်း အရာရှိဖြစ်လာသူ ဖြစ်သည်။ သူ့ကို ၁၉၈၈–နှစ်စအထိ





ကျွန်တော် မမြင်ဘူးခဲ့။ ကကကျင့် တွဲဖက်ဘဝနှင့် မော်ဘီသွားနေရမှ သူနှင့် သိကျွမ်းရသည်။ သိကြတော့လည်း တန့်ဆည်မရောက်ဘူးသည့် ကျွန်တော်က သူ့အား ခပ်ကြွားကြွားဖြင့် ရွှေဘိုမြောက်လက်ရွေး သားဖြစ်ကြောင်း ပြောလိုက်မိ၏။ သူ တန့်ဆည်သားမှန်းသိမှ လေကို လျှော့လိုက်ရသည်။

သူ့ဇာတိ တန့်ဆည်ကို ကျွန်တော်ဗျူဟာမှူးဖြစ်မှ ရောက်ဖူးပါ တော့သည်။ တန့်ဆည်ရောက်တော့ သူ့ကိုသတိရမိ၏။ ကျွန်တော် နယ်ဘက် ရောက်ပြီးသည့်အခါ သူနှင့်အကြိမ်ကြိမ် ပြန်တွေ့၏။ ထိုအချိန်၌ သူသည် တပ်မတော်၌ တိုင်းမှူးတာဝန် ထမ်းဆောင်နေပါပြီ။

၂၀၀၁ ခုနှစ်၊ ရဟတ်ယာဉ်ပျက်၍ သူကွယ်လွန်သွားတော့ သူ့အကြောင်းအား သတိတရဖြင့် ကျွန်တော်စာတစ်ပုဒ် ရေးဖြစ်ပါသည်။ ထိုဝတ္ထုလေးအား ကျွန်တော်၏ စစ်သွေးမဂ္ဂဇင်း၌ အမှတ်တရထည့်သွင်း ဖော်ပြခဲ့သည်။ ယခုလည်း ကျွန်တော်၏ အတွေးပုံရိပ်အတိတ်ဟိုဆီ၌ သူ့အကြောင်းရေးထားသည့် ကျွန်တော့်ဝတ္ထုလေးအား ပြန်လည် ဖော်ပြအပ်ပါသည် ခင်ဗျား။

❦

## ဆေးစက်ထောင် တစ်ကောင်ကွာဖော့

သူကွယ်လွန်သွားခဲ့သည်မှာ သက္ကရာဇ် ၂၀၀၁ ခုနှစ်စက ဆိုတော့ ဘာလိုလိုနဲ့ ငါးနှစ်နီးပါးပင် ရှိခဲ့ချေပြီ။ သို့ရာတွင် သူ့အား ခဲ့ဘော်ရဲဘက် များက ဘယ်တော့မှ မမေ့ကြ။ ရင်းနီးဖော်ရွေပြီး ဟိတ်ဟန်မရှိသည့် သူ၏နွေးထွေးသော ဆက်ဆံရေးကို သူနှင့်တွေ့ဖူးသူ တိုင်းက အမှတ်တရ ပြောတတ်ကြ၏။

ကျွန်တော်နှင့် သူ စ,တွေ့ဆုံပုံကလည်း ထိုနည်းနှင်နှင်ပေး

❦



www.burmeseclassic.com

www.burmeseclassic.com



၁၉၈၈-ခုနှစ်၊ နှစ်ဆန်းတွင် ကျွန်တော်သည် အောင်လံတပ်တွင် ဒုတိယတပ်ရင်းမှူးတာဝန် ထမ်းဆောင်နေရာမှ ရန်ကုန်စစ်ရုံးသို့ တွဲဖက်ရန် အမိန့်ထွက်လာ၏။ မိခင်တပ်ရင်းမှ မည်သည့်နေရာမှ တွဲဖက်မသွားလိုပါ။ တွဲဖက်နေရသည်မှာ ကိုယ့်မူရင်းအဖွဲ့အစည်းမဟုတ်သည့် တပ်သို့သွားရသဖြင့် မိခင်တပ်ရင်းလိုတော့ အစစအရာရာ ချောချောမွေ့မွေ့ မရှိတတ်ပါချေ။ ဒုတိယတပ်ရင်းမှူး မဖြစ်မီ အရာရှိငယ်ဘဝကတည်းက တွဲဖက်နှစ်ကြိမ် သုံးကြိမ်ခန့် အခြားတပ်များတွင် နေခဲ့ဖူးပါသည်၊ နောက်ဆုံးတော့ ကိုယ့်မိခင်တပ်ကိုယ် မရအရ ပြန်ပြေးခဲ့ရသည်သာ

ယခုလည်း လာပြန်ပါပြီ၊ တွဲဖက်တဲ့၊ ဒါပေမယ့် ဒီတွဲဖက်ကတော့ ငြိမ်း၍ရမည် မဟုတ်။ စစ်ရုံးတွဲဖက်ဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာန လေ့ကျင့်ရေး ညွှန်ကြားရေးမှူးရုံးသို့ တွဲရမည်ဖြစ်၏။ ရှေ့တန်းတွင် အလွန်ပျော်နေ၍ ကျွန်တော်က မသွားလိုပါ။ ဤကိစ္စကို တပ်ရင်းမှူးကြီးနှင့် စကားစပ်မိကြရာ တပ်ရင်းမှူးကြီးက—

''ဟ စစ်ရုံးကခေါ်တာ မင်း မသွားလို့ ဘယ်ရမလဲ၊ သွားသာသွားပါကွာ''

ဟု ပြောလေတော့သည်။

ဤသို့ဖြင့် ၁၉၈၈-ခု၊ ဖေဖော်ဝါရီလတွင် ကျွန်တော်သည် ရန်ကုန်စစ်ရုံးသို့ ရောက်ရှိသတင်းပို့ရတော့၏။ ကကထူးတွင် ဆရာသမားဟောင်း ဗိုလ်မှူးကြီးအောင်လွင်နှင့်တွေ့ရာ—

''မောင်ရင့်ကို လူကြီးတွေတင်ပြပြီး ကိုယ်ခေါ်လိုက်တာကွ မောင်ရင်က ဥစတ (Grading) ကောင်းတယ်။ တပ်ရင်းမှူးဖြစ် ခန့်ဖို့လည်းဝေးသေးတော့ နားနားနေနေ စာရေးစာဖတ်နဲ့ ကကကျင့်မှာ အေးအေးဆေးဆေး လေ့လာခွင့်ရအောင် လုပ်ပေးလိုက်တာပါ။ အဆင်ပြေရင်လည်း နိုင်ငံခြားသင်တန်းတက်ခွင့်ရမယ်''

ဟု ဆီးပြောပါတော့သည်။ ဆရာသမားများက ကောင်းမယ်ထင်လို့ ဆောင်ရွက်လိုက်သည်ကို ဘာမှပြောစရာမရှိပါ။





''ကဲ – ကကကျင့်က ဗိုလ်မှူးကြီး မြတ်သင်းသွားသတင်းပို့ဦး၊ ဘာလုပ်ရမယ်ဆိုတာ သူပြောပါလိမ့်မယ်''

ကကကျင့်ကို သွားပြေးပါသည်၊ ဗိုလ်မှူးကြီးမြတ်သင်းနှင့်တွေ့တော့—

''မောင်ရင့်ကို ဥစတ (Grading) ကောင်းလို့ ခေါ်လိုက်တာကွ၊ တာဝန်ကတော့ တပ်မတော် သင်တန်းကျောင်းကြီးတွေက သင်ခန်းစာအဟောင်းတွေ အသစ်ပြန်ရေးဖို့ပဲ၊ အဟောင်းတွေက ကြာပြီလေ။ တို့ ၁၉၅၀ ပတ်ဝန်းကျင်လောက်ကတောင် ပါနေတယ်။ ခေတ်မမီတော့ဘူး၊ ဒါကြောင့် ခေတ်နဲ့လျော်ညီတဲ့ သင်ခန်းစာတွေ ပြန်ရေးဖို့ (Grouping) တစ်ခု စုဖွဲ့ထားတယ်။ မောင်ရင်အပါအဝင်ပေါ့ကွာ၊ မောင်ရင်က တိုက်ခိုက်ရေးကျောင်းက လာတာဆိုတော့ တိုက်ခိုက်ရေးကျောင်းဆိုင်ရင့်နောင် ခြေလျင်ဌာနခွဲက သင်ခန်းစာတွေ အဓိကပြုစုပေးပါ''

ဟု မှာကြားပါသည်။ အထူးအထွေ ဘာမှပြန်မပြောမိပါ။

''နက်ဖြန် ဗိုလ်သင်တန်းကျောင်းသွားလိုက်ပါ၊ ဟိုမှာ ဒုတိယဗိုလ်မှူးကြီးလှသိန်းနဲ့ မောင်ရင်တို့ (Grouping) အဖွဲ့ရှိတယ်။ လေးငါးခြောက်ယောက်ပဲ မောင်ရင်သိပြီးသားတွေ ဖြစ်မှာပါ။ ရိပ်သာတစ်ခု စီစဉ်ပေးထားတယ်။ မောင်ရင်လည်း လူစုံရင် ပျော်သွားမှာပါ''

ဗိုလ်မှူးကြီးမြတ်သင်းက အာဝဇ္ဇန်းကောင်းကောင်းနှင့် ပြောဆိုက်ရာ ဘာပြန်ပြောရမှန်းပင် မသိတော့ပါ။ ကျွန်တော့်အရင် ရောက်နှင့်နေသူများကို မေးမိရာ ကျွန်တော့်မိတ်ဟောင်းဆွေဟောင်းအဖြစ် ဗိုလ်မှူးခင်မောင်ဝင်းနှင့် ဗိုလ်မှူးကိုကိုထွေးတို့နှစ်ဦးသာ ပါ၏။ အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး လှသိန်းကိုမူ ကျွန်တော် ဂျီတူးဘဝက ကျိုင်းတုံဒေသတွင် တစ်ကြိမ်နှစ်ကြိမ် ဆုံခဲ့ဖူးသည်။ သိပ်တော့ မရင်းနှီးပါ။ သို့ရာတွင် စစ်သားတွေပဲလေ၊ အလုပ်အတူလုပ်ရင် ခင်မင်သွားမှာပေါ့ဟု တွေးကာ ဗိုလ်မှူးကြီးမြတ်သင်းက မှာကြားသမျှအား လိုက်နာဆောင်ရွက်ပါမည်ဟု အာမခံချက်ပေးခဲ့လိုက်ပါသည်ခင်ဗျား။

✿



www.burmeseclassic.com

နောက်တစ်နေ့ နေ့လယ်တွင် တစ်ညတည်းခိုခဲ့ရာ မင်္ဂလာ တောင်ညွန့်ရှိ အမေ့အိမ်လေးမှ မော်ဘီဗိုလ်သင်တန်းကျောင်းသို့ ကား ငှားပြီး ထွက်ခဲ့၏။ ညနေတွင် ဗိုလ်သင်တန်းကျောင်းရိပ်သာအနီး ကျွန်တော်တို့ တွဲဖက်အရာရှိများထားသည့် အိမ်ကြီးသို့ ရောက်ရှိသွားသည် အဆင်သင့်ပင် အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး လှသိန်းကိုတွေ့ရာ–

''အစ်ကို ကျွန်တော်ရောက်ပါပြီခင်ဗျာ'' ဟု သတင်းပို့၍ ပါလာ သည့် အာမီရမ်ငါးပုလင်းကိုပါ အပ်နှံလိုက်၏။ ထိုအခါ ဒုတိယ ဗိုလ်မှူးကြီးလှသိန်းကပြုံးပြီး–

''ဟာ အတော်ပဲဟေ့၊ တို့အဖွဲ့ ရိက္ခာပြတ်နေတာနဲ့'' ဟုဆိုကာ ကျွန်တော်အပ်နှံလိုက်သည့် ရမ်ငါးပုလင်းအား ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်သည်။ ကျွန်တော့်တွင် အာမီရမ်သာမက အောင်လံ ပဲကြွမ်းကြော်များ၊ နမ်းဆီပုလင်းများ၊ ကြက်သွန်နီများပါ ပါလာသော သဖြင့် အတူလိုက်ပါလာသော အကူရဲဘော်လေးအား ယနေ့ညနေတွင် ထုံးစံအတိုင်း ပြင်ဆင်ပေးရန် ပြောလိုက်၏။ သူက ကျွန်တော့်အတွက် ဒါမျိုးလုပ်ပေးနေကျ။

ညနေ ၆ နာရီခန့်တွင် ကျွန်တော်နှင့် ဒုတိယဗိုလ်မှူးကြီး လှသိန်း တို့သည် ရမ်ပုလင်းကိုဖွင့်၍ ပဲကြွမ်းကြော်သုပ်နှင့် အလုပ်စ ထိုင်လိုက်ကြ၏။ ထိုအချိန်တွင် အသားညိုညို၊ ခပ်ပိန်ပိန်၊ စွပ်ကျယ် ချိုင်းပြတ်နှင့် အသက် ၄၀ နီးပါးဟု ခန့်မှန်းရသူတစ်ယောက်သည် ဆေးပေါလိပ် တစ်လိပ်အား ပါးစပ်မှကိုက်၍ ဧည့်ခန်းထဲသို့ ဝင်လာ၏ ထိုအခါ ဒုတိယဗိုလ်မှူးကြီးလှသိန်းမှ–

''ဟေ့ ကိုစစ်မောင်၊ လာထိုင် အတော်ပဲ၊ ဒါ ကိုယ်တို့အဖွဲ့ နောက်ရောက်လာတဲ့ ကိုသက်ဦး''

ဟု မိတ်ဆက်ပေး၏။

ထိုအခါ ထိုဆေးပေါ့လိပ်နှင့်ပုဂ္ဂိုလ်က ပြုံး၍ခေါင်းညိတ်လိုက် ၏။ ထို့နောက် ကျွန်တော်တို့သုံးဦးသား စစ်မတ်ခွက်စိမ်းကိုယ်စီဖြင့် အာမီရမ်ကို ရေနှစ်ဆရောပြီး၊ ပြိုင်တူမော့ချလိုက်၏။ ဆီရွှဲနေသည့် ပဲကြွမ်းကြော်သုပ်ကလေးကိုလည်း တစ်ဖွန်းစီ ဝါးလိုက်သည်။ သုံးလေး ခါဝါးစား၍ အာမီရမ်သုံးလေးကျိုက် သုံးဆောင်ပြီးသည့်အခါသမယ တွင်မူ အာသွက်လျှာသွက်ဖြင့် ကျွန်တော်တို့သုံးဦးလုံး အာသွက်ခရေညာ လာ၏။ ထိုအခါ စောစောက မပွင့်တပွင့်လေးသာပြုံးလိုက်သည့် ကိုစစ်မောင်က အားပါးတရပြုံးလိုက်ပြီး–

''အစ်ကိုက ဘယ်ဇာတိလဲ'' ဟု မေးပါတော့သည်။

ကျွန်တော်က ရွှေဘိုနယ်သားဖြစ်ကြောင်း အလွန်ပြောချင်သူ ဖြစ်၏။ ထို့ကြောင့် မဆိုင်းမတွပင်–

''ရွှေဘိုမြောက်လက် မူးမြစ်အနောက်ဘက်ကမ်းက ရေဦးသား သား ကိုစစ်မောင်ကရော''

ကိုယ့်ဇာတိကို မသိမှာစိုး၍ ပိုပိုသာသာ ပြောလိုက်မိ၏။

''ကျွန်တော်က တန့်ဆည်က''

''ဟိုက်၊ ဒါဆို ကိုယ့်ညီက တန့်ဆည်သားပေါ့''

''ဟုတ်တယ်၊ တန့်ဆည်သားပဲ''

တန့်ဆည်နှင့်ရေဦးမှာ မဝေးလှပါ။ (၁၀) မိုင်သာသာသာ ရှိ၏။ တန့်ဆည်က ရေဦးမြောက်ဘက်ရောက်ပါသည်။ ထို့ကြောင့် ရေဦးနှင့် စာသော် ပို၍ခေါင်သည်ဟုပင် ဆိုနိုင်၏။ ကျွန်တော်သည် ကိုစစ်မောင် တန့်ဆည်သားမှန်းမသိ။ စစ်တက္ကသိုလ်အပတ်စဉ် (၁၂) ဟု သိထားသည်။ ထို့ကြောင့် ကိုယ်တောသားမှန်းသိအောင် ခပ်ကြွား ကြွား ပြောလိုက်ရာ သူက ကိုယ့်ထက်ပင် ချောင်ကျသောနေရာက နေသဖြင့် တောသားဖြစ်ကြောင်း ကြွားသည့်လေကို လျှော့လိုက်ရ၏။

ကိုစစ်မောင်ကား တပ်မတော်တွင် သူရနှင့်သီဟသူရစွမ်းရည် နှစ်ခု ရထားသူဖြစ်သော်လည်း ထိုနေ့က စကားဝိုင်းတွင် စစ်ပွဲတိုက် သည့်အကြောင်း တစ်လုံးတစ်ပါဒမှ မပြောဘဲ စနေနေ့တိုင်း သူ မော်ဘီ တွင် ဘတ်စ်ကားများ တိုးစီးရသည့်ခရီးစဉ်အကြောင်း ကကကျင့်







www.burmeseclassic.com

www.burmeseclassic.com



ဂျီဝမ်းကြီးဒုတိယဗိုလ်မှူးကြီးမြတ်သင်းနှင့် ဆွေးနွေးငြင်းခုံရသည့် အကြောင်း၊ မော်ဘီလေတပ်ဂေါက်ကွင်းတွင် ဂေါက်ရိုက်ရသည်မှာ ငယ်စဉ်ကကျည်းသားရိုက်ခဲ့ရသည်ထက် များစွာပို၍ခက်ကြောင်း စသည် များကိုသာ ခပ်တည်တည်ဖြင့် ဟာသနှော၍ ပြောသွားပါတော့သည်။

နောက်ဆုံးစကားပိုင်းသိမ်းတော့–

"ကဲ အစ်ကိုနဲ့ ကျွန်တော် တစ်နယ်တည်းသားနော်၊ ရွှေဘိုသား တွေပဲ" ဟု ဟိတ်ဟန်မရှိဘဲ၊ ဖြူဖွေးသောသွားများပေါ်အောင် အားပါး တရပြုံးပြီး ကျွန်တော့်လက်ကို ဆုပ်ကိုင်၍ပြောလိုက်ရာ ထိုနေ့မှစပြီး သူနှင့်ကျွန်တော် အထူးခင်မင်သွားခဲ့ပါသည်။

ဤသည်မှာ ၂၀၀၁ ခုနှစ်က ရဟတ်ယာဉ်ပျက်ကျကာ ကွယ်လွန်သွားခဲ့သည့် ဗိုလ်ချုပ်သူရသီဟသူရ စစ်မောင်နှင့် ကျွန်တော် တို့တစ်တွေ တွေ့ဆုံခဲ့ပုံပါခင်ဗျာ။

မော်ဘီတွင် နှစ်လခန့်ကြာခဲ့၏။ ထိုစဉ်က ကျွန်တော်တို့ အနေတူ နေခဲ့ကြသူများမှာ အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး လှသိန်း၊ ဗိုလ်မှူးသူရသီဟသူရစစ်မောင်၊ ဗိုလ်မှူးအောင်ကြည်၊ ဗိုလ်မှူး မင်းလှအောင်၊ ဗိုလ်မှူးခင်မောင်ဝင်း၊ ဗိုလ်မှူးကိုကိုထွေးနှင့် စာရေးသူ ကျွန်တော်တို့ဖြစ်၏။ ထိုအထဲတွင် ကျွန်တော်၊ ကိုခင်မောင် ဝင်းနှင့် ကိုကိုထွေးတို့မှာ နိုင်ငံခြားမရောက်ဘူးပါ။ ဒုတိယဗိုလ်မှူးကြီး လှသိန်း အမေရိကန်နိုင်ငံ၊ ဖို့ပင်ဝပ်သ်မှ (CGSC Command and General Staff College) သင်တန်း တက်သူများဖြစ်ပါသည်။ ကျွန် ကိုစစ်မောင်နှင့် အုပ်စုကလည်း အမေရိကန် နိုင်ငံ ဖို့ဘင်းနင်းမှ (IOAC Intantry Officer Advanced Course) တက်ခဲ့ကြသူများ ဖြစ်သည် အားလုံး အမေရိကန် ပြန်များပေါ့ခင်ဗျာ။





ကျွန်တော်တို့ ခုနစ်ယောက်သည် နေ့စဉ် ညေ့ခန်းတွင်းထိုင်ရင်း တိုက်ခိုက်ရေးကျောင်း၊ ဗိုလ်သင်တန်းကျောင်းနှင့် အခြားအခြားသော သင်တန်းကျောင်းများအတွက် ကောင်းနိုးရာရာ လေ့ကျင့်ခန်း အသစ်များအား ရေးသားပြုစုကြ၏။ နိုင်ငံခြားပြန်များက သူတို့၏ နိုင်ငံခြားအတွေ့အကြုံများအား ပြောပြကြ၏။ နိုင်ငံခြားမရောက်ဘူးသေး သည့် ကျွန်တော်တို့သုံးယောက်က နားထောင်ရ၏။ အဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်မှူးကြီးလှသိန်းမှာ ဟာသဉာဏ်ရွှင်၍ ထားဝယ်သံ၊ ဘိတ်သံ ဖြင့် အပြောကောင်းသူဖြစ်ရုံမက ပြောလည်း အလွန်ပြောနိုင်ရာ ကျွန်တော်တို့မှာ မပျင်းရဘဲ တဝါးဝါးတဟားဟားနှင့် ပွဲကျနေကြ၏။ ထိုအချိန်များတွင် ကိုစစ်မောင်က ငြိမ်နေတတ်သည်။ ဘာမှလည်း ပြောလေ့မရှိ။ ကျွန်တော်က ငြိမ်ပြီးစာရေးနေသည့် ကိုစစ်မောင်ကို ကြည့်ရင်း စွမ်းရည်ဘွဲ့နှစ်ခုရထားသည့် မတစ်ထောင်တစ်ကောင်ဘွား တိုယ့်တစ်နယ်သားကို ဂုဏ်ယူစွာဖြင့် အားလုံးရှေ့တွင် အောက်ပါ အတိုင်း မေးမိ၏။

"တိုက်တဲ့ခိုက်တဲ့စာတွေ ရေးနေရတော့ နောင်လာနောင်သား တွေ အတုယူရအောင် ကိုစစ်မောင် တိုက်ခဲ့ခိုက်ခဲ့၊ စွမ်းရည်ဘွဲ့ရခဲ့တဲ့ တိုက်ပွဲတွေအကြောင်း ပြောစမ်းပါဦး"

ကိုစစ်မောင်က ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး မပွင့်တပွင့် ပြုံးလိုက်သည်။ ထို့နောက်မှ –

"ဒီလိုပါပဲ အစ်ကိုရာ" ဟု လေပျော့ကလေးနှင့် ပြောတော့၏။

ကျွန်တော်မေးလိုက်တိုင်း သူက ဒီလိုပါပဲဟု ဖြေလေ့ရှိရာ နောင်အခါများတွင်တော့ မမေးဖြစ်တော့ဘဲ အခြားရောက်တတ်ရာရာ များကိုသာ ပြောဖြစ်ပါတော့သည်။

ကျွန်တော်မေးသည့်အခါတွင်သာ သူက အထက်ပါအတိုင်း ပြောသော်လည်း ကာကျင့်မှ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ဗိုလ်သင်တန်းကျောင်းသို့ ရောက်လာသည့် ဂျီဝမ်း ဒုတိယဗိုလ်မှူးကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုက်နှစ်ပြိုက် ရွာခဲ့သောမိုးကြောင့် အပူဒဏ်က သက်သာပြီ၊ သို့ရာတွင် ကျွန်တော့် ရင်ထဲမှအပူက မသက်သာပါ။ ထို့ကြောင့် လူက ငူငူငိုင်ငိုင် ဖြစ်နေ၏။

ရန်ကုန်ကလာသည့် ဇနီးသည်ကလည်း ရန်ကုန်မပြန်ပါ။ ကျွန်တော့်အား အနီးကပ်ပြုစုရင်း အရိပ်တကြည့်ကြည့်နှင့် ရှိ၏။ တပ်ပြန်ရောက်ခါစကလည်း ဝမ်းအကြိမ်သုံးဆယ်ခန့်သွားပြီး တပ်မဆေးရုံ ဗိုလ်မှူးသန်းထွန်း (ယခု ဗိုလ်မှူးကြီး) ဆေးအကုကောင်း၍ အသက်ချမ်းသာရာ ရသွား၏။ သို့မဟုတ်ပါက ဝမ်းနှင့်အတူ အသက်ပါ ပါသွားနိုင်၏။ အကုသိုလ်များက မစင်သေး၊ အသက်ကိုပါ ခလုတ်တိုက်ချင်သည့်ကိစ္စများက ရှိနေသေး၏။ လူကလည်း မလန်းဆန်း။ ဒီလို Feeling ခံစားမှုမျိုးကို ၁၉၇၈ ခုနှစ်၊ နောင်လိုင်–ပါဖန်တိုက်ပွဲအပြီးကလည်း ခံစားခဲ့ဖူး၏။ ယခုလည်း သောင်ရင်းမြစ်ကမ်းက အပြန် ထိုခံစားမှုမျိုးက ပေါ်လာပြန်၏။

ထို့ကြောင့် အနီးကပ်ဆုံး ဇနီးသည်ကို ထိုကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော့်စိတ်ကူးအား တိုင်ပင်ရတော့သည်။ အကုသိုလ်တွေ ကင်းစင်သွားအောင် အလှူအတန်းလေးတစ်ခုတော့ လုပ်မှရပါလိမ့်မည်။

"မေ ... ကိုယ်တော့ အကုသိုလ်တွေများနေတယ် ထင်တယ်၊ အလှူလေးတစ်ခု လုပ်လိုက်ချင်တယ်"

"ဘာအလှူလဲ ကို"

"ရှေ့တန်းမှာကျဆုံးခဲ့တဲ့ ရဲဘော်တွေအတွက် ငွေလေးနည်းနည်းလှူလိုက်ချင်တယ်"

"ဘယ်ကိုလှူချင်တာလဲ ကို"

"ကောင်းတာကတော့ ဆေးရုံတစ်ခုခုကို လှူချင်တယ်၊ ဘယ်ဆေးရုံလှူရင် ကောင်းမလဲ"

"ကိုက ငွေဘယ်လောက်လှူချင်တာလဲ"



"များများမတတ်နိုင်ဘူးကွာ၊ ကိုယ့်လခ တစ်လစာသာသာ လေးငါးထောင်လောက်ပေါ့"

(ထိုစဉ်က ကျွန်တော်၏ဗိုလ်မှူးကြီးလစာမှာ တစ်လ သုံးထောင်ကျော်သာ ဖြစ်ပါသည်)

"ဒါဆိုရင်လည်း ကိုရယ်၊ စစ်ကိုင်းတောင်ရိုးပေါ်က သံဃာ့ဆေးရုံ တစ်ခုခု လှူလိုက်ပါလား"

"စစ်ကိုင်းတောင်ရိုးပေါ်က သံဃာ့ဆေးရုံတစ်ခုခုဆိုတော့ တောင်ရိုးပေါ်မှာက ဆေးရုံဘယ်နှစ်ရုံ ရှိလို့လဲ"

"တောင်ရိုးအနောက်ဘက်မှာ ဦးဉာဏိဿရရဲ့ သီတဂူဆေးရုံနဲ့ အရှေ့ဘက်မှာ ဦးလက္ခဏာရဲ့ ဝါးချက်ဆေးရုံရှိတယ်"

"ဘယ်ဆေးရုံက လှူတဲ့သူများမယ် ထင်သလဲ"

"ဦးဉာဏိဿရက များမယ်ထင်တယ်"

"ကဲ. . . ဒါဆို ကိုယ်တို့ ဦးလက္ခဏာဆီ သွားကြရအောင်"

ဤသို့ဖြင့် မေလကုန် ဇွန်လဆန်းတွင် ကျွန်တော်တို့ဇနီးမောင်နှံနှင့် ကျွန်တော့်ဗျူဟာမှ ဗိုလ်မှူးမြသန်း၊ ဗိုလ်ကြီးအောင်မျိုးတို့ ဦးစီးအရာရှိနှစ်ဦး လိုက်ပါပြီး စစ်ကိုင်းတောင်ရိုး အရှေ့ခြမ်းမှ ကျစွာချောင်တွင် သီတင်းသုံးသည့် ဆရာတော်ဦးလက္ခဏာဆီသို့ ရောက်ပါတော့သည်။

ဆရာတော်ဦးလက္ခဏာမှာ ထိုစဉ်က သက်တော်ငါးဆယ်ကျော်ခြောက်ဆယ်နီးပါး ဖြစ်သော်လည်း အရွယ်အတော် တင်ပါသည်။ အေးချမ်းတည်ငြိမ်၍ စကားကိုညင်သာစွာပြော၏။

"တပည့်တော် စစ်ကိုင်းတပ်မက ဗျူဟာမှူးပါဘုရား၊ ရှေ့တန်းမှာ ကျဆုံးခဲ့တဲ့ ရဲဘော်တွေအတွက် ဆရာတော့်ဆေးရုံကို အလှူကလေးတစ်ခု လုပ်ချင်လို့ပါဘုရား"

ဆရာတော်က အလှူကိုလက်ခံပြီး ရေစက် ချပေး၏။ အမှျဝေပေး၏၊ လှူရခြင်း၏ အကျိုးတရားများကို ကျွန်တော်တို့ နားလည်အောင်

www.burmeseclassic.com

www.burmeseclassic.com



မြတ်သင်းကို မေးခွန်းများ ခဏခဏမေးတတ်၏။ ဒုတိယ ဗိုလ်မှူးကြီး မြတ်သင်းနှင့် ကာကျင့် ညွှန်ကြားရေးမှူး (DMT) ဗိုလ်မှူးချုပ် စိန်ရတို့သည် စနေနေ့ညနေ၌ ဗိုလ်သင်တန်းကျောင်းသို့ ရောက်လာ၍ ညအိပ်အခြေ ပြုသည်။ တနင်္ဂနွေနေ့တွင် ကျွန်တော်တို့ရေးသားထားသည့် ခံခွာတိုက်ချီ စစ်ကဏ္ဍကြီး (၄) ရပ်ဆိုင်ရာ သင်ခန်းစာများကို ကြည့်ရှုစစ်ဆေး အကဲဖြတ်ကြ၏။ ပြင်တန်သင့်သည်ကို ပြင်ပေး၏။ (DMT) ကြီးက ဘာမှသိပ်ပြောလေ့မရှိ။ ကျွန်တော်တို့နှင့် အဓိက ဒိုင်ခံဆွေးနွေးသူမှာ ဒုတိယဗိုလ်မှူးကြီး မြတ်သင်းသာဖြစ်သည်။ သူက နိုင်ငံခြားတွင် အကြိမ်ကြိမ် သင်တန်း တက်ဖူးသူဖြစ်သဖြင့် ဗဟုသုတ ပြည့်စုံလှ၏။ အပြောအဟောကလည်း ကောင်းပေသည်။

တစ်ရက်တွင် ခွာစစ်သင်ခန်းစာအား ဆွေးနွေးကြ၏။ ထိုအခါ ဗိုလ်မှူးစစ်မောင်က–

''ခွာစစ်မှာ ထိုးစစ်အပြုအမူရှိရမယ်လို့ ပြောပါတယ်။ အဲဒါကို ဘယ်လိုနားလည်ရမလဲ ဂျီဝမ်းကြီး''

ဟု ဒုတိယဗိုလ်မှူးကြီးမြတ်သင်းအား မေးတော့၏။

''ထိုးစစ်အပြုအမူရှိရမယ်ဆိုတာကတော့ ခွာစစ်မှာပါတဲ့ စစ်သည်တွေ တိုက်ချင်ခိုက်ချင်စိတ်ရှိနေရမယ်။ ပရမ်းပတာနဲ့ ဆုတ်ပြေးတာမျိုး မဖြစ်စေရဘူး။ ခွာတဲ့တပ်တွေ ဖားခုန်စနစ် ကျင့်သုံးရမယ်''

''ဖားခုန်စနစ်က ဘယ်လိုကျင့်သုံးရမှာလဲ''

''ဆုတ်သွားတဲ့ ပင်မတပ်အတွက် နောက်မှာ ကြားခံစစ် နေရာယူထားရမယ်။ အဲဒီတပ်က ဟန့်စစ်ဆင်ပေးရမယ်။ ဥပမာ ဆိုပါတော့ ဒုတိယကမ္ဘာစစ်က မြန်မာပြည်စစ်မြေပြင်မှာ အင်္ဂလိပ်တွေ ဆုတ်တော့ တောင်ငူနဲ့ ပြည်ကတပ်တွေဆုတ်နိုင်အောင် ပျဉ်းမနားနဲ့ တောင်တွင်းကြီးမှာ ရှေ့ကတပ်က ခံစစ်ယူပေးထားတယ်။ ဖားခုန်ပေါ့၊ ပင်မတပ်တွေ အဲဒီနေရာရောက်လာတော့ ရှေ့တပ်က ခံစစ်ယူထားတယ်။ တစ်ခါ မိတ္ထီလာကို ပင်မတပ်တွေ ဖြတ်တဲ့အခါမှာ ကျောက်ဆည်မှာ ဖားခုန်ခုန်ပြီး ခံစစ်ယူထား





ပြန်ရော၊ ဆုတ်လာတဲ့ပင်မတပ်တွေ ဧရာဝတီမြစ်ပေါ်က အင်းဝတံတားကြီးကို ဖြတ်ပြီးမှ ကျောက်ဆည်ကတပ်တွေ ဆုတ်တယ်၊ တပ်တွေအားလုံး ဧရာဝတီ အနောက်ဘက်ကမ်းရောက်တော့ အုန်းတောမှာ သံချပ်ကာတပ်တွေက ဖားခုန်နေရာယူထားတယ်။ တပ်တွေအားလုံး ရှေ့ဦး ကလေးဝကားလမ်း အတိုင်း အိန္ဒိယဘက်ကို ဆုတ်ခွာကြတယ်။ ဝီလျံစလင်းရေးတဲ့ (Defeatinto Victory) ထဲမှာပါတယ်။ မောင်ရင် ဖတ်ကြည့်လေ၊ တွေ့မှာပါ''

ဗိုလ်မှူးစစ်မောင်က သိပ်ဘဝင်ကျပုံမရ၊ မပွင့်တပွင့်လေးသာ ပြုံးနေသည်။

"ဘယ်လိုလဲ ကိုစစ်မောင်၊ ကိုယ်ပြောတာ မောင်ရင် မရှင်းဘူးလား"

ကိုစစ်မောင်က ဘာမှပြန်မပြော။ အထက်ပါအတိုင်း ကျွန်တော်တို့အဖွဲ့နှင့် ဂျီဝမ်းကြီးတို့တွေ့ဆုံပွဲ၌ ဂျီဝမ်းကြီး ကျွန်တော်တို့အား ခဏခဏ မေးခွန်းများမေးတတ်သည်၊ သို့ရာတွင် ကိုစစ်မောင်က လက်ဦးမှုယူပြီး ဂျီဝမ်းကြီးအား မေးခွန်းများအရင်မေးတတ်ရာ ဂျီဝမ်းကြီးက သူ့ကို ပြန်ရှင်းပြနေရသဖြင့် အချိန်ကုန်သွားတတ်၏။ ကျွန်တော်တို့ကိုမေးဖို့ အချိန်မရ ဖြစ်သွားတတ်သည်၊ ထို့ကြောင့် ကျွန်တော်တို့ကလည်း ဗိုလ်မှူးစစ်မောင်မှ ဂျီဝမ်းကြီးကို မေးခွန်းများ မေးသည်အား သဘောကျကြ၏။ မေးမေးအောင် မသိမသာလည်း မြှောက်ပေး၏။ ဒါမှ အချိန်မြန်မြန်ကုန်မည်ဖြစ်သည်။ (DMT) ကြီးနှင့် ဂျီဝမ်းကြီးတို့က တနင်္ဂနွေနေ့ညယ်တွင် မော်ဘီမှ ရန်ကုန်သို့ ပြန်လည်ထွက်ခွာသွားလေ့ ရှိကြ၏။

ထိုရောအခါ ကျွန်တော်တို့အဖွဲ့သားများ အလှည့်လှည့် အိတ်ကိုယ်စီဖြင့် ရန်ကုန်သို့ ပြန်ကြ၏။ ရန်ကုန်တွင် မိသားစုများ ခေါ်ထားကြ၏။ ကျွန်တော်သာ မိသားစုကို အောင်လံမှာ ထားခဲ့သဖြင့် မော်ဘီတွင်တစ်ယောက်တည်းနေရ၏။ မော်ဘီအဆောင်စောင့်က ကျွန်တော်။

ထိုကဲ့သို့သော တနင်္ဂနွေတစ်ရက်တွင် ကိုစစ်မောင်က ရန်ကုန်ပြန်ရန် အပြင်ထွက်လာရာ ဘေးလွယ်အိတ်အနီတစ်လုံးကိုလွယ်ပြီး ဘေးပေါ့လိပ်ကို ပါးစပ်မှကိုက်ထား၏။ ထိုအခါ ကျွန်တော်က–



www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်၊ ခေါက်ပြန်ရထားက လျက်ဆားသည်ကြီးပါလားဟေ့"

ဟု လွှတ်ခနဲ ပြောလိုက်မိသည်။

ကျွန်တော်တို့ ရွှေဘိုတက်ကသူများသည် မန္တလေး-နဘားလော်ကယ် ရထားကို ခေါက်ပြန်ဟုခေါ်၏။ ထိုရထားက လော်ကယ်ရထားမို့ ဘူတာတိုင်းရပ်၏။ ထို့ကြောင့် ထိုရထားကို ရွှေဘိုနယ်သားများက အလုအယက်စီးကြ၏။ ထိုရထားပေါ်တွင် စာအုပ်ရောင်းသူ၊ ပရုတ်ဆီ ရောင်းသူ ဘီးမှန်ရောင်းသူ၊ လျက်ဆားရောင်းသူ၊ ယုတ်စွအဆုံး နွေတွင် ထန်းရည်ရောင်းသူကအစရှိသည်။ သို့ရာတွင် နွေ မိုး ဆောင်းဥတု သုံးပါးလုံး အရောင်းမှန်သူများကား လျက်ဆားသည်များသာတည်း။

သူတို့ကို ခေါက်ပြန်ရထားက လျက်ဆားရောင်းသူများဟု ခေါ်၏။ သူတို့သည် ဇာတ်မင်းသားလေဖြင့် ဈေးရောင်းကောင်းသူများဖြစ်ကြသည်။ ကိုစစ်မောင်က တန့်ဆည်သားမို့ ဖီးကုန်းဘူတာနှင့်မဝေးလှသဖြင့် ခေါက်ပြန်ရထားကို သိပါသည်။ ထိုနေ့က ကျွန်တော်သည် သူ၏ညိုသော အသားရောင်တွင် နီသောအိတ်ကို လွယ်ထားသည်အား မြင်သည်နှင့်-

"မီးရထားနဲ့ ခရီးသွားကြတဲ့ လုပ်သားပြည်သူများခင်ဗျား သီတာဝင်းလျက်ဆား တကယ်ကောင်းပါတယ်။ ဆယ်ပြားဖိုးနဲ့ တကယ် အားကိုးလောက်ပါတယ်။ နေကြည့်စားရင် မေဆွိနဲ့တောင် မှားနိုင်ပါတယ်။ နွေခင်းကြောင်တောင်စားရင် မေဝင်းမောင်နဲ့တောင် မှားနိုင်ပါတယ်။ တော်တော်လေးများစားရင် မော်တော်ဈေးများသွားသလို ဖွတ်ဖွတ် ဖွတ်ဖွတ်နဲ့"

ဟု မိုးနတ်သူဇာအငြိမ့်မှ လူရွှင်တော်လေဖြင့် လျက်ဆားရောင်းဟန် စလိုက်ရာ ကိုစစ်မောင်က-

"အစ်ကိုကတော့ လုပ်ပြီ" ဟု မပွင့်တပွင့်ပြောတော့၏။

ဤသို့ဖြင့် ရင်းရင်းနှီးနှီးစလိုက်ပြုလိုက်နေလာကြပြီး ၁၉[illegible] ခု၊ မတ်လအကုန်တွင် တပ်ပြောင်းမိန့်များထွက်လာရာ ကျွန်တော်တို့တွဲ ဖက်အသီးသီးမှာ သက်ဆိုင်ရာတပ်များသို့ ပြန်လည်ထွက်ခွာသွားကြ





ရ၏။ မော်ဘီဗိုလ်သင်တန်းကျောင်း၌ ကျွန်တော်၊ ဗိုလ်မှူးခင်မောင်ဝင်း နှင့် ဗိုလ်မှူးကိုကိုထွေးတို့ သုံးဦးသာ ကျန်ပါတော့သည်။

ကိုစစ်မောင်ကလည်း ခွဲခွာသွားချိန်ထိ သူ စွမ်းရည်ဘွဲ့ရခဲ့သည့် တိုက်ပွဲများအကြောင်း တစ်ခွန်းတစ်ပါဒမျှပြောမသွားခဲ့ပါခင်ဗျာ။

✿

စွမ်းရည်ဘွဲ့ရသည်ကို သူက ပြောမသွားသော်လည်း ကျွန်တော် က စိတ်ဝင်စား၍ ဟိုဟိုသည်သည် လိုက်မေးရ၏။ ပထမတစ်ပွဲမှာ အောက်ပါအတိုင်းဖြစ်သည်ဆို၏။

အချိန်က ၁၉၇၂ ခု၊ ဩဂုတ်လဆန်း(၁)ရက်နေ့ဖြစ်သည်။ ဗိုလ်စစ်မောင်တို့တပ်ရင်းက ရန်ကုန် မန္တလေးမီးရထားလမ်းမကြီးပေါ်ရှိ [illegible]နှင့်ဖေယျာဝတီကြား ရထားလုံခြုံရေးတာဝန်ကျသည်။ ဗိုလ်စစ်မောင် က အေပီတီခေါ် (Armoured Patrol Train) စစ်ရထားဖြင့် တပ်စုတစ်စု နှင့်အတူ စာပို့ရထားကြီးရှေ့က လုံခြုံရေးလိုက်ရ၏။

ထိုအချိန်တွင် ပဲခူးရိုးမ၌ ကျက်စားနေသော ဗမာပြည် ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်ဇင်နှင့် အတွင်းရေးမှူးသခင်ချစ်တို့က သူတို့၏ ခါးပိုက်ဆောင်တပ်၊ တိုက်တိုင်းအောင် (၄) ကို ဖွဲ့စည်းပြီးခါစ ဖြစ်သည်။ တိုက်တိုင်းအောင် (၄) အတွက် တိုက်ကွင်းတိုက်ကွက်နှင့် အောင်ပွဲကို ရှာဖွေနေကြ၏။ ပထမတိုက်ပွဲအနေဖြင့် တိုက်တိုင်းအောင် (၄) သည် အုတ်တွင်းတပ်ရင်းမှ တပ်စုတစ်စုအား အုတ်တွင်းမြို့နယ်၊ [illegible]န်းချောင်း အနီးတွင် ချုံခိုတိုက်ရာ ထိုတပ်စုမှ ရှပ်ရှပ်ချုံချုံပြန်တိုက်ရာ တိုက်တိုင်းအောင်တပ်မှူးဗိုလ်ထွန်းတင် ကျဆုံးသွား၏။ ဗိုလ်ထွန်းတင်မှာ တောင်ငူခရိုင်ကော်မတီဥက္ကဋ္ဌဖြစ်၏။ ထို့ကြောင့် တောင်ငူခရိုင်တပ်နှင့် ကော်မတီကို စိတ်ဓာတ်မြှင့်တင်ရန် ဇင်ချစ်တို့က တိုက်တိုင်းအောင်၏ တပ်မှူးအဖြစ် သူတို့၏စံပြကေဒါ အောင်သိန်းလွင်ခေါ် ဗိုလ်[illegible]အား [illegible]ချယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်သိန်းလွင်ခေါ်၊ ဗိုလ်တင့်ဆန်းခေါ်၊ ဗိုလ်ဟန်ထွန်းခေါ် ဗိုလ်လွင်သည် ဗကပ ဗဟိုကော်မတီဝင် ဗိုလ်ရန်အောင်၏ ယောက်ဖ တောခိုတက္ကသိုလ်ကျောင်းသား အောင်သိန်းနိုင်ခေါ် ရဲဘော်တင်ဟန်၏ ဦးလေးဖြစ်သည်။ သူသည် ဗဟိုကော်မတီဝင် ရဲဘော်ဘတင်၊ ရဲဘော်မြွေ နှင့် မိမိယောက်ဖအရင်းဗိုလ်ရန်အောင်၊ တူအရင်း အောင်သိန်းနိုင် ဆရာရင်းဗိုလ်ထွန်းငြိမ်းနှင့် တောခိုတက္ကသိုလ် ကျောင်းသားများအား သတ်ဖြတ်ရာတွင် အတက်ကြွဆုံးအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ထို့ကြောင့် ဖင်ချစ်တို့က ဗိုလ်လွင်အား စံပြကေဒါအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်၏။

ဗိုလ်လွင်ခေါင်းဆောင်သော တိုက်တိုင်းအောင်(၄)သည် ဖင်ချစ် တို့၏ အမိန့်အရ ဗိုလ်စစ်မောင်ခေါင်းဆောင်သော အေပီတီ ရွေ့ပြောင်း အစောင့်စစ်ရထားအား ဖြူးနှင့်ဓေယျဝတီကြား၌ ဩဂုတ်လ (၁) ရက်နေ့ တွင် ဆီးကြို တိုက်ခိုက်တော့၏။ ဗိုလ်စစ်မောင်ခေါင်းဆောင်သည့် အစောင့်လိုက်တပ်ဖွဲ့က စွမ်းစွမ်းတမံပြန်တိုက်သည်။ တိုက်တိုင်းအောင် တပ်မှူးဗိုလ်လွင်က စစ်ရထားပေါ် အမိအရတက်ပြီး ကာဘိုင်ဖြင့် တရကြမ်းပစ်သည်။ ဗိုလ်စစ်မောင်ကလည်း ကာဘိုင်ဖြင့် တရကြမ်း ပြန်ပစ်သည်။ နှစ်ဦးချင်းရင်ဆိုင်တွေ့၍ သူပစ်ကိုယ်ပစ် ပစ်ကြသည်တဲ့ ဆို၏။ လက်မြန်သော ပို၍ထက်မြက်သွက်လက်သော ဗိုလ်စစ်မောင် လက်ချက်ဖြင့် ဗိုလ်လွင်ဒဏ်ရာရကာ စစ်ရထားမှ ဆင်းပြေးရသည်။ ခေါင်းဆောင်ဆင်းပြေးသည်နှင့် လူတစ်ရာခန့်ပါသော တိုက်တိုင်းအောင် (၄) သည် ကစဥ့်ကလျားဖြင့် ဦးတည့်ရာသို့ ပြေးလွှားကြတော့၏။

ဗိုလ်လွင်မှာ ဗိုလ်စစ်မောင်ပစ်လိုက်သော သေနတ်ဒဏ်ရာဖြင့် ကျဆုံးသွားတော့၏။ ဤတိုက်ပွဲတွင် ဗိုလ်စစ်မောင်တို့တပ်ဖွဲ့က တိုက်တိုင်းအောင် (၄)၊ တပ်မှူးဗိုလ်လွင်ကို အသေရမိခဲ့လေသည်။

ဗိုလ်လွင်ကျဆုံးသွားခြင်းအတွက် ဖင်ချစ်တို့က မကျေနပ်။ ထို့ကြောင့် သိပ်မကြာသောအချိန်တွင် တိုက်တိုင်းအောင်(၄)အား ဒုတိယ အကြိမ် အေပီတီ ရွေ့ပြောင်းစစ်ရထားအား ဓေယျဝတီနှင့် လင်းယောခင်



www.burmeseclassic.com



ကြား၌ ထပ်မံစီးနင်းတိုက်ခိုက်စေ၏။ ဤတိုက်ပွဲတွင်လည်း တိုက်တိုင်းအောင်(၄) တပ်မှူး ဉာဏ်ထွေးကျဆုံးပြန်၏။ ဉာဏ်ထွေးက ဇင်ချစ်တို့၏ အကာလ ဗဟိုမှ အလွန်အားကိုးရသည့် မိုက်မိုက်ကန်းကန်း လုပ်ရဲသူဖြစ်သည်။ ဗဟို၏ အလံနီသူရဲကောင်းဘွဲ့ရထားသည့်သူလည်း ဖြစ်၏။ ထိုတိုက်တိုင်းအောင်တပ်မှူးများ ကျဆုံးသွားအောင် တိုက်နိုင်ခဲ့သဖြင့် ဗိုလ်စစမောင်အား စွမ်းရည်ဘွဲ့တင်ပေးခဲ့ရာ သူရဘွဲ့ ရခဲ့သည်ဟု သိရပါသည်။

သီဟသူရဘွဲ့ရသည့် တိုက်ပွဲကိုမူကား ကျွန်တော်မသိပါ။ ဘာပဲဖြစ်ဖြစ် ထိုစဉ်က ပဲခူးရိုးမတွင် အလွန်စွာသော ဗကပတို့၏ တိုက်တိုင်းအောင် (၄) တပ်ဖွဲ့ကို ဦးကျိုးအောင်နှိမ်နင်းပြီး ထိပ်သီးတပ်မှူးများအား ခိုနှိမ်ခြေလိုက်နိုင်သည့် ဗိုလ်မှူးစစ်မောင်ကို "**မှတစ်ထောင်တစ်ကောင်သွား**" ဟုသာ ကျွန်တော်ချီးကျူးလိုက်ပါရစေခင်ဗျာ။

✿

၁၉၈၈တွင် ခွဲခွာသွားကြပြီးနောက် ကျွန်တော်တို့အားလုံး တစ်ယောက်တစ်နေရာ ရောက်သွားကြ၏။ ဘာဝန်တွေလည်း တစ်ဆင့်ပြီးတစ်ဆင့် တက်သွားကြ၏။ ဗိုလ်မှူးစစ်မောင်က ဒုတိယတပ်ရင်းမှူးမှ တပ်ရင်းမှူး၊ နည်းဗျူဟာမှူး၊ တပ်မမှူး၊ တိုင်းမှူးသို့တိုင် ရောက်ရှိသွားတော့၏။ ကျွန်တော်က နည်းဗျူဟာမှူးတာဝန်မှ ၁၉၉၅ ခုနှစ်တွင် နယ်ဘက်သို့ ပြောင်းရ၏။ ၁၉၉၉ တွင် ကိုစစ်မောင်သည် တိုင်းမှူးတာဝန် ဗိုလ်ချုပ်အဆင့်ဖြင့် မြို့တော်စိုက်ကွင်းသို့ ရောက်လာသည်။ သူချင်းတွေ့လျှင် တွေ့ချင်း ၁၉၈၈ ခုနှစ်က မှော်ဘီတွင် စဆုံကြသလို ကျွန်တော့်လက်အား ဆုပ်ကိုင်ပြီး–

"ကျွန်တော်တို့ ရွှေဘိုနယ်သားတွေနော် အစ်ကို" ဟု နွေးထွေးစွာ နှုတ်ဆက်၏။

တိုင်းမှူးဖြစ်သွားသော်လည်း ရှေးယခင်ကအတိုင်း ဆော်ဆံရေးသုံးဝပြောင်းလဲမသွား၊ ဟိုစဉ်ကလို ယဉ်ကျေးနေဆဲ။ သူ့ကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



မှုဒိတာပွားမိ၏။ ရုပ်ရည်မှာ အရင်ကလို မပိန်တော့ဘဲ ပြည့်ပြည့်ဖြိုးဖြိုး ဖြစ်လာ၍ ပိုကြည့်ကောင်းလာသည်။

ပြန်ခါနီး၌ ''ကျွန်တော့်ဆီ လာလည်ဦးနော်အစ်ကို'' ဟု ဖိတ်သွားပါသေးသည်။

''ကြိုးစားပါ့မယ်'' ဟု ပြန်ဖြေလိုက်ရသည်။

သိပ်မကြာပါ။

၂၀၀၁ ခုနှစ်စ ဆောင်းနှောင်း၏ နေ့တစ်နေ့။

''အတွင်းရေးမှူး (၂) နဲ့အဖွဲ့ သံလွင်မြစ်ထဲမှာ ရဟတ်ယာဉ် ပျက်ကျသွားသတဲ့။ ဗိုလ်ချုပ်စစ်မောင်ပါ, ပါသွားသတဲ့''

ထိုသတင်းဆိုးကြီးကို ကြားရတော့သည်။ အလွန်ထိတ်လန့် တုန်လှုပ်သွား၏။ သူ့အတွက် ဂုဏ်ယူလို့မှ မဆုံးသေးဘူး။ ကွယ်လွန် သွားပြီတဲ့လား။

မဟုတ်ပါစေနဲ့လို့ ဆုတောင်းရင်း ရက်ပေါင်းများစွာ ထိုသတင်း ကို နားစွင့်နေမိ၏။

ဒါပေမယ့် သတင်းကား သေချာသွားပါပြီ။ အမှန်တကယ်ပင် ဗိုလ်ချုပ်သူရသီဟသူရစစ်မောင် ကွယ်လွန်သွားခဲ့ပါပြီ။

သူကွယ်လွန်သွားပေမယ့် ကျွန်တော်ကတော့ တစ်နယ်တည်း သား သူ့အတွက် ထာဝရ ဂုဏ်ယူရင်း ''မတစ်ထောင် တစ်ကောင်ဘွား ဟော့'' ဟု သူ့ကိုယ်စား အမြဲကြွေးကြော်နေမည်သာ ဖြစ်ပါသတည်း။

၂၀၀၅ ခု၊ ဒီဇင်ဘာလထုတ် စစ်သွေးမဂ္ဂဇင်းမှ ကူးယူဖော်ပြ သည်။

၈-၇-၂၀၀၅

ဖ ဖ ဖ



## အခန်း(၆)

## ဝင်လယ်ဘူးသို့ လျှပ်တစ်ပြက် ခရီးတစ်ခေါက်

ကျွန်တော်တို့ ရွှေဘိုခရိုင်သားများကို ကျေးဇူးအထူးပြုနေသည့် မူးမြစ်၏ မြစ်ဖျားခံရာဒေသသည်ကား ကသာခရိုင်၏အနောက်ခြမ်း ဝင်လယ်ဘူးဒေသပင်တည်း။

မူးမြစ်ကိုအလွန်သံယောဇဉ်ကြီးသော်လည်း ထိုဒေသသို့ ဘော်တော်နှင့် ကျွန်တော်မရောက်ဖြစ်ပါ။ သွားစရာအကြောင်းကလည်း မရှိပါ။ ဝန်ထမ်းဆိုသည်မှာ ကျရာမှာတာဝန်ထမ်းဆောင်ရပါသည်။ သွားချင်ရာသွား၍ရသည်မဟုတ်ပါ။ သို့ရာတွင် အခွင့်ကြုံလျှင်ဖြင့် ဝင်လယ်ဘူးကိုတော့ ရောက်ဖူးချင်၏။

အဘယ့်ကြောင့်ဆိုသော် စစ်ကျောင်းနည်းပြဆရာ အဖြစ်ဖြင့် စစ်စာပေများလေ့လာရသည်တွင် ဒုတိယကမ္ဘာစစ်က အင်္ဂလိပ်တပ် များနှင့် ဂျပန်တပ်များသည် ရောဝတီနှင့် ချင်းတွင်းမြစ်ကြား၌ စစ်ပွဲများ ကြိမ်ဖန်များစွာ တိုက်သွားသည်ကို ဖတ်ရှုရ၏။ နာမည်ကျော် ဝင်းဂိတ် ၏ ချင်းဒစ် Chindit ခေါ် ခြသေ့်တပ်ဖွဲ့များ၏ မူးမြစ်ဖျားဒေသ ထိုးစစ်ဆင်မှုများ၊ ဂျပန်တို့၏ အင်ဖာကိုဟီးမားတိုက်ပွဲများ၊ အင်္ဂလိပ်တို့၏ ပြန်လှန် ထိုးစစ်ဆင်မှုများ၊ အိန္ဒိယပြည်လီဒိုမှ မြန်မာနိုင်ငံ မိုးကောင်း မြစ်ကြီးနားသို့ ဆင်းလာသည့် မဟာမိတ်တို့၏ Convoy ယာဉ်တန်းများ သည် စသည် ဖြစ်စဉ်များတို့သည် ရောဝတီနှင့် ချင်းတွင်းကြား



www.burmeseclassic.com

www.burmeseclassic.com



မူးမြစ်ဝှမ်းဒေသများနှင့် ဆက်စပ်အကျုံးဝင်နေ၏။ မူးမြစ်ဝှမ်းမှာရှိသည့် ပယ်လယ်ဘူးမြို့ကလေးသည် ထိုစဉ်အခါက စစ်လမ်းကြောင်းကျခဲ့၏။ ထို့ကြောင့် ရှားရှားပါးပါး ထိုပင်လယ်ဘူးမြို့ကလေးကို အခွင့်ကြုံ လျှင်ဖြင့် ရောက်ဖူးချင်ပါသည်။

ပင်လယ်ဘူးနှင့်ပတ်သက်ပြီး တင်ပြရန် တစ်ခုကျန်ပါသေးသည်။

✍

## ပင်လယ်ဘူးသို့ ဗကပတို့ ထိုးဖောက်ခဲ့စဉ်က

၁၉၈၁–ခုနှစ်၊ ကျွန်တော် တိုက်ခိုက်ရေးကျောင်းက ပြောင်းရွှေ့ နီးတွင် ဗကပ မြောက်ပိုင်းဗျူရိုမှ ဦးစီးဆောင်ရွက်သည့် ဗကပတိုင်း (၁) သို့မဟုတ် မြစ်ဖျားဒေသတိုင်း ပြန်လည်ဖွင့်လှစ်ရေး စီမံချက်နှင့် ပတ်သက်ပြီး ကျောင်းသို့ပေးပို့သည့် အောက်ပါဖြစ်စဉ်များကို ဖတ်လိုက် ရသည်။

၁၉၈၁–ခုနှစ်စတွင် ဗကပဗဟို ပေါလစ်ဗျူရိုဝင်နှင့် ဗဟို စစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ရဲဘော်အောင်ခေါ် အသားမည်းမျိုးမြင့်သည် ၎င်း၏ မြောက်ပိုင်းဗျူရို ကွပ်ကဲမှုဖြင့် လူ ၂၀၀ ခန့်ပါဝင်သော တပ်ရင်း ၁၈၀ ကို ဖွဲ့စည်းခဲ့သည်။ တပ်ဖွဲ့စည်းမှုကို မျိုးမြင့်ကိုယ်တိုင် အနီးကပ် ကြီးကြပ်ခဲ့သည်။ ထိုတပ်၏ တပ်ရင်းပါတီကော်မတီများမှာ ဗိုလ်ကျော်မိုး ရဲဘော်ယုအောင်၊ ရဲဘော်အောင်နိုင်တို့ဖြစ်၏။ ထိုတပ်ဖွဲ့ကို သာမန် လက်နက်ငယ်များသာမက ၅၇ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်များနှင့် ၆၀ မီလီမီတာ စိန်ပြောင်းများ၊ ဘဇူကာများကိုပါ တပ်ဆင်ပေးသည့်အပြင် ဆက်သွယ်ရေးစက်ကြီးများနှင့် ကြားဖြတ်စက်များပါပါ၏။ ထို စစ်ကြောင်း၏တာဝန်မှာ ကသာခရိုင် အနောက်ခြမ်းရှိ ဗကပ မြစ်ဖျား ဒေသတိုင်းအား ပြန်လည်အသက်သွင်းရန်နှင့် အခြေခံစခန်းများ တည်ဆောက်ရန်ဖြစ်၏။



ဦးတည်ဝင်ရောက်ရမည့် နေရာများမှာ ချင်းတွင်းနှင့် ဧရာဝတီ ကြားရှိ –

(က) ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊

(ခ) ဗန်းမောက်မြို့နယ်၊ ပင်လယ်ဘူးမြို့နယ်တို့ဖြစ်၏။

မြောက်ပိုင်းဗျူရိုသည် ရင်း ၁၈၀ အား လူ၊ လက်နက်ပြည့်စုံစွာ ဖွဲ့စည်းတပ်ဆင်ပေးပြီး ၁၉၈၁–ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် အခြေပြုမုန်းကိုးမှ မြစ်ဖျားဒေသသို့ စေလွှတ်လိုက်၏။ မစေလွှတ်မီ အင်အားထပ်မံဖြည့်တင်းပေးခဲ့ရာ ထိုစစ်ကြောင်း၌ တပ်ထွက်ချိန်တွင် လူနှစ်ရာကျော် ပါဝင်လေသည်။

ရင်း ၁၈၀ သည် မုန်းကိုးမှထွက်ပြီး ရက်အနည်းငယ်အတွင်းမှာပင် ကွတ်ခိုင်–မူဆယ်ကားလမ်းအား ဖြတ်ကျော်ပြီး ရွှေလီချိုင့်ဝှမ်းသို့ ဝင်ရောက်နိုင်ခဲ့၏။ တရွေ့ရွေ့ဖြင့် အနောက်မြောက်သို့ ဆက်တက်ခဲ့ရာ မတ်လအကုန်တွင် ရွှေဘို–မြစ်ကြီးနားကားလမ်းကို ဖြတ်ကျော်၍ မိုးညှင်းအနောက်ခြမ်းကို ရောက်ရှိခဲ့လေသည်။ ရွှေလီချိုင့်ဝှမ်းမှ မိုးညှင်း မြို့နယ်ရောက်သည့်အထိ ဗကပများအား ကေအိုင်အေတို့မှ ကူညီခဲ့ကြ သည်။ ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအား ရှောင်ကွင်းနိုင်ခဲ့ကြ ၏။ မိုးညှင်းမှ တောင်ဘက်သို့ဆင်းရာ၌ ကေအိုင်အေတို့ လိုက်ပါမလာ ကြတော့။ ရင်း ၁၈၀ ၏ နိုင်ငံရေးမှူး ကျော်မိုး၊ တပ်မှူး ယုအောင်နှင့် ဒုတိယတပ်မှူး စိုင်းငင်းတို့သည် ရှေးယခင်ကတည်းက ဤဒေသများသို့ ရောက်ဖူးပြီးသား ဖြစ်ကြသည်။ ထို့ကြောင့် ကေအိုင်အေ အကူအညီ မလိုတော့ပါ။ မြစ်ဖျားတိုင်းကို သူတို့ဟာသူတို့ တည်ဆောက်သွားပါမည်။ အရေးကြီးသည်မှာ ဗန်းမောက်ပင်လယ်ဘူးဒေသသို့ အမြန်ရောက်ရေး သာဖြစ်၏။

ဧပြီ ဒုတိယပတ်တွင် မူးမြစ်ဖျားမှ တောင်ဘက် ဗန်းမောက် ပင်လယ်ဘူးဒေသသို့ ဆင်းသက်စဉ် တပ်မတော်စစ်ကြောင်းများနှင့် ထိတွေ့ တိုက်ပွဲဖြစ်ပွားလေတော့သည်။ တိုက်ပွဲများကြောင့် အစုများ

www.burmeseclassic.com

www.burmeseclassic.com



ကွဲသွားကြ၏။ ထိုဒေသရှိ တောတောင်များ၌ လှည့်လည်ခိုအောင်းနေကြ ရာမှ မကြာခဏ တပ်မတော်စစ်ကြောင်းများ၏ ရှာဖွေချေမှုန်းတိုက်ခိုက် ခံကြရ၏။ ၁၉၈၁–ခု၊ ဇူလိုင်လတွင် ထိုစစ်ကြောင်း၏ တပ်မှူး ယုအောင် ကျဆုံးသွားသည်။ မကြာမီမှာပင် နိုင်ငံရေးမှူး ဗိုလ်ကျော်မိုးပါ ကျဆုံးသွား တော့၏။ ဒုတိယတပ်မှူး စိုင်းငင်းကား မူးမြစ်ဖျားမှ တောင်ဘက်အဆင် တိုက်ပွဲများဖြစ်၍ လူကွဲသွားကတည်းက မုန်းကိုးသို့ ပြန်တက်ပြေး သွား၏။ သူနှင့် လူသုံးဆယ်ကျော် ပြန်ပါသွားသည်။ ကျော်မိုးနှင့် ယုအောင်က နှစ်ဖွဲ့ခွဲကာ ပင်လယ်ဘူးနှင့် ဝန်းသိုမြို့နယ်အတွင်း လှုပ်ရှား နေစဉ် နှစ်ဦးစလုံး တပ်မတော်၏လက်ချက်ဖြင့် ကျဆုံးသွားရ၏။ ခေါင်းဆောင်နှစ်ဦး ကျဆုံးသွားသောအခါ မြောက်ပိုင်းဗျူရို၏ မြစ်ဖျား တိုင်း ပြန်လည်အသက်သွင်းရေး စီမံကိန်းကြီး လုံးဝပျက်သုဉ်းသွား တော့၏။ အားလုံးနီးပါးလည်း တပ်မတော်၏ ချေမှုန်းခြင်းကို ခံရ၏။ အစုကွဲ၍ မုန်းကိုးပြန်ပြေးသည့် စိုင်းငင်းအဖွဲ့သာ အပြေးကောင်း၍ လွတ်မြောက်သွားသည်။

ဖြစ်စဉ်တွင် ဗကပမြောက်ပိုင်းဗျူရို၏ ရင်း ၁၈၀ မှ နိုင်ငံရေးမှူး နှင့် တပ်မှူးအပါအဝင် ၅၈ ယောက် ကျဆုံးခဲ့ပြီး ၁၆ ယောက် အဖမ်းခံခဲ့ ရသည်။ လက်နက်စုံ ၇၃ လက် ဆုံးရှုံးသွားခဲ့ပြီး ရင်း ၁၈၀ တစ်ခုလုံး လည်း လုံးဝနီးပါး ပြုတ်ပြုတ်ပြုန်းသွားခဲ့၏။

ထိုစီမံကိန်းခေါင်းဆောင် ဗိုလ်ကျော်မိုးမှာ ဝါရင့်ကွန်မြူနစ်ကြီး တစ်ဦးဖြစ်သည်။ သူသည် ၁၉၄၄–ခုနှစ်ကပင် ဗမာပြည်ကွန်မြူနစ်ပါတီ ဝင် ဖြစ်ခဲ့သည်။ ဗမာပြည် ကွန်မြူနစ်ပါတီ၏ ဗိုလ်ဉာဏ်မောင် ဦးစီး သော လေတပ်မတော်ဖွဲ့ရာတွင် ဦးစွာပါဝင်ခဲ့သည်။ ၁၉၅၂–ခုနှစ် တွင် ဗိုလ်ရန်အောင်ဦးစီးသော ပြည်သူ့တပ်မကြီးရှိရာ ပျဉ်းမနားသို့ ရောက်ရှိပြီး စစ်ရေးတာဝန်များ စတင်ထမ်းဆောင်သည်။ ယင်း တစ်ဆင့် မြင်းခြံ၊ မိတ္ထီလာ၊ မန္တလေး မသုံးလုံးနယ်မြေ၌လည်းကောင်း ထို့နောက် ဗမာပြည်ကွန်မြူနစ်ပါတီ မြစ်ဖျားတိုင်း တိုင်းမှူး ဗိုလ်လှမော်





အတူ အနီးကပ်နေထိုင်ကာ တာဝန်ထမ်းဆောင်ခဲ့၏။ ထိုမှ ရာထူး တစ်ဆင့်ပြီး တစ်ဆင့်တက်ခဲ့၏။ ၁၉၆၁ တွင်မူ ကသာခရိုင် စစ်ရေး တာဝန်ခံဖြစ်လာ၏။ ပင်လယ်ဘူး၊ ဝန်းသို၊ အင်းတော်နယ်မြေတွင် အင်အား ၅၀ ခန့်နှင့် လှည့်လည်လှုပ်ရှားရာမှ ၁၉၆၆ ဇွန်လတွင် သိုမြို့နယ်၌ တပ်မတော်၏ဖမ်းဆီးခြင်းခံရ၍ ထောင်ဒဏ် ၁၀ နှစ် ခံခဲ့ရသည်။ ၁၉၇၂ တွင် ထောင်မှလွတ်ပြီး ၁၉၇၉ တွင် လည်တောခိုခဲ့သည်။ ၁၉၈၁ ၌ မြောက်ပိုင်းဗျူရိုတွင် ရဲဘော်အောင်၏ မြောက်မှုဖြင့် ရင်း ၁၈၀ နိုင်ငံရေးမှူးကြီး ဖြစ်လာခဲ့၏။ ဤဖြစ်စဉ်တွင် ဖျားတိုင်း ပြန်လည် တည်ဆောက်ရေးတာဝန်ခံကြီး ဗိုလ်ကျော်မိုး အောင်မြင့်သည် သူတို့အား ပြည်သူတွေက မျှော်နေကြပြီဟု ကြွေးကြော်ကာ ပင်လယ်ဘူးဒေသသို့ အတင်းတိုးဝင်သွားခြင်းဖြစ်၏။ ကျော်မိုး၏ဇနီးမှာ ပင်လယ်ဘူးသူ ဖြစ်သည်။ တိုက်ပွဲတွေ မိုးမွှန် ဖြစ်နေသော်လည်း မုန်းကိုးပြန်မတက်ဘဲ မိုက်ရူးရဲတစ်ဖွတ်ထိုးဖြင့် ဆွေမျိုးများရှိရာသို့ တိုးဝင်ကာ မှီခိုရန်ကြိုးစားရင်း ဝန်းသိုမြို့နယ်၌ ကွဲသို့ ကျဆုံးသွားခဲ့ခြင်း ဖြစ်လေသည်။

တပ်မှူး ယုအောင် (ခေါ်) အိုက်အောင် (ခေါ်) အောင်ခိုင်သည် သူမျိုးဖြစ်၏။ သူသည် မြစ်ဖျားတိုင်း လူဟောင်းဖြစ်၏။ ရဲဘော် မှ အလွန်အားထားသည်။ ၆၄ လမ်းစဉ်ကာလက မြစ်ဖျားတိုင်း ထုတ်သတ်နှင့် အာဏာနီတည်ဆောက်ရေး၌ တက်ကြွစွာ ပါဝင်ခဲ့ ဖြစ်၏။ ယခု အကြောင်းအမျိုးမျိုးဖြင့် နယ်စပ်ကို ရောက်လာသည်။ တ်အမျိုးသမီးနှင့် အိမ်ထောင်ကျသည်။ နယ်စပ်တွင် ကွန်မြူနစ် အတွင်း သပွတ်အူလိုက်နေသော ပျက်စီးမှုများကို သိရှိရှုရှာနေ၏။ ကြောင့် သူကလည်း သူ၏နေရာဟောင်း မြစ်ဖျားတိုင်းသို့ ချင်နေ၏၊ နယ်စပ်မှာ ကပ်မနေချင်။ သို့ဖြစ်၍ မြစ်ဖျားဒေသ ကိန်းတပ်မှူးတာဝန်ကို ယူခဲ့သည်။ စွန့်စွန့်စားစားဖြင့် မြစ်ဖျားတိုင်းသို့ ခဲ့၏။ ရောက်လေရာတွင် လူထုကို စည်းရုံးသည်။ ရှိမ်းချင်းတာ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ရှမ်းနီနှင့် ကတူးကနန်းများက ယုအောင်တို့ကို မယုံတော့ တပ်မတော်နှင့်လက်တွဲ၍ ပူးပေါင်းပိတ်ဆို့မှုများတွင် ပါဝင်ခဲ့၏။ တိုက်ပွဲ အကြိမ်ကြိမ်ဖြစ်၍ ယုအောင် ပြေးရသည်။ အတိုးကျန်ဖြစ်ရ၏။ ၁၉၈၁–ခုနှစ်၊ ဇူလိုင်ပထမအပတ်၌ ရွှေတွင်းရွာအနီး တပ်မတော်ကင်းပုန်းနှင့် တိုးရာ ယုအောင် ကျဆုံးခဲ့ရသည်။ ထိုဒေသကား ရှမ်းနီနှင့် ကတူးကနန်းတို့ အများအပြားနေထိုင်ကြသည့် ဒေသပင်ဖြစ်၏။

သူတို့သည် ဗုဒ္ဓဘာသာအား အလွန်လေးစား ကြည်ညိုကြသည်။

ကျွန်တော်သည် အထက်ပါ ဗကာပမြစ်ဖျားတိုင်း ချေမှုန်းခဲ့သည့် "နေမျိုးစည်သူ" စစ်ဆင်ရေး အစီရင်ခံစာနှင့် သုံးသပ်ချက်ကို သင်တန်းကျောင်း၌ ဖတ်ခဲ့ရ၏။ အလွန်လည်း စိတ်ဝင်စားမိ၏။ ထို့ကြောင့် စစ်သားတစ်ယောက်အနေဖြင့် နယ်မြေဒေသကို လေ့လာရင်း ထိုပင်လယ်ဘူးကိုတော့ တစ်ခါတစ်ခေါက် ရောက်ဖူးချင်ပါသည်။

ကျွန်တော့်ဆန္ဒ ပြည့်သွား၏။

၍

**ကျွန်တော်ရောက်ခဲ့သော ပင်လယ်ဘူး**

အချိန်ကား ၁၉၉၄–ခုနှစ်၊ ဧပြီလ ဒုတိယပတ်။ အတိအကျဆိုရပါက ဧပြီလ ၁၁ ရက်နေ့ ဝန်းသိုသို့ အဓိကပုဂ္ဂိုလ်ကြီးနှင့် နိုင်ငံတော်အဆင့် လူကြီးများ လာရောက်ပြီးစအချိန်။ ညနေသုံးနာရီခန့်။

နေရာကား ဝန်းသိုတပ်နယ် ညွှန့်ရိပ်သာ။

"အဘခင်ဗျာ၊ ကိစ္စဝိစ္စတွေတော့ ပြီးသွားပါပြီ။ ဝမ်းသာစရာပါပဲ။ အားလုံးအဆင်ပြေပါတယ်။ ကျွန်တော်တို့ ကုသိုလ်ပေါ့၊ အဘ ဘယ်တော့ပြန်မလဲ၊ နားမလား၊ ဒါမှမဟုတ် သွားချင်တာများ ရှိသေး





လား ခင်ဗျာ"

နယ်မြေခံတပ်ရင်းမှူးက မေးလာ၏။ သူပြောမှ သတိရသည်။ ပင်လယ်ဘူးသို့ သွားချင်နေ၏။

"နက်ဖြန် စောစောပြန်မယ်၊ ဒီနေ့ အချိန်ရသေးရင် အနောက်ဘက် ပင်လယ်ဘူး သွားချင်တယ်၊ နောက်တော့ ကြုံချင်မှလည်း ကြုံတော့မှာလေ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ လမ်းကောင်းပါတယ် ကျောက်ခင်းလမ်းပါ။ ရာသီဥတုကလည်း ကောင်းပါတယ်။ နေဝင်တာလည်း နောက်ကျပါတယ်။ နက်ဖြန် ဒီကစောစောပြန်မယ်ဆိုရင် ပင်လယ်ဘူး ဒီနေ့သွားကြတာပေါ့။ ကျွန်တော်တို့ ဟိုမှာ စက်နဲ့အပြင်စည်းတစ်ဖွဲ့ လွှတ်ထားပြီးသား ရှိပါတယ်၊ လှမ်းပြောလိုက်ပါ့မယ်"

ဤသို့ဖြင့် ဆိုင်းမဆင့်ဗုံမပါ ဝန်းသိုမှ ပင်လယ်ဘူးသို့ ချက်ချင်း ထွက်ဖြစ်ပါတော့သည်။

နယ်မြေအေးချမ်းသဖြင့် ကားတစ်စင်းဖြင့်သာ ထွက်ခဲ့ကြ၏။ ကားကို ခပ်မြန်မြန်ပင်မောင်းခဲ့ကြ၏။ ကားပေါ်တွင် ကျွန်တော်နှင့်အတူ တပ်ရင်းမှူး၊ ဒုတိယတပ်ရင်းမှူးနှင့် ဦးစီးအရာရှိနှစ်ဦး လိုက်ပါလာသည်။

"ဒီကနေ ဘယ်လောက်ဝေးသလဲ၊ ဘယ်လောက်မောင်းရသလဲ" ကျွန်တော်က မေးမိသည်။

"၃၈ မိုင်ပါ။ တစ်နာရီကျော်ကျော်လောက်ပဲ မောင်းရပါတယ်"

စထွက်ပြီးသိပ်မကြာမီမှာပင် ပေ ၃၀၀၀ ခန့်မြင့်သော တောင်ခါးပန်းကြီးအား ဖြတ်ကျော်ရ၏။

"ဒါ ဘာတောင်လဲ"

"မန်ကင်းတောင်ပါ၊ ၃၁၇၆ ပေမြင့်ပါတယ်"

မြေပုံကိုင်လာသည့် တပ်ရင်းထောက်လှမ်းရေး အရာရှိကလေးက ပြော၏။ မန်ကင်းတောင်ကား တောင်ခိုးတောင်ငွေ့များဖြင့် ကျွန်တော်တို့ကို ကြိုဆိုနေ၏။ မိုးတစ်ပြိုက်နှစ်ပြိုက်ရွာပြီးဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



တောတောင်များက စိမ်းစိမ်းစိုစိုဖြင့် ရွှန်းလဲ့တောက်ပြောင်နေ၏။ လမ်းတစ်လျှောက် ပန်းရနံ့များက သင်းပျံ့နေ၏။ ဖြူဖြူနီနီ ပြာပြာဝါဝါ ပန်းမျိုးစုံပါသည်။ ဘာပန်းတွေမှန်းတော့ အားလုံးကို ကျွန်တော်မသိ။ အနည်းအကျဉ်းတော့ သိပါသည်။ လမ်းဘေးဘယ်ညာတွင် ကျွန်းပျဉ်းကတိုး၊ အင်၊ ဖက်ဝန်း၊ ပျဉ်းမ၊ ကုက္ကို၊ ဒီဒူး စသည့် အပင်ကြီးများနှင့် ဝါးတော၊ ကြိမ်တောများကိုလည်း တွေ့ရ၏။ အချို့ကား အရွက်ကြွေကောင်းနေကြဆဲ။ အချို့ကား ရွက်သစ်များဝေနေပြီ။

ကုန်းအနိမ့်အမြင့်များ အကွေ့အကောက်များကို ကျော်ပြီးသော် ပင်လယ်ဘူးမြို့ကလေးကို ရောက်ပါသည်။ ပင်လယ်ဘူးကား အမှန်ပင် သေးငယ်သော တောင်ကြားမြို့ကလေးပါပင်။

''အဘ၊ ဒါ ပင်လယ်ဘူးပါပဲ ခင်ဗျာ''

မိနစ်အနည်းငယ်မျှပင် ကျွန်တော်တို့ကားကလေးသည် ပင်လယ်ဘူးမြို့အုပ်ချုပ်ရေးရုံးသို့ရောက်သွား၏။ နယ်မြေခံတပ်ခွဲမှူးနှင့် အတူ မြို့နယ်အုပ်ချုပ်ရေး အရာရှိသုံးလေးဦး စောင့်နေကြသည်။

ရုံးခန်းတွင် ခဏထိုင်ကြရင်း အာလာပသလ္လာပများ ပြောဖြစ်ကြ၏။

''မရောက်ဖူးလို့ သက်သက်လာလည်တာပါဗျာ။ စစ်သားဘဝတုန်းကတော့ နယ်မြေလှည့်လာတာပေါ့၊ သိချင်တာလေးတွေလည်း ကြုံတုန်း မေးချင်ပါတယ်''

''မေးပါခင်ဗျာ''

''ပထမ မြို့နာမည်အကြောင်း အရင်ပြောဗျာ၊ ဘာဖြစ်လို့ ပင်လယ်ဘူးလို့ ခေါ်တာလဲ''

''ပင်လယ်ဘူးရဲ့ နဂိုနာမည်ရင်းက ပင်ကိုက်ဖရူးပါ၊ ရှမ်းနာမည် ပါပဲ''

''ရာဇဝင်ရှိပါသလား၊ ရှိရင်လည်းပြောဗျာ''



''ဟုတ်ကဲ့ ရှိပါတယ်၊ နည်းနည်းတော့ ရှည်တယ်နော် အဘ''

''ရှည်လည်း ပြောသာပြောပါဗျာ''

''မြန်မာသက္ကရာဇ် ၈၈၈-ခုနှစ်မှာ ရှမ်းမင်း မိုးညှင်းစလုံဟာ သားတော် သိုဟန်ဘွားကို အင်းဝမှာ နန်းတင်ခဲ့ပြီး မူးမြစ်အတိုင်း ပြန်ခဲ့တယ်၊ ကန့်ဘလူအနောက်ဘက် မူးကမ်းပါးမှာ ညောင်ပင် တစ်ပင်စိုက်ပြီး ရွာတစ်ရွာတည်တယ်၊ မိုးကောင်းညောင်ပင်စိုက်ရွာတဲ့။ အဲဒီကနေ ဆက်ပြီးတက်လာတော့ မူးမြစ်ဘေး သရက်ဖြူပင်ကြီးတွေ ပေါက်တဲ့ တောကြီးတစ်ခုထဲ ရောက်တယ်၊ အဲဒီမှာ ပါလာတဲ့တပ်တွေ စခန်းချရပ်နားပြီး ဘုရားတစ်ဆူတည်ခဲ့တယ်၊ မိုးဆုတောင်းစေတီတဲ့။ ဘုရားတည်ပြီးတော့ မြို့ရွာပါတည်ဖို့လိုတာနဲ့ နေရာလိုက်ရှာတော့ ကိုင်းပင်တွေပေါက်နေတဲ့ ကွင်းတစ်ခုတွေ့တယ်။ ရဲမက်စစ်သည်တော် တွေက ကိုင်းတောကိုရှင်းတော့ 'ဖရူး' ဆိုပြီး တောကြက်ဖတစ်ကောင် က ထပျံလိုက်တာ ထန်းတစ်ဖျားလောက် မြင့်သွားသတဲ့၊ အဲဒါနဲ့ ဒီနေရာ ကောင်းတယ်၊ နောင်မှာ ကြက်ပျံမကျ စည်ကားနိုင်တယ်လို့ အတိတ်နိမိတ်ယူပြီး ရွာတည်ခဲ့တာပါပဲ ခင်ဗျာ။

နာမည်ကိုတော့ ရှမ်းလို ပင်ကိုက်ဖရူးလို့ ပေးခဲ့ပါတယ်။ ပင်က တော့ အပင်ပေါ့၊ ကိုက်ကတော့ ကြက်ပါ၊ ဖရူးဆိုတာကတော့ ထပျံ သွားတဲ့ အသံပေါ့။ ပင်ကိုက်ဖရူးကနေပြီး ကာလရွေ့လျောသွားတော့ ပင်ကယ်ဖူး၊ အဲဒီကနေပြီး ပင်လယ်ဘူး ဖြစ်လာတာပါပဲ အဘရယ်''

''ဪ''

ကျွန်တော်က အပြောကောင်းသည့် မြို့နယ်အုပ်ချုပ်ရေး အရာရှိအား ခေါင်းညိတ်ပြမိ၏။ ဒီလောက်ပြောနိုင်က မဆိုးပါ။ ကျေနပ်ဖွယ်ရာကောင်းပါသည်။ သဘောကျ၍ ဆက်မေးမိသည်။

''ဒီကလူတွေကို ဘာဖြစ်လို့ ကတူးကနန်းလို့ ခေါ်သလဲ၊ ချစ်မြစ်ကရော ဘယ်လိုလဲ သိရင်ပြောပါဦး''

www.burmeseclassic.com

"ဟုတ်ကဲ့၊ ကတူးကနန်းတွေက ပျူအဆက်အနွယ်လို့ သိရပါတယ်၊ ကချင်၊ ချင်း၊ မြန်မာတွေနဲ့ ညီအစ်ကို တော်စပ်တယ်လို့လည်း ဆိုကြပါ တယ်။ သူတို့စကားမှာ မြန်မာစကားနှင့် တူတာတွေရှိပါတယ်။ ကတူး လူမျိုးတွေဟာ သူတို့ကိုယ်သူတို့ မင်းမျိုးမင်းနွယ်လို့ ယူဆကြပါတယ်။ ဂေါတမဘုရားလက်ထက်က ကန်တွေတူးခဲ့ကြလို့ ကန်တူးလူမျိုး ဖြစ်လာတယ်လို့လည်း ခံယူထားကြပါတယ်။ ကတူးနှင့် ကနန်း မတူကြပါဘူး။ စကားလည်း ကွာပါတယ်"

"ကနန်းကိုကော ဘာကြောင့် ကနန်းလို့ခေါ်ရတာလဲဗျာ"

"ကနန်းလူမျိုးတွေဟာ မူလအစက ဗိသနိုးကပါ။ ဗိသနိုးကို ဒွတ္တပေါင်တိုက်တော့ မြို့ပျက်ပြီး ချင်းတွင်းမြစ်ကို ဆန်တက်ခဲ့တယ်။ အခု ဒီနေရာတစ်ဝိုက်မှာ မြို့တည်ပြီး နေကြတယ်။ ကနန်းတွေရဲ့ အိမ်တွေဟာ မဏ္ဍပ်ကနားနဲ့တူတဲ့ အိမ်ဝိုင်းကျယ်ကြီးများ ဖြစ်ပါတယ်။ မဏ္ဍပ်ကနားနဲ့နေတဲ့လူမျိုး၊ ကနားနဲ့နေတဲ့လူမျိုး၊ ကနားလူမျိုး၊ ကနန်းလူမျိုးဆိုပြီး အခေါ်အဝေါ်တွေ အဆင့်ဆင့်ပြောင်းလဲသွားတယ်လို့ သိရပါတယ်"

"တော်တော် ဖြေနိုင်ပါတယ်၊ ကျေနပ်စရာပါပဲ၊ တခြား မြို့နဲ့ ပတ်သက်တဲ့ဟာလေးတွေ ပြောပါဦး"

"ဟုတ်ကဲ့၊ မြို့ကသေးပါတယ်၊ အိမ်ခြေ ၅၀၀ ကျော်လောက်ပဲ ရှိပါတယ်၊ မြို့နယ်အဆင့်ရုံးတွေတော့ အားလုံးရှိပါတယ်၊ ကျေးရွာ ၃၄၅ ရွာနဲ့ ကျေးရွာအုပ်စု ၆၇ အုပ်စုပဲ ရှိပါတယ်"

"မြေမျက်နှာပြင်အနေနဲ့ကတော့ ပင်လယ်ပြင်ထက် ပေ ၁၀၀၀ လောက်မြင့်ပါတယ်၊ အတိအကျ ပြောရမယ်ဆိုရင်တော့ ၈၈၈ ပေပါ ခင်ဗျာ၊ မြို့က မူးမြစ်ဘေးမှာရှိပြီး ပတ်ဝန်းကျင်မှာ အဘတို့မြင်တဲ့ အတိုင်း တောတွေတောင်တွေ ဝိုင်းနေပါတယ်၊ အနောက်ဘက်က ဇီးဖြူတောင်တန်းပါ။ အရှေ့ဘက်က မုန်ကင်းတောင်ကြီးပါ၊ အရှေ့



မြောက် တောင်မြင့်မြင့်ကြီးက မိုင်းသုံတောင်ပါ၊ ၅၃၅၅ ပေ မြင့်ပါတယ်၊ ဒီနားမှာ သူ အမြင့်ဆုံးပါ"

"ရာသီဥတုကတော့ တောထူပြီး မိုးများပါတယ်၊ မိုးရေချိန် လက်မ ၇၀ အထက်မှာပါ၊ အလုပ်အကိုင်ကတော့ စိုက်ပျိုးရေးပါပဲ၊ ပေါ်။ ပဲအမျိုးမျိုး၊ ရှောက်၊ သံပရာ၊ လိမ္မော်၊ ဆေးရွက်ကြီး၊ ငှက်ပျော၊ တို့နဲ့ လက်ဖက်စိုက်ကြပါတယ်။ ဒါ့အပြင် သတ္တုလည်းတူးကြတယ်၊ သစ်လည်း လုပ်ကြပါတယ်"

"ဘာသတ္တုတွေ ထွက်သလဲဗျာ"

"သတ္တုကတော့ နည်းနည်းနည်းနည်းနဲ့ အမျိုးစုံပါ၊ ရွှေ ငွေ ကြေး ခဲအစုံပါပဲ။ ဆားကွင်းတွေလည်း ရှိတယ်"

"ဩော်"

"မိုင်းသုံတောင်ခြေက ဆားထွက်ပါတယ်၊ ရွှေကတော့ ဘယ်နေရာ သွားကျင်ကျင် ရေရှိရင် ရွှေရှိတာပါပဲ၊ မူးမြစ်ထဲလည်း ကျင်ကြပါတယ်၊ အနောက်ဘက်သွားပြီးလည်း ကျင်ကြတာပါပဲ၊ ရိုးရိုး ရွှေရော ရွှေဆတ်ရော ရပါတယ်"

"ဘာလဲဗျ ရွှေဆတ်ဆိုတာ"

"သူက ရိုးရိုးရွှေလို မပျော့ဘူး၊ မာတယ်၊ လက်ဝတ်လက်စား လုပ်လို့ မရဘူး အင်္ဂလိပ်သမားတွေ သုံးတဲ့ရွှေပါ၊ ဆတ်တယ်၊ ကျိုးတယ်၊ ဒါကြောင့် ရွှေဆတ်လို့ခေါ်တာ"

"ဒီမှာ ဘာလူမျိုးတွေနေလဲ"

"အများဆုံးကတော့ ကတူးကနန်းတွေပါပဲ၊ ရှမ်းတွေလည်း ရှိပါတယ်၊ ဗမာတွေလည်း ရှိပါတယ်"

"ဩော်"

"စစ်အတွင်းက စစ်လမ်းကြောင်းကျလို့ တိုက်တာခိုက်တာ တွေရော ပြောမပြနိုင်ဘူးလား"

www.burmeseclassic.com



"အဲဒါတော့ ကျွန်တော်မပြောနိုင်ဘူးခင်ဗျား၊ ဒီကလူကြီးတွေမှပဲ ပြောနိုင်မယ်ထင်ပါတယ်"

"ဒါဆို ၁၉၈၁ က ဗကပတွေဝင်လာတဲ့ကိစ္စရော မပြောနိုင်ဘူးလား'

"ဒါလည်း မပြောနိုင်ပါဘူးခင်ဗျ။ မြို့ခံတွေပဲ သိပါလိမ့်မယ်"

မြို့ခံများမေးရန် အချိန်မရှိပါ။ တပ်ခွဲမှူးအား မေးလာခဲ့ရန်သာ မှာခဲ့ရ၏။

"ကဲ ရပါပြီလေ၊ အချိန်ရှိတုန်း မူးမြစ်ကို ဆင်းကြည့်ရအောင်"

မူးမြစ်နှင့် အုပ်ချုပ်ရေးရုံးမှာ ဘာမှမဝေးပါ။ ကားခဏ မောင်းရုံဖြင့် ရောက်ပါသည်။ မူးမြစ်မှာ ကျွန်တော်တို့ ရေဦးမှာလောက် မကျယ်ပါ။ ခပ်ကျဉ်းကျဉ်းသာ ဖြစ်ပါ၏။ ငမိုးရိပ်ချောင်းဖျားလောက်ပင် ရှိမည်ထင်သည်။ သို့ရာတွင် ကျောက်တုံးကျောက်ခဲများကား ပေါများလှချေ၏။

"ကျောက်တွေ တယ်ပေါပါလားဗျာ"

"ဟုတ်ကဲ့၊ ဒီမြို့နယ်အဆုံးမှာ ကျောက်တန်းကြီးရှိလို့ ရေတံခွန်တောင် ရှိပါတယ်ခင်ဗျ၊ ရေတံခွန်သေးသေးလေးတွေကတော့ မူးမြစ်နှံ့ တစ်လျှောက် နေရာတကာပါပဲ"

"သြော်"

မိုးကောင်းစွာမရွာသေး၍ မူးမြစ်ထဲ၌ ရေသိပ်မကြီးသေးပါ။

"ဟိုဘက်ကမ်းမှာရော ရွာတွေရှိလား"

"ရှိပါတယ်ခင်ဗျ၊ တောင်ဒွန်း၊ မြေသာ၊ ပင်ကြိုင်း၊ ခေါက်စင်း၊ အိုးမြေကုန်း၊ မန္တ၊ ကညင်ကုန်းဆိုတဲ့ ရွာတွေရှိပါတယ်"

ကျွန်တော်က အနောက်ဘက် ဇီးဖြူတောင်တန်းကြီးအား လှမ်းမျှော် ကြည့်လိုက်မိ၏။ ဒုတိယကမ္ဘာစစ်က ထိုတောင်ကြီးပေါ်မှာ စစ်တိုက်သွားကြသူများကို စိတ်ထဲမှစဉ်းစားရင်း ကိုယ်ချင်းစာနေမိသည်။ သနားသလိုလိုလည်း ဖြစ်မိ၏။ ကျွန်တော်လည်း ဒီလိုတောင်ကြီးတွေပေါ်တွင် လပေါင်းများစွာ နေခဲ့ဖူးပါသည်။ ထို့ကြောင့် ကိုယ်ချင်းစာလိုက်မိခြင်းဖြစ်သည်။ စစ်ပွဲကြီးကာလ ဒီလောက်တောကြီး မျက်မည်းတွင် ဒီတပ်တွေ ကပ်ကြီးသုံးပါးနှင့် အတော်ရင်ဆိုင်ရပေမည်။





"ဒီမှာ ကျန်းမာရေးအခြေအနေရော"

"ငှက်ဖျားကတော့ အလွန်ဆိုးပါတယ်၊ ကျန်တာကတော့ မိုးဒဏ် လေဒဏ် ရာသီဥတုနဲ့ သဘာဝဘေးဒဏ်တွေ ခံရတာပေါ့ အဘရယ်။ တောသူတောင်သားတွေဖြစ်တတ်တဲ့ ဒေသန္တရ ရောဂါတွေ အမျိုးစုံပါပဲ"

စကားပြောရင်း နာရီကြည့်လိုက်ရာ ညနေ ၆ နာရီထိုးခါနီးပြီ။ တောင်စွယ်တွင် နေကွယ်နေပြီ။ မမှောင်ခင် ပြန်မှ။

"ကဲ၊ ပြန်ကြရအောင်၊ ဒီလောက်သိရရင် ကျေနပ်ပါပြီ"

မြို့ကလေးကို ကားတစ်ပတ်ပတ်မောင်းပြီး ပြန်ထွက်ခဲ့ကြ၏။

မြို့တောင်ဘက် ကျွန်းတောကြီးထဲ၌ သင်္ချိုင်းကုန်းရှိသည်။ သင်္ချိုင်းကုန်းဘက်အရောက် ကျွန်တော်တို့ကားတွင် အတူလိုက်ပါလာသည့် မြို့အုပ်ချုပ်ရေးအရာရှိမှ အမှတ်မထင် အောက်ပါအတိုင်း ပြောတော့၏။

"အဘရေ၊ အဲဒီသင်္ချိုင်းကုန်းမှာ ကျွန်တော်ရောက်စနှစ်က ရန်ကုန်က လူကြီးတစ်ယောက် ဦးနှောက်ထဲ ငှက်ဖျားပိုးဝင်ပြီး ဆုံးသွားတယ်၊ မြို့က တာဝန်ယူ သဂြိုဟ်ရတယ်၊ သဂြိုဟ်တဲ့အဖွဲ့မှာ ကျွန်တော်လည်းပါတယ်၊ အတော်သံဝေဂရစရာ ကောင်းပါတယ်"

"ဗျာ၊ ဘာဖြစ်လို့လဲဗျာ"

"သြော်၊ အဲဒီအဘကြီးက တကယ့်အရာရှိကြီးကြီးပါ။ ပင်စင်ယူပြီး အလုပ်မရှိရင် မနေတတ်လို့ဆိုပြီး ဒီမှာ ရွှေလာတူးရင်း သေသွားတာ၊ သားသမီးလည်းမရှိဘူး၊ ကျွန်တော်တို့ အလောင်းမြှုပ်ပြီးမှ သူ့မွေးစားသားနဲ့ သမီးက ရောက်လာတယ်။ တကယ့် နှမ်းရှင်ထဲက အတိုင်းပါပဲဗျာ။ စိတ်မကောင်းစရာပါပဲ အဘရယ်"



www.burmeseclassic.com

www.burmeseclassic.com



လွယ်ကူစွာ ဟောကြားပေး၏။ ထိုသို့ လျှုလိုက်ရသဖြင့် ကျွန်တော့် ရင်မှ လေးလံနေမှုမှာ ပပျောက်သွားသည်။ စိတ်အတော်ပင် ရှင်းသွားပြီး နေလို့ထိုင်လို့ ကောင်းသွား၏။ အလှူလက်ခံသည့် ဆရာတော်ကို ကျေးဇူးတင်မိပါသေးသည်။ ဆရာတော်လိုက်လံပြသသဖြင့် စစ်ကိုင်း တောင်ရိုးအရှေ့ခြမ်းက ဝါးချက်ဇီဇီတဒါနသံဃာ့ဆေးရုံကိုလည်း ရောက် ဖြစ်၏။ ထိုအခါ ကိုယ့်အလှူအတွက် ထပ်ပြီး ပီတိဖြစ်မိပြန်ပါသည်။ ထိုပီတိကြောင့် ဦးလက္ခဏနှင့် ယနေ့အံချိန်အထိ ဆရာဒကာ ဖြစ်ပြီး သူတော်ကောင်းတရားများ ကြားနာနေရ၍ ကုသိုလ်များရနေ၏။

ဤသည်မှာ ကျွန်တော်၏ လူမသိသူမသိ အလှူလေးမှ စခဲ့ခြင်းပင် ဖြစ်၏။

"ဒကာကြီးတို့ ဆေးရုံကို လိုက်ကြည့်ကြဦးလေ"

ဆရာတော်က ဖိတ်ခေါ်သည်။

အလှူ၏ပီတိနှင့်အတူ ဆေးရုံကို ကြည့်ဖြစ်ပါသည်။ ဆေးရုံမှာ ဧရာဝတီမြစ်ကို မျက်နှာမူကာ တည်ဆောက်ထားသဖြင့် ကမ္ဘာ့နိုင်ငံ အသီးသီးရှိ မြို့ကြီးများမှ မြစ်နှင့်ပင်လယ်ကို မျက်နှာပြုကာ ဆောက် ထားသည့် ရုံးပြင်ကနားကြီးများ၊ ဟိုတယ်ကြီးများလို ရှုခင်းရှုကွက် ကောင်းမွန်လှ၏။ တစ်ဖက်ကမ်းရှိ အမရပူရသို့ အတိုင်းသား လှမ်းမျှော် ကြည့်နိုင်၏။ ဆေးရုံမှ မြောက်ဘက်သို့ ဆက်သွားက ပုထိုးတော်ကြီးနှင့် မင်းကွန်းခေါင်းလောင်းကြီးရှိသည့် မင်းကွန်းတောင်ရိုးသို့ ရောက်သွား၏။

အကွက်အကွင်းကောင်းသဖြင့် စိတ်ကူးကောင်းသော ဆရာ တော်အား ချီးကျူးမိသည်။ ထို့နောက် မကြာခဏ ကျွစွာချောင်ကို ရောက်၏။ ဆရာတော်နှင့်ရင်းနှီးလာ၏။ ဆရာဒကာ ဖြစ်လာ၏။ ထိုအခါ ဝါးချက်ဆေးရုံအကြောင်းကို အတော်လေး မေးဖြစ်ပြန်ပါသည်။

❀



ဝါးချက်ဇီဇီတဒါန သံဃာ့ဆေးရုံအကြောင်း တစေ့တစောင်း

စစ်ကိုင်းတောင်တွင် သာသနာရောင်ဝါထွန်းခဲ့သည်မှာ ရှေး ပဝေသဏီကပင် ဖြစ်၏။ ကြည့်လိုက်လျှင်ပင် ဘုရားပုထိုးများနှင့် ကြည်ညိုစဖွယ်ပင်။

"တောင်တွေစိမ်းစမ်း၊ ချောင်တွေ သိန်းသန်း၊ ခေမာသောင် ကမ်းတက်လှမ်းအောင်မြင်မြေ" ဟုဆိုခဲ့သည့် အဆိုတော် ကိုအံ့ကြီး သီချင်းစာသားအတိုင်း သူတော်စင်တို့ တရားရှုမှီးသည့် ချောင်တွေက လည်း မနည်းမနောပါပေ။

ထိုချောင်အသီးသီးတွင် ရဟန်းသံဃာတော်များ၊ သီလရှင်၊ ယောဂီသူတော်စင်များတို့ မှီတင်းနေထိုင်၍ တရားရှုနေကြ၏။ ပရိယတ္တိ၊ ပဋိပတ္တိများ အားထုတ်နေကြ၏။ ခေတ်အဆက်ဆက်ပင် စစ်ကိုင်းတောင်မှာ သူတော်ကောင်းများ အခြေပြုရာဖြစ်ခဲ့၏။ ထိုရဟန်းသံဃာ များအတွက် သူတော်ကောင်းတရား အားထုတ်နိုင်ရန် ပစ္စည်းလေးပါး ပြည့်စုံဖို့ လိုပါသည်။

မပြည့်စုံသည်များ ရှိခဲ့ဖူးသည်။ အဓိကမှာ ဆေးဝါးမပြည့်စုံ ခြင်းပင်ဖြစ်၏။

"ဘုန်းကြီးတို့ ငယ်ငယ်တုန်းက ကျွစွာချောင်လို မြောက်ဖျား ချောင်တွေက ပုဂ္ဂိုလ်တွေ နေမကောင်းရင် စစ်ကိုင်းကပြည်သူ့ဆေးရုံ ကိုရတယ်။ လှေကားထစ် အတက်အဆင်းတွေလုပ်ရ၊ သရက်ပင်ဆိပ် သွားတဲ့ ငှက်သမ္မန်တွေ စောင့်ခေါ်ရ၊ ဟိုရောက်တော့ မြို့ထဲသွားဖို့ မြင်းလှည်းခေါ်ရနဲ့ ကရိကထအလွန်များပါတယ်"

"ဘုန်းကြီးကိုယ်တိုင် အစာအိမ်ဒုက္ခပေးလို့ ကျွစွာချောင်က နေပြီး စစ်ကိုင်းဆေးရုံကြီး၊ စစ်ကိုင်းမှာမရလို့ မန္တလေးကိုသွားရတယ်၊ အတော် ဒုက္ခရောက်ခဲ့ရပါတယ်။ ဒါ့ကြောင့် ဒီတောင်ရိုးကြီးမှာ သူတော်စင်တွေ လျော့ပါးမသွားအောင် သက်သက်သာသာနဲ့ ဆေးဝါး ကုသနိုင်အောင် စဉ်းစားခဲ့တယ်"

www.burmeseclassic.com



သူက အတွေးပုံရိပ်နှင့် အတိတ်ဟိုဆီကိုမှန်းပြီး ဆွေးဆွေးမြည့်မြည့် ပြောလိုက်မိ၏။

"ဪ၊ ဟုတ်လား"

ခဏအကြာတွင် မြို့အထွက်ရောက်၍ တာဝန်ရှိသူ မြို့နယ်အရာရှိသုံးဦး သူတို့ကားနှင့် လက်တပြပြလုပ်ကာ ကျန်ခဲ့ကြ၏။ ကျွန်တော့်ကားတွင် လိုက်ပါလာသည့် ပုံပြောကောင်းသော မြို့နယ်အရာရှိလည်း ဆင်းကျန်ခဲ့သည်။ သို့ရာတွင် သူ့စကားကို ကျွန်တော် အလွန်စိတ်ဝင်စား မိ၏။ သေသွားတဲ့ ပုဂ္ဂိုလ်ကြီးက ဘယ်သူများပါလိမ့် သိချင်သည်။ ထို့ကြောင့် အတူပါလာသည့် အရာရှိများကို မေးမိ၏။

"ဟော့၊ ခုနက သူပြောတာဟုတ်ရဲ့လား။ ဘယ်လိုဖြစ်တာလဲ သိရင်လည်း ပြောကြစမ်းပါဦး ကြားရအောင်"

"ဟုတ်ပါတယ် ခင်ဗျာ" ဟုဆိုကာ လိုက်ပါလာသူများ ထိုလွမ်းမော ကြေကွဲဖွယ်ဇာတ်လမ်းကို အောက်ပါအတိုင်း ပြောတော့၏။

၅

## ဝင်လယ်ဘူးက ဇာတ်လမ်းတစ်ပုဒ်

၁၉၈၈ နောက်ပိုင်းကာလများ။

ထိုကာလမတိုင်မီက အရာရှိကြီးတစ်ဦးသည် အပြစ်ရှိသဖြင့် တာဝန်မှ ရပ်စဲခံရ၏။ ထိုအရာရှိကြီးတွင် ဇနီးရှိသော်လည်း သားသမီးအရင်းအချာ တစ်ဦးမှမရှိပါ။ အလုပ်မှ အနားယူသောအခါ အသက် ၁၆ နှစ် ၁၇ နှစ် ကတည်းက နိုင်ငံတာဝန်ထမ်းဆောင်လာသူဖြစ် အလကားမနေတတ်။ အအားမနေတတ်။ အသက်ကလည်း သိပ်မကြီးသေး။ ငါးဆယ်သာသာသာ ရှိဦးမည်ထင်၏။ သန့်တုန်း မြန်တုန်း သို့ရာတွင် ဇနီးကလည်း သိပ်အဆင်မပြေ။





ထို့ကြောင့် ထိုအရာရှိကြီးသည် အိမ်တွင်မပျော်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေရာမှ အပေါင်းအသင်းများက အဆွယ်ကောင်း၍ ရှိစုမဲ့စု ငွေကလေးဖြင့် ၁၉၈၈ ခုနှစ် နောက်ပိုင်း၌ ကသာခရိုင်သို့ သွားပြီး သစ်လုပ်၏။ လူမှန်းသိတတ်ခါစမှ အလုပ်ကထွက်ချိန်ထိ ဘာစီးပွားရေးမှ မလုပ်ခဲ့ဘူးသည့် ထိုပုဂ္ဂိုလ်ကြီးမှာ အလွန်ရှုပ်သည့် သစ်လောကအကြောင်းကို နားမလည်ရှာပါ။ လုပ်ငန်းတွေ လုပ်ရင်းလုပ်ရင်းဖြင့် ငွေကုန်လူပန်းကာ လုံးပါးပါးပြီး ဖွတ်ကျောပြာစု ခရုဆံကျွတ် ဖြစ်သွား၏။

ထိုင်နေရင်အကောင်းသား ထသွားမှကျိုးမှန်းသိ ဖြစ်ရရှာ၏။

ကသာမှာ ကြာရာမရဖြစ်နေပြီး ငယ်တပည့်များရှိရာ ကောလင်းဝန်းသိုသို့ ရောက်လာ၏။

"အဘ ဘာလုပ်ချင်သလဲပြောပါ"

တပည့်အားလုံး ဝိုင်းမေးကြသည်။

"ကသာမှာ သစ်သွားလုပ်တာကွာ၊ မလုပ်တတ် မကိုင်တတ်နဲ့ ရန်ကုန်က ပါလာတာလေးတွေ ကုန်ပြီကွ၊ အိမ်လည်း မပြန်ချင်ဘူး ခင်းတို့ဆီမှာ ငါဘာလုပ်ရင် ရမလဲ၊ သစ်ပြန်လုပ်ရင် အဆင်ပြေမလား"

"သစ်လောကက သိပ်ရှုပ်တယ် အဘရဲ့၊ မလုပ်ချင်ပါနဲ့ အဘရယ်"

"ဒါဆိုရင် ရွှေတူးရင်ရော ဖြစ်မလား။ ပါလာတာလေး ကုန်သွားတော့ ရန်ကုန်လည်း ပြန်ရခက်ခက်ကွာ"

အသားဖြူဖြူ အရပ်မြင့်မြင့် ဟိုစဉ်က အလွန်ချောမောခန့်ညားနေခဲ့သည့် ပုဂ္ဂိုလ်ကြီးမှာ ယခုအခါတွင်တော့ လောကဓံ၏ထုထောင်းနှိပ်ပုတ်မှုကြောင့် အတော်အရွယ် ကျနေပေပြီ။ ဖြူသောမျက်နှာ၌ နေလောင်ထားသဖြင့် တင်းတိတ်လို အကွက်များပင် ဖြစ်နေ၏။ သူ့ကြည့်ပြီးတော့ အားလုံးက သနားနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



''အဘ လုပ်ချင်ရာ လုပ်ကြည့်ပါ၊ ကျွန်တော်တို့လည်း တတ်နိုင်တာ ကူမယ်၊ အဘ အနောက်ဘက်တော့ မသွားနဲ့နော်၊ အဲဒီဘက်က နယ်မြေကြမ်းတယ်''

သူတပည့်များမှာ နယ်ဘက်အုပ်ချုပ်ရေး တာဝန်ယူနေကြသူများဖြစ်၍ မူးမြစ်အနောက်ဘက်ကမ်း ဇီးဖြူတောင်တန်းတစ်ပိုက်က သဘာဝဘေးအန္တရာယ်များကို တွေ့ကောင်းစွာသိ၏။

''အေးပါကွာ''

အေးပါကွာဟု ပြောပြီး မကြာမီ ထိုပုဂ္ဂိုလ်ကြီး ပျောက်သွား၏။ ကောလင်းမှ ဝန်းသို၊ ဝန်းသိုမှ ပင်လယ်ဘူးသို့ ရောက်သွား၏။ ပင်လယ်ဘူးတွင် ရွှေရှာ၏။ ရွှေတူး၏။ ထိုမှ ဘယ်လိုက ဘယ်လို ဖြစ်သည် မသိပါ။ မူးမြစ်ကို ဖြတ်ကျော်ပြီး ပင်လယ်ဘူးနှင့် ဖောင်းပြင်ကြား တောတောင်ကြီးများအလယ်၌ ရွှေသွားတူးပြန်၏။ နွေကာလမှာ ပြဿနာ သိပ်မရှိပါ။ မိုးကျလာ၏။ ဝါဆိုဝါခေါင် ရေဖောင့်ဖောင်ကာလ ကျော်ပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်းအရောက်၌ ထိုပုဂ္ဂိုလ်ကြီး ငှက်ဖျား ဖျားတော့၏။

ငှက်ဖျားက ရိုးရိုးမဟုတ်။ အပြင်းဖျား၏။ တောထဲတောင်ထဲ၌ ကုပေးမည့် ဆေးဆရာက မရှိပါ။ ပုဂ္ဂိုလ်ကြီးခမျာ ဖျားရင်း သတိလစ်သွား၏။ ထိုအခါ အတူပါသွားသည့် တပည့်လေးနှစ်ဦးက စိုးရိမ်၍ အထမ်းဖြင့် ပင်လယ်ဘူးသို့ အဆောတလျင် ပို့ကြ၏။ ပင်လယ်ဘူး ဆေးရုံတင်သည်။ ဆေးရုံမှ ချက်ချင်းဆေးသွင်းပေးသည်။ သို့ရာတွင် အခြေအနေ မကောင်းပါ။ ငှက်ဖျားပိုးက ဦးနှောက်ထဲ ရောက်နေပါပြီ။ ထို့ကြောင့် ရန်ကုန်ရှိ သူ့အိမ်ကို လှမ်းပြီးအကြောင်းကြားသည်။ ဆေးသွင်းထားသော်လည်း သုံးရက်အကြာ၌ သတိပြန်လည် မလာတော့ဘဲ ထိုပုဂ္ဂိုလ်ကြီးဆုံးရှာတော့၏။

မြို့ခံလူကြီးများက သဂြိုဟ်ရက် သတ်မှတ်ကာ ဆွေမျိုးသားချင်းများကို စောင့်၏၊ ဘယ်သူမှ သတ်မှတ်ချိန် မရောက်လာသဖြင့်





မြို့ကတာဝန်ယူကာ အသုဘချရတော့သည်။ အသုဘချသည့်နေ့၌ ဂျစ်ကားတစ်စီး အပြင်းမောင်းကာ ပင်လယ်ဘူးသို့ ဝင်လာ၏၊ သုသာန် ရောက်လာသည်။ ထိုအချိန်၌ ပုဂ္ဂိုလ်ကြီး၏အလောင်းကို မြေချနေပါပြီ။ လိုက်ပို့သူများက မြေဖို့ရန် ပြင်နေကြ၏။

''သူ့သားနဲ့ သမီးလိုက်လာတယ်''

ဟု ပြောသံကြားကြရသည်။ ဘယ်သူက ပြောလိုက်သည်တော့ မသိပါ။ သို့ရာတွင် ရောက်လာတာ ဟုတ်ပါသည်။ မွေးစားသားနှင့် သမီးက ရုပ်ရှင်ထဲကမင်းသား၊ မင်းသမီးများလို နေကာမျက်မှန် ကိုယ်စီနှင့် . . .

''ဖြစ်မှ ဖြစ်ရလေ အဖေကြီးရယ်''

သားနှင့်သမီးက မျက်ရည်ကျကာ မြို့ခံအသုဘပို့သူများနှင့် အတူ မြေဖို့ကြ၏။ တကယ်တော့ မြို့ကလေးမှ ကျွန်းပင်ကြီးများ အောက်တွင် ပုဂ္ဂိုလ်ကြီးကား လူမသိ သူမသိ ငြိမ်သက်စွာ ထာဝစဉ် သဲလျောင်းအိပ်စက် သွားပါပြီ။

သူငယ်စဉ်က အလွန်စည်းကမ်းကြီး၏။ အလုပ်နှင့်ပတ်သက်က သဘောထားတင်းမာ၏။ အောက်ကလူများကို အပြစ်ရှိက ပြင်းထန်စွာ အရေးယူတတ်၏။ ထို့ကြောင့် သူ့အား အများကကြောက်ကြ၏။ အခုတော့လည်း ဘာမဟုတ် ညာမဟုတ် မထင်မရှားဖြင့် သူ့ဘဝ နိဂုံးချုပ်သွားပါပြီ။

တက်ကြွားကြွကြွ ရှိလွန်းကလည်း လျော့ကျနောက်ဆုံး ချ၏။

ဝိညာဉ်တည်းလည်းသက်ရှိခြင်းကား သေခြင်းနောက်ဆုံး ချ၏။

ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ချ၏။

''ဖြစ်စဉ်ကတော့ အဲဒါပါပဲ ခင်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တွင် လိုက်ပါလာသည့် အရာရှိများက အထက်ပါ ဇာတ်လမ်းကို ပြော၍ပြီးဆုံးချိန်တွင် ကားကလေးက ဝန်းသိုနယ်စပ်သို့ ပြန်ရောက်နေပါပြီ။ မကြာခင် ဝန်းသိုရောက်ပါတော့မည်။ မိုးလည်း စုပ်စုပ်ချုပ်ပါပြီ။ ထူးဆန်းသော သူတို့ဇာတ်လမ်းကြောင့် ကျွန်တော်လည်း စိတ်မောသွားပါပြီ။ သူတို့ပြောသည့် အရာရှိကြီးကို လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကပင် ကျွန်တော်ကောင်းစွာသိပါသည်။ သူ ဤမြို့ ကလေး၌ ဤကဲ့သို့ မထင်မရှားကြေကွဲဖွယ် ကွယ်လွန်သွားသည်ကိုသာ ကျွန်တော် မသိခြင်းဖြစ်ပါ၏။ လူတွေ၏ ကံကြမ္မာဆိုသည်မှာ အဆန်း သားလားခင်ဗျာ။

မြေအခြေအနေ လေ့လာရင်းသွားခဲ့သော ကျွန်တော့်အတွက် လျှပ်တစ်ပြက် ပင်လယ်ဘူးခရီးစဉ်မှာ မြေအခြေအနေအကြောင်း ကောင်းကောင်းမသိခဲ့ရဘဲ မထင်မှတ်သည့် သံဝေဂယူစရာ ဇာတ်လမ်း လေးတစ်ပုဒ်သာ ရခဲ့ပါသည်။ စာရှုသူများ မျှဝေခံစားနိုင်ရန် ကျွန်တော်၏ အတွေးပုံရိပ် အတိတ်ဟိုဆီကို တင်ပြလိုက်ရပါသည် ခင်ဗျား။

ဖ ဖ ဖ



## အခန်း(၇)

## ကျွန်တော်နှင့် ခင်ဦးမြို့ကလေး

ခင်ဦးမြို့ကလေးကား ရွှေဘိုနှင့် ရေဦးကြား အလယ်တည့်တည့်မှ မြို့ငယ်ကလေးဖြစ်၏။ ရွှေဘိုသို့ ၁၄မိုင်၊ ရေဦးသို့ ၁၄မိုင် အညီအမျှ ကွာဝေး၏။

၁၉၅၅ လောက်မှစ၍ ခင်ဦးကို ဖြတ်သွားဖြတ်လာနှင့် မှတ်မိနေ၏။ ရေဦးမှ ရွှေဘိုသွားလျှင် ခင်ဦးကို ဖြတ်ရ၏။ ရထားစီးမည် ဆိုပါကလည်း ခင်ဦးမှာသာ ရထားလမ်းရှိ၍ ရေဦးသားတွေ ခင်ဦးဘူတာမှ ရထားစီးရပါသည်။ တောင်ဘက်ရွှေဘို၊ စစ်ကိုင်း၊ မန္တလေး ထိုမှသည် ရန်ကုန်အထိ။ မြောက်ဘက် ကန့်ဘလူ၊ ကောလင်း၊ ဝန်းသို၊ အင်းတော်၊ မိုးညှင်း၊ ဟိုပင်၊ နမ္မတီး၊ မြစ်ကြီးနားအထိ။ မြန်မာနိုင်ငံ အောင်မြောက်ပေါက်ပါသည်။ ထို့ကြောင့် ကျွန်တော် ငယ်ဘဝက ခင်ဦးကို မကြာခဏဖြတ်သွားဖြတ်လာမို့ ခင်ဦးနှင့် ပတ်သက်၍ မမေ့ သောမြင်ကွင်းများ၊ အတွေ့အကြုံ အတွေးအမြင်များကို အခွင့်ကြုံ တင်ပြချင်ပါသေးသည်။

ဖ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဦးဆိုသည်ကား

ဦးစွာပထမ ခင်ဦး၏ အမည်နာမကိစ္စပါ။

''ခင်ဦးဆိုတာကတော့ကွာ ဟိုရှေးမြန်မာဘုရင်တွေ လက်ထ… တုန်းက မြောက်ဘက်က ကသဲတွေ၊ ရှမ်းတွေက တောင်ဘက်… ဆင်းဆင်းပြီး တိုက်တယ်၊ တရုတ်တရက်နဲ့ တာတာတွေလည်းပါတယ်… အဲဒီလို ဆင်းတိုက်တဲ့အခါမှာ ပုဂံတို့၊ အင်းဝတို့ အတိုက်ခံရတယ်… ပုဂံလည်း ပျက်ခဲ့ဖူးတယ်။ အင်းဝခေတ်ရောက်တော့ တိုက်မယ့်သူ… လာတာကို ကြိုသိအောင် ကင်းမြို့တွေ အဆင့်ဆင့်တည်တယ်… မြောက်ဘက်မှာ ခင်ဦးက အစွန်အကျဆုံး ကင်းမြို့ကလေးတဲ့။ ကင်း… မြို့ကလေးပေါ့။ ကင်းဦးကနေပြီး ကာလရွေ့လျောလာတော့ ခင်… ဖြစ်လာတယ်။ အင်္ဂလိပ်လို စာလုံးပေါင်းတာတောင် KIN-U ကင်းဦး… ပေါင်းထားတယ်''

လွန်ခဲ့သည့် နှစ်အနည်းငယ်က ပျံလွန်တော်မူခဲ့သည့် ရေဦး… မင်္ဂလာရာမတိုက်မှ ဆရာတော် ဦးအာစရက ကျွန်တော့်အား အထက်… အတိုင်း အမိန့်ရှိဖူးပါသည်။ ဆရာတော်ကား ခင်ဦးနယ်သား စာတ… ပေတတ်ဖြစ်၍ ဆရာတော်အမိန့်ရှိသည်ကို ကျွန်တော်လက်ခံလိုက်… အထောက်အထား ရှာကြည့်၏။ ယခုအထိတော့ ခိုင်ခိုင်လုံလုံ မတွေ့… သေးပါ။ ဆရာတော်အမိန့်ရှိသည်မှာ ဟုတ်တန်ရာ၏ဟုသာ မှတ်… ထားပါသည်။ မဟုတ်လျှင်လည်း ပညာရှင်များမှ ပြင်ပေးကြပါကု…

နောက်တစ်ခုကတော့ ခင်ဦးကား ရွှေဘိုခရိုင်အတွင်း၌ ရှာ… ပါးပါး ထန်းပင်များ အလွန်ပေါများသည့် မြို့ကလေးပင်။ မြို့အနော… ဘက်ရှိ ထန်းတောကြီးကား တစ်မျှော်တစ်ခေါ်ပင်။ ရထားလ… တစ်လျှောက်လည်း ထန်းတောများချည်းသာ။ ထန်းတပင် ဇီးတ… ထက်ပင် ထန်းပင်ပေါသေးသည်ထင်၏။ မြန်မာနိုင်ငံတွင် ထန်း… အပေါဆုံးဟု ဆိုရမည့် ကျောက်ပန်းတောင်း၊ 'ပုဂံညောင်ဦးဒေသနှင့်…





…နိုင်းယှဉ်၍ ရပါသည်။ ထန်းပင်အလွန်ပေါများသဖြင့် ထန်းလုံးကို အသုံးပြုကာ ခံတပ်လုပ်ပြီး မုဆိုးဖိုသားတို့ မွန်ဘုရင်၏ စစ်တပ်ကြီးအား ခံတိုက်နိုင်ခဲ့သည် ဆိုသည်မှာ ယုံမှားဖွယ်မရှိပါ။ နောက်ပိုင်းတွင် …ဦးအောင်ဇေယျ၏ ဦးဆောင်မှုဖြင့် ထန်းလုံးတပ်သားတို့ မွန်တို့ကို …အောင်နိုင်ပြီး တတိယ မြန်မာနိုင်ငံတော်ကိုပင် တည်ထောင်နိုင်ခဲ့သည် …မှာ အထင်အရှားပါပေ။

ထို့ကြောင့် ထန်းပင်နှင့်ခင်ဦး ခင်ဦးနှင့်ထန်းပင်များကား ခွဲခြား …၍ မရစကောင်းပင်ဖြစ်၏။ ဒါ့ထက်ပိုပြီးဆိုရပါက ကျွန်တော်တို့ အညာ …သားများနှင့် ထန်းပင်ကား ဖွားဖက်တော်ဟုပင် ပြောရပါမည်။ အဘယ် …ကြောင့်ဆိုသော် အညာဒေသ၌ ထန်းပင်မရှိသောနေရာ မရှိစလောက် …ပင်။ ထန်းပင်သည် ပူပြင်းခြောက်သွေ့သောရာသီကို နှစ်သက်သည်။ …မိုးရေချိန် လက်မ ၂၀ မှ ၄၀ အတွင်း၌ ရှာသွန်းမှုကိုကြိုက်သည်။ …သဲရောသော အင်တိုင်းမြေမျိုးတွင် ဖြစ်ထွန်းသည်။ ကျွန်တော်တို့ အညာဒေသသည်ကား ထိုအချက်အားလုံး အကျုံးဝင်နေ၏။

ကျွန်တော်တို့သည် ထန်းပင်နှင့် လူမှန်းသိတတ်ခါစကပင် …အကျွမ်းတဝင်ရှိ၏။ ထန်းပင်အောက်ရောက်ဖူး၏။ ထန်းရည်သောက်ဖူး …၏၊ မူးဖူး၏။ ထန်းသီးစားဖူး၏။ ထန်းလျက်စားဖူး၏။ ထန်းခေါက်ဖာနှင့် …အဝတ်အစား ထည့်ဖူး၏။ ထန်းတဲတွင် နားနားနေနေ နေဖူး၏။ ၁၉၆၄ …နွေကာလ၌ ကျွန်တော်နှင့် ကိုဘိုကြည်တို့ သူငယ်ချင်းနှစ်ယောက် …ရွှေဘိုတွင် ဘီအေ ပထမနှစ်ဖြေအပြီး စက်ဘီးကိုယ်စီဖြင့် ၂၈ မိုင် …ဝေးသော ရေဦးသို့ ပြန်ခဲ့ကြ၏။ နေပူပူ လေပူပူတွင် ခင်ဦးနှင့်ရေဦး …ကြား ထန်းတဲတွေ့တိုင်း ရပ်နားပြီး ထန်းရည်တစ်ခွက်မော့လိုက် စက်ဘီး …နင်းလိုက် လုပ်ခဲ့ကြသည်ကို ယနေ့တိုင် မမေ့နိုင်ပါ။ ခင်ဦးနှင့် ရေဦးကြား …မှာလည်း ထန်းပင်နှင့်ထန်းရည် ထန်းတဲကလည်း ပေါပါဘိတောင်း။

တက္ကသိုလ်မရောက်မီက ဆယ်တန်းတွင် ပြဋ္ဌာန်းသည့် …မြန်မာစာ၌ ဝန်ကြီးပဒေသရာဇာ၏ ထန်းသမား၊ လယ်သမား တျာချင်း



www.burmeseclassic.com

www.burmeseclassic.com



များကို သင်ယူခဲ့ရပြီးပြီ။ ဒါတွေ မသင်ခင်ကတော့ အမှတ်တမဲ့ပင်။ ကလေးသာသာမို့ ထန်းပင်တွေ့လည်း ဩော်ထန်းပင်ပဲဟုသာ အောက်မေ့ခဲ့မိ၏။ လယ်ကွင်းတွေ့လည်း ဩော်လယ်ကွင်းပဲဟုသာ အမှတ်ထားမိ၏။ ဘာကိုမှ အလေးအနက်မထားမိ။ ထန်းတက်နေသူများကို မြင်လျှင်လည်း ကရုဏာသက်ရကောင်းမှန်းမသိခဲ့။ သို့ရာတွင် ဝန်ကြီးပဒေသရာဇာ၏ လယ်သမားဖွဲ့ တျာချင်းများ၊ ထန်းသမားဖွဲ့ တျာချင်းများကို ဖတ်မိပြီးသောအခါတွင်မူကား လယ်သမား၊ ထန်းသမားများကို မြင်လျှင် ကရုဏာသက်တတ်လာ၏။ သက်လော်က်အောင်လည်း စာဆို ဝန်ကြီးပဒေသရာဇာက စိတ်ကူးနှုန်းဖွဲ့မှု ကောင်းလှ၏။ စာဖတ်သူတို့ ကွက်ကွက် ကွင်းကွင်းမြင်အောင် ရေးပြနိုင်၏။ စာဆို၏ အောက်ဖော်ပြ ပါ ထန်းတက်သမား တျာချင်းကိုကြည့်ပါ။

နွေဦးကာလ၊ မြူထသောခါ၊
ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးလွယ်ကာ၊
ဓားနီးထက်စွာ၊ ခါးမှာချပ်လျက်၊
ထန်းပွင့်ထန်းနိုင်၊ ရှန်းမြိုင်မြိုင်၊
ကလိုင်သာလွယ်လို့၊ တက်သည်နှင့်လေး။
ထန်းပင်ထန်းလက်၊ ထန်းရွက်ကယ်ဝေဝေ၊
စင်အောင်ခုတ်ထစ်၊ နမျစ်ကယ်ထန်းဦးရေ၊
မယားငယ်ဆွေ၊ ထန်းရေသိမ်းဆည်း။
သားမြေးဟစ်ကြော်၊ ခွေးဝက်ခေါ်
ထန်းလျှော်သာ၊ ယုန်ပိုက်စည်းငယ်နှင့်လေး။
ခေါ်သံရိုက်ဟည်း၊ လူလည်းကြော်ငြာ၊
ခွေးဟစ်လူဟစ်၊ ခတ်ပစ်ခြောက်သောခါ၊
ပတတ်ယုန်ခါ၊ တောမှာရှိကြ၊





ငုံးကြွက်ဖွတ်မြွေ၊ ဝံပုလွေ၊
မနေထွက်လှာကြသည့်တည့်လေး။
ဝမ်းသာအားရ၊ မယားကတသွယ်၊
ဟင်းရွက်ဆုံးကောင်း၊ သောင်းပြောင်းရော၍လွယ်၊
လင်ကတသွယ်၊ ယုန်ငယ်ကစ၊
တောသတ္တဝါ၊ တွေ့တိုင်းကိုသာ၊
အိတ်မှာလာယူ၍ ချသည်နှင့်လေး။
သို့နှင့်ရောက်က၊ ခဏအောင့်လျှင်၊
တံစို့ထက်နှင့်၊ ထန်းလျက်ဖိုမှာကင်၊
ဟင်းအိုးဆူလျှင်၊ အကင်ခတ်ပြီး၊
အိုးကင်းနှင့်လှော်၊ ရေနှင့်ကြော်၊
မိုးမျှော်ရေတ်သီးငယ်နှင့်လေး။
နီးဒေါင်းလန်းကြီး၊ ရှူးပြီးသောအခါ၊
သမီးနှင့်သား၊ များလို့မဝင်သာ၊
ရှူးတစ်ဖက်မှာ၊ တွန်းကာဖယ်လျက်၊
သူ့ထက်ငါလေ၊ စားတော့မည်စေ။
စားပေသာလှ၊ အုန်းခွက်ကယ်နှင့်လေး။
ငုံ့လျက်ကိုယ်စီသာ၊ ဆုပ်ကာလွေးတော့သည်။
ပြီးလျှင်ရေမရှာ၊ ခွေးသာကျွေးတော့သည်။

အထက်ပါ ထန်းတက်သမားတျာချင်းမှာ ထိုခေတ်က ထန်းသမားများ၏ ဆင်းရဲနွံချာသောဘဝကို အရင်းအတိုင်း ရေးပြထားခြင်းဖြစ်၏။ သူတို့မှာ ဟင်းချက်ရာတွင် ဆီကိုမသုံးနိုင်။ ထို့ကြောင့် လှော်ရကင်ရ၏။ ရေလုံပြုတ်၍ ငရုတ်သီးခတ်စားရ၏။ စားပြီးပြန်သော် ပူပြင်းခြောက်သွေ့ သည့်အရပ်မို့ ရေကရှား၏။ တိုးမွှေ ရသောက်ပြီးသောအခါတွင် ရေရှားသောကြောင့် စားပြီးသော ဒေါင်းလန်း



www.burmeseclassic.com

www.burmeseclassic.com



ကိုပင် မဆေးကြောနိုင်ပါ။ နီးရာ ချွေးများကိုသာ လျက်ခိုင်းရတော့၏။ စာဆို၏ ရေးဖွဲ့မှုမှာ ထန်းသမားတို့၏ ဆင်းရဲမှုပေါ်လွင်၏။ ကရုဏာ ရသမြောက်လှပါသည်။

ဝန်ကြီးပဒေသရာဇာတို့ခေတ်ကို ကျော်လွန်ပြီး ကျွန်တော်တို့ လူမှန်းသိတတ်ခါစထိ ထန်းသမားများဘဝ အပြောင်းအလဲသိပ်မရှိပါ။ အညာဒေသမှာလည်း ရေရှားမြဲ ရှားနေသေး၏။ ခင်ဦးမြို့ကလေးပင် လျှင် သောက်ရေသုံးရေ ကောင်းကောင်းမရှိပါ။ ၁၉၅၀–ခုနှစ် နောက်ပိုင်း၌ နိုင်ငံတော်မှ စက်ရေတွင်း Tube Well များတူးပေး၍ ခင်ဦးတစ်မြို့လုံး ရေကောင်းကောင်းသောက်ရသည်။ မြို့အရှေ့ဘက် အထွက် ထိုစက်ရေတွင်းကြီးတွင် တစ်မြို့လုံး ရေသယ်ရေခပ် လုပ်ကြ သည်အား ကျွန်တော်ကိုယ်တိုင် ခင်ဦးကို ဖြတ်သွားဖြတ်လာလုပ်ရင်း သိရှိမြင်တွေ့ခဲ့ရပါသည်။

နှစ်တန်းသုံးတန်းကျောင်းသားဘဝက ခင်ဦးကို ကျွန်တော် စ,ရောက်ဖူး၏။ ထိုမှသည် တက္ကသိုလ်ကျောင်းသားဘဝအထိ ခင်ဦးကို တစ်နှစ်လေးငါးခြောက်ခါထက်မနည်း ဖြတ်သွားနေရသည်။ ခင်ဦး ရောက်တိုင်း လမ်းထောင့်မှ မောင်စိန်ကဖီးမှာ လက်ဖက်ရည်ဝင်သောက် သည်ကိုလည်း မှတ်မိနေပါသည်။ မောင်စိန်ဆိုင်က ကိတ်မုန့်ကလည်း နာမည်ကြီးလှ၏။ ရှေးဦးသားများ အလွန်ကြိုက်ကြသည်။ ရန်ကုန်အပြန် ဘာပါလဲဟု မေးတတ်သည့် ဆွေမျိုးသားချင်းများအတွက် အိမ်အပြန် လက်ဆောင်အဖြစ် အမြဲလိုလိုဝယ်ဖြစ်ပါသည်။ ဆရာတော် ဦးပညာသီဟ နှင့် ခင်ဦးသားဆရာတော် ဦးအာစရတို့အားလည်း ခင်ဦးကိတ်မုန့် လှူရပါသေးသည်။

ခင်ဦးမြို့ကလေးတွင် အိမ်ခြေတစ်ထောင်လျော့လျော့ ရှိသည်ဟု ခန့်မှန်းရပါသည်။ မြို့နယ်မှာ ခပ်သေးသေးဖြစ်သော်လည်း သမိုင်းဝင် အညာသီဟတောဘုရားကား ခင်ဦးမြို့နယ်ထဲ၌ ပါဝင်သည်ဟု သိရ၏။ ခင်ဦးမှ အရှေ့ဘက်သင်ပေါင်းခါး ထိုမှရေဝတီမြစ်တွင်းရှိ အညာသီဟ





တောဘုရားသို့ ရောက်ပါသည်။ ရှေးယခင်ကတော့ အညာသီဟတော ဘုရားသို့ ကျောက်မြောင်းမှ မော်တော်ဖြင့်သွားရ၍ ကျောက်မြောင်းအပိုင် ဟုသည်။ နောက်ကျမှ ခင်ဦးမြို့နယ်ကဆိုသည်ကို သိရ၏။

လမ်းပန်းအဆက်အသွယ်အနေဖြင့် ကားလမ်းကား အနောက် ဘက် ရေဦးသို့လည်းကောင်း၊ တောင်ဘက် ရွှေဘိုသို့လည်းကောင်း၊ မြောက်ဘက် မဟာဗျူဟာလမ်းမကြီးအတိုင်း ကချင်ပြည်နယ်အထိ ဆက်၍ရပါသည်။

ရှေးယခင်ကတော့ ခင်ဦးနှင့်ရွှေဘိုကို ကန်တော်လမ်းမှ သွားရ ၏။ ယခု မဟာဗျူဟာလမ်းပေါက်သွား၍ ကန်တော်လမ်းအား ခရီးသည် တင်ယာဉ်များ သွားခွင့်မပြုတော့ပါ။ ကန်တော်လမ်းကကျဉ်း၏။ မြေလမ်း သည်းဖြစ်၏။ ရှေးယခင်က သွားစရာလမ်းမရှိ၍သာ အများ ပြည်သူ သွားရန် ခွင့်ပြုခဲ့ရခြင်းဖြစ်သည်။ အရှောင်အတိမ်းခက်၍ အန္တရာယ် များလှ၏။ ကန်တော်လမ်းနှင့်ပတ်သက်၍ မမေ့စရာတစ်ခုကား ခင်ဦး နှင့်ရွှေဘိုကြား ၁၉၆၀–ခုနှစ်၊ သင်္ကြန်ကာလက ကျွန်တော် ကားမှောက်၍ ဆိပ်ပြခေါင်းကွဲ ဖြစ်ခဲ့ဖူး၏။ ကံကြီး၍မသေပါ။ ခင်ဦးဆေးရုံမှာ ကျွန်တော့်အား ဂရုတစိုက် ကုသပေးခဲ့ဖူး၏။ ကျေးဇူးရှိပါသည်။ ကုသပေးခဲ့သည့် ထိုစဉ်က ခင်ဦးဆေးရုံအုပ်ကြီးနှင့် သူနာပြုများကို ယခု ဤစာစုဖြင့် ကျေးဇူးဥပကာရတင်ရှိကြောင်း အမှတ်တရ ဖော်ပြ အပ်ပါသည်။ သူများကျေးဇူး မထိမ်မြုံး အထူးသိအပ်စွာပေါ့ခင်ဗျား။

ရထားလမ်းကား ယခုအခါ အနောက်ဘက် ရေဦးလမ်းခွဲမှ သည် မုံရွာအထိ သွား၍ရပါပြီ။ ရှေးယခင်ကတော့ မန္တလေး–မြစ်ကြီးနား ရထားလမ်းသာ သွား၍ရ၏။ ရေဦးရထားလမ်းခွဲကြောင့် ခင်ဦး ပို၍ စည်ကားလာသည်ဟု ဒေသသားများက ဆိုကြ၏။

ခင်ဦးနှင့်ရေဦးကြားကား ထန်းတောများသာမကပါ၊ ဆည် ရေသောက်လယ်များလည်း အများအပြားပင်ရှိ၏။ ကန်သစ်၊ ပြင်းတောင်းစသည့် ကားလမ်းမပေါ်ရှိ ကျေးရွာကြီးများတွင် ဆန်စက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးများ စပါးကိုဒေါင်ကြီးများကို အထင်အရှားတွေ့နိုင်ပါသည်။ ဝမ်းစာအတွက်သာမက နိုင်ငံတော်ကိုပါ ရောင်းချပေးသွင်းလျက်ရှိ၍ မြို့နယ်အတွင်းမှာလည်း လူဦးရေကကျဲပါးသဖြင့် အလုပ်အကိုင်ပြဿနာ၊ စားဝတ်နေရေးပြဿနာ ကြီးကြီးကျယ်ကျယ် မရှိပါ။

ထို့ကြောင့် ခင်ဦးမြို့ကလေးသည်ကား သူ့လူနှင့်သူ ဖူဖူလုံလုံ စားနိုင်သောက်နိုင်သည့် အညာမြို့ကလေးဆိုက မှားအံ့မထင်ပါ။

❦

## ဦးချစ်ညိုနှင့် ဦးအောင်ဇေယျ

ခင်ဦးအကြောင်းပြောမည်ဆိုက ဦးချစ်ညိုနှင့် ဦးအောင်ဇေယျ မပါက မပြီးချေ။ ခင်ဦးသည် ယခုခေတ်တွင်သာ မြို့ငယ်ကလေးဖြစ်နေသော်လည်း တတိယမြန်မာနိုင်ငံသမိုင်းတွင်ကား ထင်ရှားသောမြို့ ဖြစ်ခဲ့၏။

အင်းဝပျက်၍ တတိယမြန်မာနိုင်ငံတော် မပေါ်ပေါက်မီကာလ တွင် မုဆိုးဖိုမှ ဦးအောင်ဇေယျနှင့် ခင်ဦးမှ ဦးချစ်ညိုတို့သည် မင်းလောင်းများဖြစ်ကြ၏။ အင်းဝခေတ်က ဦးချစ်ညိုသည် လက်ယာပျံချီဘွဲ့နှင့် ခင်ဦးမြို့စားအဖြစ် အင်းဝဘုရင် မဟာဓမ္မရာဇာဓိပတိက ခန့်ထားခဲ့၏။ ဦးအောင်ဇေယျမှာမူကား မုဆိုးဖိုမြို့တွင် ဗလန္တကျော်ဘွဲ့နှင့် ကျေးတိုင်အရာကို ထမ်းရွက်ရလေသည်။ ခင်ဦးနှင့် မုဆိုးဖိုကား မဝေးလှ သဖြင့် ဦးအောင်ဇေယျနှင့် ဦးချစ်ညိုတို့ကား အရွယ်လည်း မတိမ်းမယိမ်းနှင့် တစ်ယောက်အကြောင်းတစ်ယောက် ကောင်းကောင်းသိကြ၏။ မကြာခဏလည်း ဆုံကြတွေ့ကြ၏။ ပြိုင်ကြဆိုင်ကြ၏။ တစ်ဦးနှင့်တစ်ဦး အပြိုင်ဖြစ်နေ၍ တည့်ကြပုံလည်းမပေါ်။

မြရတနာစာပေ



မုဆိုးဖိုကိုတည်ထောင်ပြီး မွန်တို့နှင့်အားပြိုင်နေသည့်ကာလ၌ သူသူ လက်နက်တောင့်တင်းခိုင်မာလာသော ဦးအောင်ဇေယျက ဦးချစ်ညိုအား–

''သင်သည် လက်ရုံးရည်လည်းရှိပေသည်။ သူရဲကောင်းလည်း နှင့်ပေသည်။ သို့ရာတွင် ငါကဲ့သို့ ဘုန်းပညာအာဏာစက် မစုံလင်၊ ထိုသို့ ဝင်စားလာသော် သင့်အား စစ်သူကြီးအရာနှင့် သူကောင်း ပြုတော်မူမည်၊ ငါ့သူရဲကောင်းတို့နှင့် နောင်တွေ့ကြ၍ လက်ခြေ ညွန့်သော် သူကောင်းဆိုသည်နှင့် မညီရှိတော့မည်'' ဟု လူလွှတ်စေ လိုက်၏။

ဦးချစ်ညိုကလည်း ရှေးယခင်ကပင် ရန်ကြွင်းရန်စရှိကြဖူးသည် နှင့် ဦးအောင်ဇေယျထံ သွားပါက အရှင်ထားမည်မဟုတ်ဟု ယူဆပြီး–

''မြန်မာချင်းကို ငါ ရှိမခိုးလို''ဟု ဆိုလိုက်၏။

ဦးအောင်ဇေယျက အမှန်တကယ်ပင် သူကောင်းပြုလို၍ ခေါ်ခြင်းဖြစ်သည်ကို မချေမငံပြောလွှတ်လိုက်သဖြင့် အမျက်ရှသွားပြီး ခင်ဦးကိုတိုက်ရန် တပ်များစေလွှတ်လိုက်၏။ သို့ရာတွင် စစ်ရေးစစ်ရာ ကျွမ်းကျင်သော ဦးချစ်ညို၏အစွမ်းကြောင့် ခင်ဦးကိုမရပါချေ။

❦

## ခင်ဦးစား၏ အစွမ်း

ဤနေရာတွင် ခင်ဦးစားဦးချစ်ညို၏ အစွမ်းကိုသိရန် လိုမည် ထင်ပါသည်။ ဦးချစ်ညို၏အစွမ်းနှင့်ပတ်သက်ပြီး မြန်မာမင်းများ အရေးတော်ပုံငါးစောင်တွဲ၌ အောက်ပါအတိုင်းပါရှိ၏။

''ခင်ဦးစားငချစ်ညိုကား ဆင်စီးမြင်းစီး ပြွမ်းတီး၏။ ဓားအိမ်း များရေး ကျွမ်းကျင်၏။ လေးပစ်လုံထိုး အတတ်မျိုးစုံ၏။ အပြီးအစီး အကား၊ အကွယ်လုံခြုံ၏။ တစ်ယောက်ချင်းကို မဆိုထားဘိ၊ တောင်ပုံ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရာပုံကိုသော်လည်းကောင်း မြင်းစီးခြင်းနှင့်ဝင်၍ ဖျက်နိုင်၏။ ရဲစွမ်းသည် ရှိ၏။ စစ်ရိပ်စစ်ခြည် နားလည်၏။''

ဤစာအရ ဦးချစ်ညိုကား ရှေ့ဘိုတစ်လွှားတွင် လက်ရုံးရည် ပြိုင်စံရှားလည်း ဖြစ်ပုံရ၏။ နှလုံးရည်မှာမူကား ဦးအောင်ဇေယျ မီပုံမရချေ။ သို့ရာတွင် ဦးချစ်ညိုသည် ဦးအောင်ဇေယျအား လက်ရုံး ရည်ဖြင့် မကြာခဏ အနှောင့်အယှက်ပေးခဲ့ပုံလည်းရ၏။ အဘယ် ကြောင့်ဆိုသော် ဦးချစ်ညို၏အစွမ်းနှင့်ပတ်သက်၍ ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး၌ အောက်ပါအတိုင်း ပါရှိပြန်၏။

''ခင်ဦးစား လက်ယာ (လကျာ) ပျံချီက မုဆိုးဖိုတပ် အနီးအပါး ချက်တစ်ဖြုတ်လာ၍ ကျွဲနွားများကို သိမ်းယူသောကြောင့် သေနတ် ဝန်မင်းကျော်ပျံချီနှင့် မြင်းနှစ်ဆယ်၊ သူရိန်ဒေဝနှင့် သေနတ်လက် ကောင်း ခုနစ်ဆယ့်ငါး ပေးအပ်ပြီးလျှင် ခင်ဦးတပ်အနီးအပါး ကျွဲနွားများ ကို လိုက်သိမ်းရန် စေတော်မူ၏။ သေနတ်ဝန်မင်းကျော်ပျံချီ၊ မုဆိုးချုံ မင်းလုရွှေတောင်၊ သူရိန်ဒေဝတို့ သွားကြလေရာ ခင်ဦးအရှေ့နှစ်တိုင် အကွာ ကျွန်းချောင်းအရပ်တွင် သေနတ်ကိုင်လူတို့ကို ထားခဲ့၍ မြင်း နှစ်ဆယ်နှင့်သာ ခင်ဦးတပ်သို့ချဉ်းကပ်ပြီး ကျွဲနွားတို့ကို လိုက်ခဲ့သည်။ ခင်ဦးစား လက်ယာပျံချီ မြင်းနှစ်ဆယ်၊ သေနတ်ကိုင် သုံးရာလောက် အပြင်းလိုက်လာသည်တွင် လက်ယာပျံချီအစ်ကို ငချစ်ဝ မြင်းသုံးစီး ရှေ့လွန်၍ရောက်နှင့်သည်ကို ရဲမက်တော်တို့ သေနတ်နှင့် ပစ်လွှတ်လျှင် ငချစ်ဝ ကျည်သင့်၍ကျလေ၏။ ငချစ်ဝခေါင်းကို ရဲမက်တော် ဖြတ်၍ယူခဲ့၏။ ယင်းသို့ကြိုက်တွင် ခင်ဦးစား လက်ယာပျံချီမှ ယောကျာ်းကောင်းသော် ထွက်ခဲ့စေ၊ ငါနှင့် စီးချင်းကစားကြရမည်။ သေနတ်လုလင်တို့ ပွဲကြည့်၍သာနေကာမူဟု လက်ယာပျံချီ ဆိုလျှင် မင်းကျော်ဇညား ထွက်သည်။ ''မြေတ်ထွန်းယော်နှင့် ငါ တိုက်ဖက်မတန် ငါ့လုံသာ သွေးစွန်းတော့မည်'' ဟု လက်ယာပျံချီက ဆို၏။ မုဆိုး ဗိုလ်မင်းလုရွှေတောင် ထွက်သည်ကို ''ထွန်းယော်၊ ငါ့လက်စွဲ





ည့်ကိုင်မှာနေကြသည့် ကာလကပင် နင်သိရင်းဖြစ်သည်။ နင်နှင့် တိုက်ဖက်မတန်'' ဟု ဆိုပြန်၍ ယင်းမာကန်ဗိုလ်၊ ယင်းတောဗိုလ်တို့ မြင်းနှင့်အသီးသီးထွက်ကြ၏။ ''သင်တို့နှင့် မဖက်မပြိုင်လို၊ သေနတ်ဝန် ဆိုသူသာ ထွက်လာပါစေ'' ဆို၍ သေနတ်ဝန်မင်း ကျော်ပျံချီ ထွက်လာ ရာတွင်မှ ''သည်အခါသော် ယောကျာ်းကောင်းချင်း တွေ့ကြရတော့ သည်။ အစ်ကိုတို့တစ်စု ပွဲကြည့်၍သာ နေကာမူ၊ သေနက်ဝန်ဆိုသူ ကောင်းနှင့် ငါတန်စေ'' ဟု ကြုံးဝါးပြီးလျှင် မြင်းကို အကုန်လွှတ်၍ ခြေတစ်ဖက်ထောက်ပြီး ရပ်လျက်စီးသည်။ မတ်တတ်၊ အိပ်လျက်စီး သည်။ ထက်ဝယ်ဖွဲ့လျက်စီးသည်။ မြင်းနံပါးနှင့်ကပ်လျက် စီးသည်။ ဘုံကို လက်ဝဲလက်ယာဘယ်ညာ လှည့်လျက်စီးသည်။ ယင်း သောအခါ သေနတ်ဝန်က လှံမကိုချိန်ဆ၍နေ၏။ ခင်ဦးစား လက်ယာ ပျံချီလည်း မြင်းကို အမျိုးမျိုးအထွေထွေ စီးပြပြီးလျှင် လှံနှင့်လွှတ်သည်။ သေနတ်ဝန်မင်းကျော်ပျံချီ စီးသည့်မြင်းကကို လှံစွဲချေ၏။ ယင်းသို့ နိုက်တွင် ရဲမက်တော်တို့ သေနတ်နှင့် ဖြိုင်ဖြိုင်ထသည်ကို ခင်ဦးစား မြင်လျှင် ''တတိမတည်ကြသည်ကိုကား'' ဟု ဆို၍ ခွာလေ၏။ (ကုန်းဘောင် ဆက် ပ-၅ှာ ၄၈၊ ၄၉)

ဤသို့ အစွမ်းထက်သော ခင်ဦးစား ဦးချစ်ညိုသည် ဦးအောင်ဇေယျနှင့် သင့်မြတ်မှုမရှိသောကြောင့် နောက်ဆုံးတွင် မွန်တို့နှင့် ပေါင်းသွားခဲ့လေသည်။ နောင်အခါတွင် မွန်တို့က မယုံမကြည်ဖြစ်၍ ရှင်စစ်သူကြီး တလပန်းက မွန်ဥပရာဇာထံ ခိုလှုံနေသည့် ခင်ဦးစား ဦးချစ်ညိုအား တောင်းပြီးသတ်လေ၏။ ဤနည်းအားဖြင့် မြန်မာ သူရဲကောင်းတစ်ဦးဖြစ်သော လက်ယာပျံချီဘွဲ့ခံ ခင်ဦးစား ဦးချစ်ညို အား ဝမ်းနည်းဖွယ် ဇာတ်သိမ်းခဲ့ရလေသည်။

ဤနေရာတွင် ခင်ဦးစားနှင့်ပတ်သက်ပြီး စိတ်ဝင်စားဖွယ်ရာ ဖြစ်အပျက်ကလေးတစ်ခုအား တင်ပြလိုပါသေးသည်။

❀



www.burmeseclassic.com

www.burmeseclassic.com



**ချစ်ညိုနှင့် အောင်ဇေယျ ခ်တွေ့ကြရာဝယ်**

ဦးချစ်ညိုနှင့် ဦးအောင်ဇေယျ နှစ်ဦးချင်းတွေ့ကြသည့်ကိစ္စ စီးချင်းထိုးသည့်ကိစ္စကို ရွှေဘိုသား၊ ခင်ဦးသား၊ ရေဦးသားတို့ ခဏခဏ ပြောကြ၏။ ကျွန်တော်လည်း ငယ်စဉ်ကပင် မကြာခဏကြားဖူးခဲ့ ယခု ထိုအကြောင်းကို ကြားဖူးသမျှ ပြန်ပြောင်းပြောလိုပါသေးသည်။

လူတို့မည်သည် ဘုန်းကံပါမှ ရာထူးရာခံရ၏။ ထို့ထက်ပို၍ ဆိုရပါက ရေမြေ့သနင်းပြည့်ရှင်မင်းဖြစ်၏။ ကံမပါသူသည် ဘယ် လောက်တော်တော် ဘယ်လောက်ပင်အစွမ်းထက်ထက် မင်းအဖြစ်သို့ မရောက်ဟု ပညာရှိများက ဆိုကြ၏။

အင်းဝပျက်သောအခါ မင်းလောင်းများပေါ်ခဲ့၏။ အင်းဝမပျက်မီ ဆယ်နှစ်လောက်က ဖိုသုံးဖို တစ်ဖိုမီးတောက်လိမ့်မည်ဟု အတိတ် တဘောင်ရှိခဲ့၏။ ဖိုသုံးဖိုမှာ နဂါးဖိုမှ ရွှေနဂါး၊ မုဆိုးဖိုမှ ဦးအောင်ဇေယျ မတ္တရာအုတ်ဖိုမှ ကျေ့ဂုဏ္ဏအိမ်တို့ ဖြစ်ကြ၏။

အင်းဝကောင်းစားစဉ်ကပင် ထိုတဘောင်ပေါ်နေခဲ့ရာ အင်းဝ မင်းက မင်းလောင်းဆိုသူများအား သတိထားစောင့်ကြည့်နေခဲ့၏။ ထိုအထဲတွင် မုဆိုးဖိုမှ မောင်အောင်ဇေယျနှင့် ခင်ဦးမှ မောင်ချစ်ညိုတို့ ပါဝင်၏။ သူတို့သည် အင်းဝမပျက်မီကပင် မင်းလောင်းဟု သတင်းကြီး နေကြ၏။ မောင်ချစ်ညိုအဖေ ဦးလုံးမှာ အင်းဝမင်းထံတွင် မင်းကြီးစွာ ဟူသောဘွဲ့နှင့် အမှုထမ်းရာ အင်းဝမင်းက ခင်ဦးကိုစားစေ၏။ သား သုံးယောက် မောင်ချစ်ဝ၊ မောင်ချစ်ညို၊ မောင်ချစ်မြဟူ၍ ရှိသည့်အနက် လက်ရုံးရည် အစွမ်းထက်သော သားလတ်မောင်ချစ်ညိုအား လက်ျာဖူးရီ ဘွဲ့ပေးကာ ခင်ဦးကို ဆက်၍စားစေ၏။ ဦးချစ်ညိုသည် မြင်းစီး၊ လှံထိုး ကြိုးပစ်စသော သူရဲကောင်းတို့အတတ်ကို ကောင်းစွာတတ်ကျွမ်း၏။ အရပ်အမောင်း ကောင်း၏။ စွမ်းပကားကြီးမား၏။ မျိုးစပါး ၂ တင်းဆံ့ ကြရသောလယ်ကွက်အား တစ်ယောက်တည်းရိတ်နိုင်၏။ လူငါးယောက်





သာ ထမင်းကိုလည်း တစ်ယောက်တည်း ကုန်အောင်စားနိုင်၏။ သူ၏စွမ်းပကားကို လူအများက အံ့သြချီးမွမ်းကြရ၏။

မင်းလောင်းကိစ္စနှင့်ပတ်သက်ပြီး အင်းဝဘုရင်၏လူယုံ တောင်ငူ ရာဇာခေါ် စဉ့်ကိုင်ဗိုလ်မှူးက ဦးချစ်ညိုနှင့် ဦးအောင်ဇေယျအား ခေါ်တွေ့ စစ်ဆေး၏။ ဦးချစ်ညိုမှာ အရပ်အမောင်းကောင်း၍ စွမ်းပကားကြီးမား သည်မှာ မှန်သော်လည်း အပြောအဆိုမကျွမ်းကျင်၊ ဥပမိရုပ်ကလည်း ကောင်းလှဘဲ ကျောပြင်မှာ ကျောမွဲကြီးဖြစ်၍ မင်းဖြစ်နိုင်ဖွယ်မရှိဟု တောင်ငူရာဇာက သုံးသပ်၏။

ဦးအောင်ဇေယျမှာမူကား ကျောက်ပေါက်မာသက်သက် ရှိ သော်လည်း နေထိုင်ပြောဆိုပုံပြေပြစ်၍ လည်လည်ပတ်ပတ်ရှိ၏။ ဆွေမျိုး အသိုင်းအဝိုင်း တောင့်တင်းသည်ကိုလည်း တွေ့ရ၏။ သူ့ကို မင်းလောင်း ဟု သမုတ်ကြသည်မှာ မလိုသူတို့က ကုန်းတိုက်ချောပစ်ခြင်းသာ ဖြစ်ပါ ကြောင်း လျောက်ပတ်ချေင်စွာ ဖြေဆို၏။ သို့ရာတွင် သူ၏အပြောအဆို၊ အနေအထိုင်၊ အသိုင်းအဝိုင်းအရ မင်းလောင်းဖြစ်နိုင်ချေ ရှိပေသည်။ ထိုသို့ဆိုစေ တောင်ငူရာဇာကမူ "ယတြာကောင်းလျှင် မင်းလောင်း ပျက်သည်" ဟူသော စကားအတိုင်း ဘုရင့်အလိုတော်အရ မုဆိုးဖို ရွှေတန်ဆာဘုရားအနီး၌ ယာယီနန်းတော်တစ်ခုဆောက်၍ ခေတ္တစံမြန်း ကာ မင်းလောင်းပျက်အောင် ယတြာချေလေသည်။

ဤမင်းလောင်းကိစ္စနှင့်ပတ်သက်ပြီး အင်းဝပျက်သောအခါ ဦးချစ်ညို၏မိခင် ဒေါ်ဇံကလားက နက္ခတ်ဗေဒင်တတ်မြောက်သူဖြစ်၍ ရှေ့အလားအလာကို တွက်ချက်ကြည့်၏။ ထို့နောက် ဂူတစ်ဂူတွင် ခြောက်နှစ်ကောင် အောင်း၍မရ၊ ချစ်ညိုနှင့် အောင်ဇေယျအတူနေ၍ မရဆိုပြီး သားဦးချစ်ညိုအား အောက်ပါအတိုင်း ခေါ်ပြောတော့၏။

"ငါ့သား ဤဒေသတွင် မင်းဖြစ်လိုလျှင် မုဆိုးဖိုသား အောင်ဇေယျကို ဦးစွာသုတ်သင်ရမည်။ အောင်ဇေယျကား ကံနိမ့်ခန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



လှသည်။ အောင်ဖေယျကို စောစောကပင် မသုတ်သင်နိုင်သော် နင်မင်းဖြစ်ရေး အတွက်အခက်ကြုံလိမ့်မည်။ သူ့ကိုမရလျှင် အင်းဝသို့ဝင်၍ မွန်တို့ထံသာ ကျွန်ခံလေ့''

ဦးချစ်ညိုကား မိခင်၏ဩဇာကို မလွန်ဆန်နိုင်ချေ။

ဒေါ်ဖံကလားသည် အတွက်အချက်နှင့် ဗေဒင်သာမဟုတ် အခါပေးလည်းကောင်း၏။ မွန်တို့နှင့် အားပြိုင်နေသည့်ကာလ တစ်ရက်တွင် –

''သားမောင်၊ ယနေ့ကား အခါကောင်းသောနေ့ဖြစ်၏ မုဆိုးဖိုသား ငအောင်ဖေယျအား ထွက်၍ဖမ်းလော့၊ မိပါက ကိစ္စတုံး သုတ်သင်လေလော့''

ဟု နေ့သင့်နံသင့် တွက်ချက်ပြီး သားဦးချစ်ညိုကို မုဆိုးဖိုသို့ စေလေသည်။ ဦးချစ်ညိုလည်း ညီမောင်ချစ်မြကို အဖော်ခေါ်၍ မုဆိုးဖိုသို့ ထွက်လေ၏။

ထိုနေ့၌ပင် တိုက်တိုက်ဆိုင်ဆိုင် ဦးအောင်ဖေယျလည်း ဦးချစ်ညိုကို သိမ်းသွင်းစည်းရုံးရန် စိတ်ကူးရသဖြင့် မြင်းစီး၍ မုဆိုးဖိုးခင်ဦးသို့ တစ်ဦးတည်းလာခဲ့၏။ လမ်းတွင် သူတို့နှစ်ဦး ရုတ်တရက် ရင်ဆိုင်မိကြသည်နှင့် ဦးချစ်ညိုက အသင့်ပါလာသည့် ကြိုးကွင်းကို ပစ်ကာ ဦးအောင်ဖေယျကို ဖမ်းလေ၏။ ကြိုးကွင်းက ဦးအောင်ဖေယျ၏ လည်ကို ရစ်ပတ်မိသည်တွင် ဦးချစ်ညိုက အားနှင့်ဆွဲလှဲသဖြင့် ဦးအောင်ဖေယျ လူရောမြင်းပါ လဲလေသည်။ ဦးအောင်ဖေယျသည် လဲရာမှ ချက်ချင်းထပြီးကြိုးကိုဓားနှင့်ဖြတ်ခိုက် ဦးချစ်ညိုက ''သေပေ ရော့ ငအောင်ဖေယျ'' ဟု ဆိုကာ လှံနှင့်ပစ်လေ၏။ ဦးအောင်ဖေယျ ဓားဖြင့် အကာမြန်သဖြင့် လှံလွဲလေသည်။

ဤသည်ကို အတူပါလာသည့် ညီမောင်ချစ်မြက အစ်ကိုဘက်က ကူညီရန် အပြေးလာသည်၌ အနီးနားရှိ ထန်းပင်ထက်မှ ထန်းသမား





''ဟယ်၊ တစ်ဦးချင်း အစွမ်းပြိုင်နေသည်ကို နင်က ဘောက်မဲ့ကြောင့် ကူရမည်လဲ''ဟု ဆိုကာ ထန်းပင်ထက်မှ ဆင်းသက်ပြီး ချစ်မြ၏ လည်ပင်းကို အားကုန်သွန်၍ညှစ်လေ၏။ ထန်းသမားမှာ အလွန် အားကောင်းမောင်းသန်ဖြစ်ရကား ချစ်မြ မခံနိုင်ချေ။ ထို့ကြောင့် –

''အစ်ကိုရေ ကယ်ပါဦး'' ဟု ကျူး၍အော်သည်တွင် ဦးချစ်ညိုက ဦးအောင်ဖေယျကိုလွှတ်ပြီး ညီထံပြေး၍ကူလေသည်။ ထန်းသမားသည်း ချစ်မြကိုလွှတ်ကာ ပြေးလေ၏။ ဦးအောင်ဖေယျလည်း တစ်ယောက်နှင့် နှစ်ယောက်ဖြစ်၍ အခြေအနေကိုသုံးသပ်ပြီး မြင်းကို အပြင်းစီးကာ ထိုနေရာမှ အဆောတလျင် ခွာသွားလေတော့သည်။

ခင်ဦးသို့ ဦးချစ်ညိုတို့ ညီအစ်ကို ပြန်ရောက်သောအခါ မိခင် ဒေါ်ဖံကလားက –

''နင်တို့ အောင်ခဲ့၏လော'' ဟု မေး၏။

ဦးချစ်ညိုက –

''ကျွန်တော်နှင့် အောင်ဖေယျ အတွေးတွေးအလုံးလုံးဖြစ်ပြီး အောင်ဖေယျလဲပြိုသွားစဉ် လက်စတုံးရန် ဓားထုတ်ခိုက် ညီချစ်မြအား ထန်းသမားက လည်မျိုညှစ်မြီးသတ်သဖြင့် ကူညီရန်သွားမိပါသည်။ ထိုအချိန်မှာပင် အောင်ဖေယျ မြင်းစီးပြီးအပြင်းခွာသွား၍ လွတ်သွားပါသည်။ မအောင်မြင်ခဲ့ပါ''

ဟု ပြန်ပြော၏။

ထိုအခါ ဒေါ်ဖံကလားက –

''ဟယ် ချစ်ညို၊ နင်မှားခဲ့ပြီ၊ ရှင်ဘုရင်လုပ်မည့်သူသည် ညီဟူ၍ အမှတ်ထားရသလော၊ ညီဆိုသည်မှာ တောဒီ ငါ့ဝမ်းဗိုက်ရှိသမျှ အချိန်မရွေးရနိုင်သည်'' ဟု ထဘီကိုခါ၍ ဗိုက်ကို ပုတ်၍ဆို၏။

''ညီက ကယ်ပါဟုဆို၍ ကျွန်တော် သတိလစ်ပြီး သွားကူမိပါသည်''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ ဘုန်းကြီးလာလှူတဲ့ ဝါးချက်ရွာနားက ဇရပ်ဟောင်းကြီးတစ်ဆောင်နဲ့ မြေလေးကိုပြင်ပြီး ဆေးပေးခန်းလေး စလုပ်ဖြစ်တာပါပဲ။ ဒါ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်ကပေါ့၊ မန္တလေးက ဒကာ၊ ဒကာမတွေက ဆရာဝန် ဆရာမတွေရဖို့ ကူပါတယ်။ ဆေးရုံနာမည်ကတော့ ဝါးချက်ဖီဝိတဒါနအခမဲ့ သံဃာ့ဆေးရုံပေါ့"

"နောက်တော့ သဒ္ဓါပေါက်သူတွေရှိလာတော့ ဝိုင်းလှူဝိုင်းကူကြတာနဲ့ ခုတင်ငါးဆယ်ဆံ့ဆေးရုံ ဆောက်နိုင်တယ်။ ၁၉၈၇ မှာ ပန္နက်တင်တယ်။ ၁၉၈၈ မှာ အုတ်မြစ်ချတယ်။ ၁၉၉၀ မှာ ဆေးရုံဖွင့်နိုင်ခဲ့ပါတယ်"

ဆရာတော်ဦးလက္ခဏက ကျွန်တော်တို့ ဇနီးမောင်နှံအား ဝါးချက်ဖီဝိတဒါနသံဃာ့ဆေးရုံအား လိုက်လံပြသ၍ အထက်ပါအတိုင်း အမိန့်ရှိပါ၏။

ဆေးရုံမှာ သုံးထပ်တိုက်ဖြစ်၍ အတော်ပင် အဆင့်အတန်းမြင့်ပါသည်။ အင်္ဂလိပ်ဆေးသာမက တိုင်းရင်းဆေးဝါးများဖြင့်လည်း ကုပေး၏။ ထို့ကြောင့် အင်္ဂလိပ်ဆေးမကြိုက်ဘဲ မြန်မာဆေးသာ မှီဝဲလိုသူများအဖို့ အလွန်အဆင်ပြေသည်ဟု ဆိုကြ၏။

ဆေးရုံကြီး အရှည်တည်တံ့နိုင်ရေးအတွက် ကြီးကြပ်ရေးအဖွဲ့၊ ထောက်ပံ့ရေးအဖွဲ့များ ဖွဲ့စည်းခဲ့ရသည်။ ဝန်ထမ်းများခန့်ထားရသည်။ လုပ်အားဒါန ပြုလိုကြသည့် ဆရာဝန်ကြီးများ၏ လုပ်အားဒါနကို ကြိုဆိုရသည်။ လာရောက်ကုသသည့် ဝေဒနာရှင်များမှာ ရဟန်းသံဃာ သီလရှင်များနှင့် ယောဂီများသာမက အနီးအနားတစ်ဝိုက်မှ ရွာသူရွာသားများပါ ပါဝင်၏။ ဒေသခံရွာသူရွာသားများကိုတော့ အလွန် သက်သာသော ဆေးဖိုးဝါးခများဖြင့် ကုသပေး၏။ ထို့ကြောင့် ဆေးရုံကြီး၏တာဝန်မှာ မသေးလှပါ။

"ဆရာတော့်ဆေးရုံက အတော်ကြီးပါတယ်။ နိုင်နင်းဖို့တော့ အတော်ကြိုးစားရမယ် ထင်ပါတယ်"



"ကြီးကြပ်ရေးအဖွဲ့တွေ၊ ထောက်ပံ့ရေးအဖွဲ့တွေ၊ အုပ်ချုပ်ရေးအဖွဲ့တွေ၊ ဆရာတော်သံဃာတော်တွေ၊ ဒကာဒကာမတွေ လုပ်အားအလှူဒါနပြုသူတွေရဲ့ ဝိုင်းဝန်းလုပ်ဆောင်မှုကြောင့် နိုင်နိုင်နင်းနင်းရှိပါတယ်။ နိုင်ငံတော်ကလည်း ပံ့ပိုးပါတယ်။ ပြည်ပနိုင်ငံတွေကလည်း ပံ့ပိုးကြတာ ရှိပါတယ်။

ဆရာတော်၏ ကျေးဇူးချောင်သို့ တရားလာအားထုတ်သည့် ပြည်ပယောဂီများမှလည်း လှူကြတန်းကြသည်ဟု သိရ၏။ ဆရာတော်၏ ပြည်ပနိုင်ငံများရှိ ဒကာ၊ ဒကာမများကလည်း လှူကြတန်းကြသည်ဟု ဆို၏။

အားရစရာ၊ အားကျစရာ ကောင်းလှပါသည်။

ဆေးရုံကြီးအတွင်း လှည့်ပတ်ကြည့်ရှုရင်း ဆေးရုံ အဝင်ဝရှိ အောက်ပါစာသားများကိုလည်း ဖတ်ရှုခဲ့ရ၏။

❀

**ဝါးချက်ဖီဝိတဒါန သံဃာ့ဆေးရုံ အထွေထွေ ဆေးကုသခြင်း**

ဤဝါးချက်ဖီဝိတဒါန သံဃာ့ဆေးရုံသို့ အနယ်နယ် အရပ်ရပ်မှ လာရောက်ကုသမှု ခံယူကြသော ရဟန်းရှင်လူ ဂိလာနပုဂ္ဂိုလ်များအား ရောဂါအမျိုးအစား အနုအရင့်ကို အောက်ပါ စစ်ဆေးစမ်းသပ်ချက်များနှင့် စစ်ဆေးကုသပါသည်။

(၁) ဓာတ်မှန် (X-rays) ရိုက်ခြင်း။

(၂) ဓာတ်ခွဲ (Labortory tests) ဆီး၊ ဝမ်း၊ သွေး၊ သလိပ် စစ်ဆေးခြင်း၊

(၃) နှလုံးတိုင်းစက် (ECG) ဖြင့် နှလုံးစစ်ဆေးခြင်း၊

(၄) တီဗွီဓာတ်မှန် (Ultra-Sound) ရိုက်၍ စစ်ဆေးခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးချစ်ညိုက ပြောသည့်အခါ–

"အခုလို အခါကောင်းတွင်မှ အောင်ဇေယျကို နင်မရလျှင် သူ့ကို နောက်ထပ်ကြိုးပမ်း၍ နင်မရနိုင်တော့၊ တစ်ကိုယ်ချင်းလည်း မခုခံလေနှင့်၊ သူ့ကို နင်မနိုင်၊ သို့ဖြစ်၍ မနက်ဖြန် အင်းဝသို့သွား၍ မွန်တို့ထံသာ ခိုဝင်လော့"

ဟု ပြောတော့သည်။

မိခင်၏စကားအတိုင်း ဦးအောင်ဇေယျကို ကြံစည်ရာ မအောင်မြင်သဖြင့် ဦးချစ်ညိုနှင့် ညီမောင်ချစ်မြ အဖဦးလုံးတို့သည် မွန်တို့ထံ ခိုဝင်လေတော့၏။ နောင်တွင် ဦးချစ်ညိုအား စိတ်မချဟု အကြောင်းပြ၍ မွန်စစ်သူကြီးတလပန်းက ကွပ်မျက်ခဲ့၏။ နှမြောဖွယ်ပင်။

ယခုဖြစ်စဉ်၌အချို့က ထန်းပင်ပေါ်မှဆင်းလာသည့် ထန်းသမားမှာ လူမဟုတ်။ ဘုန်းရှင်ကံရှင် ဦးအောင်ဇေယျအား မင်းဖြစ်အောင် စောင့်ရှောက်ကူညီနေသည့် နတ်ဒေဝတာပင် ဖြစ်သည်ဟု ဆိုကြ၏။ မည်သို့ဆိုစေ ဦးချစ်ညိုလက်ချက်ဖြင့် ဦးအောင်ဇေယျ အသက်မသေ၍သာ တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ခြင်းပင်။ မင်းဖြစ်မည့်ကံဇာတာ ပါသူအား အလွယ်နှင့်သတ်၍ မရသည်ကို သမိုင်းအထောက်အထားတစ်ခုအနေဖြင့် တွေ့ရပါ၏။

ဤကိစ္စနှင့်ပတ်သက်ပြီး မဆီမဆိုင် ကျွန်တော်တို့အညာဒေသ ရွှေဘို၊ ရေဦးမှ စာချိုးကလေးတစ်ခုကို မြေး၍သတိရမိပါသေးသည်။ ထိုစာချိုးကလေးကား –

**– ခိုးမယ့်သူက ကြောင်ကလေးနဲ့။**

ကြောင်ကလေးဆိုသည်မှာ မျက်လုံးအတွင်း မျက်နက်အပြင် မျက်ဝန်းအဖြူထဲ၌ အမည်းစက်ကလေးပါခြင်းကို ဆိုလိုပါသည်။ ထိုအမည်းစက်ကလေးမှာ ကြောင်မျက်လုံးနှင့်တူ၏။ အင်းဝခေတ်က နာမည်ကျော် သူခိုးကြီးတောက်ပြားတွင် ထိုကြောင်အစက်ကလေးပါသည်ဟု ကြားဖူး၏။





**– ခါချဉ်ဖွဲ့အစ်မယ့်သူက ချောင်ကလေးနဲ့။**

ခါချဉ်ဖွပ်ပါက ပုံးထဲ၌ရေထည့်ပြီး ခါချဉ်ထုပ်ကို ခါချရ၏။ ခါချဉ်အကောင်များ ရေပေါ်ကျန်ခဲ့ပြီး ဥများရေအောက်ရောက်သွား၏။ အကောင်ကိုဖယ်ပြီး ဥကိုယူရပါသည်။ ဤသည်ကို ခါချဉ်ဖွပ်သည်ဟု ဆိုပါသည်။ ကျွန်တော်တို့အရပ်က ပုံးကို ချောင်ဟုခေါ်၏။

နောက်ဆုံးစကားမှာကား –

**– မင်းဖြစ်မယ့်သူက သျှောင်ကလေးနဲ့** ဟူသတည်း။

ရှေးခေတ်က သျှောင်ထုံးရှိမှ မင်းလုပ်၍ရပါသည်။ ထို့ကြောင့် မင်းဖြစ်မယ့်သူက ငယ်စဉ်ကပင် သျှောင်ကလေးနဲ့ဟု စာချိုးထားခြင်း ဖြစ်ပါသည်။

ကြည့်၊ မင်းဖြစ်မယ့်သူက ငယ်ဘဝမှာပင် သျှောင်ကလေးနဲ့ပါတကား။

ခင်ဦးနှင့်ပတ်သက်ပြီး ဆက်စပ်တွေးမိသော ကျွန်တော်၏ အတွေးများပါခင်ဗျား။

၆–၉–၂၀၀၄

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

## ငယ်ဘဝက ကျွန်တော့်ဆရာများ

ကျွန်တော့်တွင် အများသူငှာလိုပင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ များစွာရှိခဲ့ပါ၏။ အရပ်သားဘဝကဆရာ၊ စစ်သားဘဝက ဆရာ၊ လုပ်ငန်းဆောင်တာများအတွက်ဆရာ၊ အနုပညာကိစ္စများ အတွက်ဆရာ၊ စီးပွားရေးကိစ္စများအတွက်ဆရာ ဆရာတွေ များလှ ပါ၏။ သို့ရာတွင် လူတို့၏ သဘောသဘာဝအရ ငယ်စဉ်တောင်ကျောင်း ကလေးဘဝက ဆရာများကို ပိုမှတ်မိကြ၏။ ကျွန်တော်လည်း ထိုနည်း အတူပင်။

ကျွန်တော် ကျောင်းစနေစဉ်မှ တက္ကသိုလ်ဝင်တန်းအောင်သည် အထိ စာသင်ပေးခဲ့ကြသော ဆရာများကို ပိုမှတ်မိ သတိရနေသည်။ သူတို့သည် ကျွန်တော်၏ ဘာမှမရှိသေးသောရင်တွင် စွဲထင်ခဲ့ကြ၏။ သို့ရာတွင် ထိုဆရာများအကြောင်းကို အမှတ်တရ ကျွန်တော်ရေးခဲ့ဖူးတာ ရှိ။ ကျွန်တော့်ဘဝအစပိုင်းဖြစ်သည့် ''မူးမြစ်မှသည် ရောဝတီ'' ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်၌ တက္ကသိုလ်တွင် ကျွန်တော်ကြုံခဲ့ သည့် တက္ကသိုလ်ဆရာများအကြောင်း တစေ့တစောင်းကိုသာ ဖော်ပြခဲ့မိ၏။ ငယ်ဆရာများ အကြောင်းရေးရန် ကျွန်တော့်၌ ကြွေးတင် ကျန်နေသည်။ ထိုကြွေးကို ဆပ်ရန်အတွက် ယခု ကျွန်တော် ကလေး ဘဝ ကျောင်းစနေစဉ်မှစ၍ တက္ကသိုလ်ဝင်တန်းအောင်သည်အထိ



www.burmeseclassic.com

www.burmeseclassic.com



ကြုံခဲ့ဆုံခဲ့သော ဆရာများအနက် ကျွန်တော့်အတွေးစဉ်တွင် အမှတ်ထင်ထင်ရှိနေသေးသည့် ဆရာများအား အတွေးပုံရိပ် အတိတ်ဟိုဆီ အနေဖြင့် ဖော်ပြလိုက်ရပါသည်ခင်ဗျား။

❀

**ဆရာကြီး ဦးမောင်မောင်**

၁၉၆၁-ခုနှစ်၊ နှစ်ဆန်းစ အညာဒေသ ရေဦးမြို့ကလေး၏ ဆောင်းအကုန် နွေအကူးကာလ။

တိတိကျကျဆိုရပါက ဇန်နဝါရီကုန်ပြီး ဖေဖော်ဝါရီဆန်းစ။

ကျွန်တော်သည် တက္ကသိုလ်ဝင်တန်းအောင်မြင်ရေးအတွက် သန္နိဋ္ဌာန်စိတ်ဖြင့် စာကိုအသည်းအသန် ကြိုးစားနေ၏။ ထို့ကြောင့် နေ့မအား ညမနား စာကျက်သည်။ ရေးသည်။ တွက်သည်။ ချက်သည်။ အင်္ဂလိပ်စာမှလွဲ၍ ကျန်ဘာသာရပ်များအတွက် အတော်ပင် ပြင်ဆင်ပြီးနေပေပြီ။ အင်္ဂလိပ်စာကတော့ အခြေအနေမကောင်းပါ။ အများတကာလို အင်္ဂလိပ်စာကျူရှင်လည်း မနေနိုင်သူမို့ အခက်တွေ့နေ၏။ တက္ကသိုလ်ဝင်တန်းဖြေမည့်သူ အတော်များများကတော့ အင်္ဂလိပ်စာကျူရှင်ယူကြသည်။

ကျွန်တော်နေသည့် ရေဦးမြို့ကလေး၌ ၁၉၅၀-ခုနှစ်လောက်ကတည်းက အင်္ဂလိပ်စာကျူရှင်ကျောင်းကလေးများရှိသည်။ ဦးအုန်းမြ၊ ဦးလှဆောင်၊ ဦးဘရင်၊ ဦးသန်း၊ ဒေါ်သိန်း စသူတို့ပင်တည်း။

ကျောင်းလခမှာ တစ်လ တစ်ကျပ်နှစ်ကျပ်သာ ပေးရ၏။ ထိုကျူရှင်ကျောင်းလေးများမှာ မြို့မြောက်ဖျားတွင် ရှိကြ၍၊ မြို့လယ်ရပ်ကွက်များက ဆရာဦးခင်မောင်ရီ၏ O.K အလွတ်ပညာသင်ကျောင်း၌ အင်္ဂလိပ်စာကျူရှင်ယူကြ၏။





တက္ကသိုလ်ဝင်တန်းအောင်မြင်ရေးအတွက် အင်္ဂလိပ်စာကျူရှင် ယူချင်သော်လည်း လစဉ်ကျောင်းလခကို အရီးထံမှ တောင်းရမှာ မတောင်းရက်ခြင်း၊ တူအရီးနှစ်ယောက်သာ အတူနေကြရာ ထမင်းချက်၊ ဈေးရောင်းဖြင့် အလုပ်များအလွန်များပြားလှပြီး အချိန်ပိုမရှိခြင်းတို့ကြောင့် အင်္ဂလိပ်စာကျူရှင် မယူနိုင်ခဲ့ပါ။ သို့ရာတွင် တက္ကသိုလ်ဝင်တန်း ကိုလည်း အလွန်အောင်ချင်လှပါ၏။

''ဖေဖော်ဝါရီတစ်လလုံး ဆရာကြီးဦးမောင်မောင်က အင်္ဂလိပ်စာ အချိန်ပိုသင်ပေးမယ်တဲ့၊ ကိုယ့်ကိုယ်ကိုယ် ဆယ်တန်းအောင်မယ်ထင်တဲ့ ဘယ်သူမဆို လာတက်နိုင်တယ်တဲ့''

ဖေဖော်ဝါရီလဆန်း ဆယ်တန်းကျောင်းသားများအတွက် ကျောင်းနောက်ဆုံးဖွင့်သည့်နေ့က အတန်းထိန်းမော်နီတာ ကိုငြိမ်းမောင်က တစ်တန်းလုံးကြားအောင် ကြေညာပေးသည်။

''ဟာ၊ ကျောင်းအုပ်ကြီးကိုယ်တိုင် အင်္ဂလိပ်စာ သင်ပေးမှာတဲ့''

ကျွန်တော် အလွန်ဝမ်းသာသွားသည်။ ကိုယ်က အင်္ဂလိပ်စာ အလွန်ညံ့နေသူ။ ထို့ကြောင့် ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင် ကိုယ်တိုင်သင်မည့် အင်္ဂလိပ်စာအထူးပို့ချချက်များကို မပျက်မကွက် တက်ရပေလိမ့်မည်။

❀

ဤနေရာတွင် ကျွန်တော်တို့ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင် အကြောင်းကို အတန်ငယ် ကြိုတင်ရှင်းပြလိုပါသည်။ ဆရာကြီးသည် မြန်မာစစ်စစ်မဟုတ်ပါ။ အင်္ဂလိပ်သွေးပါသည့် ကပြားဖြစ်၏။ ထို့ကြောင့် အင်္ဂလိပ်စာအလွန်တော်၏။ သို့ရာတွင် ကပြားတို့ထုံးစံအတိုင်း အလွန်မြန်မာဆန်လှ၏။ အမြဲတမ်း ကျောင်းဝတ်စုံ ခဲရောင် အပြာအောက်ခံတွင် အဖြူစင်းပုဆိုးနှင့် ကော်လာလည်ကတုံး အင်္ကျီအဖြူပေါ်တွင် တိုက်ပုံအဖြူကို ထပ်ဝတ်ထားလေ့ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအဝတ်အစားမှလွဲ၍ ကျန်အဝတ်အစားများအား ဆရာကြီး ဝတ်လေ့ဝတ်ထမရှိ။ မျက်နှာထားကလည်း အင်္ဂလိပ်သွေးပါသူမို့လား မသိ။ အမြဲတမ်း ခပ်တည်တည် ခပ်တင်းတင်းနှင့် စကားလည်း အလွန် နည်း၏။

၁၉၅၅–ခုနှစ်တွင် ကျွန်တော်တို့ ရေဦးမြို့ကလေးသို့ ခေတ္တ အထက်တန်း ကျောင်းအုပ်ကြီးအဖြစ် ဆရာကြီးဦးမောင်မောင် ရောက်လာသည်။ ထိုစဉ်က ဆရာကြီးမှာ အသက်အစိတ်သာသာ ခန့်သာ ရှိဦးမည်ထင်ပါသည်။ ဆရာကြီးအရင် ကျောင်းအုပ်ကြီးမှာ စာရေးဆရာကြီး စစ်ကိုင်းဦးဘိုးသင်း၏သမက် ဦးသန်းမြင့် ဖြစ်၏။ ဦးသန်းမြင့်သည် ရေဦးတွင် အထက်တန်းကျောင်းအုပ် ငါးနှစ်ခန့်လုပ်ပြီး ရာထူးတက်၍ ပြောင်းသွားသည်။ နောင်တွင် ရန်ကုန်၌ အထူးပညာ မင်းကြီးတာဝန်ထမ်းဆောင်ပြီး ၁၉၈၀ လောက်၌ ပင်စင်ယူသွားသည်ဟု သိရပါသည်။ ပြောင်းချိန်တွင် အသက် ၄၀ ခန့်ရှိပြီ။

ဦးသန်းမြင့်က အသက် ၄၀ ခန့်ရှိ၍ ဦးမောင်မောင်က အသက် ၃၀ ပင် မပြည့်သေးသူမို့ ရေဦးသူပျိုဖြူများက–

''ဟယ်၊ နောက်ပြောင်းလာတဲ့ ကျောင်းအုပ်ကြီး အသစ်ကလေး က ငယ်ငယ်ကလေးဟဲ့၊ ဗမာလည်း မဟုတ်ဘူး၊ ခပ်ချောချော နဲ့ ချစ်စရာ အင်္ဂလိပ်ကလေး၊ လူပျိုတဲ့''

ဟု ပြောကြပြီး အလွန်လည်း စိတ်ဝင်စားကြသည်။

သို့ရာတွင် ကြာကြာစိတ်ဝင်စားချိန်မရလိုက်ပါ။ ဆရာကြီးသည် ၁၉၅၆၊ ကျွန်တော် စတုတ္ထတန်းအောင်၍ ပဥ္စမတန်းရောက်သည့်နှစ်၌ BED တက်ရန် ရန်ကုန်သို့ ပြန်လည်ထွက်ခွာသွား၏။ ကျွန်တော် သတ္တမတန်းရောက်မှ ရေဦးသို့ ပြန်ရောက်လာသည်။ ဒီတစ်ခါတော့ ခေတ္တကျောင်းအုပ်ကြီးမဟုတ်ပါ။ B.A.BED အောင်ပြီးဖြစ်၍ တကယ့် ကျောင်းအုပ်ကြီးအစစ် ဖြစ်သွားပါပြီ။ ပညာစုံသွားပါပြီ။ ပညာစုံ



သာမက ဆရာကြီး ဒီတစ်ခါ ရေဦးပြန်ရောက်လာတော့ ကြင်ရာပါ ပါလာ၏။

ဆရာကြီးကတော်မှာ အသက်နှစ်ဆယ်ပင် ပြည့်အံ့မထင်ပါ။ အတော်ငယ်ပါသေးသည်။ ရုပ်ကတော့ အလွန်လှ၏။ ကျွန်တော်တို့ ငယ်ငယ်ကကြည့်ဖူးသည့် ရုပ်ရှင်မင်းသမီး မေရှီမြင့်ပုံစံမျိုးပင်။ ယခု ခေတ် ကိုရီးယားမင်းသမီးများဒီဇိုင်းဟု ဆိုရမည်ထင်၏။ ဆရာကြီး ကတော့ အဖြူသွေးပါ၍ အရုပ်ကခပ်မြင့်မြင့်၊ အသားကခပ်ဖြူဖြူ ဆံပင်များကလည်း ရွှေဝါရောင်ခပ်သမ်းသမ်းမို့ အမေရိကန် မင်းသား ကြီး Richard Gere ရစ်ချပ်ဂီယာရုပ်မျိုးဟု ဆိုနိုင်ပါ၏။

ဆရာကြီးနှင့် ဆရာကတော်တို့သည် မြင်းမူဇာတိများဖြစ်ကြ သည်။ ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရခါစ မြင်းမူတွင် အထက်တန်းပြဆရာ ဝင်လုပ်သော ဆရာဦးမောင်မောင်နှင့် အိမ်နီးချင်း အထက်တန်း ကျောင်းသူလေး မထွေးထွေးတို့သည် ဆရာက တပည့်အိမ်သို့ မကြာခဏသွားပြီး စာသင်စာပြပေးရင်းဖြင့် အလွန်ရင်းနှီးသွားကြ၏။ ဆရာတပည့်မှသည် ကြိုးချင်းထား ကြိုးချင်းငြိ၊ အိုးချင်းထား အိုးချင်း ထိကာ–

''ကိုကိုမောင်ရေ''

''ထွေးရေ'' ဖြစ်ကုန်ကြ၏။

ထို့နောက် ဆရာကြီး ရေဦးရောက်လာ၏။ တစ်နှစ်၊ နှစ်နှစ်ခန့် နေပြီး ရန်ကုန်ပြန်၍ BED တက်၏။ သင်တန်းဆင်းတော့ ကိုကိုမောင် နှင့်ထွေးထွေးတို့ အာဝါဟဝိဝါဟ ဆင်ယင်ကျင်းပကာ ဆင်ပြောင်ကြီး သွားရာ ဆင်မယဉ်သာကလေး လိုက်ပါလာ၏။

ကျွန်တော် တက္ကသိုလ်ဝင်တန်းရောက်ချိန်၌ ဆရာကြီးတို့ဇနီး မောင်နှံ၌ သမီးကလေးနှစ်ယောက် ရှိနေပါပြီ။ ကလေးများထိန်းရန် အတွက် ဆရာကတော်၏ ညီမဝမ်းကွဲတစ်ယောက်နှင့် မောင်ဝမ်းကွဲ တစ်ယောက်လည်း ရှိ၏။ မောင်ဝမ်းကွဲမှာ ကျွန်တော်တို့နှင့် ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



နေဖက်ဖြစ်ပြီး ကိုကျော်မြိုင်ဟု ခေါ်၏။ သူသည် ကျွန်တော့်သူငယ်ချင်း ဘိုကြည်နှင့် အလွန်ခင်ရာ ဘိုကြည်ကြောင့် ကျွန်တော်နှင့်ပါ ရင်းနှီးသွား၏။ ထို့ကြောင့် တက္ကသိုလ်ဝင်တန်းရောက်သည့်နှစ်၌ ကျွန်တော်သည် ဘိုကြည်နှင့်အတူ ဆရာကြီးတို့အိမ်သို့ ကိုကျော်မြိုင်၏ ဖိတ်ခေါ်ချက်အရ လေးငါးခေါက် ရောက်ဖူးနေပါပြီ။ ဆရာကြီးနှင့်လည်း အထိုက်အလျောက် မျက်မှန်းတန်းမိနေ၏။ ဆရာကတော်နှင့်ကား ကလေးကူထိန်းပေးရင်း အတော်ပင်ခင်မင်နေပါပြီ။

ဆရာကတော်မမထွေးက သူ့မမောင်၏ သူငယ်ချင်းများ ဖြစ်သော ကျွန်တော်နှင့် ဘိုကြည်တို့အား–

"မောင်ဘိုကြည်နဲ့ မောင်သောင်းဝေတို့ရေ၊ အားတဲ့အခါ မမထွေးတို့အိမ် မကြာမကြာ လာလည်ကြနော်၊ မင်းတို့ဆရာကြီး ကြောက်ပြီး မလာဘဲမနေကြနဲ့"

ဟု ဖိတ်ခေါ်တတ်၏။

ကျွန်တော်တို့ကလည်း ဆရာကြီးအိမ်ရောက်လျှင် ချစ်စရာ ကောင်းလှသော ဆရာကြီးသမီးလေးများကို ပွေ့ကြချီကြနှင့် ကလေး ထိန်းအလုပ်အား ပျော်ပျော်ကြီးလုပ်လေ့ရှိ၏။ ကျွန်တော်တို့ သူငယ်ချင်း နှစ်ယောက်လုံးမှာ တစ်ကောင်ကြွက်များမို့ အဖော်အလွန်ခင်လေသည်။ ကလေးထိန်းလည်း ဝါသနာပါ၏။

ဤသို့ ဆရာကြီးနှင့်မျက်မှန်းတန်းမိချိန်သည် ကျွန်တော် တက္ကသိုလ်ဝင်တန်း တစ်ကြိမ်တည်းနှင့် အောင်အောင်ဖြေဖို့ အသည်း အသန်ကြိုးစားချိန် သွားဆုံနေ၏။

ထို့ကြောင့် ဆရာကြီး၏ အင်္ဂလိပ်စာ အချိန်ပိုအထူးသင်တန်းကို ကျွန်တော် အလွန်တက်ချင်လှပါ၏။ ဆရာကြီးသည် ကျောင်းအုပ်ကြီး ဖြစ်သော်လည်း ကျောင်းအုပ်ချုပ်ရေးကိစ္စနှင့် အခြားဗာဟီရများကြောင့် စာကောင်းကောင်း မသင်နိုင်ပါ။ ကျွန်တော်တို့ တက္ကသိုလ်ဝင်တန်း ကျောင်းသားများ၏ နေ့စဉ် Time Table အချိန်စာရင်း၌ တစ်ပတ်





နှစ်ကြိမ်၊ သုံးကြိမ် အင်္ဂလိပ်စာသင်ရန် ဆရာကြီးအမည်ပါသော်လည်း ပုံမှန် ဆရာကြီးစာလာမသင်နိုင်ပါ။ ဆရာကြီးကိုယ်စား ဆရာမ ဒေါ်ကင်းမြ၊ ဆရာဦးစံရွှင် စသည့် အင်္ဂလိပ်စာပြဆရာ၊ ဆရာမများက မကြာခဏ ဝင်သင်ရသည်ကများပါ၏။ ဆရာကြီးကား ကျောင်းကိစ္စများ သာမက မြို့အုပ်ချုပ်ရေးကိစ္စများ၊ ရပ်ရေးရွာရေးကိစ္စများတွင်ပါ ပါဝင်ဆောင်ရွက်နေရသည်ဟု ကြားသိရပါသည်။

ယခု စာမေးပွဲကြီးနီးချိန်၌ ဆရာကြီးကိုယ်တိုင် အင်္ဂလိပ်စာ အချိန်ပို သင်ပေးတော့မည်။ မပျက်မကွက် ကျွန်တော်တက်ပါမည်။

ဆရာကြီး၏ အင်္ဂလိပ်စာ အချိန်ပိုအထူးသင့်တန်း သွားတက် သည့်နေ့မှာပင် ကျွန်တော့်အတွက် အမှတ်တရလေးတစ်ခု ဖြစ်ခဲ့ရ၏။ ဖြစ်ပုံက ဒီလိုပါ ခင်ဗျာ။

✿

ထိုနေ့က အတူနေအရီး နေမကောင်းသဖြင့် အိမ်အလုပ်များ ရှုပ်သွား၏။ ကျောင်းချိန်မမီမှာစိုးသဖြင့် အိမ်မှကျောင်းသို့ ရေပင်မချိုး နိုင်ဘဲ အပြေးအလွှားထွက်ခဲ့ရ၏။ အပေါ်အင်္ကျီလေးပင် မဝတ်မိခဲ့။ ကျောင်းရောက်တော့ နောက်ဆုံးတန်းမှာ ခပ်ကုပ်ကုပ်လေး ဝင်ထိုင် နေမိသည်။ ခဏအကြာ ဆရာကြီးဝင်လာသည်။

"မင်္ဂလာပါ ဆရာကြီး"

"အေး၊ မင်္ဂလာပါကွ၊ ထိုင်ကြ"

"ဟေ့ ဟိုနောက်ဆုံးခုံက ထိုင်နေတဲ့ကျောင်းသား၊ မင်း သောင်းဝေမဟုတ်လား၊ ထစမ်း"

ဆရာကြီးက အခန်းထဲဝင်လျှင်ဝင်ချင်း အားလုံးကို ဝေ့ကြည့်ပြီး ကျွန်တော့်ကို ထခိုင်းလိုက်သည်။

"မင်းတို့အားလုံး သောင်းဝေကိုကြည့်ကြ၊ စွပ်ကျယ်ချိုင်းပြတ် ကလေးနဲ့ ကျောင်းအုပ်ဆရာကြီးရဲ့အတန်းကို လာတက်တာ Very



www.burmeseclassic.com

www.burmeseclassic.com



Rude သိပ်ရိုင်းတယ်ကွ၊ အဲဒီလိုမလုပ်ကြနဲ့၊ မင်းတို့အားလုံးမှတ်ထား တက္ကသိုလ်ဝင်တန်းတောင် ရောက်နေပြီ၊ မကြာခင်မှာ တက္ကသိုလ် ရောက်ပြီး Ladies & Gentlemen လို့ အခေါ်ခံကြရတော့မှာ၊ ကိုယ့်ကိုယ် ကိုယ် တန်ဖိုးရှိအောင်နေ၊ ဘယ်တော့မှ အခုလို အောက်ကျနောက်ကျ မလုပ်နဲ့၊ သောင်းဝေလည်း မှတ်ထား၊ နောက်ဘယ်တော့မှ ဒီလို မဖြစ်စေနဲ့ ကြားရဲ့လား''

''ဟုတ်ကဲ့ပါ ဆရာကြီး''

ဆရာကြီးသည် လေအေးကလေးနှင့် ကျွန်တော့်ကို အကြောင်း ပြု၍ တစ်တန်းလုံးအား ဆုံးမစကားပြောပါလေတော့သည်။

ကျွန်တော်ကလည်း ကျွန်တော်ပါပေ။ Private Study ဆိုပြီး အိမ်မှ အပြေးအလွှား အလုပ်ကြားမှထွက်ခဲ့ရာ တစ်ထည်နှစ်ထည်သာ ရှိသည့် အပေါ်အင်္ကျီကို မဝတ်ခဲ့မိ။ စွပ်ကျယ်ချိုင်းပြတ်ကလေးနှင့် ပြေးထွက်ခဲ့မိ၏။ ကျောင်းမမီမှာစိုးတာလည်းပါပါသည်။ မနက်ရှစ်နာရီ စမည့် ကျောင်းချိန်တော့မီပါသည်။ သို့ရာတွင် ဖြစ်ကတတ်ဆန်း ဝတ်စားလာသော ကျွန်တော်သည် ဆရာကြီး၏ လေအေးကလေးနှင့် ဆုံးမသည်ကို ခံလိုက်ရ၏။ ဆရာကြီးစကားကြောင့် အခန်းတွင်းရှိ စာပြိုင်ဖက် သူငယ်ချင်း အပျိုမချောချောလေးများရှေ့၌ မျက်နှာမထား တတ်အောင် ဖြစ်သွားပြီး ကျွန်တော် အလွန်ရှက်မိပါသည်။

ကျွန်တော်သည် ဆရာကြီးအား ချစ်ကြောက်ရိုသေသူဖြစ်သော ကြောင့် ဆရာကြီး၏ ''ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိအောင်နေ၊ ဘယ်တော့မှ အောက်ကျနောက်ကျမဖြစ်စေနဲ့၊ မလုပ်နဲ့'' ဆိုသောစကားကို ထိုအချိန်မှစ၍ ဘဝတစ်လျှောက်လုံး စွဲမြဲစွာမှတ်သားခဲ့ပါတော့သည် ခင်ဗျား။

✿





ဆရာကြီး၏ အချိန်ပိုသင်တန်းမှာ ဖေဖော်ဝါရီတစ်လလုံးနီးပါး ခြင်း၏။ English Grammar ကို အဓိကထားသင်၏။ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် မေးတတ်သည့် English မေးခွန်းများအကြောင်း၊ စာစီစာကုံးရေးနည်းအကြောင်း၊ အက်ဆေးနှင့် ပရက်ဆေးအကြောင်း၊ ဝါကျလပ်များဖြည့်ပုံဖြည့်နည်း စသဖြင့် အတော်စုံပေသည်။ အက်ဆေး သင်ကြားရာ၌ အမှတ်မထင် A Journey to the moon အမည်ရှိသော စာစီစာကုံးတစ်ပုဒ်အား နမူနာရေးပြရာ ကျွန်တော်တို့အားလုံးက လိုက်၍ ရေးမှတ်ခဲ့၏။ သူများထက်ထူးကာ တစ်မူးပိုရှူချင်သောကျွန်တော်က ထိုအက်ဆေးကို အလွတ်ကျက်လိုက်သည်။ ဆရာကြီးမေးလျှင် ဖြေနိုင်အောင် အလွတ်ရွတ်ပြနိုင်အောင် ကျက်လိုက်ခြင်းပင်။ ဆရာကြီး က မမေးပါ။ ရေးရုံသာ ရေးပြသွားပါသည်။ သို့ရာတွင် ကံကောင်းချင်တော့ တက္ကသိုလ်ဝင်စာမေးပွဲကြီး၌ ထို A Journey to the moon မှာ အင်္ဂလိပ် စာမေးခွန်း၌ တည့်တည့်ကြီးပါလာလေရာ ကျွန်တော် အလွန်ပျော်သွား ပါသည်။ By Heart တွင်းထားသဖြင့် ချက်ချင်းရေးချလိုက်နိုင်၏။

တိုတိုပြောကြပါစို့ခင်ဗျာ။

ထိုနှစ် တက္ကသိုလ်ဝင်တန်းကို ကျွန်တော် One Stroke နှင့် အောင်ပါသည်။

အောင်ရသည့်အကြောင်းမှာလည်း–

''ဟော့ကောင်တွေ ဘိုကြည်နဲ့ သောင်းဝေ ဆရာကြီးရုံးခန်းက စားပွဲမှန်အောက်မှာ ဒီနှစ်ဆယ်တန်းအောင်မယ့် ဆရာကြီးရဲ့ ခန့်မှန်း စာရင်းမှာ မင်းတို့နှစ်ယောက်ပါတယ်ကွ၊ မပါတာတော့ ငါပဲ''

ဟု ဆရာကြီးယောက်ဖ ကျွန်တော်တို့သူငယ်ချင်းကြီး ကိုကျော်မြင့် က တိုးတိုးတိတ်တိတ်ပြော၏။ ထို့နောက် လူအလစ်၌ ထိုအခန်းကို ကျွန်တော်တို့အား ခေါ်သွားပြီး ပြခဲ့ခြင်းသည် စာမေးပွဲအောင်ခဲ့သည့် အကြောင်း တစ်ချက်ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဆရာကြီးကိုယ်တိုင်ကလည်း စာမေးပွဲမဖြေမီ ရက်အနည်းငယ်က ကျွန်တော်နှင့်ဘိုကြည်အား သူ့အိမ်တွင်တွေ့ရာ–

"ဟေ့ကောင်လေးတွေ၊ မင်းတို့နှစ်ယောက်လုံး စကောလားရှစ်သမားတွေ မဟုတ်လား၊ One Stroke နဲ့ ဆယ်တန်းအောင်အောင် လုပ်ကြ ကြားလား"

ဟု စကားနည်းသည့်ကြားမှ ရုတ်တရက်မှာကြားခဲ့ဖူး၏။

"ဆရာကြီးကတော့ အောင်မယ်လို့ Tip ပေးထားတာ၊ ဘာလို့ မအောင်ရမှာလဲ၊ ဘာတဲ့လဲ ငါဟဲ့ ယောက်ျား"

ဟု မောင်းတင်ပြီး အသည်းအသန် စာကြိုးစားလိုက်နိုင်ခြင်းကြောင့် One Stroke နှင့် တက္ကသိုလ်ဝင်တန်းအား ကျွန်တော်နှင့် ဘိုကြည် ဖြတ်ကျော်သွားတော့၏။

ဤကိစ္စအတွက် ကျွန်တော်တို့အပေါ်၌ ဆရာကြီးဦးမောင်မောင်၏ ကျေးဇူးတော်မှာ အနန္တပါပေ။

အခက်အခဲများကြားမှ ကျွန်တော်နှင့်ဘိုကြည်တို့ ရန်ကုန်တက္ကသိုလ် ဆက်တက်ဖြစ်သည်။ ကျွန်တော်တို့ဒုတိယနှစ်အရောက်၌ ဆရာကြီးလည်း ရာထူးတိုး၍ ကသာသို့ပြောင်းသွားရ၏။ ဆရာကြီးနှင့် ဝေးသွားတော့သည်။ တက္ကသိုလ်က ဘွဲ့ရတော့ ကျွန်တော်ရောဘိုကြည်ပါ တပ်မတော်ထဲဝင်ဖြစ်သည်။ ထိုအခါ စစ်တိုက်နေရသည်မို့ ပညာရေးကိစ္စများနှင့် လုံးဝအဆက်ပြတ်သွားတော့၏။ ဆရာကြီးနှင့် မမတွေ့တို့ ဘယ်ဆီဘယ်ဝယ် ရောက်နေမှန်းမသိတော့ပါ။

ကိုယ့်အကြောင်းတွေနှင့် ကိုယ်ပါပဲလေ။

❀

အနှစ် ၂၀ ကျော် ကြာသွားပါပြီ။
၁၉၈၅–ခုနှစ်၊ သင်္ကြန်ပြီးစကာလ။





ကျွန်တော်သည် ဗိုလ်မှူးအဆင့်ဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ရှိ ရှေ့တန်းတပ်မဌာနချုပ်တွင် ဦးစီးအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေရ၏။

တစ်နေ့ မိုးကြီးလေကြီး ရုတ်တရက်ကျလာသဖြင့် ကျိုင်းတုံရှိ အထက်တန်းကျောင်းကြီး အတော်ပျက်စီးသွားလေသည်။ ဤသည်ကို ကျွန်တော့်တပ်မှူးကြီးက သွားရောက်စစ်ဆေးရာ ကျွန်တော်လိုက်ပါသွားသည်။ အပျက်အစီးက အတော်များသည်။ ကျောင်းခေါင်မိုး အတော်များများ လန်ကုန်၏။ ကိုယ့်အစီအစဉ်နှင့်ကိုယ်ပြင်က တော်တော်နှင့် ပြင်၍ပြီးမည်မဟုတ်။ ကျောင်းအုပ်ကြီးကလည်း ဆရာကြီးမဟုတ်။ ဆရာမကြီးသာဖြစ်၏။ ပြီးတော့ တိုင်းရင်းသူ။

"ဟေ့ ဂျီတူး၊ ဒီအတိုင်းဆို ကျောင်းဖွင့်ရင် ကလေးတွေ အခက်အခဲဖြစ်မယ်၊ အကျိုးအကြောင်း တောင်ကြီးကို ကြေးနန်း ပို့လိုက်ကွာ။ ဌာနက တာဝန်ရှိတဲ့သူတွေလာကြည့်ပြီး အမြန်ဆုံးပြင်ဖို့ ပိုမယ်။ မေဆို ကျောင်းဖွင့်တော့မယ်မဟုတ်လား"

ကျွန်တော့်တပ်မှူးကြီး၏ အထက်ပါလမ်းညွှန်ချက်အရ တောင်ကြီးသို့ ကြေးနန်းပို့လိုက်သည်။ အပျက်အစီးဓာတ်ပုံပါ ပို့ပေးလိုက်သည်။

ဤကိစ္စအပြီး၌ ကျွန်တော့်တပ်မှူးကြီးလည်း ရန်ကုန်က အရေးပေါ် အစည်းအဝေးခေါ်၍ အစည်းအဝေးတက်ရန် ထွက်ခွါသွားရ၏။ တပ်မှူးကြီး ပြန်မရောက်သေးမီ တစ်ရက်၌–

"ဗိုလ်မှူး၊ ရှမ်းပြည်နယ် ပညာမင်းကြီးက တွေ့ချင်လို့တဲ့ခင်ဗျ"

ဟု ရုံးအုပ်ကြီးမှ လာသတင်းပို့သည်။

"ခေါ်ခဲ့ပါ"

ရုံးအုပ်ကြီး ဆရာကြီးထွန်းတင်က ရှမ်းပြည်နယ် ပညာမင်းကြီးအား ကျွန်တော့်ရုံးခန်းသို့ ခေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ပညာမင်းကြီးက ကျွန်တော့်ရုံးခန်းတွင်းသို့ ခပ်ယို့ယို့လေး ဝင်ရောက်လာသည်။

တွေ့လျှင်တွေ့ချင်းပင်–

"ဗိုလ်မှူးခင်ဗျာ၊ ကျွန်တော် ရှမ်းပြည်နယ် ပညာမင်းကြီးဝ[illegible] ဒီက ကြေးနန်းရတာနဲ့ ကျွန်တော်ကိုယ်တိုင် လာခဲ့တာပါ။ လေယာဉ်[illegible] ဆင်းတာနဲ့ ကျောင်းကိုအရင်သွားကြည့်လိုက်ပါတယ်၊ ပြင်ဖို့ဆင်ဖို့လည်း စီစဉ်ခဲ့ပြီးပါပြီ။ အကျိုးအကြောင်းကို လာသတင်းပို့တာပါ။ ဗိုလ်မှူး[illegible] တပ်မှူးကြီးက ကျောင်းအချိန်မီမဖွင့်နိုင်မှာ စိုးရိမ်နေတယ်လို့ ကြား[illegible] တယ်၊ အဲဒါလည်း တပ်မှူးကြီးကို ရှင်းပြချင်ပါတယ်၊ တွေ့ခွင့်ရရင် တွေ့ချင်ပါတယ်"

ကျွန်တော်က ပညာမင်းကြီး၏ အလေးအနက်ပြောဆိုနေမှု[illegible] အရေးတယူ နားထောင်သည်။

ပြီးမှ–

"မစိုးရိမ်ပါနဲ့ ပညာမင်းကြီးခင်ဗျာ၊ အခုကိစ္စအားလုံးအတွ[illegible] အဆင်ပြေအောင် ကျွန်တော်ပဲ တာဝန်ယူလိုက်ပါ့မယ်"

ကျွန်တော့်စကားကြောင့် ပညာမင်းကြီးက ရုတ်တရက် အံ့[illegible] သွား၏။

"ဩော် ဟုတ်ကဲ့၊ ကျေးဇူးပါပဲ ခင်ဗျ"

"တပ်မှူးကြီးကတော့ ခရီးသွားနေပါတယ်၊ တွေ့ချင်ရင် နှစ်ရက်သုံးရက် စောင့်ရမယ်ခင်ဗျ"

"ဩော် ဟုတ်ကဲ့၊ တွေ့ချင်ပါတယ်ခင်ဗျ၊ စောင့်ပါ့မယ်"

ကျွန်တော်သည် ပညာမင်းကြီးကို ဒါ့ထက်ပိုပြီး အလုပ်သဘော ဆန်ဆန်တွေ မပြောသင့်တော့ဟု ထင်၏။

ပညာမင်းကြီးမှာ တခြားသူမဟုတ်ပါခင်ဗျာ၊ ကျွန်တော့် ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ပါခင်ဗျား။





ထို့ကြောင့်–

"ဆရာကြီး စိတ်မရှိပါနဲ့၊ ကျွန်တော့်ကို မြင်ဖူး သိဖူးပါသလား"

အခေါ်အဝေါ်လေသံပါပြောင်းပြီး ဆရာကြီးကို ခပ်ပြုံးပြုံးဖြင့် ကြည့်၍မေးလိုက်၏။

ဆရာကြီးက ကျွန်တော့်ကို အသေအချာကြည့်သည်။ တပ်မတော် ယူနီဖောင်းနှင့် အတန်ငယ်ပြည့်ဖြိုးနေသော ကျွန်တော့်ကို မှတ်မိပုံမရ။ ဟိုတုန်းကတော့ ကျွန်တော်က ပိန်စုတ်စုတ်ပေါက်စနလေး။

"အင်း ပြောပါဦးဗျာ၊ ကျွန်တော်မသိပါဘူး"

"ရှေးတုန်းက ဆရာကြီးအိမ် လာလာနေတဲ့ သောင်းဝေလေ ဆရာကြီးရဲ့ ဆယ်တန်းအင်္ဂလိပ်စာ အချိန်ပိုသင်တုန်းက စွပ်ကျယ် အစုတ်လေးဝတ်လာလို့ ဆရာကြီးတောင် ဆုံးမလိုက်ရသေးတာ မှတ်မိ ဦးမလား မသိဘူး"

ဆရာကြီး၏ တည်ကြည်ငြိမ်သက်သော မျက်နှာတွင် အပြုံး ပန်းများ ချက်ချင်းဝင်းလက်ပွင့်လန်းသွားပြီး–

"ဟာ၊ သောင်းဝေကွာ၊ ငါက ဒီလာပြီး မင်းတို့နဲ့တွေ့တာ အဆင်ပြေပါ့မလားလို့ စောစောက မင်းက ဒီကိစ္စ ကျွန်တော် တာဝန်ယူ ပါတယ်ဆိုတော့ နည်းနည်းအံ့ဩသွားတယ်ကွ၊ လက်စသတ်တော့ မင်းက သောင်းဝေကိုးကွ၊ ဝမ်းသာတယ်ကွာ"

သာမန်အားဖြင့် ဆရာကြီးက စကားနည်းသူဖြစ်၏။ သို့ရာတွင် ထိုနေ့က ဆရာတပည့်နှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်များ ပြောမဆုံး ပေါင် တောသုံးထောင် ဖြစ်နေ၏။ စကားလက်စ မပြတ်သေးသဖြင့် ကျွန်တော်က ဆရာကြီးအား ကျိုင်းတုံမြို့တွင်းရှိ လောထင်းလူထမင်းဆိုင် သို့ ခေါ်သွားပြီး နေ့လယ်စာကျွေးကာ စကားဝိုင်းကိုဆက်ရ၏။

ကျွန်တော်တို့ ပြောကြသည်များ၌ ရှေးအထက်တန်းကျောင်း ကြီးနှင့် ဆရာ၊ ဆရာမများအကြောင်း၊ ဆရာကြီးကတော် မယ်ထွေးနှင့် သမီးများအကြောင်း၊ သူငယ်ချင်းကြီး ကိုကျော်မြိုင်အကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့်အတူ တပ်ထဲဝင်သည့် ဘိုကြည်အကြောင်း စသည် စသည်တို့ပါပေ။

“ဘိုကြည်ရော ဘယ်ရောက်နေလဲ၊ ငါ ကသာမှာ ရှိနေတုန်းမှာပဲ မင်းတို့နှစ်ယောက် တပ်ထဲဝင်သွားတဲ့အကြောင်း မီးရထားက မင်းဦးလေးနဲ့ ကသာဘူတာမှာတွေ့လို့ သူကပြောသေးတယ်ကွ”

“ဘိုကြည်က ဆရာကြီးနဲ့ မတွေ့ဘူးလား၊ ကလောရောက်နေတယ် ဆရာကြီးရဲ့ ကလောတပ်မမှာ”

“မတွေ့ဘူးကွ”

နေ့လယ်စာစားပြီး ဆရာကြီးကို တည်းခိုရာလိုက်ပို့ခဲ့၏။ ဆရာကြီး ကျိုင်းတုံတွင်ရှိနေသည့်ရက်များ၌ နေ့စဉ်ရုံးဆင်းပြီးချိန်များတွင် ဆရာကြီးထံ ကျွန်တော်သွားခဲ့သည်။ ဆရာကြီးကား အသက် ၆၀ နားနီးသည့်တိုင် ငယ်စဉ်ကလို ချောမောတုန်းပါပေ။

“ဆရာကြီးရဲ့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိအောင်နေ၊ ဘယ်တော့မှ အောက်ကျနောက်ကျမဖြစ်စေနဲ့”

ဟူသော အမှာစကားကြောင့် ကျွန်တော် လူတစ်လုံးသူတစ်လုံး ဖြစ်လာပုံကိုလည်း ပြောပြမိသည်။

“ငါကတော့ ကြုံတုန်း ပြောသင့်ပြောထိုက်တာ ပြောခဲ့တာပါပဲကွာ၊ မင်းကလိုက်နာပြီး တိုးတက်အောင်မြင်သွားတော့ ဝမ်းသာဂုဏ်ယူရတာပေါ့၊ လူတိုင်းကတော့ လိုက်နာချင်မှ လိုက်နာတတ်ကြတာကွ”

“ဒါပေါ့ ဆရာကြီးရယ်၊ ဒါပေမယ့် ဆရာကြီးကျေးဇူး ကျွန်တော့်အပေါ်မှာ ရှိပါတယ်”

“ဆယ်တန်းအောင်တာလည်း ဆရာကြီးက Nomination လုပ်ထားတော့ ဆရာကြီးကတောင် အောင်မယ်လို့ကြိုမှန်းပေးထားတာ ဘာဖြစ်လို့ မအောင်ရမှာလဲလို့ဆိုပြီး ကြိုးစားရတော့တာပဲ၊ ဒါလည်း ဆရာကြီး ကျေးဇူးပါ”





“အဲဒါကလည်း မင်းတို့ရဲ့ အစမ်းစာမေးပွဲအဖြေလွှာတွေနဲ့ မင်းတို့ ကြိုးစားမှုအရိပ်အခြည်ကိုကြည့်ပြီး မင်းတို့ကို စာသင်ပေးနေတဲ့ ဆရာ၊ ဆရာမတွေနဲ့ ငါ့ရဲ့ ကိုယ်တွေ့ညှိနှိုင်းအကဲဖြတ်ချက်ပေါ့ကွာ၊ ငါတစ်ယောက်တည်း ခန့်မှန်းတာတော့ မဟုတ်ပါဘူး”

“ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ဆယ်တန်းအောင်တာ အဲဒါကြောင့်လည်းပါတယ် ဆရာကြီးရဲ့”

“ဝမ်းသာတယ်ကွာ”

ဆရာကြီးက ပြုံးပြုံးပြုံးပြုံးဖြင့် ဝမ်းသာကြောင်း အကြိမ်ကြိမ် ပြော၏။

နှစ်ရက်ခန့်အကြာ တပ်မှူးကြီး ပြန်ရောက်လာ၏။ ကျွန်တော်မှ ကြို၍တင်ပြထားသဖြင့် ဆရာကြီးနှင့် တပ်မှူးကြီးတွေ့ဆုံကြသောအခါ တပ်မှူးကြီးက ဆရာကြီးကို ချက်ချင်းလာရောက်ကြည့်ရှုကာ လိုအပ်သည်များ ဆောင်ရွက်သဖြင့် ကျေးဇူးတင်ကြောင်း ပြောလိုက်ပါသည်။ ဆရာကြီးလည်း ကျေနပ်သွားလေသည်။

“ဟော့ကောင်ရေ့ မင်းကျေးဇူးပဲဟေ့”

“ရပါတယ် ဆရာကြီးရယ်၊ တတ်နိုင်တုန်း လုပ်ပေးရတာပဲ”

ဆရာကြီးတောင်ကြီးအပြန် လေဆိပ်လိုက်ပို့ခဲ့သည်။ မမထွေးနှင့် သမီးပျိုများအတွက် ကျိုင်းတုံမှ ကောင်းနိုးရာရာများ အမှတ်တရ ပါရအဖြစ် ဝယ်ပြီးထည့်ပေးလိုက်သည်။

လေယာဉ်ပေါ်တက်တော့ စကားနည်းသောဆရာကြီးက–

“မင်းမမထွေးက မင်းနဲ့တွေ့တာသိရင် ဝမ်းသာရှာမှာ ဟော့ကောင်ရေ”

ဟု ပြောသွားပါသည်။

ထိုကိစ္စအပြီး သိပ်မကြာမီမှာပင် ကျွန်တော်လည်း ကျိုင်းတုံမှ ပြောင်းခဲ့ရ၏။ ဆရာကြီးနှင့် အဆက်အသွယ်ပြတ်သွားသည်။ နောက်တော့ ကျွန်တော်လည်း ဟိုပြောင်းသည်ပြောင်းနှင့် စစ်တိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည့် စစ်သားမို့ ပြင်ပကမ္ဘာနှင့်အဆက်ပြတ်ကာ ဆရာကြီးတို့ ဘယ်ဆီဘယ်ဝယ်ရောက်နေသည်ကို မသိတော့ပါခင်ဗျား။

❧

ယခုအခါတွင်မူ ကျွန်တော်ပင်လျှင် အသက်ခြောက်ဆယ်ကျော်ပြီး ပင်စင်ရနေပါပြီ။ ဆရာကြီးဆိုက (၈၀)ခန့် ရှိပေရော့မည်။ အသက်ထင်ရှား ရှိနေသေးပါက ကျွန်တော့်ဘဝတစ်ဆစ်ချိုးတွင် တွန်းအားတစ်ခုအဖြစ် ရှေ့ဆောင်လမ်းပြဖြစ်ခဲ့သည့် ကျွန်တော့်ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်နှင့် ဆရာကြီးကတော် မမထွေးတို့အား ဤစာစုဖြင့် ဂါရဝပြုလိုက်ရပါသည်ခင်ဗျား။

(၂-၆-၂၀၀၆)

❧

**ဆရာဦးချစ်မောင်**

ဆရာကြီး ဦးမောင်မောင်ပြီးတော့ ကျွန်တော့်ဘဝကို အပြောင်းအလဲ ဖြစ်စေသည့် ငယ်ဆရာများထဲ၌ ဆရာဦးချစ်မောင်ကို ဦးစွာပထမဖော်ပြရပါမည်။ သူသည် ကျွန်တော့်ဆရာများထဲတွင် တစ်ယောက်တည်းသော Roman Catholic ရိုမန်ကက်သလစ်ဘာသာဝင်ဖြစ်၏။ ထိုဘာသာဝင်များကို ကျွန်တော်တို့ဒေသက ဘရင်ဂျီများဟု ခေါ်သည်။ ဆရာဦးချစ်မောင်သည် ဘရင်ဂျီဖြစ်သော်လည်း ဗုဒ္ဓဘာသာ ဘုရားရှိခိုးအား ကောင်းစွာအလွတ်ရ၏။ ရှိလည်းခိုးတတ်၏။ မနက် ကျောင်းတက်ချိန် ဘုရားရှိခိုးကြသည့်အခါ ကျွန်တော်တို့အတန်းပေါင်းစုံ ကျောင်းသားလေးငါးရာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း သြကာသကန်တော့ချိုးဖြင့် ညီညာဖျဖျ ဘုရားကန်တော့ကြ၏။ ထိုအချိန်များ၌ ဆရာ ဦးချစ်မောင်သည် ထန်းပလပ်ကြီးတစ်ချောင်းကိုကိုင်ပြီး ဘုရားမရှိခိုးဘဲ သံယောင်လိုက်နေသူများ၊ ညာဂါးဖြီးဖြန်းနေသူများ၊ အချင်းချင်း ဆိတ်လိုက်ဆွလိုက်ဖြင့် ဆော့ကစားနေသူများကို တွေ့ပါက ရိုက်နှက်ဆုံးမတတ်၏။

တစ်ခါသော် ဘုရားရှိခိုးနေစဉ် ကျွန်တော့်သူငယ်ချင်း မျက်ပြူးအေးမောင်သည် ကျွန်တော်နှင့်အတူ ဆောင့်ကြောင့်ထိုင်ပြီး ဘုရားရှိခိုးနေစဉ် နမောတဿအချိုးပိုဒ်၌–

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ဟု ဆိုရမည့်အစား နောက်ပြောင်၍–

"သမ္မာသမ္ဗုဇီးကွက်"

ဟု ဆိုလိုက်၏။

ထိုအခါ ကျွန်တော်တို့နောက်တွင် အသင့်ရပ်နေသော ဆရာဦးချစ်မောင် ကြားသွားပြီး–

"အောင်မယ် ခွေးကောင် မျက်ပြူး။ မင်းကလား ဘုရားရှိခိုးတာကို ခနဲ့လေးစားနဲ့၊ ထွက်ခဲ့စမ်း ထွက်ခဲ့စမ်း"

ဟု ဆိုပြီး အေးမောင်ကို အတန်းရှေ့ထုတ်၍ လက်ထဲက ထန်းပလပ်ကြီးဖြင့် ပယ်ပယ်နယ်နယ် တွယ်လေတော့သည်။ ထိုအချိန်မှစ၍ ကာလမှစ၍ မျက်ပြူးအေးမောင်တစ်ယောက် ဘုရားရှိခိုးရင်း ကွက်တို့၊ ဒီးဒုတ်တို့ မလုပ်ရဲတော့ပါ။

ဆရာဦးချစ်မောင်ကား အနီကဲ့သို့သောလူမျိုးပါပေ။

ဆရာနှင့်ကျွန်တော်သည် ၁၉၅၅-ခုနှစ်၊ ကျောင်းဖွင့်ချိန်တွင် တွေ့ကြ၏။ ၁၉၅၄ ၌ ကျွန်တော် လေးတန်းရောက်သည်။ ရွေးချယ်တန်းရပ်က ဒေါ်သန်းရင်ကျောင်းမှာ ဖြစ်၏။ အတန်းတင်စာမေးပွဲကြီးစစ်ချိန်၌ တိုက်ဖျိုက်ခေါ် အူရောင်ငန်းဖျားကြောင့် အိပ်ရာကထနိုင်ဘဲ အစိုးရစစ်လေးတန်းအား မဖြေလိုက်ရ။ လေးတန်းကိုနှစ်ယနှစ်ပြန်နေရသည်။ အရီးမောင် အမေ့အစ်ကို ဘကြီး ဦးသိန်းရန်က–

www.burmeseclassic.com



စမ်းဆေး စမ်းသပ်မှုအဖြေများအပေါ် မူတည်၍ လူနာများအား—

(၁) ပြင်ပလူနာ (Out-door Patients)

(၂) အတွင်းလူနာ (In-door Patients) များအဖြစ် လက်ခံကုသပေးပြီး သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများ၏ ထပ်ဆင့်စစ်ဆေး သုံးသပ်မှုကို ခံယူစေကာ ထိရောက်သောကုသမှုဖြင့် ပြုစုစောင့်ရှောက်ပေးလျက် ရှိပါသည်။

အထူးကုဆရာဝန်ကြီးများ၏ ညွှန်ကြားချက်အရလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ မူဝါဒများအရ ကုသပိုင်ခွင့်မရှိသော ကူးစက်မြန် ရောဂါများအားလည်းကောင်း၊ အထူးကုဆရာဝန်ကြီးများ၏ အနီးကပ်ကြည့်ရှုကုသရန်လိုသော လူနာများအားလည်းကောင်း၊ မန္တလေးနှင့်စစ်ကိုင်း ဆေးရုံကြီးများသို့ လွှဲပြောင်းကုသစေပါသည်။

လူနာများပြုစုကုသရာတွင် လစ်ဟင်းမှုမရှိစေရန် အမြဲတမ်းဆရာဝန်နှစ်ဦး၊ သူနာပြုဆရာကြီးတစ်ဦး၊ အထက်တန်း သူနာပြုဆရာမကြီးတစ်ဦး၊ အကူသူနာပြု ခြောက်ဦးနှင့်အတူ ခေတ်မီဆေးဝါးကိရိယာများဖြင့် ထိရောက်စွာ ကုသပေးလျက်ရှိပါသည်။

အားကိုးယုံကြည်မှုရှိသူတိုင်း စိတ်ချမ်းသာမှု ရရှိစေပါမည်။

> **ပြင်ပလူနာဆေးခန်းဖွင့်ချိန်**
>
> နံနက် (၇) နာရီမှ၊ (၁၀း၃၀) နာရီ
> နေ့ (၁၂း၀၀) နာရီမှ၊ ညနေ (၄း၃၀) နာရီ
> တနင်္ဂနွေနေ့လယ်ပိုင်း ဆေးခန်းပိတ်ပါသည်။
> အရေးပေါ်လူနာများအား (၂၄) နာရီကုသပေးပါသည်။





**မှတ်ချက်**

အောက်ပါလူနာများအား လက်ခံကုသခြင်း မပြုပါ။

* ရာဇဝတ်မှု လူနာများ။
* သားဖွား၊ သားလျှောလူနာများ။
* မူးယစ်ဆေးဝါးသုံးစွဲသူများ။
* အေအိုင်ဒီအက်(စ်) ရောဂါ ခံစားနေရသူများ။
* ကိုယ်အင်္ဂါချို့ယွင်းနေသော အနာကြီးရောဂါ ဝေဒနာရှင်များ။

ကျွန်တော်က မှတ်ချက်ကိုဖတ်ပြီး ပြုံးလိုက်မိ၏။ ဒီလိုမှ ရေးမထားရင်လည်း အထက်ပါ လူနာငါးမျိုးအနက် တစ်မျိုးမျိုးကတော့ နေ့စဉ် လာနေကြသည်ဟု ကြားဖူးထား၏။ ယခုလို ရေးထားမှ ရှင်းသွားပါလိမ့်မည်။

ထို့နောက် ကြီးကြပ်ထောက်မံ့ရေးအဖွဲ့၏ ရည်ရွယ်ချက်အား ဆက်ဖတ်မိပြန်ပါသည်။

၆၉

**ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ၏ မွန်မြတ်သော ရည်ရွယ်ချက်**

ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကို ၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ (၂၀) ရက်နေ့က ဖွင့်လှစ်ကာ ရဟန်းရှင်လူသူတော်စင်တို့အား အခမဲ့ ဇီဝိတဒါနကုသိုလ်ယူကုသပေးပြီး လူဝတ်ကြောင် လူနာများအား (ဆင်းရဲချမ်းသာမရွေး) သက်သာသော နှုန်းထားသတ်မှတ်၍ သံဃာတော်၊ သီလရှင် သူတော်စင်များအတွက် ဇီဝိတဒါန ကုသိုလ်ယူစေပါသည်။

စစ်ကိုင်း၊ မန္တလေး ပြည်သူ့ဆေးရုံကြီးများ၊ ဆေးတက္ကသိုလ် (မန္တလေး)၊ တိုင်းရင်းဆေးသိပ္ပံများမှ ဆရာဝန်ကြီးများ၊ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာမများနှင့် ပြင်ပအငြိမ်းစား ဆရာဝန်ကြီးများ၊ ဆရာ ဆရာမများက ရက်သတ္တပတ်လျှင် ကြာသပတေး၊ သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံသို့ လာရောက်ကြ၍ မွန်မြတ်သန့်စင်သော စေတနာ ဇီဝိတဒါန ကုသိုလ်ယူ ကုသပေးကြပါသည်။

ဆရာတော်၊ သံဃာတော်၊ သီလရှင်၊ ယောဂီ သူတော်စင်များ၊ ဂိလာနပုဂ္ဂိုလ်များအတွက် လိုအပ်သော ဆေးဝါးများ၊ လူနာသုံးပစ္စည်း ပရိဘောဂများ၊ ရောဂါကုသရာ၌ လိုအပ်သော အထောက်အကူပစ္စည်း ကိရိယာများ ပြည့်စုံလုံလောက်စွာ ရရှိရေးအတွက် ဩဝါဒ စရိယ နာယကဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ကျစွာချောင်ပဓာန နာယကနှင့် ဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံ၏ ပဓာနဦးဆောင် ကျစွာ ဆရာတော်က ပြည်တွင်းပြည်ပ စေတနာရှင်များထံမှ ဇီဝိတဒါန ဆေးဝါး၊ ပစ္စည်းကိရိယာများကို ခံယူတော်မူ၍ ကိုယ်တော်တိုင် အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက် ရှိပါသည်။

ယင်းသို့ ပြည်တွင်းပြည်ပ ဇီဝိတဒါနစေတနာရှင်၊ ပါရမီရှင်များ လှူဒါန်းနိုင်မှုအတွက် ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ ကြီးကြပ် ထောက်ပံ့ရေးအဖွဲ့ (အထက်/ အောက်မြန်မာပြည်) မှ နာယကကြီးများ၊ အမှုဆောင်ပုဂ္ဂိုလ်များက အားသွန်ခွန်စိုက် ကြီးကြပ်ဆောင်ရွက်ပေးလျက် ရှိပါသည်။

ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံသည်–

''ရှင်လူ့အပေါင်းချမ်းသာကြောင်း၊ စိတ်ကောင်းထားကာ ဆောင်ရွက်မည်''

''မာန်ကို နှိမ်ချ၊ ကိုယ့်အကျိုးစွန့်၊ စိတ်ဆိုး သည်းခံ၊ နှံ့နာခံ ဖွဲ့သန်သာ့သနာပြုပါမည်''

ဟူသော ဆောင်ပုဒ်ကို ဦးထိပ်ရွက်ပန်ဆင်ပြီး ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ကြွရောက်၍ ဆေးဝါးအကုသခံယူတော်မူကြသော ရပ်နီးရပ်ဝေးမှ ဆရာတော်၊ သံဃာတော်၊ သီလရှင်၊ ယောဂီသူတော်စင်များနှင့် လူဝတ်ကြောင် ဂိလာနပုဂ္ဂိုလ်များအား သက်ရှည်ကျန်းမာ စိတ်ချမ်းသာကြလျက် လောကသာသာသနာ နှစ်ဖြာအကျိုး ပွားတိုးဆောင်ရွက်နိုင်ကြစေရန် ရည်သန်လျက် ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ ကြီးကြပ် ထောက်ပံ့ရေးအဖွဲ့ (အထက်/အောက်မြန်မာပြည်) ဩဝါဒ စရိယ နာယကပဓာန ဦးဆောင်ဆရာတော်များနှင့် ကြီးကြပ်ထောက်ပံ့ရေး အမှုဆောင်ပုဂ္ဂိုလ်များ၊ ဆေးပညာရှင်များ၊ ဂိလာနုပဋ္ဌာက (ဆေးဝါး ကုသရေးအဖွဲ့)မှ အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ ဆရာဆရာမများ၊ ဆေးရုံရှိ ပင်တိုင်ဆရာဝန်များနှင့် ဆရာဆရာမများ၊ ဆေးရုံဝန်ထမ်း (ရုံးအဖွဲ့)တို့က လေးစားစောင့်ထိန်းအပ်သော စာရိတ္တ၊ တက်ကြွသော စိတ်ဓာတ်၊ တိကျသော စည်းကမ်းဟူသော 'စ' သုံးလုံးဖြင့်လည်းကောင်း၊ စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကိုယ်ချင်းစာနာနှင့် သနားကြင်နာ ဟူသော 'နာ' ငါးနာတို့ဖြင့် လည်းကောင်း၊ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကုသပေးလျက် ရှိပါကြောင်း ရဟန်းရှင်လူအပေါင်းအား သိစေအပ်ပါသည်။

၅

အထက်ပါ ကြော်ငြာမှာ ဆေးရုံကြီးကြပ် ထောက်ပံ့ရေးအဖွဲ့မှ အများသိစေရန် ရေးသား ဖော်ပြထားခြင်းဖြစ်ပါ၏။

၁၉၉၅ ခုနှစ်ကုန်တွင် ကျွန်တော် စစ်ကိုင်းမှရန်ကုန် ပြောင်းရသည်။ တော်တော်နှင့် ကျစွာချောင်သို့ ပြန်မရောက်ပါ။ ငါးနှစ်အကြာ ၂၀၀၀ ခုနှစ်၊ အောက်တိုဘာလမှ ပြန်ရောက်တော့၏။ သံဃာ့ဆေးရုံမှာ ...သစ်လွင်တောက်ပြောင်၍ ခေတ်မီဆေးဝါးကုသသည့် ကိရိယာများ ...ပြည်တွင်းမှာသာမက ပြည်ပကပါ လှူဒါန်းသူများ အတော်များများ ...နေ၏။ အာရှတိုက်မှသာမက ဩစတြေးလျတိုက်၊ ဥရောပတိုက်၊

www.burmeseclassic.com



အမေရိကတိုက်တို့မှပင် လှူကြတန်းကြ၏။ အားလုံးကိုကြည့်ပြီး မှုဒိတာပွားကာ ဝမ်းမြောက်မိပါသည်။

ဝါးချက်ဗိဝိတဒါန သံဃာ့ဆေးရုံကြီး အဓွန့်ရှည်ပါစေသတည်း။

၅

## ဗုဒ္ဓဘာဝတ်ရန် အကြောင်းဖန်လာခြင်း

သက္ကရာဇ် ၂၀၀၀–ပြည့်နှစ်သို့ ရောက်ပြီ။ စစ်ကိုင်းမှ ရန်ကုန် ရောက်နေသည်မှာလည်း လေးနှစ်နီးပါးရှိပြီ။ ဆရာဇကာဖြစ်နေသည့် ဆရာတော်ဦးလက္ခဏနှင့်မူ အဆက်အသွယ် မပြတ်ပါ။ ဆရာတော်က ရန်ကုန်ရောက်တိုင်း ကျွန်တော်တို့မိသားစုနေထိုင်ရာ အမှတ် (၂၀)၊ ပုလဲလမ်း၊ ဗဟန်းသို့ ကြွလာတတ်၏။ သင့်နိုးရာရာများအား မိန့်ကြား တတ်၏။ ကျွန်တော်က ဘုရားတရား သိပ်လုပ်နိုင်သူလည်း မဟုတ်၊ ဇနီးသည်ကတော့ အဘိဓမ္မာ သင်တန်းများတက်ပြီး ဝိသုဒ္ဓိမဂ်ထိ ပြီးစီးထားသူမို့ ဆရာတော်နှင့် ဘုရားစကား၊ တရားစကားများ ဆွေးနွေး နိုင်၏။ ဆရာတော် ကြွလာတိုင်းလည်း ကျွန်တော်နှင့် သိပ်မတွေ့ပါ။ ရံဖန်ရံခါ ကျွန်တော်က တိုက်ကြီးကို ရောက်နေတတ်၏။

တစ်ကြိမ်တွင်မူ ဆရာတော်နှင့် တိုက်တိုက်ဆိုင်ဆိုင် နံနက် အရုဏ်ဆွမ်းကပ်ရင်းတွေ့ဖြစ်၏။ ထိုအခါ ကျွန်တော်က အာလာပ သလ္လာပအနေဖြင့် အောက်ပါအတိုင်း လျှောက်မိ၏။

''တပည့်တော်က ဘုန်းကြီးကျောင်းတွေမှာသာ နေလာခဲ့တာ၊ ဘုရားတရားတော့ ဒကာမလောက် ထဲထဲဝင်ဝင် မသိဘူးဘုရား၊ ရန်ကုန်ရောက်တော့လည်း ဖတ်ရမှတ်ရတာတွေ၊ သွားရလာရတာတွေ၊ ပြောရဆိုရတာတွေ များတယ်ဘုရား။ ဘုရားတရားလည်း ဒကာမ လောက် မလုပ်နိုင်ဘူးဘုရား၊ မလုပ်တတ်တာလည်း ပါ,ပါတယ် ဘုရား''



''ဘုရားတရားတော့ လုပ်တတ်သလောက် လုပ်နိုင်သလောက် လုပ်ပါ၊ နောက်ဆုံးတော့ အားကိုးရာက ဒါပဲလေ''

''တပည့်တော် ကြိုးစားပါ့မယ်ဘုရား၊ ပြီးတော့ တပည့်တော် ဘုန်းကြီးလည်း မဝတ်ဖူးဘူး ဘုရား''

''တစ်ခါမှ မဝတ်ဖူးဘူးလား''

''အသက်ရှစ်နှစ် ကိုးနှစ်လောက်က ကိုရင်ကလေးတစ်ရက် ဝတ်တာ ထမင်းဆာတာနဲ့ နောက်နေ့လူထွက်ခဲ့ရော ဘုရား''

ဆရာတော်က သိမ်မွေ့စွာပြုံး၏။

''ရဟန်း အေးအေးဆေးဆေးဝတ်ချင်ရင်တော့ ဘုန်းကြီးတို့ ကျောင်းကို လာခဲ့လေ''

ဆရာတော်က အထက်ပါအတိုင်း မိန့်ကြား၍ ပြန်ကြွသွား၏။

ရဟန်းဝတ်ရန် ကျွန်တော့်တွင် ဘာအစီအစဉ်မှ မရှိပါ။ ဘယ်တုန်းကမှလည်း စိတ်မကူးခဲ့ဘူးပါ။ ဘာတရားမှလည်း အား ထုတ်ခဲ့ဘူးပါ။ ဘာကမ္မဋ္ဌာန်းမှလည်း မထိုင်ခဲ့ဘူးပါ။ ထို့ကြောင့် ရဟန်း ဝတ်ရန်ကိစ္စသည် ကျွန်တော်နှင့် အလွန်အလှမ်းဝေးနေ၏။ ရဟန်း သိက္ခာပုဒ် (၂၂၇)ပါး ထိန်းရန်လည်း ကျွန်တော် အလွန်ကြောက်ပါသည်။

သို့ရာတွင် လောကကြီးသည် မထင်တာတွေအလွန်ဖြစ်တတ်၏။ ကျွန်တော်ဆိုသည့် ကျွန်တော်က သူများထက် မထင်တာတွေ ဖြစ်တဲ့ နေရာမှာ နည်းနည်းသာသည်ထင်ရ၏။ ဘဝတွင် ဘယ်လိုမှ မလုပ်ချင် သည့် ကျောင်းဆရာနှင့်စစ်သား လုပ်ခဲ့ရ၏။ ကျန်းမာရေး ချူချာလှသည့် ရောဂါသည်လေးဘဝမှ အကြမ်းခံရေစိမ်ခံ ခြေလျင်စစ်သားတစ်ဦး ဖြစ်လာ၏။ အံ့ဩကုန်နိုင်ဖွယ် ဖြစ်သွားသည်။ နှစ်ပေါင်း ရှည်ကြာစွာ ညှိုင်လာသည့်မိန်းကလေးနှင့် လွဲ၍ ရုတ်ခြည်း တွေ့လိုက်ရသည့် မိန်းကလေးနှင့် အိမ်ထောင်ကျ၏။ ငယ်ပေါင်းများ၏ ဩဘာပေးခြင်း ခံလိုက်ရသည်။ တစ်သက်လုံး စစ်သားဖြစ်မည် ထင်ထားသော်လည်း မျှော်လင့်ဘဲ နယ်ဘက်ရောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ဘယ်တော့မှ ရဟန်းဝတ်ရန် အစီအစဉ်မရှိခဲ့သော ကျွန်တော်သည် ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ဒုလ္လဘရဟန်း ဝတ်ဖြစ်ပါတော့သည်။

ဖြစ်ပုံက ဒီလိုပါခင်ဗျာ။

အချိန်က ၂၀၀၀ ပြည့်နှစ်၊ မိုးဦးကျကာလ နေ့တစ်နေ့၊ မိုးကလေးက တဖွဲဖွဲရွာသွန်းလျက်–

နေရာက တိုက်ကြီးမြို့နယ်၊ ဥတိုစိုက်ကွင်းအတွင်း–

ကျွန်တော်သည် ထိုနေ့မနက် (၁၀) နာရီခန့်တွင် လုပ်နေကျ အတိုင်း ဂျစ်ကားလေးတစ်စီးဖြင့် စိုက်ကွင်းကြီးအား လှည့်လည်ကြည့်ရှု စစ်ဆေးလျက်ရှိ၏။

ကြာအင်းကျေးရွာသို့သွားသည့် တာပေါင်လမ်းသို့ ရောက်သော် ကားတစ်စီးက လမ်းမပေါ်မှာပိတ်နေ၏။ လူမရှိပါ။ ဆလွန်းကား အဖြူလေးတစ်စီးဖြစ်ပါသည်။ လမ်းကကျဉ်း၍ ရှောင်မရ၊ ဟွန်းတီး သော်လည်း ဘယ်သူမှ ထွက်မလာပါ။

"ဆရာပေါက်စ၊ မင်း ဆင်းသွားပြီး အဲဒီကားကို ကြာအင်း တိုက်ကြီးလမ်းမပေါ်ထိ မောင်းသွားကွာ၊ ဒီကားကို ငါမောင်းခဲ့မယ်"

ကားဒရိုင်ဘာမောင်ပေါက်စအား ကျွန်တော် ခိုင်းလိုက်ရာ ဒရိုင်ဘာက ထိုကားကို မောင်းထွက်သွား၏။ ကျွန်တော်က ဂျစ်ကားကို ဖြည်းဖြည်း နောက်မှ မောင်းယူခဲ့၏။ ကားနှစ်စီးလုံး ကြာအင်း–တိုက်ကြီး ကားလမ်းမပေါ် ရောက်သွားသည်။

"အဘ၊ ကျွန်တော်မောင်းရမလား"

"နေပါစေကွာ၊ ရွှေနားထိ ငါမောင်းလိုက်ပါ့မယ်"

ဆရာပေါက်စပြန်ရောက်သော် သူ့အား ဘေးမှာထိုင်ခိုင်းပြီး မိုးကလေး တဖွဲဖွဲအောက်တွင် ကျွန်တော်သည် ဂျစ်ကားကို ဆက်မောင်း



ခဲ့၏။ ကိုက်ငါးရာခန့်မောင်းပြီးသော် ဥတို–ကြာအင်း အမှတ်(၁) လမ်းမ ကြီးနှင့် ကြာအင်း–တိုက်ကြီးလမ်းဆုံထိပ်သို့ရောက်၏။ ထိုမှ ဘယ်ကွေ့ သော် ဥတိုစခန်းသို့ ပြန်ရောက်ပါမည်။ ဥတိုပြန်ရန် ကားကို ဘယ်ကွေ့ လိုက်၏။ လမ်းဆုံတွင် တံတားကြီးတစ်စင်းရှိသည်။ တံတားနှင့်လမ်းမှာ အနိမ့်အမြင့်ကွာခြားမှုရှိ၏။ တံတားက အတန်ငယ် ပိုမြင့်သည်။ ပထမ အကြိမ်အတက်၌ အရှိန်နှေးသဖြင့် ကားက တံတားပေါ် တက်၍မရ၊ ပြန်လိမ့်ဆင်းလာ၏။ ထို့ကြောင့် ဒုတိယအကြိမ် အတက်၌ လီဗာကို ဖိနင်းပြီး ထိုးတက်လိုက်၏။ ကားက ဂူးခနဲမြည်ပြီး တံတားပေါ် အရှိန်နှင့် ထိုးတက်သွား၏။

သို့ရာတွင် ရွှံ့နှင့်မိုးရေများကြောင့် ကားက ဘီးလမ်းပေါ် မရောက်ဘဲ ဘေးသို့ချော်ဆင်းသွား၏။ ထိုမှ အရှိန်မသတ်နိုင်ဘဲ ဘယ်ဘက် တံတားလက်တန်းအား တိုက်ချလိုက်ပြီး အောက် ပေ ၂၀ ခန့် နက်သည့် ချောင်းထဲသို့ ကားတစ်စီးလုံး စိုက်ဆင်းကျသွားပါလေ တော့သည်။

ဟိုက် သွားပြီဗျို့။

ကျွန်တော်သည် သတိလွတ်မသွားပါ။ တံတားပေါ်မှ ကား ထိုးအကျ၌ အောက်သို့ငုံ့ကြည့်လိုက်ရာ ချောင်းထဲတွင် ပိုင်တိုင်လို ငုတ် များကို လှမ်းမြင်ရ၏။ ထို့ကြောင့် လက်ကိုင်စတီယာတိုင်အား ကမန်း ကတန်း ဘယ်သို့ကွေ့ချလိုက်၏။ စက္ကန့်ပိုင်းအတွင်းမှာပင် ကားသည် ဗုန်းခနဲမြည်သံကြီးနှင့်အတူ ချောင်းထဲသို့ ပက်လက်ကြီးလန်ပြီး ကျသွားတော့၏။ ချောင်းရေအနက်မှာ (၆)ပေခန့် ရှိပါသည်။

လိပ်ကြီးတစ်ကောင်လို ပက်လက်လန်နေသည့် ကားအတွင်းမှ ဆရာတပည့်နှစ်ယောက် ရေကူး၍ ထွက်ခဲ့ကြ၏။ ကံအားလျော်စွာ ကားခေါင်းမှန်တံခါးအား အမြဲဖွင့်စီးသည့် အကျင့်ကြောင့် မှန်ပေါက်မှ ထိုး၍ ကျွန်တော် လွတ်မြောက်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇေလုတ်ကုန်းရွာအနီးတွင်ဖြစ်၍ ရွာအနီးချုပ်စပ်မှ ရွာသားများနှင့် ကြာအင်းစခန်းမှ တပည့်တပန်းများက ပြေးလာကြ၏။ ကျွန်တော်တံကောင်း၏။ ကြီးကြီးကျယ်ကျယ် ဘာဒဏ်ရာမှ မရပါ။ ကားဒရိုင်ဘာ ဆရာပေါက်စလည်း ဘာမှမဖြစ်ပါ။ သူသေသွားရင်လည်း ကားမောင်းသည့်ကျွန်တော် အမှုဖြစ်ပါလိမ့်မည်။

"ဘာဖြစ်သေးလဲ အဘ"

"လူတော့ နှစ်ယောက်လုံး ဘာမှမဖြစ်ပါဘူးကွာ။ ဒါပေမယ့် ကား အတွင်းက Computer System တွေအားလုံး Shock ဖြစ်သွားတယ်။ ပျက်မယ် ထင်တယ်"

"ကားပျက်တာ ကိစ္စမရှိပါဘူး။ လူဘာမှမဖြစ်ဖို့ဘဲ အဘရေ ဒီနေရာက မလွယ်ဘူးအဘရဲ့"

"ဘယ်လိုမလွယ်တာလဲ"

"အဘကားနဲ့ဆိုရင် ဒီနားမှာ ကားမှောက်တာ သုံးလေးခါရှိပြီ။ လူတော့မသေဘူး။ ဒါပေမယ့် ကျိုးကြပဲ့ကြပဲ။ လူဘာမှ ကြီးကြီးကျယ်ကျယ် မဖြစ်တာ အဘကားတစ်စီးပဲ၊ ရွာသားတွေက ပြောတော့ နယ်မြေက ကြမ်းတယ်တဲ့၊ ဟိုတစ်နေ့က ကြာအင်းစခန်းက ရေနစ်ပြီး ဝန်ထမ်းတစ်ယောက် ဆုံးတာလည်း ဒီချောင်းပဲလေ"

"ဩော်"

ထိုနေ့က မိုးချုပ်မှ ရန်ကုန်ပြန်ရောက်၏။ အိမ်ပြန်ရောက်မှ လူတစ်ကိုယ်လုံးမှာ ကိုင်ရိုက်ထားသလို နာကျင်နေ၏။ ညအိပ်ရာဝင်ချိန် ပြန်စဉ်းစားမှ စိုးရိမ်စိတ်က ဝင်လာ၏။ ကားအောက်အကျ ချောင်းထဲက တိုင်ငုတ်များဖြင့် ဆောင့်လိုက်ပါက မတွေးဝံ့စရာ၊ ထို့ပြင် ကားဒရိုင်ဘာ တစ်ခုခုဖြစ်ရင်လည်း ကျွန်တော် သက်သာမည်မဟုတ်ပါ။

အင်း တော်ပါသေးရဲ့။

❀



"အဘ မရဘူးဗျာ၊ အဘနယ်မြေက ကြမ်းတယ်။ သုံးတောင်မြင့် ဘုရားလေးတစ်ဆူတည်ဗျာ"

ထိုကိစ္စအပြီး ရက်ပိုင်းအတွင်း စခန်းသို့ တတ်ကျွမ်းနားလည်သူတစ်ဦးအားပင့်ဖိတ်ရာ သူက တိုက်ကြီးမြို့အထွက်မှာပင် အထက်ပါအတိုင်း ဆို၏။

ကြာအင်းစခန်းကုန်းရောက်တော့ ကန်တော့ပွဲပေးပြီး ဆိုင်ရာ ဗိုင်ရာများအား ထိုပုဂ္ဂိုလ်မှ ခေါ်၏။ ထိုအခါ ထူးဆန်းသော အဖြစ်အပျက်တစ်ခုကို ကြုံရ၏။ လာကြည့်ကြသည့် ကြာအင်းရွာသူနှစ်ဦးအား နယ်ရှင်ဆိုသူများပူးဝင်ပြီး အောက်ပါအတိုင်း ပြောတော့သည်။

"မင်းတို့တစ်တွေ ရိုင်းတယ်၊ အပြောအဆို အနေအထိုင် မဆင်ခြင်ဘူး။ တို့ကိုစော်ကားတယ်"

"ငါတို့ကို မလေးမစားပြောတယ်။ အဲဒါတွေကြောင့် မင်းတို့ ကားတွေ ငါတို့ဆွဲလှန်ပစ်တာ"၊

အတူလိုက်ပါလာသည့် အမေနှင့်သမီးများက–

"အဲဒါ အဖေကြီးပြောတာနဲ့ တူတယ်" ဟု ဆိုကြ၏။

ကျွန်တော်က ဒါမျိုးတွေ အယုံအကြည်မရှိဘဲ နောက်တတ်ပြောင်တတ်သဖြင့် မိသားစုက မကြာခဏ သတိပေးဖူးပါသည်။ ယခုလည်း ကျွန်တော့်ကို ရည်ညွှန်းနေသည်ဟု ဆို၏။ ကျွန်တော်ခေါ်လာသည့် ပုဂ္ဂိုလ်က ကျေနပ်အောင် "ဘာလုပ်ပေးရမလဲ" ဟု မေးတော့သည်။

"ဟိုကုန်းမှာ ဘုရားတည်ပေး"

နတ်ဝင်သည်နှစ်ဦးက ကြာအင်းရွာအနီးက ထန်းပင်ကုန်းအား သတ်ညွှန်းထိုးပြကြ၏။ ထိုကုန်းတွင် ဓာတ်ညောင်ပင်ကြီးတစ်ပင်လည်း ရှိ၏။ တော်လတီမှ အလယ်ဘုတ်ဆရာတော်ဘုရားကြီး စိုက်ခဲ့သည်ဟု ဆိုသည်။ ရှေးယခင်ကတည်းက ဘုရားတည်ရန် လျာထားသည့်ကုန်းဟု သိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားတည်ပေးရန် သဘောတူလိုက်၏။

သက်ဆိုင်ရာများ၏ ခွင့်ပြုချက်ဖြင့် ကြာအင်းရွာအနီး ထန်းပင်ကုန်း၌ ကိုးတောင်ပြည့်စေတီတစ်ဆူအား ကျွန်တော် ကမကထလုပ်၍ တည်ဖြစ်ပါတော့သည်။ လအနည်းငယ်အတွင်း ဘုရားတည်၍ ပြီးစီးသွား၏။ လာမည့်ဆောင်းတွင်းတွင် ဘုရားထီးတင်နိုင်ရန် ပြင်ဆင်ထား၏။

''ဘုရားထီးတင်ရင် ဘုရားဒကာက လုံးဝ သီလစင်ကြယ်မှရမယ်''

တတ်ကျွမ်းနားလည်သူများက ဆိုကြပြန်သည်။ ဘုရားဒကာက ဘယ်သူလဲ၊ ကိုယ့်ဟာကိုယ် ပြန်မေးရသည်။ ဘယ်သူ ဘုရားဒကာပဲဖြစ်ဖြစ် မိမိကစသည့်ကိစ္စ ဖြစ်သဖြင့် ကိုယ့်ကိုယ်ကိုယ် တာဝန် အရှိဆုံးဟု ကျွန်တော် ခံယူလိုက်သည်။ ထို့ကြောင့် ကျွန်တော် သီလစင်ကြယ်ရန်လို၏။ သီလမစင်ကြယ်သဖြင့် ဘုရားထီးတင်ပွဲ မအောင်မြင်မှာကျွန်တော် အလွန်စိုးပါသည်။ (Temptation) တွေများသော ပတ်ဝန်းကျင်နှင့် အဖျော်ယမကာ ကြိုက်တတ်သော ကျွန်တော့်အတွက် သီလစင်ကြယ်သည်၊ မစင်ကြယ်သည်မှာ ကျွန်တော့်ကိုယ် ကျွန်တော် အသိဆုံးဖြစ်၏။ ထီးတင်နိုင်လောက်သည့် သီလ ကျွန်တော့်တွင်မရှိဟုထင်၏။

မသိရင် မေး၊ မစင်ရင် ဆေးတဲ့။

ဒီတော့ ဘာလုပ်ရမလဲ၊ ဆေးရမယ်။ ဘာနဲ့ ဆေးမလဲ။ ထိုအမေးကို ကိုယ့်ဟာကိုယ်သာမက ဇနီးသည်နှင့် မိသားစုကိုပါ မေးရပါတော့သည်။ ထိုအခါ အားလုံးက–

''အဖေကြီး၊ ထီးမတင်ခင် ဒုလ္လဘရဟန်း ဝတ်လိုက်ပါ'' ဟု တညီတညွတ်တည်း ဆိုကြ၏။ လိုအပ်ရင်တော့ လုပ်ရပါလိမ့်မည်။ ထို့ကြောင့်–

ရဟန်းဝတ်ရန် ကျွန်တော် သဘောတူလိုက်ရပါတော့သည်ခင်ဗျား။

❀



ကျစ္စာချောင်မှ ဒုလ္လဘရဟန်းတစ်ပါး

ဒုလ္လဘဝတ်တာ ဘယ်သူမှ အသိမပေးလို့၊ အေးအေးဆေးဆေးဝတ်ချင်၏။ ထို့ကြောင့် မိသားစု အကြံပြုချက်အရ ဆရာတော်ဦးလက္ခဏာ၏ စစ်ကိုင်းကျစ္စာချောင်ကို ရွေးလိုက်သည်။

''ဒုလ္လဘဝတ်ရင် ကျစ္စာချောင်ကို လာခဲ့ပါ'' ဟု ဆရာတော်၏အမှာစကားလည်း ရှိသည်မဟုတ်လား။

ခွင့်ဆယ်ရက်ယူလိုက်သည်။ ၂၀၀၀–ပြည့်နှစ်၊ အောက်တိုဘာ(၂၉) ရက်နေ့၊ ရန်ကုန်မှ ကားနှစ်စီးဖြင့် မိသားစု စစ်ကိုင်းသို့ ထွက်ခဲ့ကြသည်။ ကျစ္စာဆရာတော်အား ကြိုတင်၍ ဖုန်းဖြင့်လျှောက်ထားပြီး ဖြစ်သည်။ ဆရာတော်က စောင့်ကြိုနေ၏။ ချောင်တွင် နေရာချထားပေးသည်။ (၃၀)ရက်နေ့ ညနေထွင် ကြိုတင်ပြီး ဆံချလိုက်သည်။ (၃၁)ရက်နေ့တွင် ကျစ္စာဆရာတော်အား ဥပဇ္ဈာယ်ထား၍ ကိုရင်ကြီးဘဝမှ ရဟန်းဘဝကို ခံယူလိုက်သည်။ တစ်ဆက်တည်း ထိုနေ့က ကျစ္စာချောင်၌ ကထိန်ခင်း ဖြစ်သည်။

''ဘာနေ့သားလဲ''

''တပည့်တော် ဗုဒ္ဓဟူးသားပါဘုရား''

''ကဲ ကိုယ်တော်က ဗုဒ္ဓဟူးသားဆိုတော့ ဦးဝိစိတ္တသာရလို့ဘွဲ့အမည်ပေးလိုက်မယ်''

''မှန်ပါဘုရား''

အောက်တိုဘာလ (၃၁) ရက်နေ့တွင် ဦးဝိစိတ္တဘွဲ့ မည်သသောဒုလ္လဘ ရဟန်းဘဝသို့ ကျွန်တော် ရောက်သွား၏။ ကျစ္စာဆရာတော်ကချောင်ကျောင်ကိုဏ်းဝင်ဖြစ်၍ စည်းကမ်းကလနား ကြီးလှ၏။ ညတစ်နာရီမနက်တစ်နာရီ တရားထိုင်ရသည်။ ညဆို (၁၀) နာရီကျော်မှ အိပ်ရသည်။ မနက် (၃) နာရီခွဲ ထရ၏။ ဒါက ကိစ္စမရှိ၊ စစ်သားလူထွက်မို့ဆိုနိုင်ပါသည်။ တရားထိုင်ခြင်းကိစ္စတော့ ကျွန်တော်မရှင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်ကို ဘာမှ နားမလည်သေးတဲ့လူလို သဘောထားပြီး လမ်းညွှန်ပါဘုရား"

ဆရာတော်က ကျွန်တော့်အား အလွန်လွယ်သည့် ထွက်သက်ဝင်သက်ကို မှတ်ခိုင်း၏။ ဖောင်းပိန်ကို မှတ်ခိုင်း၏။ မှတ်ပါသည်။ ဒါပေမယ့် စိတ်ကထိန်းမရ၊ ဖမ်းမရ၊ ဟိုးပြေးဒီပြေး ပြေးနေ၏။ ဟိုရောက် ဒီရောက် ရောက်နေ၏။ ဟိုဟာဒီဟာတွေကို စဉ်းစားနေမိ၏။ ပြန်ဖမ်း၏။ ပြန်ထိန်း၏။ မိသည်။ သို့ရာတွင် ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်အကြာ လွတ်သွားပြန်၏။ ဤသို့ဖြင့် ဘာတရားမှမရဘဲ လုံးချာလည်လိုက်နေ၏။

"ဦးပဉ္ဇင်းကြီး တရားရပြီလား"

"တပည့်တော် ဘာတရားမှ မရပါဘူးဘုရား"

ဆရာတော်က ပြုံးသည်။

"ကြိုးစားပြီး ဆက်လုပ်ပါလေ" ဟု အမိန့်ရှိပြန်၏။

ဆက်လုပ်ရပြန်၏။ ထိုသို့ရှိစဉ် ရဟန်းဝတ်သုံးရက်မြောက် နေ့အကုသိုလ်ဂြိုဟ်ဆိုးတစ်ခုက ဝင်လာပါတော့သည်။ အိပ်ရာ ထလိုက်သည်နှင့် မျက်လုံးများ ကျိန်းစပ်နေ၏။ ဘာဖြစ်တာပါလိမ့်။

"ဦးပဉ္ဇင်းကြီး၊ မျက်စိတွေ ရဲလို့ပါလား"

မနက်အရုဏ်ဆွမ်းစားအပြီး၌ ကျွန်တော့်အား လာတွေ့သည့် ဇနီးသည်ဒကာမက ပြောသည်။

"ဟုတ်တယ်၊ မျက်စိတွေ နာနေတယ်"

ဝါးချက်ဆေးရုံမှ ဆရာဝန်များ ရောက်လာသည်။ မျက်စိဆေးနှစ်မျိုး ပေးသည်။ ခတ်သည်။ မသက်သာပါ။ နောက်နေ့ရောက်သော် မျက်စိ ကောင်းစွာမဖွင့်နိုင်တော့။ ဆရာတော်နှင့်အတူ ဆွမ်းဘုဉ်းပေးရသည်ကိုပင် မျက်စိနာကြောင့် အားနာပြီး မဝံ့မရဲ ဖြစ်နေသည်။ စာလည်း မကြည့်နိုင်တော့။ နေရသည်က ဆရာတော့်ကျောင်းအနီးဂူကြီးထဲတွင် တစ်ပါးတည်းဖြစ်၏။ မျက်စိနာက ကြာလေပိုးဆိုးလေ



"ဦးပဉ္ဇင်းကြီး ဘာလုပ်မလဲ၊ လူထွက်ပြီး ရန်ကုန်ပြန် မျက်စိကုမလား"

"မကုဘူး၊ ခုနစ်ရက်မပြည့်ဘဲ ဒီက မပြန်ဘူး၊ ဒါရှေးက အကုသိုလ်တွေ ပေးဆပ်နေရတာလို့ သဘောထားတယ်၊ ရက်မစေ့ဘဲ လူထွက်လိုက်ရင် အကုသိုလ်ဝဋ်ကြွေးတွေ ကျေမှာမဟုတ်ဘူး။ ဒါကြောင့် ဒီမျက်စိတွေ ကွယ်ချင်ကွယ်သွားပါစေ မသွားဘူး။

ကျွန်တော့် စကားကြောင့် ဒကာမ စိတ်မကောင်းဖြစ်သွား၏။ မန္တလေးသွား၍ ကောင်းနိုးရာရာ မျက်စဉ်းဆေးများသွားရှာလာသည်။ ခတ်သည်။ မသက်သာပါ။ မျက်စိဝေဒနာကြောင့် ထွက်သက်ဝင်သက် မှတ်မှုမှာလည်း မဖြောင့်ပါ။ အာရုံက ဝေဒနာမှာသာ သက်ရောက်နေ၏။ ဆရာတော်ကတော့ စောင့်ကြည့်နေ၏၊ လူထွက်ဖို့တော့ဘာမှ မပြော။ ကျွန်တော်ကသာ–

"တပည့်တော် ဒုလ္လဘခုနစ်ရက်ဝတ်ဖို့ အဓိဋ္ဌာန်နဲ့ လာတာပါဘုရား။ အဓိဋ္ဌာန်မပြည့်ဘဲ လူမထွက်ပါဘူး"ဟု လျှောက်ဖြစ်၏။

မျက်စိဝေဒနာကို တစ်ပါးတည်း လူးလိမ့်ခံစားရင်း ရဟန်းသက်ခုနစ်ရက်ပြည့်သွားတော့၏။ နိုဝင်ဘာ (၇) ရက်နေ့နံနက်တွင် ရဟန်းဘဝမှ သိက္ခာချ၍ လူထွက်ခဲ့ပါသည်။ အနေအစား အပြောအဆိုအားလုံးဆင်ခြင်ခဲ့ပြီး ရဟန်းသိက္ခာပုဒ်နဲ့ လိုက်လျောညီထွေအောင် ကြိုးစားကျင့်ကြံခဲ့သည်။ ဆရာတော်က ကျေနပ်ပုံရ၏။

"ဒကာကြီး၊ အောင်အောင်မြင်မြင်နဲ့ ဒုလ္လဘ ဖြစ်မြောက်သွားပါပြီ"

အထက်ပါအတိုင်း အမိန့်ရှိ၏။ မျက်စိနာနေသဖြင့် စစ်ကိုင်းမှ ရန်ကုန်သို့ အလာတုန်းကလို ကားဖြင့်မပြန်နိုင်၊ တံတားဦးလေဆိပ်မှ လေယာဉ်စီးပြီး ပြန်ခဲ့ရ၏။ မျက်စိမဖွင့်နိုင်၍ မျက်နှာကို အဝတ်ဖြင့် အုပ်လာခဲ့ရသည်။ ရန်ကုန်သို့ ညနေပြန်ရောက်သည်။ ချက်ချင်း မျက်စိအထူးကုဆရာဝန်ကြီးများအား သွားပြရ၏။ မျက်စိနာပျောက်

www.burmeseclassic.com

www.burmeseclassic.com



အောင် တစ်လနီးပါး အသည်းအသန်ကုလိုက်ရ၏။ ထိုကာလတွင် ကျွန်တော် ငါးပါးသီလလုံခြုံနေ၏။ မျက်စိနာပျောက်ကင်းသည်နှင့် ဘုရားထီးတင်ဖြစ်ပါတော့သည်။ ဒုလ္လဘဝတ်ပြီး အကုသိုလ်များအား ခဝါချ ပေးဆပ်ခဲ့သဖြင့် ဘုရားထီးတင်ပွဲကြီးမှာ အထစ်အငေါ့ တစ်စုံတစ်ရာ မရှိဘဲ ချောချောမောမောနှင့် အောင်မြင်စွာ ပြီးမြောက်သွားပါသည် ခင်ဗျား။

နှုတ်လူ သာခုခေါ်စေသောဝ်။ ထိုကာသလ ဤပုညကို ဝသုန္ဒြေ ဤမြေပံသို့သိလာစေလည်း သက်သေအမှု တည်စေသောဝ်။

၃-၅-၂၀၀၄

ဖ ဖ ဖ

## အခန်း(၂)

## စစ်ကိုင်းမြို့မှ နေ့ရက်များ

စစ်ကိုင်းမှာ နေရသည့်ကာလတွင် ထူးခြားချက်မှာ ကျွန်တော် တစ်ဦးတည်း နေရခြင်းပင် ဖြစ်၏။

ရှေးယခင်အခါများက နေခဲ့သည့် နေရာအသီးသီးတွင်ကား ဇနီး သားသမီးများနှင့် ပျော်ပျော်ပါးပါးအတူနေခဲ့ရ၏။ သို့သော် ၁၉၉၀ ပြည့်နှစ် နောက်ပိုင်း၌ကား သားသမီးများ အရွယ်ရောက်စ ပြုလာကြ၏။ ကျောင်းပြဿနာရှိလာသည်။ ထို့ကြောင့် ဇနီးသည်အား ကလေးများနှင့် အတူ ရန်ကုန်မှာ နေစေရတော့၏။ မနေလို့လည်း မဖြစ်ပါ။ သမီးအကြီး ဆယ်တန်းအောင်သည့်နှစ်က တက္ကသိုလ် ဆက်တက်ရန် ပြင်ဆင်နေဆဲ ကာလ မိဘကွပ်ကဲမှု လွတ်သွား၍ ကျွန်တော်တို့ သဘောမတူသူတစ်ဦး နှင့် ရုတ်တရက် အိမ်ထောင်ကျသွားသည်။ များစွာ စိတ်အနှောက်အယှက် ဖြစ်သွား၏။ ထိုစဉ်က ကျွန်တော်သည် တောင်ပိုင်းတိုင်း၌ စစ်ဦးစီးမှူး ထထမတန်းတာဝန် ထမ်းဆောင်နေ၏။ တာဝန်ကလည်း အလွန်အရေးကြီး နေပါသည်။ တာဝန်ကြောင့် သားသမီးကိစ္စကို လျစ်လျူရှုလိုက်ရတော့ ၏။ သမီးကြီးကို နိဗ္ဗာန ပစ္စယောဟောတု လုပ်လိုက်ရ၏။

၁၉၉၂ ၌ တောင်ငူမှ စစ်ကိုင်းပြောင်းရသည်။

"ကဲ မေရေ သမီးအကြီးကတော့ သူ့သဘော သူဆောင် သွားပြီ၊ သူ့လမ်းစဉ် အငယ်မလေးတွေ လိုက်မသွားနိုင်အောင် မေ

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာပဲ နေခဲ့ပါတော့။ အဆင်ပြေတဲ့အခါ စစ်ကိုင်းကို လိုက်လာပါ။ ကိုယ် ဒီမှာ တစ်ယောက်တည်းပဲ နေပါ့မယ်''

နောက်ထပ် သမီးနှစ်ယောက်ကျန်သေးသည်။ တက္ကသိုလ် ဝင်တန်း တက်နေကြသည်။ သမီးအကြီးက ပေးသွားသည့် ခါးသီးသော သင်ခန်းစာကြောင့် သမီးငယ်နှစ်ယောက်ကို အနီးကပ်ကြီးကြပ် စောင့်ရှောက်နိုင်ရန် ဇနီးသည်ကို ရန်ကုန်မှာ ထားရတော့၏။ ထိုအခါ စစ်ကိုင်းတွင် ကျွန်တော်ဆိုသော သူကောင်းသား ဘုန်းမောင် တစ်ယောက်တည်းပေါ့ခင်ဗျာ။

## ကျွန်တော်ဂေါက်သီးသမား

စစ်ကိုင်းတွင် ထူးခြားမှုတစ်ခုမှာ ကျွန်တော် ဂေါက်သီး အတော် ကစားဖြစ်သွားခြင်းပင်။ အိမ်တွင် တစ်ယောက်တည်းနေရ၍ လူက ရှုံးဆင်းချိန်ဆို အားယားနေ၏။ စစ်ကိုင်းမြို့က လည်စရာပတ်စရာ လည်း ရှားလှ၏။ ကာရာအိုကေဆိုင်တို့၊ ဗျူတီပါလာတို့လည်း မရှိပါ။ အမျိုးသားဆံပင်ညှပ်ဆိုင်ပင် ရှားရှားပါးပါး မတွေ့ဘူးပါ။ ဟိုတယ် လည်း တစ်လုံးမှ မရှိပါ။ မန္တလေးနှင့်အလွန်နီးပြီး မန္တလေး၏ လောင်းရိပ် အောက်ရောက်နေသည်။ ဘယ်မှသွားစရာ လာစရာမရှိသဖြင့် အားလပ် ချိန်များတွင် စာရေးစာဖတ်ပြီးတော့ မတတ်တတတ်နှင့် ဂေါက်သီးရိုက် ဒါပဲရှိ၏။

၁၉၉၂ ခုနှစ်၊ နှစ်လယ်လောက်ကစပြီး ဂေါက်သီး ကစား ဖြစ်သည်။ စစ်ကိုင်းတွင် ဇေယျာဂေါက်ကလပ် ရှိ၏။ ဂေါက်ကွင်းက ထူးထူးခြားခြား ကျွန်တော်နေသည့်တပ်ဝင်းထဲမှာ ဖြစ်၏။ ကိုးကျင်းပ ဂေါက်ကွင်း ဖြစ်ပါသည်။ ဂေါက်သီးကစားရန် မြို့ပေါ်က ဂေါက်သီး



သမားများ စစ်ကိုင်းမြို့ မြောက်ဘက်အထွက်က ကျွန်တော်တို့ ရှာထောင်တပ်နယ်သို့ လာကြရ၏။

''ဟေ့ ကိုသောင်းဝေ၊ ဒါစစ်ကိုင်းက ဂေါက်သမားတွေဗျာ၊ ခင်ဗျားနဲ့ မိတ်ဆက်ပေးမယ်။ မှတ်ထား''

''ဒါက ကိုကျော်မောင်၊ ဂျုံစက်ပိုင်ရှင်ကြီး၊ ဒါကြောင့် ဒီက ကစားဖက်တွေက ဂျုံကျော်လို့ ခေါ်တယ်၊ ဒါက ကိုစိုး၊ သံပန်းဆရာကြီး၊ သူက ညငှက်၊ ညမှ အသံမြည်တယ်၊ ဒါကြောင့် ငှက်ဆိုး လို့လည်း ခေါ်တယ်။ ဒါက နာမည်ကျော်အဆိုတော်ကြီး ကိုအေးသန်း။ မလိခ ချစ်သူစကားနဲ့ နာမည်ကြီးခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပေါ့၊ ဒါက ဦးသက်၊ ရိုက်တိုင်း ရှုံးပြီး သူကချည်းခံရလို့ အနာခံဆရာသက်ကြီးတဲ့၊ ဒါက ဦးအောင်ကြည်၊ သူလည်း ခဏခဏရှုံးပြီး လက်ထုတ်ပြီး အိပ်နှိုက်ရလွန်းလို့ လက်ထုတ် ကြီးတဲ့၊ ဒါက ဦးကြည်ဆန်း၊ စစ်ကိုင်း ဂေါက်သမားတွေရဲ့ (Coacher) ကြီးပေါ့၊ လုံးကြီးလုံကလေးတို့ရဲ့အဖေ၊ အင်း၀ ဂေါက်ထုတ်လုပ်ငန်း ပိုင်ရှင်ကြီး''

မိုးတွင်းနေ့တစ်နေ့တွင် ပြုလုပ်သည့် ပြိုင်ပွဲတစ်ခု၌ ကျွန်တော်၏ (Second Commander)မှ ကျွန်တော့်အား ဒေသခံဂေါက်သမားများနှင့် မိတ်ဆက်ပေးသည်။ အားလုံးမှာ ရှာထောင်ဇေယျာဂေါက်သင်း အသင်း ဝင်များဖြစ်ပြီး၊ ညနေတိုင်း ပုံမှန်လာကစားနေသည့် (Regular Golfer) များ ဖြစ်ကြ၏။

အပြောကြောင့် အားလုံးကလည်း ပြုံးကြသည်။

ဟုတ်ကဲ့၊ ကိုအေးသန်းကိုတော့ လူမမြင်ဘူးပေမယ့် မြန်မာ့ အသံက လာလာနေတဲ့ သီချင်းသံကိုတော့ ခဏခဏ နားထောင်ဖူး ပါတယ်။ ကြိုက်ပါတယ်။

ကိုအေးသန်းက သစ်ထုတ်လုပ်ရေးမှ စစ်ကိုင်းတိုင်း၊ နယ်ပိုင်းမန်နေဂျာဖြစ်၏။ သူသည် အသံကောင်း၊ အဆိုကောင်းရှိသော တွတ် အမှုအရာပါ ကောင်းသဖြင့် မကြာခဏပြုလုပ်သည့် ဇေယျာ

www.burmeseclassic.com

www.burmeseclassic.com



ခေါက်ကလေး၏ ပြိုင်ပွဲတိုင်းလိုလို အခမ်းအနားမှူးလုပ်ရ၏။ သူ့ လေယူလေသိမ်းကို လူကြီးများက ကြိုက်ကြ၏။

မြို့ခံလူများနှင့် မိတ်ဆွေဖြစ်ပြီးနောက် ကျွန်တော်သည် နေ့စဉ်ညတိုင်း ဂေါက်သီး (One Corner) ကိုးကျင်းကစား၏။ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် မနက်မိုးလင်းကတည်းက ထကစားရာ အနည်းဆုံး (Two Corner) ကစားဖြစ်၏။ စစ်ကိုင်း၌ လေးနှစ်နီးပါးနေ၍ အားလပ်ချိန်များတွင် ကျွန်တော် ဂေါက်သီးကစားခဲ့သော်လည်း နည်းမှန်လမ်းမှန်ဖြင့် ဂေါက်သီးကောင်းကောင်း မရိုက်တတ်ခဲ့ပါ။

အသက်အတော်ကြီးမှ ကစားဖြစ်သဖြင့်ဟု ထင်ပါ၏။ ထို့ကြောင့် ကျွန်တော်နှင့် ဂေါက်သီးအကြောင်းလေးကို ပြောလိုပါသေးသည်။

၍

**ဂေါက်ကွင်းကို စတင်မြင်ဖူးခြင်း**

ဝန်ထမ်းဘဝနှင့် နှစ်အတော်ကြာသည်အထိ ဂေါက်ကွင်းကို မတွေ့ဘူးပါ။ ၁၉၇၉ ရောက်မှ စတင်ပြီး ဂေါက်ကွင်းနှင့် နဖူးစာဆုံဖြစ်သည်။ ထိုနှစ်က ကျွန်တော် ဗထူးပြောင်းရသည်။ တိုက်ခိုက်ရေးကျောင်းတွင် တာဝန်ကျသည်။ တိုက်ခိုက်ရေးကျောင်း ဗထူးစမ်းအနီး၌ ကိုးကျင်းပါ ဂေါက်ကွင်းတစ်ကွင်းရှိ၏။ ဘယ်တုန်းက ဖောက်ထားမှန်း မသိပါ။ သို့ရာတွင် ဗထူးရှိ သင်တန်းအသီးသီးမှ ဂေါက်သီးဝါသနာပါသူ ဂေါက်ရိုက်တတ်သူများ၊ တပ်နယ်အရာရှိများ နေ့စဉ် ဂေါက်သီးလာကစားကြရာ ဗထူးဂေါက်ကွင်းမှာ လူပြတ်သည်ဟူ၍ မရှိပါ။ ဗထူးသို့ ကျွန်တော်ရောက်ပြီး မကြာမြင့်မီမှာပင် အိမ်မှာရေပြတ်၍ ဗထူးစမ်း သွားပြီး အဝတ်လျှော် ရေချိုးလုပ်ရင်း၊ ဗထူးဂေါက်ကွင်းကို စတင်မြင်ဖူး



ပါသည်။ တောင်ကုန်းလေးများ အတက်အဆင်းနှင့် ဗထူးဂေါက်ကွင်းမှာ အတော်လှ၏။

ကျွန်တော်နှင့်အတူ ဗထူးပြောင်းရသည့် အရာရှိ အတော်များများကား ရောက်ပြီးမကြာမြင့်မီမှာပင် ဂေါက်သီးကစားကြ၏။ ကျွန်တော်ကတော့ မကစားပါ၊ ဗထူးသည်လည်း ပျော်စရာ အတော်နည်းပါးသောမြို့ကလေး ဖြစ်ခြင်းကြောင့် ဝန်ထမ်းအများစုမှာ အားကစားလုပ်သူလုပ်၊ လိမ္မော်ခြံ၊ သနပ်ဖက်ခြံ စိုက်သူစိုက်နှင့် အချိန်ကာလတစ်ခုကို ကျော်လွှန်နေကြ၏။ ကျွန်တော်တို့မိသားစုကတော့ ဗထူးလာကြသည့် သူငယ်ချင်းအရာရှိများအား ကျွေးနိုင်မွေးနိုင်ရန် ဥစားကြက်မွေးခြင်း၊ မြေပဲစားလျော်ထုပ်ခြင်း၊ ဆေးလိပ်အစီခံလုံးခြင်းများဖြင့် အချိန်ကုန်နေကြ၏။

"ဟေ့လူ–ဂေါက်သီးမကစားဘူးလား"

သင်တန်းလာတက်သည့် အသိမိတ်ဆွေအရာရှိများက မေးကြ၏။

ကျွန်တော်ကပြုံးပြီး ခေါင်းခါပြလိုက်သည်။ သူတို့က ကျွန်တော့်အစွဲကိုမသိ၍ မေးကြခြင်းဖြစ်၏။

ကျောင်းသားဘဝက ကျွန်တော်သည် အတော်ကြီးပင် ချို့တဲ့ [illegible] တက္ကသိုလ်ဝင်တန်းအောင်ဖို့အရေး ဘယ်ကျူရှင်မှ မတက်နိုင်ဘဲ [illegible]ရအထက်တန်းကျောင်းမှ သင်လိုက်သည့် စာကိုသာ အသည်း[illegible] ကုန်းရုန်းကျက်ရင်း ကြိုးစားခဲ့ရ၏။ တက္ကသိုလ်ဝင်တန်း [illegible]ပြီး မပြည့်မစုံနှင့် တက္ကသိုလ်ကိုသွားတက်သည်။ ချို့တဲ့မှုများစွာ [illegible] ပညာရေးမဖြောင့်ဖြူးခဲ့၊ နောက်ဆုံးတော့ တက္ကသိုလ်ကထွက်ပြီး [illegible]မှာ အလုပ်လုပ်၍ ကျောင်းဆက်တက်ရတော့သည်။ ဘွဲ့တစ်ခု [illegible]ည့်အရေး အရပ်ကူပါလူပိုင်းပါနှင့်၊ ကယ်ပါယူပါတစာစာနှင့် [illegible]ရ၏။ ထို့ကြောင့် လောကကိုမကျေနပ်မှုတွေ များလာ၏။ [illegible]လာ၏။ [illegible]ကြောင့် ဤသို့ ဖြစ်ရသည်ကိုမှ မသိ။

www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာအပိုင်း (က) တွင် နိုင်ငံရေးသိပ္ပံယူလိုက်သည်။ ထိုအခါ အယူဝါဒများကို လေ့လာရပြန်သည်။ မာက်စ်၏အရင်းကျမ်းနှင့် ရေသောက်မြစ်သုံးသွယ်၊ အရင်းနှင့်အစွန်းထွက်တန်ဖိုး စသည်များကို ဖတ်လာရသည့်အခါ အရင်းရှင်စနစ်ကို တိုက်ဖျက်ရမည်၊ မုန်းတီးရမည်ဟူသော ပစ္စည်းမဲ့အတွေးအခေါ်များက ကျွန်တော့်ခေါင်းထဲ ရောက်လာ၏။ ကျွန်တော်တို့ ဆင်းရဲခဲ့ရသည်မှာ နယ်ချဲ့နှင့်အရင်းရှင် စနစ်ကြောင့်ဟု မြင်လာ၏။ ထိုအတွေးအခေါ်က တော်တော်နှင့် ပျောက်မသွားခဲ့။ ခေတ်ကလည်း ဆိုရှယ်လစ်ခေတ်ဖြစ်နေရာ အများ ကောင်းစားရေးဆိုသော ဆိုရှယ်လစ်တို့၏စကားက "နေရာတကာ တွင်ကျယ်နေ၏။ ထို့ကြောင့် အများမကစားနိုင်သော အရင်းရှင် လူတန်းစားများ၊ ဗျူရိုကရက်လူတန်းစားများသာ ကစားကြသော ကစားနိုင်သော ဂေါက်သီးကို ကျွန်တော် မကစားဟု ဆုံးဖြတ်ထား၏

ဂေါက်သီးအားကစားကလည်း အလွန်ပင် အကုန်အကျများ၏ ကြည့်ပါခင်ဗျာ။

ဂေါက်သီးအားကစားတွင် ပထဦးစွာ ဂေါက်ကွင်း ရှိရပါမည်။ အနည်းဆုံးကိုးကျင်းပါ ဂေါက်ကွင်းတစ်ခု ဖြစ်ရမည်။ ထိုဂေါက်ကွင်း တစ်ခု၌ တီခုံများ၊ ဖဲယားဝေးများ၊ (Putting Green) ခေါ် ကျင်းစိမ်းကွင်း များ ပြည့်စုံရမည်။ အားလုံးက ပေမီကိုက်မီ ရှိရမည်။ (Short Hole) ခေါ်ကျင်းတိုနှစ်ခု၊ (Par Five) ခေါ် ကျင်းရှည်နှစ်ခုပါရမည်။ ကျင်းတို က ကိုက်တစ်ရာနှင့် နှစ်ရာအတွင်း။ (Par Five) ခေါ် ကျင်းရှည်က ကိုက် ငါးရာသာသာ။ ကျန်ကျင်ငါးကျင်းက (Par Four)ခေါ် သာမန်ကျင်းများ ကိုက်သုံးရာမှ လေးရာ ပတ်ဝန်းကျင်။ ထိုသို့ ကွင်းကြီးတစ်ခု ဖောက် တွင် ကွင်းအထားအသို (Lay out) ကောင်းရသည်။ ဒါပြီးက (Club House) ခေါ် ဂေါက်သမားများအတွက် အဆောက်အဦရှိရသည်။ ကွင်းထိန်းရန်အတွက် အလုပ်သမားများထားရသည်။ ဒါတွေအတွက် သိန်းရာနှင့်ချီပြီးကုန်၏။

မြရတနာစာပေ



ဒါက ကွင်းနှင့်အဆောက်အဦကိစ္စ။

ဂေါက်ကစားသူ (Player) များဘက်က ကြည့်ပါဦး။ ပထမ အဝတ်အစား၊ ဂေါက်ဖိနပ်၊ ဂေါက်ဦးထုပ်၊ ဘောင်းဘီရှည်၊ စပို့ရှပ်နှင့် ခါးပတ် စသည်များ ဝတ်ရသည်။ ဝတ်နိုင်အောင်ဝယ်ရသည်။ တန်ဖိုး မနည်းပါ။ ထို့နောက် မရှိမဖြစ် ဂေါက်ထုပ်နှင့် ဂေါက်သီးများရှိရသည်။ ဂေါက်ဆက် (Golf Set) ကလည်း ဟိုတုန်းက သိန်းဆယ်နှင့်ချီပြီး ပေးရသည်။ ယခု သိန်းရာချီနေပြီ။ ဂေါက်သီးက တစ်လုံး လေးငါးရာမှ လေးငါးထောင်တန်ထိ ရှိ၏။ စဉ်းစားကြည့်ပါခင်ဗျား။ ဂေါက်သီးကစား ရတာ တယ်မသက်သာပါ။ တစ်လဝင်ငွေသိန်းနှင့်ချီပြီးမရှိဘဲ ဂေါက်သီး ကစား၍မရပါ။ ဒါတွေကို မြင်တွေ့နေသော ကျွန်တော်သည် ပစ္စည်းမဲ့ စိတ်ဓာတ်အခံကြောင့် ဂေါက်သီးအား အနားမကပ်ရဲပါ။ မကပ်ခဲ့ပါ။ ခေါင်ဝေါင်ရှေး ဝေးဝေးရှောင်နေခဲ့ပါသည်ခင်ဗျား။

၁၉၈၁ ၌ ဗထူးမှ မကွေးပြောင်းရသည်။ ကျွန်တော်တာဝန်ကျ သည့် မကွေးတပ်ထိပ်၌ ဖန်ခါးမြေဂေါက်ကွင်းခေါ် မကွေး ဂေါက် ကွင်းရှိ၏။ ခရီးချည်းပဲ ထွက်နေခဲ့ရသဖြင့် ဂေါက်ကွင်းကိုပင် ရောက်ဘူးခဲ့ပါ။ ၁၉၈၄ တွင် ကျိုင်းတုံပြောင်းရပြန်၏။ ကျိုင်းတုံ၌ ဂေါက်ကွင်းရှိ၏။ တစ်ခါနှစ်ခါသာ ရောက်ဖူး၏။ ဂေါက်သီး မကစား ဘတ်ခဲ့ပါ။ သို့ရာတွင် ကျိုင်းတုံမှာ ဦးစီးအရာရှိလုပ်နေစဉ် ဂေါက်သီးနှင့် ပတ်သက်သည့် ကျွန်တော့်အတွေးအခေါ် ပြောင်းလဲသွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အတွေးအခေါ် ပြောင်းသွားသော ကျွန်တော်

အကြောင်းက ဒီလိုပါခင်ဗျာ။

ကျိုင်းတုံတွင် လူကြီးအတော်များများ ဂေါက်သီး ရိုက်ကြ၏။ လူချင်းဆုံသည့်အခါများ၌ မနေ့က ပါဘယ်နှစ်ကျင်းရကြောင်း၊ ဘူဂီဘယ်နှစ်ကျင်းပါကြောင်း၊ ကံအားလျော်စွာ နောက်ဆုံးကျင်း ကြက်ကန်းတိုးပြီး ဘာဒီဝင်သွား၍ ထိုနေ့က အနိုင်နှင့်နိဂုံးချုပ်လိုက်နိုင်ကြောင်း၊ အားရပါးရ ပြောကြဆိုကြ ငြင်းကြခုံကြ၏။ ထိုအခါ ဂေါက်အကြောင်း နကန်းတစ်လုံးမှမသိသည့် ကျွန်တော့်မှာ ပါးစပ်အဟောင်းသားနှင့် ငေးနေရပါသည်။

''ဗိုလ်မှူး၊ အလုပ်မအားလို့ ဂေါက်မကစားချင်နေပါ၊ ဒါပေမယ့် ဂေါက်အခေါ်အဝေါ်လေးတွေ နည်းနည်းပါးပါးသိထားဖို့ လိုမယ်၊ ဒါမှ လူကြီးတွေ ပြောရင် ကိုယ်လည်းသိထားတော့ နားလည်တာပေါ့၊ မေးရင် ဖြေနိုင်တာပေါ့''

ကျွန်တော့်ကွပ်ကဲမှုအောက်မှ အရာရှိတစ်ဦးက အကြံပြုသည်။ သူပြောတာ ဟုတ်ပါသည်။ ဦးစီးအရာရှိဆိုသည်မှာ ကိုယ့်အထက်က (Commander's Needs) လိုအပ်ချက်နှင့် (Interest) စိတ်ဝင်စားမှုကို သိဖို့လို၏။ ဒါမှ အောင်မြင်သည့် ဦးစီးအရာရှိကောင်းဖြစ်မည်။ ကျွန်တော်သည် အောင်မြင်သည့် ဦးစီးအရာရှိ အလွန်ဖြစ်ချင်ပါသည်။ ထို့ကြောင့် ကျောင်းသားဘဝက အတွေးအခေါ်ဟောင်းများကို ခဝါချပြီး ဂေါက်သီးကို မဖြစ်မနေ စိတ်ဝင်စားရန် ဆုံးဖြတ်ရတော့၏။

ပထမဦးစွာ ဂေါက်သီးစာအုပ်တစ်အုပ်ရှာပြီး တစ်နေ့နည်းနည်း ဖတ်ရသည်။ အခေါ်အဝေါ်များကို စကျက်ရ၏။ (Par) ဆိုတာဘာ၊ (Birdie) ဆိုတာဘာ၊ (Bogey) ဆိုတာဘာ သိအောင်လုပ်ရသည်။ ပြီးတော့ (Fairway, Rough, Chipping, Putting, Iron, Wood) စသည့် ဝေါဟာရများကို နားလည်အောင် ကြိုးစားရသည်။ တစ်လခန့် လေ့လာ



လိုက်တော့ (Golf) ၏ အခြေခံ မသိမဖြစ်သည့် ဝေါဟာရများကို သိသွားပါတော့သည်။ ထို့နောက် လုပ်ဖော်ကိုင်ဖက် အရာရှိများထဲမှ ဂေါက်သီးကစားသူများ၏ ဂေါက်တုတ်များ၊ ဂေါက်သီးများကို ယူကြည့်ရသည်။

''ဘာကြောင့် သံတုတ်နဲ့ ရိုက်ရတာလဲ''

''ဘာကြောင့် ဒီနေရာမှာတော့ သစ်သားတုတ်နဲ့ ရိုက်တာလဲ''

''သံတုတ်နဲ့ သစ်သားတုတ်ဘာကွာလဲ''

စသည်ဖြင့် မေးရတော့သည်။

ဤသို့ဖြင့် ထိုစဉ်က ကျိုင်းတုံဂေါက်သူရဲများ ဖြစ်ကြသည့် ကိုစန်းအောင်နှင့် ကိုစန်းလွင်တို့အား ဟိုမေး၊ ဒီမေးမေးကာ ဂေါက်သီး၏ အခြေခံသီဝရီကိုသိအောင် လုပ်ရပါတော့သည်။ သူတို့ကတော့ ဂေါက်သီး ကောင်းစွာ ကစားတတ်၍ လူကြီးများနှင့် ရင်းနှီးသဖြင့် အဆုအပူလည်း သွတ်ကြ၏။ ကျွန်တော်သာ မကြာခဏ အဆူခံ ထိနေ၏။

ဘယ်လိုပဲဖြစ်ဖြစ် ဂေါက်သီးကစားဖို့တော့ ကျွန်တော် စိတ်ဝင်စားသွားပါပြီ။ သို့ရာတွင် ခွင့်ပြုချက်မရ၍ ဂေါက်သီးတော့ မကစားနိုင်သေးပါ။

✤

## ဂေါက်သီးကစားဖြစ်ပြီ

၁၉၈၅ ခုနှစ်၌ ကျိုင်းတုံမှ ပြောင်းရသည်။ မိုးမိတ်ရောက်သွား၏။ မိုးမိတ်မြို့အထွက်၌ ကိုးကျင်းပါဂေါက်ကွင်းတစ်ကွင်းရှိပါသည်။ ကျွန်တော့် အထက်အရာရှိကြီးက မိုးမိတ်တွင် မြို့ပေါ်မှ အခြားသော အရာရှိများနှင့် ညနေတိုင်း ဂေါက်သီးကစား၏။

ရောက်သည့်နေ့မှာပင် ကျွန်တော့်အား–

www.burmeseclassic.com

www.burmeseclassic.com



"ဂေါက်သီးကစားတတ်သလား" ဟု မေးသည်။ မကစားတတ်ပါ။ ကစားချင်ပါသည်ဟု ပြောသောအခါ–

"လာလိုက်ခဲ့" ဟု ပြောပြီး ညနေတိုင်း ဂေါက်ကွင်းသို့ ခေါ်သွားပြီး နံပါတ် – ၅ သံတုတ်ကလေးတစ်ချောင်းပေး၍ တည်ဘော ရိုက်နိုင်းသည်။

မိုးမိတ်မှ ဦးဘတူခေါ် မြို့ခံဂေါက်သမားကြီးထံ ကျွန်တော့်ကို အပ်ပေးသည်။

"လေးတူ၊ ဒါ ကျွန်တော့်ဆီ အသစ်ရောက်လာတဲ့ ကျွန်တော့် လက်ထောက်အရာရှိပါ၊ ဂေါက်မရိုက်တတ်ဘူး၊ လေးတူ သင်ပေးစမ်းပါဦး"

ဦးဘတူခေါ် လေးတူမှာ မိုးမိတ်စော်ဘွားကြီး၏ အမတ်ချုပ် ဦးဘဖြူ၏ ညီအရင်းဖြစ်သည်။ ၁၉၈၅ ကျွန်တော်နှင့်စတွေ့တော့ အသက်ခုနစ်ဆယ်ကျော်နေပါပြီ။ ယခုတော့ ကွယ်လွန်သွားပြီဟု ကြားရ၏။

လေးတူက ကျွန်တော့်အား (Square Method) ခေါ် ကျင်တွယ်ကိုက် ဂေါက်ရိုက်နည်းဖြင့် သင်ပေး၏။ ပုံကတော့ တိုက်ကော တောဂိုက် ဖြစ်ပါသည်။ ထို့ကြောင့် ပုံမလာပါ။ ထိုစဉ်က ကျွန်တော့် အသက်မှာ လေးဆယ်ရှိနေပါပြီ၊ အရိုးအဆစ်တွေ မာနေနပါပြီ၊ ဂေါက်သီး အားကစားမှာ အရိုးအဆစ်ပျော့ပျောင်းသည့် ငယ်ရွယ်နုနယ်သူများကို သင်ရသည်မှာ လွယ်ကူသည်ဟုဆို၏။ ကျွန်တော့်လို ဒုတိယအရွယ် ရောက်နေသူ အတွက်ကတော့ သိပ်မလွယ်လှပါ။ နံပါတ် – ၅ သံတုတ်ဖြင့် ဘောလုံးထွက်အောင်ပင် ရက်ပေါင်းအတော်ကြာ ရိုက်ယူရ၏။ မိုးမိတ်မှာ အလုပ်ကလည်းပါး၍ ဂေါက်သီးလေ့ကျင့်ချိန်လည်း ရပါသည်။ သို့ရာတွင် တောမှာဖြစ်၍ ဆရာကောင်းမရှိသဖြင့်လည်းကောင်း၊ အသက်အရွယ် အတော်ရနေသဖြင့်လည်းကောင်း ဂေါက်သီးကို နည်းစနစ်ကျကျနှင့် လှလှပပမရိုက်တတ်ခဲ့ပါ။



ထိုစဉ်က မိသားစုက အောင်လံမှာ နေရ၏။ အောင်လံ ပြန်ရောက်တော့လည်း အောင်လံ၌ ကျွန်တော့်အိမ်နားမှာပင် ဂေါက်ကွင်း ငယ်တစ်ခု ရှိပါသည်။ အောင်လံသား ဂေါက်သမားများက ကျွန်တော့် အား ဂေါက်ရိုက်သင်ပေးကြပြန်၏။ ဒါလည်း တောပုံပါပဲ၊ ဒါသာမက "ရိုက်စရာ တုတ်မရှိဘူး" ဟု ဆိုသောအခါ ဂေါက်တုတ်ကလေးများ ကိုကတစ်ချောင်း၊ ဒီကတစ်ချောင်းလာပေးကြ၏။ ဇနီးသည်ကလည်း ထိုမြို့ခံများနှင့် အလွန်ရင်းနှီးနေရာ–

"သူတို့နဲ့ ဝင်ဆံ့အောင် ဂေါက်သီးကစားပါ" ဟု မကြာခဏ တိုက်တွန်း၏။ မိန်းမစကားကို နားထောင်လိုက်သည်။

ဤသို့ဖြင့် ၁၉၈၅ နှစ်ကုန်မှ ၁၉၈၈ နှစ်စအထိ ကျွန်တော် ဂေါက်သီး ကစားဖြစ်သွားပါတော့သည်ခင်ဗျား။

✿

**တေတ်ဘဲနှင့် ဂေါက်ကွင်းပျောက်ခြင်း**

၁၉၈၈ တွင် မိုင်းရှူးသို့ ရောက်သွား၏။ မိုင်းရှူးတွင် ငါးလကြာ သည်။ ရောက်ပြီး လအနည်းငယ်အကြာတွင် မြို့ကို လှည့်ပတ်လေ့လာ ရာ မြို့မြောက်ဘက်အထွက်၌ ကွက်လပ်ကြီးတစ်ခုအား တွေ့သဖြင့် ပါလာသည့် တပည့်များအား–

"ဒီကွက်လပ်ကြီးက ဘာလုပ်တာလဲကွ" ဟု မေးမိ၏။

"အဘ၊ အဲဒါဂေါက်ကွင်းအဟောင်းလေးပါ၊ လေးငါးကျင်းပဲ၊ ဟိုတုန်းက မြို့ပေါ်ကလူတွေ ပျင်းတဲ့အခါ ထွက်ကစားကြတာပါ"

"အခုရော မကစားဘူးလား"

"မကစားတော့ပါဘူး"

"ကစားတတ်တဲ့လူရော ရှိလား"

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



“ဦးတိုနီတို့ ဦးသောင်းစိန်တို့ ကိုအောင်ငွေတို့ လေးငါးယောက်တော့ ကျန်ပါတယ်”

“အဲဒါဆို ခေါ်ကွာ၊ တို့ ဒီဂေါက်ကွင်းလေးပြန်ဖောက်ရအောင်”

ကျွန်တော်သည် ထိုစဉ်က မိုင်းရှူးနယ်မြေလုံခြုံရေးတာဝန်ယူရသည့် အရာရှိကြီးဖြစ်ရာ မိုင်းရှူးမြို့ခံဂေါက်သမားများအား စည်းရုံးပြီး ဂေါက်ကွင်းဖောက်ရပါတော့သည်။ ပြည်သူ့စစ်ခေါင်းဆောင် ဦးတိုနီခေါ် စဝ်စီနွမှာ အရပ်အမောင်းကောင်းကောင်းနှင့် ဂေါက်သီးအတော်ကောင်း၏။ ဂေါက်ကွင်းဖောက်သည့် အတွေ့အကြုံလည်းရှိရာ–

“ကိုတိုနီရေ ကျွန်တော်တို့ကို ကူဦးဗျာ”

ဟု ပြောပြီး အကူအညီတောင်းရသည်။ ကျွန်တော်ကတော့ လူအားငွေအား စိုက်ပေး၏။ မြို့ခံလူတွေနဲ့ကျွန်တော်တို့ ပေါင်းပြီး ကိုးကျင်းပါ ဂေါက်ကွင်းလေးဖြစ်အောင် ဆောင်ရွက်ကြသည်။ မဲဇလီပင်ငုတ်တို့ အတော်များများအား လှဲလိုက်ရသည်။ မြက်မွေးရသည်။ လိုင်းဆွဲရသည်။ လိုင်းဖော်ရသည်။ (Putting Green) ခေါ် ကျင်းစိမ်းကွင်းလုပ်ရသည်။ ဤသို့ဖြင့် သီတင်းကျွတ်နောက်ပိုင်း နှစ်ပတ်ကျော်သုံးပတ်နီးပါး ဝိုင်းလုပ်အားပေးကြရာ မိုင်းရှူးမြို့ မြောက်ဘက်အထွက်၌ ကိုးကျင်းပါ ဂေါက်ကွင်းငယ်တစ်ခု ပြီးသွားပါတော့သည်။

မိုးကုန်သွား၍ မြက်ကောင်းကောင်းမမွေးနိုင်သဖြင့် ကျင်းစိမ်းကွင်းများမှာ (Green) မဟုတ်ဘဲ သဲဖြင့်လုပ်သည့် (Brown) ဖြစ်သွား၏။ သဲကျင်းများကို ဂျုတ်ဆွဲပြီး ကျင်းစိမ်ရသည်။ ဘာပဲဖြစ်ဖြစ် အပျင်းတော့ ပြေပါသည်။ မရှိတာထက်စာရင်တော့ အများကြီး တော်သေးတာပေါ့ ခင်ဗျာ။

ကွင်းပြီးသွား၍ မကြာမီ နယ်မြေလှည့်လည်စစ်ဆေးနေသော ကျွန်တော့်အထက်အရာရှိကြီး မိုင်းရှူးရောက်လာ၏။ ဂေါက်အလွန်ဝါသနာပါသည်။

“ဒီကလူတွေ ညနေဘာကစားလဲ”



“ကလေးတွေကတော့ ဘောလုံးကန်၊ ဘော်လီဘောကစား ကြက်တောင်ရိုက်ပါပဲခင်ဗျ”

“လူကြီးတွေကရော”

“ကျွန်တော်တို့ကတော့ ဂေါက်သီးကစားပါတယ်”

“ဟ၊ ဂေါက်ကွင်းရှိလို့လား၊ အရင်က ရှိတယ်လို့ မကြားဖူးပါဘူး”

“အရင်က လေးငါးကျင်းပါတဲ့ ကွင်းဟောင်းလေးရှိပါတယ်။ အခု ကိုးကျင်းပြည့်အောင် ဖြည့်ထားပါတယ်”

“အဲဒါဆိုရင် ဒီနေ့ညနေ ကစားကြည့်ရအောင်ဗျာ”

“ရပါတယ်ခင်ဗျ”

မြို့ခံဂေါက်သမားများကိုပါခေါ်ပြီး လေးယောက်တွဲ ဂေါက်တွဲ နှစ်တွဲဖြင့် ဂေါက်သီးကစားကြ၏။ ရာသီဥတုက (Open Season) ဖွင့်လင်းရာသီမို့ ကစားကောင်းပါသည်။ ကျွန်တော့်အထက်အရာရှိကြီးမှာ ဂေါက်ကွင်းလေးကြောင့် တော်တော်နှင့်မပြန်နိုင်ဘဲ မိုင်းရှူးတွင် ကြာသွား၏။ သက်ဆိုင်ရာမှ အတင်းပြန်ခေါ်မှ ပြန်သွားတော့သည်။

“ခင်ဗျားကွင်းကလေးက ရိုက်လို့ ကောင်းတယ်ဗျ” ဟုလည်း ပြောသွား၏။

ရိုက်လို့ကောင်းမှာပေါ့ဗျာ၊ ကွင်းကလေးက ကွင်းတိုလေး၊ (Par Three) ဆို ကိုက်တစ်ရာပင် မပြည့်ချင်၊ (Par Five) ဆို ကိုက်ငါးရာပြည့်အောင် အတော်လုပ်ယူရ၏။ (Bunker) တွေ၊ သဲကျင်းတွေလည်း စိတ်ကူးပေါက်သလို လျှောက်ထည့်၏။ မရိုက်တတ်သူများအတွက် ခက်သော်လည်း ရိုက်တတ်သူအတွက်ကတော့ လွယ်ပါသည်။ (Regulation on) တွေ များ၏။ (One Corner) တွင် (Par) ခြောက်လုံးခုနစ်လုံးရသည်။ ရိုက်သူများ ပျော်ကြ၏။

ဂေါက်သီးကောင်းကောင်း မရိုက်တတ်ခင်မှာ ဂေါက်ကွင်းဖောက်လိုက်ရာ သဲကွင်းကွင်းတိုလေးဖြစ်၍ ကစားသူများ ပျော်သွား

www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ဤတွင် ကျွန်တော်နှင့် ဂေါက်သီး လမိုင်းကပ်သွားပါတော့သည် ခင်ဗျား။

✿

## ကျွန်တော်နှင့် တောင်ကြီးဂေါက်ကွင်း

၁၉၈၉ ခုနှစ်နှောင်းပိုင်း ကာလများတွင် တောင်ကြီးမြို့၌ တာဝန်ကျ၏။ တောင်ကြီးဂေါက်ကွင်းမှာ ဟိုပုံးဘက်အထွက် သစ်တောဂိတ် အလွန်တွင် ရှိသည်။ တောင်ကြီးကွင်းသည်လည်း ဗထူးကွင်းလို တောင်ကုန်း အတက်အဆင်းလေးများနှင့် အတော်ပင် ကြည့်ကောင်းပါသည်။ ဂေါက်သီး (Crazy) ဖြစ်ခါစမို့ (John Daly) ဂေါက်ဆက် တစ်ပတ်ရစ်ကလေး တစ်စုံဝယ်ဖြစ်သည်။ တောင်ကြီးဂေါက်ကွင်းသို့ သွား၍ မိတ်ဖွဲ့ကာ ဂေါက်ဝင်ကစားဖြစ်၏။ စကစားခါစမို့ (Etiquette) တွေဘာတွေလည်း နားမလည်။ ဂေါက်ရိုက်ရင်း အဖော်များနှင့် စကားပြော၏။ ဘောလုံးအား ဟိုရွှေ့ဒီရွှေ့ဖြင့် တည့်ရိုက်၏။ ရံဖန်ရံခါတွင် (Fairway) တွင် (Tee) ထိုးရိုက်၏။ (Putting Green) အား (Caddy) တွေနဲ့အတူနင်း၏။ အစကတော့ ဘယ်သူမှ ဘာမှ မပြောကြ။ နောက်တော့ သွားရင်းလာရင်း၊ စားရင်းသောက်ရင်း၊ ကစားရင်းဖြင့် ခင်မင်လာကြသောအခါ တောင်ကြီးဂေါက်ကွင်းမှ တာဝန်ရှိသူများက ကျွန်တော့်ကို အောက်ပါအတိုင်း ပြောတော့၏။

"ဒီကလပ်က ဂေါက်သီးစာအုပ်ကလေး ထုတ်ထားပါတယ်၊ ဖတ်ကြည့်ပါဦး၊ အဲဒီစာအုပ်မှာ (Golf Etiquette) ဂေါက်သီးဆိုင်ရာ ကျင့်ဝတ်လေးတွေ ပါ,ပါတယ်"

"ဥပမာဆိုရင် ကျင်းစိမ်တုန်းမှာ ထီးမဆောင်းရဘူး။ ကိုယ့် (Caddy) ကို (Green) ပေါ် မတက်ခိုင်းရဘူး။ ဘောလုံးပျောက်ရင် အချက်ပေးရတယ်။ သဲကျင်းထဲမှာ ထုတ်မချရဘူး"





သုံ့တို့ပြောတာ နားထောင်ပြီး ပြုံးမိ၏။ ဟုတ်ပါသည်။ တစ်ခါက ရန်ကုန်တပ်မတော်ကွင်းတွင် (Foursome) လေးယောက်တွဲကစားရင်း ကျွန်တော့်ဘောလုံး ပျောက်သွားရာ အသစ်တစ်လုံးချရိုက်လိုက်သည်။ အချက်ပေးရမည်ကို နားမလည်ဘဲ အချက်တွက်ရာ ကျွန်တော့်အတွဲက နိုင်သွားသည်။ ပြိုင်ဖက်အတွဲမှ အရာရှိကြီးက ညစ်သည်ဆိုပြီး ကျွန်တော့်အား လေးငါးရက် စကားမပြောတော့ပါ။ (Etiquette) နှင့် (Rules and Regucation) မသိ၍ လုပ်မိပါသည်ဟု ထိုအရာရှိကြီးအား မနည်းတောင်းပန်ရပါတော့သည်။

တောင်ကြီးတွင် တာဝန်ပြီးဆုံး၍ ရန်ကုန်ပြန်ရသည်။ တောင်ကြီးဂေါက်ကလပ်မှ ကျွန်တော့်အား နှုတ်ဆက်ပွဲလုပ်ပေး၏။ နှုတ်ဆက်ပွဲတွင် ဂေါက်မိတ်ဆွေများက ကျွန်တော့်အား စသလို နောက်သလို ပြောင်သလိုဖြင့် ကျွန်တော့်အမှားများအား တစ်ယောက်တစ်ပေါက် ထပြောကြရာ အားလုံးက ဘာဝါးဝါး တဟားဟားဖြင့် ပွဲကျသွားကြသည်။

နိဂုံးချုပ်တွင် "ဂေါက်သီးကစားတတ်သွားအောင် ပေးတဲ့လက်ဆောင်ပါ" ဟု ဆို၍ တောင်ကြီးဂေါက်ကလပ်မှ ထုတ်ဝေသည့် ဂေါက်စာအုပ်ကလေးကို ဗန်းအကြီးကြီးဖြင့် ထည့်ပေး၏။ အားလုံး ဝိုင်းရယ်ကြသည်။ သူတို့ပညာပေးမှုကို စိတ်မဆိုးနိုင်ဘဲ ရယ်ရင်းမောရင်း ကျေးဇူးတင်ရပါတော့သည်။

ထိုစာအုပ်၏နိဒါန်းပါ အဆိုအမိန့်ကလေးအား ယခု ထည့်သွင်း ဖော်ပြလိုက်ပါသည်။

"ဂေါက်သီးကစားတဲ့အခါမှာ ဂေါက်သီးတော်ဖို့ထက် ကျင့်ဝတ်သိက္ခာတွေကို နားလည်ပြီး လိုက်နာတဲ့ ဂေါက်သီးသမားတစ်ဦးဖြစ်ဖို့က ပိုပြီး အရေးကြီးပါတယ်" ဟူသတည်း။

၁၉-၅-၂၀၀၄

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

## စစ်ကိုင်းမှသည် ရွှေဘိုသို့

စစ်ကိုင်းမှ နယ်စွန်နယ်ဖျားများသို့ ခရီးသွားရသည်။ ပြန်ရောက်ချိန်၊ နားချိန်များ၌ ရွှေဘိုသို့ အကြောင်းအမျိုးမျိုးနှင့် သွားရပြန်၏။

ကျွန်တော်သည် ရွှေဘိုနယ်သားဖြစ်သော်လည်း ဆယ်တန်းအောင်ပြီးကတည်းက ဇာတိဒေသသို့ ခဏတစ်ဖြုတ်သာရောက်၏။ တက္ကသိုလ်ကျောင်းသားဘဝ၊ ကျောင်းဆရာဘဝ၊ စစ်သားဘဝ သုံးခုလုံးမှာပင် ဇာတိချက်ကြွေအညာမြေသို့ ရောက်ပါက ခဏသာကြာ၏။ ရက်အနည်းငယ်နေပြီးက တာဝန်ရှိရာသို့ အလျင်အမြန် ပြန်ခဲ့ရ၏။ ဆွေမျိုးမိတ်သင်္ဂဟများနှင့်တွေ့ရှုံ အလာပသလ္လာပပြောရုံဆိုရုံသာ တတ်နိုင်ခဲ့၏။ ယခုစစ်ကိုင်းတွင် တာဝန်ကျတော့ ကျွန်တော်၏ စစ်သား ဘဝနောက်ဆုံးကာလများနှင့် လာပြီးတိုက်ဆိုင်နေ၏။ တာဝန်အရ ရွှေဘိုသို့ သွားရတော့ ဟိုမှာ လေးငါးရက်နေရ၏။ ယခင်ကတော့ ရန်ကုန်မှရေးအစုန်အဆန် ရွှေဘိုကိုဖြတ်၍ ပြန်သည်သာရှိခဲ့၏။ သိပ်ပြီး အလေးအနက်မထားမိခဲ့၊ လူကလည်း ငယ်လှသေး၏။ ယခုတော့ လူကလေးဆယ်ကျော်၍ ငါးဆယ်တွင်း ချင်းနင်း ဝင်ရောက်နေပါပြီ။

''ကဲ- ကိုသောင်းဝေရေ၊ ရွှေဘိုမှာ လုပ်စရာလေးတွေ သွားလုပ်ချည်ဦးဗျာ'' ဟု အထက်လူကြီးများက တာဝန်ပေးသည့်အခါ ရွှေဘိုကို ပြေးရ၏။ သွားရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ပထမအခေါက်မှာ မှတ်မှတ်ရရ ၁၉၉၃ ခုနှစ်၊ မိုးတွင်းကာလ ဖြစ်၏။

မိုးတွင်းဆိုသော်လည်း စစ်ကိုင်းက မိုးများသည့်ဒေသမဟုတ်၍ သိပ်ပြီး စွတ်စိုထိုင်းမှိုင်းမှုမရှိပါ။ စိမ်းစိမ်းစိုစိုနှင့် ကြည့်ကောင်းရုံသာ ဖြစ်ပါသည်။ ရွာထောင်ကစထွက်တော့ မန်ကျည်းစင်ရွာကလေးရောက်၏။ မန်ကျည်းစင်မှာ ရှေးပဝေသဏီကတည်းက လူသိများသည့် ရွာလေး ဖြစ်၏။ အိမ်ခြေရာကျော်ရှိသည်။ မင်းကွန်းသို့သွားသည့် လမ်းခွဲလည်း ရှိ၏။ စစ်ကိုင်းဖြတ်သွားသည့် ခရီးသည်တင်ကားများ စစ်ကိုင်းအဝင် မန်ကျည်းစင်မှာ နားတတ်ကြသည်။ မန်ကျည်းစင်က မုန့်တီမှာ နာမည်ကြီး၏။ ခရီးသည်များကြိုက်ကြ၏။ ကျွန်တော်၏ ရန်ကုန်မှ ဇနီးနှင့် သားသမီးများလိုက်လာက မန်ကျည်းစင်သို့ မကြာခဏ မုန့်တီ သွားစားကြရ၏။ ထို့ပြင် မန်ကျည်းစင်၌ ပုဂ္ဂလိကဓာတ်ဆီဆိုင်များ အများအပြားဖွင့်ထား၏။ စစ်ကိုင်းဖြတ်သွားဖြတ်လာ ကားများ ဆီဖြည့်ရာ ဒေသလည်းဖြစ်၏။ အပူပိုင်းဖုံဒေသဖြစ်၍ တာဝန်ရှိသူများက မီးဘေးထင်းဘေး စိုးရိမ်ရသဖြင့် ဆီဆိုင်များကို မြို့ပြင်ထုတ်ထားပေးခြင်း ဖြစ်ပါသည်။ ကောင်းပါသည်။ ရန်သူမျိုးငါးပါးတွင် မီးသည်ကား ကြောက်စရာအကောင်းဆုံး ဖြစ်၏။ အားလုံးကို ပြောင်တလင်းခါသွားအောင် လောင်ကျွမ်းသွားတတ်ရာ မီးဘေးရှောင်မလောင်ခင် တားခြင်းကား အကောင်းဆုံးပင်။

မန်ကျည်းစင်မှလွန်သော် 'ကောင်းမှုတော်ဘုရားကြီး၊' ထိုမှဆက်သော် ကံတလူဘုရားများကို ရောက်ပါသည်။ ကောင်းမှုတော်ဘုရားကြီးကတော့ သာလွန်မင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သောကြောင့် အများသိကြပြီးသားဖြစ်၏။ ကံတလူဘုရားကတော့ ထူးထူးခြားခြား ဒီဘက်ခေတ်မှ ပေါ်လာသည့်ဘုရားဖြစ်၏။ ဘုရားဒကာမှာ ဘိုးသင်းခေါ်မန္တလေးဘက်က မြန်မာလူမျိုး အဘအိုကြီးဖြစ်၏။



"ဒီဘုရားကို အဘက အဓိဋ္ဌာန်နှင့်ပြုပြင်မွမ်းမံပြီး တည်ခဲ့တာပါ။ အဘ ငယ်ငယ်တုန်းက သိပ်ဆင်းရဲပါတယ်။ ငယ်ငယ်ကတည်းက ဘုရား သိပ်တည်ချင်တာ၊ ဘာမှလည်းမလုပ်တတ်တော့ ဆိုက်ကားနင်းပြီး ငွေစုခဲ့တာ၊ ငွေနည်းနည်းများလာတော့ ရွှေဒင်္ဂါးပြားတစ်ပြား တစ်ပြား ဝယ်ပြီးစုထားတာ၊ အခု ဒီဘုရားတည်တော့ အဲဒါတွေအားလုံး ထုတ်ရောင်းပြီး တည်တာလေ"

"ကံထူချင်ရင် ကံကူအောင် ကံတလူသွား" ဆိုသည့်စကားက ကျွန်တော် စစ်ကိုင်းရောက်တော့ အတော်တာစားနေ၏။

၁၉၉၄ ခုနှစ်၊ မေနှင့်သားသမီးများ ရန်ကုန်မှ လိုက်လာသည့် အခါ်ရက် မိသားစု ကံတလူဘုရားဖူးရာ အသက်ရှစ်ဆယ်ကျော် ဘုရားဒကာကြီး ဘိုးသင်းက အထက်ပါအတိုင်း ကျွန်တော်တို့မိသားစုကို ပြောပြခဲ့ဖူး၏။ ဘိုးသင်းမှာ ဘုရားတွင် တစ်ဦးတည်းနေပြီး တရားထိုင်ခြင်း ဘုရားဝေယျာဝစ္စများ ဆောင်ရွက်ခြင်းတို့ဖြင့် ကုသိုလ်တရားပွားများနေသူ ဖြစ်၏။ သားသမီးများ ရှိခဲ့ဖူးသည်ဟုဆို၏။ သို့သော် သူနှင့်အတူနေသူကား တစ်ဦးမှမတွေ့ရပါ။

"အဘကအိုပါပြီ၊ မသေခင် ကိုယ့်အတွက်ကိုယ် လုပ်နေတာလေ။ ဘဝကူးကောင်းတာပေါ့"

"အဘ တစ်ယောက်တည်းလား"

"တစ်ယောက်တည်းပဲလေ၊ သားသမီးတွေရှိပါတယ်။ သူတို့လည်း သူတို့ကိစ္စနှင့်သူတို့လေ။ ကိုယ့်အဓိဋ္ဌာန်နဲ့ကိုယ်ဆိုတော့ နေလို့ဖြစ်ပါတယ်။ ဒီလိုပါပဲ လူ့ဘဝဆိုတာ လာတော့လည်း တစ်ယောက်တည်း ပြန်တော့လည်း တစ်ယောက်တည်းပဲ မဟုတ်လား"

အဘ၏ သံဝေဂစကားကြောင့် မကွေးမှာရှိစဉ်က ဆရာဒကာ ခေါ်ခဲ့ဖူးသည့် အဘဘုန်းအား သွားသတိရမိသည်။ အဘဘုန်းကား မကွေးတွင် စားနိုင်သောက်နိုင် ပွဲစားကြီးဘဝမှ အသက်ငါးဆယ်ကျော်၌ အသာထွက်၍ တပ်မ (၈၈)အနီး တောရကျောင်းလေး တစ်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ပြီး တစ်ပါးတည်း တရားအားထုတ်နေခဲ့၏။ ၁၉၈၁ ခုနှစ်၊ ကျွန်တော်တို့ မကွေးရောက်တော့ အဘဘုန်း အသက် ခုနစ်ဆယ်ကျော်ခန့် ရှိပါပြီ။ ရဟန်းဝါ ၂၀ ခန့်ရှိပြီဖြစ်သည်။ တစ်ပါးတည်း သီးတင်းသုံးနေရာ တပ်မ (၈၈) မှ ဒကာများက ကြည်ညို၍ ဆွမ်းကွမ်းတာဝန်ယူကြ၏။ အဘဘုန်းက သက်သတ်လွတ်သာစား၏။ အသားလုံးဝမစားပါ။ ၁၉၉၉ တွင် အဘဘုန်း မန္တလေးထန်းကိုးပင်ကျောင်း၌ တရားအားထုတ်ရင်း တစ်ပါးတည်းပျံလွန်တော်မူသွား၏။ အသက်ကိုးဆယ်ကျော် ရှိပါပြီ။ ဘိုးသင်းနှင့်ကျွန်တော်တို့တွေ့တော့ အဘဘုန်း ပျံလွန်တော်မမူသေးပါ။ သို့ရာတွင် အရွယ်ချင်းတူနေသဖြင့် ပြေး၍ စဉ်းစားမိခြင်းဖြစ်ပါသည်။

ထိုနေ့က ကံတလူမှမပြန်မီ အသက် ၂၅ နှစ်ခန့်ရှိ သားမောင်ကျော်သောင်းဝေအား အဘသင်းမှ နေ့ရက်ဇာတာများတွက်ချက်ပေး၏။

ထို့နောက်–

"ဒီသားက လာမယ့်နှစ်နှစ်အတွင်းမှာ အိမ်ထောင်ကျဖို့ရှိတယ်။ စက်မှုနဲ့ဆိုင်တဲ့ စီးပွားရေးနဲ့ အရောင်းအဝယ်လုပ်ပါ။ အကျိုးပေးမယ်။ ပညာရေးသိပ်အကျိုးမပေးဘူး။ ဘဝတစ်လျှောက်လုံး အေးအေးချမ်းချမ်းနဲ့ ဖြစ်မှာပါ" ဟု နိမိတ်ဖတ်ပေးလိုက်၏။

မိသားစုလည်း ဘိုးသင်းအား ကန်တော့ပြီး ပြန်ခဲ့ကြသည်။ နောက်တစ်ခေါက် နှစ်နှစ်ခန့်အကြာ ကံတလူရောက်တော့ သားတော်မောင်လည်း အိမ်ထောင်ကျပါပြီ။ ဘိုးသင်းလည်း ကွယ်လွန်သွားပါပြီ။ ကံတလူဘုရားက ဘိုးသင်းကွယ်လွန်သွားခဲ့သော်လည်း တာဝန်ရှိသူများက အဆက်မပြတ် ကြီးကြပ်မှုမ်းမံနေသဖြင့် ယခင်ကဲ့သို့တင့်တယ်စည်းကားနေဆဲ။ ကံထူး၍ ကံကူချင်သူများကား ယခုတိုင် ကံတလူဘုရားသို့ သွားနေကြဆဲဟု သိရပါ၏။



ကောင်းမှုတော်နှင့် ကံတလူဘုရားများလွန်ပြီး မကြာမီပင် အုန်းတောကျေးရွာသို့ရောက်၏။ အုန်းတောမှာစစ်ကိုင်းနှင့် ၁၅ မိုင်ဝေးပါသည်။ လမ်းခွဲရွာဖြစ်၍ ကားများ အဝင်အထွက် စည်ကား၏။ အနောက်ဘက်တွင် မုံရွာသို့သွားသော မြင်းမူ–ချောင်းဦးလမ်းခွဲ ရှိ၏။ အုန်းတောအနီးတစ်ဝိုက်ကား မြေပြန့်၍ မြင်ကွင်းရှင်း၏။ ဒေသခံများက ပဲ၊ နှမ်း၊ ဂျုံစသည့် သီးနှံများ စိုက်ပျိုးကြပြီး ဖြစ်ထွန်းမှုရှိ၍ စီးပွားရေးအတန်အသင့် ချောင်လည်သည်ကိုတွေ့ရ၏။ အုန်းတောတွင် အထက်တန်းကျောင်း၊ မူလတန်းကျောင်းများကောင်း၏။ ကောင်းမှာပေါ့ခင်ဗျာ ကျွန်တော့်သူငယ်ချင်း အပျိုကြီးမချိုးခေါ် ဒေါ်တင်အုံးကြင် (ယခု စစ်ကိုင်းတိုင်းပညာမင်းကြီး)က အထက်တန်းကျောင်းအုပ်ကြီး လုပ်သွားခဲ့တာကိုး။

အုန်းတောမှ ဆက်ထွက်ရာ ၁၂ မိုင်ကွာသော ဆားတောင်ရွာသို့ ရောက်၏။ စစ်ကိုင်း–ရွှေဘိုလမ်းမှာ ရှေးယခင်ကာလများကတည်းက အတွေ့ရာလမ်းဖြစ်၏။ မိုးနည်းသဖြင့် ကားလမ်းအပျက်အစီးမှာ မြန်မာနိုင်ငံအောက်ပိုင်း လမ်းများလောက်မဆိုးပါ။ ဆလကမှလည်း အဆက်မပြတ် ပြုပြင်မှုရှိပါသည်။

ထို့ကြောင့် ယာဉ်များ သွားလာမှုကောင်း၏။ ဆားတောင်သည်လည်း အုန်းတောကဲ့သို့ အိမ်ခြေရာကျော်သော မြို့ကလေးပါပင်။ ဆားတောင်ရောက်တော့ မြောက်ဘက် ကာဘိုးဆည်ကြီးမှလာသည့် ဆည်ရေကြောင့် စိမ်းစိုသည့်စပါးခင်းများကိုလည်း တွေ့လာရသည်။ ရွှေဘိုခရိုင်၏ မြောက်ဖက် ထန်းတစ်ပင်–ဇီးကုန်းအနီးရှိ မူးမြစ်အား ပြတ်ပိတ်ထားသည့် ကာဘိုးဆည်ကြီးသည် မိုးအလွန်ခေါင်သော ရွှေဘိုခရိုင်အား စပါးစိုက်နိုင်ရန် ရေပေးနေ၏။ ဆည်ရေက ရေဦး၊ ခင်ဦး၊ တန့်ဆည်၊ ဒီပဲယင်း၊ ရွှေဘိုနှင့် ဝက်လက်မြို့နယ်များကို ကျော်လွန်၍ စစ်ကိုင်းမြောက်ခြမ်း ဆားတောင်အထိပင် ရောက်ပေသည်။ ထိုဆည်မြောင်းကန်ချောင်းများကြောင့် မိုးခေါင်ရေရှားရပ်ဝန်းသားများ ထမင်းဝစားနေကြရ၏။ တူးဖော်ပေးခဲ့သည့် အစိုးရမင်းများ၏ ဉာဏ်အမြော်

www.burmeseclassic.com

www.burmeseclassic.com



အမြင်နှင့် ဆောင်ရွက်ပေးမှုကို အလေးအနက် ကျေးဇူးတင်မိပါသည်။ ကျွန်တော်လည်း ဒီအရပ်သား မဟုတ်ပါလားခင်ဗျာ။

မကြာမီ ကျွန်တော်လိုက်ပါလာသည့် ကားလေးက အရာတော် လမ်းခွဲသို့ရောက်၏။ လမ်းခွဲမြို့ကလေးကလည်း အတော်စည်ပါသည်။

"ဟော့၊ ဒါဘာမြို့လဲကွ"

"အဘ၊ ရွာသာကြီးလေ"

"ခဏ နားရအောင်ကွာ၊ အိမ်က မနက်စာ ကောင်းကောင်း မစားခဲ့ဘူးကွ၊ တစ်ခုခုစားရအောင်"

လိုက်ပါလာသည့် တပည့်များက လမ်းမကြီးအနီးမှ ဆန်စက် ဝင်းကြီးတစ်ခုအတွင်းသို့ ကျွန်တော့်အား ခေါ်သွား၏။ ဆန်စက်ပိုင်ရှင် ဖနီးမောင်နံ့မှာ လူလတ်ပိုင်းဖြစ်ပြီး သဘောသကာယ ကောင်းမွန်ကာ လွန်စွာဖော်ရွေ၏။ အမျိုးသားက မြန်မာဖြစ်ပြီး အမျိုးသမီးက တရုတ်ကပြားဖြစ်၏။

"ကိုသောင်းစိန်နဲ့ မလင်းပါ၊ ဇာတိက ရွှေဘိုကပါ"

"အတော်ပဲဗျာ၊ ကျွန်တော်က ရေဦးသားဗျ"

ခဏအတွင်းမှာပင် ဆန်စက်ပိုင်ရှင် ဖနီးမောင်နံ့နှင့် ရပ်ဆွေ ရပ်မျိုး ဖြစ်သွား၏။ ဆန်စက်နှင့်စပ်လျဉ်းပြီး စပါးဝယ်ယူမှု၊ ကြိတ်ခွဲမှု ဖြန့်ဝေ ရောင်းချမှုများအား မေးမြန်းဖြစ်၏။

"မူးရေဝင်မို့လို့ ဒီအရပ်က စပါးအတွက်ကောင်းပါတယ်။ တစ်နှစ်ကို နှစ်သီးတော့ ကောင်းကောင်းစိုက်နိုင်တယ်။ ကျွန်တော့်စက်က နဝလီလည်း ကြိတ်ပါတယ်။ ရောင်းရင်လည်းဝယ်ပါတယ်။ ဒီကပို့လို့ တာတွေကို မန္တလေးပို့တယ်၊ မုံရွာဘက်ထွက်တာလည်း ရှိပါတယ်"

ဒေသ၏ စပါးစိုက်ပျိုးမှု အခြေအနေများကို မေးမြန်းပြီး ကိုသောင်းစိန်တို့ဖနီးမောင်နံ့ တည်ခင်းသည့် ရွှေဘိုမုန့်တီကို မြိန်ရှက်စွာ စားသုံး၍ ရွာသာကြီးမှ ဆက်ထွက်ခဲ့၏။

"ခရီးကြုံရင် အမြဲဝင်ပါခင်ဗျာ"





ပြန်အထွက်တွင် ကိုသောင်းစိန်က ဖိတ်မန္တကပြုလိုက်၏။ ကျွန်တော်ကပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

သူပြောမှ သတိထားကြည့်မိသည်။ လမ်းဘေးဝဲယာတွင် စပါး စိုက်နေသည့် ကောက်စိုက်သမအုပ်စုများအား တစ်လမ်းလုံးတွေ့လာသည်။ စစ်ကိုင်းက ရေအခက်အခဲကြောင့် စပါးသိပ်မထွက်၊ ရွှေဘိုကျတော့ တစ်ခရိုင်လုံးနီးပါး မူးရေကို တူးမြောင်းသွယ်၍ စပါးစိုက်ကြရာ စပါး အထွက် ကောင်းလှ၏။ ရွှေဘိုက ရှေးမင်းများ လက်ထက်ကတည်းက ရေသွယ်၍ စပါးစိုက်နေကြပြီဟု သမိုင်းမှတ်တမ်းအရ သိရ၏။ ထို့ကြောင့်ပင်ထင်၏၊ ရွှေဘိုပုံကြီးသံများ၌ ကောက်စိုက်သီးချင်းများမှာ အလွန်ကျော်ကြားလှ၏။

ထိုကောက်စိုက်သီချင်းများအထဲမှ –

*ခါးပုံကို မောင်ဖြုတ်လို့ ချွေးသုတ်တော့ပေး*
*စီးပလေ့စေ မောင်မသုတ်လေနဲ့၊ တုတ်တုတ်ကျချွေး။*

ဟူသော စာပိုဒ်ကလေးကို ဤစာရေးရင်း ပြေးသတိရမိသေးသည်။

ကျွန်တော်တို့ ငယ်စဉ်က နာမည်ကြီးစာရေးဆရာတစ်ဦးက "စီးပလေ့ စေ မောင်မသုတ်လေနဲ့" ဟူသော အမည်ဖြင့် ဝတ္ထု တစ်ပုဒ်ရေးခဲ့ဖူးရာ စာပေနယ်တွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားဖူး၏။ ထိုခေါင်းစီးမှာ ရွှေဘို ကောက်စိုက်သီချင်း စာသားထဲမှ ထိုဆရာက ယူခဲ့ခြင်းဖြစ်ပါသည်။ (ရွှေဘိုပုံကြီးသံများ အကြောင်းကို အလျဉ်းသင့် သည့်အခါ သီးခြားရေးပါဦးမည်) မကြာမီ လှတောရောက်၏။ လှတော ရောက်တော့ လှတောသားများ စကားကြွယ်သည်ကို ကြားဖူး၏။ စစ်ကိုင်းမှာ ဂေါက်သီးကစား ရင်း လှတောသားများ စကားကြွယ် ကြောင်း စပ်မိစပ်ရာပြောကြရာ လှတောသားတွေက လမ်းကြမ်းတာကို–

"မင်းတို့လမ်းကလည်း ကြမ်းလိုက်တာကွာ၊ ကျောက်ခဲမားလာ ရင်တောင် အစာကြေသကွ" လို့ ပြောသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"လှတောသားတွေက လူကြီးမပြောနဲ့၊ ကလေးကတောင် စကားကြွယ်သတဲ့"

"ဆိုစမ်းပါဦး"

"တစ်ခါတုန်းက ဒီကသွားတဲ့လူတစ်ယောက်က လှတောက ကလေးတစ်ယောက်ကို ခြောက်ချင်လှန့်ချင်တာနဲ့ ဟေ့ မင်း ငါ့မကြောက်ဘူးလား။ ငါက လူသားစားတာကွ၊ မင်းဗိုက်ကို ကိုက်ဖောက်စားလိုက်ရမလားလို့ပြောတော့၊ ကလေးက ဗိုက်တော့မဖောက်ပါနဲ့ဗျာ၊ စားချင်ရင် ယိုကျွေးပါ့မယ်လို့ ပြန်ပြောသတဲ့"

"မိန်းမတွေကလည်း မခေဘူး"

"ပြောပါဦး"

"တစ်ခါက လှတောက ဈေးသည်အမျိုးသမီးတစ်ယောက် ရွှေဘိုကို လိုက်ချင်လို့ ကားတားစီးတော့ ကားကကုန်တွေအပြည့်အသိပ် တင်လာတာ၊ နေရာတောင် မပေးနိုင်တော့ဘူး၊ ဒါပေမယ့် ကားသမား တွေက ရပါတယ်လာပါဆိုပြီး အတင်းခေါ်တင်တော့ လှတောသူက အောင်မယ်လေးတော် ကားမှတ်လို့တားစီးပါတယ် ကားမှမဟုတ်ဘဲ၊ ဒါဖြင့်ရင် ဘာလဲလို့မေးတော့၊ ဟင်း ဂိုဒေါင်ဘီးတပ်လာတာကိုးဆိုပြီး မဲ့ကာရွဲ့ကာပြောလိုက်တာနဲ့ ကျန်တဲ့သူတွေအားလုံး ဝါးခနဲ ဝါးလုံးကွဲ ရယ်ကြသတဲ့"

ကျွန်တော်တို့သည် ရောက်တတ်ရာရာများ ပြောရင်းဆိုရင်း ရွှေဘိုမြို့အဝင် တဂဏန်းရွာသို့ရောက်၏။ လာကြိုသူများနှင့်ဆုံ၍ ရွှေဘိုမြို့တွင်းသို့ဝင်ခဲ့ကြ၏။ ရွှေဘိုကား ကျွန်တော်တို့ငယ်စဉ်ကထက် စာရင် အတော်တိုးတက်နေပါပြီ။ မင်းလမ်းမကြီးကား ဘေးဘယ်ညာ တွင် ပလက်ဖောင်းများနှင့် လှပခန့်ညားနေ၏။ နေ့လယ် ထမင်းစား ချိန်ရောက်နေသော်လည်း ရွှေဘိုဈေးကြီးတစ်ဝိုက်တွင်ကား ရောင်းဝယ် ဖောက်ကားသူများနှင့် စည်ကားလျက်ရှိ၏။ တည်းခိုမည့် ဧည့်ရိပ်သာ ရှိရာ မြို့မြောက်ဘက်အထွက် ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာ





လမ်းဘက်သို့ ကားကပြေးနေသည်။ ကျွန်တော့်စိတ်အစဉ်များကား ငယ်ဘဝက ရွှေဘိုနှင့် ပတ်သက်သည်များကို သတိရနေမိ၏။

ကျွန်တော့်တွင် ရွှေဘိုနှင့်ပတ်သက်သည့် ပြောစရာများကား များလှချေ၏။

၅

**အန်တော်လမ်းမှာ မမေ့စရာ**

ကျွန်တော်၏ ခရီးစဉ်ကား ရွှေဘိုတွင် တစ်ရက်နှစ်ရက်နားမည်။ ပြီးသော် ရွှေဘို မြစ်ကြီးနား မဟာဗျူဟာလမ်းအတိုင်း ဆက်၍ ချီတက် မည်။ ကန့်ဘလူမြို့နယ်တွင် သင့်လျော်သည့် တစ်နေရာရာ၌ အခြေပြု၍ အထက်မှ ပေးအပ်လိုက်သော တာဝန်များကို ဆောင်ရွက် သွားရန်ဖြစ်သည်။

"အဘ၊ ဒီမှာနေတုန်း ဘယ်များသွားချင်ပါသေးလဲ ခင်ဗျား" ဟု ဧည့်ခံသူများက မေးကြ၏။

"အေးကွာ၊ ကိုယ်က ရွှေဘိုမြောက်လက် ရေဦးသားကွ၊ ဒါပေမယ့် ဆယ်တန်းအောင်ပြီးကတည်းက မြို့ကိုသိပ်ပြန်မရောက်ဘူး။ ရောက်ရင်လည်း ခဏပဲ၊ ဒီရွှေဘိုကိုလည်း ကျောင်းသွားကျောင်းပြန်မှာ ဖြတ်သွားတာပဲ ရှိတယ်၊ ကြာကြာမနေဖူးဘူး၊ ဘီအေပထမနှစ် ဘာဖြေတုန်းကတော့ နှစ်ပတ်လောက်နေဖူးတယ်၊ အဲဒါလည်း စာကျက် နေရတော့ ဘယ်မှမသွားမိဘူး၊ ဒါလောက်ပဲ၊ ဒါကြောင့် ဒီမှာ တစ်ရက် နှစ်ရက် အချိန်ရတုန်း ဘုရားလေးဘာလေးဖူးပြီး မဟာနန္ဒာကန်ကြီး ဘက်လည်း သွားလိုက်ချင်တယ်"

"ရပါတယ်ခင်ဗျ၊ ဒီနေ့ညနေ ကျွန်တော်တို့ နန္ဒာကန်ကြီးဘက် လိုက်ပို့ဖို့ စီစဉ်လိုက်ပါမယ်"

"အေးကွာ၊ ကျေးဇူးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညနေက တည်းခိုရာရိပ်သာမှ မဟာနန္ဒာကန်တော်ဘက်သို့ ဦးစွာထွက်လာကြသည်။ မဟာနန္ဒာကန်တော်လမ်းမှာ ဗျွန်တော့်အတွက် ပြောစရာဆိုစရာများက အတော်များပါသည်။ ကန်တော်လမ်းမှသွားက မြောက်ဘက်ခင်ဦးမြို့ကလေးသို့ ရောက်၏။ ရွှေဘိုမှ ၁၄ မိုင် ဝေးပါသည်။ လမ်းတွင် ဥယျာဉ်တော်၊ ပိတောက်ခေါင်း မိကျောင်းပင်၊ လက်ပံလုစသည့် ကန်တော်ရိုးရှာကလေးများကို ဖြတ်သွားရ၏။ မိုးတစ်လျှောက်၌ တမာ၊ ထနောင်း၊ မန်ကျည်းစသည့် အညာဒေသက သစ်ပင်ကြီးများအား အစီအရီတွေ့ရသည်။ သစ်ပင်များက အလွန်ကြီးမား၍ (Century Tree) များ ဖြစ်ကြပြီး ကုန်းဘောင်ခေတ်က လက်ကျန်များထင်ပါ၏။

"ဒီလမ်းက ခရီးသည်တင်ကားတွေ ပိတ်လိုက်ပြီခင်ဗျ။ မသွားရတော့ဘူး။ အားလုံးကို ရွှေဘို–မြစ်ကြီးနား မဟာဗျူဟာလမ်းကပဲ လှည့်သွားခိုင်းထားတယ်၊"

"ကောင်းတာပေါ့ကွာ၊ ကိုယ်တို့ငယ်ငယ်တုန်းကတော့ မဟာဗျူဟာလမ်း မရှိသေးတော့ ဒီကန်တော်လမ်းကပဲ သွားကြရတာကွ၊ ဒီလမ်းက တကယ်တော့ တာပေါင်မြေလမ်းပဲကျဉ်းတယ်၊ လမ်းမရှိလို့သာ ခရီးသည်တင် ကားတွေ မောင်းခွင့်ပေးထားတာ"

"ဟုတ်ပါတယ်၊ လမ်းကျဉ်းတော့ကားတိုက်မှု၊ ကားမှောက်မှုတွေ ဟိုတုန်းက ခဏခဏဖြစ်တယ်ခင်ဗျ၊ ကခွးတွေကလည်း သူ့ထက်ငါ လုမောင်းကြတာ၊ ရေဦး–ကလေးဝကားတွေက ပိုဆိုးတယ်ခင်ဗျ"

"ဟုတ်တာပေါ့၊ ကိုယ်တောင် ဒီလမ်းမှာ ငယ်ငယ်တုန်းက ကားမှောက်ခဲ့ဖူးသေးတယ်၊ ကံကောင်းလို့မသေတာ၊"

"ဩော်၊ အဘက ဒီလမ်းမှာ ကားမှောက်ခဲ့ဖူးသေးတာကိုး"

လိုက်ပို့သူများက တအံ့တဩဆိုကြသည်။ ကျွန်တော်က ခေါင်းကို အသာညိတ်ပြလိုက်၏။





ဟုတ်ပါသည်။ ဒီကန်တော်လမ်းမှာ ရေဦးနှင့် ရွှေဘိုကို အစုန်အဆန်သွားရင်း ကားမှောက်ခဲ့ဖူးပါသည်။ စကားပြောရင်း အတွေးပုံရိပ်က အတိတ်ဟိုဆီကို ပြန်ရောက်သွား၏။

၁၉၆၀ ခုနှစ်၊ သင်္ကြန်အကျနေ့ နံနက်ခင်း–

"ကဲ–မောင်သောင်းဝေ၊ ရွှေဘိုက ဦးဘသစ်၊ ဒေါ်တင်မြင့်ပွဲရုံမှာ အရီး ကုန်ကြွေးကျန်လေး သုံးထောင်လောက် ပေးဖို့ကျန်နေတယ်၊ နှစ်မကူးစေရဘူးလို့ ကတိပေးထားတယ်၊ ကြာနေပြီ၊ သွားမပေးနိုင်ဘူး၊ အရီးလည်း ကောင်းကောင်းနေမကောင်းဘူး၊ အရီးကိုယ်စား မင်းသွားပေးပါ၊ သူများအထင်အမြင် အလွဲမခံနိုင်ဘူး၊ မင်းမှာသစ္စာ လူမှာကတိတဲ့ ကတိလည်းအပျက်မခံနိုင်ဘူး"

ထိုနေ့က ရွှေဘိုကို တစ်ခါမှ တစ်ဦးတည်းမသွားဘူးသေးသော ကျွန်တော်သည် ငွေသုံးထောင်ပိုက်ကာ ရေဦးက နံနက်ရှစ်နာရီတွင် လိုင်းကားဖြင့် ထွက်ခဲ့၏။ ကားအမည်က အောင်သုပြေ။ ရွှေဘိုသို့ နံနက် ၁၁ နာရီမှရောက်သည်။ ကားကလိုင်းကားဆိုတော့ ဟိုရပ်ဒီရပ်၊ ဟိုဟာတင်ဒီဟာတင်။ ရွှေဘိုရောက်တော့ ပွဲစားကြီးဦးဘသစ်တို့ ပွဲရုံသို့ အကြွေးသုံးထောင်အား သွားပေးလိုက်၏။

"ဟ–ဒေါ်သန်းတူ ချာတိတ်လေးပါလားကွ"

"ဟုတ်ပါတယ်ခင်ဗျ"

"မင်းအဒေါ် အပျိုကြီးရောကွ၊ သူမလာတာကြာပြီပဲ"

"ကောင်းကောင်းနေမကောင်းလို့ ခင်ဗျ၊ အခုလည်း နှစ်ကူးသွားပြီ ကတိပျက်မှာစိုးလို့ဆိုပြီး ကျွန်တော့်ကို ဒီငွေပေးဖို့ အတင်းလွှတ်လိုက်တာခင်ဗျ"

"ရပါတယ်ကွ ချာတိတ်ရ၊ မင်းအဒေါ်အပျိုကြီးကို တို့က ကျေးဇူးတင်သွားပါ၊ ယုံလို့လည်း ပေးလိုက်တဲ့ဉစ္စာ၊ အေးအေး၊ ကျေးဇူးတင်တယ် ပြောလိုက်ကွ" ဟု ပွဲစားကြီးက ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ငွေသုံးထောင်မှာ တန်ဖိုးမနည်းလှပါ၊ အရီး၏ တစ်နှစ်စာကုန်ကြွေးများ ထင်ပါ၏။

ကြွေးဆပ်ပြီး ရွှေဘိုဈေးကြီးထဲ၌ နေ့လယ်စာဝင်စားသည်။ ဘွားလေးများကို ဝင်နှုတ်ဆက်သည်။ နေ့လယ် တစ်နာရီသာသာတွင် အလာတုန်းက အောင်သပြေကားဖြင့်ပင် ရေဦးကို ပြန်လိုက်လာခဲ့၏။ ထိုကားနှင့် မလိုက်၍လည်းမရပါ။ သင်္ကြန်တွင်းမို့ အခြားကားများ မသွားတော့၊ ယခုကားပင်လျှင် အင်ဂျင်အသစ်တပ်ပြီးစ ဘော်ဒီအိမ်ရိုက်ပြီးစဖြစ်၍ စမ်းသပ်ရင်း ထွက်လာခြင်းဟု ဆို၏။

သင်္ကြန်အကျနေ့မို့ ရွှေဘိုတွင် ရေပက်နေကြပြီ၊ ရွှေဘိုသူ ရွှေဘိုသားများ နန္ဒာကန်တော်လမ်းမကြီးမှာ စက်ဘီးကိုယ်စီဖြင့် ရေတစားကြသည်။ မြို့အထွက် ဥယျာဉ်တော်ထန်းတော၌ ထန်းရည်သောက်သူများကလည်း အများအပြား။ ရွှေဘိုနယ်က ဘယ်နေရာကိုကြည့်ကြည့် ညို့မှိုင်းနေသည့် ထန်းတောများက ပြေးမလွတ်။ ဥယျာဉ်တော်တွင် ကျွန်တော်တို့ကားခဏရပ်၏။ ကားဒရိုင်ဘာကိုခွေးက အသောက်သမားမို့ ထန်းရည်တစ်ခွက်တစ်ဖလား ဝင်မော့၏။ ကားပိုင်ရှင် ကိုဝက်ကြီးက–

"ကိုခွေး၊ ခင်ဗျားများနေပြီ၊ ရွှေဘိုတုန်းကလည်း အဖြူ လုပ်ခဲ့သေးတယ်မဟုတ်လား၊ တော်တော့ဗျာ"

"အင်း တော်ပါပြီ၊ နေပူခံ ဒီတစ်ခွက်ပါပဲ" ဟု ကားဒရိုင်ဘာကိုခွေးက စပ်ဖြဲဖြဲနှင့်ဆို၏။ ကိုခွေးက ရေဦးတွင် ကားမောင်းကျွမ်းကျင်သူများထဲ၌ နာမည်ကြီး၏။ သို့ရာတွင် သူက အသောက်သမား။ ကိုဝက်ကြီးကလည်း ကားထောင်ခါစမို့ မောင်းသူငှားမရ၍ သူ့အား ချော့ထားရသည်။ ကားကလည်း ခါလီနီးပါး ပြန်လာရ၏။ ကားပေါ်တွင် ဒရိုင်ဘာကိုခွေး၊ အုံနာကိုဝက်ကြီး၊ ယာဉ်နောက်လိုက်ကိုညိုနှင့် ကျွန်တော် ပေါင်းလေးဦးသာပါ၏။ ကုန်မပါ၍ ကျော်ကော်





ရေခဲ ဘီလပ်ရည်စက်ရုံမှ ဘီလပ်ရည်ပုလင်းတစ်ရာပါ သေတ္တာလေးလုံး တင်လာ၏။ သေတ္တာအဖုံးမပါပါ၊ ဖွင့်ပြီးတင်လာခြင်းပင်။

ဥယျာဉ်တော်ကထွက်တော့ ကိုခွေး မူးနေပြီ။ ကားက ဟိုယိမ်းထိုး ဒီယိမ်းထိုး ထိုးလာ၏။ ကိုခွေးက တအေ့အေ့နှင့် ကားမောင်းရင်း ချို့ပျို့နေ၏။

"ကိုခွေး ခင်ဗျားမူးနေပြီ၊ ပေး ကျွန်တော်မောင်းမယ်" ဘေးမှလိုက်လာသည့် အုံနာကိုဝက်ကြီးက ထိုသို့ပြောပြီး ဝင်မောင်းတော့၏။

ဥယျာဉ်တော်မှလွန်သော် ယာဉ်မောင်းပြောင်းသွားပါပြီ။ ကိုခွေးက ကားမမောင်းရတော့ အနည်းငယ်အန်ပြီး လှဲအိပ်ချလိုက်၏။ သင်္ကြန်နေကလည်း အတော်ပူပါသည်။ အုံနာကိုဝက်ကြီးကလည်း ကားကို သိပ်မမောင်းတတ်။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ကိုကြည့်ပြီး တွေးရင်းငေးရင်း ဘီလပ်ရည်သေတ္တာတစ်လုံးပေါ်၌ ခြေတင်ကာ လိုက်ပါလာသည်။

"လက်ပံလှရောက်ပြီ"

ကားနောက်မှာပါလာသော ယာဉ်နောက်လိုက်ကိုညိုက ကိုဝက်ကြီးကို လှမ်းပြောလိုက်၏။ ယာဉ်မောင်းကိုခွေးကား နောက်က ခုံတန်းပေါ်တွင် စန့်စန့်ကြီး အိပ်ပျော်နေပြီ။

လက်ပံလှတွင် ရေပက်သူကလေးတစ်စု စောင့်နေကြသည်။ ကျွန်တော်တို့ကားမြင်တော့ ဟေး၀ါးဟုအော်ကာ ရေလှမ်းပက်ကြ၏။ ကိုဝက်ကြီးက သူတို့ကိုရှောင်ကာ ကားကိုဂီယာချိန်း၍ အရှိန်တင်လိုက်၏။ ရေစိုမှာစိုး၍ ထင်၏။ ထိုအခါ ဘယ်လိုကနေ ဘယ်လိုဖြစ်နေသည် မသိတော့ပါ။ ကားက လမ်းညာဘက်သို့ ရုတ်တရက် နိမ့်ဆင်းအိကျသွား၏။

"ဟိုက် သွားပြီဟေ့" ဟု ဆိုသည့်အသံ ကြားရပြီ။ ကားသည် လမ်းညာဘက်ချောင်းရိုးကြီးထဲသို့ တစ်ထောက်ချင်းလိမ့်ပြီး ဝုန်းဒိုင်းမြည်ကာ ထိုးဆင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဖို့မြေအသစ်ကိုတက်နင်းပြီး မြေပြိုကာ ကားအောက်သို့ ကျသွားခြင်းပင်တည်း။ ကားကျသွားသည်နှင့် ကားပေါ်ပါလာသည့် ဘီလပ်ရည် ပုလင်းများက တဖြောင်းဖြောင်းနှင့် ကွဲကြေကုန်၏။ ပုလင်း ကွဲများက ကားပေါ်လိုက်ပါလာသည့် လူများကို ရှကုန်၏။ ကျွန်တော့်မှာ လည်း ဆန်ကောထဲ ဆီးဖြူသီးထည့်လှိမ့်သလို တလိမ့်ခေါက်ကွေးဖြင့် ပါသွား၏။ ကားသည် သုံးပတ်ခန့်လိမ့်ပြီး အုံ့ဩဖွယ်ရာ အောက် ချောင်းကောကြီးထဲ၌ တည်ရပ်သား ပြန်ဖြစ်နေ၏။ လိုက်ပါလာသူလေးဦး လုံး သွေးသံရဲရဲနှင့်။ အားလုံးထဲတွင်တော့ ကျွန်တော်ကအဆိုးဆုံး တစ်ကိုယ်လုံးတွင် ဘီလပ်ရည်ပုလင်းကွဲများရှထားသည့် ဒဏ်ရာ ဒဏ်ချက်များက မွစာကြနေ၏။

"ဟ ကောင်လေးကြည့်ပါဦးဟ၊ ကောင်လေးကိုကြည့်ပါဦး"

ကားမောင်းသည့် အုံနာကိုဝက်ကြီးက စအော်သည်။ သူက စတီယာတိုင်ကိုကိုင်လိုက်လာသူမို့ အသက်သာဆုံးဖြစ်၏။ စကား ကောင်းစွာပြောနိုင်သည်။ ဒရိုင်ဘာကိုခွေးကတော့ အမူးပြေ၍ ခါး စောင်းကာ ယိုင်ယွဲ့နေ၏။ ပုလင်းကွဲကတော့ တစ်ချက်နှစ်ချက်သာ ထိသည်။ ကားနောက်လိုက် ကိုညိုကတော့ အလယ်တန်းကိုင် လိုက်လာသဖြင့် ပုလင်းကွဲသိပ်မထိလိုက်။ သူတို့အားလုံးက ကား အတွေ့အကြုံရင့်နေသူတွေမို့ သိပ်ထိနိုက်ပုံမရ။ ကျွန်တော်သည်သာ အမှုမသိဘာမသိလူငယ်မို့ နောက်ဆုံးကထိုင်ပြီး ပုလင်းတွေကို ခြေတင် လိုက်လာခဲ့မိရာ ဒဏ်ရာဒဏ်ချက်များက မသက်သာလှ။ ပုလင်းကွဲ များက တစ်ကိုယ်လုံးစူးသွား၏။ ခေါင်းဘယ်ဘက်ချိုစောင်းက ကား ပေါင်နှင့်ဆောင့်၍ ပေါက်ပြဲသွား၏။ သွေးများက အဆက်မပြတ် စီးကျနေသည်။

"သွေးလွန်ရင် သေတတ်သတဲ့"

ကျောင်းတွင် သင်ခဲ့ဖူးသည်။ ထို့ကြောင့် သွေးလွန်မှာစိုး၍ ကားထဲမှထွက်သည်နှင့် ကန်ပေါင်ရိုးပေါ်အတင်းတက်၏။ လက်ပံလှ





ရှေပက်သူများက အောက်ကျသွားသည့်ကားအား လာ၍ဝိုင်းကြည့်ကြ၏။ ကိုဝက်ကြီးနှင့်ကိုခွေးက ကားကိုချောက်ထဲမှ ပြန်မောင်းတင်ရန် ကြိုးစား ကြ၏။ ကျွန်တော်ကတော့ သွေးလွန်သွားမှာစိုး၍ အနီးဆုံးခင်ဦးဆေးရုံကို သွားရန်ပြင်၏။

"ဟာ၊ ကောင်လေးတစ်ကိုယ်လုံး သွေးတွေရဲလို့ပော့"

"ဟုတ်တယ်၊ သွေးလွန်မှာစိုးလို့ ခင်ဦးကိုသွားမယ်၊"

လက်ပံလှရွာသားများ ပြောကြသည်ကို ကျွန်တော်က အထက် ပါအတိုင်း ပြန်၍ပြောပြီး ကန်တော်လမ်းအတိုင်း ခင်ဦးသို့ ပြေးခဲ့၏။ အားမှောက်ထားသော်လည်း ပြေးနိုင်သေး၏။ တစ်မိုင်ကျော် နှစ်မိုင် ပြေးပြီးသည့်အခါ နောက်မှကုန်ကားတစ်စီး လိုက်လာသည်။ လက်ပံလှမှ ရွာခံလူရွယ်တစ်ဦးက–

"ဟေ့ ညီလေး မပြေးနဲ့၊ ခင်ဦးကအဝေးကြီးကျန်သေးတယ်ကွ၊ အစ်ကိုလိုက်ပို့မယ်၊ လာ ကားပေါ်တက်"

ထိုကုန်ကားနှင့် လက်ပံလှမှ အမည်မသိစေတနာရှင်လူရွယ်က ခင်ဦးဆေးရုံသို့လိုက်ပို့၏။ ခင်ဦးဆေးရုံရောက်မှ လူက တစ်ကိုယ်လုံး နာလာသည်။ ဒဏ်ရာများအား ဆေးထည့်၊ ပတ်တီးစီးပြီးအချိန်၌ မှောက်သွားသည့် အောင်သပြေကား ခင်ဦးရောက်လာသည်။ ညနေ လေးနာရီထိုးပြီးပါပြီ။

ခင်ဦးကပြန်ထွက်တော့ ကားအုံနာကိုဝက်ကြီးကရော ကား ဒရိုင်ဘာကိုခွေးကရော တောင်းပန်၏။ ဖြစ်စဉ်အမှန်မပြောရန် ကျွန်တော့် အားပိတ်၏။ ရွှေဦးပြန်ရောက်တော့ ညနေ ၆ နာရီခန့်ရှိပြီ၊ ကားက မှောက်လာသဖြင့် အမြန်မောင်း၍မရ၊ တလှုပ်လှုပ်တရွရွသာ မောင်း၍ရသည်။

အိမ်ရောက်တော့ အီဂျစ်ကမ်မီရုပ်လို တစ်ကိုယ်လုံး ပတ်တီး အဖွေးသားနှင့် ကျွန်တော့်ကိုမြင်တော့ အလွန်အသည်းမာသည့်အမေက–

"ငါ့တူကလေး ငါ မခိုင်းစဖူးခိုင်းလိုက်မိလို့ အခုလိုဖြစ်ရရှာ တယ်" ဟုပြောကာငိုရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



ကားဆရာများကလည်း "ကျွန်တော်တို့အပြစ်ပါ အမေသနီးရယ်" ဟု တောင်းပန်ကြ၏။

ထိုဒဏ်ရာဒဏ်ချက်များအား ဆေးရုံတွင် နှစ်ပတ်ခန့် ကုလိုက်ရ၏။ ကျန်သည့်ဒဏ်ရာများက ပျောက်ကင်းသွားသော်လည်း ခေါင်းကဒဏ်ရာမှာ မကြာခဏ ဒုက္ခပေး၏။ ခေါင်းအုံ ခေါင်းခဲပြီး ဆောင်းတွင်း အလွန်အေးသည့်ကာလများ၌ ပို၍ဆိုး၏။ ယခုအချိန်ထိ ထိုဒဏ်ရာက ခေါင်းကို ဒုက္ခပေးဆဲဖြစ်၏။ သေရာပါများဖြစ်မည်လား မသိတော့ပါ။ အမာရွတ်များကတော့ တစ်ကိုယ်လုံးအနှံ့ပါပင်။

ထိုစဉ်က ၁၉၆၀ ခုနှစ်ဆိုတော့ ကျွန်တော့်အသက် ၁၅ နှစ်။ ထိုအဖြစ်အပျက်ကား စစ်သားဘဝက အကြိမ်ပေါင်းများစွာ အသက်အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရဖူးသော ကျွန်တော့်အတွက် ပထမဆုံး မှတ်မှတ်ရရ သေကံမရောက်သက်မပျောက် အဖြစ်အပျက်ပေါ့ခင်ဗျာ။

ကျွန်တော်က ထိုအဖြစ်အပျက်အား လိုက်ပါလာသူများကို ပြောပြတော့–

"ဩော်–အဘက ကံကြီးလို့လက်ပံလှမှာ မသေခဲ့တာကိုး။ ဒါကြောင့်လည်း အဲ့ဒီကိစ္စသတိရပြီး နန္ဒာကန်တော်ရိုးကို အရင်ဆုံး သွားချင်တယ်လို့ ပြောတာလားခင်ဗျာ၊"

"အဲဒီလိုတော့လည်း မဟုတ်ပါဘူးကွာ၊ တခြားကိစ္စလေးတွေလည်း ရှိပါသေးတယ်"

ကျွန်တော်က အနောက်ဘက်ရှိ ဝင်လုဆဲဆဲ နေလုံးနီနီအား လှမ်းကြည့်ရင်း ပြောလိုက်မိ၏။ အနောက်ဘက် မှုးမြစ်ဝှမ်းဆီ၌မူကား ထိုစဉ်အခါက ကျွန်တော်၏ ငယ်နုသော နှစ်လုံးသားအား ဖမ်းစားခဲ့သည့် ချစ်သူခင်သူမြတ်နိုးသူများက ရှိနေသည်လေ။ သူတို့နှင့် ဒီမဟာနန္ဒာကန်တော်လမ်းကြီး၊ ထိုနောက်မှုးမြစ်။ ဒါတွေအားလုံးသည်ကား ကျွန်တော့် ငယ်ဘဝက မမေ့နိုင်စရာများ။ ဒါတွေကို ပြန်ပြောင်းပြီး





အောက်မေ့မိပါသေးသည်။ ထို့ကြောင့်လားမသိ၊ ထိုနေ့က ရိပ်သာအပြန် ခရီးချုပ်ပါသည်။

## ၅

**ရွှေဘိုအကြောင်းတစေ့တစောင်း**

ထိုနေ့က ညေ့ရိပ်သာပြန်ရောက်တော့ ငယ်ဘဝက မဟာနန္ဒာကန်တော်လမ်းအား မကြာခဏ ဖြတ်သွားဖြတ်လာလုပ်ခဲ့ရသည်ကို ပြန်လည်မှန်ဆပြီး လွမ်းမိပါသေးသည်။ ထိုခံစားချက်က မသေးလှပါ။ ရွှေဘိုရောက်တိုင်း ဥယျာဉ်တော်ရွာထိပ်မှနေ၍ မဟာနန္ဒာကန်အလှကို ဆိုင်ကာ အမြဲငေးမိ၏။ ထိုနောက်တော့ စိတ်၏။ စေ့ဆော်မှုကြောင့် ကျွန်တော် စာရေးဖြစ်သည်။ "ချစ်၍ခေါ်သည် လိုက်တော်မူခဲ့ မျောင်းနွဲ့နှင့်" ဟု အမည်ရသော သိင်္ဂါရရသကဲသည့် အချစ်ဝတ္ထုတိုလေးပင်။ တကယ်လည်း အချစ်ဦးအကြောင်းကို ရေးခဲ့သည့် ဝတ္ထုတိုလေးဖြစ်၏။ စာမျက်နှာ ခုနစ်မျက်နှာခန့်၊ ထိုဝတ္ထုတိုလေးအား ချက်လိုက်ပြင်လိုက် ဖျက်လိုက်ပြင်လိုက်ဖြင့် တစ်လနီးပါးကြာအောင် ရေးခဲ့ရ၏။ ထားပါတော့ခင်ဗျာ။ ဒါကကြုံကြိုက်တုန်း ရွှေဘိုနှင့် ဆက်စပ်နေသည့် ကျွန်တော့်ခံစားချက်ကလေးအား အခွင့်ကြုံတင်ပြလိုက်ခြင်းပါ။ အခုရေးချင်တာက ကျွန်တော်သိသော ရွှေဘိုအကြောင်း တစေ့တစောင်းပါခင်ဗျာ။

"လုပ်ကြပါဦးဗျ၊ ရွှေဘိုရာဇဝင်ကလေး။ ကျွန်တော်က ရွှေဘိုဇာတိသားသာပြောတာ၊ ရွှေဘိုအကြောင်း ဘာမှသိတာ မဟုတ်ဘူး။ သိတာလေးတွေ ပြောကြပါဦး၊ ပထမဆုံးကတော့ ရွှေဘိုရဲ့နာမည်က စပြီး ပြောကြရအောင်"

ရွှေဘိုမှာ တစ်ရက်နှစ်ရက်နားနေစဉ် အလုပ်ကိစ္စနှင့်ဆက်စပ်ပြီး ရင်းနှီးခင်မင်သွားသော မြို့နယ်စာပေလုပ်သားအဖွဲ့များ၊ မြန်မာစာ အဖွဲ့များနှင့်တွေ့ရာ ကျွန်တော်က အထက်ပါအတိုင်းမေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ရဲ့ရွှေဘိုကို ငါးမည်ရပြည်ရွှေဘိုလို့ ခေါ်ကြပါတယ်၊ ငါးမည်ရဆိုတာကတော့ နာမည်ငါးမျိုးရှိတာပေါ့ခင်ဗျာ၊ မုဆိုးဖို၊ ရတနာသိင်္ဃ၊ ကုန်းဘောင်၊ ရန်ကြီးအောင်၊ ရွှေဘိုတို့ပဲဖြစ်ပါတယ်၊ ဒါတွေက အစဉ်လိုက်ခေါ်ခဲ့တဲ့ နာမည်တွေပေါ့ခင်ဗျာ"

"ဆရာတို့ပြောတာနဲ့ပဲ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကျောင်းမှာသင်ခဲ့ရတဲ့ ရွှေဘိုရဲ့နာမည်နဲ့ဆိုင်တဲ့ စာကလေးတစ်ပုဒ်ကို သတိရမိသေးတယ်ဗျာ၊ ဘာတဲ့"

"ရန်ကြီးအောင်၊ ကုန်းဘောင်ခပါလို့၊ ငါးမည်ရပြည်ရွှေဘိုသောရန်ကပြို၊ ရန်ဖြိုတဲ့ရတနာသိင်္ဃရယ်၊ ဘိုးတော်ဌာနတဲ့ဗျ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ရွှေဘိုရဲ့ပထမဆုံး နာမည်က မုဆိုးဖိုပါ၊ ပုဂံခေတ်က နရပတိစည်သူမင်းကြီး တိုင်ခန်း လှည့်လည်တဲ့အခါ ဒီနေရာကိုရောက်ပါတယ်၊ ဒီမှာ မုဆိုးငပိုဆိုတာရှိတယ်၊ ငပိုက အပြောအဆိုလည်းကောင်း၊ တောလည်လည်းကောင်းတော့ မင်းကြီးက ငပိုကိုတွေ့တဲ့အခါ သိပ်သဘောကျသွားတယ်၊ အဲ့ဒါနဲ့ ငပိုအတွက် သူပိုင် ပိုမြေနယ်နမိတ်အပိုင်းအခြားကို ပေးအပ်သွားခဲ့ပါတယ်၊ ဒါကြောင့် ဒီနေရာဟာ မုဆိုးငပိုရဲ့နေရာ မုဆိုးငပို၊ အဲဒီကနေပြီး ကာလ ရွေ့လျားလာတော့ မုဆိုးပို၊ မုဆိုးပိုကနေပြီး မုဆိုးဖို ဖြစ်လာတာပါပဲ ဒါကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးမှာ ပါပါတယ်"

"အေးဗျ၊ ကောလင်းဆိုတဲ့မြို့နာမည်လည်း ဒီလိုပဲ ကျွန်တော် ဖတ်ဖူးတယ်၊ ဆင်ဦးစီးငကောရဲ့ လင့်စင်ရှိတဲ့နေရာ၊ ငကောရဲ့လင့် နေရာ၊ ကောလင့်၊ အဲဒီကနေပြီး ကောလင့်၊ နောက်တော့ ကောလင်း ဖြစ်လာတာလို့ ဝန်းသိုရာဇဝင်သစ်စာအုပ်မှာ တွေ့ဖူးတယ်ဗျာ"

"ဟုတ်တယ်၊ အဲဒီလိုပါပဲ"

"ကျန်တဲ့ ရွှေဘိုရဲ့ နာမည်တွေကရောဗျ"

"အဲ ရတနာသိင်္ဃကတော့ မြန်မာသက္ကရာဇ် ၁၁၁၅ ခုနှစ်မှာ အလောင်းမင်းတရားကြီးက ဒီမုဆိုးဖိုမှာ မြို့သစ်တည်တယ်၊ မြို့



နန်းတော်၊ ကျုံး၊ ကန်၊ ရွှေချက်သိုဘုရား၊ နတ်ကွန်းနဲ့ ဗဟိုစည်တို့ကို တစ်ပြိုင်နက် ပန္နက်ချပြီးတည်ခဲ့တဲ့ မြို့သစ်ပါ။ အမည်ကိုတော့ ရတနာသိင်္ဃလို့ ပေးခဲ့ပါတယ်"

"ကုန်းဘောင်ဆိုတာကတော့ ကျွန်တော်တို့မြို့ရဲ့ အရှေ့ဘက်မှာ ဘိုးရှေးတုန်းက အလောင်းစည်သူမင်းကြီး လုပ်သွားခဲ့တဲ့ ကုန်းပေါင် တာရိုးကြီး တောင်မြောက်တန်းနေတာရှိတယ်တဲ့ခင်ဗျ။ အဲဒါကို အစွဲပြုပြီး ကုန်းဘောင်လို့ခေါ်တယ်ဆိုပြီး မဟာဝိဇ္ဇာ ဦးမောင်မောင်တင်ရဲ့ စာအုပ်တစ်အုပ်မှာ တွေ့ရပါတယ်ခင်ဗျာ"

"သြော် ဟုတ်ပါပြီခင်ဗျာ၊ ဆက်ပါဦး"

"ရန်ကြီးအောင်ဆိုတာကတော့ တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်နိုင်တဲ့အခါ ဒီရွှေဘိုကနေပြီး ရန်အပေါင်းကို ကုန်စင် အောင်မြင်လို့ ရန်ကြီးအောင်လို့ မှည့်ခဲ့တာပါပဲ။ ရွှေဘိုဆိုတာကတော့ မုဆိုးဖိုသားများ စစ်တိုက်ထွက်တဲ့အခါ ငါတို့က မုဆိုးဖိုသားတွေကွ၊ နောက်တော့ မုဆိုးကိုဖြုတ်ပြီး ငါတို့ကရွှေဘိုသားကွလို့ ကြွေးကြော်ပြီး တိုက်ပွဲဝင်ကြတယ်တဲ့ခင်ဗျ၊ မန္တလေးကို ရွှေမန်း၊ ရန်ကုန်ကို ရွှေဂုံလို့ ခေါ်သလိုပေါ့ခင်ဗျာ၊ အဲဒီကနေပြီး ကာလရွေ့လျားလာတော့ ရွှေဖိုကနေ ရွှေပို၊ ရွှေပိုကနေပြီး ရွှေဘိုဖြစ်လာတာပါပဲခင်ဗျာ"

"ဟုတ်ပါပြီခင်ဗျာ၊ ကျန်တာလေးတွေလည်း ပြောပါဦး၊ ကျွန်တော် သုံးလေးငါးတန်းလောက်တုန်းက ရေဦးကနေပြီး ရွှေဘိုကို လာရင် မြောက်ဘက်မြို့အဝင် မြို့ထောင့်စေတီဘုရားကြီးက ဘုရားပွဲ တည်တာကို မှတ်မိနေတယ်ဗျာ၊ ဘွဲ့အမည်က ဘာမှန်းတော့ ဘူး၊ သူများတွေခေါ်တဲ့အတိုင်း မြို့ထောင့်စေတီပဲ ခေါ်လိုက်ရတာ"

"ဟုတ်ကဲ့ ရွှေဘိုကဘုရားတွေအကြောင်းလည်း နည်းနည်းပြောပါမယ်၊ အဓိကကတော့ ထင်ရှားတဲ့ စေတီပုထိုးတွေပေါ့ခင်ဗျာ၊ ဆရာက အခုပြောတဲ့ မြို့ထောင့်စေတီဆိုတာကတော့ မော်ဓော ဘုရားမြို့ထောင့်စေတီပါ။ အလောင်းမင်းတရားကြီး ဟံသာဝတီကို

www.burmeseclassic.com



အောင်နိုင်ပြီးနောက် ပဲခူးမှာ စံတော်မူစဉ်မှာ ပဲခူးရွှေမော်ဓောကို ဖူးမြော်ရလို့ နှစ်သက်ကြည်ညိုပြီး ဒီရွှေဘိုမှာ ရွှေမော်ဓောနဲ့ ပုံတူ တည်ထားကိုးကွယ်တဲ့ဘုရားပါ။ ဒါ့ကြောင့် မော်ဓောမြင်သာလို့ ဘွဲ့အမည်သမုတ်ခဲ့တာပါ။ မြန်မာသက္ကရာဇ် ၁၁၁၉ ခုနှစ်မှာ ၁၀ လ နဲ့ အပြီးတည်ခဲ့တာပါ။ ဘုရားပွဲက တော်သလင်းလတိုင်း လုပ်ပါတယ်''

''ဩော်''

''ကျန်တဲ့ ဘုရားတွေကတော့ အဆူပေါင်း ၂၀ ကျော်ပါတယ်။ ပြောရမယ်ဆိုရင်တော့ လမ်းလယ်ဘုရား၊ ဇမ္ဗူ့ဆိမီးဘုရား၊ ရွှေတန်ဆောင်ဘုရား၊ ရွှေခြင်္သေ့ဘုရား၊ နေရဲဗန်ဘုရား၊ ဆုတောင်းပြည့်ဘုရား၊ ရွှေကူကြီးဘုရား၊ သက်တော်ရှည်သက်တော်ရဘုရား၊ ရွှေပေါက်ကျွန်းဘုရား၊ ရွှေသိမ်တော်ဘုရား၊ ရွှေချက်သိုဘုရား၊ ဖောင်တော်ဦးဘုရား၊ မြို့ထောင့်စေတီလို့ခေါ်တဲ့ မော်ဓောမြင်သာဘုရား၊ ပခန်းဘုရား၊ လောကမာရဇိန်ဘုရား၊ ရွှေကြက်တောင်ဘုရား၊ စိန်ဘုရား၊ ဗိုလ်မောင်ဘုရား၊ ချမ်းသာကြီး ချမ်းသာရဘုရား၊ ကုန်းဘောင်ဦးထိပ် ဘုရား၊ အောင်မြေဘုရား၊ ရွှေလင်းပင်ဘုရား၊ နိဗ္ဗာန်ဆိပ်ဦးဘုရား စတာတွေပါပဲ''

''အင်း ဟုတ်မယ်ဗျာ၊ ဒါကြောင့် ကျွန်တော်တို့ ဥပစာတန်းတုန်းက သင်ခဲ့ရတဲ့ မဲဇာတောင်ခြေရတုမှာ ဘိုးတော်ကောင်းမှု တည်ထားပြုသည့် ဇမ္ဗူ့ဆိမီးခြောက်ရှောင်ညီးမျှ၊ ကူကြီးသခင် ရွှေလင်းပင်နှင့် ရွှေခြင်္သေ့မွေ့ စ၍ရေသော် ရွှေစေတီကြီး အသီးသီးတည် လို့ ရေးခဲ့တာဖြစ်မယ်ဗျ''

''ဟုတ်ပါလိမ့်မယ်ခင်ဗျာ''

''စာအကြောင်းပေအကြောင်းလေးလည်း လုပ်ပါဦး၊ ကုန်းဘောင်ခေတ်က စာဆိုတွေအကြောင်း၊ အဲ ရွှေဘိုသား စာဆိုတွေ အကြောင်းပေါ့ဗျာ''



''ဒါတွေလည်း အများသိပြီးသားတွေပါပဲ။ အဘလည်းသိမှာပါ၊ မဲဇာတောင်ခြေနဲ့ နာမည်အလွန်ကြီးတဲ့ လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံ၊ ရွှေဘိုမြောက်လက် မန်ကျည်းတုံရွာဇာတိ၊ ပထမအင်းဝမှာ အမှုထမ်းတယ်၊ အင်းဝပျက်တော့ ရွှေဘိုရောက်လာပြီး အလောင်းမင်းတရားကြီးဆီမှာ အမှုထမ်းတယ်။ နောက်တစ်ယောက်က ရွှေဘိုမြို့နယ် ...တောရွာသားဦးတိုး၊ ရာမရကန်ရေးတဲ့ဦးတိုး။ ဆင်ဖြူရှင်၊ စဉ့်ကူးမင်းနဲ့ ဘိုးတော်ဘုရားတို့ဆီမှာ အမှုထမ်းခဲ့တယ်။ နောက်တစ်ယောက်ကတော့ ဦးရောက်ကြီး၊ ဘကြီးတော်လက်ထက်မှာ ချေင်းနဲ့မော်ကွန်းတွေ အများကြီးရေးခဲ့တယ်။ နောက်တစ်ယောက်ကတော့ ရှားရှားပါးပါး အမျိုးသမီးစာဆိုမယ်ခွေ၊ ဆေးတံတိုတစ်ညိုလောက် ရော့ သောက်တော့ ...ဆိုတဲ့ မယ်ခွေပေါ့ခင်ဗျာ၊ ဘိုးတော်ဘုရားလက်ထက်မှာ ပေါ်ခဲ့တာပါ။ ရွှေဘိုရတနာသိင်္ခဇာတိပါပဲ၊ စစ်တောင်းမြို့ဝန်သမီးပါ။ နောက်တစ်ယောက်ကတော့ ဦးဖြိုးမှိ၊ ကဝိလက္ခဏာ ဒီပနီကျမ်းကြီး ရေးခဲ့ပြီး ...င်းဝန်မင်းကြီးနဲ့ ပြင်သစ်နဲ့ ဥရောပနိုင်ငံတွေကို သွားဖူးပါတယ်။

''ကျန်သေးလား''

''ကျန်ပါသေးတယ်၊ ရွှေဘိုမြောက်ဘက်ငါးရာနဲ့က လှူဦးမင်းပါ၊ ...ချိုး၊ လေးချိုးနဲ့ ခွန်းထောက်သဖြန်တွေ ရေးရာမှာ နာမည်ကြီးပါ၊ ...နဲ့အပြိုင်ကတော့ အင်းဝဘက်က ဖိုးသူတော်ဦးမင်းပါ၊ မင်းတုန်းမင်း ...တ်ထက်မှာပါ၊ နောက်တစ်ယောက်ကတော့ အဘရဲ့ ရေဦးနဲ့ မဝေးတဲ့ ...အရှေ့ဘက်ကမ်းက သာဝတ္ထိရွာသား တောလေ့ လွမ်းချင်းတွေ ...တဲ့ ဦးကြီးပါ''

''သူ့တော့သိတယ်ဗျာ၊ ဆယ်တန်းတုန်းက သူ့လွမ်းချင်းတွေ အများကြီး သင်ခဲ့ရတယ်ဗျ၊ ဒါနဲ့နေပါဦး၊ မဟာနန္ဒာကန်ဘွဲ့ရေးတဲ့ ...ကျော်သူဦးဩကရော ဘယ်ကလဲဗျ၊ သူရော ကုန်းဘောင်ခေတ် စာဆိုတော်ကြီးမဟုတ်ဘူးလား''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လို့ ပြောလို့ရပါတယ်၊ ရွှေဘိုသားစာဆိုတော့ မဟုတ်ပါဘူး၊ အင်းဝပျက်မှ ရွှေဘိုရောက်လာတာပါ၊ မုံရွာခရိုင် အလုံမြို့နယ် ဗဒုံမြို့ အထက်တိုက် မောင်းထောင်ရွာကပါ၊ မြန်မာသက္ကရာဇ် ၁၀၉၈ မှာ မွေးပါတယ်။ အင်းဝခေတ် ဟံသာဝတီရောက် မင်းတရားဆီမှာ အသက် ၁၃ နှစ်မှာ ရှင်လူထွက်ပြီး အမှုထမ်းပါတယ်၊ အလောင်းမင်းတရားကြီးက စိန္တကျော်သူဘွဲ့နဲ့ သားတော်ဗဒုံမြို့စားသတိုးမင်းလှထံမှာ စာဆိုတော်အနေနဲ့ အမှုထမ်းစေပါတယ်။ ပျို့ကဗျာ၊ လင်္ကာ အစီအကုံးအစပ်အဟပ် ကောင်းပါတယ်။ ရတုတွေလည်း အများကြီး ရေးခဲ့ပါတယ်။ အဘတို့သင်ခဲ့ရတဲ့ မဟာနန္ဒာကန်တော်ဘွဲ့ရတုကိုလည်း အလောင်းမင်းတရားကြီးလက်ထက်မှာ ရေးခဲ့တာပါပဲ"

"မဟာနန္ဒာကန်ဆိုလို့ ရေအကြောင်းပြောဦးမယ်ဗျာ၊ ရွှေဘိုက ရေရှားတယ်ဗျာ၊ ဒါကြောင့် ကျွန်တော်တို့ငယ်ငယ် ကလေးဘဝက ရွှေဘိုသားတွေဆို မိုးခေါင်ရေရှားရပ်ဝန်းသားတွေ၊ ရေငန်သောက်မြက်ခြောက်စားတွေဆိုပြီး မခံချင်အောင်စခဲ့ကြတာ။ ဟုတ်တာတွေလည်း ဟုတ်ပါတယ်။ ရွှေဘိုက ပူလည်းအတော်ပူတယ်ဗျ၊ ရေဦးထက်တောင်ပူတယ်ဗျာ၊ ရေရှားတဲ့ရွှေဘိုမှာ ဒီမဟာနန္ဒာကန်ကြီးလုပ်သွားတဲ့ အလောင်းဘုရားကိုတော့ ချီးကျူးဂုဏ်ပြုရမယ်၊ ဒါပြီးတော့ မူးမြစ်ကိုတားပြီး ရေလွှဲဆည်တွေ လုပ်ပေးခဲ့ကြတဲ့ အစိုးရမင်းအဆက်ဆက်ပေါ့ဗျာ၊"

"နန္ဒာကန်ကြီးကလည်း မူးကရေယူတာပါပဲ၊ ရေဖြည့်ဖို့ မူးသစ်ဆည်မြောင်းဆိုတာကို အလောင်းမင်းတရားကြီးတူးခဲ့ပါတယ်။ ကာဘိုးဆည်ကြီးကတော့ အင်္ဂလိပ်မင်းတွေ လက်ထက်ကျမှ ပေါ်လာတာပါ။ ဒီဘက်ခေတ်ရောက်တော့ အဘမြင်တဲ့အတိုင်း ကိုးပင်ချောင်း ရေလှောင်တမံတို့ ဘာတို့ဖြစ်လာတာပဲ၊ နန္ဒာကန်ကြီးရဲ့ မြောက်ဘက်အဖျားက ရေခေါ်မြောင်းတွေလည်း လက်ရှိနိုင်ငံတော်အစိုးရက အသစ်ပြန်ထူးပေးပြီးပါပြီ"



"ကောင်းတယ်ဗျာ၊ ပြောမယ်ဆိုရင်တော့ ပြောမကုန်ပါဘူး။ ကျောက်မြောင်းဘက်ရောက်ရင် စဥ့်လုပ်ငန်းအကြောင်း၊ အညာသီဟတောဘုရားအကြောင်း၊ ခင်ဦးဘက်ရောက်ရင် ခင်ဦးသား ချစ်ညို အကြောင်း၊ ထန်းပင်၊ ထန်းရွက်၊ ထန်းလက်နဲ့ ထန်းတောတွေ အကြောင်း၊ ထန်းလုံးတပ်တွေအကြောင်း ပြောကြသေးတာပေါ့၊ အားလုံးကို ကျေးဇူးပါပဲ"

တစ်ရက်နားနေစဉ် ညှော်ရိပ်သာ၌ ရွှေဘိုက စာပေမိတ်ဆွေများနှင့် အထက်ပါအတိုင်း ဆွေးနွေးဖြစ်သည်။ စကားဝိုင်းကို အားမလိုအားမရနှင့် အဆုံးသတ်ခဲ့ရ၏။ ရွှေဘိုအကြောင်း တစေ့တစောင်းသာ ပြောနိုင်ဆိုနိုင်ခဲ့၏။ ပြောမည်ဆိုက ပြောစရာများကား ပြောမဆုံးပေါင်သောသုံးထောင်ပါခင်ဗျား။

❀

## ရွှေဘို–မြစ်ကြီးနား မဟာဗျူဟာလမ်းမကြီး

ရွှေဘိုတွင် နှစ်ညအိပ်ပြီးနောက် ကျွန်တော်တို့ အခြေပြုရမည့် ကန့်ဘလူမြို့နယ်သို့ ခရီးဆက်ခဲ့ရ၏။ ရာသီဥတုက ဖွန် ဖွဲလိုင် မိုးဖြိုင်ဖြိုင် ရွာသည့်ကာလ ဖြစ်ပါသည်။ သို့ရာတွင် ရွှေဘိုပတ်ဝန်းကျင်၌ သားမိုးတိမ်များ ကွက်ကြားကွက်ကြား မှုန်မှိုင်းအုံ့ဆိုင်းနေသည်မှအပ ကောင်းစွာ မရွာသေး။ ရွှေဘိုသူရွှေဘိုသားများကတော့ မိုးတစ်မဆီတော့ ရွာပြီးပြီဟု ဆိုကြ၏။ ဟုတ်ပါလိမ့်မည်။ မနေ့က မဟာနန္ဒာကန်ကြီးရောက်တော့ ကန်ရေအတော်ပြည့်နေပြီဖြစ်၏။ ရေပြည့်နေသဖြင့် ကြာနီ၊ ကြာဖြူ၊ ကြာပြာများကား အစွမ်းကုန်ပွင့်ကာ ကန်ရေနှင့်ယှဉ်ရနေ၏။

"ကန်ရေပြည့်နေလို့ ကြာတွေပွင့်တာသိပ်လှနေတယ်၊ ဒီရေတွေက ခင်ဦးနဲ့ထန်းတပင် ဖီးကုန်းဘက်က လာတာလား"

www.burmeseclassic.com



"အဲဒီဘက်က ဧရာဝတီမြောင်းတွေကို ဆည်မြောင်းဌာနက ပြုပြင်နေတာ အကုန်လုံးတော့ မပြီးတတ်သေးဘူး အဘရဲ့၊ အရေးပေါ် ရေလိုရင်တော့ ကိုးပင်ချောင်းဘက်က ရေဖြည့်လို့ရပါတယ်။ ရွှေမှာ ကိုးပင်ချောင်းရေလှောင်တမံဆိုပြီး ရေလှောင်တမံအသစ်တစ်ခု လုပ်ထားပါတယ်၊ ခဏနေရင် ကျွန်တော်တို့ အဲဒီကိုရောက်မှာပါ"

အတူလိုက်ပါလာသည့် နယ်မြေခံအရာရှိမှ ရှင်းပြနေသည်။

"ဪ"

ရိပ်သာမှထွက်ပြီး ခဏအကြာတွင် ကျွန်တော်တို့သည် ရွှေဘိုမြို့၏ မြောက်ဘက်တည့်တည့်သို့ ရေးရှုနေသည့် ကတ္တရာ လမ်းမကြီးပေါ်သို့ ရောက်၏။

"ဒါက ရွှေဘို–မြစ်ကြီးနား မဟာဗျူဟာလမ်းမကြီးပါ။ ဒီလမ်း ကြီးပေါက်သွားလို့ စစ်ကိုင်းတိုင်းနဲ့ ကချင်ပြည်နယ် ကုန်စည်စီးဆင်းမှု သိပ်ကောင်းသွားပါတယ်"

"အင်း ဟုတ်မှာပေါ့၊ ကိုယ်တို့ငယ်ငယ်တုန်းကတော့ ကသာနဲ့ ဗန်းမော်ဘက်က ကုန်စည်တွေ စစ်ကိုင်းနဲ့မန္တလေးဘက် ဆင်းရင် ဧရာဝတီမြစ်ကြောင်းက သင်္ဘောတွေနဲ့ဆင်းတယ်။ တချို့ကျတော့လည်း မီးရထားနဲ့ဆင်းတယ်၊ ကားလမ်းကောင်းကောင်းမရှိဘူး။ ကိုယ်နေတဲ့ ရေဦးကနေပြီး ကားနဲ့ ရွှေဘိုကိုလာရင်တောင် ခင်ဦးက ရွှေဘိုကိုသွားတဲ့ မဟာနန္ဒာကန်ပေါင်ရိုးလမ်းကို သုံးရတယ်၊ တခြားကားလမ်းမရှိဘူး"

"အခုတော့ ကျွန်တော်တို့သွားမယ့် ရွှေဘို–မြစ်ကြီးနား မဟာ ဗျူဟာ လမ်းမကြီးကနေပြီး ခင်ဦးကို သွားလို့ရပါပြီခင်ဗျာ၊ ဒါလည်း အဘ လမ်းမှာတွေ့မှာပါ"

"သိပ်ကောင်းသွားတာပေါ့၊ တကယ်တော့ ဆည်မြောင်းက တာပေါင်တွေက (Inspecting Road) ပါ၊ ဌာနဆိုင်ရာ သုံးဖို့ပါ၊ ခရီးသည်တင်ကားတွေ သွားခွင့် မပြုပါဘူး"





မဟာဗျူဟာလမ်းမကြီးမှာ ရွှေဘိုမှ မြစ်ကြီးနားအထိ မိုင်သုံးရာကျော် ကွာဝေး၏။ ဤလမ်းမကြီးဖောက်နိုင်ရေးအတွက် ခေတ်အဆက်ဆက် အစိုးရများက စီမံချက်အမျိုးမျိုး ရေးဆွဲကာ ဆောင်ရွက်ခဲ့ကြ၏။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည် မပေါ်ခဲ့ပါ။ ၁၉၉၀ ခုနှစ်၊ နောက်ပိုင်းရောက်မှသာ ဤလမ်းမကြီး ဖြစ်လာခဲ့၏။ ဤလမ်းမကြီးကြောင့် ကောလင်း၊ ဝန်းသိုနှင့် ပင်လယ်ဘူးဒေသမှ သစ်ထုတ်လုပ်မှုကိစ္စများ၊ ဟိုပင်၊ မိုးကောင်းနှင့် ဖားကန့်ဒေသမှ ကျောက်စိမ်းတူးဖော်မှု လုပ်ငန်းများအတွက် များစွာအဆင်ပြေ ချောမွေ့သွားသည်ဟု သိရ၏။ ထိုမျှသာမက လူသူအရောက်အပေါက်နည်းသဖြင့် ခေတ်နောက်ကျနေသော လမ်းတစ်လျှောက် ပတ်ဝန်းကျင်ကျေးရွာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာသည်ကိုလည်း ဤခရီးတွင် မြင်တွေ့ရ၍ ကျွန်တော်တို့ ဝမ်းသာခဲ့ရ၏။

"အဘ၊ အဲဒါကိုးပင်ချောင်းရေလှောင်တမံပါခင်ဗျ။ အရှေ့ဘက်ကလာတဲ့ရေတွေကို ဖမ်းထိန်းထားပြီး မဟာနန္ဒာကန်ကို ဖြည့်ပေးဖို့နဲ့ ပတ်ဝန်းကျင်စိုက်ပျိုးရေးအတွက် လုပ်ထားတာပါ၊ ပြီးတာ သိပ်မကြာသေးပါဘူး"

"ဟုတ်တယ်၊ ကိုယ်တောင် ဟိုတုန်းကမကြားဖူးဘူး၊ ဒီနားက အဆောက်အအုံအသစ်တွေကကော ဘာလဲ"

"အဲဒါက လေ့ကျင့်ရေးတပ်ပါခင်ဗျ၊ သူလည်းလောလောဆယ် ဒီကိုးပင်ချောင်းရေလှောင်တမံကရေကို သုံးနေရတာပါပဲ"

"ဪ"

မကြာမီ ကိုးပင်ချောင်းရေလှောင်တမံကို ကျွန်တော်တို့ ကျော်လာခဲ့သည်။ လမ်းကဖြောင့်လှသဖြင့် ကားသွားသည့်နှုန်းက မြန်နေသော နာရီဝက်ခန့်မောင်းသော် ခင်ဦးလမ်းခွဲသို့ရောက်၏။ ဆိုင်ကမှ ဆိုင်းဘုတ်ကလေးတစ်ခု ဖွင့်ထားသည်ကို တွေ့ရ၏။ အနီးတွင် ကုန်းကြီးရွာကလေး ရှိ၏။ လမ်းခွဲမှ အနောက်ဘက်သို့သွားသော် ခင်ဦးသို့



www.burmeseclassic.com

www.burmeseclassic.com



၆ မိုင် သွားရ၏။ ကတ္တရာလမ်းပင်ဖြစ်သည်။ အရှေ့ဘက်သို့ကား ရောဝတီမြစ်ကမ်းနဖူးရှိ သင်ပေါင်းခါးကြီးရွာသို့ ရောက်၏။ မိုင် ၂၀ ခန့် ရှိပါသည်။ သင်ပေါင်းခါးသို့ မရောက်ဘူးပါ။ သို့ရာတွင် သင်ပေါင်းခါးမှ ရောဝတီမြစ် အရှေ့ဘက်ကမ်းရှိ သပိတ်ကျင်းသို့ ကူး၍ရသည်။ ကျွန်တော်တို့ငယ်စဉ်က ရွှေဦးမှမိုးကုတ်သို့ အလုပ်သွားလုပ်ရသူများသည် ရွှေဘိုမှစစ်ကိုင်း၊ စစ်ကိုင်းမှ မန္တလေး၊ မန္တလေးမှမိုးကုတ်သို့ ကား အဆင့်ဆင့် တစ်ကွေ့ တစ်ပတ်ကြီးစီးကာ ကူးကြရသည်။ အချို့က အချိန်ကုန်ငွေကုန် လူပင်ပန်းလှသည်ဟုဆိုပြီး ခင်ဦး၊ သင်ပေါင်းခါးမှ သပိတ်ကျင်းကိုကူး၍ မိုးကုတ်သို့ ဤဖြတ်လမ်းမှ သွားကြ၏။ မိုးကုတ်သို့ သက်သက်သာသာနှင့် မန္တလေးလမ်းထက် တစ်ရက်စောပြီး ရောက်၏။ မိုးကုတ် တစ်ရက်စောရောက်က တစ်ရက်ငွေရှာချိန် ပိုရသည်ဟုလည်း ဆို၏။ အမှန်လည်း မိုးကုတ်က ကျွန်တော်တို့ အရပ်ဒေသများလောက် ငွေရှာရမခက်ခဲလှဟု ထင်ပါသည်။

ကျွန်တော် အောင်လံတပ်မှာရှိစဉ်က မိုးမိတ်၊ မဘိမ်းဒေသများ တွင် တာဝန်ထမ်းဆောင်ရ၏။ တပ်အတက်အဆင်းများပြုလုပ်တိုင်း မန္တလေးမှ မိုးကုတ်ကိုဖြတ်ပြီး မိုးမိတ်ကိုတက်ရ၏။ အတက်တွင်တော့ ဘာမှ ပါမသွား၊ ယူမသွားပါ။ ယူစရာလည်း ဘာမှမရှိပါ။ အဆင်းတွင် တော့ အိမ်ကမိသားစုအတွက် မန္တလေးတွင် သင့်လျော်ရာ ပစ္စည်းလေး များ ဝယ်ကြပါသည်။ ပထမဆုံးအကြိမ် ကျွန်တော် မိုးမိတ်ကပြန်ဆင်း တော့ ပစ္စည်းဝယ်ချင်သည်။ ငွေလိုနေ၏။ ငွေလည်းမရှာတတ်။ ဘာလုပ်ရမှန်း မသိ။ ထို့ကြောင့် ရင်းနှီးသူများနှင့် ညှိနှိုင်းတိုင်ပင်ရ၏။

သူတို့အကြံပြုချက်အရ –

မြို့နယ်ခွင့်ပြုမိန့်ဖြင့် မိုးမိတ်ဒေသထွက်ဆန် အနည်းငယ် ဝယ်လာခဲ့သည်။ မိုးကုတ်တွင် ပြန်ရောင်းခဲ့၏။ ဝယ်ရင်းဈေးထက် ခေါက်ချိုးမြတ်ပါသည်။ မိုးကုတ်ဝယ်လက်က မိုးမိတ်ဆန်အား ဈေး မဆစ်ပါ။ အလွန်ကြိုက်၍ ဆိုဈေးအတိုင်းဝယ်လိုက်၏။ သူတို့သည်





တွင်းထွက်ကျောက် အရောင်းအဝယ်ကိစ္စများ၌ သိန်းစကားသန်းစကား ပြောနေကြသူများဖြစ်ရာ ကျွန်တော်တို့ဆန်များအတွက် ဈေးဆစ်ဖို့ စိတ်ဝင်စားပုံ မရပါ။ ထိုပထမအခေါက်က မိုးကုတ်သားများ ကောင်းမှု ကြောင့် မိသားစုအတွက် စက်ဘီးတစ်စီးအပါအဝင် ပစ္စည်းက တစ်ပွေ့ ဆစ်ပိုက်ဖြင့် ကျွန်တော် အိမ်အပြန်မျက်နှာပန်းလှခဲ့ပါသည်။ ထိုဖြစ်စဉ် အလေးကို ပြန်စဉ်းစားမိ၍ ယခုခရီးသွားရင်း ပြုံးမိပါသေးသည်။

တွေးရင်းငေးရင်းဖြင့် ကျွန်တော်တို့ကားသည် ဖီးကုန်း–မလယ် လမ်းဆုံသို့ ရောက်လာ၏။

''အဘ၊ ဒါ ဖီးကုန်း–မလယ်လမ်းဆုံပါ။ အနောက်ဘက်သွား ရင် ရထားလမ်းပေါ်က ထန်းတပင်၊ ဖီးကုန်းရောက်တယ်။ အရှေ့ဘက် သွားရင် ရောဝတီမြစ်ကမ်းက မလယ်ရောက်ပါတယ်။''

''ဪ၊ မလယ်တို့ တွင်းငယ်တို့ဆိုတာလား''

''ဟုတ်ပါတယ်။ ဒီဘက်ကမ်းကမလယ်၊ ဟိုဘက်ကမ်းက တွင်းငယ်ပါ''

''ဪ၊ ဆရာကြီးရွှေဥဒေါင်းရဲ့ ဝတ္ထုတွေမှာ မကြာခဏပါတတ် တဲ့ မလယ်တွင်းငယ်ဒေသပါလား''

သို့ရာတွင် လမ်းများကသိပ်မကောင်းပါ။ ကျောက်ခင်းလမ်း ကြမ်းများဖြစ်၏။ ရွှေဘိုနှင့် ယခုလမ်းဆုံ ၂၈ မိုင်ဝေးပါသည်။ မိုင်တိုင် စိုက်ထား၍ သိရ၏။

''ခပ်လှမ်းလှမ်းမှာ မြေမွှန်ရွာရှိပါတယ်။ မြေမွှန်စိုက်ခင်းကြီး လည်း ရှိတယ်။ စိုက်ပျိုးရေးဌာနက ပြောင်းဖူးနဲ့ကြံတွေ စမ်းသပ်ပြီး စိုက်နေပါတယ်''

လိုက်ပါလာသည့် အရာရှိပြောမှ လမ်းတစ်လျှောက်ကြံခင်းများ ကို သတိပြုမိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



''အေးကွ၊ မောင်ရင်ပြောမှ ကိုယ်လည်းသတိထားမိတယ်၊ စပါးခင်းတွေ သိပ်မတွေ့ဘူး၊ ကြံခင်းတွေပဲတွေ့တယ်၊ ကြံခင်းတွေက များလှချည်လား ဘာလုပ်ကြသလဲ''

''ပွက်ရည်ချက်ပြီး ရွှေဘိုကိုပို့ပါတယ်ခင်ဗျ''

''ပွက်ရည်ဆိုတာဘာလဲ''

''ပွက်ရည်ဆိုတာကတော့ သကြားချက်ဖို့ ကြံရည်ကိုကျိုထားတဲ့ ကုန်ကြမ်းကို ခေါ်တာပါခင်ဗျ''

''ဪ''

ပြည်တွင်းဖြစ်သကြားများကား ရွှေဘိုနှင့်မန္တလေး၌ နေရာအနှံ့ ချက်လုပ်နေကြပြီဆိုသည်ကိုလည်း မေးမြန်းသိရှိခဲ့ရ၏။ အပြန် အချိန်ရပါက သကြားချက်လုပ်သည့်လုပ်ငန်းများကို ဝင်လေ့လာရန်လည်း စိတ်ကူးလိုက်မိ၏။

ကြံခင်းများ ပေါများသော်လည်း မြေမွန်နားတစ်ဝိုက်ကား အတန်ငယ်မြင့်လာပါသည်။ မြေမျက်နှာပြင်က သိပ်ပြီးမညီညွတ်ပါ။ အနိမ့်အမြင့်များ ရှိလာသည်။ လမ်းတစ်လျှောက် ကြံခင်းများသာမက ဝါးတောငယ်များကိုလည်း ကြိုကြားကြိုကြားတွေ့လာရ၏။ မြောက်ဘက်သို့ လှမ်းမျှော်ကြည့်သော် ညို့ညို့မှိုင်းမှိုင်းနှင့် တောရိပ်တောင်ရိပ်များကို လှမ်းမြင်ရပါပြီ။ မြေပြန့်လွင်ပြင်ပေါ်လှသည့် ရွှေဘိုအနီးတစ်ဝိုက်နှင့်ကား မြင်ကွင်းက တကွဲတပြားခြားနားသွား၏။

မကြာမီ လူစည်ကားသည့်ရွာကြီးတစ်ရွာသို့ ဆိုက်ရောက်၏။

''အဘ၊ ဒီရွာကထမင်းကောင်းတယ်ခင်ဗျ။ နည်းနည်းစောသေးပေမယ့် ဒီမှာ ထမင်းစားတာ အဆင်ပြေပါတယ်''

''ကောင်းရင်လုပ်ပါလေ၊ ဒီရွာကဘာရွာလဲ''

''ငှက်ပျောဒိုင်းတဲ့ခင်ဗျ''



အိမ်ခြေတစ်ရာနီးပါးရှိသော ကားလမ်းဘေးရွာတန်းရှည်လေး၌ ကျွန်တော်တို့ကားရပ်နားလိုက်ကြ၏။ မနက် ဆယ်နာရီသာသာ ရှိသေးသော်လည်း ထမင်းစားရန်အဆင်ပြေသည့်နေရာမို့ နေ့လယ်စာ ထမင်းအား တောထမင်းတောဟင်းများနှင့် မြိန်မြိန်ကြီးစားလိုက်ကြ၏။ စားရတာကြာသည့် ချေသားဟင်းအား ဆန္ဒင်းနိုင်နိုင်နှင့်စားရ၏။ ဆိတ်သားခြောက်ကြော်လည်းရ၏။ ဝတောသရက်သီးသုပ်နှင့် ပဲဟင်းအား ဆူးပုပ်ရွက်ခတ်၍ စားရသည်ကလည်း အညာကိုပိုသတိရစေ၏။ စားရင်းသောက်ရင်း စကားများပြောဖြစ်ကြ၏။

ဆိုင်ရှင်ကြီးမှာ အသက်ငါးဆယ်ကျော် အသားဖြူဖြူဝဝဖြစ်၏။ မိသားစုထမင်းဆိုင်ဖွင့်ခဲ့သည်မှာ ဤမဟာဗျူဟာလမ်းပေါက်ကတည်းကဟု ဆို၏။ ဆိုင်ရှင်ကြီးက အာဝဇ္ဇန်းရွှင်၏။

''ဒီလမ်းကြီးမပေါက်ခင်တုန်းက လယ်တို့ကိုင်းတို့ လုပ်တာပေါ့ဗျာ၊ လယ်စိုက်တော့ နေရာက မိုးကောင်းတော၊ ရေက သိပ်ပုံမမှန်ဘူး။ ဒါကြောင့် စပါးအထွက်လည်းသိပ်မကောင်းဘူး၊ မိုးကုန်ရင်ကြံတို့၊ ပဲတို့ကို သီးထပ်စိုက်ရတယ်၊ ပင်ပန်းတယ်၊ ဒီလမ်းကြီးဖွင့်တော့ ကားတွေအတက်အဆင်းမှာ ထမင်းရောင်းတယ်။ အရင်ကထက် အများကြီး ပွားရေးအဆင်ပြေပါတယ်၊ အခုကြံစိုက်ပြီး ပွက်ရည်လည်း မန္တလေးပို့ပါတယ်''

ကျွန်တော်ကစိတ်ဝင်တစားမေးသမျှ ဆိုင်ရှင်ကြီးကဖြေ၏။ ဤမဟာဗျူဟာလမ်းကြီးကြောင့် ရွှေဘိုမြောက်ဘက်ဒေသများ စီးပွားရေးကောင်းလာကြ၏။ ဗဟုသုတများ တိုးပွားကာ မျက်စိပွင့်လာကြ၏။

''ကျွန်တော့်သားအငယ်နှစ်ယောက်လည်း ရွှေဘိုမှာ ကျောင်းထားတယ်။ ဒီမှာထက်စာရင် ဟိုမှာက ကျောင်းပိုကောင်းတယ်လေ။ ကိုယ့်သားသမီးတွေကိုယ့်ထက်စာတတ်ရမယ်၊ ကိုယ့်ထက်ပိုတော်ရမယ်။ ကိုယ့်ထက်ပိုချမ်းသာစေချင်တယ်၊ ကိုယ့်ထက်ဗဟုသုတ ပိုစုံစေချင်တယ်၊ ဒါမှ သူတို့ဘဝ ရပ်တည်မှုကောင်းမယ်''

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်ကြီး၏ မုဒိတာစကားကြောင့် ပြုံးရ၏။

"ဒါနဲ့ နေပါဦး ဆရာကြီးရဲ့၊ ဆရာကြီးတို့ရွာနာမည်က ငှက်ပျောဒိုင်းသာဆိုတာ ငှက်ပျောပင်လည်း မတွေ့ပါလား၊ ဘာဖြစ်လို့ ဒီနာမည် မှည့်တာလဲ"

"ငှက်ပျောဒိုင်းဆိုတာ ငှက်ပျောပင်တွေပေါတဲ့နေရာလို့ ဆိုတာ မဟုတ်ပါဘူး။ ကျွန်တော် ကိုရင်ဘဝက ဘုန်းကြီးပြောလို့မှတ်မိတာ၊ ဘုန်းကြီးကအမိန့်ရှိတယ်၊ တို့ရွာကငှက်ပျောဒိုင်းမဟုတ်ဘူးကွ။ ဟိုတုန်းက ဒီနေရာက ငှက်တွေပျော်တဲ့တောကြီး ငှက်ပျော်တဲ့တိုင်း၊ ဒါကြောင့် ငှက်ပျော်တိုင်း။ အဲဒီကနေပြီး ငှက်ပျောဒိုင်းဖြစ်လာတာလို့ ဆိုတယ် ခင်ဗျ။"

ဒုတိယအကြိမ် ကျွန်တော် ပြုံးရပြန်ပါသည်။

ရွှေဘိုသားများ ရွှေဖိုမှရွှေပို၊ ရွှေပိုမှရွှေဘိုဆိုသကဲ့သို့ ငှက်ပျောဒိုင်းသားများကလည်း ငှက်ပျောတိုင်းမှ ငှက်ပျောဒိုင်းဟု ဆိုလာပြန်၏။ ဟုတ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် မြေမွန် ကျော်လာပြီးကတည်းက လမ်းတစ်လျှောက် ကြက်တူရွေးအုပ်ကြီးများ၊ စာကလေးအုပ်ကြီးများ၊ ချိုးအုပ်ကြီးများ စသည့်ငှက်ကြီးများကို တစ်လမ်းလုံး အုပ်လိုက်အုပ်လိုက် တွေ့နေရရာ သူတို့တစ်တွေ၏ တီတီတာတာအော် မြည်သံများက သူတို့ အစာဝ၍ ပျော်နေပုံရပါသည်။ ထို့ကြောင့် ဤနေရာကား ငှက်များ ပျော်သည့်တိုင်းဆိုသည်ကား လွန်အံ့မထင်။

"ငှက်ပျော်သလားမပျော်သလားတော့မသိဘူး၊ စပါးတို့ ပြောင်းတို့ စိုက်ရင် ငှက်ချည်းပဲခြောက်နေရတယ်၊ ကိုယ်မစားရဘူး၊ သူတို့ ချည်း စားနေတာ၊ နောက်ဆုံးတော့ ကြံကိုပြောင်းစိုက်လိုက်မှ သက်သာတော့တယ်၊ ကြံစိုက်တော့ စားမရလို့ ငှက်မပျော်ဘဲ ငှက် စိတ်ညစ်သွားတယ်"

သူ့နောက်ဆုံးစကားကြောင့် ကျွန်တော်တို့တစ်ဖွဲ့လုံး တဟားဟား သဘောကျရယ်မော၍ နှုတ်ဆက်ထွက်ခွာခဲ့ကြ၏။ ထို





တစ်နာရီခန့် မောင်းပြီးသော် အိမ်ခြေသုံးလေးဆယ်ခန့်ရှိ ရွာငယ်လေး တစ်ရွာသို့ ရောက်၏။ ပတ်ဝန်းကျင်မှာကား ဝါးတောများ သိပ်သည်း နေ၏။

"အဘ၊ ဒီရွာကလေးက စံပယ်နံ့သာတဲ့ခင်ဗျ။ ဒါ ကန့်ဘလူ ထမ်းခွဲပါ၊ ဒီကနေပြီးကန့်ဘလူကိုသွားရင် မိုင်၂၀ မပြည့်တပြည့်ရှိပါ တယ်၊ ဟိုတုန်းက ကားလမ်းမရှိပါဘူး၊ ဆည်မြောင်းက မူးမြစ်ဝှမ်း စီမံကိန်း လုပ်တာနဲ့ ဒီလမ်းကိုဖောက်ခဲ့တာပါ၊"

"အင်း၊ ကိုယ်တို့ဒီနားတစ်ဝိုက်မှာ အခြေပြုရင် ကောင်းမယ် ထင်တယ်၊ နေရာရွေးလိုက်ကြတာပေါ့၊ ပြီးမှ အထက်ကိုအစီရင်ခံစာ တင်ပြီး လုပ်ငန်းစကြတာပေါ့"

ဤနေရာသို့လာခဲ့သည့် ကျွန်တော်၏ တာဝန်မှာ စစ်ကိုင်း တပ်မ၏ ကွပ်ကဲမှုအောက်တပ်များ လက်တွေ့လေ့ကျင့်ခန်းဆင်းရန် အတွက် မြေအခြေအနေ ကွင်းဆင်းကြည့်ရှုခြင်း ဖြစ်ပါသည်။ လေ့ကျင့် ခန်းအတွက် ရွှေဘိုနှင့်လည်းသိပ်မဝေးဘဲ နေ့ချင်းပြန်သွားနိုင်သည့် နေရာဖြစ်ရမည်။ ကားလမ်းရောရထားလမ်းပါ သုံးနိုင်မည့်နေရာ ဖြစ်ရမည်။ တောရိပ်တောင်ရိပ်များရှိ၍ တောတွင်း လေ့ကျင့်ခန်းများ ဆင်းနိုင်သည့်နေရာလည်း ဖြစ်ရမည်ဟုဆိုထားရာ ပဏာမညှိနှိုင်းချက် အရ ကန့်ဘလူမြို့နယ်အတွင်းကို လျာထားခဲ့ပါသည်။ ထိုလျာထားချက် အရ ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာလမ်းမကြီးအား အမှီပြု၍ ဆိုက်ထွက်ခဲ့ခြင်း ဖြစ်၏။

ယခု ဤစာစုမှာ ပထမအကြိမ် ဤလမ်းမကြီးပေါ်၌ သွားရင်း လာရင်း လမ်းတစ်လျှောက် ကျွန်တော်မြင်တွေ့မိသမျှကို ဖော်ပြလိုက် ခြင်းပါခင်ဗျား။

ဖြည့်စွက်ဖော်ပြရမည်ဆိုပါက–

www.burmeseclassic.com

www.burmeseclassic.com



ဤခရီးစဉ်အတွင်းမှာသာမက ဤခရီစဉ်အပြီးတွင်လည်း ကျွန်တော်သည် ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာလမ်းမကြီးအား မြောက်ဘက် ကချင်ပြည်နယ်အတွင်းရှိ ဟိုပင်အထိရောက်ခဲ့ပါ၏။ ကချင်ပြည်နယ်အတွင်း၌ကား မိုးများသဖြင့် လမ်းများအဆက်မပြတ် ပြင်နေရသည်။ သို့သော်လည်း ကောင်းပါသည်။ အချို့နေရာတွင် လမ်းသစ် ဖောက်ရသည်။ အချို့နေရာကား ရှိပြီးသား လမ်းဟောင်းများကို ပြင်သည်။ လမ်းသစ်နှင့်လမ်းဟောင်း ဆက်ပေးသည်။ တံတားအချို့ ပြန်ပြင်နေသည်ကို တွေ့ရသည်။ အင်းတော်နှင့်မိုးညှင်းအကြား၌ တောက နက်၏၊ ထူ၏။ ထို့ကြောင့် လမ်းဘေးဘယ်ညာများ၌ အလင်းဖွင့် တောရှင်းနေသည်ကိုလည်း မကြာခဏတွေ့ရ၏။ ဤမျှ ရှည်လျားသော လမ်းကြီးအား ကြာရှည်စွာတည်တံ့ရေးအတွက် ထိန်းသိမ်းရန်ကား မလွယ်လှပါ။

သို့ရာတွင် ဤလမ်းမကြီးကြောင့် မြန်မာပြည်အလယ်ပိုင်းနှင့် ကချင်ပြည်နယ် ကုန်းလမ်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး နိုင်ငံတော်၏ မဟာဗျူဟာမြောက် ရည်မှန်းချက်ကြီးများအား အမှန်တကယ် အထောက်အကူပြုသည်ကိုတော့ သွားရင်းလာရင်း တွေ့ရှိသတိပြုမိကြောင်း တင်ပြအပ်ပါသည်ခင်ဗျား။

✿

**အမှတ်တရဘိုတဲကလေး**

ကန့်ဘလူလမ်းခွဲရှိ စံပယ်နံ့သာရွာကလေးကား တကယ့်ဂျင်ဂလယ်မျှသာ ဖြစ်၏။ အိမ်ခြေသုံးဆယ်သာသာရှိသည်။ ရွာထိပ် မဟာဗျူဟာ လမ်းမပေါ်၌ ထမင်းဆိုင်သေးသေးကလေးတစ်ဆိုင်ရှိ၏။ ဆိုင်ရှင်က သူကြီးမင်း၊ ဆိုင်ထိုင်က သူ၏သမီးများ၊ ကျွန်တော်တို့အဖွဲ့ရောက်သည့်နေ့မှာပင် သူကြီးမင်းနှင့် ဆက်သွယ်ရ၏။





"အရင်တပ်က အဖွဲ့တွေတုန်းကတော့ ဆည်မြောင်းဝင်းထဲမှာ တည်းပါတယ်၊ အဲဒီမှာ တန်းလျားတစ်လုံးရှိတယ်၊ ရွာထဲမှာ တည်းချင်ရင်တော့ ကျွန်တော့်အိမ်မှာပဲတည်းပါ"

သူကြီးမင်းက ဖိတ်ခေါ်သော်လည်း ကျွန်တော့်တပည့်အမြောက်အမြားဖြင့် ရွာထဲမှာမတည်းလိုပါ။ မဟာဗျူဟာလမ်းမကြီးဘေး ဆည်မြောင်းဝင်းထဲမှာပင် အခြေပြုရန်ရွေးလိုက်၏။ ဆည်မြောင်းက ဓာက်တွေထားရန် ကားဂိုဒေါင်တစ်ခုဆောက်သွား၏။ သက်ငယ်မိုးဖြစ်သော်လည်း မိုးလုံပါသေးသည်။ ကန့်ဘလူဒေသက မြောက်ဘက်ကောလင်း၊ ဝန်းသိုနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်၍ တောရိပ်တောင်ရိပ်ကောင်းပြီး ရွှေဘိုထက်ပိုပြီးမိုးရွာ၏။ ကျွန်တော်တို့ရောက်တော့ မကြာခဏ မိုးတဖွဲဖွဲရွာသည်နှင့် ကြုံရ၏။ ရောက်ပြီးနောက်နေ့၌ အတူပါလာသည့်အရာရှိများနှင့် မြေအခြေအနေကြည့်ကြသည်။ မြေပုံ မြေပြင်တိုက်ဆိုင်ညှိနှိုင်းကြ၏။ လေ့ကျင့်ခန်းအတွက် မြေနေရာရွေးကြ၏။

"ဒီမှာ မိုးက ရွှေဘိုထက် အများကြီးပိုရွာတယ်၊ လူကြီးတွေလာကြည့်ရင် လုံလုံခြုံခြုံနဲ့ နားနေဖို့ နေရာတော့လိုတယ်၊ လူကြီးတွေကို ရွာထဲမှာလည်း မထားချင်ဘူး၊ ဘာလုပ်ရင်ကောင်းမလဲ"

"အဘ၊ ဒီနေရာက ဌာနဆိုင်ရာတွေလာရင် နားနေဖို့ ကန့်ဘလူ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က သတ်မှတ်ပေးထားတာပါ၊ ဆည်မြောင်းဝင်း မဟုတ်ပါဘူး၊ ဒီနေရာမှာ ဘိုတဲလေးတစ်လုံးလောက် ဆောက်လိုက်ရင် ကောင်းပါတယ်"

အတူလိုက်ပါလာသည့် နယ်မြေခံ အရာရှိမှ အကြံပြုသည်။

"ဟော ကောင်းသားပဲ၊ ဘယ်သူလုပ်မလဲ၊ ဘယ်သူ့နိုင်းမလဲ"

"ရပါတယ်ခင်ဗျ၊ သူကြီးမှာသစ်စက်ကလေးရှိပါတယ်၊ သူ့ဆီက သစ်ကလေးဝါးကလေး နည်းနည်းတောင်းပြီး လိုတာ ကျွန်တော်တို့ စိုက်နိုင်သလောက်စိုက်ပြီး လုပ်လိုက်ရင် လေးငါးဆယ်ရက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘိုတဲကလေးပြီးသွားမှာပါ၊ အဘတာဝန်ပေးရင် ကျွန်တော်ပဲ လုပ်လိုက်ပါ့မယ်၊''

သူ့တင်ပြချက်ကို ကျွန်တော် အလွန်သဘောကျသွား၏။ သူပြောတာ ဟုတ်ပါသည်။ မဟာဗျူဟာလမ်းမကြီးပေါ်တွင် သစ်ကားများကား နေ့ရောညပါ ဥဒဟိုသွားလာနေကြ၏။ ဤဒေသ၌ မဖြစ်စလောက် ဘိုတဲပေါက်စလေးတစ်လုံးလောက် အတွက်တော့ သစ်က ဘာမှုမထောင်းတာပါ။ ခင်းပျဉ်၊ ကာပျဉ်၊ တိုင်နှင့်အခြားခွဲသားအားလုံးလိုလို ရနိုင်ပါသည်။

''ကဲ၊ အဲဒါဆို ဒီမှာနေတဲ့ဆယ့်လေးငါးရက်မှာ မောင်ရင်က ဘိုတဲဆောက်ကွာ၊ ကိုယ်သွားရာမလိုက်နဲ့တော့၊ ဟိုဟိုဒီဒီသွားတာကို ကိုယ့်အစီစဉ်နဲ့ကိုယ်ပဲ ကြည့်လုပ်လိုက်မယ်''

ဘိုတဲဆောက်မည့် လမ်းဆုံနေရာမှာ နှစ်ကေခန့်ရှိပါသည်။ ထိုနေ့ည၌ ကျွန်တော်သည် ဘိုတဲအတွက် တပ်မှအရာရှိငယ်အိမ်နှင့် ခပ်ဆင်ဆင်ပုံစံထုတ်၍ ကျွန်တော်မပြန်မီကာလအတွင်း ဘိုတဲကလေးအပြီးဆောက်ရန် စီမံတော့၏။ တိုင်နှင့်အခင်းအကာအတွက်ပျဉ်အားသူကြီးမင်းက မေတ္တာလက်ဆောင်ပေးမည်။ ကပ်မိုးမည်။ မိုးကပ်အားရွာမှဝယ်မည်။ ရေ့အဓိအတွက်လိုမည့် ဒွပ်အနည်းငယ်နှင့်ရိုက်သံ၊ ပတ္တာစသည်တို့ကို ရွှေဘိုမှမှာမည်။ လက်သမားကို ကန့်ဘလူမှ မှာမည်။ နက်ဖြန်ကာ တိုင်ထူမည်။ တိုင်ကလည်း ရွာမှာ အလွယ်တကူရှိပြီးသား။ နောက်တစ်နေ့၌ ခရီးမသွားမီ အိပ်ခန်းနှစ်ခန်းပါသည့် ပေ ၃၀ ပေ ၄၀ တစ်ထပ် သစ်သားဘိုတဲလေးအား ပန္နက်ရိုက်ပေးခဲ့၏။

ကျွန်တော်သည် မနက်ဆို အခြေပြုပတ်ဝန်းကျင် လှည့်လည်ပြီး မြေအခြေအနေ လိုက်ကြည့်၏။ ညနေဆို ပြန်ရောက်သည်နှင့် ဘိုတဲကလေး ဆောက်နေသည်အား ဝင်ပြီး ဆရာကြီးလုပ်၏။ တောထဲတောင်ထဲ၌ ကိုယ့်ဟာကိုယ် ကျေနပ်နေသည်။ တစ်ပတ်ခန့်ကြာသွားသည်။ ဘိုတဲကလေးက ပုံအတော်ပေါ်လာ၏။ ရေချိုးခန်း၊ အိမ်သာကို





လည်း အကျအနထည့်ထားသည်။ သန့်စင်ခန်းအတွက်ခွက်များအား (UNICEF) မှ အခမဲ့ပေးသည့် ပလပ်စတစ်အိမ်သာခွက်များကို ရွှေဘိုမှ မှာသုံးလိုက်၏။ အမိုးမိုးရန်သာကျန်တော့၏။ အမိုးကို ကပ်မိုးရန် စီစဉ်ထားသည်ဖြစ်ရာ ကျွန်တော်တို့အဖွဲ့မှ ဝါးခုတ်ပေး၍ ကပ်ရက်ခိုင်း၏။ ထို့ကြောင့် အမိုးအတွက် လက်ခသာပေးရ၏။ ပြတင်းတံခါး စသည်များကား သူကြီးမင်း၏ (Ready Made) ကြိုလုပ်ထားသည်များကို လျှော့ဈေးပေါ့ဈေးနှင့် ဝယ်လိုက်ရ၏။ အားလုံး ဈေးသက်သက်သာသာနှင့် အဆင်ပြေသွား၏။ ကျွန်တော်မပြန်မီ လုပ်ငန်းများအပြီးသတ်ရန် မောင်းတင်ထား၏။

သို့ရာတွင် ဘိုတဲကလေးမပြီးခင် ကန့်ဘလူသွားရန် အကြောင်းပေါ်လာ၏။

''ကန့်ဘလူတော့ ရောက်အောင်သွားလိုက်ပါဦး၊ မြောက်ဘက်ချပ်သင်းအထိ၊ တောင်ဘက်ထန်းတပင်အထိ ရထားလမ်း အခြေအနေတွေ ကြည့်ခဲ့ပါဦး'' ဟု စစ်ကိုင်းဌာနချုပ်က လှမ်းပြောသည်။ ထို့ကြောင့် ကန့်ဘလူထွက်ခဲ့ရ၏။

''ကဲ၊ ကိုယ့်လူတို့ ကန့်ဘလူဘက် နှစ်ရက်သုံးရက် သွားလိုက်ဦးမယ်၊ ပြန်လာရင်တော့ အမိုးပြီးအောင်မိုးထားပေတော့''

တာဝန်ခံအရာရှိနှင့် လက်သမားများအား မှာခဲ့ရသည်။

ကန့်ဘလူသို့ထွက်ခဲ့၏။ ကန့်ဘလူတွင်နှစ်ညအိပ်၍ ပထမရက်တွင် ချပ်သင်းထိသွားခဲ့သည်။ ဒုတိယရက်၌ ထန်းတပင်ဖီးကုန်းထိ သွားခဲ့သည်။ ရထားလမ်းများကောင်းပါသည်။ ငယ်စဉ်က ကန့်ဘလူနှင့် ထန်းတပင်ဖီးကုန်း၌ နေခဲ့ဖူး၏။ ထို့ကြောင့် ဤဒေသများကား ကျွန်တော့်အတွက် နယ်စိမ်းမဟုတ်ပါ။

လေးငါးနှစ်သားအရွယ်က ဤဒေသတွင် ကျွန်တော် လပေါင်းအတော်ကြာနေခဲ့၏၊ အရွယ်အလွန်ငယ်သေးသော်လည်း အဖြစ်အပျက်တော်တော်များများအား မှတ်မိနေ၏။ နေရသည်ကလည်း မီးရထားဆင်း

www.burmeseclassic.com

www.burmeseclassic.com



မှာမို့ မီးရထားနှင့် ဆက်စပ်နေသည်များကို မကြာခဏ သတိရနေသည်။ ထိုစဉ်က ကျွန်တော့်ဦးကြီးဦးကံညွန့်မှာ အသက်သုံးဆယ်မရှိတရှိ။ ကန့်ဘလူညရုံပိုင်ကလေးဖြစ်သည်။ ညမှုရုံပိုင်ရသည့် ရုံပိုင်ကလေးက ညညဆိုမူးပြီးကျိုကျသဖြင့် သူ့အိမ်မှာလာနေသည့် ကျွန်တော့်မှာ သူ့အသံကြားက ကြောက်ပြီး ကြောင်အော်သံကြားသည့် ကြွက်ကလေးလို ချောင်ကြိုချောင်ကြားမှာ ပုန်းနေရ၏။ သူ့ဇနီး ဒေါ်ဒေါ်ကြည်က ကျွန်တော့်အား သူတို့သားဦးကလေးဆုံးပြီးခါစမို့ ချစ်စနိုးနှင့် ခေါ်ထားခြင်းဖြစ်သည်။ သို့ရာတွင် ကျွန်တော်က သူမဘက်ကတူမဟုတ်ပါ။ သူ့ခင်ပွန်းဘက်ကတူဖြစ်၏။ အဒေါ်ကိုချစ်သော်လည်း ဦးကြီးညရုံပိုင်၏ ညညကျိုကျသံကို ကြာရှည်သည်းမခံနိုင်ပါ။ ကန့်ဘလူတွင် ရက်ပေါင်းသုံးလေးဆယ်နေပြီးနောက် ကျွန်တော့်အမေရှိရာ ထန်းတပင်ဖီးကုန်းသို့ ပြန်ခဲ့၏။ ထန်းတပင်ဖီးကုန်းမှာလည်း မီးရထားဝင်းမှာ နေရတာပါပဲ ခင်ဗျာ။ အမေက မုဆိုးမဘဝနှင့် ဘူတာတွင် ဈေးရောင်း၍ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်အား ကျွေးနေသည့်အချိန်ဖြစ်၏။

ထန်းတပင်ဖီးကုန်းကိုလည်း ကျွန်တော်မမေ့ပါ။ မှတ်မှတ်ရရ ကလေးဘဝက ရဲဘော်ဖြူနှင့် အလံနီများတိုက်ပွဲဖြစ်နေသည့်အချိန်တွင် ရွှေဘိုမှ ဖီးကုန်းသို့ မိုင် ၂၀ နီးပါး ခြေလျင်လျှောက်လာခဲ့ရခြင်းဖြစ်၏။ ထိုခရီးအား နှစ်ရက်လျှောက်ခဲ့ရပါသည်။ ထန်းတပင်ဖီးကုန်းဆိုသည်မှာ မြို့ကဖီးကုန်းဖြစ်ပြီး မြို့၏အရှေ့ဘက် ဘူတာရုံရှိသည့်နေရာက ထန်းတပင်ရွာကလေးရှိသည်မို့ ထန်းတပင်ဖီးကုန်းဟု ခေါ်ခြင်းဖြစ်၏။

ကျွန်တော့်အမျိုးများမှာ ထိုစဉ်ကသာ ကန့်ဘလူမှာ ရှိသည် မဟုတ်ပါ။ ယခုလည်း အဖေ့ဘက်က အမျိုးများရှိနေသေး၏။ ကန့်ဘလူ အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများဖြစ်ကြ၏။ အားလုံးသုံးဦးဖြစ်သည်။ အသက်လေးဆယ်ကျော်အရွယ်တွေ။ ကျွန်တော် ကန့်ဘလူရောက်တော့ အမျိုးဆိုပြီး အပြေးအလွှားလာတွေ့ကြသည်။ ကျွန်တော့် အဖေနှင့် ဝမ်းကွဲမောင်နှမများဖြစ်ကြ၏။ သို့ရာတွင် အားလုံး ကျွန်တော့်



ထက် အသက်ငယ်ကြသည်။ ထို့ကြောင့် သူတို့က ကျွန်တော့်အား အစ်ကိုဟု ခေါ်ကြ၏။ အဒေါ်နှင့်ဦးလေးများက တူကိုခေါ်ခြင်းဖြစ်၏။ ရယ်တော့ရယ်ရပါသည်။

သူတို့နှင့် မိသားစုကိစ္စများမှလွဲ၍ ကျွန်အထူးအထွေ မပြောဖြစ်ခဲ့ပါ။ ကျွန်တော့်ဝါသနာအရသာ ကန့်ဘလူကို ဘာဖြစ်လို့ ကန့်ဘလူလို့ ခေါ်သလဲဟုသာ မေးဖြစ်ခဲ့၏။ ဆရာ၊ ဆရာမတွေမို့ ကြုံတုန်း မေးမိခြင်းဖြစ်သည်။

"ကန့်ဘလူဆိုတာကတော့ ဒီမြို့အထွက်မှာ ရေကန်ကြီးရှိတယ်။ ဘီလူးစောင့်တယ်တဲ့။ အဲဒီ ဘီလူးကြီးနဲ့ ရေကန်ကို အစွဲပြုပြီး ကန်နဲ့ဘီလူး။ အဲဒီကနေ ကန်ဘီလူး။ နောက်တော့ ကန့်ဘလူ ဖြစ်လာတာတဲ့ အစ်ကိုရယ်" ဟု သူတို့ထဲမှ သွက်လက်ချက်ချာသည့် အထက်တန်းပြဆရာမ ဒေါ်အမာခင်က ဆို၏။ ဟုတ်မဟုတ်တော့ မသိပါ။ မှတ်ရုံပြုံးပြခဲ့ရ၏။

ကြုံတောင့်ကြုံခဲ တစ်ခါတလေမှ တွေ့ရသည့်ဆွေမျိုးများကို ညနက်သည်အထိ လက်ခံစကားပြောရ၏။ မြို့ခံအရာရှိများနှင့်ကတော့ ကန့်ဘလူမြို့နယ်အတွင်းတွင် စစ်အတွင်းကသေဆုံးခဲ့သည့် ဆရာကြီး သိပ္ပံမောင်ဝအကြောင်းကို ဆွေးနွေးဖြစ်၏။

"ဂါးဒါရွာမှာ ဆုံးသွားတာပါ၊ ဗိုလ်မှူးတို့တည်းတဲ့ စံပယ်နှံ့သာ နဲ့ မဝေးလှပါဘူး။ ဟိုတုန်းကတော့ ဒီနေရာတွေက တအားခေါင်တယ်။ သူ့အရောက်အပေါက်နည်းတဲ့ တောကြီးမျက်မည်းပဲလေ။ ခေတ်ပျက်တော့ လူဆိုးသူခိုးတွေလည်း ဒီဘက်မှာ လာစုနေတယ်ထင်ပါရဲ့ ခင်ဗျာ"

သူတို့အထဲမှ စာပေဝါသနာပါသည့် အရာရှိတစ်ဦးကဆို၏။

အမှန်ပင် ဂါးဒါနှင့် စံပယ်နံ့သာကား ခြေလျင်နှစ်နာရီသာသာ ရှိ၏။ သွားရန်စီစဉ်ပြီးမှ အစီအစဉ်ပျက်သွားသဖြင့် ဆရာကြီး သိပ္ပံမောင်ဝခေါ် I C S ဦးစိန်တင် သေဆုံးခဲ့သည့် ဂါးဒါတော့ မရောက်ခဲ့တော့ပါ။ နီးလျက်နှင့် ဝေးခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကန့်ဘလူမှပြန်ရောက်တော့ ဘိုတဲကလေးက ပြိုးသလောက် ဖြစ်နေပြီ။ အမိုးမိုးပြီးပြီ။ ရှေ့အဖီသွပ်မိုးရန်သာ လိုတော့၏။ ပြန်ရောက်သည့် နေ့မှာပင် ဘိုတဲကလေးကို ရွှေ့အိပ်လိုက်သည်။ နောက်တစ်နေ့ ရွှေဘိုမှ သွပ်ရောက်တော့ အဖီအားသွပ်မိုးလိုက်၏။

အား တယ်ကောင်းပါလား။ တောထဲတောင်ထဲမှာ ငွေလေး တစ်သောင်းပင်မပြည့်ချင်ဘဲ ဆောက်လိုက်သည့် ဘိုတဲအသစ်ကလေး ဤဘိုတဲကလေးကား ၁၉၉၅ ခုနှစ်၊ ကျွန်တော် စစ်ကိုင်းမှရန်ကုန် ပြောင်းသည့်အထိ ကန့်ဘလူသွားသည့် ဌာနဆိုင်ရာအားလုံး မကြာခဏ နားနေ ကွန်းခိုရာလေးဖြစ်ခဲ့ပါသည်။ ကျွန်တော်လည်း ရောက်တိုင်း ဤဘိုတဲကလေးမှာပဲ နားခဲ့ပါသည်။ မမေ့သော ဘိုတဲကလေးပေ ခင်ဗျာ။

ဩော် ပြောဖို့တစ်ခုကျန်ပါသည်။ ဘိုတဲကလေးအားတာဝန် ဆောက်သည့်သူမှာ ဗိုလ်မှူးသိန်းဦးပါခင်ဗျာ။ စလေသားမို့ သူ့ကို ကျွန်တော်ကတွေ့တိုင်း စလေအညာမှ ပလွေဆရာဟု စတတ်၏။ သူနှင့် အဆက်အသွယ်တော့ ပြတ်နေပါပြီ။ ခုချိန်မှာတော့ ဗျူဟာမှူးလောက် တော့ ဖြစ်နေပြီထင်ပါရဲ့။ ယခု ဤစာရေးရင်း စံပယ်နံ့သာ ဘိုတဲကလေးနဲ့ ကိုသိန်းဦးကို လွမ်းမိပါသေးသည်ခင်ဗျာ။

ဖ ဖ ဖ

## အခန်း(၄)
## ကန့်ဘလူတစ်ပိုက်မှာ သုံးလကြာ

ကန့်ဘလူတစ်ပိုက်မှာ လေ့ကျင့်ခန်းဆင်းရင်း သုံးလခန့်ကြာ ခဲ့၏။ ထိုသုံးလအတွင်း သင်တန်းနားသည့်ရက်များ၌ ညွှန်ကြားချက်အရ ကွပ်ကဲမှုအောက် တပ်များအတွက် မြေရိုင်းများဖော်ထုတ်ကာ စိုက်ခင်း များလုပ်ခဲ့၏။ နိုင်ငံတော်ပိုင် မြေမွန်စိုက်ခင်းနှင့် တစ်ဆက်တစ်စပ် တည်း ဖြစ်သည်။ အဓိကကတော့ ကြံစိုက်ပျိုးရန်ပင်။ ရွှေဘို မြစ်ကြီးနား ဆော်ဗျူဟာလမ်းမကြီးတစ်လျှောက်လည်း ဘယ်နား ရောက်ရောက် ကြံစိုက်ခင်းများကတော့ ရှောင်မလွတ်ပါ။ အထူးသဖြင့် ရွှေဘိုနှင့် ကန့်ဘလူကြားတွင် အများဆုံးပါပေ။

"ကျွန်တော်တို့ ဒီဒေသက မိုးသိပ်မရွာဘူး။ စပါးစိုက်ရင် ရေ အခက်အခဲ ရှိတယ်။ ရေကိစ္စ စိတ်မချရဘူး။ ဒါကြောင့် စပါးအစား ရေထော်ခံတဲ့ ကြံစိုက်တယ်။ ကြံက စပါးလောက် ကာရိကထလည်းမများ ဘူး။ တစ်နှစ်စားပြီး နောက်ထပ်တစ်နှစ်၊ နှစ်နှစ် လမိုင်းတို့လမ့်တို့ သားလို့ ရတယ်။

နိုင်ငံတော်ပိုင်မြေမွန်စိုက်ခင်းနှင့် ဆက်စပ်နေသည့် မြေမွန် ကျေးရွာမှ ကျေးရွာရယက အတွင်းရေးမှူး ကိုဝင်းဘိုက လူချင်းတွေ့ သည့်အခါတွင် အထက်ပါအတိုင်း ကျွန်တော့်အားပြော၏။

"ဘာလဲဗျ လမိုင်းတို့ လမ့်တို့ဆိုတာ"

www.burmeseclassic.com



''ပထမနှစ်ကြံစိုက်ပြီးခုတ်ပြီးရင် အခင်းကိုလှန်မပစ်ဘဲထားရင် နောက်တစ်သီးစားရပါတယ်။ မပင်မပန်းနဲ့ စားရတာပေါ့ အဘရယ်။ အဲဒါက လှမိုင်း ပထမနှစ်ရဲ့ တစ်ဝက်လောက်ရတယ်၊ နောက်တစ်နှစ် ဆက်ထားရင် အဲဒါကလမ့်၊ အဲဒါကတော့ သုံးပုံတစ်ပုံလောက်ရတယ်''

''ဩော်''

ကျွန်တော်သည် တောင်ငူတွင် ဂျီဝမ်းတာဝန်ဖြင့် ရှစ်လကိုးလခန့် နေခဲ့ရ၏။ ထိုစဉ်ကလည်း ကြံနည်းနည်းပါးပါးစိုက်ခဲ့ဖူး၏။ လုပ်ငန်းတာဝန် ဖိစီးမှုကြောင့် ကြံအကြောင်း ကောင်းကောင်း နားမလည်ခဲ့ပါ။

''ဒီအရပ်က မိုးသိပ်မများတော့ ကြံစိုက်တာနဲ့ စပါးစိုက်တာ ကြံက ပိုကိုက်တယ်အဘရဲ့ ကြံကရေဝပ်တာမကြိုက်ဘူး၊ ဒီမှာက ကုန်းမြေ အနိမ့်အမြင့် မညီတာ၊ အဘမြင်တဲ့အတိုင်းပဲ၊ မိုးရွာရင် ရေမတင်ဘူး။ ရေကနိမ့်တဲ့နေရာတွေ စီးသွားတာများတယ်၊ စပါးကျ တော့ မြေညီပြီး ရေနေရေထိုင်လည်းညီမှ၊ စပါးစိုက်ရင် ရေနေအောင် မြေညှိရတာက အလုပ်ကြီးတစ်ခုပဲခင်ဗျ''

''ကြံစိုက်တော့ ဘာမျိုးတွေစိုက်လဲ''

''စိုက်ပျိုးရေးကပေးတဲ့ ရေဆင်း ၁၊ ၂၊ ၃ တို့များပါတယ်၊ ဂျာဗားတို့ကျောက်စိမ်းတို့လည်း စိုက်ပါတယ်''

''ကြံစိုက်ပြီး ဘာလုပ်လဲ''

''ပွက်ရည်ချက်တယ်လေ အဘရဲ့၊ ပြီးတော့ အဘတွေ့တဲ့ အတိုင်း ပွက်ရည်ကို စည်ပိုင်းပြတ်တွေနဲ့ ရွှေဘိုတို့၊ မန္တလေးတို့ကို ပို့တယ်''

ကိုဝင်းဘိုပြောတာ ဟုတ်ပါသည်။ ကန့်ဘလူနှင့် ရွှေဘိုကြား သွားလာနေသော ကုန်ကားအတော်များများမှာ ပွက်ရည်ခေါ် သကြား ချက်သည့် သကာရည်များကို သယ်ပို့နေသည့် ကားများသာဖြစ်ကြသည်။

''ကိုဝင်းဘိုတို့ ကြံစိုက်ပြီး ဘယ်လောက်ထားရသလဲ''



''တစ်နှစ်နီးပါး ထားရပါတယ်၊ မိုးအကုန်မှာမြေပြင်ပြီး ဆောင်းဦးပေါက် ကြံစိုက်ပါတယ်၊ နောက်နှစ်ဆောင်းအကုန်မှာ ကြံခုတ်ပြီး ပွက်ရည် ချက်တာပါပဲ''

''ဒီမှာကကြံပဲစိုက်ပြီး ကြံတောင်သူတွေလုပ်ကြတယ်။ ဆန်ကတော့ ရွှေဘိုသွားဝယ်စားကြတာပါပဲ။ တစ်ခါတလေတော့ ကန့်ဘလူ သွားဝယ်တယ်။ ကန့်ဘလူဘက်မှာလည်း ကာဘိုးတို့ ခင်ဦးတို့ဘက်က ဆန်ဝင်ပါတယ်''

''ဩော်''

လုပ်ငန်းတာဝန်အရ မြေမွန်ရွာကလေးသို့ မကြာခဏသွားရ၏။ တစ်ဖွဲ့လုံးနှင့် ရင်းနှီးသွားသည်။ ဥက္ကဋ္ဌဦးလှပျော်၊ အတွင်းရေးမှူးက ကိုဝင်းဘို။ ကျန်ပုဂ္ဂိုလ်များကိုတော့ ကောင်းစွာ မမှတ်မိတော့ပါ။ ဦးလှပျော်က အသက် ၆၀ ခန့်၊ ကိုဝင်းက အသက် သုံးဆယ်ခန့် လူငယ်လူရွယ်၊ ဆယ်တန်းအထိ ကျောင်းနေဖူး၏။ ခေတ်ပညာ အတန်ငယ် သင်ဖူး၍ ရပ်ရေးရွာရေး၊ စိုက်ရေးပျိုးရေး ဆွေးနွေးလို့ကောင်းပါသည်။ ရွာကလေးမှာ အိမ်ခြေရာကျော်နှင့် စီးပွားရေးကောင်း၏။ အများအားဖြင့် ကြံတောင်သူများ ဖြစ်ကြသည်။ ထိုရွာ၏ ထူးခြားချက်မှာ ရွာအဝင်၌ ဘောလုံးကွင်းတစ်ကွင်းစာသာသာခန့်ရှိသည့် ရေကန်တစ်ကန်နှင့် ကန်အလယ်တွင် ထူးထူးခြားခြား ကျောက်ထီးလေးနှင့် ဘုရားတစ်ဆူ ရှိနေခြင်းပင်။ ရေကန်နှင့် ဘုရားကလေးမှာ ပန်းရ၏။ ကြည်ညိုဖွယ်ရာကောင်း၏။

''ဒီဘုရားကလေးက ဘယ်သူတည်သွားတာလဲ''

ရွာရောက်သည့်နေ့မှာပင် ကျွန်တော်ကမေးမိသည်။

''ရှေးဘုရားပဲ အဘရဲ့၊ ဘယ်သူတည်ခဲ့တယ်ဆိုတာကတော့ ကျွန်တော်တို့လည်း အသေအချာမသိဘူး''

www.burmeseclassic.com

www.burmeseclassic.com



''ခြေ''

ရွှေဘို -မြစ်ကြီးနားမဟာဗျူဟာ လမ်းတစ်လျှောက် ရှေးဟောင်း ဘုရားပုထိုးများကို နေရာအနှံ့ အပြားတွေ့ရ၏။ ရှေးမင်းအဆက်ဆက် ကတည်းက ကိုးကွယ်ခဲ့ကြသည် ထင်ပါ၏။

အတော်များများကား ရွှေထီးအစား ကျောက်ထီးများသာ တင်ထားကြ၏။ ဘုရားလေးကြည့်၍ ကျွန်တော်သဒ္ဓါပေါက်သွားသည်။

''ကဲ ဦးလှပျော်နဲ့ ကိုဝင်းဘိုတို့ရေ၊ ဒီဘုရားဒကာကို သိအောင် လုပ်ဗျာ၊ ဘုရားကိုသွားဖို့လည်း တံတားထိုးဗျာ၊ တံတားအတွက် မတည်အလှူငွေ ကျွန်တော်ထည့်မယ်''

တံတားအတွက် မတည်အလှူငွေ တစ်သောင်းလှူလိုက်၏။ ကျွန်တော့်အလှူငွေနှင့် ရွာမှထည့်ဝင်သည့် အလှူငွေနှစ်ခုပေါင်း၍ လေးငါးသောင်းတန်တံတားကလေးတစ်စင်း ထိုးပေးနိုင်ခဲ့၏။ တံတားက ဦးပိန်တံတားပုံစံမျိုးဖြစ်၏။ ရွာသားများ ရေလယ်ကောင်သွားပြီး ဘုရားဖူးနိုင်၍ ကျွန်တော့်အတွက် ဝမ်းသာကြည်နူးစရာလေးတစ်ခု ဖြစ်သွားပါသည်။

ယခင်ကမူ ရေလယ်ကောင်မသွားနိုင်ဘဲ ကမ်းစပ်ကသာလှမ်းပြီး ကြည်ညိုနေကြရသည်ဆို၏။ တံတားပြီး၍ ရေလယ်ကောင်မှ ဘုရားအား ဖူးကြသည့်အခါ မမျှော်လင့်ဘဲ ကျိုးပဲ့နေသည့် ကျောက်စာချပ်ကလေး တစ်ခုအား သွားတွေ့၏။ ထိုကျောက်စာနှင့် ဘုရားလေးအား ကုန်းဘောင်ခေတ် မြန်မာသက္ကရာဇ် ၁၁၁၉ ခုနှစ်ခန့်က မြေမွန်ရွာကျောင်း ဆရာတော်ဦးဆောင်၍ သူကြီးမင်းနှင့် ရွာသားများက တည်ထားခဲ့ကြောင်းသိရ၏။

ထိုအခါ ဒုတိယမို့ ကျွန်တော် သဒ္ဓါပေါက်သွားပြန်ပါသည်။

''ကဲ ဦးလှပျော်နဲ့ ကိုဝင်းဘိုရေ၊ ဒီဘုရားလေးအတွက် ကျွန်တော် ရွှေထီးလှူဦးမယ်ဗျာ၊ ရွာဦးကျောင်းဆရာတော်ကိုတော့





အကျိုးအကြောင်း လျှောက်ပေးပါဦး၊ လက်ရှိကျောက်ထီးကလေးက အရင် ရွာကျောင်းဘုန်းကြီးက ကမကထလုပ်ပြီးလှူထားတာ။ ကျွန်တော် ရွှေထီးလှူတာကို အခုရွာကျောင်းဆရာတော်က သဘောတူရင် ရွှေထီးမှာလိုက်တော့မယ်''

ရွာဦးကျောင်းဆရာတော်က သဘောတူခွင့်ပြု၏။ ထို့ကြောင့် မြေမွန်ကအပြန် မန္တလေးသွား၍ ထီးမှာရ၏။ အကြောင်းအမျိုးမျိုးနှင့် ကြာသွား၏။ ထီးသွားမပို့မိခဲ့ပါ။ ၁၉၉၅ ခုနှစ်၊ ကျွန်တော် နယ်ဘက် ပြောင်းမိန့်ထွက်ခါနီးမှ ရွှေထီးအားအပြေးအလွှား မြေမွန်ရွာသို့ သွားပို့ခဲ့ရပါသည်။ ထီးအလှူကောင်း၍ ရန်ကုန်ပြောင်းရလားတော့မသိပါ။

၂၀၀၂ ခုနှစ်၊ အလုပ်မှခွင့်ခဏယူ၍ ဘုရားသံယောဇဉ်ကြောင့် မြေမွန်ရွာကလေးသို့ ရောက်ပါသေးသည်။ ထီးကလေးရွှေရောင်မှိန်နေသဖြင့် ရွှေထပ်ချခဲ့ရပါသေးသည်။

ကန့်ဘလူဘက် ခရီးထွက်ခဲ့ရာ၌ မြေမွန်တွင် ဘုရားထီးတင်၊ တံတားဆောက်ဖြင့် ကုသိုလ်လေးတစ်ခု ပြုနိုင်ခဲ့၏။ ထိုကုသိုလ်ဆက်က ယခုအထိပါလာပြီး ပီတိသောမနဿကလေး ပေးစွမ်းနေဆဲပါခင်ဗျာ။

✿

**မြေမွန်နိုင်ငံတော်စိုက်ကွင်း**

ကျွန်တော်သည် လေ့ကျင့်ခန်းများ တစ်ဖက်ကလုပ်ရင်း တစ်ဖက်က ကွပ်ကဲမှုအောက်တပ်များအတွက် မြေရိုင်းများဖော်ထုတ်ကာ ကြံ၊ ပဲစင်းငုံ၊ ပြောင်းဖူးစသည့်သီးနှံများ စိုက်ပျိုးခြင်းကို မြေမွန် ရွာကလေးနှင့် မြေမွန် နိုင်ငံတော်စိုက်ခင်းအနီး၌ အခြေပြုဆောင်ရွက်ခဲ့၏။ ဧက လေးငါးရာခန့် ရှိပါသည်။ တတ်သိနားလည်၍ မဟုတ်ပါ။ တာဝန်အရ ဆောင်ရွက်ခြင်းသာ ဖြစ်ပါ၏။ သို့ရာတွင် လုံးဝမသိ၍ တော့မရ



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မြေမွန် နိုင်ငံတော်စိုက်ကွင်းကြီးသို့သွား၍ လေ့လာမေးမြန်းပြန်၏။

စိုက်ကွင်းတာဝန်ခံ ဦးလှကြီးကား အရပ်မြင့်မြင့်ထောင်ထောင် မောင်းမောင်း ခန့်ခန့်ညားညား အသက် ၄၀ ကျော်ခန့် စိုက်ပျိုးရေးဘွဲ့ရ နိုင်ငံခြားပြန်ဖြစ်၏။ မြေမွန်စီမံကိန်းအား ဆောင်ရွက်နေသည်မှာ လေးငါးနှစ်ရှိပြီဟုလည်း ဆို၏။ ကျွန်တော်တို့အဖွဲ့အား လိုက်လံ့ရှာကြိုဆို၏၊ နွေးထွေးပျူငှာစွာ ညှော်ခံ၏။

"အဘတို့လာနေတော့ ကျွန်တော်တို့အဖော်ရတာပေါ့ခင်ဗျာ ကျွန်တော်လည်း ဒီမှာကြာနေပြီ၊ မိသားစုကို မန္တလေးမှာထားပြီး ဒီတောထဲ လာနေတာ၊ ဘာပဲဖြစ်ဖြစ် ပေးတဲ့တာဝန်ပေါ့ခင်ဗျာ"

ဦးလှကြီးကား ကျွန်တော်တို့တပ်မတော်သားများ (Outpost) စခန်းထိုင်သလို မြေမွန်တွင် တစ်ဦးတည်းနေထိုင်ရင်း တာဝန်ထမ်းဆောင်နေခြင်းဖြစ်၏။ သူ့စခန်းကြီးက စီမံကိန်းဝင်စခန်းကြီးဖြစ်၏။ အဓိကမှာ အစေ့ထုတ်ပြောင်းများ စိုက်ပျိုးခြင်းပင်။

"ဒီစိုက်ကွင်းကြီးက အဓိကတော့ အစေ့ထုတ်ပြောင်း စိုက်တာပါပဲ။ လိုအပ်ချက်အရ လုပ်တာပါ။ စမ်းသပ်တာလည်းပါ,ပါတယ်၊ ဒီက ထွက်တာတွေကို မန္တလေးနဲ့ရန်ကုန်ပို့ပါတယ်"

"ဘာအတွက်သုံးပါသလဲ"

"အဓိကကတော့ တိရစ္ဆာန်အစာပါပဲခင်ဗျာ"

"မြေ၊ ရေ၊ ရာသီဥတု၊ ဘယ့်လိုနေသလဲ၊ အဆင်ပြေရဲ့လား"

"ပြောင်းကနုန်းမြေ၊ သဲနုန်းမြေ၊ စနယ်မြေဆိုရင် ကြိုက်ပါတယ်။ ဒီကမြေကလည်း ပြောင်းစိုက်လို့ဖြစ်ပါတယ်၊ ဒီဒေသမိုးနဲ့လည်း အတော်ပါပဲ၊ မိုးသိပ်များရင် ပြောင်းကမကြိုက်ဘူးခင်ဗျ၊ ဒီဒေသမှာတော့ မိုးတွင်းမှစိုက်ရပါတယ်"

"အထွက်နှုန်းရော ဘယ်လိုနေသလဲ"





"ကောင်းပါတယ်၊ ဒါပေမယ့် ဂရုစိုက်ရတယ်ခင်ဗျာ၊ ဂရုမစိုက်ရင် ပိုးကျတတ်တယ်။ ရွက်စားပိုး၊ ခေါင်ညွန့်ထိုးပိုး၊ ပျပိုး အဲဒီလိုပိုးမျိုးတွေပါ၊ အဲ-အဆိုးဆုံးကတော့ ကြွက်ဖျက်တာနဲ့ ကြက်တူးရွေးအုပ်တွေဖျက်တာပါပဲ"

ဦးလှကြီးနှင့် စကားကောင်းနေစဉ်မှာပင် မြေမွန်စိုက်ကွင်းကြီးပေါ်၌ ရာဂဏန်းရှိသည့် ကြက်တူရွေးအုပ်ကြီးက အော်မြည်ပျံသန်းသွား၏။

"ဦးလှကြီးရေ၊ ခင်ဗျားပြောနေတဲ့ ခင်ဗျားမိတ်ဆွေတွေက ခင်ဗျားကို နှုတ်ဆက်သွားလေရဲ့ဗျို့"

ကြက်တူရွေးအုပ်ကြီးကို လှမ်းကြည့်ရင်း ကျွန်တော်က ပြောလိုက်သည်။ သူကလည်း ပြုံး၍လှမ်းကြည့်ရင်း-

"သူတို့အဆိုးဆုံးပဲခင်ဗျ၊ နေ့တိုင်း သူတို့ပဲခြောက်နေရတာ၊ အခုလည်း ပြောင်းကပေါ်ပြီ၊ တချို့ဆိုအစေ့ထုတ်နေရပြီ၊ အဲဒီတော့ သူတို့အချိန်ကျပြီးပေါ့ခင်ဗျာ၊ ဒါကြောင့် ဒီကောင်တွေ ခြေရှုပ်ချင်နေကြတာ"

"ဦးလှကြီးလည်း ကိုယ့်ဒုက္ခနဲ့ကိုယ်ပါလား။ ကျွန်တော်တို့လည်း နောက်ဆို ဒီဒုက္ခတွေ ဝေယူရမယ်ထင်တယ်"

"သေချာတာပေါ့ခင်ဗျာ"

မြေမွန်စိုက်ကွင်းကြီးမှာ ကေထောင်ကျော်၍ အတော် ကြီးမားကျယ်ဝန်းပါသည်။ ပင်မစခန်းကြီးအပြင် စခန်းငယ်များ အများအပြားရှိ၏။ ဝန်ကြီးအဆင့် လူကြီးများပင် ညအိပ်ညနေလာရောက်တတ်၍ ညှိရိပ်သာရှိ၏။ ကျွန်တော်ပင်လျှင် ထိုညှိရိပ်သာ၌ လေးငါးရက်တည်းခိုနေထိုင်ခဲ့ရပါသည်။

ရိပ်သာနှင့်မလှမ်းမကမ်းတွင် ဉာဏ်တော် အတောင်လေးငါးဆယ်ရှိ စေတီတော်တစ်ဆူအား ဖူးတွေ့ရ၏။ အစက သတိမထားမိ။



www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်းပြန်ခါနီးမှ သတိထားမိ၍ ဘုရားဖူးမိ၏။

"စေတီတော်က အသစ်လား။ အဟောင်းငုံပြီးပြန်တည်ထားတာလား"

"အသစ်ပါခင်ဗျာ၊ လူကြီးတွေခွင့်ပြုချက်နဲ့ ဒီစိုက်ကွင်းမှာ ဘုရားမရှိလို့ ကျွန်တော် ကမကထလုပ်ပြီး တည်ထားတာပါ"

ဦးလှကြီးကား တောထဲတောင်ထဲတွင် နေရသော်လည်း ဘုရားတရားအားမမေ့ပါ။ ဉာဏ်တော်အတောင်သုံးလေးဆယ်ရှိသည့် စေတီတော်တစ်ဆူအား အများကြည်ညိုနိုင်ရန် တည်သွားနိုင်ခဲ့သည်။ အာဂလူပါပေ။

"အေးဗျာ၊ ခင်ဗျားတော့ ချီးကျူးရမှာပဲ။ ကျွန်တော်က မြေမွန်ရွာထိပ်က ရေလယ်ဘုရားကို ထီးကလေးလှူ၊ တံတားကလေး ဆောက်လိုက်နိုင်တာနဲ့ ကိုယ့်ဟာကိုယ် ဟုတ်လှပြီထင်နေတာ။ ခင်ဗျား ဘုရားဖူးရမှပဲ ကိုယ့်ဟာကိုယ် ဘာမှမဟုတ်ပါလားလို့ သိရတော့တယ်"

ထိုစကားကိုတော့ ကျွန်တော် ပြန်ခါနီး သူ့ဘုရားသွားဖူးပြီးမှ ပြောဖြစ်၏။ သူကမူပြုံးနေ၏။ ကျွန်တော့်ကို ဘာမှမပြောပါ။ ဘာပဲဖြစ်ဖြစ် ဘုရားတည်နိုင်သည့်အတွက် သူ့အားချီးကျူးရမည်သာ ဖြစ်ပါသည်။ ဒါသာမက ဦးလှကြီးမှာ စိုက်ပျိုးရေးဘာသာရပ်နှင့် ပတ်သက်ပြီး နိုင်ငံခြားတွင် ပညာသင်ဖူးသူမို့ ကျွန်တော်သိလိုသည်များကို သူ၏ ရိပ်သာတွင် တည်းခိုရင်း မေးမြန်းရပြန်၏။

ကျွန်တော်ကြီးပြင်းနေထိုင်ခဲ့သော ရွှေဘိုခရိုင်ကား အခြားဒေသများနှင့်မတူပါ။ အချို့နေရာများ၌ ဆားထွက်၏။ အချို့နေရာများ၌ ရေတွင်းတူးက ရေငန်ထွက်၏။ ကျွန်တော့်ဇာတိရွေးဦးမြို့ကလေးမှာပင် ရေတွင်း တူးက ရေငန်ထွက်သောနေရာများ အများအပြား ရှိ၏။ ရွှေဘိုမြို့ကား တစ်မြို့လုံးနီးနီး ဘယ်နေရာတူးတူး ရေငန်များသာ ထွက်၏။ မြေကြီးသည်လည်း ဤအတိုင်းပင် ဆားပေါက်မြေဖြစ်၏။ ဝက်လက်မြို့နယ်အတွင်း နေရာအတော်များများ၌ ဆားချက်မြေများရှိ၏





ဆားချက်ကြသည်။ ဤကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်က ဦးလှကြီးအား ရေအကြောင်းမြေအကြောင်းများ မေးမိသည်။

၅

## ကျွန်တော်သိသော မြေအချဉ်၊ အငန်သဘောတရား

ထိုနေ့က စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး မေးရင်းမြန်းရင်း မြေ၏ အချဉ်၊ အငန်သဘောတရားများအား ကျွန်တော်အတန်ငယ်သိခွင့်ရခဲ့၏။

"မြေရဲ့ အချဉ်အငန်ဓာတ်က စိုက်ပျိုးရေးမှာ အတော် အရေးကြီးပါတယ်ခင်ဗျာ၊ အပင်တွေ အာဟာရဓာတ်ကို မြေကြီးက စုပ်ယူစားသုံးရာမှာ မြေရဲ့အချဉ်အငန်ဓာတ် P.H.6 မှ နေပြီး 7.5 အတွင်းမှာ အလွယ်တကူ စုပ်ယူစားသုံးနိုင်ပါတယ်၊ မြေသိပ်ချဉ်ရင် ဒါမှမဟုတ် မြေသိပ်ငန်ရင် မြေဆီလွှာက အာဟာရတွေကို အပင်တွေရဲ့ အမြစ်တွေက စုပ်ယူစားသုံးနိုင်မှုမရှိပါဘူး"

စကားပိုင်းစသည်နှင့် ဦးလှကြီးက အထက်ပါအတိုင်း ဆွေးနွေး၏။ သူက P.H တွေဘာတွေပြော၏။ ကျွန်တော်က P.H ဆိုတာ ဘာမှန်း သိသူ မဟုတ်ပါ။ P.H ဆိုသည်အား မနေ့တစ်နေ့ကမှ ပေါ်လာသည့် ဆောက်ရေသန့်ဘူးများပေါ်မှာသာ မြင်ဖူးဖတ်ဖူးသူဖြစ်၏။

"နေပါဦးဗျ၊ ခင်ဗျားပြောတဲ့ P.H ဆိုတာကို ကျွန်တော်က သိတာ မဟုတ်ဘူး။ လူတွေက P.H, P.H နဲ့သာပြောလို့ သိသလိုလိုနဲ့ သုံးနေရတာ၊ P.H ဆိုတာလေးကို အရင်ရှင်းပြပေးပါဦး"

"ဟုတ်ကဲ့၊ P.H ဆိုတာကတော့ အတိုကောက်သုံးထားတာပါ၊ အရှည်က Potential Hydrogen Ion ပါ။ အဓိပ္ပာယ်ကတော့ ဟိုက်ဒြိုဂျင် ပါဝင်မှုကို ဆိုလိုတာပါ"

"လူတွေအပူချိန်တိုင်းသလို P.H ကို စကေးနဲ့သတ်မှတ်တိုင်းပါတယ်။ 0 ကနေပြီး 14 ထိရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဪ"

"မြေအချဉ်အငန်ကတော့ P.H အနည်းအများပေါ် မူတည်ပြီး ဖြစ်လာတာပါပဲ၊ P.H များရင် မြေချဉ်ပါတယ်။ နည်းရင်ငန်ပါတယ်။ P.H က 0 ကနေပြီး 14 ထိရှိတော့၊ P.H က အလယ်ဗဟိုဖြစ်ပြီး ချဉ်မငန်ပါ၊ 7 အောက်မှာဆိုချဉ်ပြီး 7 အထက်မှာဆိုရင် ငန်ပါတယ်၊ ဒါကြောင့် ရေသန့်ဘူးတွေမှာ P.H. ဟာ ဘာအရသာမှ မရှိဆိုတဲ့ သဘောပါ"

"ရေကောင်းရေသန့်ဆိုတာ အရောင်မရှိ၊ အနံ့မရှိ၊ အရသာမရှိ ဖြစ်ရပါတယ်။ အဲဒါက P.H ပါ၊ အဲဒီလိုမဟုတ်ရင် တချို့ရေက ငန်တယ်၊ တချို့ရေက ထုံးဓာတ်ပါတယ်၊ တချို့ရေက သံဓာတ် ပါတယ်၊ တချို့ရေက ကန့်ဓာတ်ပါတယ်၊ အဲဒီလိုဆိုရင် ရေကောင်း ရေသန့် မဟုတ်တော့ပါဘူး P.H လည်း 7 ကနေပြီး ငန်ရင်တိုးသွားတယ်။ ချဉ်ရင်လျော့သွားတယ်"

"သီးနှံစိုက်တာက ဘယ်လောက်ဆိုရင် ကောင်းသလဲ"

"အများအားဖြင့်တော့ P.H4 နဲ့ 9 ကြားလောက်သာ စိုက်နိုင်ပါတယ်၊ ဒါထက်ပိုရင် လျော့ရင်မကောင်းပါဘူး"

"ရွှေဘိုကတော့ မြေငန်တွေများတယ်ဗျ၊ အဲဒီမြေငန်တာ ရေငန်တာတွေကရော ဘယ်လိုဖြစ်လာတာလဲ၊ ငန်တော့ P.H ပိုများတာပေါ့"

"ဟုတ်ပါတယ်၊ P.H အနည်းအများကတော့ မိုးရွာသွန်းတာပေါ် မူတည်ပြီး ဖြစ်လာတာပါ။ သိပ်ရွာတဲ့နေရာမှာ P.H နည်းပြီး မြေချဉ်တတ်ပါတယ်။ မိုးခေါင်တဲ့နေရာတွေမှာတော့ P.H များပြီး မြေငန်တတ်ပါတယ်။ ကျွန်တော်တို့ရွှေဘိုဟာ မိုးခေါင်ရေရှားရပ်ဝန်း ဒေသဖြစ်ပြီး P.H. ကျော်တဲ့ အတွက် မြေငန်ရတာပါပဲ"

"ဪ-အေးဗျာ၊ ခင်ဗျားပြောလိုက်မှပဲ ရှင်းသွားတော့တယ် ကျွန်တော်လည်း လူတွေက P.H, P.H နဲ့ လုပ်နေတော့ အင်း အဲ့ သိသလိုလို ဘာလိုလိုနဲ့ လုပ်နေရတာ တကယ်တော့မသိဘူးဗျ၊ ဟဲ ဟဲ"





ကိုယ့်ဟာကိုယ် သဘောကျပြီး ရယ်လိုက်ရသေးသည်။

"ဪဒါနဲ့ နေပါဦးဗျ၊ မိုးများရင် မြေချဉ်ရတာနဲ့ မိုးနည်းရင် မြေငန်ရတဲ့အကြောင်း အသေးစိတ်ရော မသိရဘူးလားဗျာ"

"သိရပါတယ်ခင်ဗျာ၊ မိုးများရင် မြေချဉ်ရတာကတော့ မြေထဲမှာရှိတဲ့ သတ္တုဓာတ်တွေ အထူးသဖြင့် ထုံးဓာတ်၊ လချေးဓာတ်တာတွေက မိုးရေမှာပျော်ဝင်ပြီး ရေစီးထဲပါသွားတတ်ပါတယ်၊ ဒါမှမဟုတ် မြေဆီလွှာအောက်ပိုင်း ရောက်သွားတတ်ပါတယ်၊ အဲဒီဓာတ်တွေမရှိရင် မြေချဉ်တော့တာပဲ။ ဒါကြောင့် အချဉ်ဓာတ်များတဲ့ မြေကြီးမှာ ထုံးထည့်ပေးရတာဖြစ်ပါတယ်"

"ဪ၊ မြေငန်တာကရောဗျာ"

"မိုးခေါင်တဲ့အရပ်တွေမှာ နေသိပ်ပူတဲ့အတွက် မြေဆီလွှာအောက်ပိုင်းက ဓာတ်သတ္တုတွေက အောက်ရေနဲ့အတူ အပေါ်ယံမြေဆီလွှာကို တက်လာပါတယ်၊ အပေါ်ရောက်တော့ ရေကနေပူလို့ အိုးအငွေ့အနေနဲ့ အပူပြန်ပြီး ဆုံးရှုံးသွားပေမယ့် ဓာတ်သတ္တုတွေကတော့ အပေါ်မှာတင်ကျန်ခဲ့ပြီး မြေငန်ရတာပါပဲ"

"ဘယ်လို သတ္တုတွေလဲဗျာ"

"အဓိကကတော့ ဆိုဒီယမ် ဆားဓာတ်ပေါ့ခင်ဗျာ၊ ပြီးတော့ မဂ္ဂနီဆီယမ်တို့ သံဓာတ်တို့ စတာတွေပါပဲ၊ ဒါတွေများလာရင် မြေငန်ပါတယ်"

"ဟုတ်တယ်ဗျ၊ ကျွန်တော်တို့ စစ်ကိုင်းနားက ရေမျက်ကြီးအင်းသည်း အဲဒါတွေများလားမသိဘူး၊ ရေက အတော်ငန်တယ်ဗျ၊ အနားမှာဘာမှ သိပ်စိုက်လို့မရဘူး"

"မြေငန်ရင်တော့ Neutralize လုပ်ဖို့ အငန်လျော့လို့ရအောင်ထည့်ပေးရပါတယ်၊ အဓိကကတော့ ထုံးကယ်လ်စီယမ်နဲ့ ကန့်ဓာတ်လ်ဖာ ဓာတ်မြေဩဇာကို အချဉ်အငန်လိုက်ပြီး ထည့်ပေးရင် မြေပြင်လို့ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲဗျာ၊ ဒါလေးသိထားတော့ အခုကျွန်တော်တို့ လုပ်မယ့် စိုက်ခင်းတွေမှာ လိုသလိုသုံးလို့ရတာပေါ့ဗျာ"

"ဟုတ်ပါတယ်၊ ဒီနားတစ်ပိုက်ကတော့ အခုအဘတို့စိုက်မယ့် ကြံ ပဲစင်းငုံ စတာတွေအတွက် မြေဩဇာအများကြီး သုံးစရာမလိုပါဘူး မြေအခြေအနေကောင်းပါတယ်၊ ကြံနဲ့ပဲစင်းငုံက စပါးလောက်လည်း ရေမလိုပါဘူး။ စပါးလို ရေဝပ်တာလည်း မကြိုက်ဘူး။ ရေငတ်တဲ့ ဒဏ်လည်းခံနိုင်ပါတယ်၊ အောင်မြင်မှာပါခင်ဗျ၊ ကျွန်တော်တို့လည်း လိုတာကူပါ့မယ်"

မြေမွန်စိုက်ကွင်းမှ စိုက်ပျိုးရေးရိပ်သာတွင် တည်းခိုရရုံမက စိုက်ပျိုးရေးဗဟုသုတများပါ ရရှိသဖြင့် ဦးလုကြီးနှင့်သက်ဆိုင်ရာ တာဝန်ရှိသူများကို ကျေးဇူးတင်ရပါ၏။ ကျွန်တော်သာမက နောင်အခါ စိုက်ကွင်း လာရောက်စစ်ဆေးသည့် ကျွန်တော့်အထက်အရာရှိကြီး များကိုလည်း မြေမွန်စိုက်ကွင်းကြီးသို့ ခေါ်သွားပြီး ပြသရပါသေးသည်။ ထိုစိုက်ကွင်းကြီးကြောင့် ထိုတစ်ပိုက်၌ စိုက်ပျိုးရေးဗဟုသုတများ ရကြ ပြီး လူအတော်များများ အလုပ်အကိုင်နှင့် အဆင်ပြေနေသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ခဲ့ရပါသည် ခင်ဗျား။

❦

## ကြံမှသည် သကြားသို့

၁၉၉၃ ဆောင်းဦးပေါက် ကြံများစိုက်ပျိုးပြီးစတွင် ကျွန်တော် ကန့်ဘလူမြို့နယ် မြေမွန်ဒေသမှ စစ်ကိုင်းသို့ပြန်ခဲ့၏။

အပြန်တွင် ရွှေဘို၌ တစ်ရက်နားပြီး ကြံစိုက်ပျိုးခြင်းလုပ်ငန်းနှင့် သကြားချက်လုပ်ငန်းများကို ဝင်ရောက်လေ့လာခဲ့၏။ ရွှေဘိုမြို့ပေါ်တွင်





အိမ်တွင်းမှုလုပ်ငန်းအနေနှင့် သကြားချက်လုပ်သည့် စက်မှုလုပ်ငန်း ကလေးများ နှစ်ဆယ်အစိတ်ခန့် ရှိကြောင်းသိရ၏။

"ကန့်ဘလူသွားတဲ့လမ်းတစ်လျှောက်မှာ ကြံခင်းတွေချည်းပဲ၊ ရွက်ရည်ချက်ပြီး ရွှေဘိုကိုပို့ကြသတဲ့၊ ဒီရွှေဘိုမှာ သကြားချက်ကြတယ် ပြောတယ်၊ အဲဒါလေးတွေကြည့်လို့ရရင် ကြည့်ချင်တယ်၊ စီစဉ်ပေးစမ်း ပါဦး"

ရွှေဘိုညီ့ရိပ်သာရောက်သည့် ညမှာပင် ကျွန်တော်က တာဝန်ရှိသူများအား ပြောရ၏။ သူတို့စီစဉ်ပေးမှုကြောင့် နောက်တစ်နေ့ နက်တွင် ရွှေဘိုဈေးကြီးအနီးမှ သကြားချက်နေသည့် နေရာနှစ်ခုအား သွား၍ ကြည့်နိုင်ခဲ့သည်။

ပထမစက်မှာ ခါစက်ကလေးဖြစ်၏။ စည်ပိုင်းပြတ်ကလေး တစ်ခုအား ဒိုင်နမိုမော်တာဖြင့် လည်စေပြီး ၎င်းအထဲ၌ ပွက်ရည်သကာ ကို လောင်းထည့်၍ မိနစ်အနည်းငယ်လည်ပတ်ပြီး ခါလိုက်သည်နှင့် ခဲညိုညိုသကြားများ ရရှိလေသည်။ အလွန်လွယ်လှပါ၏။ လွယ်လွန်း အားကြီးသဖြင့် ဟုတ်မှဟုတ်ရဲ့လားဟုပင် အောက်မေ့ရပါသည်။

"ကျွန်တော်တို့ ဒီစက်ကလေးကတော့ သကြားညို Raw Sugar ရပါတယ်၊ ဒါ့ထက်ကောင်းတာ ရချင်ရင်တော့ ပေါင်းစက်ကြီးနဲ့ လုပ်ရ ပါတယ်၊ ပေါင်းစက်ကြီးကတော့ ပင်ပန်းတယ်၊ ငွေကုန်ကြေးကျ များတယ်၊ လက်ဝင်တယ်၊ ပညာရှင်လည်းလိုတယ်၊ ဒါ့ကြောင့် ကျွန်တော်တို့က ဆူလွယ်နပ်လွယ် ဒီခါစက်ကလေးနဲ့ သကြားထုတ် တာပါ".

ခါစက်ပိုင်ရှင်က အထက်ပါအတိုင်း ပြော၏။ ငွေကုန်ကြေးကျ သိပ်များများမခံနိုင်သူများ သုံးသင့်ပါသည်။

"ဒီသကြားရော ဘယ်သူတွေသုံးကြပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com



''သုံးပါတယ်ခင်ဗျ၊ နို့ဆီချက်တဲ့သူတွေနဲ့ မုန့်မျိုးစုံလုပ်တဲ့သူတွေ ယိုစုံလုပ်တဲ့သူတွေ၊ အဖျော်ယမကာနဲ့ ချိုချဉ် ချောကလက်ထုတ်လုပ်တဲ့ သူတွေအားလုံး သုံးကြပါတယ်၊ ရောင်းရပါတယ်ခင်ဗျ''

ဟုတ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က မြန်မာ့ ရုပ်သံမှ ကြော်ငြာနေရာ တစ်နိုင်ငံလုံး ထမင်းမစားဘဲ ယိုစုံနှင့်မုန့်ချည်းပဲ များစားနေသလားဟု ထင်မှတ်မှားရပါသည်။ ခါစက်ကလေးကို ကြည့်ပြီး နောက် နောက်ထပ်စက်တစ်လုံးသွားကြည့်ကြပြန်သည်။ ထိုစက်က စက်ကြီးပေါင်းစက်၊ သကြားပေါင်းဖိုကြီး လုပ်ထားပြီး တင်လဲရည်များ ဝိုင်းထဲတွင်ထည့်ထား၏။ မီးဖြင့်အပူပေးရသည်။ ပေါင်းစက်ကြီးတွင် အခရာကျသူမှာ ဖိုဆရာဖြစ်၏၊ သကြားစက်အနေအထားကို အကဲဖြတ် ပေး၏၊ သူ့အား လခကောင်းကောင်းပေးရ၏။ သစ်တိုက်သည့်အခါ မြေဖြူဖြင့် သစ်လုံးထိပ်အား အရာပေးရသည့် လွှဝိုင်းဆရာမျိုး ဖြစ်မည် ထင်ပါသည်။

''ကျွန်တော်တို့နယ်က ဝယ်လိုက်တဲ့ ပွက်ရည်ကိုပြန်ချက်ပြီး အဲဒီ အထဲမှာ ထုံးရည်နဲ့ရောပြီး ကာဗွန်နစ်အက်ဆစ် ထည့်ရပါတယ်၊ ဒါပြီးရင် အရောင်ချွတ်တဲ့ကန်ထဲမှာ ဖြတ်ရပါတယ်၊ ပြီးတော့ ခြောက်သွားအောင် အငွေ့ပြန်အောင်လုပ်ရပါတယ်။ ဒါပြီးရင် ခဲပြီးတော့ သန့်အောင်လုပ်လိုက်တာနဲ့ သကြားဖြူရတာပါပဲ''

သကြားစက်ပိုင်ရှင်ကြီးက သူ့စက်အကြောင်းကို အားရပါးရ ရှင်းပြနေ၏။ ကျွန်တော်က လုံးစေ့ပတ်စေ့တော့ နားမလည်ပါ။ တောင်ငူ တွင် နေခဲ့စဉ်က ရေတာရှည်သကြားစက်သို့ ရောက်ခဲ့ဖူးပါသည်။ သကြားဖြူဖြစ်မှု (Process) အား အကြမ်းဖျဉ်းမျှသာ သိနားလည်ခဲ့၏။ ယခုလည်း ပွက်ရည်ခေါ် သကာရည်အား စက်ထဲသို့ ထည့်လိုက်ရာ သိပ်မကြာမီမှာပင် သကြားဖြူထွက်လာသည်ကိုသာ နားလည်ပါသည်။





သူပြောသည့်အဆင့်အထိ နားလည်ဖို့ကတော့ ကိုယ်တိုင်သကြားစက် ထောင်လိုက်ပါမှ ရပါမည်။

''သကြားရော ရောင်းရရဲ့လား''

''ရောင်းရပါတယ်၊ မန္တလေးလည်း ပို့ပါတယ်၊ နယ်ကလည်း အနွတ်အသိမ်းရှိပါတယ်''

ဒါလည်း ဟုတ်မည်ထင်ပါသည်။ မူးမြစ်အနောက်ဘက်ကမ်း ဒေသများ၌ သကြားစက်များ ကျွန်တော်မတွေ့ဘူးပါ။ ထို့ကြောင့် ရွှေဘိုခရိုင်အတွင်း၌ မူးမြစ်အနောက်ဘက်ကမ်းမြို့နယ်များက ရွှေဘိုမှ သကြားများကို အမြောက်အမြားဝယ်ယူစားသုံးကြသည်ဟု သိရ၏။ နေရာတကာတွင်လည်း ခရီးသွားသူများ များပြားစည်ကား၍ ကုန်စည် ဆိုင်းမှု အလွန်ကောင်းနေရာ လက်ဖက်ရည်ဆိုင်များနှင့် တရုတ်မုန့်ချို ဆိုင်များ အလျှိုလျှို ပေါ်လာသည်။ အလွန်သေးကွေးသည့် ခင်ဦး မြို့ကလေးပင် ဟိုယခင်က လက်ဖက်ရည်ဆိုင်တစ်ဆိုင်သာရှိသည့် အခါက ဆိုင်ပေါင်း ဆယ့်လေးငါးဆိုင် ဖြစ်နေပါပြီ။ ဒါဆို သကြားစားသုံး မှုမှာ အရင်ကထက် လေးငါးဆယ်ဆ တက်လာမည်မှာ သေချာလှပါ၏။ ကောင်းပေစွ။ ကျွန်တော်တို့ ရွှေဘိုအနောက်လက်တောသားများ ချောင်လည်လာပြီပေါ့ ခင်ဗျာ။

နောက်တစ်နေ့ ရွှေဘိုမှထွက်တော့ ရွှေဘိုတောင်ဘက်၌ ကွင်းများ မရှိတော့ပါ။ ဝင်းမှည့်နေသည့် ဆည်ရေသောက် စပါးခင်း များသာ တွေ့ရတော့၏။ ရွှေဘိုမှသည် ဆားတောင်ရောက်သည်အထိ လမ်းဘေးဘယ်ညာကား ရွှေရောင်လွှမ်းနေသော စပါးခင်းများသာ ကြီးစိုးနေ၏။

အပြန်တွင် မြောက်လေအေးလေးက တစ်ချက်တစ်ချက် တိုက်ခတ်လာနေ ပါသည်။ ရိတ်သိမ်းနေသော စပါးခင်းများအစ်ဝိုက်၌



www.burmeseclassic.com

www.burmeseclassic.com



တီတီတာတာ အော်မြည်နေသည့် စာကလေးအုပ်များက ဟိုဟို သည်သည် ပျံဝဲလျက် ရှိနေပါ၏။ ပရိယေသန ဝမ်းစာရေးအတွက် လှုပ်ရှားနေကြသည်ထင်၏။

စစ်ကိုင်းကိုမကြာခင်ပြန်ရောက်ပါတော့မည်။ ဒီတစ်ခေါက် ခရီးကတော့ စိုက်ပျိုးရေးလုပ်ငန်းများနှင့် နပန်းလုံးခဲ့ရပြီး မှတ်လောက်သားလောက် ဗဟုသုတများအတော်ရခဲ့သော ခရီးတစ်ခေါက် ဖြစ်ကြောင်းပါခင်ဗျား။။

❀ ❀ ❀



## အခန်း(၅)
## ဇာတိချက်ကြွေ မွေးရပ်မြေသို့

ကျွန်တော့်ဇာတိမှာ အများသိကြပြီးသားဖြစ်သည့် ရွှေဘိုမြောက်လက် ရေဦးမြို့ကလေးပါ ခင်ဗျား။ ကျွန်တော်ကား မမြင်ဘူး နှမြစ်ထင်သည့် တောသားစစ်စစ်ဖြစ်ပါ၏။ ကျွန်တော်မွေးသည့်ကာလမှာ ၁၉၄၅ ခုနှစ်၊ မတ်လဟုသိရ၏။ ကျွန်တော့်မွေးနေ့မွေးရက်နှင့် ပတ်သက်ပြီး အဖေနှင့်အမေက ကလေးသာသာလင်မယားမို့ ဘာအမှတ်အသားမှ မရှိ။ ကျွန်တော့်ကို ရေဦးမြို့ဈေးကြီးမြောက်ဘက် ရွာနဝင်းအတွင်းရှိ ရဲတန်းလျားလေးမှာ မထင်မရှားမွေးလာ၏။ ကျွန်တော့်မွေးတော့ အဖေ့အစ်ကို ရဲအရာရှိကိုဝင်းဦးက စာတတ်ပေတတ်မို့ –

''ဟော့ကောင် သိန်းမောင်၊ အခုမွေးတဲ့ မင်းသားလေးက အသားညိုညိုလေးကွ၊ မျက်လုံးပြူးပြူးလေးနဲ့ စစ်ပြေးကုလားတွေသေလို့ ခင်စားသလားကွာ''

ဟု ပြောပြီး ကျွန်တော့်၏မွေးနေ့မွေးရက်အား ကျွန်တော့်အဖေနှင့်အမေနေကြသည့် ရဲတန်းလျား အိမ်ခန်းလေး၏ အိမ်နံရံခါးပန်း၌ မြေဖြူခဲဖြင့် ရေးမှတ်ပေးခဲ့၏။

ကျွန်တော့်ဘကြီး ကိုဝင်းဦးကား အသားဖြူဖြူ အရပ်ရှည်ရှည်နှင့် ရုပ်ရှင်မင်းသားကြီးခင်မောင်ရင်လို ချောမောသူဟု သိမီသူများက

www.burmeseclassic.com

www.burmeseclassic.com



ဆိုကြသည်။ ရွှေဘိုတွင် ကျောင်းနေခဲ့ပြီး စစ်မဖြစ်မီက အင်္ဂလိပ်မြန်မာ ခုနစ်တန်းအောင်သည်။ အမျိုးထဲ၌ ရှားရှားပါးပါး ပညာတတ်ဖြစ်၏။ ခုနစ်တန်းအောင်ပြီးသည်နှင့် အဖေအမေ၏ စီးပွားရေးချို့တဲ့မှုကြောင့် ဟိုစဉ်က (Burma Police) ဟုခေါ်သည့် ရဲတပ်ဖွဲ့တွင် ဝင်ရောက် အမှုထမ်းရာ ရာဇဝတ်အုပ်ရာထူးကို ရရှိလေတော့သည်။ ကိုဝင်းဦးက ၁၉၁၅ ခုနှစ်၌မွေးပြီး ၁၉၃၅ ခုနှစ်လောက်တွင် အလုပ်ဝင်ရသည်။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ရဲအရာရှိကလေးရာထူးရရှိခြင်း ရုပ်ရည်ချောမောခြင်းတို့ကြောင့် ကျွန်တော့်ဘကြီး ကိုဝင်းဦးသည် ၁၉၈ ခုနှစ်က ကွယ်လွန်သွားခဲ့သည့် ရုပ်ရှင်မင်းသားကြီး ဝင်းဦးလိုပင် ရေဦးမြို့ကလေး၌ အလွန်စန်းပွင့်လှသည်ဟု ဆိုကြ၏။ ပျိုတိုင်း ကြိုက်တဲ့နှင်းဆီခိုင် ဖြစ်နေသည်။ ရည်စားတွေ အမြောက်အမြား ထားပြီးသည့်နောက် အရာရှိဘဝနှင့် သုံးလေးနှစ် ပျော်ပျော်ပါးပါးနေပြီး သူဌေးသမီးတစ်ဦးနှင့် အိမ်ထောင်ကျလေတော့သည်။ မတင်ပုဟု ခေါ်သည်။ သိပ်ကြိုက်လှ၍တော့မဟုတ်။ အိမ်ကအလွန်သဘောတူ သဖြင့် ဘေးကအတင်းဝိုင်းလှော်ကြရာ အလှော်ကောင်းသဖြင့် ဘကြီးတို့ နှစ်ယောက် ရသွားသည်ဟု ဆိုကြ၏။

အိမ်ထောင်ရှင်ဖြစ်သွားသော်လည်း ဘကြီးက အပျော်အပါး မလျှော့၊ အိမ်ထောင်ရေး သိပ်အဆင်မပြေ၍ အသောက်အစား ဖက်လာ၏။ ယခင်ကလည်း အနည်းအကျဉ်းသောက်တတ်စားတတ် ရ၏။ စစ်အတွင်းကမူ ငြိမ်နေ၏။ သို့ရာတွင် ၁၉၄၅ ခုနှစ်၊ ကျွန်တော် မွေးပြီးတော့ အင်္ဂလိပ်များ ပြန်ဝင်လာ၍ ဘကြီးရာထူးပြန်ရသည်။ သွားနိုင် လာနိုင် သုံးနိုင်စွဲနိုင် ပြန်ဖြစ်လာသည်။ ထိုအခါ အပျော်အပါး များလာပြန်သည်။ ငွေ၊ အရက်၊ မိန်းမစသည့် ဗေယာက်ျားများပျက်စီး စေသည့် သည်းခြေကြိုက်အရာများက သူ့နားမှာအလျှံပယ်မို့ ကိုဝင်းဦး ကား ထိုအရာများထဲတွင် မွေ့လျော်နေ၏။ မတင်ပုကတိုင်၍ အဖေ့ အမေက ဆုံးမသည်။ အဖေကြီး ဦးပွားကိုယ်တိုင်က အသောက်သမား



သားကြီးကို ပြောဆိုဆုံးမ၍မရ။ မကြာခဏ ထိုကိစ္စကို အဖေနဲ့အမေက ခေါ်ပြောရာ ကိုဝင်းဦးက နားငြီးလာဟန်တူ၏။ သာမန်အချိန်ဆို အဖေနဲ့အမေအား ပြန်ပြောလေ့မရှိ၊ ငြိမ်ခံတတ်၏။ တစ်ရက် အရက် အလွန်မူးနေချိန်တွင် ခေါ်ပြောလိုက်မိရာ –

''ဩော် မောင်ပွားနဲ့မယ်တင်အိုက ကျုပ်ကို အရက် မသောက်နဲ့ ဆုံးမတယ်ပေါ့လေ၊ ဟား ဟား ဟား ကျုပ်ကို အရက် မဖြတ်ခိုင်းနဲ့ဗျ၊ မောင်ပွား ခင်ဗျားဟာခင်ဗျား အရက်အရင်ဖြတ်အောင် လုပ်ပါဦးဗျာ။ မယ်တင်အိုကလည်း ခင်ဗျားယောက်ျားကြီး ခင်ဗျား အရင်နိုင်အောင် ပြောဗျာ'' ဟု အဖေနှင့်အမေ့အား မူးမူးနှင့် ပြောလိုက်၏။

ဝဋ်ဓေဒ ထိတိုင်းရှသည်ထင်ပါ၏။ ထိုကိစ္စဖြစ်ပြီး သိပ် မကြာလိုက်ပါ။ ကိုဝင်းဦးသည် ရေဦးအနောက်ဘက် တင်းတိမ်ရွာ၌ လူဆိုးသွားဖမ်းရင်း ထိုလူဆိုး၏ သတ်ဖြတ်ခြင်းကို ခံလိုက်ရ၏။ သူသေချိန်တွင် အရက် အလွန်အကျွံမူးနေသည်ဟု ဆို၏။

''အဖမ်းခံပါ့မယ့်ဆရာရယ် ဒီမှာအေးအေးဆေးဆေး စားကြ သောက်ကြပါဦး။ ဒါလေးပြီးရင် သွားကြတာပေါ့၊ ကျွန်တော်လိုက်ပါ့မယ်''

ထိုလူဆိုးက အထက်ပါအတိုင်း အရက်ကို အမြည်းများဖြင့် ညှိခံရင်း ပြော၏။ အကုသိုလ်ဖိစီးနေသည့် ကျွန်တော့်ဘကြီးက ငယ်လွယ်ကူကူပင် သူ့တပည့်နှစ်ဦးနှင့်အတူ သောက်စားရန် လက်ခံ လိုက်၏။ ထို့နောက် သောက်ကြစားကြ၏။ ဆရာတပည့်သုံးဦး ရေချိန် ကိုက်နေချိန်၌ လူဆိုးက အသင့်ဝှက်ထားသည့် မြနေအောင်သွေးထား သော ငှက်ကြီးတောင်ဓားဖြင့် ရုတ်တရက်ထပိုင်းလိုက်ရာ ဘကြီးက ချက်ချင်းပြီးသေ၏။ သူ့တပည့်ရဲကြပ်ကြီးက ပါးတစ်ခြမ်းပါသွား၏။ ဆေးရုံ ပေါင်းများစွာတက်ရပြီး ပါးတွင် သေရာပါအမာရွတ်ကြီး ဖြစ်သွား၏။ နောက်တစ်ယောက်က သေနတ်လှမ်းအဆွဲ လက်ကိုဓားခုတ်ခံလိုက်ရရာ လက်ပြတ်သွား၏။ သုံးယောက်ပေါင်း လောင်းကျော်သွားသည်။ ယောက်သားတွင်မှ ကံကွက်ကျား၍ ကျွန်တော့်ဘကြီးကား

www.burmeseclassic.com



ဥပဓေ့ဒါကက်ဖြင့် သေဆုံးခဲ့ရ၏။ ကံကြီးထိုက်သွားသည် ထင်ပါသည်။ အရက်သမားတစ်ဦး၏ အမှားအား ကြုံကြိုက်၍ တင်ပြခြင်းပါခင်ဗျား။

သို့ရာတွင် ဘကြီးသည် ကျွန်တော့်အား အလွန်ချစ်ရှာ၏။ မသေမီက ကျွန်တော်တို့အိမ်ကလေးသို့ မကြာမကြာလာပြီး "ကုလားလေးဟေ့ ကုလားလေးဟ" ဟုဆိုကာ ကျွန်တော့်ကို မကြာခဏ ချီတာတ်ပိုးတတ်၏။ ကျွန်တော်တစ်နှစ်သားသာသာတွင် သူသေဆုံးသွားသည်ဟု အရီးက ပြောဖူး၏။

ဘကြီးက ကုလားလေးဟေ့ဆိုခြင်းမှာ အောက်ပါအကြောင်းကြောင့်ဟု ထင်ပါသည်။

ဒုတိယကမ္ဘာစစ်က မဟာမိတ်တပ်များ အိန္ဒိယသို့ဆုတ်ခွာရာ၌ ရေဦးကို ဖြတ်ကြသည်။ မန္တလေးနှင့်မုံရွာဘက်မှ ဆုတ်လာသောတပ်များသည် ရေဦးကိုဖြတ်၍ တန့်ဆည်၊ ကံထူးမ၊ ကလေးဝ၊ ကလေးမှသည်တမူး၊ မိုးရေး၊ ထိုမှတစ်ဖန် အိန္ဒိယပြည်တွင်းရှိ အင်ဖာ၊ ကိုဟီးမားနှင့် ဒင်မာပူအထိ ဆုတ်ခွာကြသည်ဟု သိမီသူများက ပြောဖူး၏။

ရေဦးကား စစ်လမ်းကြောင်းကျသည်။ ကျွန်တော့်အဘိုးဦးပွားနှင့် အဘွားဒေါ်တင်အိုတို့က စစ်ကြောင်းများဆုတ်ခွာသည့် ဘူတာကွင်း ရပ်ကွက်က ဘူတာလမ်းဘေးမှာနေ၏။ ထို့ကြောင့် စစ်အတွင်းက ဆုတ်ခွာသူများကို မတွေ့ချင်၊ မမြင်ချင်မှအဆုံး အားလုံးထဲ၌ ကုလားစစ်သားများက သနားစရာအကောင်းဆုံး။ စုတ်ပြတ်ပေရေပြီး အစာငတ် ရေငတ်နှင့် ရောဂါဘယအမျိုးစုံ၏ ဖိစီးနှိပ်စက်ခြင်းကို ခံနေကြရသည်ဟု ဆို၏။ သူတို့သည် ရေဦး၊ ကလေးလမ်းတစ်လျှောက်၌ ကပ်ကြီးသုံးပါးဒဏ်ကြောင့် တဖြုတ်ဖြုတ်နှင့် သေကြရသည်။ ထိုသူများ မသေမီက ရေဦးဖြတ်အသွား၌ သနားကြင်နာတတ်သည့် ရေဦးသူ ရေဦးသားများက တတ်အားသရွေ့ လမ်းထွက်ပြီး ကျွေးမွေးကြသည်ဟု သိရ၏။ ထိုစေတနာရှင်များထဲတွင် ကျွန်တော့်အဘိုးအဘွားမိသားစုလည်း ပါ,ပါသည်။



တစ်ရက် ကျွန်တော့်အမေက စစ်ပြေးကုလားစစ်သားများအား ထမင်းသွားကျွေးရာ နေမကောင်းနေသော ကုလားစစ်ဗိုလ်တစ်ဦးသည် အမေကျွေးသည့်ထမင်းကိုစား၍ အမေ့ကို စကားတွေ တတွတ်တွတ်ပြောပြီး အမေ့ရှေ့မှာပင် အသက်ထွက်သွားသည်ဆို၏။ ထိုကာလမှ နှစ်နှစ်ခန့် လွန်မြောက်သော် ကျွန်တော်မွေးလာရာ ဘကြီးကိုဝင်းဦးအပါအဝင် အဖေ့အမျိုးများက ကျွန်တော့်အား ထိုကုလားစစ်ဗိုလ်သေ၍ ဝင်စားလာသူ၊ ကုလားနှင့်ဆင်သူ၊ တခြားကမ္ဘာကလာသူဟု မကြာခဏ ပြောကြ၏။ ကုလားဗိုလ်ဟုလည်း မကြာခဏခေါ်ကြသည်။ ဟုတ်မဟုတ်တော့ သေသေချာချာမသိပါ။ ကျွန်တော်ကား ငယ်စဉ်က မစွမ်းသန်နှင့် အတော်သတ်ချင်ဖြတ်ချင်စိတ်ရှိသူတစ်ဦး ဆိုသည်ဟုကားညီအစ်ကိုများက ပြောကြပါ၏။ ကိုယ့်ကိုယ်ကိုယ်တော့ အရာရာကို ကြောက်တတ်သူဟုထင်၏။ ထားပါတော့ခင်ဗျာ။

ကျွန်တော့်မွေးသက္ကရာဇ်နှင့် ပတ်သက်ပြီး ဆက်ပြောလိုပါသည်။

၁၉၄၈–ခုနှစ်၌ မြန်မာတစ်နိုင်ငံလုံး ရောင်စုံသူပုန်များ ထကြွသောင်းကျန်းကြရာ ရေဦးမြို့ကလေးလည်း သူပုန်သူကန်များ လက်တွင်းသက်ဆင်းရ၏။ သူပုန်များက ရဲဌာနအား စီးနင်းတိုက်ခိုက်၍ မီးတင်ရှို့ လိုက်ရာ ကျွန်တော့်အဖေနှင့်အမေနေခဲ့သည့် ရဲတန်းလျားမှ အိမ်ခန်းလေး ပါသွားပါတော့သည်။ ထိုအခါ ကျွန်တော့်ဘကြီးကိုဝင်းဦး အမှတ်ထားသည့် ကျွန်တော်၏ မွေးသက္ကရာဇ်ကလေးလည်း ထိုမီးနှင့်အတူ ပြာပုံဘဝသို့ ကျရောက်သွားတော့၏။ ကျွန်တော့်အမေကလည်း ကောင်းကောင်းမမှတ်မိရှာပါ။ မေးလိုက်တိုင်း တောင်တောင်အီအီ ကိုးတိုးဒီဒီနှင့် ၁၉၄၅ ဟု ပြောလိုပြော၊ ၁၉၄၆ ဟု ပြောလိုပြောနှင့် အမှားမှားအယွင်းယွင်းပင်၊ နောက်ဆုံးတော့ ကိုယ်နှင့်မရှေးမနှောင်း ဘကြီးလငယ်၊ ရက်ကြီး ရက်ငယ် မွေးခဲ့သူများနှင့် တိုက်ဆိုင်ညှိနှိုင်း၍

www.burmeseclassic.com



ကိုယ့်အသက်ကို ကိုယ့်ဟာကိုယ်ပဲတွက်ချက်ပြီး ကျွန်တော့် မွေးသက္ကရာဇ်အား ၁၉၄၅ ကိုပဲ အတည်ပြုလိုက်ရတော့၏။

မည်သို့ပင်ဖြစ်စေ ၁၉၄၅ မှ ၁၉၆၁ တက္ကသိုလ်ဝင်တန်းအောင်သည်အထိ နေခဲ့ရသည့် ကျွန်တော့်ဇာတိချက်ကြွေ မွေးရပ်မြေ ရေဦးမြို့ကလေးကိုတော့ မမေ့ပါ။ အခါအခွင့် မသင့်၍သာ ခွဲခွာနေရသော်လည်း သင့်သည်နှင့် ကျွန်တော်ရောက်ဖြစ်အောင် ကြိုးစားမိပါသည်။ ယခုလည်း စစ်ကိုင်းတွင် တာဝန်ကျသည်နှင့် ကျွန်တော့်ဇာတိ ရေဦးမြို့ကလေးသို့ လေးနှစ်အတွင်း လေးငါးခေါက် မရောက်ရောက်အောင် သွားခဲ့၏။

ကျွန်တော်သိထားသော ကျွန်တော့်မြို့ကလေး၏ ရှေးကပုံရိပ်နှင့် အတိတ်ဟိုဆီက အဖြစ်အပျက်များအား အခွင့်ကြုံ တင်ပြခွင့်ပြုပါခင်ဗျား။

၅

## ကျွန်တော်သိသော ရေဦး

ကျွန်တော့်ဇာတိ ရေဦးမြို့ကလေးအကြောင်း ပြောရမည်ဆိုပါက မြို့သမိုင်းကပင် စရမည်ထင်ပါသည်။

မြန်မာသက္ကရာဇ် ၄၅၄-ခုနှစ်က နန်းတက်သော ပုဂံမင်းဆက်မှ အလောင်းစည်သူမင်းကြီးသည် မကြီဓဏ မိမိနိုင်ငံအတွင်း တိုင်းခန်း လှည့်လည်လေ့ရှိသည်ဟု ဆို၏။ အခါတစ်ပါးတွင် အလောင်းစည်သူမင်းကြီးသည် အထက်အညာဒေသများသို့ သစ်ကနက်လှေတော်ဖြင့်လှည့်ရာ မြေဒူးအရပ်သို့ ရောက်ခဲ့၏။ မြေဒူးကား ရေဦး၏ မြောက်ယွန်းယွန်းတွင် ရှိ၏။ မြေဒူးဒေသ မြင်းခွာတောင်ခြေမှ မူးတူးမြောင်းကို မုဆိုးဖို ယခုအခေါ် ရွှေဘိုအထိတူးဖော်စေ၍ ပြီးစီးသည့်အခါ မုဆိုးဖိုအထိ စုန်ဆင်းသည်ဟု ဆိုလေသည်။ ထိုသို့ စုန်ဆင်းရင်း မူးမြစ်ဘေးမှ





www.burmeseclassic.com

www.burmeseclassic.com



ရွာကလေးတစ်ရွာသို့ ဦးစွာရောက်၏။ ရွာကလေးမှာ မြစ်အနောက်ဘက်ကမ်းမှာရှိ၏။

ရေဦးရေဖျားနှင့်အတူ အလောင်းစည်သူမင်းကြီးရောက်ရှိခဲ့သောထိုနေရာအား ထိုအချိန်မှစပြီး ရေဦးဟု ခေါ်တွင်ခဲ့ကြသည်ဟု ကျွန်တော်ကြားဖူးပါသည်။ ရေဦးသားစစ်စစ်ဖြစ်သော်လည်း ယခုအချိန်ထိ ရေဦးအမည်တွင်ရသည်ကို ပီပီပြင်ပြင်မသိသေးသဖြင့် ကြားဖူးနားဝ ကိုသာ ဖော်ပြရပါသည်။ မှားယွင်းပါက ပညာရှင်များမှ ပြင်ပေးကြပါ ကုန်။

အလောင်းစည်သူမင်းကြီး ရောက်ရှိသောထိုနေရာတွင် ဘုရားတစ်ဆူတည်ထားခဲ့ရာ ထိုဘုရားအား ရေဦးမြို့မြစ်ဘေးမှ မင်္ဂလာရာမ ကျောင်းတိုက်ဝင်းအတွင်း၌ ဖူးတွေ့နိုင်ပါ၏။ စေတီတော်အတွင်း တွင်လည်း လိုဏ်ဂူတစ်ခုရှိပါသည်။ လိုဏ်ဂူမှာ အတော်ငယ်သဖြင့် လူကြီးများဝင်ပါက အနည်းငယ်တိုးဝင်ရ၏။ ကလေးများသာ ချောင်ချောင်ချိချိ ဝင်၍ရ၏။ ငယ်စဉ်ကလေးဘဝကတော့ ထိုလိုဏ်ဂူ ထဲသို့ ကျွန်တော် အကြိမ်ကြိမ်ဝင်ခဲ့ဖူးပါသည်။

"ဒီဘုရားက အလောင်းစည်သူမင်းကြီး တည်သွားတာ"

ငယ်စဉ်ကပင် ထိုစကားကို လူကြီးသူမများနှင့် မင်္ဂလာရာမ ကျောင်းတိုက်မှ ရဟန်းသံဃာများ မြွက်ကြားကြသဖြင့် မှတ်သားခဲ့ရ၏။ ရေဦးဟူသောအမည်ကား အလောင်းစည်သူမင်းကြီးနှင့် ဆက်စပ်နေ ပါသည်။

ဤသည်မှာ ကျွန်တော်သိသော ကျွန်တော့်ဇာတိမြို့ကလေး ရေဦးဟုအမည်တွင်ရခြင်း အကျဉ်းပါတည်း။

ရေဦးမြို့ကလေးသည် မြောက်ဘက်၌ တန့်ဆည်နှင့် ဖါးကန့်မြို့နယ်များ၊ အရှေ့ဘက်တွင် ခင်ဦးမြို့နယ်၊ အနောက်ဘက်နှင့် တောင်ဘက်တွင် ဒီပဲယင်းမြို့နယ်များရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် အလျဉ်းသင့်သဖြင့် ကျွန်တော်တို့ ရေဦးနှင့် ရွှေဘိုနယ်သားများ၏ စကားအခေါ်အဝေါ် အသံထွက် အသုံးအနှုန်း တစ်ခုကို တင်ပြလိုပါသည်။ ရေဦး၏တောင်ဘက် ဆယ်မိုင်ခန့်တွင် ဒီပဲယင်းမြို့ကလေးရှိ၏။ ထိုမြို့လေးအား စာဖြင့်ရေးက ဒီပဲယင်းဟု ရေးကြသည်။ သို့ရာတွင် ရေဦးသားများနှင့် ရွှေဘိုနယ်သားများက ဒီပဲယင်းကို ဒဘယင်းဟုခေါ်၏။ အလားတူပင် ရေဦးမြောက် ဆယ်မိုင် ကျော်ဝေးသည့် တန့်ဆည်မြို့ကလေးကိုလည်း စာဖြင့်ရေးက တန့်ဆည်ဟု ရေးကြသည်။ နှုတ်ဖြင့်ခေါ်က ဒဇယ်ဟုခေါ်၏။

ဤသို့ ဒေသလိုက်ပြီး ခေါ်ကြပြောကြသည်များမှာ သူ့နယ်နှင့်သူ ရှိနေကြသည်သာ။

မော်လမြိုင်တွင်နေခဲ့စဉ်က မုတ္တမကို မော်လမြိုင်သားများက မဒမ။

မုဒုံကို မဒုံး
ရေးကို ရီး
သံဖြူဇရပ်ကို ဇပုဟုခေါ်၏။
တောင်ငူတွင်နေခဲ့စဉ်က –
တောင်ငူကို တောင်အူ –
တောင်ကွေ့ဈေးကို တောင်ငွေးစီ ဟုခေါ်၏။

အလားတူ အခေါ်အဝေါ်များကား ရှာဖော်ပြမည်ဆိုပါက များလှ ပါသည်။ အလျဉ်းသင့်၍ အနည်းငယ်မျှ တင်ပြလိုက်ခြင်းပါခင်ဗျား။

ရေဦးသည် မူးမြစ်ဘေးမှာ ရှိသည်ဆိုသော်လည်း အထက်တွင် ကာဘိုးဆည်ကြီးရှိနေခြင်း၊ နွေရာသီတွင် ရေခြေကျင်းဝတ်မျှသာ ရှိခြင်းတို့ကြောင့် မူးမြစ်သည်ကား ရေကြောင်းသွားလာမှုအတွက် အသုံးမတည့်ပါချေ။ မူးမြစ်ကို စိုက်ပျိုးရေးကိစ္စအတွက်သာ အားထားရပါ၏။

ကုန်းလမ်းခရီးများအနေဖြင့်မူ အဓိကလမ်းကြောင်းကြီး သုံးကြောင်း ရှိ၏။ ပထမလမ်းကြောင်းမှာ အရှေ့ဘက်ခင်ဦးမှ ရွှေဘို စစ်ကိုင်း၊ မန္တလေးသို့လည်းကောင်း၊ ဒုတိယလမ်းကြောင်းမှာ တောင်ဘက်ဒီပဲယင်းမှ မုံရွာသို့လည်းကောင်း။ တတိယလမ်းကြောင်းမှာ မြောက်ဘက် တန့်ဆည်မှ ကံထူးမနှင့် မဟာမြိုင်တောကြီးကိုဖြတ်၍ အလေးဝသို့ လည်းကောင်း ကားလမ်းကြီးများရှိ၏။ ကလေးဝလမ်းမှ ခွဲ၍ ကျွန်လမ်းနှစ်လမ်းမှာ ရေးအထက်ကျော် ကာရီကပင် ကတ္တရာ လမ်းများဖြစ်၍ ရာသီမရွေး ကားများကောင်းမွန်စွာသွားလာနိုင်ပါသည်။ သို့ရာတွင် ခင်ဦးလမ်းမှာ ရေးယခင်က မိုးရာသီ၌ မူးမြစ်ရေကြီးခြင်း ကြောင့် မူးမြစ်အား ကူးတို့လှေများဖြင့် ဖြတ်ကူးရ၏။ တံတားမရှိပါ။ နွေရာသီရောက်မှသာ ယာယီ ဝါးတံတားထိုးပြီး သွားလာကြရ၏။ သက္ကရာဇ် ၂၀၀၀ နောက်ပိုင်းတွင် နိုင်ငံတော်မှ မူးမြစ်ကူးတံတားအား ရေဦးမြို့ တောင်ဘက်ရှိ မန်ကျည်းတောရွာကလေးအနီးတွင် တည်ဆောက် ဖွင့်လှစ်ပေးခဲ့သဖြင့် ရေဦး၊ ခင်ဦး ကားလမ်းကား အတားအဆီးမရှိ ရာသီမရွေး သွားလာနိုင်သည့် လမ်းဖြစ်သွားတော့၏။ တံတားထိုးပေးသည့် လူကြီးများကို ကျေးဇူးတင်ရပါသည်။

"ဒီတံတားကြီးပြီးသွားတော့ လူမှုရေး၊ ပညာရေး၊ စီးပွားရေး အားလုံးကောင်းသွားတာပေါ့၊ ကျန်းမာရေးကစပြီး အရေးဟယ် အကြောင်းဟယ်ဆိုရင် မန္တလေးတို့ ရွှေဘိုတို့က ဆေးရုံကြီးတွေကို နေ့ရောညပါ သွားနိုင်တယ်လေ၊ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်"

၂၀၀၂–ခုနှစ် ကျွန်တော် ရေဦးခဏပြန်ရောက်စဉ်က ကျွန်တော့်အသိ မြို့မိမြို့ဖတစ်ဦးက ပြောလိုက်ဖူးပါသည်။ ဟုတ်ပါ သည်။ ကျွန်တော် စစ်ကိုင်းမှာရှိစဉ်က ရေဦးကို မွင့်လင်းရာသီမှသာ သွားလေ့ရှိ၏။ သို့မဟုတ်ပါက ပါလာသည့်ကားအား မူးမြစ်အရှေ့ ဘက်ကမ်း၌ ထားခဲ့၍ ကူးတို့လှေဖြင့် အနောက်ဘက်ကမ်းသို့ ချိတင်ရ ၏။ ဟိုဘက်ရောက်မှ မြို့ကကားမှာစီးရသည်။ အုပ်ချုပ်မှုကိစ္စ ညည်းနည်းရှုပ်သွားတာပေါ့ ခင်ဗျား။







www.burmeseclassic.com

www.burmeseclassic.com



ပွင့်လင်းရာသီဆိုပါက စတိုင်ထွားထွား ကိုယ့်ကားဖြင့်ကိုယ် သွားနိုင်ပါ၏။ အားမနာရဘူးပေါ့ခင်ဗျာ။

မူးမြစ်ကူးတံတားကြီးထိုးပြီးသောအခါ ရေဦး၊ ခင်ဦး ရထားလမ်းလည်း ပေါက်သွားသဖြင့် ရေဦးမှခင်ဦးသို့ ကားရောရထားပါသွား၍ ရပါသည်။ တံတားကြီးမှာ ကားလမ်းရော၊ ရထားလမ်းပါရောထားသည့် လမ်းဖြစ်ပါ၏။ ရှေးယခင်က စစ်ကိုင်း–မုံရွာသွားကားလမ်းရှိ ညောင်ပင်ဝန်းတံတားသည်လည်း ယခုတံတားမျိုးဖြစ်၏။ (Duel use) ဟုခေါ်မည်လား မပြောတတ်ပါ။ ယခုအခါ ကချင်ပြည်နယ်မှ ဆင်းလာသော ရထားစီး ခရီးသည်များသည် ခင်ဦးလမ်းခွဲမှ ရထားဖြင့် မုံရွာထိ သွား၍ ရနေပါပြီ။ ရှေးက မုံရွာသို့ ရထားဖြင့်သွားလိုက စစ်ကိုင်းအနီးရွာထောင်မှ လမ်းခွဲသွားရပါသည်။ ယခုတော့ အဆင်ပိုပြေသွား၏။

ရေဦးတွင် ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီက မုံရွာမှမီးရထားလမ်း ရှိခဲ့ဖူးသည်။ စစ်ကြီးပြီးသောအခါ ရေဦး–မုံရွာရထားလမ်းပျက်သွားခဲ့၏။ သံလမ်းများကို စစ်အတွင်းက ဂျပန်များကဖြုတ်ပြီး တခြားနေရာများ၌ သုံးခဲ့သည်ဟုဆို၏။ အချို့က သံဖြူဇရပ်၊ ဘုရားသုံးဆူ ရထားလမ်းခေါ် သေမင်းတမန်လမ်းမကြီးဖောက်ရာတွင် သုံးခဲ့သည်ဟုလည်း အရပ်စကား ကြားရ၏။ မှန်မမှန်တော့မသိပါ။ မကြာသေးမီနှစ်များက နိုင်ငံတော်မှ ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ရာတွင် ရေဦးမြို့ကလေးလည်း ထိုစီမံကိန်းတွင်ပါဝင်၍ ယခုအခါ မုံရွာသို့လည်းကောင်း၊ ခင်ဦးသို့လည်းကောင်း ရထားလမ်းများ ရှိသွားပါပြီ။ နောင်အလျဉ်းသင့်လျှင်ဖြင့် မြောက်ဘက်ပင်လယ်ဘူးဒေသသို့တိုင် ရထားလမ်းများ ပေါက်သွားမည်ထင်ပါ၏။ မျှော်လင့်ရတာပေါ့ ခင်ဗျာ။

✿





**အတိတ်ကာပုံရိပ်များ**

ရေဦးနှင့်ပတ်သက်၍ မှတ်မိသမျှ အတိတ်ပုံရိပ်များကိုစရပါက ၁၉၅၀ ပတ်ဝန်းကျင်းလောက် စရမည်ထင်ပါ၏။ ထိုအချိန်တွင် ကျွန်တော် အသက်လေး,ငါးနှစ်ရှိပါပြီ။ ကျောင်းစနေရန် ပြင်ဆင်နေချိန်ဖြစ်၏။ အဖေဆုံးပြီးခါစက ရေဦးမြောက်ဘက် ဘူတာကွင်းရပ်ကွက်တွင် အမေကြီး၊ အရီးတို့နှင့်နေရ၏။ သိပ်မကြာမြင့်မီမှာပင် ဘူတာကွင်းမှ ကုန်းပေါ်ရပ်ကွက်ရှိ တရုတ်တန်းသို့ပြောင်းရ၏။

ရေဦးတွင် ကျွန်တော်မှတ်မိသမျှ ရပ်ကွက်ကြီး ဆယ့်သုံးလေးငါးခုရှိ၏။

ဘူတာကွင်း၊ ကုန်းပေါ်၊ ကန်တွင်းရပ်၊ မြို့မ၊ ကုလားတန်း၊ တရုတ်တန်း၊ အလယ်တန်းဈေးထိပ်၊ ဈေးတောင်ဘက်၊ အောင်မင်္ဂလာ၊ အောင်သုခ၊ နတ်စင်ကုန်း၊ ကမ်းနား၊ ညောင်ကိုးပင်၊ ရေဦးကုန်း၊ ဘုရင်ကျီတန်း စသည်တို့ဖြစ်ကြသည်။

မြို့မှာ မြေပြန့်လွင်ပြင်ဟု ဆိုနိုင်သော်လည်း တောင်ဘက်နှင့် အနောက်ဘက်က အနည်းငယ်မြင့်ပြီး မြောက်ဘက်နှင့်အရှေ့ဘက်က အနည်းငယ်နိမ့်၏။ ထို့ကြောင့် မူးမြစ်ရေကြီးတိုင်း အနိမ့်ရပ်ကွက်များသို့ ရေဝင်၏။ ထိုရပ်ကွက်များကား အနည်းငယ်ဆင်းရဲသူများသာ နေထိုင်ပြီး ချမ်းသာသူများကတော့ ဈေးကြီးနှင့်မနီးမဝေး တရုတ်တန်း၊ အလယ်တန်း၊ ကုလားတန်း၊ ဈေးထိပ်၊ ဈေးတောင်ဘက် စသည်တို့တွင်သာ နေကြ၏။ မူးရေမှာ ကြီးပြီး ခဏနှင့်ပြန်ဆင်းသွားတတ်၏။ ထို့ကြောင့် ရေဘေးဒုက္ခ ကြာကြာခံစားရသည်ဟူ၍ ရေဦးမှာမရှိပါ။ သို့ရာတွင် ၁၉၅၆ ခုနှစ်ကတော့ မူးရေအတိုးကြမ်း၍ ကာဘိုးရေကာတာကြီး ကျိုးပေါက်သွားပြီး ရေဦးမြို့တစ်မြို့လုံးနီးပါး ရေဖုံးသွား၏။ ချမ်းသာကြီးကျောင်း၊ လေးထပ်ကြီးကျောင်းနှင့်သိမ်ကျောင်း စသည့်ဘုန်းကြီးကျောင်း ငါးကန်ကြီးများမှ လူလောက်ကြီးသည့် နှစ်ချို့ငါးကြီးများ



www.burmeseclassic.com

www.burmeseclassic.com



မူးရေကျတွင် ပြန်ပါသွားသည်ဟု မြို့သူမြို့သားများက ယခုတိုင် ပြောစမှတ်ပြုကြသည်။

ကျွန်တော်က ငါးတန်းကျောင်းသားမို့ ထိုရေကြီးစဉ်ကာလကို မှတ်မိနေသည်။ ရေမမြုပ်စဘူး တစ်မြို့လုံး ရေမြုပ်နေရာ ကုန်းပေါ် ရပ်ကွက်တစ်ခုတည်းသာ ကုန်းပေါ်ဟူသည့် စကားအတိုင်း ကုန်းပေါ် နေသည်။ ရေဘေးဒုက္ခသည်များအား ကုန်းပေါ်မှ ထမင်းဟင်းချက်ပို့ ကြရ၏။ လှေဆိပ်ကို ဦးသက်ရှည်၏ (B.O.C) ရှေ့မှာလုပ်ထားသည်။ ထို(B.O.C)ကုန်းကား ရေဦးတွင် အမြင့်ဆုံးကုန်းဖြစ်ရုံမက အနှစ် တစ်ရာကျော်နေသည့် လူလေးငါးခြောက်ယောက် ဖတ်ရမည့် ပင်စည် ရှိသော မန်ကျည်းပင်အိုကြီးတစ်ပင်ရှိ၏။ အမြင့်ကား ပေနှစ်ရာနီးပါး ရှိမည်ထင်၏။ (Century Tree) ကြီးဖြစ်ပြီး ရေဦးမြို့၏ ထင်ရှားသော မြင်မှတ် (Land Mark) ကြီးတစ်ခုပါပေ။ ပွင့်လင်းရာသီများတွင် ထိုမန်ကျည်း ပင်အိုကြီးပေါ်၌ လင်းတအိုကြီးများ နားနေကြသည်ကို မကြာခဏတွေ့ရ၏။

၂၀၀၂ ခုနှစ်၊ ကျွန်တော် ရေဦး နောက်ဆုံးအခေါက်ရောက်တော့ ထိုမန်ကျည်းအပင်အိုကြီးမရှိတော့ပါ။ သို့ရာတွင် ထိုနေရာ၌ ထိုမန်ကျည်း ပင်ကြီးကို ပြန်လည်မြင်ယောင်နေပါသည်။ ထို့ကြောင့်–

"မန်ကျည်းပင်ကြီး ဘယ်ရောက်သွားလဲဗျာ" ဟု မေးမိရာ–

"သူလည်း အသက်ရှိတာပဲလေ။ ပြီးတော့ သိပ်အိုနေပြီ အသက်ကြီးတော့ အို၊ နာ၊ သေဘေး ပြေးမလွတ်ဆိုတဲ့ လမ်းစဉ်အတိုင်း လွန်ခဲ့တဲ့နှစ်နှစ် သုံးနှစ်လောက်က သူ့အလိုအလျောက် လဲပြီးသေသွား ရော၊ အဲဒါနဲ့ မြို့မြူနီစီပါယ်အဖွဲ့က ရှင်းလိုက်ရတယ်" ဟု မြို့ခံမိတ်ဆွေ တစ်ဦးက ဗုဒ္ဓဘာသာပီပီ တရားသံနှော၍ ပြောပါသည်။"

"အသက် ဘယ်လောက်ရှိမယ်ထင်လဲ"

"အင်း ကျုပ်တို့အဘိုးအဘွားတွေလက်ထက်ကတည်းက အပင်အိုကြီးဆိုတော့ အနှစ်တစ်ရာ့ငါးဆယ် နှစ်ရာနီးပါးတော့ ရှိမယ် ထင်တယ်"





သူပြောသောကြောင့် မန္တလေးနန်းတွင်းက မန်ကျည်းပင်အိုကြီး များနှင့် ထိုင်းနိုင်ငံဘန်ကောက်မြို့ မြဘုရားအနီးက မန်ကျည်းပင်အိုကြီး များအား ပြေး၍သတိရလိုက်ပါ၏။ ထိုမန်ကျည်းပင်ကြီးများအားလုံး အသက်ရာကျော်ကြသည်။ ရှေးကရာဇ်မင်းများက စိုက်ခဲ့ကြသည်ဆို၏။

"အင်း–အဲဒါဆိုရင် အနှစ်နှစ်ရာနီးပါးရှိတယ်ဆိုတာ ဟုတ်မယ် ထင်ပါတယ်"

ကျွန်တော်က ကျွန်တော့်မိတ်ဆွေအား ပြန်ပြောမိ၏။ ဘာပဲဖြစ်ဖြစ် သက်ရှိအားလုံး သခါရဟူသော ပြောင်းလဲမှု သဘော သဘာဝကြီးကိုတော့ မလွန်ဆန်နိုင်ကြပါချေ။ တွေးရင်းစဉ်းစားရင်း တရားကျသွား၏။ အဟောင်းအဟောင်းတို့ ချုပ်ငြိမ်းပျောက်ကွယ်၍ အသစ်အသစ်တို့က ဖြစ်တည်လာနေ၏။

သို့ရာတွင် ပုထုဇဉ်တို့ သဘာဝအတိုင်း အဟောင်းကို ပြန်ပြောင်း စဉ်းစားရင်း ငယ်မူငယ်သွေး ပြန်လိုက်ချင်ပါသေးသည် ခင်ဗျာ။

✿

**ရေဦး၏စီးပွား ကုန်သွယ်မှု**

ရေဦးကား ရှေးယခင်က တောင်ဘက်မုံရွာမှ ရထားလမ်းဆုံး ဖြစ်၏။ မုံရွာသည် ချင်းတွင်းမြစ်အရှေ့ဘက်ကမ်း၌ အစည်ကားဆုံး ရောင်းဝယ် ဖောက်ကားမှု အကောင်းဆုံးမြို့ဖြစ်၏။ ရေဦးသည်လည်း မုံရွာမြောက်ဘက်တွင် အစည်ကားဆုံးဖြစ်သည်။ သို့ရာတွင် မုံရွာ တစ်ဝက်သာသာသာ ရှိမည်ထင်ပါ၏။ မြို့အကျယ်မှာ တောင်မြောက် ငါးမိုင်ခန့်နှင့် အရှေ့အနောက်လေးမိုင်ခန့်ရှိရာ၊ စတုရန်းမိုင် ၂၀ ခန့်ဟု ခန့်မှန်းရ၏။ မြို့တွင်းအိမ်ခြေပေါင်း ငါးထောင်ခန့်ရှိ၏။ မြို့သူ မြို့သားအများစုမှာ အရောင်းအဝယ်ဖြင့်သာ အသက်မွေးကြ၏။ အစိုးရ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းများက ဒုတိယ အများစုဖြစ်၏။ ကျန်သူများမှာ စိုက်ပျိုးရေး မွေးမြူရေးနှင့် လက်လုပ်လက်စားများသာ ဖြစ်ကြပါ၏။

မြို့ပတ်ဝန်းကျင် ကျေးရွာများကား အဓိက စပါး၊ ပဲအမျိုးမျိုး ကြက်သွန်၊ ငရုတ်၊ နှမ်း၊ ဆေးရွက်ကြီး စသည်တို့စိုက်ပျိုးသော တောင်သူလယ်သမားများသာ ဖြစ်ကြ၏။ ကာဘိုးဆည်ကြီးမှလာသော ဆည်မြောင်းများသည် ရေဦးမြို့နယ်မှသည် ဒီပဲယင်းမြို့နယ်ထဲအထိ ရေပေးနိုင်၏။ ရေဦးအနီးတစ်ဝိုက် လယ်သမားများကား ဆည်ရေ သောက် မိုးရေဝင် လယ်သမားများဖြစ်ကြပါ၏။ ထို့ကြောင့် လယ်သမား အများအားဖြင့် စားနိုင်သောက်နိုင်ရှိသူသာများ၏။

မိုးမြစ်သည်လည်း ရေကျသွားချိန်တွင် နုန်းတင်မြေနုများ ပေါ်လာ၍ ထိုမြေပေါ်တွင် ဆေးရွက်ကြီး၊ ကြက်သွန်နီ၊ နှမ်းနှင့် ခရမ်းချဉ်၊ ခရမ်းသီး နှင့် ဟင်းသီးဟင်းရွက်များ အများအပြားစိုက်ကြ၏။ အထူးသဖြင့် ဆောင်းတွင်းကာလများတွင် ရေဦး၌ဟင်းသီးဟင်းရွက်များ လှိုင်လှိုင် ပေါ်ပေသည်။ ခရမ်းချဉ်သီးတစ်တောင်းမှ ငါးမူးတစ်ကျပ်သာ ပေးရ၏။ မယုံမရှိပါနဲ့ ကိုယ်တွေ့ပါခင်ဗျာ။

ရေဦးမြို့မဈေးကြီးထဲ၌ အဝတ်အထည်ကန့်၊ ကုန်ခြောက်ခေါ် ချိတ်ကုန်တိုက်ကုန်အတန်း၊ ငါးပိဆားပြားအတန်း၊ ကျူလိယာ ကုန်အတန်း၊ ဆန်တန်း၊ ဟင်းသီးဟင်းရွက်တန်း၊ အသားငါးတန်းဟူ၍ ဈေးတန်းများ အသီးသီးရှိ၏။ အရောင်းရဆုံးမှာ ကုန်ခြောက်တန်း ထင်ပါသည်။ ကုန်ခြောက်ဆိုရာ၌ လက်ဖက်ခြောက်၊ ပုစွန်ခြောက်၊ ငရုတ်သီးခြောက်၊ ဆား၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ချင်း၊ လက်ဖက် အာလူး၊ မြေပဲဆန်၊ ပဲမျိုးစုံနှင့် ဆေးရွက်ကြီး စသည်တို့ပါဝင်ပါ၏။ ကျွန်တော်သည် ရေဦးမြို့မဈေးကြီးထဲ၌ ၁၉၅၀ ခုနှစ်မှ ၁၉၆၀ ခုနှစ်အထိ ဆယ်နှစ်ကျော် သွားလာနေထိုင်ခဲ့ဖူးရာ ရေဦးဈေး၏ အနေအထားအား အထိုက်အလျောက်ပြောနိုင်ပါသည်။





စားကုန်ပစ္စည်း အတော်များများအား ရွှေဘိုမှ မှာယူတင်သွင်းရသည်။ အထည်အလိပ်စသည်တို့လည်း ရွှေဘိုမှပင် မှာရ၏။ ရွှေဘို ဆိပ်ခွန်ထည်များကား ထိုစဉ်ကပင် ရေဦး၌ နာမည်ရနေပါပြီ။ မုံရွာ ဘက်ကမူ ဂျစ်ကားချည်ချောလုံချည်များ လာတတ်ပါ၏။

ရေဦးမှ ဆန်လည်းအကြီးအကျယ်ထွက်၏။ ကျွန်တော်ငယ်စဉ် ကပင် ဆန်စက်ကြီးပေါင်း ဆယ်လုံးထက်မနည်းရှိ၏။ ဆန်များကို ရွှေဘိုနှင့်မုံရွာသို့ တင်ပို့ရ၏။ ရေဦး၏ အချမ်းသာဆုံးပုဂ္ဂိုလ်များထဲတွင် ဆန်စက်ပိုင်ရှင်ကြီးများပါဝင်၏။ ဦးမြကြီး၊ ဦးဘကြွယ်၊ ဦးတင်မောင်၊ ဦးဘကြည် စသူတို့ကား ရေဦးမှ ကျွန်တော်မှတ်မိသော ဆန်စက် ပိုင်ရှင်များ ဖြစ်ကြ၏။ ထိုလူကြီးများ ယခုရှိသေးလျှင်ဖြင့် အသက် တစ်ရာနား ကပ်နေကြပါပြီ။ ၁၉၆၂ နောက်ပိုင်း ရေဦး–ကလေးဝ ထမ်းပေါက်သွားသောအခါ ရေဦးမှဆန်များကို ကလေးဝအထိ တင်ပို့ကြသည်ဟူ၍လည်း ကြားရ၏။ အိန္ဒိယထိ ထိုဆန်များရောက်သည် ထင်ပါသည်။ ထိုအချိန်၌ ကျွန်တော် ရေဦးမှာမရှိတော့ပါ။

ခြုံ၍ပြောရပါက ကျွန်တော်ကြီးပြင်းခဲ့သော ရေဦးမြို့သည်ကား ရွှေဘိုခရိုင်အတွင်း၌ စီးပွားရေးကောင်းမွန်သည်ဟု ပြောနိုင်ပါ၏။ စားနိုင်သောက်နိုင် လှူနိုင်တန်းနိုင်ကြ၏။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ကျောင်း ဆယ်ကျောင်းကျော်မျှရှိ၏။ ချမ်းသာကြီးကျောင်း၊ မစိုးရိမ် ကျောင်း၊ လေးထပ်ကြီးကျောင်း၊ မင်္ဂလာကျောင်း၊ ဝါဆိုကျောင်း၊ ပါဠိ ပိဋကကျောင်း၊ သိမ်ကျောင်း၊ ရက္ခမူကျောင်း၊ ကမ္ဘာ့ရုံကျောင်း၊ ညောင် ကိုးပင်ကျောင်း၊ ဥယျာဉ်ကျောင်း၊ ကန်တွင်းကျောင်းဟူ၍ ကျောင်းကြီး ကျောင်းကောင်းများ ဖြစ်ကြပါ၏။

ထိုဘုန်းကြီးကျောင်းများကို ကြည့်ခြင်းအားဖြင့် အလှူရေစက် သက်နှင့်မကွာလှူနိုင်သည့် ရေဦးဟုဆိုနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဩသြ်–ပြောဖို့ တစ်ခုကျန်ပါသည်။ ရေဦး၌ ကက်သလစ်ချာ့(ခ်ျ) ကျောင်းကြီးတစ်ကျောင်း၊ ဆစ်(ခ်)ဘုရားရှိခိုးကျောင်းကြီးတစ်ကျောင်းနှင့် ဗလီတစ်ခုလည်း ရှိပါသေးသည်ခင်ဗျား။

✿

**စာသင်ကျောင်းနှင့်ပညာရေး**

ရေဦးတွင် ကျွန်တော် လူမှန်းသိတတ်ခါစကပင် အထက်တန်းကျောင်း ရှိနေပါပြီ။ အထက်တန်းကျောင်းကြီးအား ပထမ ဈေးကြီးအနီးမှ ဘောလုံးကွင်းကြီးဘေးတွင် အဆောင်ငယ် အခန်းငယ်များခွဲကာ ဖွင့်လှစ်ခဲ့၏။ ကျောင်းအုပ်ကြီးမှာ ဦးသန်းမြင့်ဖြစ်ပါသည်။ ဦးသန်းမြင့်သည်ကား နောင်တွင် ရန်ကုန်၌ ပညာမင်းကြီးဖြစ်သွား၏။ နာမည်ကျော် စာရေးဆရာကြီး စစ်ကိုင်းဦးတိုးသင်း၏ သမက်ပါ။ ဆရာကြီး၏ဇနီးဒေါ်မြင့်မြင့် (ခေါ်) ဒေါ်သီရိက စစ်ကိုင်းဦးဘိုးသင်း၏ သမီးဖြစ်၏။ ဗိုလ်မှူးကြီးသိုးထိန်းနှင့် မောင်နှမအရင်းဖြစ်သည်။ ကျွန်တော်တို့မူလတန်းကျောင်းသားတုန်းက ကျွန်တော်တို့ဆရာမ ဖြစ်ခဲ့ဖူးသည်။ ဆရာကြီးဦးသန်းမြင့်က ဖြူဖြူချောချော၊ ထောင်ထောင်မောင်းမောင်း ဥပဓိရုပ်ကောင်းကောင်း၊ ထို့အတူ ဆရာမကလည်း ဆရာကြီးနှင့်လိုက်လျောညီထွေ ချောပါပေသည်။ သမီး လေးငါးယောက်နှင့် အငယ်ဆုံးသားကလေးတစ်ဦးသာ ရှိ၏။ အဖေအမေချော၍ သမီးများလည်း ချောကြပါသည်။ ဟိုစဉ်က ကျွန်တော်နှင့် အိမ်နီးချင်းကစားဖော် ကစားဖက်သူငယ်ချင်းများပါ။ အခုတော့ အသက် ၆၀ အရွယ်အဘွားကြီးများဖြစ်နေပေရော့မည်။

၁၉၅၆ ခုနှစ်၊ ကျွန်တော်လေးတန်းအောင်၍ ငါးတန်းရောက်သည့်နှစ်၌ ရေဦးအထက်တန်းကျောင်းကြီးအား မြို့တောင်ဘက်သို့ ရွှေ့၏။ အိုးပုံသဏ္ဌာန်နှစ်ထပ် အဆောင်ကြီးနှစ်ဆောင် ရပါသည်။





အဆောင် တိုင်း၌ (Assembly Hall) ပါပြီး ဇစ်ကပ်လျှင် အခန်းပေါင်း ဆယ်ခန်း လောက်ပါ၏။ ထိုကျောင်းသစ်ကြီးရရှိသောကြောင့် ကျောင်းသားများ တစ်စုတစ်ဝေးတည်း ခန့်ခန့်ညားညား ကျောင်းတက်နိုင်၏။ ကျောင်းဝင်းကလည်း ကေတစ်ရာခန့် ကျယ်ဝန်း၏။ အလွန် ကောင်းမွန်လှပါသည်။ အထက်တန်းကျောင်းရှိသော်လည်း တက္ကသိုလ် စာမေးပွဲအတွက် စာဖြေဌာနမရသေးပါ။ တက္ကသိုလ်ဝင်တန်း ကျောင်းသားများ စာမေးပွဲဖြေလျှင် ရွှေဘိုသို့ သွားဖြေရပါသည်။ ၁၉၅၉ လောက်မှ ရေဦး၌ တက္ကသိုလ်ဝင် စာဖြေဌာန ရသည်ဟု ထင်ပါ၏။ တက္ကသိုလ်ဝင်စာမေးပွဲကလည်း အောင်ချက်အလွန်နည်းပါသည်။ လူတစ်ရာမှ သုံးလေးငါးယောက် အောင်သည့်ကာလဖြစ်၏။ ကျွန်တော် တက္ကသိုလ်ဝင်တန်းအောင်သည့် ၁၉၆၁ ခုနှစ်အထိ ဆယ်တန်းခေါ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက်မှာ သုံးလေးငါးရာခိုင်နှုန်းသာ ဖြစ်နေပါသေးသည်။

''ဟိုတုန်းက တက္ကသိုလ်ဝင်တန်းအောင်ပြီး တက္ကသိုလ်ကျောင်းသားဆိုရင် တို့မြို့မှာ လူတကာ ငေးကြည့်ရတယ်နော်''

ဟု ကျွန်တော်နှင့်အတူ ရေဦးမှဆယ်တန်းအတူအောင်ခဲ့သည့် ဒေါ်မြမြဝင်းမှ မကြာသေးမီက အိမ်လာလည်ရင်း အမှတ်တရပြောသွားခဲ့၏။ သူ့ခေတ်နဲ့သူပေါ့ခင်ဗျာ။

ထိုစဉ်ကာလက ကျူရှင်ဆိုသည်လည်းမရှိပါ။ ရေဦး၌ အလွတ်သင်ကျောင်းဆို၍ အင်္ဂလိပ်စာတစ်ခုသာရှိ၏။ ဒါကလည်း တောမြို့ကလေးဖြစ်၍ အင်္ဂလိပ်စာအလွန်ညံ့ကြသောကြောင့် လိုအပ်ချက်အရ ရှိနေခြင်းဖြစ်မည်ထင်ပါသည်။ ကျန် သင်္ချာနှင့်အခြားဘာသာရပ်များအတွက် အလွတ်သင်ကျောင်း မဖွင့်ကြပါ။ အားလုံး အထက်တန်းကျောင်းကြီးမှ သင်ကြားပေးသမျှဖြင့် ,စာမေးပွဲဝင်ကြပါသည်။ ညီသူမှလည်း ကျူရှင်မတက်ကြပါ။ ကျောင်းကြီးမှ သင်ပေးသမျှဖြင့် ရောင့်ရဲကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာများကလည်း အသင်အပြကောင်းကြ၏။ ကျွန်တော် ဆယ်တန်းဖြေသည့်နှစ်က ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင် ကိုယ်တိုင် (Private study) ကာလ၌ အင်္ဂလိပ်စာသင်ပေးပါသည်။ အခြားဆရာများကလည်း စာမေးပွဲတွင်ပါနိုင်မည့် အဖြေများအား (Exam Special) ဆို၍ အထူးပို့ချပေးကြ၏။ ထိုအထူးသင်ကြားချက်များ ကို ကျက်မှတ်ပြီး ကျွန်တော်တို့ ဆယ်တန်းအောင်ခဲ့ကြပါသည်။

ဆရာကြီးဦးသန်းမြင့်က ၁၉၅၅ ခုနှစ်လောက်တွင် ရေဦးမှ ရာထူးတက်ပြီး ပြောင်းသွား၏။ ပညာရေးမှူးဖြစ်သွားသည်ထင်ပါသည်။ ကျောင်းအုပ်ကြီးအသစ် ဆရာကြီး ဦးမောင်မောင် ရောက်လာ၏။ ဦးမောင်မောင်ကား ကျွန်တော်နှင့်အလွန်ရင်းနှီးသော ဆရာကြီးဖြစ်ပြီး ကျွန်တော်ဆယ်တန်းအောင်အောင် များစွာလည်း အထောက်အပံ့ပေး ခဲ့၏။ ဆရာကြီး၏ ယောက်ဖကိုကျော်မြိုင်က ကျွန်တော်နှင့်အတန်းတူ သူငယ်ချင်းဖြစ်၏။ ကိုကျော်မြိုင်နှင့်ပတ်သက်ပြီး ဆရာကြီးက ကျွန်တော်နှင့် ကိုဘိုကြည်တို့ကို မျက်မှန်းတန်းမိသွားသည်။ ကျွန်တော် တို့နှစ်ယောက်က ဆရာကြီးအိမ် မကြာခဏ ဝင်ထွက်ကြသည်။ ထိုအခါ ဆရာကြီးက ကျွန်တော်တို့အား–

''ဟေ့ကောင်လေးနှစ်ယောက်၊ ဆယ်တန်းက ကျဖူးရင် ကြောက်သွားရောကွ၊ မင်းတို့စကောလားရှစ်သမားတွေ မဟုတ်လား (One Stroke) နဲ့ အောင်အောင်လုပ်၊ ငါတွက်ထားတဲ့ ဆယ်တန်းအောင် မယ့် ကြိုတင်ခန့်မှန်း စာရင်းထဲမှာ မင်းတို့နှစ်ယောက်ပါတယ်။ ကြိုးစား ကြ၊ လိုတာလည်းလာမေး''

ကျွန်တော်နှင့်ဘိုကြည်က လေးတန်းတွင် စကောလားရှစ်ဖြင့် အောင်လာသူများဖြစ်ရာ ထိုအကြောင်းကို ဆရာကြီးက ကောင်းစွာ သိ၏။ ထို့ကြောင့် ကျွန်တော်တို့ကို အားပေး၏။ ဆရာကြီး၏ အားပေးမှု ကောင်းသဖြင့် စိတ်ဓာတ်တက်ကြွပြီး စာဖိကြိုးစားလိုက်ရာ ကျွန်တော် နှင့် ကိုဘိုကြည်တို့ နှစ်ချင်းပေါက် ဆယ်တန်းအောင်ခဲ့ပါသည်။ ဆရာကြီး



ဦးမောင်မောင်သာမကပါ ကျွန်တော်တို့ဆယ်တန်းအောင်အောင် စာသင် ပေးသူများထဲတွင် ဆရာဦးစံရွှင် (အင်္ဂလိပ်စာ၊ သင်္ချာ)၊ ဆရာကြီး ဦးကြင်စိန် (သိပ္ပံ၊ သင်္ချာ)၊ ဆရာမဒေါ်ကင်းမြ (အင်္ဂလိပ်စာ၊ သမိုင်း)၊ ဆရာဦးတင်ဖေ (ပထဝီ)စသည့်ဆရာ၊ ဆရာမများလည်း ပါဝင်ပါသည်။ အာစရိယဂုဏောအနန္တောပေါ့ခင်ဗျာ။ ရေဦး၌ အလယ်တန်းကျောင်း မရှိပါ။ အထက်တန်းကျောင်းလည်း တစ်ကျောင်းသာရှိပါသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှ အထက်တန်းကျောင်းတစ်ကျောင်း ရေဦးမြောက်ဖျား တွင် ထပ်တိုးလာသည်ဟု သိရ၏။ အထက (၂) ပေါ့ခင်ဗျာ၊ ယခု အခေါ်အဝေါ်ဖြင့်ဆိုပါက အခြေခံပညာအထက်တန်းကျောင်းဟု ခေါ်မည် ထင်ပါ၏။

သို့ရာတွင် မူလတန်းကျောင်းကတော့ ကျွန်တော်ငယ်စဉ်ကပင် လေးကျောင်းခန့်ရှိ၏။ ရေဦးတောင်ခြမ်း၌ ဒေါ်သန်းရင်ကျောင်း၊ ဒေါ်သန်းကြီးကျောင်း နှစ်ကျောင်းရှိသည်။ အမှန်ကတော့ အမက (၁)၊ အမက (၂) ဟုခေါ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် မြို့သူမြို့သားများက ထိုသို့မခေါ်တတ်ပါ။ ကျောင်းအုပ်ဆရာမကြီးများ၏ အမည်ကို အစွဲပြု၍ ဒေါ်သန်းရင်ကျောင်း၊ ဒေါ်သန်းကြီးကျောင်းဟု ခေါ်ဝေါ်ကြ၏။

ရေဦးမြောက်ခြမ်းတွင်မူ ဒေါ်ရွှေစင်ကျောင်း၊ ညောင်ကိုးပင် ကျောင်းဟူ၍ နှစ်ကျောင်းရှိ၏။ ကျွန်တော် ကျောင်းစနေတော့ အိမ်နှင့် နီးသည့် ဒေါ်သန်းရင်ကျောင်းမှာစနေ၏။ ဒေါ်သန်းရင်က အပျိုကြီး စာသင် ကောင်းသော်လည်း အပျိုကြီးပီပီ ဒေါသကြီး၏။ အတော် အရိုက်သန်ပါသည်။ စိတ်မထင်ရင် မထင်သလိုလည်း ဘုပြောတတ်၏။ ကျွန်တော်က စာတော်သော်လည်း မျောက်ဟိုဒင်းကို့ သမန်းရှုအောင် ဆော့တတ်သူဖြစ်၍ ဆရာမကြီးဒေါ်သန်းရင်၏ ရိုက်နှက်မှုအား အကြိမ် ကြိမ်ခံခဲ့ရဖူး၏။ ၁၉၅၅ ခုနှစ်တွင် ထိုကျောင်းလေးတန်းမှ ကျွန်ုပ်မာရေး ကြောင့် ကျွန်တော်ကျောင်းထွက်ခဲ့ရသည်။ ရေဦးတောင်ဖျားမှ ရေဦး မြောက်ဖျားရှိ ဒေါ်ရွှေစင်ကျောင်းသို့ ပြောင်းနေခဲ့သည်။ ဒေါ်ရွှေစင်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှ လေးတန်းအား စကောလားရှစ်ဖြင့် အောင်ခဲ့သည်။ ကျွန်တော် သိပ်တော်၍တော့ မဟုတ်ပါ။ အတန်းပိုင်ဆရာဦးချစ်မောင်က စကောလားရှစ်ဖြေမည့် ကျွန်တော်၊ အေးချို၊ သန်းညွန့်တို့သုံးဦးအား သူ့အိမ်တွင် လပေါင်းအတော်ကြာညအိပ်စေပြီး ဘာသာစုံကို အနီးကပ်ကြပ်မတ် စာသင်ပေးခဲ့သဖြင့် အောင်သွားခြင်းပါခင်ဗျာ။ မခင်အေး တစ်ယောက်သာ မိန်းကလေးဖြစ်နေခြင်းကြောင့် ဆရာအိမ်ညလာ မအိပ်ရပါ။ ထို့ကြောင့် ထင်ပါ၏။ မခင်အေး စကောလားရှစ် မအောင်ပါ။ မည်သို့ပင်ဖြစ်စေ။ ထိုစဉ်က ရေဦးမှ မူလတန်းကျောင်းအားလုံး အစိုးရစစ် စတုတ္ထတန်း စာမေးပွဲများအား တန်းလုံးကျွတ်အောင်ကြပါသည်။ မူလတန်းပညာရေးကောင်းသည်ပေါ့ခင်ဗျာ။

အလယ်တန်းလည်း အစိုးရစစ်ပါပဲ။ ဒါလည်း ၅၀ ရာခိုင်နှုန်းခန့် ရေဦးကျောင်းက အောင်ပါသည်။ ၁၉၆၀ ပတ်ဝန်းကျင်က ခုနစ်တန်း အောင်ရင် (Lower Division Clerk) ခေါ် ၁၂၆ ကျပ်စား စာရေးလေး လုပ်၍ ရပါသေးသည်။ (PAT) ခေါ် မူလတန်းလက်ထောက်ဆရာလေးလည်း ဖြစ်နိုင်ပါသေးသည်။ ၁၉၆၀ နောက်ပိုင်းရောက်တော့ ဆယ်တန်းအောင်မှသာ (L.D.C) တို့ (PAT) တို့ လုပ်ကြရတော့သည်။ ဆယ်တန်းကတော့ ရေဦးကျောင်းက ကျွန်တော် ဆယ်တန်းစဖြေသည့် ၁၉၆၁ ထိ သုံးလေးငါးရာခိုင်နှုန်းသာ အောင်၏။ ထိုနှုန်းကလည်း တစ်နိုင်ငံလုံးနှုန်းထက် မနိမ့်ပါ။ ထို့ကြောင့် ငါးအောင်ချက်ကောင်းသည်ဟု ပြောလို့ရပါသေးသည်။

ခြုံငုံပြောရမည်ဆိုပါက ရေဦး၏ပညာရေးသည် မညံ့ပါ။ ဘုန်းကြီးကျောင်းများကလည်း ဘုန်းကြီးကျောင်းပညာရေးအား ဝိုင်းဝန်းခဲ့ကြပါသည်။

ကောင်းသည်ဟု ပြော၍ ရပါသည်ခင်ဗျား။



**ရေဦးသို့ပြန်ရောက်ခြင်း**

ကန့်ဘလူမြို့နယ်တွင် လေ့ကျင့်ခန်းဆင်းရင်း ပထမဦးဆုံးအကြိမ် ရေဦးသို့ရောက်ပါသည်။ အခွင့်ကြုံပါ။

၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ၏ နေ့တစ်နေ့။

“အဘ၊ ကျွန်တော်တို့ လေ့ကျင့်ခန်းက ဖီးကုန်းကာဘိုးနားမှာ ဖြစ်စဉ် ဖွင့်ထားတယ်။ အဲဒီဘက် ခဏရွှေ့မှ ရမယ်”

ကျွန်တော့် ဦးစီးအရာရှိများက ပြောလာ၏။

“ဟေ၊ ရွှေ့ရမယ်ဆိုရင်လည်း ရွှေ့တာပေါ့ကွာ”

လေ့ကျင့်ခန်းအရ စံပယ်နဲ့သာမှ ဖီးကုန်းမလယ်လမ်းဆုံကို ရွှေ့ခဲ့ရ၏။ ထိုမှ ကာဘိုးဆည်ကြီးအနီးသို့ ရွှေ့ခဲ့ရပြန်သည်။

“ကာဘိုးနဲ့တန့်ဆည်ဘယ်လောက်ဝေးသလဲ”

ကျွန်တော်က စိတ်ကူးတစ်ခုရ၍ မေးလိုက်မိ၏။

“ရွာသားတွေပြောတာတော့ လေးမိုင်လောက်ပဲတဲ့ ခင်ဗျ”

ဦးစီးအရာရှိ တစ်ဦးမှ ဖြေ၏။

“ကားလမ်းရော ရှိလား”

“ကာဘိုးရဲ့စခန်းမှူးပြောတာတော့ နွေဆိုရှိတယ်တဲ့ခင်ဗျ။ မိုးဆိုရင်တော့ မရှိဘူးတဲ့”

“အဲဒါဆို စခန်းမှူးခဏခေါ်ကွာ”

ကျွန်တော့်လေ့ကျင့်ခန်းမှာ မြစ်ကူးချောင်းကူးများ ပါပါသည်။ ဒို့ကြောင့် မူးမြစ်အား အရှေ့မှ အနောက်သို့ ကူးရန်ရှိ၏။ မြစ်ကူးရင် ကျွန်တော်ပါ လိုက်သွားလိုသည်။ တန့်ဆည်ကိုရောက်ဖူးချင်၏။ ရေဦးသားသာဆိုသည်၊ ရေဦးနှင့်ဆယ့်လေးငါးမိုင်သာဝေးသည့် တန့်ဆည်မြို့ကလေးအား တစ်ခါမှ မရောက်ခဲ့ဘူးပါ။ ယခု အသက် ငါးဆယ်နားနီးမှ အခွင့်ကြုံမရောက်ဘူးပါက နောင်ဘယ်တော့မှ ရောက်မည်မဟုတ်ပါ။

www.burmeseclassic.com



''ကဲ စခန်းမှူးကြီး မူးမြစ်ကိုကူးပြီး တန့်ဆည်သွားချင်တယ် ရမလား''

''ရပါတယ်အဘ၊ ဟိုဘက်ကမ်းကို လှေနဲ့ပို့ပေးပါမယ်''

''ကားပါ ယူသွားချင်တာ၊ ကားကူးလို့ရမလား''

''ဟုတ်ကဲ့၊ ကားငယ်လေးတွေတင်ပြီး ကူးနိုင်တဲ့ ကူးတို့ဖောင်လေးတစ်ခု ရှိပါတယ်။ အဘက ဘာကားယူမှာလဲ''

''မာဇဒါဂျစ်ပါ''

''ဟာ ဒါဆိုရင် ရပါတယ်ခင်ဗျာ၊ အဘသွားချင်တဲ့နေ့ပြောပါ စီစဉ်လိုက်ပါ့မယ်''

''မနက်ဖြန်သွားချင်တယ်၊ စောစောလေးလုပ်ထားပေးပါ''

နောက်တစ်နေ့တွင် မြစ်ကူးလှေကျင့်ခန်းအတွက် မြေအခြေအနေ ကြိုတင်လေ့လာသည့်အနေဖြင့် ကာဘိုးဆည်ကြီးအနီးမှ မူးမြစ်ကို ကျွန်တော် ဖြတ်ကူးခဲ့သည်။ ဦးစီးအရာရှိတစ်ဦး ခေါ်လာခဲ့ရပါသည်။ တစ်ဦးကိုမူ ရုံးစောင့်ထားခဲ့ရ၏။

ပါလာသည့် မာဇဒါဂျစ်အား လှေနှစ်စီးတွဲထားသည့် ကူးတို့ဖောင်ပေါ်တင်ကာ လှေထိုးသားများက ထိုးဝါးများဖြင့်ထိုးပြီး မြစ်ကိုဖြတ်ကူး၏။ လွယ်လွယ်ကူကူပင် အနောက်ဘက်ကမ်းရောက်သွားပါသည်။ အနောက်ဘက်ကမ်း၌ ရဲစခန်းမှူးနှင့် ရွာသာအချို့က စောင့်နေကြ၏။

''အဘ၊ ဒီဘက်လမ်းက သဲချည်းပဲ၊ ကားသွားရတဲ့အထိ ဝိုင်းတွန်းဖို့ ကျွန်တော် လူစုထားပါတယ်''

စခန်းမှူးက သူ့အစီအစဉ်ပြောသည်။ ၎င်းအတိုင်းပင် ကားလေးအား လူဆယ်ယောက်ခန့်ဖြင့် ကိုက် ၁၀၀၀ နီးပါးတွန်းလိုက်ရ၏။ လှည်းလမ်းတစ်ခုသို့ ရောက်သည်။

''ဒီလမ်းအတိုင်း ဖြည်းဖြည်းမောင်းသွားရင် တန့်ဆည်ရောက်ပါပြီ ခင်ဗျ။ ဒါတန့်ဆည်သွားတဲ့ လှည်းလမ်းပါ၊ ကျွန်တော်တို့ ဒီလမ်းက သွားနေကျပါ''





ရဲစခန်းမှူးနှင့် ရွာသာများက ပြောကြ၏။ ကျေးဇူးတင်ကြောင်း ပြောပြီး ငွေငါးရာကျပ်ပေးခဲ့ပါတယ်။ လုပ်အားခပေါ့ခင်ဗျာ။

လှည်းလမ်းလေးအတိုင်း အရှေ့မှအနောက်သို့ မောင်းရာ ၂ မိုင်ခန့်သာ မောင်းရ၏။ တန့်ဆည်မြို့ကလေးသို့ ရောက်ပါသည်။ တန့်ဆည်မြို့ကား မြို့သေးသေးလေးပါ။ အိမ်ငယ်ကလေးများနှင့် ချောင်ကျခြောက်ကပ်လှပါသည်။ အိမ်ခြေတစ်ထောင်ထက် ပိုမည်မထင်ပါ။ မြို့တွင်း၌ကား ကတ္တရာလမ်းလေးများ တွေ့ရပါ၏။

''ဟ၊ မြို့သေးသေးလေးပါလားကွ၊ တန့်ဆည်တန့်ဆည်နဲ့ ကြီးသုံငယ်ချင်း တန့်ဆည်သားတွေကတော့ ပြောနေကြတာပဲ''

ဟု ကျွန်တော်က ပြောလိုက်ရာ–

''ရွှေကတော့လမ်းဆုံကတော့ စည်တယ် ပြောတယ်ခင်ဗျ''

အတူပါလာသည့် ဗိုလ်မှူးမြသန်းက ဆို၏။

မြို့တွင်း ကားဖြတ်မောင်းရင်း လမ်းတစ်လျှောက် မြေအခြေအနေ ကြည့်လာပါသည်။ ဟင်းသီးဟင်းရွက်စိုက်ခင်း အများအပြား တွေ့ရသည်။ တန့်ဆည်ဘက်က ပဲအမျိုးမျိုးနှင့် သစ်တောထွက်ပစ္စည်းများ ရှေးသို့ဝင်ပါသည်။ ခဏအကြာတွင် ရွှေကတော့လမ်းဆုံသို့ ရောက်၏။ ရွှေကတော့လမ်းဆုံကား မြောက်ဘက်ကျွန်းလှသို့ သွား၍ရပြီး အနောက်ဘက် တမူးကလေးဝသို့ သွားသည့်နေရာဖြစ်၏။ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ ကုန်စုံဆိုင်များနှင့် အတော်စည်ကားပါသည်။ ကျေးလီး ကလေးဝသွားကားများ အသွားအပြန်နားနေသည့် စခန်းထောက်ဟု ပြောကြပါသည်။ ကျွန်တော်တို့ စစ်ကိုင်းနားက အုန်းတောလမ်းခွဲနှင့်လည်း ခပ်ဆင်ဆင်တူပါ၏။

''ဟေ့ – ကိုမြသန်း အုန်းတောနဲ့ ခပ်ဆင်ဆင်ပဲကွ''

ရွှေကတော့လမ်းဆုံတွင် ခဏနား၍ လှေကျင့်ခန်းအတွက် ဆွေးနွေးစားကြသည်။

''ဒီကနေပြီး ရှေးဘယ်လောက်ဝေးလဲ၊ မေးစမ်းပါဦးကွ''



www.burmeseclassic.com

www.burmeseclassic.com



"အဘ ဆယ်မိုင်ကျော်ပဲတဲ့ခင်ဗျ၊ မေးပြီးပြီ၊ လမ်းလည်း သိပ်ကောင်းတယ်၊ သွားရင်နာရီဝက်တောင် မကြာဘူးတဲ့ခင်ဗျ"

အလွှန်အကာင်းပါးသည့် ဗိုလ်မှူးမြသန်းက ဆို၏။

"အေးကွာ၊ ဒါဆိုရင်လည်း ရေဦးသွားကြရအောင်၊ ပြီးမှ ခင်ဦးဘက်က လှည့်ပြီး စုံပယ်နဲ့သာ ပြန်ကြတာပေါ့၊ အချိန်မမီရင်လည်း ငှက်ပျောဒိုင်းက ဘဓရရိပ်သာမှာ အိပ်ကြတာပေါ့"

ငှက်ပျောဒိုင်းတွင် ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေထုတ်လုပ်ရေးဌာနမှ ဧည့်ရိပ်သာတစ်ခု ရှိပါသည်။ ညအိပ်ဖူးပါသည်။ မြေမွန် ရိပ်သာနီးပါး ကောင်းပါသည်။

ခရီးဆက်ထွက်ခဲ့ကြသည်။ အမှန်ပင် လမ်းကောင်း၏ ကတ္တရာလမ်း ဖြစ်သည်။ မိနစ် ၂၀ ခန့်မောင်းပြီး ရေဦးရောက်တော့၏ ကျွန်တော် ငယ်စဉ်က နေခဲ့သော ဘူတာကွင်း အရင်ရောက်ပါသည်။ ဘာမှ သိပ်မထူးပါ။ အရင်လိုပါပဲ။ သို့ရာတွင် အထက်တန်းကျောင်းသစ် တစ်ကျောင်းတိုးလာသည်ကိုတော့ သတိထားမိခဲ့ပါသည်။ ကောင်းပါ၏။ ဘူတာလမ်းနှင့် မနီးမဝေးရှိ ပါဠိဝိဇ္ဇာကျောင်းသို့ ကျွန်တော် ဦးနှောက် ဝင်သည်။ ဆရာတော်ဦးပညာသိပ္ပ (၂၀၀၂ ခုနှစ်က ပျံလွန်တော်မူသွားသည့် မဟာစည်ဆရာတော် ဘဒ္ဒန္တပညာသိပ္ပ)အား ဝင်ဖူးသည်။ ကျောင်းအတွက် အလှူငွေများ လှူဒါန်းရေစက်ချခဲ့သည်။

"မောင်သောင်းဝေ ဘယ်ကလာသလဲ"

"တပည့်တော် တန့်ဆည်ကလာတာပါ ဘုရား"

"အေး–မင်းသတင်းတော့ ကြားပါတယ်ကွာ၊ ဒါပေမယ့် ဘုန်းကြီး စစ်ကိုင်းရောက်တိုင်း မင်းက စစ်ကိုင်းမှာမရှိတာ များတယ်"

"မှန်ပါဘုရား၊ တပည့်တော်က သွားသွားလာလာ များတယ် ဘုရား"

ဆရာတော်ဦးပညာသိပ္ပမှာ ကျွန်တော်၏ မွေးစားအဖေဆိုသူ များမည်မဟုတ်ပါ။ ဘုန်းကြီးနှင့် ကျွန်တော့်အဖေ ဦးသိန်းမောင်တို့ သက်တူရွယ်တူ သူငယ်ချင်းများဖြစ်ကြပြီး ကိုရင်အတူဝတ်၊ သင်္ကန်း ညီးခဲ့သူများ ဖြစ်၏။ ဆရာတော်က ထိုစဉ်ကပင် ဘုန်းကြီးဘဝနှင့် သာသနာ့တာဝန်ကို ထမ်းရွက်ခဲ့သည်မှာ ယခုတိုင်ဖြစ်၏။ ကျွန်တော့် အဖေကား အသက်သုံးဆယ်မပြည့်မီမှာပင် လူဝတ်ကြောင်ဘဝနှင့် ဥပစ္ဆေဒကကံဖြင့် ကွယ်လွန်ခဲ့ရ၏။ သို့ရာတွင် ငယ်စဉ်က ဆရာတော်နှင့် အလွန်ချစ်ခင်ရင်းနှီးလှသည်ဟု ဆရာတော်က အမိန့်ရှိဖူး၏။

ကျွန်တော့်ကိုလည်း–

"ငါ့သူငယ်ချင်းသိန်းမောင်ရဲ့သားလေး" ဟုဆိုကာ ချစ်ရှာ၏။ ဘက္ကာသိုလ်တက်တော့ နှစ်နှစ်သုံးနှစ်ခန့် ဘုန်းကြီးကျောင်းသွားတိုင်း ကျောင်းစရိတ် တစ်ရာမျိုး၊ နှစ်ရာမျိုး ထောက်ပံ့ခဲ့ဖူး၏။

ယခုအခါတွင်တော့ ဆရာတော်အား ကျွန်တော်ကပြန်ပြီး လှူနိုင်တဲ့ လှူရမည့်အချိန် ပြန်ဖြစ်နေပါပြီ။

ကွယ်လွန်သူ အရီးဒေါ်သန်းအားရည်မှန်းပြီး ငွေငါးထောင် ရေစက်ချ လှူဒါန်းခဲ့ပါသည်။

"အရီးဒေါ်သန်းအတွက်ပါ ဘုရား၊ ဆရာတော် သင့်တော်ရာ သုံးပေးပါ"

ဆရာတော်က အလှူငွေအား မထိမကိုင်ပါ။ ဝိနည်းတော် အရသာ ဆောင်ရွက်ပါ၏။

"အေး– ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနဲ့ ဆရာမိဘကို ရှိသေတော့ ဘုန်းကြီးသက်ရှည်ပေါ့၊ ဒီကုသိုလ်ကြောင့် ငါ့တပည့် ကောင်းကျိုးလိုရာဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်ပါစေ"

ဆရာတော်၏ ဆုပေးမှုကိုခံယူပြီး ကန်တော့၍ ပါဠိဝိဇ္ဇာ ကျောင်းမှ ထွက်ခဲ့၏။ ကျောင်းမှာ ကမ္မဋ္ဌာန်းကျောင်း ဖြစ်နေပါပြီ။ ဆရာတော်ကား ကိုးကျမ်းအောင် စာတတ်ပေတတ် ရဟန်းတော်ပါး ဖြစ်သော်လည်း ယခုအခါတွင်မူ ကမ္မဋ္ဌာနစရိယ ဖြစ်နေပါပြီ။





မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခဏာအကြာတွင်ကား မြို့တွင်းရောက်၏။ ဈေးအနီး၌ ကားရပ်ပြီး နေ့လယ်စာစားရင်း အခြေအနေကြည့်မိ၏။ ဈေးပတ်ဝန်းကျင်ကား ပြောင်းလဲနေပါပြီ။ လမ်းများ ပိုကောင်းနေ၏။ နာရီစင်တစ်ခု အသစ်လုပ်ထားသည်ကို တွေ့ရ၏။ အချို့အိမ်များ တိုက်သစ်များ ဖြစ်နေပြီး ထမင်းစားပြီးတော့ အထက်တန်းကျောင်းကြီးဘက် ထွက်ခဲ့၏။ ကျောင်းကြီးကတော့ မပြောင်းလဲပါ။ အရင်အတိုင်းပါပဲ ထို့နောက် ကျွန်တော်နောက်ဆုံးနေခဲ့သည့် အောင်သုခရပ်ကွက်ကလေးကို သွားသည်။ ကျွန်တော့်အိမ်ကလေးအား အလွမ်းပြေဝင်ကြည့်သည်။ သူ့အရိပ်အောက်မှာ ထိုင်ရင်းစာကျက်ခဲ့ရသည့် တမာပင်ကြီးကို ကြည့်သည်။ တမာပင်ကြီး မရှိရှာတော့ပါ။ နောက်အိမ်ရှင်က အိမ်သစ်ဆောက်ရာ မလွတ်၍ ခုတ်ပစ်လိုက်သည်ဟု ဆို၏။ လွမ်းမိပါသည်။ ကျွန်တော်ဆိုသည့်ကောင်ကလည်း တက္ကသိုလ်တုန်းက ပထမဆုံးဝတ်ခဲ့တဲ့ တက်ထရွန်အင်္ကျီလေးနှစ်ထည်တောင် အလွန်အစွဲအလမ်းကြီးစွာ သိမ်းထားခဲ့ဖူးရာ ယခုတမာပင်ကြီးကိုတော့ ဆိုဖွယ်ရာမရှိတော့ပါ။

ထို့နောက် အိမ်နီးချင်းဒေါ်ညိုမြအား ဝင်နှုတ်ဆက်၏။

"အောင်မယ်လေး၊ မောင်သောင်းဝေရယ်၊ ဟိုတုန်းက ခမ်းခယိုင်နဲ့ စစ်ထဲလိုက်သွားလိုက်တာ အခုတော့လည်း တကယ့်စစ်သားကြီးပါပဲလားဟဲ့၊ မင်းညီ မောင်မျိုးမြင့်လည်း မင်းလိုပဲ ဗိုလ်မှူးဖြစ်နေပါပြီတော်"

ဒေါ်ညိုမြက ဝမ်းပန်းတသာဖြင့် ကျွန်တော့်ကို အားပါးတရဖက်ယမ်းပြောဆို၏။ ငယ်စဉ်က ဒေါ်ညိုမြက ကျွန်တော့် အောင်သွယ်တော်ကြီး။ ဟိုဘက်အိမ်က ကျွန်တော့်ကလေးမကို တစ်ခုခုပြောလိုက―

"ကူညီပါဦး၊ ဒေါ်ညိုမြရယ်" ဟု အသနားခံရ၏။ သူမကလည်း ကူညီ၏။ သမီးရည်းစားဖြစ်ပြီးသည့်အထိ ကူညီခဲ့ပါသည်။ ဖူးစာမပါ၍ လွဲခဲ့ရတာကတော့ တစ်မျိုးပေါ့ခင်ဗျာ။





မောင်မျိုးမြင့်မှာ သူမသားအကြီးဆုံး။ မျိုးမြင့်၊ မျိုးတင့်၊ ဖိုးစိန်ဆိုသူများကား သူမသားများ ကျွန်တော်နှင့် ဘောလုံးကန်ဖက်များ။ မျိုးမြင့်က ဆယ်တန်းဖြေပြီး စစ်ထဲလိုက်သွားရာ တပ်ထဲရောက်မှ ဆယ်တန်းအောင်ပြီး ဗိုလ်ဖြစ်သွား၏။ ယခု ဤစာရေးနေချိန်မှာတော့ နယ်စပ်စည်ပင်တွင် တာဝန်ထမ်းဆောင်ရင်း မန္တလေးတိုင်းမှာလိုလို ကြားပါသည်။ လူချင်းမတွေ့ကြတာ ကြာပါပြီ။

အောင်သုခကွက်သစ်က ပြန်တော့ သိမ်ကျောင်းနားမှရှိသည့် ဒေါ်လေးမဆယ်ကို ဝင်နှုတ်ဆက်ရ၏။ လေးဆယ်ကျော်မှ ကံပေါ်သည့် ကျွန်တော့်အဒေါ်က သူ့ယောကျ်ားကိုဘိုနှင့် မိတ်ဆက်ပေး၏။

"ကြားဖူးတယ်ဗျာ၊ ခင်ဗျားဒေါ်လေးက ခင်ဗျားအကြောင်း ခဏခဏ ပြောတာဗျ"

ကိုဘိုကား ကုန်သည်မို့ လည်လည်ဝယ်ဝယ်ရှိ၏။ အညာသားများ ထုံးစံအတိုင်း အသားကခပ်ညိုညိုပြင်၊ အသက်ကမူ ငါးဆယ်ကျော်၊ ခြောက်ဆယ်ခန့်။

ဒေါ်လေးမဆယ်ကလည်း ကျွန်တော့်အောင်သွယ်ပါပဲ။ ထို့ကြောင့် ရေးဟောင်းနှောင်းဖြစ်များ စကားလက်ဆုံပြောမကုန်ပါ။ သို့ရာတွင် ကန့်ဘလူမြို့နယ်ထဲအထိ ပြန်ရမည်ဖြစ်သဖြင့် နေ့လယ်တစ်နာရီ ထိုးပြီးသည်နှင့် ရေဦးမှပြန်ထွက်ခဲ့၏။ မြို့ကိုတော့ တစ်ပတ်ပတ်ပြီး ကြည့်ဖြစ်အောင် ကြည့်ခဲ့ပါသေးသည်။ ယခင်ကထက်တော့ အတော်တိုးတက်မှု ရှိပါ၏။ လုံးဝဥဿုံ ပြောင်းလဲတာတော့ မဟုတ်ပါ။ အချို့သော အသစ်အသစ်များကိုကား မြင်တွေ့နေရပါသည်။ လူတွေကတော့ အိုကြ၊ ဟောင်းကြ၊ သေကြပါပြီ။ ကျွန်တော် ကျောင်းသားဘဝတုန်းပေါ်မှ နာမည်ထင်ရှားသူ လူကြီး အတော်များများကား ကွယ်လွန်သွားကြပါပြီ။ ကျွန်တော့်အသက် ၂၀ ခန့်က သူတို့က ငါးဆယ်၊ ခြောက်ဆယ်၊ အခု ကျွန်တော်ပင်လျှင် ငါးဆယ်နားကပ်နေရာ သူတို့သေမည်ဆိုက သေတန်လောက်ပါပြီ၊ ဒါကလည်း သဘာဝပဲ မဟုတ်ပါလားခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com



သီတင်းကျွတ်ပြီး၍ မူးမြစ်ကို ယာယီဝါးတံတားအသစ်မှ ဖြတ်ကူးနိုင်ခဲ့ပါသည်။ သိပ်မကြာလိုက်ပါ။ ညနေသုံးနာရီတွင် ခင်ဦးသို့ ရောက်၏။ ခင်ဦးမှ မဟာဗျူဟာလမ်းဆုံသို့ မိနစ်အနည်းငယ်မောင်းပြီး ပြန်ခဲ့ရာ ညနေငါးနာရီခန့်တွင် စံပယ်နံ့သာမှာရှိသည့် ကျွန်တော့်ဘိုထဲ အသစ်ကလေးသို့ ပြန်ရောက်ပါတော့သည်။

၁၉၇၇ ကတည်းက မရောက်ခဲ့သည့် ရေဦးကို အနှစ် ၂၀ နီးပါးအကြာ ပထမဆုံးအကြိမ် ပြန်ရောက်ရာ အားလုံးက လွမ်းစရာ တွေပါ။ ကျွန်တော့်အတွက် အတိတ်ကိုမှန်းဆ၍ လွမ်းရပါသည် ခင်ဗျား။

❦

## ကျွန်တော်နှင့် တန့်ဆည်သားများ

ကျွန်တော်သည် ရေဦးသားဆိုသော်လည်း ရေဦးမြောက်ဘက် ဆယ်မိုင်မျှသာဝေးသည့် တန့်ဆည်မြို့လေးသို့ ငယ်စဉ်က မရောက်ခဲ့ဘူး ပါ။ သို့ရာတွင် ကျွန်တော့်၌ တန့်ဆည်သားမိတ်ဆွေအမြောက်အမြား ရှိ၏။ ငယ်သူငယ်ချင်းများလည်း ပါဝင်သည်။ ကျွန်တော်နှင့် လေးတန်း စကောလားရှစ်အတူအောင်ခဲ့သော မောင်နီ(ခ) သောင်းညွန့်သည် တန့်ဆည်မျိုးဆက်ဖြစ်၏။ သူ၏အဖေ ဆရာကြီးပျို့သည် ကျွန်တော့် ဆရာ ဖြစ်ခဲ့ဖူးသည်။

ကျွန်တော်တက္ကသိုလ်တက်တော့ ရန်ကုန်ကြည့်မြင်တိုင် ကျောင်းတိုက်ကြီး ရွှေလှိုင်အုတ်ကျောင်းတွင် တစ်နှစ်ခန့်နေခဲ့ရသည်။ ကျွန်တော့်အရင် တန့်ဆည်ကြောင်ဆင်းအိုင်မှ ကိုမိုးရည်ရှိနှင့်၏။ သူသည် စာအလွန်တော်၏။ တန့်ဆည်သားထဲ၌ လူသိများသူဖြစ်၏။

တန့်ဆည်သားထဲ၌ အခြားလူသိများ ကျော်ကြားသူမှာ ကွယ်လွန်သူ ဗိုလ်ချုပ်သီဟသူရစစ်မောင်ဖြစ်သည်။ တန့်ဆည်သားထဲ၌ အကျော်ကြားဆုံးဟု ဆိုနိုင်၏။ တပ်မတော်တွင် ကျွန်တော်နှင့် မအေး မနှောင်း အရာရှိဖြစ်လာသူ ဖြစ်သည်။ သူ့ကို ၁၉၈၈–နှစ်စအထိ





ကျွန်တော် မမြင်ဘူးခဲ့။ ကကကျင့် တွဲဖက်ဘဝနှင့် မော်ဘီသွားနေရမှ သူနှင့် သိကျွမ်းရသည်။ သိကြတော့လည်း တန့်ဆည်မရောက်ဘူးသည့် ကျွန်တော်က သူ့အား ခပ်ကြွားကြွားဖြင့် ရွှေဘိုမြောက်လက်ရေဦး သားဖြစ်ကြောင်း ပြောလိုက်မိ၏။ သူ တန့်ဆည်သားမှန်းသိမှ လေကို လျှော့လိုက်ရသည်။

သူ့ဇာတိ တန့်ဆည်ကို ကျွန်တော်ဗျူဟာမှူးဖြစ်မှ ရောက်ဖူးပါ တော့သည်။ တန့်ဆည်ရောက်တော့ သူ့ကိုသတိရမိ၏။ ကျွန်တော် နယ်ဘက် ရောက်ပြီးသည့်အခါ သူနှင့်အကြိမ်ကြိမ် ပြန်တွေ့၏။ ထိုအချိန်၌ သူသည် တပ်မတော်၌ တိုင်းမှူးတာဝန် ထမ်းဆောင်နေပါပြီ။

၂၀၀၁ ခုနှစ်၊ ရဟတ်ယာဉ်ပျက်၍ သူကွယ်လွန်သွားတော့ သူ့အကြောင်းအား သတိတရဖြင့် ကျွန်တော်စာတစ်ပုဒ် ရေးဖြစ်ပါသည်။ ထိုဝတ္ထုလေးအား ကျွန်တော်၏ စစ်သွေးမဂ္ဂဇင်း၌ အမှတ်တရထည့်သွင်း ဖော်ပြခဲ့သည်။ ယခုလည်း ကျွန်တော်၏ အတွေးပုံရိပ်အတိတ်ဟိုဆီ၌ သူ့အကြောင်းရေးထားသည့် ကျွန်တော့်ဝတ္ထုလေးအား ပြန်လည် ဖော်ပြအပ်ပါသည် ခင်ဗျား။

❦

## ခေတ်ထောင် တစ်ကောင်ဘွားဖော့

သူကွယ်လွန်သွားခဲ့သည်မှာ သက္ကရာဇ် ၂၀၀၁ ခုနှစ်စက ဆိုတော့ ဘာလိုလိုနဲ့ ငါးနှစ်နီးပါးပင် ရှိခဲ့ချေပြီ။ သို့ရာတွင် သူ့အား ခဲ့ဘော်ရဲဘက် များက ဘယ်တော့မှ မမေ့ကြ။ ရင်းနှီးဖော်ရွေပြီး ဟိတ်ဟန်မရှိသည့် သူ၏နွေးထွေးသော ဆက်ဆံရေးကို သူနှင့်တွေ့ဖူးသူ တိုင်းက အမှတ်တရ ပြောတတ်ကြ၏။

ကျွန်တော်နှင့် သူ စ,တွေ့ဆုံပုံကလည်း ထိုနည်းနှင်နှင်ပါပေ။

❦



www.burmeseclassic.com

www.burmeseclassic.com



၁၉၈၈-ခုနှစ်၊ နှစ်ဆန်းတွင် ကျွန်တော်သည် အောင်လံတပ်တွင် ဒုတိယတပ်ရင်းမှူးတာဝန် ထမ်းဆောင်နေရာမှ ရန်ကုန်စစ်ရုံးသို့ တွဲဖက်ရန် အမိန့်ထွက်လာ၏။ မိခင်တပ်ရင်းမှ မည်သည့်နေရာမှ တွဲဖက်မသွားလိုပါ။ တွဲဖက်နေရသည်မှာ ကိုယ့်မူရင်းအဖွဲ့အစည်းမဟုတ်သည့် တပ်သို့သွားရသဖြင့် မိခင်တပ်ရင်းလိုတော့ အစစအရာရာ ချောချောမွေ့မွေ့ မရှိတတ်ပါချေ။ ဒုတိယတပ်ရင်းမှူး မဖြစ်မီ အရာရှိငယ်ဘဝကတည်းက တွဲဖက်နှစ်ကြိမ် သုံးကြိမ်ခန့် အခြားတပ်များတွင် နေခဲ့ဖူးပါသည်၊ နောက်ဆုံးတော့ ကိုယ့်မိခင်တပ်ကိုယ် မရအရ ပြန်ပြေးခဲ့ရသည်သာ

ယခုလည်း လာပြန်ပါပြီ၊ တွဲဖက်တဲ့၊ ဒါပေမယ့် ဒီတွဲဖက်ကတော့ ငြင်း၍ရမည် မဟုတ်။ စစ်ရုံးတွဲဖက်ဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာန လေ့ကျင့်ရေး ညွှန်ကြားရေးမှူးရုံးသို့ တွဲရမည်ဖြစ်၏။ ရှေ့တန်းတွင် အလွန်ပျော်နေ၍ ကျွန်တော်က မသွားလိုပါ။ ဤကိစ္စကို တပ်ရင်းမှူးကြီးနှင့် စကားစပ်မိကြရာ တပ်ရင်းမှူးကြီးက-

''ဟ စစ်ရုံးကခေါ်တာ မင်း မသွားလို့ ဘယ်ရမလဲ၊ သွားသာ သွားပါကွာ''

ဟု ပြောလေတော့သည်။

ဤသို့ဖြင့် ၁၉၈၈-ခု၊ ဖေဖော်ဝါရီလတွင် ကျွန်တော်သည် ရန်ကုန်စစ်ရုံးသို့ ရောက်ရှိသတင်းပို့ရတော့၏။ ကကထူးတွင် ဆရာသမားဟောင်း ဗိုလ်မှူးကြီးအောင်လွင်နှင့်တွေ့ရာ-

''မောင်ရင့်ကို လူကြီးတွေတင်ပြပြီး ကိုယ်ခေါ်လိုက်တာကွ မောင်ရင်က ဥစတ (Grading) ကောင်းတယ်။ တပ်ရင်းမှူးဖြစ် ခန့်ဖို့ လည်းဝေးသေးတော့ နားနားနေနေ စာရေးစာဖတ်နဲ့ ကကကျင့်မှာ အေးအေးဆေးဆေး လေ့လာခွင့်ရအောင် လုပ်ပေးလိုက်တာပါ။ အဆင်ပြေရင်လည်း နိုင်ငံခြားသင်တန်းတက်ခွင့်ရမယ်''

ဟု ဆီးပြောပါတော့သည်။ ဆရာသမားများက ကောင်းမယ်ထင်လို့ ဆောင်ရွက်လိုက်သည်ကို ဘာမှပြောစရာမရှိပါ။





''ကဲ - ကကကျင့်က ဗိုလ်မှူးကြီး မြတ်သင်းသွားသတင်းပို့ဦး၊ ဘာလုပ်ရမယ်ဆိုတာ သူပြောပါလိမ့်မယ်''

ကကကျင့်ကို သွားရောက်ပါသည်၊ ဗိုလ်မှူးကြီးမြတ်သင်းနှင့်တွေ့တော့-

''မောင်ရင့်ကို ဥစတ (Grading) ကောင်းလို့ ခေါ်လိုက်တာကွ၊ ဘာဝန်ကတော့ တပ်မတော် သင်တန်းကျောင်းကြီးတွေက သင်ခန်းစာအဟောင်းတွေ အသစ်ပြန်ရေးဖို့ပဲ၊ အဟောင်းတွေက ကြာပြီလေ။ တို့ ၁၉၅၀ ပတ်ဝန်းကျင်လောက်ကတောင် ပါနေတယ်။ ခေတ်မမီတော့ဘူး၊ ဒါကြောင့် ခေတ်နဲ့လျော်ညီတဲ့ သင်ခန်းစာတွေ ပြန်ရေးဖို့ (Grouping) တစ်ခု စုဖွဲ့ထားတယ်။ မောင်ရင်အပါအဝင်ပေါ့ကွာ၊ မောင်ရင်က တိုက်ခိုက်ရေးကျောင်းက လာတာဆိုတော့ တိုက်ခိုက်ရေးကျောင်းဆိုင်ရာ ခြေလျင်ဌာနခွဲက သင်ခန်းစာတွေ အဓိကပြုစုပေးပါ''

ဟု မှာကြားပါသည်။ အထူးအထွေ ဘာမှပြန်မပြောမိပါ။

''နက်ဖြန် ဗိုလ်သင်တန်းကျောင်းသွားလိုက်ပါ၊ ဟိုမှာ ဒုတိယဗိုလ်မှူးကြီးလှသိန်းနဲ့ မောင်ရင်တို့ (Grouping) အဖွဲ့ရှိတယ်။ လေးငါးခြောက်ယောက်ပဲ မောင်ရင်သိပြီးသားတွေ ဖြစ်မှာပါ။ ရိပ်သာတစ်ခု စီစဉ်ပေးထားတယ်။ မောင်ရင်လည်း လူစုံရင် ပျော်သွားမှာပါ''

ဗိုလ်မှူးကြီးမြတ်သင်းက အာဝဇ္ဇန်းကောင်းကောင်းနှင့် ပြောဆိုက်ရာ ဘာပြန်ပြောရမှန်းပင် မသိတော့ပါ။ ကျွန်တော့်အရင် ရောက်နှင့်နေသူများကို မေးမိရာ ကျွန်တော့်မိတ်ဟောင်းဆွေဟောင်းအဖြစ် ဗိုလ်မှူးခင်မောင်ဝင်းနှင့် ဗိုလ်မှူးကိုကိုထွေးတို့နှစ်ဦးသာ ပါ၏။ အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး လှသိန်းကိုမူ ကျွန်တော် ဂျီတူးဘဝက ချင်းတုံဒေသတွင် တစ်ကြိမ်နှစ်ကြိမ် ဆုံခဲ့ဖူးသည်။ သိပ်တော့ မရင်းနှီးပါ။ သို့ရာတွင် စစ်သားတွေပဲလေ၊ အလုပ်အတူလုပ်ရင် ခင်မင်သွားမှာပေါ့ဟု တွေးကာ ဗိုလ်မှူးကြီးမြတ်သင်းက မှာကြားသမျှအား လိုက်နာဆောင်ရွက်ပါမည်ဟု အာမခံချက်ပေးလိုက်ပါသည်ခင်ဗျား။

❦



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နေ့လယ်တွင် တစ်ညတည်းခိုခဲ့ရာ မင်္ဂလာ
တောင်ညွန့်ရှိ အမေ့အိမ်လေးမှ မော်ဘီဗိုလ်သင်တန်းကျောင်းသို့ ကား
ငှားပြီး ထွက်ခဲ့၏။ ညနေတွင် ဗိုလ်သင်တန်းကျောင်းရိပ်သာအနီး
ကျွန်တော်တို့ တွဲဖက်အရာရှိများထားသည့် အိမ်ကြီးသို့ ရောက်ရှိသွားသည်
အဆင်သင့်ပင် အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး လှသိန်းကိုတွေ့ရာ–

"အစ်ကို ကျွန်တော်ရောက်ပါပြီခင်ဗျာ" ဟု သတင်းပို့၍ ပါလာ
သည့် အာမီရမ်ငါးပုလင်းကိုပါ အပ်နှံလိုက်၏။ ထိုအခါ ဒုတိယ
ဗိုလ်မှူးကြီးလှသိန်းကပြုံးပြီး–

"ဟာ အတော်ပဲဟေ့၊ တို့အဖွဲ့ ရိက္ခာပြတ်နေတာနဲ့" ဟုဆို
ကျွန်တော်အပ်နှံလိုက်သည့် ရမ်ငါးပုလင်းအား ဝမ်းမြောက်ဝမ်းသာ
လက်ခံလိုက်သည်။ ကျွန်တော့်တွင် အာမီရမ်သာမက အောင်လံ
ပဲကြွမ်းကြော်များ၊ နမ်းဆီပုလင်းများ၊ ကြက်သွန်နီများပါ ပါလာသေ
သဖြင့် အတူလိုက်ပါလာသော အကူရဲဘော်လေးအား ယနေ့ညနေတွင်
ထုံးစံအတိုင်း ပြင်ဆင်ပေးရန် ပြောလိုက်၏။ သူက ကျွန်တော့်အတွက်
ဒါမျိုးလုပ်ပေးနေကျ။

ညနေ ၆ နာရီခန့်တွင် ကျွန်တော်နှင့် ဒုတိယဗိုလ်မှူးကြီး
လှသိန်း တို့သည် ရမ်ပုလင်းကိုဖွင့်၍ ပဲကြွမ်းကြော်သုပ်နှင့် အလုပ်စ
ထိုင်လိုက်ကြ၏။ ထိုအချိန်တွင် အသားညိုညို၊ ခပ်ပိန်ပိန်၊ စွပ်ကျ
ချိုင်းပြတ်နှင့် အသက် ၄၀ နီးပါးဟု ခန့်မှန်းရသူတစ်ယောက်သည်
ဆေးပေါ့လိပ် တစ်လိပ်အား ပါးစပ်မှကိုက်၍ ညှော်ခန်းထဲသို့ ဝင်လာ
ထိုအခါ ဒုတိယဗိုလ်မှူးကြီးလှသိန်းမှ–

"ဟေ့ ကိုစစ်မောင်၊ လာထိုင် အတော်ပဲ၊ ဒါ ကိုယ်တို့အဖွဲ့
နောက်ရောက်လာတဲ့ ကိုသက်ဦး"

ဟု မိတ်ဆက်ပေး၏။

ထိုအခါ ထိုဆေးပေါ့လိပ်နှင့်ပုဂ္ဂိုလ်က ပြုံး၍ခေါင်းညိတ်လို
၏။ ထို့နောက် ကျွန်တော်တို့သုံးဦးသား စစ်မတ်ခွက်စိမ်းကိုယ်စီဖြ





အာမီရမ်ကို ရေနှစ်ဆရောပြီး၊ ပြိုင်တူမော့ချလိုက်၏။ ဆီရွှဲနေသည့်
ကြွမ်းကြော်သုပ်ကလေးကိုလည်း တစ်ဇွန်းစီ ဝါးလိုက်သည်။ သုံးလေး
ခါဝါးစား၍ အာမီရမ်သုံးလေးကျိုက် သုံးဆောင်ပြီးသည့်အခါသမယ
ခွင်မှ အာသွက်လျှာသွက်ဖြင့် ကျွန်တော်တို့သုံးဦးလုံး အာသွက်ခရောဏ်
သော၏။ ထိုအခါ စောစောက မပွင့်တပွင့်လေးသာပြုံးလိုက်သည့်
စစ်မောင်က အားပါးတရပြုံးလိုက်ပြီး–

"အစ်ကိုက ဘယ်ဇာတိလဲ" ဟု မေးပါတော့သည်။

ကျွန်တော်က ရွှေဘိုနယ်သားဖြစ်ကြောင်း အလွန်ပြောချင်သူ
၏။ ထို့ကြောင့် မဆိုင်းမတွပင်–

"ရွှေဘိုမြောက်လက် မူးမြစ်အဲနောက်ဘက်ကမ်းက ရေဦးသား
ကိုစစ်မောင်ကရော"

ကိုယ့်ဇာတိကို မသိမှာစိုး၍ ပိုပိုသာသာ ပြောလိုက်မိ၏။

"ကျွန်တော်က တန့်ဆည်က"

"ဟိုက်၊ ဒါဆို ကိုယ့်ညီက တန့်ဆည်သားပေါ့"

"ဟုတ်တယ်၊ တန့်ဆည်သားပဲ"

တန့်ဆည်နှင့်ရေဦးမှာ မဝေးလှပါ။ (၁၀) မိုင်သာသာသာ
၏။ တန့်ဆည်က ရေဦးမြောက်ဘက်ရောက်ပါသည်။ ထို့ကြောင့်
ဦးနှင့် စာသော် ပို၍ခေါင်သည်ဟုပင် ဆိုနိုင်၏။ ကျွန်တော်သည်
စစ်မောင် တန့်ဆည်သားမှန်းမသိ။ စစ်တက္ကသိုလ်အပတ်စဉ် (၁၂)
သာ သိထားသည်။ ထို့ကြောင့် ကိုယ်တောသားမှန်းသိအောင် ခပ်ကြွား
ပြောလိုက်ရာ သူက ကိုယ့်ထက်ပင် ချောင်ကျသောနေရာက
နေသဖြင့် တောသားဖြစ်ကြောင်း ကြွားသည့်လေကို ရှော့လိုက်ရ၏။

ကိုစစ်မောင်ကား တပ်မတော်တွင် သူရနှင့်သီဟသူရစွမ်းရည်
နှစ်ခု ရထားသူဖြစ်သော်လည်း ထိုနေ့က စကားဝိုင်းတွင် စစ်ပွဲ
သည့်အကြောင်း တစ်လုံးတစ်ပါဒမှ မပြောဘဲ စနေနေ့တိုင်း သူ့မော်ဘီ
ကုန် ဘတ်စ်ကားများ တိုးစီးရသည့်ခရီးစဉ်အကြောင်း ကကကျင့်



www.burmeseclassic.com

www.burmeseclassic.com



ကျိုဝမ်းကြီးဒုတိယဗိုလ်မှူးကြီးမြတ်သင်းနှင့် ဆွေးနွေးငြင်းခုံရသည့်အကြောင်း၊ မော်ဘီလေတပ်ဂေါက်ကွင်းတွင် ဂေါက်ရိုက်ရသည်မှာ ငယ်စဉ်ကကျည်းသားရိုက်ခဲ့ရသည်ထက် များစွာပိုရှုပ်ခက်ကြောင်း စသည်များကိုသာ ခပ်တည်တည်ဖြင့် ဟာသနှော၍ ပြောသွားပါတော့သည်။

နောက်ဆုံးစကားဝိုင်းသိမ်းတော့–

"ကဲ အစ်ကိုနဲ့ ကျွန်တော် တစ်နယ်တည်းသားနော်၊ ရွှေဘိုသားတွေပဲ" ဟု ဟိတ်ဟန်မရှိဘဲ၊ ဖြူဖွေးသောသွားများပေါ်အောင် အားပါးတရပြုံးပြီး ကျွန်တော့်လက်ကို ဆုပ်ကိုင်၍ပြောလိုက်ရာ ထိုနေ့မှစ၍ သူနှင့်ကျွန်တော် အထူးခင်မင်သွားခဲ့ပါသည်။

ဤသည်မှာ ၂၀၀၁ ခုနှစ်က ရဟတ်ယာဉ်ပျက်ကျကာ ကွယ်လွန်သွားခဲ့သည့် ဗိုလ်ချုပ်သူရသီဟသူရ စစ်မောင်နှင့် ကျွန်တော်တို့တစ်တွေ တွေ့ဆုံခဲ့ပုံပါခင်ဗျာ။

---

မော်ဘီတွင် နှစ်လခန့်ကြာခဲ့၏။ ထိုစဉ်က ကျွန်တော်တို့ အနေတူ နေခဲ့ကြသူများမှာ အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးလှသိန်း၊ ဗိုလ်မှူးသူရသီဟသူရစစ်မောင်၊ ဗိုလ်မှူးအောင်ကြည်၊ ဗိုလ်မှူး မင်းလှအောင်၊ ဗိုလ်မှူးခင်မောင်ဝင်း၊ ဗိုလ်မှူးကိုကိုထွေးနှင့် စာရေးသူ ကျွန်တော်တို့ဖြစ်၏။ ထိုအထဲတွင် ကျွန်တော်၊ ကိုခင်မောင်ဝင်းနှင့် ကိုကိုထွေးတို့မှာ နိုင်ငံခြားမရောက်ဘူးပါ။ ဒုတိယဗိုလ်မှူးကြီးလှသိန်း အမေရိကန်နိုင်ငံ၊ ဖို့ပင်ဝပ်သ်မှ (CGSC Command and General Staff College) သင်တန်း တက်သူများဖြစ်ပါသည်။ ကျွန်ကိုစစ်မောင်နှင့် အုပ်စုကလည်း အမေရိကန် နိုင်ငံ ဖို့ဘင်းနင်းမှ (IOAC Intantry Officer Advanced Course) တက်ခဲ့ကြသူများ ဖြစ်သည်။ အားလုံး အမေရိကန် ပြန်များပေါ့ခင်ဗျာ။





ကျွန်တော်တို့ ခုနစ်ယောက်သည် နေ့စဉ် ညနေခင်းတွင်းထိုင်ရင်း တိုက်ခိုက်ရေးကျောင်း၊ ဗိုလ်သင်တန်းကျောင်းနှင့် အခြားအခြားသော သင်တန်းကျောင်းများအတွက် ကောင်းနိုးရာရာ လေ့ကျင့်ခန်းအသစ်များအား ရေးသားပြုစုကြ၏။ နိုင်ငံခြားပြန်များက သူတို့၏ နိုင်ငံခြားအတွေ့အကြုံများအား ပြောပြကြ၏။ နိုင်ငံခြားမရောက်ဘူးသေးသည့် ကျွန်တော်တို့သုံးယောက်က နားထောင်ရ၏။ အဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်မှူးကြီးလှသိန်းမှာ ဟာသဉာဏ်ရွှင်၍ ထားဝယ်သံ၊ ဘိတ်သံဖြင့် အပြောကောင်းသူဖြစ်ရုံမက ပြောလည်း အလွန်ပြောနိုင်ရာ ကျွန်တော်တို့မှာ မပျင်းရဘဲ တဝါးဝါးတဟားဟားနှင့် ပွဲကျနေကြ၏။ ထိုအချိန်များတွင် ကိုစစ်မောင်က ငြိမ်နေတတ်သည်။ ဘာမှလည်း ပြောလေ့မရှိ။ ကျွန်တော်က ငြိမ်ပြီးစာရေးနေသည့် ကိုစစ်မောင်ကို ကြည့်ရင်း စွမ်းရည်ဘွဲ့နှစ်ခုရထားသည့် မတစ်ထောင်တစ်ကောင်အွားတိုယ့်တစ်နယ်သားကို ဂုဏ်ယူစွာဖြင့် အားလုံးရှေ့တွင် အောက်ပါအတိုင်း မေးမိ၏။

"တိုက်တဲ့ခိုက်တဲ့စာတွေ ရေးနေရတော့ နောင်လာနောင်သားတွေ အတုယူရအောင် ကိုစစ်မောင် တိုက်ခဲ့ခိုက်ခဲ့၊ စွမ်းရည်ဘွဲ့ရခဲ့တဲ့ တိုက်ပွဲတွေအကြောင်း ပြောစမ်းပါဦး"

ကိုစစ်မောင်က ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး မပွင့်တပွင့်ပြုံးလိုက်သည်။ ထို့နောက်မှ –

"ဒီလိုပါပဲ အစ်ကိုရာ" ဟု လေပျော့ကလေးနှင့် ပြောတော့၏။

ကျွန်တော်မေးလိုက်တိုင်း သူက ဒီလိုပါပဲဟု ဖြေလေ့ရှိရာ နောင်အခါများတွင်တော့ မမေးဖြစ်တော့ဘဲ အခြားရောက်တတ်ရာရာများကိုသာ ပြောဖြစ်ပါတော့သည်။

ကျွန်တော်မေးသည့်အခါတွင်သာ သူက အထက်ပါအတိုင်း ပြောသော်လည်း ကာကကျင့်မှ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ဗိုလ်သင်တန်းကျောင်းသို့ ရောက်လာသည့် ကျိုဝမ်း ဒုတိယဗိုလ်မှူးကြီး



www.burmeseclassic.com

www.burmeseclassic.com



မြတ်သင်းကို မေးခွန်းများ ခဏခဏမေးတတ်၏။ ဒုတိယ ဗိုလ်မှူးကြီး မြတ်သင်းနှင့် ကကကျင့် ညွှန်ကြားရေးမှူး (DMT) ဗိုလ်မှူးချုပ် စိန်ရတို့သည် စနေနေ့ညနေ၌ ဗိုလ်သင်တန်းကျောင်းသို့ ရောက်လာ၍ ညအိပ်အခြေ ပြုသည်။ တနင်္ဂနွေနေ့တွင် ကျွန်တော်တို့ရေးသားထားသည့် ခံခွာတိုက်ချီ စစ်ကဏ္ဍကြီး (၄) ရပ်ဆိုင်ရာ သင်ခန်းစာများကို ကြည့်ရှုစစ်ဆေး အကဲဖြတ်ကြ၏။ ပြင်တန်သင့်သည်ကို ပြင်ပေး၏။ (DMT) ကြီးက ဘာမှသိပ်ပြောလေ့မရှိ။ ကျွန်တော်တို့နှင့် အဓိက နိုင်ခံဆွေးနွေးသူမှာ ဒုတိယဗိုလ်မှူးကြီး မြတ်သင်းသာဖြစ်သည်။ သူက နိုင်ငံခြားတွင် အကြိမ်ကြိမ် သင်တန်း တက်ဖူးသူဖြစ်သဖြင့် ဗဟုသုတ ပြည့်စုံလှ၏။ အပြောအဟောကလည်း ကောင်းပေသည်။

တစ်ရက်တွင် ခွာစစ်သင်ခန်းစာအား ဆွေးနွေးကြ၏။ ထိုအခါ ဗိုလ်မှူးစစ်မောင်က–

''ခွာစစ်မှာ ထိုးစစ်အပြုအမူရှိရမယ်လို့ ပြောပါတယ်။ အဲဒါကို ဘယ်လိုနားလည်ရမလဲ ဂျိဝမ်းကြီး''

ဟု ဒုတိယဗိုလ်မှူးကြီးမြတ်သင်းအား မေးတော့၏။

''ထိုးစစ်အပြုအမူရှိရမယ်ဆိုတာကတော့ ခွာစစ်မှာပါတဲ့ စစ်သည်တွေ တိုက်ချင်ခိုက်ချင်စိတ်ရှိနေရမယ်။ ပရမ်းပတာနဲ့ ဆုတ်ပြေးတာမျိုး မဖြစ်စေရဘူး။ ခွာတဲ့တပ်တွေ ဖားခုန်စနစ် ကျင့်သုံးရမယ်''

''ဖားခုန်စနစ်က ဘယ်လိုကျင့်သုံးရမှာလဲ''

''ဆုတ်သွားတဲ့ ပင်မတပ်အတွက် နောက်မှာ ကြားခံစစ် နေရာယူထားရမယ်။ အဲဒီတပ်က ဟန့်စစ်ဆင်ပေးရမယ်။ ဥပမာ ဆိုပါတော့ ဒုတိယကမ္ဘာစစ်က မြန်မာပြည်စစ်မြေပြင်မှာ အင်္ဂလိပ်တွေ ဆုတ်တော့ တောင်ငူနဲ့ ပြည်ကတပ်တွေဆုတ်နိုင်အောင် ပျဉ်းမနားနဲ့ တောင်တွင်းကြီးမှာ ရှေ့ကတပ်က ခံစစ်ယူပေးထားတယ်။ ဖားခုန်ပေါ့၊ ပင်မတပ်တွေ အဲဒီနေရာရောက်လာတော့ ရှေ့တပ်က ခံစစ်ယူထားတယ်။ တစ်ခါ မိတ္ထီလာကို ပင်မတပ်တွေ ဖြတ်တဲ့အခါမှာ ကျောက်ဆည်မှာ ဖားခုန်ခုန်ပြီး ခံစစ်ယူထား





ပြန်ရော၊ ဆုတ်လာတဲ့ပင်မတပ်တွေ ရောဝတီမြစ်ပေါ်က အင်းဝတံတားကြီးကို ဖြတ်ပြီးမှ ကျောက်ဆည်ကတပ်တွေ ဆုတ်တယ်။ တပ်တွေအားလုံး ရောဝတီ အနောက်ဘက်ကမ်းရောက်တော့ အုန်းတောမှာ သံချပ်ကာတပ်တွေက ဖားခုန်နေရာယူထားတယ်။ တပ်တွေအားလုံး ရေဦး၊ ကလေးဝ ကားလမ်း အတိုင်း အိန္ဒိယဘက်ကို ဆုတ်ခွာကြတယ်။ ဝီလျံစလင်းရေးတဲ့ (Defeatinto Victory) ထဲမှာပါတယ်။ မောင်ရင် ဖတ်ကြည့်လေ၊ တွေ့မှာပါ''

ဗိုလ်မှူးစစ်မောင်က သိပ်ဘဝင်ကျပုံမရ၊ မပွင့်တပွင့်လေးသာ ပြုံးနေသည်။

''ဘယ်လိုလဲ ကိုစစ်မောင်၊ ကိုယ်ပြောတာ မောင်ရင် မရှင်းဘူးလား''

ကိုစစ်မောင်က ဘာမှပြန်မပြော။ အထက်ပါအတိုင်း ကျွန်တော်တို့အဖွဲ့နှင့် ဂျိဝမ်းကြီးတို့တွေ့ဆုံပွဲ၌ ဂျိဝမ်းကြီး ကျွန်တော်တို့အား ကြောခဏ မေးခွန်းများမေးတတ်သည်၊ သို့ရာတွင် ကိုစစ်မောင်က လက်ဦးမှုယူပြီး ဂျိဝမ်းကြီးအား မေးခွန်းများအရင်မေးတတ်ရာ ဂျိဝမ်းကြီးက သူ့ကို ပြန်ရှင်းပြနေရသဖြင့် အချိန်ကုန်သွားတတ်၏။ ကျွန်တော်တို့ကိုမေးဖို့ အချိန်မရ ဖြစ်သွားတတ်သည်၊ ထို့ကြောင့် ကျွန်တော်တို့ကလည်း ဗိုလ်မှူးစစ်မောင်မှ ဂျိဝမ်းကြီးကို မေးခွန်းများ မေးသည်အား သဘောကျကြ၏။ မေးမေးအောင် မသိမသာလည်း မြှောက်ပေး၏။ ဒါမှ အချိန်မြန်မြန်ကုန်မည်ဖြစ်သည်။ (DMT) ကြီးနှင့် ဂျိဝမ်းကြီးတို့က တနင်္ဂနွေနေ့ညနေတွင် မှော်ဘီမှ ရန်ကုန်သို့ ပြန်လည်ထွက်ခွာသွားလေ့ ရှိကြ၏။

ထိုရောအခါ ကျွန်တော်တို့အဖွဲ့သားများ အလှည့်ကျ အိမ်ကိုယ်စီဖြင့် ရန်ကုန်သို့ ပြန်ကြ၏။ ရန်ကုန်တွင် မိသားစုများ ခေါ်ထားကြ၏၊ ကျွန်တော်သာ မိသားစုကို အောင်လံမှာ ထားခဲ့သဖြင့် မှော်ဘီတွင်တစ်ယောက်တည်းနေရ၏။ မှော်ဘီအဆောင်စောင့်က ကျွန်တော်။

ထိုကဲ့သို့သော တနင်္ဂနွေတစ်ရက်တွင် ကိုစစ်မောင်က ရန်ကုန်ပြန်ရန် အပြင်ထွက်လာရာ ဘေးလွယ်အိတ်အနီတစ်လုံးကိုလွယ်ပြီး ဆေးပေါ့လိပ်ကို ပါးစပ်မှကိုက်ထား၏။ ထိုအခါ ကျွန်တော်က–



www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်၊ ခေါက်ပြန်ရထားက လျက်ဆားသည်ကြီးပါလားဟေ့"

ဟု လွှတ်ခနဲ ပြောလိုက်မိသည်။

ကျွန်တော်တို့ ရွှေဘိုတက်ကသူများသည် မန္တလေး–နဘားလော်ကယ် ရထားကို ခေါက်ပြန်ဟုခေါ်၏။ ထိုရထားက လော်ကယ်ရထားမို့ ဘူတာတိုင်းရပ်၏။ ထို့ကြောင့် ထိုရထားကို ရွှေဘိုနယ်သားများက အလုအယက်စီးကြ၏။ ထိုရထားပေါ်တွင် စာအုပ်ရောင်းသူ၊ ပရုတ်ဆီ ရောင်းသူ ဘီးမှန်ရောင်းသူ၊ လျက်ဆားရောင်းသူ၊ ယုတ်စွအဆုံး နွေတွင် ထန်းရည်ရောင်းသူကအစရှိသည်။ သို့ရာတွင် နွေ မိုး ဆောင်းဥတု သုံးပါးလုံး အရောင်းမှန်သူများကား လျက်ဆားသည်များသာတည်း။

သူတို့ကို ခေါက်ပြန်ရထားက လျက်ဆားရောင်းသူများဟု ခေါ် ၏။ သူတို့သည် ဇာတ်မင်းသားလေဖြင့် ဈေးရောင်းကောင်းသူများဖြစ် ကြသည်၊ ကိုစစ်မောင်က တန့်ဆည်သားမို့ ဖီးကုန်းဘူတာနှင့်မဝေးလှသဖြင့် ခေါက်ပြန်ရထားကို သိပါသည်။ ထိုနေ့က ကျွန်တော်သည် သူ၏ညှိုသော အသားရောင်တွင် နီသောအိတ်ကို လွယ်ထားသည်အား မြင်သည်နှင့်–

"မီးရထားနဲ့ ခရီးသွားကြတဲ့ လုပ်သားပြည်သူများခင်ဗျား သီတာဝင်းလျက်ဆား တကယ်ကောင်းပါတယ်။ ဆယ်ပြားဖိုးနဲ့ တကယ် အားကိုးလောက်ပါတယ်။ နေကြည့်စားရင် မေဆွိနဲ့တောင် မှားနိုင်ပါတယ်၊ နွေခင်းကြောင်တောင်စားရင် မေဝင်းမောင်နဲ့တောင် မှားနိုင်ပါတယ်၊ တော်တော်လေးများစားရင် မော်တော်လေ့များသွားသလို ဖွတ်ဖွတ် ဖွတ်ဖွတ်နဲ့"

ဟု မိုးနတ်သူဇာအငြိမ့်မှ လူရွှင်တော်လေဖြင့် လျက်ဆား ရောင်းဟန် စလိုက်ရာ ကိုစစ်မောင်က–

"အစ်ကိုကတော့ လုပ်ပြီ" ဟု မပွင့်တပွင့်ပြောတော့၏။

ဤသို့ဖြင့် ရင်းရင်းနှီးနှီးစလိုက်ပြုလိုက်နေလာကြပြီး ၁၉ ခု၊ မတ်လအကုန်တွင် တပ်ပြောင်းမိန့်များထွက်လာရာ ကျွန်တော်တို့ ဖက်အသီးသီးမှာ သက်ဆိုင်ရာတပ်များသို့ ပြန်လည်ထွက်ခွာသွားကြ





ရ၏။ မော်ဘီဗိုလ်သင်တန်းကျောင်း၌ ကျွန်တော်၊ ဗိုလ်မှူးခင်မောင်ဝင်း နှင့် ဗိုလ်မှူးကိုကိုထွေးတို့ သုံးဦးသာ ကျန်ပါတော့သည်။

ကိုစစ်မောင်ကလည်း ခွဲခွာသွားချိန်ထိ သူ စွမ်းရည်ဘွဲ့ရခဲ့သည့် တိုက်ပွဲများအကြောင်း တစ်ခွန်းတစ်ပါဒမျှပြောမသွားခဲ့ပါခင်ဗျာ။

❀

စွမ်းရည်ဘွဲ့ရသည်ကို သူက ပြောမသွားသော်လည်း ကျွန်တော် က စိတ်ဝင်စား၍ ဟိုဟိုသည်သည် လိုက်မေးရ၏။ ပထမတစ်ပွဲမှာ အောက်ပါအတိုင်းဖြစ်သည်ဆို၏။

အချိန်က ၁၉၇၂ ခု၊ ဩဂုတ်လဆန်း(၁)ရက်နေ့ဖြစ်သည်။ ဗိုလ်စစ်မောင်တို့တပ်ရင်းက ရန်ကုန် မန္တလေးမီးရထားလမ်းမကြီးပေါ်ရှိ နှင့်ဖေယျဝတီကြား ရထားလုံခြုံရေးတာဝန်ကျသည်။ ဗိုလ်စစ်မောင် က အေပီတီခေါ် (Armoured Patrol Train) စစ်ရထားဖြင့် တပ်စုတစ်စု နှင့်အတူ စာပို့ရထားကြီးရှေ့က လုံခြုံရေးလိုက်ရ၏။

ထိုအချိန်တွင် ပဲခူးရိုးမ၌ ကျက်စားနေသော ဗမာပြည် ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်ဇင်နှင့် အတွင်းရေးမှူးသခင်ချစ်တို့က သူတို့၏ ခါးပိုက်ဆောင်တပ်၊ တိုက်တိုင်းအောင် (၄) ကို ဖွဲ့စည်းပြီးခါစ ဖြစ်သည်။ တိုက်တိုင်းအောင် (၄) အတွက် တိုက်ကွင်းတိုက်ကွက်နှင့် အောင်ပွဲကို ရှာဖွေနေကြ၏။ ပထမတိုက်ပွဲအနေဖြင့် တိုက်တိုင်းအောင် (၄) သည် အုတ်တွင်းတပ်ရင်းမှ တပ်စုတစ်စုအား အုတ်တွင်းမြို့နယ်၊ ချောင်း အနီးတွင် ချုံခိုတိုက်ရာ ထိုတပ်စုမှ ရှုပ်ရှုပ်ချုံချုံပြန်တိုက်ရာ တိုက်တိုင်းအောင်တပ်မှူးဗိုလ်ထွန်းတင် ကျဆုံးသွား၏။ ဗိုလ်ထွန်းတင်မှာ တောင်ငူခရိုင်ကော်မတီဥက္ကဋ္ဌဖြစ်၏။ ထို့ကြောင့် တောင်ငူခရိုင်တပ်နှင့် ကော်မတီကို စိတ်ဓာတ်မြှင့်တင်ရန် ဇင်ချစ်တို့က တိုက်တိုင်းအောင် တပ်မှူးအဖြစ် သူတို့၏စံပြကေဒါ အောင်သိန်းလွင်ခေါ် ဗိုလ်ငွေအား ခန့်အပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်သိန်းလွင်ခေါ်၊ ဗိုလ်တင့်ဆန်းခေါ်၊ ဗိုလ်ဟန်ထွန်းခေါ်၊ ဗိုလ်လွင်သည် ဗကပ ဗဟိုကော်မတီဝင် ဗိုလ်ရန်အောင်၏ ယောက်ဖ တောခိုတက္ကသိုလ်ကျောင်းသား အောင်သိန်းနိုင်ခေါ် ရဲဘော်တင်ဟန်၏ ဦးလေးဖြစ်သည်။ သူသည် ဗဟိုကော်မတီဝင် ရဲဘော်ဘတင်၊ ရဲဘော်မြေ နှင့် မိမိယောက်ဖအရင်းဗိုလ်ရန်အောင်၊ တူအရင်း အောင်သိန်းနိုင် ဆရာရင်းဗိုလ်ထွန်းငြိမ်းနှင့် တောခိုတက္ကသိုလ် ကျောင်းသားများအား သတ်ဖြတ်ရာတွင် အတက်ကြွဆုံးအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ထို့ကြောင့် ဖင်ချစ်တို့က ဗိုလ်လွင်အား စံပြကေဒါအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်၏။

ဗိုလ်လွင်ခေါင်းဆောင်သော တိုက်တိုင်းအောင်(၄)သည် ဖင်ချစ်တို့၏ အမိန့်အရ ဗိုလ်စစ်မောင်ခေါင်းဆောင်သော အေပီတီ ရွေ့ပြောင်း အစောင့်စစ်ရထားအား ဖြူးနှင့်ဖေယျာဝတီကြား၌ ဩဂုတ်လ (၁) ရက်နေ့တွင် ဆီးကြို တိုက်ခိုက်တော့၏။ ဗိုလ်စစ်မောင်ခေါင်းဆောင်သည့် အစောင့်လိုက်တပ်ဖွဲ့က စွမ်းစွမ်းတမံပြန်တိုက်သည်။ တိုက်တိုင်းအောင် တပ်မှူးဗိုလ်လွင်က စစ်ရထားပေါ် အမိအရတက်ပြီး ကာဘိုင်ဖြင့် တရကြမ်းပစ်သည်။ ဗိုလ်စစ်မောင်ကလည်း ကာဘိုင်ဖြင့် တရကြမ်း ပြန်ပစ်သည်။ နှစ်ဦးချင်းရင်ဆိုင်တွေ့၍ သူပစ်ကိုယ်ပစ် ပစ်ကြသည်ဟု ဆို၏။ လက်မြန်သော ပို၍ထက်မြက်သွက်လက်သော ဗိုလ်စစ်မောင် လက်ချက်ဖြင့် ဗိုလ်လွင်ဒဏ်ရာရကာ စစ်ရထားမှ ဆင်းပြေးရသည်။ ခေါင်းဆောင်ဆင်းပြေးသည်နှင့် လူတစ်ရာခန့်ပါသော တိုက်တိုင်းအောင် (၄) သည် ကစဉ့်ကလျားဖြင့် ဦးတည့်ရာသို့ ပြေးလွှားကြတော့၏။

ဗိုလ်လွင်မှာ ဗိုလ်စစ်မောင်ပစ်လိုက်သော သေနတ်ဒဏ်ရာဖြင့် ကျဆုံးသွားတော့၏။ ဤတိုက်ပွဲတွင် ဗိုလ်စစ်မောင်တို့တပ်ဖွဲ့က တိုက်တိုင်းအောင် (၄)၊ တပ်မှူးဗိုလ်လွင်ကို အသေရမိခဲ့လေသည်။

ဗိုလ်လွင်ကျဆုံးသွားခြင်းအတွက် ဖင်ချစ်တို့က မကျေနပ်၊ ထို့ကြောင့် သိပ်မကြာသောအချိန်တွင် တိုက်တိုင်းအောင်(၄)အား ဒုတိယ အကြိမ် အေပီတီ ရွေ့ပြောင်းစစ်ရထားအား ဖေယျာဝတီနှင့် လင်းယောခင်





www.burmeseclassic.com



ကြား၌ ထပ်မံစီးနင်းတိုက်ခိုက်စေ၏။ ဤတိုက်ပွဲတွင်လည်း တိုက်တိုင်းအောင်(၄) တပ်မှူး ဉာဏ်ထွေးကျဆုံးပြန်၏။ ဉာဏ်ထွေးက ဖင်ချစ်တို့၏ ကာလ ဗဟိုမှ အလွန်အားကိုးရသည့် မိုက်မိုက်ကန်းကန်း လုပ်ရဲသူဖြစ်သည်။ ဟို၏ အလံနီသူရဲကောင်းဘွဲ့ရထားသည့်သူလည်း ဖြစ်၏။ ထိုတိုက်တိုင်းအောင်တပ်မှူးများ ကျဆုံးသွားအောင် တိုက်နိုင်ခဲ့သဖြင့် ဗိုလ်စစမောင်အား စွမ်းရည်ဘွဲ့တင်ပေးခဲ့ရာ သူရဘွဲ့ ရခဲ့သည်ဟု သိရပါသည်။

သီဟသူရဘွဲ့ရသည့် တိုက်ပွဲကိုမူကား ကျွန်တော်မသိပါ။ ဘာပဲဖြစ်ဖြစ် ထိုစဉ်က ပဲခူးရိုးမတွင် အလွန်စွာသော ဗကပတို့၏ တိုက်တိုင်းအောင် (၄) တပ်ဖွဲ့ကို ဦးကျိုးအောင်နှိမ်နင်းပြီး ထိပ်သီးတပ်မှူးများအား ခိုနှိမ်ချွေလိုက်နိုင်သည့် ဗိုလ်မှူးစစ်မောင်ကို **"မုတစ်ထောင်တစ်ကောင်သွား"** ဟုသာ ကျွန်တော်ချီးကျူးလိုက်ပါရစေခင်ဗျာ။

✿

၁၉၈၈တွင် ခွဲခွာသွားကြပြီးနောက် ကျွန်တော်တို့အားလုံး တစ်ယောက်တစ်နေရာ ရောက်သွားကြ၏။ ဘာဝန်တွေလည်း တစ်ဆင့်ပြီးတစ်ဆင့် တက်သွားကြ၏။ ဗိုလ်မှူးစစ်မောင်က ဒုတိယတပ်ရင်းမှူးမှ တပ်ရင်းမှူး၊ နည်းဗျူဟာမှူး၊ တပ်မမှူး၊ တိုင်းမှူးသို့တိုင် ရောက်ရှိသွားတော့၏။ ကျွန်တော်က နည်းဗျူဟာမှူးတာဝန်မှ ၁၉၉၅ ခုနှစ်တွင် နယ်ဘက်သို့ ပြောင်းရ၏။ ၁၉၉၉ တွင် ကိုစစ်မောင်သည် တိုင်းမှူးတာဝန် ဗိုလ်ချုပ်အဆင့်ဖြင့် မြို့တော်စိုက်ကွင်းသို့ ရောက်လာသည်။ သူချင်းတွေ့လျှင် တွေ့ချင်း ၁၉၈၈ ခုနှစ်က မော်ဘီတွင် စဆုံကြသလို ကျွန်တော့်လက်အား ဆုပ်ကိုင်ပြီး–

"ကျွန်တော်တို့ ရွှေဘိုနယ်သားတွေနော် အစ်ကို" ဟု နွေးထွေးစွာ နှုတ်ဆက်၏။

တိုင်းမှူးဖြစ်သွားသော်လည်း ရှေးယခင်ကအတိုင်း ဆော်ဆံရေးသုံးဝပြောင်းလဲမသွား၊ ဟိုစဉ်ကလို ယဉ်ကျေးနေဆဲ။ သူ့ကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



မှဒီတာပွားမိ၏။ ရုပ်ရည်မှာ အရင်ကလို မပိန်တော့ဘဲ ပြည့်ပြည့်ဖြိုးဖြိုး ဖြစ်လာ၍ ပိုကြည့်ကောင်းလာသည်။

ပြန်ခါနီး၌ "ကျွန်တော့်ဆီ လာလည်ဦးနော်အစ်ကို" ဟု ဖိတ်သွားပါသေးသည်။

"ကြိုးစားပါ့မယ်" ဟု ပြန်ဖြေလိုက်ရသည်။

သိပ်မကြာပါ။

၂၀၀၁ ခုနှစ်စ ဆောင်းနှောင်း၏ နေ့တစ်နေ့။

"အတွင်းရေးမှူး (၂) နဲ့အဖွဲ့ သံလွင်မြစ်ထဲမှာ ရဟတ်ယာဉ် ပျက်ကျသွားသတဲ့။ ဗိုလ်ချုပ်စစ်မောင်ပါ, ပါသွားသတဲ့"

ထိုသတင်းဆိုးကြီးကို ကြားရတော့သည်။ အလွန်ထိတ်လန့် တုန်လှုပ်သွား၏။ သူ့အတွက် ဂုဏ်ယူလို့မှ မဆုံးသေးဘူး။ ကွယ်လွန် သွားပြီတဲ့လား။

မဟုတ်ပါစေနဲ့လို့ ဆုတောင်းရင်း ရက်ပေါင်းများစွာ ထိုသတင်း ကို နားစွင့်နေမိ၏။

ဒါပေမယ့် သတင်းကား သေချာသွားပါပြီ။ အမှန်တကယ်ပင် ဗိုလ်ချုပ်သူရသီဟသူရစစ်မောင် ကွယ်လွန်သွားခဲ့ပါပြီ။

သူကွယ်လွန်သွားပေမယ့် ကျွန်တော်ကတော့ တစ်နယ်တည်း သား သူ့အတွက် ထာဝရ ဂုဏ်ယူရင်း "မတစ်ထောင် တစ်ကောင်ဘွား ပေါ့" ဟု သူ့ကိုယ်စား အမြဲကြွေးကြော်နေမည်သာ ဖြစ်ပါသတည်း။

၂၀၀၅ ခု၊ ဒီဇင်ဘာလထုတ် စစ်သွေးမဂ္ဂဇင်းမှ ကူးယူဖော်ပြ သည်။

၈-၇-၂၀၀၅

ဏ ဏ ဏ



## အခန်း(၆)

## ဝင်လယ်ဘူးသို့ လျှပ်တစ်ပြက် ခရီးတစ်ခေါက်

ကျွန်တော်တို့ ရွှေဘိုခရိုင်သားများကို ကျေးဇူးအထူးပြုနေသည့် မူးမြစ်၏ မြစ်ဖျားခံရာဒေသသည်ကား ကသာခရိုင်၏အနောက်ခြမ်း ဝင်လယ်ဘူးဒေသပင်တည်း။

မူးမြစ်ကိုအလွန်သံယောဇဉ်ကြီးသော်လည်း ထိုဒေသသို့ ဆော်တော်နှင့် ကျွန်တော်မရောက်ဖြစ်ပါ။ သွားစရာအကြောင်းကလည်း မရှိပါ။ ဝန်ထမ်းဆိုသည်မှာ ကျရာမှာတာဝန်ထမ်းဆောင်ရပါသည်။ သွားချင်ရာသွား၍ရသည်မဟုတ်ပါ။ သို့ရာတွင် အခွင့်ကြုံလျှင်ဖြင့် ဝင်လယ်ဘူးကိုတော့ ရောက်ဖူးချင်၏။

အဘယ့်ကြောင့်ဆိုသော် စစ်ကျောင်းနည်းပြဆရာ အဖြစ်ဖြင့် စစ်စာပေများလေ့လာရသည်တွင် ဒုတိယကမ္ဘာစစ်က အင်္ဂလိပ်တပ် များနှင့် ဂျပန်တပ်များသည် ရောဝတီနှင့် ချင်းတွင်းမြစ်ကြား၌ စစ်ပွဲများ ကြိမ်ဖန်များစွာ တိုက်သွားသည်ကို ဖတ်ရှုရ၏။ နာမည်ကျော် ဝင်းဂိတ် ၏ ချင်းဒစ် Chindit ခေါ် ခြသေ့်တပ်ဖွဲ့များ၏ မူးမြစ်ဖျားဒေသ လှုပ်ရှားမှုများ၊ ဂျပန်တို့၏ အင်ဖာကိုဟီးမားတိုက်ပွဲများ၊ အင်္ဂလိပ်တို့၏ ပြန်လှန် ထိုးစစ်ဆင်မှုများ၊ အိန္ဒိယပြည်လီဒိုမှ မြန်မာနိုင်ငံ မိုးကောင်း မြစ်ကြီးနားသို့ ဆင်းလာသည့် မဟာမိတ်တို့၏ Convoy ယာဉ်တန်းများ သည် စသည် ဖြစ်စဉ်များတို့သည် ရောဝတီနှင့် ချင်းတွင်းကြား



www.burmeseclassic.com

www.burmeseclassic.com



မူးမြစ်ဝှမ်းဒေသများနှင့် ဆက်စပ်အကျုံးဝင်နေ၏။ မူးမြစ်ဝှမ်းမှာရှိသည့် ပယ်လယ်ဘူးမြို့ကလေးသည် ထိုစဉ်အခါက စစ်လမ်းကြောင်းကျခဲ့၏ ထို့ကြောင့် ရှားရှားပါးပါး ထိုပင်လယ်ဘူးမြို့ကလေးကို အခွင့်ကြုံ လျှင်ဖြင့် ရောက်ဖူးချင်ပါသည်။

ပင်လယ်ဘူးနှင့်ပတ်သက်ပြီး တင်ပြရန် တစ်ခုကျန်ပါသေးသည်။

❀

**ပင်လယ်ဘူးသို့ ဗကပတို့ ထိုးဖောက်ခဲ့စဉ်က**

၁၉၈၁–ခုနှစ်၊ ကျွန်တော် တိုက်ခိုက်ရေးကျောင်းက ပြောင်းရွှေ နီးတွင် ဗကပ မြောက်ပိုင်းဗျူရိုမှ ဦးစီးဆောင်ရွက်သည့် ဗကပတိုင် (၁) သို့မဟုတ် မြစ်ဖျားဒေသတိုင်း ပြန်လည်ဖွင့်လှစ်ရေး စီမံချက်နှ ပတ်သက်ပြီး ကျောင်းသို့ပေးပို့သည့် အောက်ပါဖြစ်စဉ်များကို ဖတ်လိုက် ရသည်။

၁၉၈၁–ခုနှစ်စတွင် ဗကပဗဟို ပေါလစ်ဗျူရိုဝင်နှင့် ဗဟ စစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ရဲဘော်အောင်ခေါ် အသားမည်းမျိုးမြင့်သည် ၎င်း၏ မြောက်ပိုင်းဗျူရို ကွပ်ကဲမှုဖြင့် လူ ၂၀၀ ခန့်ပါဝင်သော တပ်ရင်း ၁၈၀ ကို ဖွဲ့စည်းခဲ့သည်။ တပ်ဖွဲ့စည်းမှုကို မျိုးမြင့်ကိုယ်တိုင် အနီးကပ် ကြီးကြပ်ခဲ့သည်။ ထိုတပ်၏ တပ်ရင်းပါတီကော်မတီများမှာ ဗိုလ်ကျော်မိုး ရဲဘော်ယုအောင်၊ ရဲဘော်အောင်နိုင်တို့ဖြစ်၏။ ထိုတပ်ဖွဲ့ကို သာမ လက်နက်ငယ်များသာမက ၅၇ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်များနှ ၆၀ မီလီမီတာ စိန်ပြောင်းများ၊ ဘဇူကာများကိုပါ တပ်ဆင်ပေးသည် ဆက်သွယ်ရေးစက်ကြီးများနှင့် ကြားဖြတ်စက်များပါပါ၏။ ထ စစ်ကြောင်း၏တာဝန်မှာ ကသာခရိုင် အနောက်ခြမ်းရှိ ဗကပ မြစ်ဖျား ဒေသတိုင်းအား ပြန်လည်အသက်သွင်းရန်နှင့် အခြေခံစခန်းများ တည်ဆောက်ရန်ဖြစ်၏။





ဦးတည်ဝင်ရောက်ရမည့် နေရာများမှာ ချင်းတွင်းနှင့် ရောဝတီ ကြားရှိ –

(က) ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊

(ခ) ဗန်းမောက်မြို့နယ်၊ ပင်လယ်ဘူးမြို့နယ်တို့ဖြစ်၏။

မြောက်ပိုင်းဗျူရိုသည် ရင်း ၁၈၀ အား လူ၊ လက်နက်ပြည့်စုံစွာ ဖွဲ့စည်းတပ်ဆင်ပေးပြီး ၁၉၈၁–ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် အခြေပြုမုန်းကိုးမှ မြစ်ဖျားဒေသသို့ စေလွှတ်လိုက်၏။ မစေလွှတ်မီ အင်အားထပ်မံဖြည့်တင်းပေးခဲ့ရာ ထိုစစ်ကြောင်း၌ တပ်ထွက်ချိန်တွင် သူနှစ်ရာကျော် ပါဝင်လေသည်။

ရင်း ၁၈၀ သည် မုန်းကိုးမှထွက်ပြီး ရက်အနည်းငယ်အတွင်းမှာ ပင် ကွတ်ခိုင်–မူဆယ်ကားလမ်းအား ဖြတ်ကျော်ပြီး ရွှေလီချိုင့်ဝှမ်းသို့ ဝင်ရောက်နိုင်ခဲ့၏။ တရွေ့ရွေ့ဖြင့် အနောက်မြောက်သို့ ဆက်တက်ခဲ့ရာ တော်လအကုန်တွင် ရွှေဘို–မြစ်ကြီးနားကားလမ်းကို ဖြတ်ကျော်၍ ညှင်းအနောက်ခြမ်းကို ရောက်ရှိခဲ့လေသည်။ ရွှေလီချိုင့်ဝှမ်းမှ မိုးညှင်း နယ်ရောက်သည်အထိ ဗကပများအား ကေအိုင်အေတို့မှ ကူညီခဲ့ကြ သည်။ ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအား ရှောင်ကွင်းနိုင်ခဲ့ကြ ၏။ မိုးညှင်းမှ တောင်ဘက်သို့ဆင်းရာ၌ ကေအိုင်အေတို့ လိုက်ပါမလာ ကြတော့။ ရင်း ၁၈၀ ၏ နိုင်ငံရေးမှူး ကျော်မိုး၊ တပ်မှူး ယုအောင်နှင့် ဒုတိယတပ်မှူး စိုင်းငင်းတို့သည် ရှေးယခင်ကတည်းက ဤဒေသများသို့ ရောက်ဖူးပြီးသား ဖြစ်ကြသည်။ ထို့ကြောင့် ကေအိုင်အေ အကူအညီ မလိုတော့ပါ။ မြစ်ဖျားတိုင်းကို သူတို့ဟာသူတို့ တည်ဆောက်သွားပါမည်။ အရေးကြီးသည်မှာ ဗန်းမောက်ပင်လယ်ဘူးဒေသသို့ အမြန်ရောက်ရေး သာဖြစ်၏။

ဧပြီ ဒုတိယပတ်တွင် မူးမြစ်ဖျားမှ တောင်ဘက် ဗန်းမောက် ပင်လယ်ဘူးဒေသသို့ ဆင်းသက်စဉ် တပ်မတော်စစ်ကြောင်းများနှင့် ထိတွေ့ တိုက်ပွဲဖြစ်ပွားလေတော့သည်။ တိုက်ပွဲများကြောင့် အစုများ

www.burmeseclassic.com

www.burmeseclassic.com



ကွဲသွားကြ၏။ ထိုဒေသရှိ တောတောင်များ၌ လှည့်လည်ခိုအောင်းနေကြရာမှ မကြာခဏ တပ်မတော်စစ်ကြောင်းများ၏ ရှာဖွေချေမှုန်းတိုက်ခိုက်ခံကြရ၏။ ၁၉၈၁–ခု၊ ဇူလိုင်လတွင် ထိုစစ်ကြောင်း၏ တပ်မှူး ယုအောင် ကျဆုံးသွားသည်။ မကြာမီမှာပင် နိုင်ငံရေးမှူး ဗိုလ်ကျော်မိုးပါ ကျဆုံးသွားတော့၏။ ဒုတိယတပ်မှူး စိုင်းငင်းကား မူးမြစ်ဖျားမှ တောင်ဘက်အဆင်း တိုက်ပွဲများဖြစ်၍ လူကွဲသွားကတည်းက မုန်းကိုးသို့ ပြန်တက်ပြေးသွား၏။ သူနှင့် လူသုံးဆယ်ကျော် ပြန်ပါသွားသည်။ ကျော်မိုးနှင့် ယုအောင်က နှစ်ဖွဲ့ခွဲကာ ပင်လယ်ဘူးနှင့် ဝန်းသိုမြို့နယ်အတွင်း လှုပ်ရှားနေစဉ် နှစ်ဦးစလုံး တပ်မတော်၏လက်ချက်ဖြင့် ကျဆုံးသွားရ၏။ ခေါင်းဆောင်နှစ်ဦး ကျဆုံးသွားသောအခါ မြောက်ပိုင်းဗျူရို၏ မြစ်ဖျားတိုင်း ပြန်လည်အသက်သွင်းရေး စီမံကိန်းကြီး လုံးဝပျက်သုဉ်းသွားရတော့၏။ အားလုံးနီးပါးလည်း တပ်မတော်၏ ချေမှုန်းခြင်းကို ခံရ၏။ အစုကွဲ၍ မုန်းကိုးပြန်ပြေးသည့် စိုင်းငင်းအဖွဲ့သာ အပြေးကောင်း၍ လွတ်မြောက်သွားသည်။

ဖြစ်စဉ်တွင် ဗကပမြောက်ပိုင်းဗျူရို၏ ရင်း ၁၈၀ မှ နိုင်ငံရေးမှူးနှင့် တပ်မှူးအပါအဝင် ၅၈ ယောက် ကျဆုံးခဲ့ပြီး ၁၆ ယောက် အဖမ်းခံခဲ့ရသည်။ လက်နက်စုံ ရ၃ လက် ဆုံးရှုံးသွားခဲ့ပြီး ရင်း ၁၈၀ တစ်ခုလုံးလည်း လုံးဝနီးပါး ပြုတ်ပြုတ်ပြုန်းသွားခဲ့၏။

ထိုစီမံကိန်းခေါင်းဆောင် ဗိုလ်ကျော်မိုးမှာ ဝါရင့်ကွန်မြူနစ်ကြီး တစ်ဦးဖြစ်သည်။ သူသည် ၁၉၄၄–ခုနှစ်ကပင် ဗမာပြည်ကွန်မြူနစ်ပါတီဝင် ဖြစ်ခဲ့သည်။ ဗမာပြည် ကွန်မြူနစ်ပါတီ၏ ဗိုလ်ဉာဏ်မောင် ဦးစီးသော လေတပ်မတော်ဖွဲ့ရာတွင် ဦးစွာပါဝင်ခဲ့သည်။ ၁၉၅၂–ခုနှစ်တွင် ဗိုလ်ရန်အောင်ဦးစီးသော ပြည်သူ့တပ်မကြီးရှိရာ ပျဉ်းမနားသို့ ရောက်ရှိပြီး စစ်ရေးတာဝန်များ စတင်ထမ်းဆောင်သည်။ ယင်း... တစ်ဆင့် မြင်းခြံ၊ မိတ္ထီလာ၊ မန္တလေး မသုံးလုံးနယ်မြေ၌လည်းကောင်း ထို့နောက် ဗမာပြည်ကွန်မြူနစ်ပါတီ မြစ်ဖျားတိုင်း တိုင်းမှူး ဗိုလ်လှမောင်





...အတူ အနီးကပ်နေထိုင်ကာ တာဝန်ထမ်းဆောင်ခဲ့၏။ ထိုမှ ရာထူး ...တစ်ဆင့်ပြီး တစ်ဆင့်တက်ခဲ့၏။ ၁၉၆၁ တွင်မူ ကသာခရိုင် စစ်ရေး တာဝန်ခံဖြစ်လာ၏။ ပင်လယ်ဘူး၊ ဝန်းသို၊ အင်းတော်နယ်မြေတွင် ...င်အား ၅၀ ခန့်နှင့် လှည့်လည်လှုပ်ရှားရာမှ ၁၉၆၆ ဖွန်လတွင် ...န်းသိုမြို့နယ်၌ တပ်မတော်၏ဖမ်းဆီးခြင်းခံရ၍ ထောင်ဒဏ် ၁၀ နှစ် ...ခံခဲ့ရသည်။ ၁၉၇၂ တွင် ထောင်မှလွတ်ပြီး ၁၉၇၉ တွင် ...န်လည်တောခိုခဲ့သည်။ ၁၉၈၁ ၌ မြောက်ပိုင်းဗျူရိုတွင် ရဲဘော်အောင်၏ ...မြောက်မှုဖြင့် ရင်း ၁၈၀ နိုင်ငံရေးမှူးကြီး ဖြစ်လာခဲ့၏။ ဤဖြစ်စဉ်တွင် ...ဖျားတိုင်း ပြန်လည် တည်ဆောက်ရေးတာဝန်ခံကြီး ဗိုလ်ကျော်မိုး ... အောင်မြင့်သည် သူတို့အား ပြည်သူတွေက မျှော်နေကြပြီဟု ...ကြွေးကြော်ကာ ပင်လယ်ဘူးဒေသသို့ အတင်းတိုးဝင်သွားခြင်းဖြစ်၏။ ...ကျော်မိုး၏ဇနီးမှာ ပင်လယ်ဘူးသူ ဖြစ်သည်။ တိုက်ပွဲတွေ မိုးမွှန် ...အောင်ဖြစ်နေသော်လည်း မုန်းကိုးပြန်မတက်ဘဲ မိုက်ရူးရဲတစ်ဖွတ်ထိုးဖြင့် ...၏ဆွေမျိုးများရှိရာသို့ တိုးဝင်ကာ မိုခိုရန်ကြိုးစားရင်း ဝန်းသိုမြို့နယ်၌ ...ကဲ့သို့ ကျဆုံးသွားခဲ့ခြင်း ဖြစ်လေသည်။

တပ်မှူး ယုအောင် (ခေါ်) အိုက်အောင် (ခေါ်) အောင်ခိုင်သည် ...သူမျိုးဖြစ်၏။ သူသည် မြစ်ဖျားတိုင်း လူဟောင်းဖြစ်၏။ ရဲဘော် ...အောင်မှ အလွှန်အားထားသည်။ ၆၄ လမ်းစဉ်ကာလက မြစ်ဖျားတိုင်း ...တ်ထုတ်သတ်နှင့် အာဏာနီတည်ဆောက်ရေး၌ တက်ကြွစွာ ပါဝင်ခဲ့ ...ဖြစ်၏။ ယခု အကြောင်းအမျိုးမျိုးဖြင့် နယ်စပ်ကို ရောက်လာသည်။ ...တ်အမျိုးသမီးနှင့် အိမ်ထောင်ကျသည်။ နယ်စပ်တွင် ကွန်မြူနစ် ...အတွင်း သပွတ်အူလိုက်နေသော ပျက်စီးမှုများကို သိရှိရှုရာနေ၏။ ...ကြောင့် သူကလည်း သူ၏နေရာဟောင်း မြစ်ဖျားတိုင်းသို့ ...ချင်နေ၏။ နယ်စပ်မှာ ကပ်မနေချင်။ သို့ဖြစ်၍ မြစ်ဖျားဒေသ ...ကိန်းတပ်မှူးတာဝန်ကို ယူခဲ့သည်။ စွန့်စွန့်စားစားဖြင့် မြစ်ဖျားတိုင်းသို့ ...ခဲ့၏။ ရောက်လေရာတွင် လူထုကို စည်းရုံးသည်။ ရှမ်းချင်းတာ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ရှမ်းနီနှင့် ကတူးကနန်းများက ယုအောင်တို့ကို မယုံတော့၊ တပ်မတော်နှင့်လက်တွဲ၍ ပူးပေါင်းပိတ်ဆို့မှုများတွင် ပါဝင်ခဲ့၏။ တိုက်ပွဲ အကြိမ်ကြိမ်ဖြစ်၍ ယုအောင် ပြေးရသည်။ အထီးကျန်ဖြစ်ရ၏။ ၁၉၈၁–ခုနှစ်၊ ဇူလိုင်ပထမအပတ်၌ ရွှေတွင်းရွာအနီး တပ်မတော်ကင်းပုန်းနှင့် တိုးရာ ယုအောင် ကျဆုံးခဲ့ရသည်။ ထိုဒေသကား ရှမ်းနီနှင့် ကတူးကနန်း တို့ အများအပြားနေထိုင်ကြသည့် ဒေသပင်ဖြစ်၏။

သူတို့သည် ဗုဒ္ဓဘာသာအား အလွန်လေးစား ကြည်ညိုကြ သည်။

ကျွန်တော်သည် အထက်ပါ ဇာကပမြစ်ဖျားတိုင်း ချေမှုန်းခဲ့ သည့် "နေမျိုးစည်သူ" စစ်ဆင်ရေး အစီရင်ခံစာနှင့် သုံးသပ်ချက်ကို သင်တန်းကျောင်း၌ ဖတ်ခဲ့ရ၏။ အလွန်လည်း စိတ်ဝင်စားမိ၏။ ထို့ကြောင့် စစ်သားတစ်ယောက်အနေဖြင့် နယ်မြေဒေသကို လေ့လာရင်း ထိုပင်လယ်ဘူးကိုတော့ တစ်ခါတစ်ခေါက် ရောက်ဖူးချင်ပါသည်။

ကျွန်တော့်ဆန္ဒ ပြည့်သွား၏။

## ကျွန်တော်ရောက်ခဲ့သော ပင်လယ်ဘူး

အချိန်ကား ၁၉၉၄–ခုနှစ်၊ ဧပြီလ ဒုတိယပတ်။ အတိအကျ ဆိုရပါက ဧပြီလ ၁၁ ရက်နေ့ ဝန်းသိုသို့ အဓိကပုဂ္ဂိုလ်ကြီးနှင့် နိုင်ငံတော် အဆင့် လူကြီးများ လာရောက်ပြီးစအချိန်။ ညနေသုံးနာရီခန့်။

နေရာကား ဝန်းသိုတပ်နယ် ဧည့်ရိပ်သာ။

"အဘခင်ဗျာ၊ ကိစ္စဝိစ္စတွေတော့ ပြီးသွားပါပြီ။ ဝမ်းသာစရာ ပါပဲ။ အားလုံးအဆင်ပြေပါတယ်၊ ကျွန်တော်တို့ ကုသိုလ်ပေါ့၊ အဘ ဘယ်တော့ပြန်မလဲ၊ နားမလား၊ ဒါမှမဟုတ် သွားချင်တာများ ရှိသေး





လား ခင်ဗျာ"

နယ်မြေခံတပ်ရင်းမှူးက မေးလာ၏။ သူ့ပြောမှ သတိရသည်။ ပင်လယ်ဘူးသို့ သွားချင်နေ၏။

"နက်ဖြန် စောစောပြန်မယ်၊ ဒီနေ့ အချိန်ရသေးရင် အနောက် ဘက် ပင်လယ်ဘူး သွားချင်တယ်၊ နောက်တော့ ကြုံချင်မှလည်း ကြုံတော့မှာလေ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ လမ်းကောင်းပါတယ် ကျောက်ခင်းလမ်းပါ။ ရာသီဥတုကလည်း ကောင်းပါတယ်။ နေဝင်တာလည်း နောက်ကျပါ တယ်။ နက်ဖြန် ဒီကစောစောပြန်မယ်ဆိုရင် ပင်လယ်ဘူး ဒီနေ့သွားကြ တာပေါ့။ ကျွန်တော်တို့ ဟိုမှာ စက်နဲ့အပြင်စည်းတစ်ဖွဲ့ လွှတ်ထားပြီးသား ရှိပါတယ်၊ လှမ်းပြောလိုက်ပါ့မယ်"

ဤသို့ဖြင့် ဆိုင်းမဆင့်ဗုံမပါ ဝန်းသိုမှ ပင်လယ်ဘူးသို့ ချက်ချင်း ထွက်ဖြစ်ပါတော့သည်။

နယ်မြေအေးချမ်းသဖြင့် ကားတစ်စင်းဖြင့်သာ ထွက်ခဲ့ကြ၏။ ကားကို ခပ်မြန်မြန်ပင်မောင်းခဲ့ကြ၏။ ကားပေါ်တွင် ကျွန်တော်နှင့်အတူ တပ်ရင်းမှူး၊ ဒုတိယတပ်ရင်းမှူးနှင့် ဦးစီးအရာရှိနှစ်ဦး လိုက်ပါလာသည်။

"ဒီကနေ ဘယ်လောက်ဝေးသလဲ၊ ဘယ်လောက်မောင်းရ သလဲ" ကျွန်တော်က မေးမိသည်။

"၃၈ မိုင်ပါ။ တစ်နာရီကျော်ကျော်လောက်ပဲ မောင်းရပါတယ်"

စထွက်ပြီးသိပ်မကြာမီမှာပင် ပေ ၃၀၀၀ ခန့်မြင့်သော တောင်ခါးပန်းကြီးအား ဖြတ်ကျော်ရ၏။

"ဒါ ဘာတောင်လဲ"

"မုန်ကင်းတောင်ပါ၊ ၃၁၅၆ ပေမြင့်ပါတယ်"

မြေပုံကိုင်လာသည့် တပ်ရင်းထောက်လှမ်းရေး အရာရှိကလေး က ပြော၏။ မုန်ကင်းတောင်ကား တောင်ခိုးတောင်ငွေ့များဖြင့် ကျွန်တော်တို့ကို ကြိုဆိုနေ၏။ မိုးတစ်ပြိုက်နှစ်ပြိုက်ရွာပြီးဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



တောတောင်များက စိမ်းစိမ်းစိုစိုဖြင့် ရွှန်းလဲ့တောက်ပြောင်နေ၏။ လမ်းတစ်လျှောက် ပန်းရနံ့များက သင်းပျံ့နေ၏။ ဖြူဖြူနီနီ ပြာပြာဝါဝါ ပန်းမျိုးစုံပါသည်။ ဘာပန်းတွေမှန်းတော့ အားလုံးကို ကျွန်တော်မသိ။ အနည်းအကျဉ်းတော့ သိပါသည်။ လမ်းဘေးဘယ်ညာတွင် ကျွန်း ပျဉ်းကတိုး၊ အင်၊ ဖက်ဝန်း၊ ပျဉ်းမ၊ ကုက္ကို၊ ဒီဒူး စသည့် အပင်ကြီး များနှင့် ဝါးတော၊ ကြိမ်တောများကိုလည်း တွေ့ရ၏။ အချို့ကား အရွက်ကြွေကောင်းနေကြဆဲ။ အချို့ကား ရွက်သစ်များဝေနေပြီ။

ကုန်းအနိမ့်အမြင့်များ အကွေ့အကောက်များကို ကျော်ပြီးသော် ပင်လယ်ဘူးမြို့ကလေးကို ရောက်ပါသည်။ ပင်လယ်ဘူးကား အမှန်စင် သေးငယ်သော တောင်ကြားမြို့ကလေးပါပင်။

"အဘ၊ ဒါ ပင်လယ်ဘူးပါပဲ ခင်ဗျာ"

မိနစ်အနည်းငယ်မှာပင် ကျွန်တော်တို့ကားကလေးသည် ပင်လယ်ဘူးမြို့အုပ်ချုပ်ရေးရုံးသို့ရောက်သွား၏။ နယ်မြေခံတပ်ခွဲမှူးနှင့် အတူ မြို့နယ်အုပ်ချုပ်ရေး အရာရှိသုံးလေးဦး စောင့်နေကြသည်။

ရုံးခန်းတွင် ခဏထိုင်ကြရင်း အာလာပသလ္လာပများ ပြောဖြစ် ကြ၏။

"မရောက်ဖူးလို့ သက်သက်လာလည်တာပါဗျာ။ စစ်သားဘဝ တော့ နယ်မြေလှည့်လာတာပေါ့၊ သိချင်တာလေးတွေလည်း ကြုံတုန်း မေးချင်ပါတယ်"

"မေးပါခင်ဗျာ"

"ပထမ မြို့နာမည်အကြောင်း အရင်ပြောဗျာ၊ ဘာဖြစ်လို့ ပင်လယ်ဘူးလို့ ခေါ်တာလဲ"

"ပင်လယ်ဘူးရဲ့ နဂိုနာမည်ရင်းက ပင်ကိုက်ဖရုံပါ၊ ရှမ်းနာမည် ပါပဲ"

"ရာဇဝင်ရှိပါသလား၊ ရှိရင်လည်းပြောဗျာ"



"ဟုတ်ကဲ့ ရှိပါတယ်၊ နည်းနည်းတော့ ရှည်တယ်နော် အဘ"

"ရှည်လည်း ပြောသာပြောပါဗျာ"

"မြန်မာသက္ကရာဇ် ၈၈၈-ခုနှစ်မှာ ရှမ်းမင်း မိုးညှင်းစလုံဟာ သားတော် သိုဟန်ဘွားကို အင်းဝမှာ နန်းတင်ခဲ့ပြီး မူးမြစ်အတိုင်း ပြန်ခဲ့တယ်၊ ကန့်ဘလူအနောက်ဘက် မူးကမ်းပါးမှာ ညောင်ပင် တစ်ပင်စိုက်ပြီး ရွာတစ်ရွာတည်တယ်၊ မိုးကောင်းညောင်ပင်စိုက်ရွာတဲ့။ အဲဒီကနေ ဆက်ပြီးတက်လာတော့ မူးမြစ်ဘေး သရက်ဖြူပင်ကြီးတွေ ပေါက်တဲ့ တောကြီးတစ်ခုထဲ ရောက်တယ်၊ အဲဒီမှာ ပါလာတဲ့တပ်တွေ စခန်းချရပ်နားပြီး ဘုရားတစ်ဆူတည်ခဲ့တယ်၊ မိုးဆုတောင်းစေတီတဲ့။ ဘုရားတည်ပြီးတော့ မြို့ရွာပါတည်ဖို့လိုတာနဲ့ နေရာလိုက်ရှာတော့ ကိုင်းပင်တွေပေါက်နေတဲ့ ကွင်းတစ်ခုတွေ့တယ်။ ရဲမက်စစ်သည်တော် တွေက ကိုင်းတောကိုရှင်းတော့ 'ဖရုံ' ဆိုပြီး တောကြက်ဖတစ်ကောင် က ထပျံလိုက်တာ ထန်းတစ်ဖျားလောက် မြင့်သွားသတဲ့၊ အဲဒါနဲ့ ဒီနေရာ ကောင်းတယ်၊ နောင်မှာ ကြက်ပျံမကျ စည်ကားနိုင်တယ်လို့ အတိတ်နိမိတ်ယူပြီး ရွာတည်ခဲ့တာပါပဲ ခင်ဗျာ။

နာမည်ကိုတော့ ရှမ်းလို ပင်ကိုက်ဖရုံလို့ ပေးခဲ့ပါတယ်။ ပင်က တော့ အပင်ပေါ့၊ ကိုက်ကတော့ ကြက်ပါ၊ ဖရုံဆိုတာကတော့ ထပျံ သွားတဲ့ အသံပေါ့။ ပင်ကိုက်ဖရုံကနေပြီး ကာလရွေ့လျောသွားတော့ ပင်ကယ်ဖူး၊ အဲဒီကနေပြီး ပင်လယ်ဘူး ဖြစ်လာတာပါပဲ အဘရယ်"

"ဩော်"

ကျွန်တော်က အပြောကောင်းသည့် မြို့နယ်အုပ်ချုပ်ရေး အရာရှိအား ခေါင်းညိတ်ပြမိ၏။ ဒီလောက်ပြောနိုင်က မဆိုးပါ။ ကျေနယ်ဖွယ်ရာကောင်းပါသည်။ သဘောကျ၍ ဆက်မေးမိသည်။

"ဒီကလူတွေကို ဘာဖြစ်လို့ ကတူးကနန်းလို့ ခေါ်သလဲ၊ အစ်မြစ်ကရော ဘယ်လိုလဲ သိရင်ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကတူးကနန်းတွေက ပျူအဆက်အနွယ်လို့ သိရပါ တယ်၊ ကချင်၊ ချင်း၊ မြန်မာတွေနဲ့ ညီအစ်ကို တော်စပ်တယ်လို့လည်း ဆိုကြပါ တယ်။ သူတို့စကားမှာ မြန်မာစကားနှင့် တူတာတွေရှိပါတယ်။ ကတူး လူမျိုးတွေဟာ သူတို့ကိုယ်သူတို့ မင်းမျိုးမင်းနွယ်လို့ ယူဆကြ ပါတယ်။ ဂေါတမဘုရားလက်ထက်က ကန်တွေတူးခဲ့ကြလို့ ကန်တူး လူမျိုး ဖြစ်လာတယ်လို့လည်း ခံယူထားကြပါတယ်။ ကတူးနှင့် ကနန်း မတူကြပါဘူး။ စကားလည်း ကွာပါတယ်"

"ကနန်းကိုကော ဘာကြောင့် ကနန်းလို့ခေါ်ရတာလဲဗျာ"

"ကနန်းလူမျိုးတွေဟာ မူလအစက ဗိသနိုးကပါ။ ဗိသနိုးကို ဒွတ္တပေါင်တိုက်တော့ မြို့ပျက်ပြီး ချင်းတွင်းမြစ်ကို ဆန်တက်ခဲ့တယ်။ အခု ဒီနေရာတစ်ဝိုက်မှာ မြို့တည်ပြီး နေကြတယ်။ ကနန်းတွေရဲ့ အိမ်တွေဟာ မဏ္ဍပ်ကနားနဲ့တူတဲ့ အိမ်ဝိုင်းကျယ်ကြီးများ ဖြစ်ပါတယ်။ မဏ္ဍပ်ကနားနဲ့နေတဲ့လူမျိုး၊ ကနားနဲ့နေတဲ့လူမျိုး၊ ကနားလူမျိုး၊ ကနန်းလူမျိုးဆိုပြီး အခေါ်အဝေါ်တွေ အဆင့်ဆင့်ပြောင်းလဲသွားတယ်လို့ သိရပါတယ်"

"တော်တော် ဖြေနိုင်ပါတယ်၊ ကျေနပ်စရာပါပဲ၊ တခြား မြို့နဲ့ ပတ်သက်တဲ့ဟာလေးတွေ ပြောပါဦး"

"ဟုတ်ကဲ့၊ မြို့ကသေးပါတယ်၊ အိမ်ခြေ ၅၀၀ ကျော်လောက်ပဲ ရှိပါတယ်၊ မြို့နယ်အဆင့်ရုံးတွေတော့ အားလုံးရှိပါတယ်၊ ကျေးရွာ ၃၄၅ ရွာနဲ့ ကျေးရွာအုပ်စု ၆၈ အုပ်စုပဲ ရှိပါတယ်"

"မြေမျက်နှာပြင်အနေနဲ့ကတော့ ပင်လယ်ပြင်ထက် ပေ ၁၀၀၀ လောက်မြင့်ပါတယ်၊ အတိအကျ ပြောရမယ်ဆိုရင်တော့ ၈၈၈ ပေပါ ခင်ဗျာ၊ မြို့က မူးမြစ်ဘေးမှာရှိပြီး ပတ်ဝန်းကျင်မှာ အဘတို့မြင်တဲ့ အတိုင်း တောတွေတောင်တွေ ဝိုင်းနေပါတယ်၊ အနောက်ဘက်က ဇီးဖြူတောင်တန်းပါ။ အရှေ့ဘက်က မုန်ကင်းတောင်ကြီးပါ၊ အရှေ့



မြောက် တောင်မြင့်မြင့်ကြီးက မိုင်းသုံတောင်ပါ။ ၅၃၅၅ ပေ မြင့်ပါတယ်၊ ဒီနားမှာ သူ အမြင့်ဆုံးပါ"

"ရာသီဥတုကတော့ တောထူပြီး မိုးများပါတယ်၊ မိုးရေချိန် လက်မ ၇၀ အထက်မှာပါ၊ အလုပ်အကိုင်ကတော့ စိုက်ပျိုးရေးပါပဲ၊ ပါး ပဲအမျိုးမျိုး၊ ရှောက်၊ သံပရာ၊ လိမ္မော်၊ ဆေးရွက်ကြီး၊ ငှက်ပျော ကြံနဲ့ လက်ဖက်စိုက်ကြပါတယ်။ ဒါ့အပြင် သတ္တုလည်းတူးကြတယ်၊ သစ်လည်း လုပ်ကြပါတယ်"

"ဘာသတ္တုတွေ ထွက်သလဲဗျာ"

"သတ္တုကတော့ နည်းနည်းနည်းနည်းနဲ့ အမျိုးစုံပါ၊ ရွှေ ငွေ ကြေး ခဲအစုံပါပဲ။ ဆားကွင်းတွေလည်း ရှိတယ်"

"ဩော်"

"မိုင်းသုံတောင်ခြေက ဆားထွက်ပါတယ်၊ ရွှေကတော့ ဘယ်နေရာ သွားကျင်ကျင် ရေရှိရင် ရွှေရှိတာပါပဲ၊ မူးမြစ်ထဲလည်း ကျင်ကြပါတယ်၊ အနောက်ဘက်သွားပြီးလည်း ကျင်ကြတာပါပဲ၊ ရိုးရိုး ရွှေရော ရွှေဆတ်ရော ရပါတယ်"

"ဘာလဲဗျ ရွှေဆတ်ဆိုတာ"

"သူက ရိုးရိုးရွှေလို မပျော့ဘူး၊ မာတယ်၊ လက်ဝတ်လက်စား လုပ်လို့ မရဘူး အဂ္ဂိရတ်သမားတွေ သုံးတဲ့ရွှေပါ၊ ဆတ်တယ်၊ ကျိုးတယ်၊ ဒါကြောင့် ရွှေဆတ်လို့ခေါ်တာ"

"ဒီမှာ ဘာလူမျိုးတွေနေလဲ"

"အများဆုံးကတော့ ကတူးကနန်းတွေပါပဲ၊ ရှမ်းတွေလည်း ရှိပါတယ်၊ ဗမာတွေလည်း ရှိပါတယ်"

"ဩော်"

"စစ်အတွင်းက စစ်လမ်းကြောင်းကျလို့ တိုက်တာခိုက်တာ တွေရော ပြောမပြနိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါတော့ ကျွန်တော်မပြောနိုင်ဘူးခင်ဗျား။ ဒီကလူကြီးတွေမှပဲ ပြောနိုင်မယ်ထင်ပါတယ်''

''ဒါဆို ၁၉၈၁ က ဗကပတွေဝင်လာတဲ့ကိစ္စရော မပြောနိုင်ဘူးလား'

''ဒါလည်း မပြောနိုင်ပါဘူးခင်ဗျ။ မြို့ခံတွေပဲ သိပါလိမ့်မယ်''

မြို့ခံများမေးရန် အချိန်မရှိပါ။ တပ်ခွဲမှူးအား မေးလာခဲ့ရန်သာ မှာခဲ့ရ၏။

''ကဲ ရပါပြီလေ၊ အချိန်ရှိတုန်း မူးမြစ်ကို ဆင်းကြည့်ရအောင်''

မူးမြစ်နှင့် အုပ်ချုပ်ရေးရုံးမှာ ဘာမှမဝေးပါ။ ကားခဏ မောင်းရုံဖြင့် ရောက်ပါသည်။ မူးမြစ်မှာ ကျွန်တော်တို့ ရေဦးမှာလောက် မကျယ်ပါ။ ခပ်ကျဉ်းကျဉ်းသာ ဖြစ်ပါ၏။ ငမိုးရိပ်ချောင်းဖျားလောက်ပင် ရှိမည်ထင်သည်။ သို့ရာတွင် ကျောက်တုံးကျောက်ခဲများကား ပေါများလှချေ၏။

''ကျောက်တွေ တယ်ပေါပါလားဗျာ''

''ဟုတ်ကဲ့၊ ဒီမြို့နယ်အဆုံးမှာ ကျောက်တန်းကြီးရှိလို့ ရေတံခွန်တောင် ရှိပါတယ်ခင်ဗျ၊ ရေတံခွန်သေးသေးလေးတွေကတော့ မူးမြစ်နိုတစ်လျှောက် နေရာတကာပါပဲ''

''ဪ''

မိုးကောင်းစွာမရွာသေး၍ မူးမြစ်ထဲ၌ ရေသိပ်မကြီးသေးပါ။

''ဟိုဘက်ကမ်းမှာရော ရွာတွေရှိလား''

''ရှိပါတယ်ခင်ဗျ၊ တောင်ဒွန်း၊ မြေသာ၊ ပင်ကြိုင်း၊ ခေါက်စင်းအိုးမြေကုန်း၊ မန္တ၊ ကညင်ကုန်းဆိုတဲ့ ရွာတွေရှိပါတယ်''

ကျွန်တော်က အနောက်ဘက် ဇီးဖြူတောင်တန်းကြီးအား လှမ်းမျှော် ကြည့်လိုက်မိ၏။ ဒုတိယကမ္ဘာစစ်က ထိုတောင်ကြီးပေါ်မှာ စစ်တိုက်သွားကြသူများကို စိတ်ထဲမှစဉ်းစားရင်း ကိုယ်ချင်းစာနေမိသည်။ သနားသလိုလိုလည်း ဖြစ်မိ၏။ ကျွန်တော်လည်း ဒီလိုတောင်ကြီးတွေ





ပေါ်တွင် လပေါင်းများစွာ နေခဲ့ဖူးပါသည်။ ထို့ကြောင့် ကိုယ်ချင်းစာလိုက်မိခြင်းဖြစ်သည်။ စစ်ပွဲကြီးကာလ ဒီလောက်တောကြီး မျက်မည်းတွင် ဒီတပ်တွေ ကပ်ကြီးသုံးပါးနှင့် အတော်ရင်ဆိုင်ရပေမည်။

''ဒီမှာ ကျန်းမာရေးအခြေအနေရော''

''ငှက်ဖျားကတော့ အလွန်ဆိုးပါတယ်၊ ကျန်တာကတော့ မိုးဒဏ် လေဒဏ် ရာသီဥတုနဲ့ သဘာဝဘေးဒဏ်တွေ ခံရတာပေါ့ အဘရယ်။ တောသူတောင်သားတွေဖြစ်တတ်တဲ့ ဒေသန္တရ ရောဂါတွေ အမျိုးစုံပါပဲ''

စကားပြောရင်း နာရီကြည့်လိုက်ရာ ညနေ ၆ နာရီထိုးခါနီးပြီ။ တောင်စွယ်တွင် နေကွယ်နေပြီ။ မမှောင်ခင် ပြန်မှ။

''ကဲ၊ ပြန်ကြရအောင်၊ ဒီလောက်သိရရင် ကျေနပ်ပါပြီ''

မြို့ကလေးကို ကားတစ်ပတ်ပတ်မောင်းပြီး ပြန်ထွက်ခဲ့ကြ၏။

မြို့တောင်ဘက် ကျွန်းတောကြီးထဲ၌ သချိုင်းကုန်းရှိသည်။ သချိုင်းကုန်းဘက်အရောက် ကျွန်တော်တို့ကားတွင် အတူလိုက်ပါလာသည့် မြို့အုပ်ချုပ်ရေးအရာရှိမှ အမှတ်မထင် အောက်ပါအတိုင်း ပြောတော့၏။

''အဘရေ၊ အဲဒီသချိုင်းကုန်းမှာ ကျွန်တော်ရောက်စနှစ်က ရန်ကုန်က လူကြီးတစ်ယောက် ဦးနှောက်ထဲ ငှက်ဖျားပိုးဝင်ပြီး ဆုံးသွားတယ်၊ မြို့က တာဝန်ယူ သင်္ဂြိုဟ်ရတယ်၊ သင်္ဂြိုဟ်တဲ့အဖွဲ့မှာ ကျွန်တော်လည်းပါတယ်၊ အတော်သံဝေဂရစရာ ကောင်းပါတယ်''

''ဗျာ၊ ဘာဖြစ်လို့လဲဗျာ''

''ဪ၊ အဲဒီအဘကြီးက တကယ့်အရာရှိကြီးကြီးပါ။ ပင်စင်ယူပြီး အလုပ်မရှိရင် မနေတတ်လို့ဆိုပြီး ဒီမှာ ရွှေလာတူးရင်း ဆုံးသွားတာ၊ သားသမီးလည်းမရှိဘူး၊ ကျွန်တော်တို့ အလောင်းမြှုပ်ပြီးမှ သူ့မွေးစားသားနဲ့ သမီးက ရောက်လာတယ်။ တကယ့် နှမြောစရာ စိတ်မကောင်းစရာပါပဲ အဘရယ်''



www.burmeseclassic.com

www.burmeseclassic.com



သူက အတွေးပုံရိပ်နှင့် အတိတ်ဟိုဆီကိုမှန်းပြီး ဆွေးဆွေးမြည့်မြည့် ပြောလိုက်မိ၏။

"ဪ၊ ဟုတ်လား"

ခဏအကြာတွင် မြို့အထွက်ရောက်၍ တာဝန်ရှိသူ မြို့နယ်အရာရှိသုံးဦး သူတို့ကားနှင့် လက်တပြပြလုပ်ကာ ကျန်ခဲ့ကြ၏။ ကျန်တော့်ကားတွင် လိုက်ပါလာသည့် ပုံပြောကောင်းသော မြို့နယ်အရာရှိလည်း ဆင်းကျန်ခဲ့သည်။ သို့ရာတွင် သူ့စကားကို ကျွန်တော် အလွန်စိတ်ဝင်စား မိ၏။ သေသွားတဲ့ ပုဂ္ဂိုလ်ကြီးက ဘယ်သူများပါလိမ့် သိချင်သည်။ ထို့ကြောင့် အတူပါလာသည့် အရာရှိများကို မေးမိ၏။

"ဟော့၊ ခုနက သူပြောတာဟုတ်ရဲ့လား။ ဘယ်လိုဖြစ်တာလဲ သိရင်လည်း ပြောကြစမ်းပါဦး ကြားရအောင်"

"ဟုတ်ပါတယ် ခင်ဗျာ" ဟုဆိုကာ လိုက်ပါလာသူများ ထိုလွမ်းမော ကြေကွဲဖွယ်ဇာတ်လမ်းကို အောက်ပါအတိုင်း ပြောတော့၏။

❀

## ဝင်လယ်ဘူးက ဇာတ်လမ်းတစ်ပုဒ်

၁၉၈၈ နောက်ပိုင်းကာလများ။

ထိုကာလမတိုင်မီက အရာရှိကြီးတစ်ဦးသည် အပြစ်ရှိသဖြင့် တာဝန်မှ ရပ်စဲခံရ၏။ ထိုအရာရှိကြီးတွင် ဇနီးရှိသော်လည်း သားသမီးအရင်းအချာ တစ်ဦးမှမရှိပါ။ အလုပ်မှ အနားယူသောအခါ အသက် ၁၆ နှစ် ၁၇ နှစ် ကတည်းက နိုင်ငံတာဝန်ထမ်းဆောင်လာသူမို့ အလကားမနေတတ်။ အအားမနေတတ်။ အသက်ကလည်း သိပ်မကြီးသေး။ ငါးဆယ်သာသာသာ ရှိဦးမည်ထင်၏။ သန်တုန်း မြန်တုန်း သို့ရာတွင် ဇနီးကလည်း သိပ်အဆင်မပြေ။





ထို့ကြောင့် ထိုအရာရှိကြီးသည် အိမ်တွင်မပျော်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေရာမှ အပေါင်းအသင်းများက အဆွယ်ကောင်း၍ ရှိစုမဲ့စု ငွေကလေးဖြင့် ၁၉၈၈ ခုနှစ် နောက်ပိုင်း၌ ကသာခရိုင်သို့ သွားပြီး သစ်လုပ်၏။ လူမှန်းသိတတ်ခါစမှ အလုပ်ကထွက်ချိန်ထိ ဘာစီးပွားရေးမှ မလုပ်ခဲ့ဘူးသည့် ထိုပုဂ္ဂိုလ်ကြီးမှာ အလွန်ရှုပ်သည့် သစ်လောကအကြောင်းကို နားမလည်ရှာပါ။ လုပ်ငန်းတွေ လုပ်ရင်းလုပ်ရင်းဖြင့် ငွေကုန်လူပန်းကာ လုံးပါးပါးပြီး ဖွတ်ကျောပြာစု ခရုဆံကျွတ် ဖြစ်သွား၏။

ထိုင်နေရင်အကောင်းသား ထသွားမှကျိုးမှန်းသိ ဖြစ်ရရှာ၏။

ကသာမှာ ကြွေးရာမရဖြစ်နေပြီး ငယ်တပည့်များရှိရာ ကောလင်းနယ်သို့ ရောက်လာ၏။

"အဘ ဘာလုပ်ချင်သလဲပြောပါ"

တပည့်အားလုံး ဝိုင်းမေးကြသည်။

"ကသာမှာ သစ်သွားလုပ်တာကွာ၊ မလုပ်တတ် မကိုင်တတ်နဲ့ ရှုံးကုန်က ပါလာတာလေးတွေ ကုန်ပြီကွ၊ အိမ်လည်း မပြန်ချင်ဘူး ခင်းတို့ဆီမှာ ငါဘာလုပ်ရင် ရမလဲ၊ သစ်ပြန်လုပ်ရင် အဆင်ပြေမလား"

"သစ်လောကက သိပ်ရှုပ်တယ် အဘရဲ့၊ မလုပ်ချင်ပါနဲ့ အဘရယ်"

"ဒါဆိုရင် ရွှေတူးရင်ရော ဖြစ်မလား။ ပါလာတာလေး ကုန်သွားတော့ ရန်ကုန်လည်း ပြန်ရခက်ခက်ကွာ"

အသားဖြူဖြူ အရပ်မြင့်မြင့် ဟိုစဉ်က အလွန်ချောမောခန့်ညားနေခဲ့သည့် ပုဂ္ဂိုလ်ကြီးမှာ ယခုအခါတွင်တော့ လောကဓံ၏ထုထောင်းနှိပ်စက်မှုကြောင့် အတော်အရွယ် ကျနေပေပြီ။ ဖြူသောမျက်နှာ၌ နေလောင်ထားသဖြင့် တင်းတိတ်လို အကွက်များပင် ဖြစ်နေ၏။ သူ့ကြည့်ပြီးတော့ အားလုံးက သနားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



''အဘ လုပ်ချင်ရာ လုပ်ကြည့်ပါ၊ ကျွန်တော်တို့လည်း တတ်နိုင်တာ ကူမယ်၊ အဘ အနောက်ဘက်တော့ မသွားနဲ့နော်၊ အဲဒီဘက်က နယ်မြေကြမ်းတယ်''

သူ့တပည့်များမှာ နယ်ဘက်အုပ်ချုပ်ရေး တာဝန်ယူနေကြသူများဖြစ်၍ မူးမြစ်အနောက်ဘက်ကမ်း ဇီးဖြူတောင်တန်းတစ်ပိုက်က သဘာဝဘေးအန္တရာယ်များကို ကောင်းစွာသိ၏။

''အေးပါကွာ''

အေးပါကွာဟု ပြောပြီး မကြာမီ ထိုပုဂ္ဂိုလ်ကြီး ပျောက်သွား၏။ ကောလင်းမှ ဝန်းသို၊ ဝန်းသိုမှ ပင်လယ်ဘူးသို့ ရောက်သွား၏။ ပင်လယ်ဘူးတွင် ရွှေရှာ၏။ ရွှေတူး၏။ ထိုမှ ဘယ်လိုက ဘယ်လိုဖြစ်သည် မသိပါ။ မူးမြစ်ကို ဖြတ်ကျော်ပြီး ပင်လယ်ဘူးနှင့် ဖောင်းပြင်ကြား တောတောင်ကြီးများအလယ်၌ ရွှေသွားတူးပြန်၏။ နွေကာလမှာ ပြဿနာ သိပ်မရှိပါ။ မိုးကျလာ၏။ ဝါဆိုဝါခေါင် ရေဖောင်ဖောင်ကာလ ကျော်ပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်းအရောက်၌ ထိုပုဂ္ဂိုလ်ကြီး ငှက်ဖျား ဖျားတော့၏။

ငှက်ဖျားက ရိုးရိုးမဟုတ်။ အပြင်းဖျား၏။ တောထဲတောင်ထဲ၌ ကုပေးမည့် ဆေးဆရာက မရှိပါ။ ပုဂ္ဂိုလ်ကြီးခမျာ ဖျားရင်း သတိလစ်သွား၏။ ထိုအခါ အတူပါသွားသည့် တပည့်လေးနှစ်ဦးက စိုးရိမ်၍ အထမ်းဖြင့် ပင်လယ်ဘူးသို့ အဆောတလျင် ပို့ကြ၏။ ပင်လယ်ဘူး ဆေးရုံတင်သည်။ ဆေးရုံမှ ချက်ချင်းဆေးသွင်းပေးသည်။ သို့ရာတွင် အခြေအနေ မကောင်းပါ။ ငှက်ဖျားပိုးက ဦးနှောက်ထဲ ရောက်နေပါပြီ။ ထို့ကြောင့် ရန်ကုန်ရှိ သူ့အိမ်ကို လှမ်းပြီးအကြောင်းကြားသည်။ ဆေးသွင်းထားသော်လည်း သုံးရက်လေးရက်အကြာ၌ သတိပြန်လည် မလာတော့ဘဲ ထိုပုဂ္ဂိုလ်ကြီးဆုံးရှာတော့၏။

မြို့ခံလူကြီးများက သင်္ဂြိုဟ်ရက် သတ်မှတ်ကာ ဆွေမျိုးသားချင်းများကို စောင့်၏။ ဘယ်သူမှ သတ်မှတ်ချိန် မရောက်လာသဖြင့် မြို့ကတာဝန်ယူကာ အသုဘချရတော့သည်။ အသုဘချသည့်နေ့၌ ကားတစ်စီး အပြင်းမောင်းကာ ပင်လယ်ဘူးသို့ ဝင်လာ၏။ သုသာန်ရောက်လာသည်။ ထိုအချိန်၌ ပုဂ္ဂိုလ်ကြီး၏အလောင်းကို မြေချနေပါပြီ။ လိုက်ပို့သူများက မြေဖို့ရန် ပြင်နေကြ၏။

''သူ့သားနဲ့ သမီးလိုက်လာတယ်''

ဟု ပြောသံကြားကြရသည်။ ဘယ်သူက ပြောလိုက်သည်တော့ မသိပါ။ သို့ရာတွင် ရောက်လာတာ ဟုတ်ပါသည်။ မွေးစားသားနှင့် သမီးက ရုပ်ရှင်ထဲကမင်းသား၊ မင်းသမီးများလို နေကာမျက်မှန် ကိုယ်စီနှင့် . . .

''ဖြစ်မှ ဖြစ်ရလေ အဖေကြီးရယ်''

သားနှင့်သမီးက မျက်ရည်ကျကာ မြို့ခံအသုဘပို့သူများနှင့်အတူ မြေဖို့ကြ၏။ တကယ်တော့ မြို့ကလေးမှ ကျွန်းပင်ကြီးများအောက်တွင် ပုဂ္ဂိုလ်ကြီးကား လူမသိ သူမသိ ငြိမ်သက်စွာ ထာဝစဉ် သဲလျောင်းအိပ်စက် သွားပါပြီ။

သူငယ်စဉ်က အလွန်စည်းကမ်းကြီး၏။ အလုပ်နှင့်ပတ်သက်က သဘောထားတင်းမာ၏။ အောက်ကလူများကို အပြစ်ရှိက ပြင်းထန်စွာ အရေးယူတတ်၏။ ထို့ကြောင့် သူ့အား အများကကြောက်ကြ၏။ သူတော့လည်း ဘာမဟုတ် ညာမဟုတ် မထင်မရှားဖြင့် သူ့ဘဝ နိဂုံးချုပ်သွားပါပြီ။

တက်ကြွားကြွကြွ ရှိလွန်းကလည်း လျော့ကျနောက်ဆုံး ရှိချေ၏။

ဝိညာဉ်တည်းလည်းသက်ရှိခြင်းကား သေခြင်းနောက်ဆုံး ရှိချေ၏။

ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိချေ၏။

''ဖြစ်စဉ်ကတော့ အဲဒါပါပဲ ခင်ဗျာ''





မြဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တွင် လိုက်ပါလာသည့် အရာရှိများက အထက်ပါ ဇာတ်လမ်းကို ပြောဍ်ပြီးဆုံးချိန်တွင် ကားကလေးက ဝန်းသိုနယ်စပ်သို့ ပြန်ရောက်နေပါပြီ။ မကြာခင် ဝန်းသိုရောက်ပါတော့မည်။ မိုးလည်း စုပ်စုပ်ချုပ်ပါပြီ။ ထူးဆန်းသော သူတို့ဇာတ်လမ်းကြောင့် ကျွန်တော်လည်း စိတ်မောသွားပါပြီ။ သူတို့ပြောသည့် အရာရှိကြီးကို လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကပင် ကျွန်တော်ကောင်းစွာသိပါသည်။ သူ ဤမြို့ ကလေး၌ ဤကဲ့သို့ မထင်မရှားကြေကွဲဖွယ် ကွယ်လွန်သွားသည်ကိုသာ ကျွန်တော် မသိခြင်းဖြစ်ပါ၏။ လူတွေ၏ ကံကြမ္မာဆိုသည်မှာ အဆန်း သားလားခင်ဗျာ။

မြေအခြေအနေ လေ့လာရင်းသွားခဲ့သော ကျွန်တော့်အတွက် လျှပ်တစ်ပြက် ပင်လယ်ဘူးခရီးစဉ်မှာ မြေအခြေအနေအကြောင်း ကောင်းကောင်းမသိခဲ့ရဘဲ မထင်မှတ်သည့် သံဝေဂယူစရာ ဇာတ်လမ်း လေးတစ်ပုဒ်သာ ရခဲ့ပါသည်။ စာရှုသူများ မျှဝေခံစားနိုင်ရန် ကျွန်တော်၏ အတွေးပုံရိပ် အတိတ်ဟိုဆီကို တင်ပြလိုက်ရပါသည် ခင်ဗျား။

ᘏ ᘏ ᘏ

# အခန်း(၇)
## ကျွန်တော်နှင့် ခင်ဦးမြို့ကလေး

ခင်ဦးမြို့ကလေးကား ရွှေဘိုနှင့် ရေဦးကြား အလယ်တည့်တည့်မှ မြို့ငယ်ကလေးဖြစ်၏။ ရွှေဘိုသို့ ၁၄မိုင်၊ ရေဦးသို့ ၁၄မိုင် အညီအမျှ ကွာဝေး၏။

၁၉၅၅ လောက်မှစ၍ ခင်ဦးကို ဖြတ်သွားဖြတ်လာနှင့် မှတ်မိနေ၏။ ရေဦးမှ ရွှေဘိုသွားလျှင် ခင်ဦးကို ဖြတ်ရ၏။ ရထားစီးမည် ဆိုပါကလည်း ခင်ဦးမှာသာ ရထားလမ်းရှိ၍ ရေဦးသားတွေ ခင်ဦးဘူတာမှ ရထားစီးရပါသည်။ တောင်ဘက်ရွှေဘို၊ စစ်ကိုင်း၊ မန္တလေး၊ ထိုမှသည် ရန်ကုန်အထိ။ မြောက်ဘက် ကန့်ဘလူ၊ ကောလင်း၊ ဝန်းသို၊ အင်းတော်၊ မိုးညှင်း၊ ဟိုပင်၊ နမ္မတီး၊ မြစ်ကြီးနားအထိ။ မြန်မာနိုင်ငံ အောင်မြောက်ပေါက်ပါသည်။ ထို့ကြောင့် ကျွန်တော် ငယ်ဘဝက ခင်ဦးကို မကြာခဏဖြတ်သွားဖြတ်လာမို့ ခင်ဦးနှင့် ပတ်သက်၍ မမေ့ သောမြင်ကွင်းများ၊ အတွေ့အကြုံ အတွေးအမြင်များကို အခွင့်ကြုံ တင်ပြချင်ပါသေးသည်။

ᘏ



www.burmeseclassic.com

www.burmeseclassic.com



## ခင်ဦးဆိုသည်ကား

ဦးစွာပထမ ခင်ဦး၏ အမည်နာမကိစ္စပါ။

''ခင်ဦးဆိုတာကတော့ကွာ ဟိုရှေးမြန်မာဘုရင်တွေ လက်ထ
တုန်းက မြောက်ဘက်က ကသဲတွေ၊ ရှမ်းတွေက တောင်ဘက်
ဆင်းဆင်းပြီး တိုက်တယ်၊ တရုတ်တရက်နဲ့ တာတာတွေလည်းပါတယ်
အဲဒီလို ဆင်းတိုက်တဲ့အခါမှာ ပုဂံတို့၊ အင်းဝတို့ အတိုက်ခံရတယ်
ပုဂံလည်း ပျက်ခဲ့ဖူးတယ်၊ အင်းဝခေတ်ရောက်တော့ တိုက်မယ့်သူ
လာတာကို ကြိုသိအောင် ကင်းမြို့တွေ အဆင့်ဆင့်တည်တယ်
မြောက်ဘက်မှာ ခင်ဦးက အစွန်အကျဆုံး ကင်းမြို့ကလေးတဲ့။ ကင်း
မြို့ကလေးပေါ့။ ကင်းဦးကနေပြီး ကာလရွေ့လျောလာတော့ ခင်
ဖြစ်လာတယ်။ အင်္ဂလိပ်လို စာလုံးပေါင်းတာတောင် KIN-U ကင်းဦး
ပေါင်းထားတယ်''

လွန်ခဲ့သည့် နှစ်အနည်းငယ်က ပျံလွန်တော်မူခဲ့သည့် ရေဦး
မင်္ဂလာရာမတိုက်မှ ဆရာတော် ဦးအာစရက ကျွန်တော့်အား အထက်
အတိုင်း အမိန့်ရှိဖူးပါသည်။ ဆရာတော်ကား ခင်ဦးနယ်သား စာတ
ပေတတ်ဖြစ်၍ ဆရာတော်အမိန့်ရှိသည်ကို ကျွန်တော်လက်ခံလိုက်
အထောက်အထား ရှာကြည့်၏။ ယခုအထိတော့ ခိုင်ခိုင်လုံလုံ မတွေ့
သေးပါ။ ဆရာတော်အမိန့်ရှိသည်မှာ ဟုတ်တန်ရာ၏ဟုသာ မှတ်
ထားပါသည်။ မဟုတ်လျှင်လည်း ပညာရှင်များမှ ပြင်ပေးကြပါကု

နောက်တစ်ခုကတော့ ခင်ဦးကား ရွှေဘိုခရိုင်အတွင်း၌ ရှာ
ပါးပါး ထန်းပင်များ အလွန်ပေါများသည့် မြို့ကလေးပင်။ မြို့အနော
ဘက်ရှိ ထန်းတောကြီးကား တစ်မျှော်တစ်ခေါ်ပင်။ ရထားလ
တစ်လျှောက်လည်း ထန်းတောများချည်းသာ။ ထန်းတပင် ဇီးတ
ထက်ပင် ထန်းပင်ပေါသေးသည်ထင်၏။ မြန်မာနိုင်ငံတွင် ထန်း
အပေါဆုံးဟု ဆိုရမည့် ကျောက်ပန်းတောင်း၊ ပုဂံညောင်ဦးဒေသနှင့်





နိုင်းယှဉ်၍ ရပါသည်။ ထန်းပင်အလွန်ပေါများသဖြင့် ထန်းလုံးကို
အသုံးပြုကာ ခံတပ်လုပ်ပြီး မုဆိုးဖိုသားတို့ မွန်ဘုရင်၏ စစ်တပ်ကြီးအား
ခံတိုက်နိုင်ခဲ့သည် ဆိုသည်မှာ ယုံမှားဖွယ်မရှိပါ။ နောက်ပိုင်းတွင်
ဦးအောင်ဇေယျ၏ ဦးဆောင်မှုဖြင့် ထန်းလုံးတပ်သားတို့ မွန်တို့ကို
အောင်နိုင်ပြီး တတိယ မြန်မာနိုင်ငံတော်ကိုပင် တည်ထောင်နိုင်ခဲ့သည်
မှာ အထင်အရှားပါပေ။

ထို့ကြောင့် ထန်းပင်နှင့်ခင်ဦး ခင်ဦးနှင့်ထန်းပင်များကား ခွဲခြား
၍ မရစကောင်းပင်ဖြစ်၏။ ဒါ့ထက်ပိုပြီးဆိုရပါက ကျွန်တော်တို့ အညာ
သားများနှင့် ထန်းပင်ကား ဖွားဖက်တော်ဟုပင် ပြောရပါမည်။ အဘယ်
ကြောင့်ဆိုသော် အညာဒေသ၌ ထန်းပင်မရှိသောနေရာ မရှိစလောက်
ပင်။ ထန်းပင်သည် ပူပြင်းခြောက်သွေ့သောရာသီကို နှစ်သက်သည်။
မိုးရေချိန် လက်မ ၂၀ မှ ၄၀ အတွင်း ရှာသွန်းမှုကိုကြိုက်သည်။
သဲရောသော အင်တိုင်းမြေမျိုးတွင် ဖြစ်ထွန်းသည်။ ကျွန်တော်တို့
အညာဒေသသည်ကား ထိုအချက်အားလုံး အကျုံးဝင်နေ၏။

ကျွန်တော်တို့သည် ထန်းပင်နှင့် လူမှန်းသိတတ်ခါစကပင်
အကျွမ်းတဝင်ရှိ၏။ ထန်းပင်အောက်ရောက်ဖူး၏။ ထန်းရည်သောက်ဖူး
၏။ မူးဖူး၏။ ထန်းသီးစားဖူး၏။ ထန်းလျက်စားဖူး၏။ ထန်းခေါက်ဖာနှင့်
အဝတ်အစား ထည့်ဖူး၏။ ထန်းတဲတွင် နားနားနေနေ နေဖူး၏။ ၁၉၆၄
ခုနှစ်ကာလ၌ ကျွန်တော်နှင့် ကိုဘိုကြည်တို့ သူငယ်ချင်းနှစ်ယောက်
ရွှေဘိုတွင် ဘီအေ ပထမနှစ်ဖြေအပြီး စက်ဘီးကိုယ်စီဖြင့် ၂၈ မိုင်
ဝေးသော ရေဦးသို့ ပြန်ခဲ့ကြ၏။ နေပူပူ လေပူပူတွင် ခင်ဦးနှင့်ရေဦး
ကြား ထန်းတဲတွေ့တိုင်း ရပ်နားပြီး ထန်းရည်တစ်ခွက်မော့လိုက် စက်ဘီး
နင်းလိုက် လုပ်ခဲ့ကြသည်ကို ယနေ့တိုင် မမေ့နိုင်ပါ။ ခင်ဦးနှင့် ရေဦးကြား
မှာလည်း ထန်းပင်နှင့်ထန်းရည် ထန်းတဲကလည်း ပေါပါဘိသောင်း။

တက္ကသိုလ်မရောက်မီက ဆယ်တန်းတွင် ဖြေခဲ့ရသည့်
မြန်မာစာ၌ ဝန်ကြီးပဒေသရာဇာ၏ ထန်းသမား၊ လယ်သမား တျာချင်း



www.burmeseclassic.com

www.burmeseclassic.com



များကို သင်ယူခဲ့ရပြီးပြီ။ ဒါတွေ မသင်ခင်ကတော့ အမှတ်တမဲ့ပင် ကလေးသာသာမို့ ထန်းပင်တွေ့လည်း ဩော်ထန်းပင်ပဲဟုသာ အောက်မေ့ခဲ့မိ၏။ လယ်ကွင်းတွေ့လည်း ဩော်လယ်ကွင်းပဲဟုသာ အမှတ်ထားမိ၏။ ဘာကိုမှ အလေးအနက်မထားမိ။ ထန်းတက်နေသူများ ကို မြင်လျှင်လည်း ကရုဏာသက်ရကောင်းမှန်းမသိခဲ့။ သို့ရာတွင် ဝန်ကြီးပဒေသရာဇာ၏ လယ်သမားဖွဲ့ တျာချင်းများ၊ ထန်းသမားဖွဲ့ တျာချင်းများကို ဖတ်မိပြီးသောအခါတွင်မူကား လယ်သမား၊ ထန်းသမား များကို မြင်လျှင် ကရုဏာသက်တတ်လာ၏။ သက်လောက်အောင် လည်း စာဆို ဝန်ကြီးပဒေသရာဇာက စီကုံးနွှန်းဖွဲ့မှု ကောင်းလှ၏။ စာဖတ်သူတို့ ကွက်ကွက် ကွင်းကွင်းမြင်အောင် ရေးပြနိုင်၏။ စာဆို၏ အောက်ဖော်ပြ ပါ ထန်းတက်သမား တျာချင်းကိုကြည့်ပါ။

နွေဦးကာလ၊ မြူထသောခါ၊
ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးလွယ်ကာ၊
ဓားနီးထက်စွာ၊ ခါးမှာချပ်လျက်၊
ထန်းပွင့်ထန်းခိုင်၊ ရှန်းမြိုင်မြိုင်၊
ကုလိုင်သာလွယ်လို့၊ တက်သည်နှင့်လေး။
ထန်းပင်ထန်းလက်၊ ထန်းရွက်ကယ်ဝေဝေ၊
စင်အောင်ခုတ်ထစ်၊ နမျစ်ကယ်ထန်းဦးရေ၊
မယားငယ်ဆွေ၊ ထန်းရေသိမ်းဆည်း၊
သားမြေးဟစ်ကြော်၊ ချွေးဝက်ခေါ်
ထန်းလျှော်သာ၊ ယုန်ပိုက်စည်းငယ်နှင့်လေး။
ခေါ်သံရိုက်ဟည်း၊ လူလည်းကြော်ငြာ၊
ချွေးဟစ်လူဟစ်၊ ခတ်ပစ်ခြောက်သောခါ၊
ပတတ်ယုန်ခါ၊ တောမှာရှိကြ၊





ငုံးကြွက်ဖွတ်မြွေ၊ ဝံပုလွေ၊
မနေထွက်လှာကြသည့်တည့်လေး။
ဝမ်းသာအားရ၊ မယားကတလွယ်၊
ဟင်းရွက်ဆိုးကောင်း၊ သောင်းပြောင်းရော၍လွယ်၊
လင်ကတလွယ်၊ ယုန်ငယ်ကစ၊
တောသတ္တဝါ၊ တွေ့တိုင်းကိုသာ၊
အိတ်မှာလာယူ၍ ချသည်နှင့်လေး။
သို့နှင့်ရောက်က၊ ခဏအောင့်လျှင်၊
တံစို့ထက်နှင့်၊ ထန်းလျက်ဖိုမှာကင်၊
ဟင်းအိုးဆူလျှင်၊ အကင်ခတ်ပြီး၊
အိုးကင်းနှင့်လှော်၊ ရေနှင့်ကြော်၊
မိုးမျှော်ရေတိသီးငယ်နှင့်လေး။
နီးဒေါင်းလန်းကြီး၊ ရှူးပြီးသောအခါ၊
သမီးနှင့်သား၊ များလို့မဝင်သာ၊
ရှူးတစ်ဖက်မှာ၊ တွန်းကာဖယ်လျက်၊
သူ့ထက်ငါလေ၊ စားတော့မည်စေ၊
စားပေသာလှ၊ အုန်းခွက်ကယ်နှင့်လေး။
ငုံ့လျက်ကိုယ်စီသာ၊ ဆုပ်ကာလွေးတော့သည်။
ပြီးလျှင်ရေမရှာ၊ ချွေးသာကျွေးတော့သည်။

အထက်ပါ ထန်းတက်သမားတျာချင်းမှာ ထိုခေတ်က ထန်းသမားများ၏ ဆင်းရဲနွမ်းပါးသောဘဝကို အရင်းအတိုင်း ရေးပြထားခြင်းဖြစ်၏။ သူတို့မှာ ဟင်းချက်ရာတွင် ဆီကိုမသုံးနိုင်။ သို့ကြောင့် လှော်ရကင်ရ၏။ ရေလုံပြုတ်၍ ရေတိသီးခတ်စားရ၏။ စားပြီးပြန်သော် ပူပြင်းခြောက်သွေ့သည့်အရပ်မို့ ရေကရှား၏။ တိုးဓွေ ...သောက်ပြီးသောအခါတွင် ရေရှားသောကြောင့် စားပြီးသော ဒေါင်းလန်း



www.burmeseclassic.com

www.burmeseclassic.com



ကိုပင် မဆေးကြောနိုင်ပါ။ နီးရာ ချွေးများကိုသာ လျက်ခိုင်းရတော့၏။ စာဆို၏ ရေးဖွဲ့မှုမှာ ထန်းသမားတို့၏ ဆင်းရဲမှုပေါ်လွင်၏။ ကရုဏာရသမြောက်လှပါသည်။

ဝန်ကြီးပဒေသရာဇာတို့ခေတ်ကို ကျော်လွန်ပြီး ကျွန်တော်တို့လူမှန်းသိတတ်ခါစထိ ထန်းသမားများဘဝ အပြောင်းအလဲသိပ်မရှိပါ။ အညာဒေသမှာလည်း ရေရှားမြဲ ရှားနေသေး၏။ ခင်ဦးမြို့ကလေးပင် လျှင် သောက်ရေသုံးရေ ကောင်းကောင်းမရှိပါ။ ၁၉၅၀–ခုနှစ် နောက်ပိုင်း၌ နိုင်ငံတော်မှ စက်ရေတွင်း Tube Well များတူးပေး၍ ခင်ဦးတစ်မြို့လုံး ရေကောင်းကောင်းသောက်ရသည်။ မြို့အရှေ့ဘက် အထွက် ထိုစက်ရေတွင်းကြီးတွင် တစ်မြို့လုံး ရေသယ်ရေခပ် လုပ်ကြ သည်အား ကျွန်တော်ကိုယ်တိုင် ခင်ဦးကို ဖြတ်သွားဖြတ်လာလုပ်ရင်း သိရှိမြင်တွေ့ခဲ့ရပါသည်။

နှစ်တန်းသုံးတန်းကျောင်းသားဘဝက ခင်ဦးကို ကျွန်တော် စ,ရောက်ဖူး၏။ ထိုမှသည် တက္ကသိုလ်ကျောင်းသားဘဝအထိ ခင်ဦးကို တစ်နှစ်လေးငါးခြောက်ခါထက်မနည်း ဖြတ်သွားနေရသည်။ ခင်ဦး ရောက်တိုင်း လမ်းထောင့်မှ မောင်စိန်ကဖီးမှာ လက်ဖက်ရည်ဝင်သောက် သည်ကိုလည်း မှတ်မိနေပါသည်။ မောင်စိန်ဆိုင်က ကိတ်မုန့်ကလည်း နာမည်ကြီးလှ၏။ ရှေးဦးသားများ အလွန်ကြိုက်ကြသည်။ ရန်ကုန်အပြန် ဘာပါလဲဟု မေးတတ်သည့် ဆွေမျိုးသားချင်းများအတွက် အိမ်အပြန် လက်ဆောင်အဖြစ် အမြဲလိုလိုဝယ်ဖြစ်ပါသည်။ ဆရာတော် ဦးပညာသီဟ နှင့် ခင်ဦးသားဆရာတော် ဦးအာစရတို့အားလည်း ခင်ဦးကိတ်မုန့် လှူရပါသေးသည်။

ခင်ဦးမြို့ကလေးတွင် အိမ်ခြေတစ်ထောင်လျော့လျော့ ရှိသည်ဟု ခန့်မှန်းရပါသည်။ မြို့နယ်မှာ ခပ်သေးသေးဖြစ်သော်လည်း သမိုင်းဝင် အညာသီဟတောဘုရားကား ခင်ဦးမြို့နယ်ထဲ၌ ပါဝင်သည်ဟု သိရ၏။ ခင်ဦးမှ အရှေ့ဘက်သင်ပေါင်းခါး ထိုမှရေဝတီမြစ်တွင်းရှိ အညာသီဟ





တောဘုရားသို့ ရောက်ပါသည်။ ရှေးယခင်ကတော့ အညာသီဟတောဘုရားသို့ ကျောက်မြောင်းမှ မော်တော်ဖြင့်သွားရ၍ ကျောက်မြောင်းအပိုင်ဟု သိရသည်။ နောက်ကျမှ ခင်ဦးမြို့နယ်ကဆိုသည်ကို သိရ၏။

လမ်းပန်းအဆက်အသွယ်အနေဖြင့် ကားလမ်းကား အနောက်ဘက် ရှေးဦးသို့လည်းကောင်း၊ တောင်ဘက် ရွှေဘိုသို့လည်းကောင်း၊ မြောက်ဘက် မဟာဗျူဟာလမ်းမကြီးအတိုင်း ကချင်ပြည်နယ်အထိ ဆက်၍ရပါသည်။

ရှေးယခင်ကတော့ ခင်ဦးနှင့်ရွှေဘိုကို ကန်တော်လမ်းမှ သွားရ၏။ ယခု မဟာဗျူဟာလမ်းပေါက်သွား၍ ကန်တော်လမ်းအား ခရီးသည် တင်ယာဉ်များ သွားခွင့်မပြုတော့ပါ။ ကန်တော်လမ်းကကျဉ်း၏။ မြေလမ်း သည်းဖြစ်၏။ ရှေးယခင်က သွားစရာလမ်းမရှိ၍သာ အများ ပြည်သူ သွားရန် ခွင့်ပြုခဲ့ရခြင်းဖြစ်သည်။ အရှောင်အတိမ်းခက်၍ အန္တရာယ် များလှ၏။ ကန်တော်လမ်းနှင့်ပတ်သက်၍ မမေ့စရာတစ်ခုကား ခင်ဦး နှင့်ရွှေဘိုကြား ၁၉၆၀–ခုနှစ်၊ သင်္ကြန်ကာလက ကျွန်တော် ကားမှောက်၍ ဆိပ်ပြခေါင်းကွဲ ဖြစ်ခဲ့ဖူး၏။ ကံကြီး၍မသေပါ။ ခင်ဦးဆေးရုံမှာ ကျွန်တော့်အား ဂရုတစိုက် ကုသပေးခဲ့ဖူး၏။ ကျေးဇူးရှိပါသည်။ ကုသပေးခဲ့သည့် ထိုစဉ်က ခင်ဦးဆေးရုံအုပ်ကြီးနှင့် သူနာပြုများကို ယခု ဤစာစုဖြင့် ကျေးဇူးဥပကာရတင်ရှိကြောင်း အမှတ်တရ ဖော်ပြ အပ်ပါသည်။ သူများကျေးဇူး မထိမ်မြုံး အထူးသိအပ်စွာပေါ့ခင်ဗျား။

ရထားလမ်းကား ယခုအခါ အနောက်ဘက် ရှေးဦးလမ်းခွဲမှ သည် မုံရွာအထိ သွား၍ရပါပြီ။ ရှေးယခင်ကတော့ မန္တလေး–မြစ်ကြီးနား ရထားလမ်းသာ သွား၍ရ၏။ ရှေးဦးရထားလမ်းခွဲကြောင့် ခင်ဦး ပို၍ စည်ကားလာသည်ဟု ဒေသသားများက ဆိုကြ၏။

ခင်ဦးနှင့်ရှေးဦးကြားကား ထန်းတောများသာမကပါ၊ ဆည် ရေသောက်လယ်များလည်း အများအပြားပင်ရှိ၏။ ကန်သစ်၊ မြင်းတောင်းစသည့် ကားလမ်းမပေါ်ရှိ ကျေးရွာကြီးများတွင် ဆန်စက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးများ စပါးကိုဒေါင်ကြီးများကို အထင်အရှားတွေ့နိုင်ပါသည်။ ဝမ်းစာအတွက်သာမက နိုင်ငံတော်ကိုပါ ရောင်းချပေးသွင်းလျက်ရှိ မြို့နယ်အတွင်းမှာလည်း လူဦးရေကကျဲပါးသဖြင့် အလုပ်အကိုင် ပြဿနာ၊ စားဝတ်နေရေးပြဿနာ ကြီးကြီးကျယ်ကျယ် မရှိပါ။

ထို့ကြောင့် ခင်ဦးမြို့ကလေးသည်ကား သူ့လူနှင့်သူ ဖူဖူလုံလုံ စားနိုင်သောက်နိုင်သည့် အညာမြို့ကလေးဆိုက မှားအံ့မထင်ပါ။

❦

## ဦးချစ်ညိုနှင့် ဦးအောင်ဖေယျ

ခင်ဦးအကြောင်းပြောမည်ဆိုက ဦးချစ်ညိုနှင့် ဦးအောင်ဖေယျ မပါက မပြီးချေ။ ခင်ဦးသည် ယခုခေတ်တွင်သာ မြို့ငယ်ကလေးဖြစ်နေ သော်လည်း တတိယမြန်မာနိုင်ငံသမိုင်းတွင်ကား ထင်ရှားသောမြို့ ဖြစ်ခဲ့၏။

အင်းဝပျက်၍ တတိယမြန်မာနိုင်ငံတော် မပေါ်ပေါက်မီကာလ တွင် မုဆိုးဖိုမှ ဦးအောင်ဖေယျနှင့် ခင်ဦးမှ ဦးချစ်ညိုတို့သည် မင်းလောင်း များဖြစ်ကြ၏။ အင်းဝခေတ်က ဦးချစ်ညိုသည် လက်ယာပျံချီဘွဲ့နှင့် ခင်ဦးမြို့စားအဖြစ် အင်းဝဘုရင် မဟာဓမ္မရာဇာဓိပတိက ခန့်ထားခဲ့၏ ဦးအောင်ဖေယျမှာမူကား မုဆိုးဖိုမြို့တွင် ဗလန်နွှကျော်ဘွဲ့နှင့် ကျေးတိုင် အရာကို ထမ်းရွက်ရလေသည်။ ခင်ဦးနှင့် မုဆိုးဖိုကား မဝေးလှ သဖြင့် ဦးအောင်ဖေယျနှင့် ဦးချစ်ညိုတို့ကား အရွယ်လည်း မတိမ်းမယိမ်း တစ်ယောက်အကြောင်းတစ်ယောက် ကောင်းကောင်းသိကြ၏။ မကြာ ခဏလည်း ဆုံကြတွေ့ကြ၏။ ပြိုင်ကြဆိုင်ကြ၏။ တစ်ဦးနှင့်တစ်ဦး အပြိုင်ဖြစ်နေ၍ တည့်ကြပုံလည်းမပေါ်။

မြရတနာစာပေ



မုဆိုးဖိုကိုတည်ထောင်ပြီး မွန်တို့နှင့်အားပြိုင်နေသည့်ကာလ၌ သူသူ လက်နက်တောင့်တင်းခိုင်မာလာသော ဦးအောင်ဖေယျက ဦးချစ်ညိုအား–

''သင်သည် လက်ရုံးရည်လည်းရှိပေသည်။ သူရဲကောင်းလည်း ဖြစ်ပေသည်။ သို့ရာတွင် ငါကဲ့သို့ ဘုန်းပညာအာဏာစက် မစုံလင်၊ ထိုထံသို့ ဝင်စားလာသော် သင့်အား စစ်သူကြီးအရာနှင့် သူကောင်း ပြုတော်မူမည်၊ ငါ့သူရဲကောင်းတို့နှင့် နောင်တွေ့ကြ၍ လက်ခြေ ညွန့်သော် သူကောင်းဆိုသည်နှင့် မညီရှိတော့မည်'' ဟု လူလွှတ်စေ လိုက်၏။

ဦးချစ်ညိုကလည်း ရှေးယခင်ကပင် ရန်ကြွင်းရန်စရှိကြဖူးသည် နှင့် ဦးအောင်ဖေယျထံ သွားပါက အရှင်ထားမည်မဟုတ်ဟု ယူဆပြီး–

''မြန်မာချင်းကို ငါ ရှိမခိုးလို''ဟု ဆိုလိုက်၏။

ဦးအောင်ဖေယျက အမှန်တကယ်ပင် သူကောင်းပြုလို၍ ခေါ်ခြင်းဖြစ်သည်ကို မချေမငံပြောလွှတ်လိုက်သဖြင့် အမျက်ရှသွားပြီး ခင်ဦးကိုတိုက်ရန် တပ်များစေလွှတ်လိုက်၏။ သို့ရာတွင် စစ်ရေးစစ်ရာ ကျွမ်းကျင်သော ဦးချစ်ညို၏အစွမ်းကြောင့် ခင်ဦးကိုမရပါချေ။

❦

## ခင်ဦးစား၏ အစွမ်း

ဤနေရာတွင် ခင်ဦးစားဦးချစ်ညို၏ အစွမ်းကိုသိရန် လိုမည် ထင်ပါသည်။ ဦးချစ်ညို၏အစွမ်းနှင့်ပတ်သက်ပြီး မြန်မာမင်းများ အရေးတော်ပုံငါးစောင်တွဲ၌ အောက်ပါအတိုင်းပါရှိ၏။

''ခင်ဦးစားငချစ်ညိုကား ဆင်စီးမြင်းစီး ပြွမ်းတီး၏။ ဓားအေး လှံရေး ကျွမ်းကျင်၏။ လေးပစ်လှံထိုး အတတ်မျိုးစုံ၏။ အပြိုးအစီး အထား၊ အကွယ်လုံခြုံ၏။ တစ်ယောက်ချင်းကို မဆိုထားဘိ၊ တောင်ပုံ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရာပုံကိုသော်လည်းကောင်း မြင်းစီးခြင်းနှင့်ဝင်၍ ဖျက်နိုင်၏။ ရဲစွမ်းသတ္တိ ရှိ၏။ စစ်ရိပ်စစ်ခြည် နားလည်၏။''

ဤစာအရ ဦးချစ်ညိုကား ရှေ့ဘိုတစ်လွှားတွင် လက်ရုံးရည်နှင့် ပြိုင်စံရှားလည်း ဖြစ်ပုံရ၏။ နှလုံးရည်မှာမူကား ဦးအောင်ဇေယျကို မီပုံမရချေ။ သို့ရာတွင် ဦးချစ်ညိုသည် ဦးအောင်ဇေယျအား လက်ရုံး ရည်ဖြင့် မကြာခဏ အနှောင့်အယှက်ပေးခဲ့ပုံလည်းရ၏။ အဘယ် ကြောင့်ဆိုသော် ဦးချစ်ညို၏အစွမ်းနှင့်ပတ်သက်၍ ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး၌ အောက်ပါအတိုင်း ပါရှိပြန်၏။

''ခင်ဦးစား လက်ယာ (လကျာ) ပျံချီက မုဆိုးဖိုတပ် အနီးအနား ချက်တစ်ဖြုတ်လာ၍ ကျွဲနွားများကို သိမ်းယူသောကြောင့် သေနတ် ဝန်မင်းကျော်ပျံချီနှင့် မြင်းနှစ်ဆယ်၊ သူရိန်ဒေဝနှင့် သေနတ်လက် ကောင်း ခုနစ်ဆယ်ငါး ပေးအပ်ပြီးလျှင် ခင်ဦးတပ်အနီးအပါး ကျွဲနွားများ ကို လိုက်သိမ်းရန် စေတော်မူ၏။ သေနတ်ဝန်မင်းကျော်ပျံချီ၊ မုဆိုးချုပ်ဗိုလ် မင်းလုရွှေတောင်၊ သူရိန်ဒေဝတို့ သွားကြလေရာ ခင်ဦးအရှေ့နှစ်တိုင် အကွာ ကျွန်းချောင်းအရပ်တွင် သေနတ်ကိုင်လူတို့ကို ထားခဲ့၍ မြင်း နှစ်ဆယ်နှင့်သာ ခင်ဦးတပ်သို့ချဉ်းကပ်ပြီး ကျွဲနွားတို့ကို လိုက်ခဲ့သည်။ ခင်ဦးစား လက်ယာပျံချီ မြင်းနှစ်ဆယ်၊ သေနတ်ကိုင် သုံးရာလောက်နှင့် အပြင်းလိုက်လာသည်တွင် လက်ယာပျံချီအစ်ကို ငချစ်ဝ မြင်းသုံးစီးနှင့် ရှေ့လွန်၍ရောက်နှင့်သည်ကို ရဲမက်တော်တို့ သေနတ်နှင့် ပစ်လွှတ်လျှင် ငချစ်ဝ ကျည်သင့်၍ကျလေ၏။ ငချစ်ဝခေါင်းကို ရဲမက်တော်တို့ ဖြတ်၍ယူခဲ့၏။ ယင်းသို့ကြိုက်တွင် ခင်ဦးစား လက်ယာပျံချီမှ ယောကျ်ားကောင်းသော် ထွက်ခဲ့စေ၊ ငါနှင့် စီးချင်းကစားကြရမည်။ သေနတ်လုလင်တို့ ပွဲကြည့်၍သာနေကာမူဟု လက်ယာပျံချီ ဆိုလျှင် မင်းကျော်ဗညား ထွက်သည်။ ''မြေတ်ထွန်းယော်နှင့် ငါ တိုက်ဖက်မတန် ငါ့လုံသာ သွေးစွန်းတော့မည်'' ဟု လက်ယာပျံချီက ဆို၏။ မုဆိုး ဗိုလ်မင်းလုရွှေတောင် ထွက်သည်ကို ''ထွန်းယော်၊ ငါ့လက်စွဲ





သို့ကိုင်မှာနေကြသည့် ကာလကပင် နှင်သိရင်းဖြစ်သည်။ နှင်နှင့် တိုက်ဖက်မတန်'' ဟု ဆိုပြန်၍ ယင်းမာကန်ဗိုလ်၊ ယင်းတောဗိုလ်တို့ မြင်းနှင့်အသီးသီးထွက်ကြ၏။ ''သင်တို့နှင့် မဖက်မပြိုင်လို၊ သေနတ်ဝန် ဆိုသူသာ ထွက်လာပါစေ'' ဆို၍ သေနတ်ဝန်မင်း ကျော်ပျံချီ ထွက်လာ ရာတွင်မှ ''သည်အခါသော် ယောကျ်ားကောင်းချင်း တွေ့ကြရတော့ သည်။ အစ်ကိုတို့တစ်စု ပွဲကြည့်၍သာ နေကာမူ၊ သေနတ်ဝန်ဆိုသူ ကောင်းနှင့် ငါတန်စေ'' ဟု ကြုံးဝါးပြီးလျှင် မြင်းကို အကုန်လွှတ်၍ ခြေတစ်ဖက်ထောက်ပြီး ရပ်လျက်စီးသည်။ မတ်တတ်၊ အိပ်လျက်စီး သည်။ ထက်ဝယ်ဖွဲ့လျက်စီးသည်။ မြင်းနံပါးနှင့်ကပ်လျက် စီးသည်။ လှံကို လက်ဝဲလက်ယာဘယ်ညာ လှည့်လျက်စီးသည်။ ယင်း သောအခါ သေနတ်ဝန်က လှံမကိုချိန်ဆ၍နေ၏။ ခင်ဦးစား လက်ယာ ပျံချီလည်း မြင်းကို အမျိုးမျိုးအထွေထွေ စီးပြပြီးလျှင် လှံနှင့်လွှတ်သည်။ သေနတ်ဝန်မင်းကျော်ပျံချီ စီးသည့်မြင်းကကို လှံစွဲချေ၏။ ယင်းသို့ ခိုက်တွင် ရဲမက်တော်တို့ သေနတ်နှင့် ဖြိုင်ဖြိုင်ထသည်ကို ခင်ဦးစား မြင်လျှင် ''တတိမတည်ကြသည်ကိုကား'' ဟု ဆို၍ ခွာလေ၏။ (ကုန်းဘောင် ဆက် ပ-ဒွာ ၄၈၊ ၄၉)

ဤသို့ အစွမ်းထက်သော ခင်ဦးစား ဦးချစ်ညိုသည် ဦးအောင်ဇေယျနှင့် သင့်မြတ်မှုမရှိသောကြောင့် နောက်ဆုံးတွင် မွန်တို့နှင့် ပေါင်းသွားခဲ့လေသည်။ နောင်အခါတွင် မွန်တို့က မယုံမကြည်ဖြစ်၍ စစ်သူကြီး တလပန်းက မွန်ဥပရာဇာထံ ခိုလှုံနေသည့် ခင်ဦးစား ဦးချစ်ညိုအား တောင်းပြီးသတ်လေ၏။ ဤနည်းအားဖြင့် မြန်မာ သူရဲကောင်းတစ်ဦးဖြစ်သော လက်ယာပျံချီဘွဲ့ခံ ခင်ဦးစား ဦးချစ်ညို အား ဝမ်းနည်းဖွယ် ဇာတ်သိမ်းခဲ့ရလေသည်။

ဤနေရာတွင် ခင်ဦးစားနှင့်ပတ်သက်ပြီး စိတ်ဝင်စားဖွယ်ရာ ဖြစ်အပျက်ကလေးတစ်ခုအား တင်ပြလိုပါသေးသည်။

❀



www.burmeseclassic.com

www.burmeseclassic.com



**ချစ်ညိုနှင့် အောင်ဇေယျ ဆုံတွေ့ကြရာဝယ်**

ဦးချစ်ညိုနှင့် ဦးအောင်ဇေယျ နှစ်ဦးချင်းတွေ့ကြသည့်ကို စီချင်းထိုးသည့်ကိစ္စကို ရွှေဘိုသား၊ ခင်ဦးသား၊ ရေဦးသားတို့ ခဏခဏ ပြောကြ၏။ ကျွန်တော်လည်း ငယ်စဉ်ကပင် မကြာခဏကြားဖူး ယခု ထိုအကြောင်းကို ကြားဖူးသမျှ ပြန်ပြောင်းပြောလိုပါသေးသည်။

လူတို့မည်သည် ဘုန်းကံပါမှ ရာထူးရာခံရ၏။ ထို့ထက်ပို ဆိုရပါက ရေမြေ့သနင်းပြည့်ရှင်မင်းဖြစ်၏။ ကံမပါသူသည် ဘယ် လောက်တော်တော် ဘယ်လောက်ပင်အစွမ်းထက်ထက် မင်းအဖြစ် မရောက်ဟု ပညာရှိများက ဆိုကြ၏။

အင်းဝပျက်သောအခါ မင်းလောင်းများပေါ်ခဲ့၏။ အင်းဝမပျက်မီ ဆယ်နှစ်လောက်က ဖိုသုံးဖို တစ်ဖိုမီးတောက်လိမ့်မည်ဟု အတိ တဘောင်ရှိခဲ့၏။ ဖိုသုံးဖိုမှာ နဂါးဖိုမှ ရွှေနဂါး၊ မုဆိုးဖိုမှ ဦးအောင်ဇေယျ မတ္တရာအုတ်ဖိုမှ ကျေးဂုဏ္ဏအိမ်တို့ ဖြစ်ကြ၏။

အင်းဝကောင်းစားစဉ်ကပင် ထိုတဘောင်ပေါ်နေခဲ့ရာ အင်း မင်းက မင်းလောင်းဆိုသူများအား သတိထားစောင့်ကြည့်နေခဲ့ ထိုအထဲတွင် မုဆိုးဖိုမှ မောင်အောင်ဇေယျနှင့် ခင်ဦးမှ မောင်ချစ်ညို ပါဝင်၏။ သူတို့သည် အင်းဝမပျက်မီကပင် မင်းလောင်းဟု သတင်းကြီး နေကြ၏။ မောင်ချစ်ညိုအဖေ ဦးလုံးမှာ အင်းဝမင်းထံတွင် မင်းကြီး ဟူသောဘွဲ့နှင့် အမှုထမ်းရာ အင်းဝမင်းက ခင်ဦးကိုစားစေ၏။ သား သုံးယောက် မောင်ချစ်ဝ၊ မောင်ချစ်ညို၊ မောင်ချစ်မြဟူ၍ ရှိသည့်အနက် လက်ရုံးရည် အစွမ်းထက်သော သားလတ်မောင်ချစ်ညိုအား လက်ျာပုံ ဘွဲ့ပေးကာ ခင်ဦးကို ဆက်၍စားစေ၏။ ဦးချစ်ညိုသည် မြင်းစီး၊ လှံထိုး ကြိုးပစ်စသော သူရဲကောင်းတို့အတတ်ကို ကောင်းစွာတတ်ကျွမ်း အရပ်အမောင်း ကောင်း၏။ စွမ်းပကားကြီးမား၏။ မျိုးစပါး ၂ တင်း ကြရသောလယ်ကွက်အား တစ်ယောက်တည်းရိတ်နိုင်၏။ လူငါးယော





ထမင်းကိုလည်း တစ်ယောက်တည်း ကုန်အောင်စားနိုင်၏။ သူ၏စွမ်းပကားကို လူအများက အံ့သြချီးမွမ်းကြရ၏။

မင်းလောင်းကိစ္စနှင့်ပတ်သက်ပြီး အင်းဝဘုရင်၏လူယုံ တောင်ငူ ရာဇခေါ် စဉ့်ကိုင်ဗိုလ်မှူးက ဦးချစ်ညိုနှင့် ဦးအောင်ဇေယျအား ခေါ်တွေ့ စစ်ဆေး၏။ ဦးချစ်ညိုမှာ အရပ်အမောင်းကောင်း၍ စွမ်းပကားကြီးမား သည်မှာ မှန်သော်လည်း အပြောအဆိုမကျွမ်းကျင်၊ ဥပဓိရုပ်ကလည်း ကောင်းလှဘဲ ကျောပြင်မှာ ကျောမွဲကြီးဖြစ်၍ မင်းဖြစ်နိုင်ဖွယ်မရှိဟု တောင်ငူရာဇာက သုံးသပ်၏။

ဦးအောင်ဇေယျမှာမူကား ကျောက်ပေါက်မာသက်သက် ရှိ သော်လည်း နေထိုင်ပြောဆိုပုံပြေပြစ်၍ လည်လည်ပတ်ပတ်ရှိ၏။ ဆွေမျိုး အသိုင်းအဝိုင်း တောင့်တင်းသည်ကိုလည်း တွေ့ရ၏။ သူ့ကို မင်းလောင်း ဟု သမုတ်ကြသည်မှာ မလိုသူတို့က ကုန်းတိုက်ချောပစ်ခြင်းသာ ဖြစ်ပါ ကြောင်း လျောက်ပတ်ချောင်စွာ ဖြေဆို၏။ သို့ရာတွင် သူ၏အပြောအဆို၊ အနေအထိုင်၊ အသိုင်းအဝိုင်းအရ မင်းလောင်းဖြစ်နိုင်ချေ ရှိပေသည်။ ထိုသို့ဆိုစေ တောင်ငူရာဇာကမူ "ယတြာကောင်းလျှင် မင်းလောင်း ပျက်သည်" ဟူသော စကားအတိုင်း ဘုရင့်အလိုတော်အရ မုဆိုးဖို ရွှေတန်ဆာဘုရားအနီး၌ ယာယီနန်းတော်တစ်ခုဆောက်၍ ခေတ္တစံမြန်း စေကာ မင်းလောင်းပျက်အောင် ယတြာချေလေသည်။

ဤမင်းလောင်းကိစ္စနှင့်ပတ်သက်ပြီး အင်းဝပျက်သောအခါ ဦးချစ်ညို၏မိခင် ဒေါ်ဇံကလားက နက္ခတ်ဗေဒင်တတ်မြောက်သူဖြစ်၍ ရေ့အလားအလာကို တွက်ချက်ကြည့်၏။ ထို့နောက် ဂူတစ်ဂူတွင် ခြသေ့နှစ်ကောင် အောင်း၍မရ၊ ချစ်ညိုနှင့် အောင်ဇေယျအတူနေ၍ မရဆိုပြီး သားဦးချစ်ညိုအား အောက်ပါအတိုင်း ခေါ်ပြောတော့၏။

"ငါ့သား ဤဒေသတွင် မင်းဖြစ်လိုလျှင် မုဆိုးဖိုသား အောင်ဇေယျကို ဦးစွာသုတ်သင်ရမည်။ အောင်ဇေယျကား ကိန်းခန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



လှသည်။ အောင်ဖေယျကို စောစောကပင် မသုတ်သင်နိုင်သော် နင်မင်းဖြစ်ရေး အတွက်အခက်ကြုံလိမ့်မည်။ သူ့ကိုမရလျှင် အင်းဝသို့ဝင်၍ မွန်တို့ထံသာ ကျွန်ခံလေ့''

ဦးချစ်ညိုကား မိခင်၏ဩဇာကို မလွန်ဆန်နိုင်ချေ။

ဒေါ်ဇံကလားသည် အတွက်အချက်နှင့် ဗေဒင်သာမဟုတ် အခါပေးလည်းကောင်း၏။ မွန်တို့နှင့် အားပြိုင်နေသည့်ကာလ တစ်ရက်တွင် –

''သားမောင်၊ ယနေ့ကား အခါကောင်းသောနေ့ဖြစ်၏ မုဆိုးဖိုသား ငအောင်ဖေယျအား ထွက်၍ဖမ်းလော့၊ မိပါက ကိစ္စတုံး သုတ်သင်လေလော့''

ဟု နေ့သင့်နံသင့် တွက်ချက်ပြီး သားဦးချစ်ညိုကို မုဆိုးဖိုသို့ စေလေသည်။ ဦးချစ်ညိုလည်း ညီမောင်ချစ်မြကို အဖော်ခေါ်၍ မုဆိုးဖိုသို့ ထွက်လေ၏။

ထိုနေ့၌ပင် တိုက်တိုက်ဆိုင်ဆိုင် ဦးအောင်ဖေယျလည်း ဦးချစ်ညိုကို သိမ်းသွင်းစည်းရုံးရန် စိတ်ကူးရသဖြင့် မြင်းစီး၍ မုဆိုးဖိုခင်ဦးသို့ တစ်ဦးတည်းလာခဲ့၏။ လမ်းတွင် သူတို့နှစ်ဦး ရုတ်တရက် ရင်ဆိုင်မိကြသည်နှင့် ဦးချစ်ညိုက အသင့်ပါလာသည့် ကြိုးကွင်းကို ပစ်ကာ ဦးအောင်ဖေယျကို ဖမ်းလေ၏။ ကြိုးကွင်းက ဦးအောင်ဖေယျ၏ လည်ကို ရစ်ပတ်မိသည်တွင် ဦးချစ်ညိုက အားနှင့်ဆွဲလှဲသဖြင့် ဦးအောင်ဖေယျ လူရောမြင်းပါ လဲလေသည်။ ဦးအောင်ဖေယျသည် လဲရာမှ ချက်ချင်းထပြီးကြိုးကိုဓားနှင့်ဖြတ်ခိုက် ဦးချစ်ညိုက ''သေပေရော့ ငအောင်ဖေယျ'' ဟု ဆိုကာ လှံနှင့်ပစ်လေ၏။ ဦးအောင်ဖေယျ ဓားဖြင့် အကာမြန်သဖြင့် လှံလွဲလေသည်။

ဤသည်ကို အတူပါလာသည့် ညီမောင်ချစ်မြက အစ်ကိုဘက်က ကူညီရန် အပြေးလာသည်၌ အနီးနားရှိ ထန်းပင်ထက်မှ ထန်းသမား



''ဟယ်၊ တစ်ဦးချင်း အစွမ်းပြိုင်နေသည်ကို နင်က ဘောက်မဲ့ကြောင့် ကူရမည်လဲ'' ဟု ဆိုကာ ထန်းပင်ထက်မှ ဆင်းသက်ပြီး ချစ်မြ၏ လည်ပင်းကို အားကုန်သွန်၍ညှစ်လေ၏။ ထန်းသမားမှာ အလွန် အားကောင်းမောင်းသန်ဖြစ်ရကား ချစ်မြ မခံနိုင်ချေ။ ထို့ကြောင့် –

''အစ်ကိုရေ ကယ်ပါဦး'' ဟု ကျိုး၍အော်သည်တွင် ဦးချစ်ညိုက ဦးအောင်ဖေယျကိုလွှတ်ပြီး ညီထံပြေး၍ကူလေသည်။ ထန်းသမားသည်း ချစ်မြကိုလွှတ်ကာ ပြေးလေ၏။ ဦးအောင်ဖေယျလည်း တစ်ယောက်နှင့် နှစ်ယောက်ဖြစ်၍ အခြေအနေကိုသုံးသပ်ပြီး မြင်းကို အပြင်းစီးကာ ထိုနေရာမှ အဆောတလျင် ခွာသွားလေတော့သည်။

ခင်ဦးသို့ ဦးချစ်ညိုတို့ ညီအစ်ကို ပြန်ရောက်သောအခါ မိခင် ဒေါ်ဇံကလားက –

''နင်တို့ အောင်ခဲ့၏လော'' ဟု မေး၏။

ဦးချစ်ညိုက –

''ကျွန်တော်နှင့် အောင်ဖေယျ အထွေးထွေးအလုံးလုံးဖြစ်ပြီး အောင်ဖေယျလဲပြိုသွားစဉ် လက်စတုံးရန် ဓားထုတ်ခိုက် ညီချစ်မြအား ထန်းသမားက လည်မျိုညှစ်မြီးသတ်သဖြင့် ကူညီရန်သွားမိပါသည်။ ထိုအချိန်မှာပင် အောင်ဖေယျ မြင်းစီးပြီးအပြင်းခွာသွား၍ လွတ်သွားပါသည်။ မအောင်မြင်ခဲ့ပါ''

ဟု ပြန်ပြော၏။

ထိုအခါ ဒေါ်ဇံကလားက –

''ဟယ် ငချစ်ညို၊ နင်မှားခဲ့ပြီ၊ ရှင်ဘုရင်လုပ်မည့်သူသည် ညီဟူ၍ အမှတ်ထားရသလော၊ ညီဆိုသည်မှာ တောဒီ ငါ့ဝမ်းဗိုက်ရှိသမျှ အချိန်မရွေးရနိုင်သည်'' ဟု ထဘီကိုခါ၍ ဗိုက်ကို ပုတ်၍ဆိုလေ၏။

''ညီက ကယ်ပါဟုဆို၍ ကျွန်တော် သတိလစ်ပြီး သွားကူမိပါသည်''

www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးချစ်ညိုက ပြောသည့်အခါ–

''အခုလို အခါကောင်းတွင်မှ အောင်ဖေယျကို နင်မရလျှင် သူ့ကို နောက်ထပ်ကြိုးပမ်း၍ နင်မရနိုင်တော့၊ တစ်ကိုယ်ချင်းလည်း မခုခံလေနှင့်၊ သူ့ကို နင်မနိုင်၊ သို့ဖြစ်၍ မနက်ဖြန် အင်းဝသို့သွား၍ မွန်တို့ထံသာ ခိုဝင်လော့''

ဟု ပြောတော့သည်။

မိခင်၏စကားအတိုင်း ဦးအောင်ဖေယျကို ကြံစည်ရာ မအောင်မြင်သဖြင့် ဦးချစ်ညိုနှင့် ညီမောင်ချစ်မြ အဖဦးလုံးတို့သည် မွန်တို့ထံ ခိုဝင်လေတော့၏။ နောင်တွင် ဦးချစ်ညိုအား စိတ်မချဟု အကြောင်းပြု၍ မွန်စစ်သူကြီးတလပန်းက ကွပ်မျက်ခဲ့၏။ နှမြောဖွယ်ပင်။

ယခုဖြစ်စဉ်၌အချို့က ထန်းပင်ပေါ်မှဆင်းလာသည် ထန်းသမားမှာ လူမဟုတ်။ ဘုန်းရှင်ကံရှင် ဦးအောင်ဖေယျအား မင်းဖြစ်အောင် စောင့်ရှောက်ကူညီနေသည့် နတ်ဒေဝတာပင် ဖြစ်သည်ဟု ဆိုကြ၏။ မည်သို့ဆိုစေ ဦးချစ်ညိုလက်ချက်ဖြင့် ဦးအောင်ဖေယျ အသက်မသေ၍သာ တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ခြင်းပင်။ မင်းဖြစ်မည့်ကံဇာတာ ပါသူအား အလွယ်နှင့်သတ်၍ မရသည်ကို သမိုင်းအထောက်အထားတစ်ခုအနေဖြင့် တွေ့ရပါ၏။

ဤကိစ္စနှင့်ပတ်သက်ပြီး မဆီမဆိုင် ကျွန်တော်တို့အညာဒေသ ရွှေဘို၊ ရေဦးမှ စာချိုးကလေးတစ်ခုကို မြေး၍သတိရမိပါသေးသည်။ ထိုစာချိုးကလေးကား–

**– ခိုးမယ့်သူက ကြောင်ကလေးနဲ့။**

ကြောင်ကလေးဆိုသည်မှာ မျက်လုံးအတွင်း မျက်နက်အပြင် မျက်ဝန်းအဖြူထဲ၌ အမည်းစက်ကလေးပါခြင်းကို ဆိုလိုပါသည်။ ထို အမည်းစက်ကလေးမှာ ကြောင်မျက်လုံးနှင့်တူ၏။ အင်းဝခေတ်က နာမည်ကျော် သူခိုးကြီးတေက်ပြားတွင် ထိုကြောင်အစက်ကလေးပါ သည်ဟု ကြားဖူး၏။





**– ခါချဉ်ဖွဲ့အစ်မယ့်သူက ချောင်ကလေးနဲ့။**

ခါချဉ်ဖွပ်ပါက ပုံးထဲ၌ရေထည့်ပြီး ခါချဉ်ထုပ်ကို ခါချရ၏။ ခါချဉ်အကောင်များ ရေပေါ်ကျန်ခဲ့ပြီး ဥများရေအောက်ရောက်သွား၏။ အကောင်ကိုဖယ်ပြီး ဥကိုယူရပါသည်။ ဤသည်ကို ခါချဉ်ဖွပ်သည်ဟု ဆိုပါသည်။ ကျွန်တော်တို့အရပ်က ပုံးကို ချောင်ဟုခေါ်၏။

နောက်ဆုံးစကားမှာကား –

**– မင်းဖြစ်မယ့်သူက သျှောင်ကလေးနဲ့** ဟူသတည်း။

ရှေးခေတ်က သျှောင်ထုံးရှိမှ မင်းလုပ်၍ရပါသည်။ ထို့ကြောင့် မင်းဖြစ်မယ့်သူက ငယ်စဉ်ကပင် သျှောင်ကလေးနဲ့ဟု စာချိုးထားခြင်း ဖြစ်ပါသည်။

ဩော်၊ မင်းဖြစ်မယ့်သူက ငယ်ဘဝမှာပင် သျှောင်ကလေးနဲ့ပါ တကား။

ခင်ဦးနှင့်ပတ်သက်ပြီး ဆက်စပ်တွေးမိသော ကျွန်တော်၏ အတွေးများပါခင်ဗျား။

၆–၉–၂၀၀၄

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

## ငယ်ဘဝက ကျွန်တော့်ဆရာများ

ကျွန်တော့်တွင် အများသူငှာလိုပင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ များစွာရှိခဲ့ပါ၏။ အရပ်သားဘဝကဆရာ၊ စစ်သားဘဝက ဆရာ၊ လုပ်ငန်းဆောင်တာများအတွက်ဆရာ၊ အနုပညာကိစ္စများ အတွက်ဆရာ၊ စီးပွားရေးကိစ္စများအတွက်ဆရာ ဆရာတွေ များလှ သည်။ သို့ရာတွင် လူတို့၏ သဘောသဘာဝအရ ငယ်စဉ်တောင်ကျေး ကလေးဘဝက ဆရာများကို ပိုမှတ်မိကြ၏။ ကျွန်တော်လည်း ထိုနည်း အတူပင်။

ကျွန်တော် ကျောင်းစနေစဉ်မှ တက္ကသိုလ်ဝင်တန်းအောင်သည် အထိ စာသင်ပေးခဲ့ကြသော ဆရာများကို ပိုမှတ်မိ သတိရနေသည်။ သူတို့သည် ကျွန်တော်၏ ဘာမှမရှိသေးသောရင်တွင် စွဲထင်ခဲ့ကြ၏။ သို့ရာတွင် ထိုဆရာများအကြောင်းကို အမှတ်တရ ကျွန်တော်ရေးခဲ့ဖူးတာ ရှိ။ ကျွန်တော့်ဘဝအစပိုင်းဖြစ်သည့် ''မူးမြစ်မှသည် ရောဝတီ'' ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်၌ တက္ကသိုလ်တွင် ကျွန်တော်ကြုံခဲ့ သည့် တက္ကသိုလ်ဆရာများအကြောင်း တစေ့တစောင်းကိုသာ ဖော်ပြခဲ့မိ၏။ ငယ်ဆရာများ အကြောင်းရေးရန် ကျွန်တော့်၌ ကြွေးတင် ကျန်နေသည်။ ထိုကြွေးကို ဆပ်ရန်အတွက် ယခု ကျွန်တော် ကလေး ဘဝ ကျောင်းစနေစဉ်မှစ၍ တက္ကသိုလ်ဝင်တန်းအောင်သည်အထိ



www.burmeseclassic.com

www.burmeseclassic.com



ကြုံခဲ့ဆုံခဲ့သော ဆရာများအနက် ကျွန်တော့်အတွေးစဉ်တွင် အမှတ် ထင်ထင်ရှိနေသေးသည့် ဆရာများအား အတွေးပုံရိပ် အတိတ်ဟိုဆီ အနေဖြင့် ဖော်ပြလိုက်ရပါသည်ခင်ဗျား။

✿

## ဆရာကြီး ဦးမောင်မောင်

၁၉၆၁–ခုနှစ်၊ နှစ်ဆန်းစ အညာဒေသ ရေဦးမြို့ကလေး ဆောင်းအကုန် နွေအကူးကာလ။

တိတိကျကျဆိုရပါက ဇန်နဝါရီကုန်ပြီး ဖေဖော်ဝါရီဆန်း

ကျွန်တော်သည် တက္ကသိုလ်ဝင်တန်းအောင်မြင်ရေးအတွက် သန္နိဋ္ဌာန်စိတ်ဖြင့် စာကိုအသည်းအသန် ကြိုးစားနေ၏။ ထို့ကြောင့် နေ့မအား ညမနား စာကျက်သည်။ ရေးသည်။ တွက်သည်။ ချက်သည်။ အင်္ဂလိပ်စာမှလွဲ၍ ကျန်ဘာသာရပ်များအတွက် အတော်ပင် ပြင်ဆင် ပြီးနေပေပြီ။ အင်္ဂလိပ်စာကတော့ အခြေအနေမကောင်းပါ။ အများတ လို အင်္ဂလိပ်စာကျူရှင်လည်း မနေနိုင်သူမို့ အခက်တွေ့နေ တက္ကသိုလ်ဝင်တန်းဖြေမည့်သူ အတော်များများကတော့ အင်္ဂလိပ် ကျူရှင်ယူကြသည်။

ကျွန်တော်နေသည့် ရေဦးမြို့ကလေး၌ ၁၉၅၀–ခုနှစ်လော ကတည်းက အင်္ဂလိပ်စာကျူရှင်ကျောင်းကလေးများရှိသည်။ ဦးအုန်း ဦးလှဆောင်၊ ဦးဘရင်၊ ဦးသန်း၊ ဒေါ်သိန်း စသူတို့ပင်တည်း။

ကျောင်းလခမှာ တစ်လ တစ်ကျပ်နှစ်ကျပ်သာ ပေးရ ထိုကျူရှင်ကျောင်းလေးများမှာ မြို့မြောက်ဖျားတွင် ရှိကြ၍ မြို့လ ရပ်ကွက်များက ဆရာဦးခင်မောင်ရီ၏ O.K အလွတ်ပညာသင်ကျောင်း အင်္ဂလိပ်စာကျူရှင်ယူကြ၏။





တက္ကသိုလ်ဝင်တန်းအောင်မြင်ရေးအတွက် အင်္ဂလိပ်စာကျူရှင် ယူချင်သော်လည်း လစဉ်ကျောင်းလခကို အရိုးထဲမှ တောင်းရမှာ တောင်းရက်ခြင်း၊ တူအရိုးနှစ်ယောက်သာ အတူနေကြရာ ထမင်းချက်၊ ဈေးရောင်းဖြင့် အလုပ်များအလွန်များပြားလှပြီး အချိန်ပိုမရှိခြင်းတို့ကြောင့် အင်္ဂလိပ်စာကျူရှင် မယူနိုင်ခဲ့ပါ။ သို့ရာတွင် တက္ကသိုလ်ဝင်တန်း လည်း အလွန်အောင်ချင်လှပါ၏။

"ဖေဖော်ဝါရီတစ်လလုံး ဆရာကြီးဦးမောင်မောင်က အင်္ဂလိပ် စာ အချိန်ပိုသင်ပေးမယ်တဲ့၊ ကိုယ့်ကိုယ်ကိုယ် ဆယ်တန်းအောင်မယ် ထင်တဲ့ ဘယ်သူမဆို လာတက်နိုင်တယ်တဲ့"

ဖေဖော်ဝါရီလဆန်း ဆယ်တန်းကျောင်းသားများအတွက် ကျောင်းနောက်ဆုံးဖွင့်သည့်နေ့က အတန်းထိန်းမော်နီတာ ကိုငြိမ်းမောင် က တစ်တန်းလုံးကြားအောင် ကြေညာပေးသည်။

"ဟာ၊ ကျောင်းအုပ်ကြီးကိုယ်တိုင် အင်္ဂလိပ်စာ သင်ပေးမှာတဲ့"

ကျွန်တော် အလွန်ဝမ်းသာသွားသည်။ ကိုယ်က အင်္ဂလိပ်စာ အလွန်ညံ့နေသူ။ ထို့ကြောင့် ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင် ကိုယ်တိုင်သင်မည့် အင်္ဂလိပ်စာအထူးပို့ချချက်များကို မပျက်မကွက် တက်ရပေလိမ့်မည်။

✿

ဤနေရာတွင် ကျွန်တော်တို့ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင် အကြောင်းကို အတန်ငယ် ကြိုတင်ရှင်းပြလိုပါသည်။ ဆရာကြီးသည် မြန်မာစစ်စစ်မဟုတ်ပါ။ အင်္ဂလိပ်သွေးပါသည့် ကပြားဖြစ်၏။ ထို့ကြောင့် အင်္ဂလိပ်စာအလွန်တော်၏။ သို့ရာတွင် ကပြား သို့ထုံးစံအတိုင်း အလွန်မြန်မာဆန်လှ၏။ အမြဲတမ်း ကျောင်းဝတ်စုံ အင်္ကျီအဖြူပေါ်တွင် တိုက်ပုံအဖြူကို ထပ်ဝတ်ထားလေ့ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအဝတ်အစားမှလွဲ၍ ကျန်အဝတ်အစားများအား ဆရာကြီး ဝတ်လေ့ဝတ်ထမရှိ။ မျက်နှာထားကလည်း အင်္ဂလိပ်သွေးပါသူမို့လား မသိ။ အမြဲတမ်း ခပ်တည်တည် ခပ်တင်းတင်းနှင့် စကားလည်း အလွန်နည်း၏။

၁၉၅၅–ခုနှစ်တွင် ကျွန်တော်တို့ ရေဦးမြို့ကလေးသို့ ခေတ္တ အထက်တန်း ကျောင်းအုပ်ကြီးအဖြစ် ဆရာကြီးဦးမောင်မောင် ရောက်လာသည်။ ထိုစဉ်က ဆရာကြီးမှာ အသက်အစိတ်သာသာ ခန့်သာ ရှိဦးမည်ထင်ပါသည်။ ဆရာကြီးအရင် ကျောင်းအုပ်ကြီးမှာ စာရေးဆရာကြီး စစ်ကိုင်းဦးဘိုးသင်း၏သမက် ဦးသန်းမြင့် ဖြစ်၏။ ဦးသန်းမြင့်သည် ရေဦးတွင် အထက်တန်းကျောင်းအုပ် ငါးနှစ်ခန့်လုပ်ပြီး ရာထူးတက်၍ ပြောင်းသွားသည်။ နောင်တွင် ရန်ကုန်၌ အထူးပညာ မင်းကြီးတာဝန်ထမ်းဆောင်ပြီး ၁၉၈၀ လောက်၌ ပင်စင်ယူသွားသည်ဟု သိရပါသည်။ ပြောင်းချိန်တွင် အသက် ၄၀ ခန့်ရှိပြီ။

ဦးသန်းမြင့်က အသက် ၄၀ ခန့်ရှိ၍ ဦးမောင်မောင်က အသက် ၃၀ ပင် မပြည့်သေးသူမို့ ရေဦးသူပျိုဖြူများက–

''ဟယ်၊ နောက်ပြောင်းလာတဲ့ ကျောင်းအုပ်ကြီး အသစ်ကလေးက ငယ်ငယ်ကလေးဟဲ့၊ ဗမာလည်း မဟုတ်ဘူး၊ ခပ်ချောချောနဲ့ ချစ်စရာ အင်္ဂလိပ်ကလေး၊ လူပျိုတဲ့''

ဟု ပြောကြပြီး အလွန်လည်း စိတ်ဝင်စားကြသည်။

သို့ရာတွင် ကြာကြာစိတ်ဝင်စားချိန်မရလိုက်ပါ။ ဆရာကြီးသည် ၁၉၅၆၊ ကျွန်တော် စတုတ္ထတန်းအောင်၍ ပဉ္စမတန်းရောက်သည့်နှစ်၌ BED တက်ရန် ရန်ကုန်သို့ ပြန်လည်ထွက်ခွာသွား၏။ ကျွန်တော် သတ္တမတန်းရောက်မှ ရေဦးသို့ ပြန်ရောက်လာသည်။ ဒီတစ်ခါတော့ ခေတ္တကျောင်းအုပ်ကြီးမဟုတ်ပါ။ B.A.BED အောင်ပြီးဖြစ်၍ တကယ့် ကျောင်းအုပ်ကြီးအစစ် ဖြစ်သွားပါပြီ။ ပညာစုံသွားပါပြီ။ ပညာစုံ



သာမက ဆရာကြီး ဒီတစ်ခါ ရေဦးပြန်ရောက်လာတော့ ကြင်ရာပါ ပါလာ၏။

ဆရာကြီးကတော်မှာ အသက်နှစ်ဆယ်ပင် ပြည့်အံ့မထင်ပါ။ အတော်ငယ်ပါသေးသည်။ ရုပ်ကတော့ အလွန်လှ၏။ ကျွန်တော်တို့ ငယ်ငယ်ကကြည့်ဖူးသည့် ရုပ်ရှင်မင်းသမီး မေရီမြင့်ပုံစံမျိုးပင်။ ယခုခေတ် ကိုရီးယားမင်းသမီးများဒီဇိုင်းဟု ဆိုရမည်ထင်၏။ ဆရာကြီးကတော့ အဖြူသွေးပါ၍ အရုပ်ကခပ်မြင့်မြင့်၊ အသားကခပ်ဖြူဖြူ၊ ဆံပင်များကလည်း ရွှေဝါရောင်ခပ်သမ်းသမ်းမို့ အမေရိကန် မင်းသားကြီး Richard Gere ရစ်ချပ်ဂီယာရုပ်မျိုးဟု ဆိုနိုင်ပါ၏။

ဆရာကြီးနှင့် ဆရာကတော်တို့သည် မြင်းမူဇာတိများဖြစ်ကြသည်။ ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရခါစ မြင်းမူတွင် အထက်တန်းပြဆရာဝင်လုပ်သော ဆရာဦးမောင်မောင်နှင့် အိမ်နီးချင်း အထက်တန်းကျောင်းသူလေး မထွေးထွေးတို့သည် ဆရာက တပည့်အိမ်သို့ မကြာခဏသွားပြီး စာသင်စာပြပေးရင်းဖြင့် အလွန်ရင်းနှီးသွားကြ၏။ ဆရာတပည့်မှသည် ကြိုးချင်းထား ကြိုးချင်းငြိ၊ အိုးချင်းထား အိုးချင်းထိကာ–

''ကိုကိုမောင်ရေ''

''ထွေးရေ'' ဖြစ်ကုန်ကြ၏။

ထို့နောက် ဆရာကြီး ရေဦးရောက်လာ၏။ တစ်နှစ်၊ နှစ်နှစ်ခန့်နေပြီး ရန်ကုန်ပြန်၍ BED တက်၏။ သင်တန်းဆင်းတော့ ကိုကိုမောင်နှင့်ထွေးထွေးတို့ အာဝါဟဝိဝါဟ ဆင်ယင်ကျင်းပကာ ဆင်ပြောင်ကြီးသွားရာ ဆင်မယဉ်သာကလေး လိုက်ပါလာ၏။

ကျွန်တော် တက္ကသိုလ်ဝင်တန်းရောက်ချိန်၌ ဆရာကြီးတို့ဇနီးမောင်နှံ၌ သမီးကလေးနှစ်ယောက် ရှိနေပါပြီ။ ကလေးများထိန်းရန်အတွက် ဆရာကတော်၏ ညီမဝမ်းကွဲတစ်ယောက်နှင့် မောင်ဝမ်းကွဲတစ်ယောက်လည်း ရှိ၏။ မောင်ဝမ်းကွဲမှာ ကျွန်တော်တို့နှင့် ကျောင်း

www.burmeseclassic.com



နေဖက်ဖြစ်ပြီး ကိုကျော်မြိုင်ဟု ခေါ်၏။ သူသည် ကျွန်တော့်သူငယ်ချင်း ဘိုကြည်နှင့် အလွန်ခင်ရာ ဘိုကြည်ကြောင့် ကျွန်တော်နှင့်ပါ ရင်းနှီးသွား၏။ ထို့ကြောင့် တက္ကသိုလ်ဝင်တန်းရောက်သည့်နှစ်၌ ကျွန်တော်သည် ဘိုကြည်နှင့်အတူ ဆရာကြီးတို့အိမ်သို့ ကိုကျော်မြိုင်၏ ဖိတ်ခေါ်ချက်အရ လေးငါးခေါက် ရောက်ဖူးနေပါပြီ။ ဆရာကြီးနှင့်လည်း အထိုက်အလျောက် မျက်မှန်းတန်းမိနေ၏။ ဆရာကတော်နှင့်ကား ကလေးကျူထိန်းပေးရင်း အတော်ပင်ခင်မင်နေပါပြီ။

ဆရာကတော်မမထွေးက သူ့မမောင်၏ သူငယ်ချင်းများ ဖြစ်သော ကျွန်တော်နှင့် ဘိုကြည်တို့အား–

"မောင်ဘိုကြည်နဲ့ မောင်သောင်းဝေတို့ရေ၊ အားတဲ့အခါ မမထွေးတို့အိမ် မကြာမကြာ လာလည်ကြနော်၊ မင်းတို့ဆရာကြီး ကြောက်ပြီး မလာဘဲမနေကြနဲ့"

ဟု ဖိတ်ခေါ်တတ်၏။

ကျွန်တော်တို့ကလည်း ဆရာကြီးအိမ်ရောက်လျှင် ချစ်စရာကောင်းလှသော ဆရာကြီးသမီးလေးများကို ပွေ့ကြချီကြနှင့် ကလေးထိန်းအလုပ်အား ပျော်ပျော်ကြီးလုပ်လေ့ရှိ၏။ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်လုံးမှာ တစ်ကောင်ကြွက်များမို့ အဖော်အလွန်ခင်လေသည်။ ကလေးထိန်းလည်း ဝါသနာပါ၏။

ဤသို့ ဆရာကြီးနှင့်မျက်မှန်းတန်းမိချိန်သည် ကျွန်တော် တက္ကသိုလ်ဝင်တန်း တစ်ကြိမ်တည်းနှင့် အောင်အောင်ဖြေဖို့ အသည်းအသန်ကြိုးစားချိန် သွားဆုံနေ၏။

ထို့ကြောင့် ဆရာကြီး၏ အင်္ဂလိပ်စာ အချိန်ပိုအထူးသင်တန်းကို ကျွန်တော် အလွန်တက်ချင်လှပါ၏။ ဆရာကြီးသည် ကျောင်းအုပ်ကြီး ဖြစ်သော်လည်း ကျောင်းအုပ်ချုပ်ရေးကိစ္စနှင့် အခြားဗာဟီရများကြောင့် စာကောင်းကောင်း မသင်နိုင်ပါ။ ကျွန်တော်တို့ တက္ကသိုလ်ဝင်တန်း ကျောင်းသားများ၏ နေ့စဉ် Time Table အချိန်စာရင်း၌ တစ်ပတ်





နှစ်ကြိမ်၊ သုံးကြိမ် အင်္ဂလိပ်စာသင်ရန် ဆရာကြီးအမည်ပါသော်လည်း ပုံမှန် ဆရာကြီးစာလာမသင်နိုင်ပါ။ ဆရာကြီးကိုယ်စား ဆရာမ ဒေါ်ကင်းမြ၊ ဆရာဦးစံရွှင် စသည့် အင်္ဂလိပ်စာပြဆရာ၊ ဆရာမများက မကြာခဏ ဝင်သင်ရသည်ကများပါ၏။ ဆရာကြီးကား ကျောင်းကိစ္စများ သာမက မြို့အုပ်ချုပ်ရေးကိစ္စများ၊ ရပ်ရေးရွာရေးကိစ္စများတွင်ပါ ပါဝင်ဆောင်ရွက်နေရသည်ဟု ကြားသိရပါသည်။

ယခု စာမေးပွဲကြီးနီးချိန်၌ ဆရာကြီးကိုယ်တိုင် အင်္ဂလိပ်စာ အချိန်ပို သင်ပေးတော့မည်။ မပျက်မကွက် ကျွန်တော်တက်ပါမည်။

ဆရာကြီး၏ အင်္ဂလိပ်စာ အချိန်ပိုအထူးသင့်တန်း သွားတက်သည့်နေ့မှာပင် ကျွန်တော့်အတွက် အမှတ်တရလေးတစ်ခု ဖြစ်ခဲ့ရ၏။

ဖြစ်ပုံက ဒီလိုပါ ခင်ဗျာ။

✿

ထိုနေ့က အတူနေအရီး နေမကောင်းသဖြင့် အိမ်အလုပ်များ ရှုပ်သွား၏။ ကျောင်းချိန်မမီမှာစိုးသဖြင့် အိမ်မှကျောင်းသို့ ရေပင်မချိုးနိုင်ဘဲ အပြေးအလွှားထွက်ခဲ့ရ၏။ အပေါ်အင်္ကျီလေးပင် မဝတ်မိခဲ့။ ကျောင်းရောက်တော့ နောက်ဆုံးတန်းမှာ ခပ်ကုပ်ကုပ်လေး ဝင်ထိုင်နေမိသည်။ ခဏအကြာ ဆရာကြီးဝင်လာသည်။

"မင်္ဂလာပါ ဆရာကြီး"

"အေး၊ မင်္ဂလာပါကွ၊ ထိုင်ကြ"

"ဟော့ ဟိုနောက်ဆုံးခုံက ထိုင်နေတဲ့ကျောင်းသား၊ မင်း သောင်းဝေမဟုတ်လား၊ ထစမ်း"

ဆရာကြီးက အခန်းထဲဝင်လျှင်ဝင်ချင်း အားလုံးကို ဝေ့ကြည့်ပြီး ကျွန်တော့်ကို ထခိုင်းလိုက်သည်။

"မင်းတို့အားလုံး သောင်းဝေကိုကြည့်ကြ၊ စွပ်ကျယ်ချိုင်းပြတ်လေးနဲ့ ကျောင်းအုပ်ဆရာကြီးရဲ့အတန်းကို လာတက်တာ Very



www.burmeseclassic.com

www.burmeseclassic.com



Rude သိပ်ရိုင်းတယ်ကွ၊ အဲဒီလိုမလုပ်ကြနဲ့၊ မင်းတို့အားလုံးမှတ်ထား တက္ကသိုလ်ဝင်တန်းတောင် ရောက်နေပြီ၊ မကြာခင်မှာ တက္ကသိုလ် ရောက်ပြီး Ladies & Gentlemen လို့ အခေါ်ခံကြရတော့မှာ၊ ကိုယ့်ကိုယ် ကိုယ် တန်ဖိုးရှိအောင်နေ၊ ဘယ်တော့မှ အခုလို အောက်ကျနောက်ကျ မလုပ်နဲ့၊ သောင်းဝေလည်း မှတ်ထား၊ နောက်ဘယ်တော့မှ ဒီလို မဖြစ်စေနဲ့ ကြားရဲ့လား''

''ဟုတ်ကဲ့ပါ ဆရာကြီး''

ဆရာကြီးသည် လေအေးကလေးနှင့် ကျွန်တော့်ကို အကြောင်း ပြု၍ တစ်တန်းလုံးအား ဆုံးမစကားပြောပါလေတော့သည်။

ကျွန်တော်ကလည်း ကျွန်တော်ပါပေ။ Private Study ဆိုပြီး အိမ်မှ အပြေးအလွှား အလုပ်ကြားမှထွက်ခဲ့ရာ တစ်ထည်နှစ်ထည်သာ ရှိသည့် အပေါ်အင်္ကျီကို မဝတ်ခဲ့မိ။ စွပ်ကျယ်ချိုင်းပြတ်ကလေးနှင့် ပြေးထွက်ခဲ့မိ၏။ ကျောင်းမမီမှာစိုးတာလည်းပါပါသည်။ မနက်ရှစ်နာရီ ထိုးမည့် ကျောင်းချိန်တော့မီပါသည်။ သို့ရာတွင် ဖြစ်ကတတ်ဆန်း ဝတ်စားလာသော ကျွန်တော်သည် ဆရာကြီး၏ လေအေးကလေးနှင့် ဆုံးမသည်ကို ခံလိုက်ရ၏။ ဆရာကြီးစကားကြောင့် အခန်းတွင်းရှိ စာပြိုင်ဖက် သူငယ်ချင်း အပျိုမချောချောလေးများရှေ့၌ မျက်နှာမထား တတ်အောင် ဖြစ်သွားပြီး ကျွန်တော် အလွန်ရှက်မိပါသည်။

ကျွန်တော်သည် ဆရာကြီးအား ချစ်ကြောက်ရိုသေသူဖြစ်သော ကြောင့် ဆရာကြီး၏ ''ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိအောင်နေ၊ ဘယ်တော့မှ အောက်ကျနောက်ကျမဖြစ်စေနဲ့၊ မလုပ်နဲ့'' ဆိုသောစကားကို ထိုအချိန်မှစ၍ ဘဝတစ်လျှောက်လုံး စွဲမြဲစွာမှတ်သားခဲ့ပါတော့သည် ခင်ဗျား။

❦





ဆရာကြီး၏ အချိန်ပိုသင်တန်းမှာ ဖေဖော်ဝါရီတစ်လလုံးနီးပါး ခြင်း၏။ English Grammar ကို အဓိကထားသင်၏။ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် မေးတတ်သည့် English မေးခွန်းများအကြောင်း၊ စာစီစာကုံးရေးနည်းအကြောင်း၊ အက်ဆေးနှင့် ပရက်ဆေးအကြောင်း၊ ဘွက်လပ်များဖြည့်ပုံဖြည့်နည်း စသဖြင့် အတော်စုံပေသည်။ အက်ဆေး သင်ကြားရာ၌ အမှတ်မထင် A Journey to the moon အမည်ရှိသော စာစီစာကုံးတစ်ပုဒ်အား နမူနာရေးပြရာ ကျွန်တော်တို့အားလုံးက လိုက်၍ ရေးမှတ်ခဲ့၏။ သူများထက်ထူးကာ တစ်မူးပိုရှုချင်သောကျွန်တော်က ထိုအက်ဆေးကို အလွတ်ကျက်လိုက်သည်။ ဆရာကြီးမေးလျှင် ဖြေနိုင်အောင် အလွတ်ရွတ်ပြနိုင်အောင် ကျက်လိုက်ခြင်းပင်။ ဆရာကြီး ကမမေးပါ။ ရေးရုံသာ ရေးပြသွားပါသည်။ သို့ရာတွင် ကံကောင်းချင်တော့ တ်လစာမေးပွဲကြီး၌ ထို A Journey to the moon မှာ အင်္ဂလိပ် စာမေးခွန်း၌ တည့်တည့်ကြီးပါလာလေရာ ကျွန်တော် အလွန်ပျော်သွား ပါသည်။ By Heart တွန်းထားသဖြင့် ချက်ချင်းရေးချလိုက်နိုင်၏။

တိုတိုပြောကြပါစို့ခင်ဗျာ။

ထိုနှစ် တက္ကသိုလ်ဝင်တန်းကို ကျွန်တော် One Stroke နှင့် အောင်ပါသည်။

အောင်ရသည့်အကြောင်းမှာလည်း–

''ဟော့ကောင်တွေ ဘိုကြည်နဲ့ သောင်းဝေ ဆရာကြီးရုံးခန်းက ားပွဲမှန်အောက်မှာ ဒီနှစ်ဆယ်တန်းအောင်မယ့် ဆရာကြီးရဲ့ ခန့်မှန်း စာရင်းမှာ မင်းတို့နှစ်ယောက်ပါတယ်ကွ၊ မပါတာတော့ ငါပဲ''

ဟု ဆရာကြီးယောက်ဖ ကျွန်တော်တို့သူငယ်ချင်းကြီး ကိုကျော်မြင့် က တိုးတိုးတိတ်တိတ်ပြော၏။ ထို့နောက် လူအလစ်၌ ထိုအခန်းကို ကျွန်တော်တို့အား ခေါ်သွားပြီး ပြခဲ့ခြင်းသည် စာမေးပွဲအောင်ခဲ့သည့် အကြောင်း တစ်ချက်ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဆရာကြီးကိုယ်တိုင်ကလည်း စာမေးပွဲမဖြေမီ ရက်အနည်းငယ်က ကျွန်တော်နှင့်ဘိုကြည်အား သူ့အိမ်တွင်တွေ့ရာ–

"ဟော့ကောင်လေးတွေ၊ မင်းတို့နှစ်ယောက်လုံး စကောလားရှစ်သမားတွေ မဟုတ်လား၊ One Stroke နဲ့ ဆယ်တန်းအောင်အောင်လုပ်ကြ ကြားလား"

ဟု စကားနည်းသည့်ကြားမှ ရုတ်တရက်မှာကြားခဲ့ဖူး၏။

"ဆရာကြီးကတောင် အောင်မယ်လို့ Tip ပေးထားတာ၊ ဘာလို့မအောင်ရမှာလဲ၊ ဘာတဲ့လဲ ငါဟဲ့ ယောက်ျား"

ဟု မောင်းတင်ပြီး အသည်းအသန် စာကြိုးစားလိုက်နိုင်ခြင်းကြောင့် One Stroke နှင့် တက္ကသိုလ်ဝင်တန်းအား ကျွန်တော်နှင့်ဘိုကြည် ဖြတ်ကျော်သွားတော့၏။

ဤကိစ္စအတွက် ကျွန်တော်တို့အပေါ်၌ ဆရာကြီးဦးမောင်မောင်၏ ကျေးဇူးတော်မှာ အနန္တပါပေ။

အခက်အခဲများကြားမှ ကျွန်တော်နှင့်ဘိုကြည်တို့ ရန်ကုန်တက္ကသိုလ် ဆက်တက်ဖြစ်သည်။ ကျွန်တော်တို့ဒုတိယနှစ်အရောက်၌ဆရာကြီးလည်း ရာထူးတိုး၍ ကသာသို့ပြောင်းသွားရ၏။ ဆရာကြီးနှင့်ဝေးသွားတော့သည်။ တက္ကသိုလ်က ဘွဲ့ရတော့ ကျွန်တော်ရောဘိုကြည်ပါ တပ်မတော်ထဲဝင်ဖြစ်သည်။ ထိုအခါ စစ်တိုက်နေရသည်မှပညာရေးကိစ္စများနှင့် လုံးဝအဆက်ပြတ်သွားတော့၏။ ဆရာကြီးနှင့်မမတွေ့တို့ ဘယ်ဆီဘယ်ဝယ် ရောက်နေမှန်းမသိတော့ပါ။

ကိုယ့်အကြောင်းတွေနှင့် ကိုယ်ပါပဲလေ။

အနှစ် ၂၀ ကျော် ကြာသွားပါပြီ။

၁၉၈၅–ခုနှစ်၊ သင်္ကြန်ပြီးစကာလ။





ကျွန်တော်သည် ဗိုလ်မှူးအဆင့်ဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်းကျိုင်းတုံမြို့ရှိ ရှေ့တန်းတပ်မဌာနချုပ်တွင် ဦးစီးအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေရ၏။

တစ်နေ့ မိုးကြီးလေကြီး ရုတ်တရက်ကျလာသဖြင့် ကျိုင်းတုံရှိအထက်တန်းကျောင်းကြီး အတော်ပျက်စီးသွားလေသည်။ ဤသည်ကိုကျွန်တော့်တပ်မှူးကြီးက သွားရောက်စစ်ဆေးရာ ကျွန်တော်လိုက်ပါသွားရ၏။ အပျက်အစီးက အတော်များသည်။ ကျောင်းခေါင်မိုး အတော်များများ လန်ကုန်၏။ ကိုယ့်အစီအစဉ်နှင့်ကိုယ်ပြင်က တော်တော်နှင့်ပြင်၍ပြီးမည်မဟုတ်။ ကျောင်းအုပ်ကြီးကလည်း ဆရာကြီးမဟုတ်။ ဆရာမကြီးသာဖြစ်၏။ ပြီးတော့ တိုင်းရင်းသူ။

"ဟော့ ဂျီတူး၊ ဒီအတိုင်းဆို ကျောင်းဖွင့်ရင် ကလေးတွေ အခက်အခဲဖြစ်မယ်၊ အကျိုးအကြောင်း တောင်ကြီးကို ကြေးနန်းပို့လိုက်ကွာ။ ဌာနက တာဝန်ရှိတဲ့သူတွေလာကြည့်ပြီး အမြန်ဆုံးပြင်ဖို့ ပြောမယ်။ မေဆို ကျောင်းဖွင့်တော့မယ်မဟုတ်လား"

ကျွန်တော့်တပ်မှူးကြီး၏ အထက်ပါလမ်းညွှန်ချက်အရ တောင်ကြီးသို့ ကြေးနန်းပို့လိုက်သည်။ အပျက်အစီးဓာတ်ပုံပါ ပို့ပေးလိုက်သည်။

ဤကိစ္စအပြီး၌ ကျွန်တော့်တပ်မှူးကြီးလည်း ရန်ကုန်က အရေးခေါ် အစည်းအဝေးခေါ်၍ အစည်းအဝေးတက်ရန် ထွက်ခွာသွားရ၏။ တပ်မှူးကြီး ပြန်မရောက်သေးမီ တစ်ရက်၌–

"ဗိုလ်မှူး၊ ရှမ်းပြည်နယ် ပညာမင်းကြီးက တွေ့ချင်လို့တဲ့ခင်ဗျ"

ဟု ရုံးအုပ်ကြီးမှ လာသတင်းပို့သည်။

"ခေါ်ခဲ့ပါ"

ရုံးအုပ်ကြီး ဆရာကြီးထွန်းတင်က ရှမ်းပြည်နယ် ပညာမင်းကြီးအား ကျွန်တော့်ရုံးခန်းသို့ ခေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ပညာမင်းကြီးက ကျွန်တော့်ရုံးခန်းတွင်းသို့ ခပ်ယို့ယို့လေး ဝင်ရောက်လာသည်။

တွေ့လျှင်တွေ့ချင်းပင် –

"ဗိုလ်မှူးခင်ဗျာ၊ ကျွန်တော် ရှမ်းပြည်နယ် ပညာမင်းကြီးရုံး ဒီက ကြေးနန်းရတာနဲ့ ကျွန်တော်ကိုယ်တိုင် လာခဲ့တာပါ။ လေယာဉ်က ဆင်းတာနဲ့ ကျောင်းကိုအရင်သွားကြည့်လိုက်ပါတယ်၊ ပြင်ဖို့ဆင်ဖို့လည်း စီစဉ်ခဲ့ပြီးပါပြီ။ အကျိုးအကြောင်းကို လာသတင်းပို့တာပါ။ ဗိုလ်မှူးရဲ့ တပ်မှူးကြီးက ကျောင်းအချိန်မီမဖွင့်နိုင်မှာ စိုးရိမ်နေတယ်လို့ ကြားရ တယ်၊ အဲဒါလည်း တပ်မှူးကြီးကို ရှင်းပြချင်ပါတယ်၊ တွေ့ခွင့်ရရင် တွေ့ချင်ပါတယ်"

ကျွန်တော်က ပညာမင်းကြီး၏ အလေးအနက်ပြောဆိုနေမှုကို အရေးတယူ နားထောင်သည်။

ပြီးမှ –

"မစိုးရိမ်ပါနဲ့ ပညာမင်းကြီးခင်ဗျာ၊ အခုကိစ္စအားလုံးအတွက် အဆင်ပြေအောင် ကျွန်တော်ပဲ တာဝန်ယူလိုက်ပါ့မယ်"

ကျွန်တော့်စကားကြောင့် ပညာမင်းကြီးက ရုတ်တရက် အံ့ဩ သွား၏။

"ဩော် ဟုတ်ကဲ့၊ ကျေးဇူးပါပဲ ခင်ဗျ"

"တပ်မှူးကြီးကတော့ ခရီးသွားနေပါတယ်၊ တွေ့ချင်ရင် နှစ်ရက်သုံးရက် စောင့်ရမယ်ခင်ဗျ"

"ဩော် ဟုတ်ကဲ့၊ တွေ့ချင်ပါတယ်ခင်ဗျ၊ စောင့်ပါ့မယ်"

ကျွန်တော်သည် ပညာမင်းကြီးကို ဒါ့ထက်ပိုပြီး အလုပ်သဘော ဆန်ဆန်တွေ မပြောသင့်တော့ဟု ထင်၏။

ပညာမင်းကြီးမှာ တခြားသူမဟုတ်ပါခင်ဗျာ၊ ကျွန်တော့် ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ပါခင်ဗျား။





ထို့ကြောင့် –

"ဆရာကြီး စိတ်မရှိပါနဲ့၊ ကျွန်တော့်ကို မြင်ဖူး သိဖူးပါသလား"

အခေါ်အဝေါ်လေသံပါပြောင်းပြီး ဆရာကြီးကို ခပ်ပြုံးပြုံးဖြင့် ကြည့်၍မေးလိုက်၏။

ဆရာကြီးက ကျွန်တော့်ကို အသေအချာကြည့်သည်။ တပ်မတော် ယူနီဖောင်းနှင့် အတန်ငယ်ပြည့်ဖြိုးနေသော ကျွန်တော့်ကို မှတ်မိပုံမရ၊ ဟိုတုန်းကတော့ ကျွန်တော်က ပိန်စုတ်စုတ်ပေါက်စနလေး။

"အင်း ပြောပါဦးဗျာ၊ ကျွန်တော်မသိပါဘူး"

"ရှေးတုန်းက ဆရာကြီးအိမ် လာလာနေတဲ့ သောင်းဝေလေ ဆရာကြီးရဲ့ ဆယ်တန်းအင်္ဂလိပ်စာ အချိန်ပိုသင်တုန်းက စွပ်ကျယ် အစုတ်လေးဝတ်လာလို့ ဆရာကြီးတောင် ဆုံးမလိုက်ရသေးတာ မှတ်မိ ဦးမလား မသိဘူး"

ဆရာကြီး၏ တည်ကြည်ငြိမ်သက်သော မျက်နှာတွင် အပြုံး ပန်းများ ချက်ချင်းဝင်းလက်ပွင့်လန်းသွားပြီး –

"ဟာ၊ သောင်းဝေကွာ၊ ငါက ဒီလာပြီး မင်းတို့နဲ့တွေ့တာ အဆင်ပြေပါ့မလားလို့ စောစောက မင်းက ဒီကိစ္စ ကျွန်တော် တာဝန်ယူ ပါတယ်ဆိုတော့ နည်းနည်းအံ့ဩသွားတယ်ကွ၊ လက်စသတ်တော့ မင်းက သောင်းဝေကိုးကွ၊ ဝမ်းသာတယ်ကွာ"

သာမန်အားဖြင့် ဆရာကြီးက စကားနည်းသူဖြစ်၏။ သို့ရာတွင် ထိုနေ့က ဆရာတပည့်နှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်များ ပြောမဆုံး ပေါင် တောသုံးထောင် ဖြစ်နေ၏။ စကားလက်စ မပြတ်သေးသဖြင့် ကျွန်တော်က ဆရာကြီးအား ကျိုင်းတုံမြို့တွင်းရှိ လောထင်းလူထမင်းဆိုင် သို့ ခေါ်သွားပြီး နေ့လယ်စာကျွေးကာ စကားဝိုင်းကိုဆက်ရ၏။

ကျွန်တော်တို့ ပြောကြသည်များ၌ ရှေးအထက်တန်းကျောင်း ကြီးနှင့် ဆရာ၊ ဆရာမများအကြောင်း၊ ဆရာကြီးကတော် မယ်တွေးနှင့် သမီးများအကြောင်း၊ သူငယ်ချင်းကြီး ကိုကျော်မြင့်အကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့်အတူ တပ်ထဲဝင်သည့် ဘိုကြည်အကြောင်း စသည် စသည်တို့ပါပေ။

"ဘိုကြည်ရော ဘယ်ရောက်နေလဲ၊ ငါ ကသာမှာ ရှိနေတုန်းမှာပဲ မင်းတို့နှစ်ယောက် တပ်ထဲဝင်သွားတဲ့အကြောင်း မီးရထားက မင်းဦးလေးနဲ့ ကသာဘူတာမှာတွေ့လို့ သူကပြောသေးတယ်ကွ"

"ဘိုကြည်က ဆရာကြီးနဲ့ မတွေ့ဘူးလား၊ ကလောရောက်နေတယ် ဆရာကြီးရဲ့ ကလောတပ်မမှာ"

"မတွေ့ဘူးကွ"

နေ့လယ်စာစားပြီး ဆရာကြီးကို တည်းခိုရာလိုက်ပို့ခဲ့၏။ ဆရာကြီး ကျိုင်းတုံတွင်ရှိနေသည့်ရက်များ၌ နေ့စဉ်ရုံးဆင်းပြီးချိန်များတွင် ဆရာကြီးထံ ကျွန်တော်သွားခဲ့သည်။ ဆရာကြီးကား အသက် ၆၀ နားနီးသည့်တိုင် ငယ်စဉ်ကလို ချောမောတုန်းပါပေ။

"ဆရာကြီးရဲ့ ကိုယ့်ကိုယ်ကိုယ် တနိုင်ဖိုးရှိအောင်နေ၊ ဘယ်တော့မှ အောက်ကျနောက်ကျမဖြစ်စေနဲ့"

ဟူသော အမှာစကားကြောင့် ကျွန်တော် လူတစ်လုံးသူတစ်လုံး ဖြစ်လာပုံကိုလည်း ပြောပြမိသည်။

"ငါကတော့ ကျုံတုန်း ပြောသင့်ပြောထိုက်တာ ပြောခဲ့တာပါပဲကွာ၊ မင်းကလိုက်နာပြီး တိုးတက်အောင်မြင်သွားတော့ ဝမ်းသာဂုဏ်ယူရတာပေါ့၊ လူတိုင်းကတော့ လိုက်နာချင်မှ လိုက်နာတတ်ကြတာကွ"

"ဒါပေါ့ ဆရာကြီးရယ်၊ ဒါပေမယ့် ဆရာကြီးကျေးဇူး ကျွန်တော့်အပေါ်မှာ ရှိပါတယ်"

"ဆယ်တန်းအောင်တာလည်း ဆရာကြီးက Nomination လုပ်ထားတော့ ဆရာကြီးကတောင် အောင်မယ်လို့ကြိုမှန်းပေးထားတာဘာဖြစ်လို့ မအောင်ရမှာလဲလို့ဆိုပြီး ကြိုးစားရတော့တာပဲ၊ ဒါလည်း ဆရာကြီး ကျေးဇူးပါ"





"အဲဒါကလည်း မင်းတို့ရဲ့ အစမ်းစာမေးပွဲအဖြေလွှာတွေနဲ့ မင်းတို့ ကြိုးစားမှုအရိပ်အခြည်ကိုကြည့်ပြီး မင်းတို့ကို စာသင်ပေးနေတဲ့ ဆရာ၊ ဆရာမတွေနဲ့ ငါ့ရဲ့ ကြိုတင်ညှိနှိုင်းအကဲဖြတ်ချက်ပေါ့ကွာ၊ ငါတစ်ယောက်တည်း ခန့်မှန်းတာတော့ မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ဆယ်တန်းအောင်တာ အဲဒါကြောင့်လည်းပါတယ် ဆရာကြီးရဲ့"

"ဝမ်းသာတယ်ကွာ"

ဆရာကြီးက ပြုံးပြုံးပြုံးပြုံးဖြင့် ဝမ်းသာကြောင်း အကြိမ်ကြိမ် ပြော၏။

နှစ်ရက်ခန့်အကြာ တပ်မှူးကြီး ပြန်ရောက်လာ၏။ ကျွန်တော်မှ ကြို၍တင်ပြထားသဖြင့် ဆရာကြီးနှင့် တပ်မှူးကြီးတွေ့ဆုံကြသောအခါ တပ်မှူးကြီးက ဆရာကြီးကို ချက်ချင်းလာရောက်ကြည့်ရှုကာ လိုအပ်သည်များ ဆောင်ရွက်သဖြင့် ကျေးဇူးတင်ကြောင်း ပြောလိုက်ပါသည်။ ဆရာကြီးလည်း ကျေနပ်သွားလေသည်။

"ဟော့ကောင်ရေ့ မင်းကျေးဇူးပဲဟေ့"

"ရပါတယ် ဆရာကြီးရယ်၊ တတ်နိုင်တုန်း လုပ်ပေးရတာပဲ"

ဆရာကြီးတောင်ကြီးအပြန် လေဆိပ်လိုက်ပို့ခဲ့သည်။ မမထွေးနှင့် သမီးပျိုများအတွက် ကျိုင်းတုံမှ ကောင်းနိုးရာရာများ အမှတ်တရ ပါရဝအဖြစ် ဝယ်ပြီးထည့်ပေးလိုက်သည်။

လေယာဉ်ပေါ်တက်တော့ စကားနည်းသောဆရာကြီးက–

"မင်းမမထွေးက မင်းနဲ့တွေ့တာသိရင် ဝမ်းသာရှာမှာ ဟော့ကောင်ရေ"

ဟု ပြောသွားပါသည်။

ထိုကိစ္စအပြီး သိပ်မကြာမီမှာပင် ကျွန်တော်လည်း ကျိုင်းတုံမှ ပြောင်းခဲ့ရ၏။ ဆရာကြီးနှင့် အဆက်အသွယ်ပြတ်သွားသည်။ နောက်တော့ ကျွန်တော်လည်း ဟိုပြောင်းသည်ပြောင်းနှင့် စစ်တိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည့် စစ်သားမို့ ပြင်ပကမ္ဘာနှင့်အဆက်ပြတ်ကာ ဆရာကြီးတို့ ဘယ်ဆီဘယ်ဝယ်ရောက်နေသည်ကို မသိတော့ပါခင်ဗျား။

✿

ယခုအခါတွင်မူ ကျွန်တော်ပင်လျှင် အသက်ခြောက်ဆယ်ကျော်ပြီး ပင်စင်ရနေပါပြီ။ ဆရာကြီးဆိုက (၈၀)ခန့် ရှိပေရော့မည်။ အသက်ထင်ရှား ရှိနေသေးပါက ကျွန်တော့်ဘဝတစ်ဆစ်ချိုးတွင် တွန်းအားတစ်ခုအဖြစ် ရှေ့ဆောင်လမ်းပြဖြစ်ခဲ့သည့် ကျွန်တော့်ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်နှင့် ဆရာကြီးကတော် မမထွေးတို့အား ဤစာစုဖြင့် ဂါရဝပြုလိုက်ရပါသည်ခင်ဗျား။

(၂-၆-၂၀၀၆)

✿

**ဆရာဦးချစ်မောင်**

ဆရာကြီး ဦးမောင်မောင်ပြီးတော့ ကျွန်တော့်ဘဝကို အပြောင်းအလဲ ဖြစ်စေသည့် ငယ်ဆရာများထဲ၌ ဆရာဦးချစ်မောင်ကို ဦးစွာပထမဖော်ပြရပါမည်။ သူသည် ကျွန်တော့်ဆရာများထဲတွင် တစ်ယောက်တည်းသော Roman Catholic ရိုမန်ကက်သလစ်ဘာသာဝင်ဖြစ်၏။ ထိုဘာသာဝင်များကို ကျွန်တော်တို့ဒေသက ဘရင်ဂျီများဟု ခေါ်သည်။ ဆရာဦးချစ်မောင်သည် ဘရင်ဂျီဖြစ်သော်လည်း ဗုဒ္ဓဘာသာ ဘုရားရှိခိုးအား ကောင်းစွာအလွတ်ရ၏။ ရှိလည်းခိုးတတ်၏။ မနက် ကျောင်းတက်ချိန် ဘုရားရှိခိုးကြသည့်အခါ ကျွန်တော်တို့အတန်းပေါင်းစုံ ကျောင်းသားလေးငါးရာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဩကာသကန်တော့ချီးဖြင့် ညီညာဖျဖျ ဘုရားကန်တော့ကြ၏။ ထိုအချိန်များ၌ ဆရာ ဦးချစ်မောင်သည် ထန်းပလပ်ကြီးတစ်ချောင်းကိုကိုင်ပြီး ဘုရားမရှိခိုးဘဲ သံယောင်



လိုက်နေသူများ၊ ညာဝါးဖြီးဖြန်းနေသူများ၊ အချင်းချင်း ဆိတ်လိုက်လိုက်ဖြင့် ဆော့ကစားနေသူများကို တွေ့ပါက ရိုက်နှက်ဆုံးမတတ်၏။

တစ်ခါသော် ဘုရားရှိခိုးနေစဉ် ကျွန်တော့်သူငယ်ချင်း မျက်ပြူးအေးမောင်သည် ကျွန်တော်နှင့်အတူ ဆောင့်ကြောင့်ထိုင်ပြီး ဘုရားရှိခိုးနေစဉ် နမောတဿအချိုဒ်၌–

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ဟု ဆိုရမည့်အစား နောက်ပြောင်၍–

"သမ္မာသမ္ဗုဇီးကွက်"

ဟု ဆိုလိုက်၏။

ထိုအခါ ကျွန်တော်တို့နောက်တွင် အသင့်ရပ်နေသော ဆရာဦးချစ်မောင် ကြားသွားပြီး–

"အောင်မယ် ခွေးကောင် မျက်ပြူး၊ မင်းကလား ဘုရားရှိခိုးတာကိုနောက်လေးစားနဲ့၊ ထွက်ခဲ့စမ်း ထွက်ခဲ့စမ်း"

ဟု ဆိုပြီး အေးမောင်ကို အတန်းရှေ့ထုတ်၍ လက်ထဲက ထန်းပလပ်ကြီးဖြင့် ပယ်ပယ်နယ်နယ် တွယ်လေတော့သည်။ ထိုအချိန်ကာလမှစ၍ မျက်ပြူးအေးမောင်တစ်ယောက် ဘုရားရှိခိုးရင်း ဇီးကွက်တို့၊ ဒီးဒုတ်တို့ မလုပ်ရဲတော့ပါ။

ဆရာဦးချစ်မောင်ကား အနီကဲ့သို့သောလူမျိုးပါပေ။

ဆရာနှင့်ကျွန်တော်သည် ၁၉၅၅-ခုနှစ်၊ ကျောင်းဖွင့်ချိန်တွင် တွေ့ကြ၏။ ၁၉၅၄ ၌ ကျွန်တော် လေးတန်းရောက်သည်။ ရှေးဦး အလယ်တန်းရပ်က ဒေါသန်းရင်ကျောင်းမှာ ဖြစ်၏။ အတန်းတင်စာမေးပွဲကြီးစစ်ချိန်၌ တိုက်ဖျိုက်ခေါ် အူရောင်ငန်းဖျားကြောင့် အိပ်ရာကထနိုင်ဘဲ အစိုးရစစ်လေးတန်းအား မဖြေလိုက်ရ။ လေးတန်းကိုနှစ်နှစ်ပြန်နေရသည်။ အရီးမောင် အမေ့အစ်ကို ဘကြီး ဦး[illegible]ရန်က–

www.burmeseclassic.com

www.burmeseclassic.com



"မမတူ ကျွန်တော့်ရပ်ကွက်ကကျောင်းမှာ လာထားစမ်းပါဗျာ သူ့ကိုင်မယ့် အတန်းပိုင်က ကျွန်တော့်မိတ်ဆွေပါ"

ဟုဆိုကာ လေးတန်းဒုတိယနှစ်အား ရေဦးမြောက်ဖျားက ဆရာမကြီးဒေါ်ရွှေစင်ကျောင်းသို့ ပြောင်းပေးခဲ့သည်။

ထိုစဉ်က ကျွန်တော်၏ လေးတန်းအတန်းပိုင်ဆရာမှာ ယခု ကျွန်တော်ဖော်ပြမည့် ဆရာ ဦးချစ်မောင်ပင်။

ဆရာသည် ကျွန်တော်နှင့်တွေ့ချိန်၌ အသက်သုံးဆယ်ခန့်မျှသာ ရှိသည်။ အသားညိုညို ထောင်ထောင်မောင်းမောင်းဖြင့် ပေါ်တူ အဆက်အနွယ်မှန်း သိသာ၏။ သချာအလွန်တော်၏။ မူလတန်းကျောင်း ဆရာ လုပ်နေသော်လည်း တက္ကသိုလ်ဝင်တန်းကျောင်းသားများကိုပင် သချာသင်နေသူဖြစ်သည်။ သချာအားသန်သူမို့ ကျွန်တော်တို့ စတုတ္ထ တန်း ကျောင်းသားများ ဘုရားရှိခိုးပြီးသည်နှင့် သချာစတွက်ရသည်။

ကျွန်တော်သည် အရာအားလုံး၌ ခပ်ညံ့ညံ့ဖြစ်၏။ လူကောင်က လည်း ခပ်သေးသေးကွေးကွေး ပိစိညှက်၊ ရောဂါဘယလည်း ထူပြော၏ ခပ်မွဲမွဲ ခပ်ချာချာမို့ ဘယ်နေရာမှာမှ လူရာမဝင်ပါ။ သို့ရာတွင် ကျောင်း နေစဉ်မှစ၍ အတန်းတိုင်း၌ ပထမ၊ ဒုတိယ၊ တတိယ စွဲခဲ့သည်သာ စာတော်သည်ဟု ဆိုနိုင်ပါသည်။ ယခုလည်း စတုတ္ထတန်း Repeat မို့ ဆရာဦးချစ်မောင်အတန်း၌ ကျောင်းဖွင့်ကတည်းက ဘာသာရပ်တိုင်း ထိပ်မှ ဂျောင်းဂျောင်းပြေးတော့၏။

ဆရာက စာတော်သူများကို အထူးသဘောကျ၏။ စာညံ့သူများ ကိုကား သူ၏ လက်သုံးတော်ထန်းပလပ်ကြီးနှင့် ပယ်ပယ်နယ်နယ် ရိုက်တတ်သည်။ အရိုက်လည်း ကြမ်းပေသည်။ ဆရာ့ထန်းပလပ်ကြီး ကြောက်သဖြင့် ကျွန်တော် စာမကြိုးစားဘဲ မနေရဲပါ။ ထို့ကြောင့် ပထမအစမ်းတွင် ကျွန်တော်ပထမရပါသည်။ ဒုတိယအစမ်း ကျောင်းပျက်ရက်များသွားပြီး ပွတ်ကာသီကာလေးဖြင့်သာ ပထမရသည် အခါ ဆရာက–





"သောင်းဝေတို့ စာညံ့သွားပြီ၊ မင်းကို မင်းဘကြီးက ငါ့ အပ်ထားတာ၊ စာတော်တယ်ဆိုပြီး စကောလားရှစ်သွင်းဖို့လည်း ငါ မျှော်ထားတယ်၊ အခုလို ညံ့နေရင် စကောလားရှစ်သွင်းဖို့ဟာ ဖျက်ရမလို ဖြစ်နေပြီ"

ဟု ဆို၏။

"စာညံ့သွားရင်တော့ တွယ်ရလိမ့်မယ် ငါ့လူ"

ဟုလည်း ကြိမ်း၏။

ကျွန်တော် စကောလားရှစ် စာမေးပွဲဝင်ရမည်ကို အစက မသိခဲ့ပါ။ ယခု ဆရာပြောမှသိရ၏။ ဒေါ်သန်းရင်ကျောင်းတုန်းက ကျန်းမာရေးကြောင့် စကောလားရှစ်နှင့်ဝေးခဲ့ရသော ကျွန်တော်သည် ဆရာ့စကားကြောင့် ဒုတိယအစမ်းအပြီး၌ စာကိုအသည်းအသန် ကြိုးစားပါတော့သည်။

ထိုနှစ်ဆောင်းတွင်း၌ ကျွန်တော်တို့ စတုတ္ထတန်းမှ အစမ်း စာမေးပွဲ နှစ်ခုတွင် ပထမ၊ ဒုတိယ၊ တတိယ ရထားကြသည့် ကျွန်တော်၊ အေးချို၊ သောင်းညွန့်တို့ သုံးဦးအား ဆရာက သူ့အိမ်သို့ ညခေါ်သိပ်ပြီး စကောလားရှစ်အတွက် အထူးသင်တန်းများပေး၏။ ညစဉ်ညတိုင်းလိုလိုပင် ဂဏန်းသချာများ တွက်ရသည်။

"ခိုခွဲ ဝမ်းဘဲငါးကျပ် စာတစ်မတ်၊ အကောင်အစိတ် ငွေအစိတ်"

"ဒို့ဆဒို့ခွဲဒို့စိတ်၊ နင်ပါပေါင်းမှတစ်ရာ"ဟော့ ဆိုသည့် ပဟေဠိ ဆန်ဆန် ပုစ္ဆာမျိုးများကို တွက်စေသည်။

ထိုပုစ္ဆာများမှာ အလယ်တန်းရောက်မှ အက္ခရာသချာဖြင့် မသိ ကိန်းကို တည်ပြီးတွက်က အလွန်လွယ်ပါသည်။ စတုတ္ထတန်းသားများ အတွက်ကား ရိုးရိုးသချာဖြင့် သတ်မှတ်ချိန်ပြီးရန် ခက်လှ၏။

ဒါမျိုးတွေကို ဆရာက ရိုးရိုးသချာဖြင့် လွယ်လွယ်ကလေး တွက်ပြတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သချ်ာပြီးတော့ မြန်မာစာကိုသင်ပြန်သည်။ စတုတ္ထတန်း မြန်မာစာ၌ လယ်တီဆရာတော်ဘုရားကြီး ရေးစပ်တော်မူသော ခုနစ်နေ့ ဗုဒ္ဓဝင်ကို သင်ရပါသည်။ ဗုဒ္ဓဝင်ကိုသင်ရာ၌ ဆရာက –

''ဘုရားဖြစ်ကာ၊ မိဂဒါသို့
စကြာရွှေဖွား၊ ဖြန့်ချီသွား၍
ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်
မဟီတစ်သောင်း၊ တိုက်အပေါင်းမှ
ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား
ဝါဆိုလပြည့်၊ စနေနေ့ဝယ်
ကြွေကြွေလျှံထက်၊ ဓမ္မစက်ကို
မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်
တရားနတ်စည်၊ ရွမ်းတယ်ကို''

ဆိုသည့်ကဗျာစာပိုဒ်အား ရှင်းလင်းရာ၌–

''တို့မြတ်စွာဘုရားက ပဉ္စဝဂ္ဂီငါးဦးကို အဲဒီလို ဓမ္မစကြာတရားဦး ဟောခဲ့တယ်''

ဟု တကယ့်ဗုဒ္ဓဘာသာတစ်ယောက်လို ပြောသောအခါ ကျွန်တော်တို့တစ်တွေ ရယ်ရအခက်၊ ငိုရအခက် ဖြစ်သွားပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်ဆရာမှာ အများသိတော်မူကြသည့် အတိုင်း ဘရင်ဂျီ ဖြစ်နေသောကြောင့်ပါခင်ဗျား။

သို့ရာတွင် ဆရာသည် ကျွန်တော်တို့ ဗုဒ္ဓဘာသာတပည့်များနှင့် သော်လည်းကောင်း၊ ဆရာ့အိမ်နှင့် မလှမ်းမကမ်းရှိ ဗုဒ္ဓဘာသာဘုန်းကြီး ကျောင်းမှ ရဟန်းတော်များနှင့်သော်လည်းကောင်း၊ အခြားဗုဒ္ဓဘာသာ ဝင် လုပ်ဖော်ကိုင်ဖက် ဆရာ၊ ဆရာမများနှင့်သော်လည်းကောင်း သဟဇာတဖြစ်အောင် နေတတ်ပေ သည်။ လယ်တီဆရာတော်ဘုရား၏





ခုနစ်နေ့ဗုဒ္ဓဝင်ကိုသာမက ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်ရာသီဖွဲ့ ကဗျာများကိုလည်း ကျွန်တော်တို့ တစ်တွေကို ရအောင်ကျက်စေသည်။

''မင်းတို့ စကောလားရှစ်သမားဆိုတော့ ဘာသာစုံ အဖက်ဖက် က သာမန်ကျောင်းသားထက် သာရမယ်''

ဟု ဆိုတတ်၏။

*''ဟောင်းရွက်ညှာခါလှစ်လို့ တာသစ်ကယ်တဲ့နှံ့ကြိုင်၊*
*သုတ်ဖြူးလေဆော်က၊ ပန်းကံ့ကော်ဝတ်မှုန်ကျင်း၊*
*သင်းပျံ့လို့လှိုင်၊*
*ကြယ်နှစ်ပြိုင် သွယ်ဆိုင်ပဝင်း၊*
*စိတြယ်နှင့်၊ ငွေလသော်တာတို့၊ ယုဂန်ချာတောင်တော်*
*စွန်းမှာ၊*
*ထွန်းထိန်လို့လင်း''*

''ဒီကဗျာတွေက လွယ်တယ်ကွ၊ မင်းတို့ စာစီစာကုံးရေးတဲ့ အခါမှာ ထည့်ရေးလို့ရတယ်၊ အဲဒါအားလုံး အလွတ်ရအောင်ကျက်ထား အလိုက် စာစီစာကုံးရေးရင် ထည့်ရေးကြ၊ အခုကျက်ထားလို့ရရင် နောင် မင်းတို့တစ်သက်လုံး အလွတ်ရပြီး အသုံးတည့်နေမယ်''

ဆရာပြောတာ မှန်ပါသည်။ ဦးမင်း၏ ထိုဆယ့်နှစ်လရာသီဖွဲ့ ကဗျာများကို ယနေ့တိုင် ကျွန်တော် အလွတ်ရနေဆဲပါ။

စိတ်လိုလက်ရရှိသည့်အခါ ဆရာက ဖိုးသူတော်ဦးမင်းနှင့် သူ့ဦးမင်းတို့ အပြိုင်စာဆိုကြသည့်အကြောင်းကို ပြောပြ၏။ တစ်ယောက် က အခံပိုဒ်ကိုဆိုလျှင် တစ်ယောက်က အအုပ်ပိုဒ်ကို ချက်ချင်းလက်တန်း ဆိုနိုင်ကြောင်း ပြောပြ၏။

''ဒီစာဆိုနှစ်ယောက်က အပြိုင်ကွ၊ ဘုရင့်ရှေ့မှာ သူနိုင်ကိုယ်နိုင် ကဗျာတွေရွတ်နိုင်ကြတယ်၊ တစ်ယောက်က အခံပိုဒ်ကိုဆိုလိုက်ရင် တစ်ယောက်က ချက်ချင်း အအုပ်ပိုဒ်ကိုဆိုနိုင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



''တစ်ကြိမ်မှာ သူတို့နှစ်ယောက်တည်း လှေကလေးနဲ့ စစ်ကိုင်းကနေ အင်းဝအကူး လှေပေါ်ငါးကလေးတစ်ကောင်ခုန်တက်တော့ တစ်ယောက်က နိမ္မာန်ကိုရှယ် ကယ်ပါတော့လားလို့ အခံပိုဒ်ကိုရွတ်လိုက်တယ်တဲ့။ အဲဒီအခါမှာ နောက်တစ်ယောက်က ကြံပြလေ တစ်ကောင်တည်းရယ် ဖော်ကွဲတဲ့ငါး ဆိုပြီးတော့ အအုပ်ပိုဒ်ကိုရွတ်လိုက်တယ်ဆိုပဲ''

''တစ်ခါကျတော့လည်း သူတို့နှစ်ယောက်နဲ့ ဘုရင်ကြီး ရောဝတီမြစ်ထဲ ညမှာလှေစီးရင်း ပဲဖြူလေးကိုပြုတ် သုပ်ပြီး ရေနွေးနဲ့ မြည်းသတဲ့ကွ။ လကလည်း တယ်သာတယ်ဆိုပဲ။ ဘုရင်ကြီးက ပဲကောင်းကြောင်း၊ ဆိမ့်ကြောင်း သူတို့နှစ်ယောက်ကို ရုတ်ခြည်းစာဖွဲ့ ခိုင်းလိုက်သတဲ့။ ဘုရင်က အဲဒီအချိန်မှာ လေကလည်းလည်လိုက်သတဲ့ ကွာ။ အဲဒီအခါမှာ တစ်ယောက်က 'ပဲကလေးက ဆိမ့်လိုက်တာ ပြောစရာရှိဘူးလို့ အခံပိုဒ်ကိုရွတ်လိုက်သတဲ့။ အဲဒီအခါမှာ နောက် တစ်ယောက်က ညအခါ လသာသာ ကိုယ်တော်သုံးတယ်၊ လေပုန်းက မြူးလို့ အအုပ်ပိုဒ်ကို ရွတ်လိုက်သတဲ့ကွ။ အဲဒီအခါမှာ ဘုရင်ကြီးကလည်း သဘောကျပြီး တဟားဟားနဲ့ ရယ်သတဲ့ကွာ''

အထက်ပါအတိုင်း ဆရာပြောသည်များကို နားထောင် ကောင်းကောင်းနှင့် နားထောင်ရ၏။

ဤကဲ့သို့ ဆောင်းတွင်းတစ်တွင်းလုံး ဆရာ၏ အနီးကပ်ပို့ချ ကြောင့် ၁၉၅၆–ခုနှစ်၊ မတ်လတွင်ကျင်းပသည့် စတုတ္ထတန်း ပညာ သင်ဆုစာမေးပွဲ၌ ကျွန်တော်အောင်မြင်ခဲ့သည်။ ကျွန်တော်သာမက ကျွန်တော့်သူငယ်ချင်း သောင်းညွန့်နှင့် အေးချိုတို့လည်း အောင်ကြ ပါသည်။

ထိုစဉ်က မူလတန်းတွင်အောင်ခဲ့သော စကောလားရှစ် ဆုကြေး ငွေကို အလယ်တန်းသုံးနှစ် ခံစားရ၏။ ဆုကြေးငွေမှာ တစ်လတစ်ဆယ် ကျပ် ဖြစ်သည်။ ထိုငွေဖြင့် ပုဆိုးကြမ်းဆယ်ထည်ခန့် သို့မဟုတ် ပုဆိုး ချော ငါးထည်ခန့် ဝယ်၍ရသည်။ ဖောင်တိန်ဆိုက Pilot ဖောင်တိန် ငါးချောင်းခန့်ရသည်။ ထိုဆုကြေးအား တစ်နှစ်ခန့်စုလိုက်လျှင် Humber သို့မဟုတ် Raleigh စက်ဘီးတစ်စီး ဝယ်စီး၍ရသည်။

ကျွန်တော်သည် ပဥ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း သုံးနှစ် လုံးလုံး ဆရာဦးချစ်မောင်ကျေးဇူးနှင့် အောင်မြင်ခဲ့သော စကောလားရှစ် စာမေးပွဲမှ ဆုကြေးလေးကို စုရကောင်းမှန်းမသိဘဲ ကလေးပီပီ စိတ်ကူး တည့်ရာ သုံးရင်းဖြုန်းရင်း ကောင်းကောင်း လူတွင်ကျယ်လုပ်ခဲ့ပါသည် ခင်ဗျား။

✿

မူလတန်းအောင်သွားတော့ ဆရာနှင့်ဝေးသွားသည်။ သို့ရာတွင် မြို့ကလေးကခပ်သေးသေးမို့ ဆရာ့အား ဟိုနေရာတွေ့လိုက် သည် နေရာတွေ့လိုက်နှင့် တွေ့နေရသည်။ ဆယ့်သုံးလေးနှစ်အရွယ်တွင် ကျွန်တော် အကျင့်ပျက်ချင်ချင်ဖြစ်လာ၏။ အကွပ်အထိန်းမဲ့သည့် တစ်ကောင်ကြွက်မို့ တစ်ကိုယ်တော်လေလွင့်ခြင်းတွေ များလာ၏။

၁၉၅၇–ခုနှစ်မှစ၍ ရေဦးမြို့ မြို့မဈေးကြီးအတွင်း ပြောင်းရွှေ့ နေခဲ့ရရာ တစ်စတစ်စ ကျောင်းစာကိုစိတ်မဝင်စားတော့ဘဲ ဈေး တတ်ဝန်းကျင် လှည့်လည်သွားလာရင်း အပျော်အပါးများလာ၏။ အဖိုး အဘိုးကြီး၏ စကားကိုနားမထောင်ဘဲ တစ်နေကုန် တစ်နေခန်း စိတ်ကူး ရရာ လျှောက်သွားနေတတ်သည်။ မြို့မဈေးအတွင်းရှိ ကျားဝိုင်းများ စစ်တုရင်ဝိုင်းများ၊ ဖယ်တောက်ခုံများ၊ ဘိလိယက်ခုံများသို့ ရောက်ရှိ အချိန်ဖြုန်းနေတတ်၏။ ဘိလိယက်ကတော့ မထိုးတတ်ပါ။ ကလေးမို့ ထိုးခွင့်လည်း မရှိပါ။ သူများထိုးတာထိုင်ငေးရင်း လက်ဖက်ရည်ဝယ်ပေး ဆေးလိပ်ဝယ်ပေးဖြင့် ဟိုငေးသည်ငေး ဝင်ငေးခြင်းသာ ဖြစ်ပါ၏။

ထိုသတင်းများကို ကျွန်တော့်ဘကြီး ဦးထွန်းရန်မှတစ်ဆင့် ဆရာသိလေ၏။ လမ်းတွင် ဆရာနှင့်ဆုံသည့်အခါတိုင်း–






www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်၊ မင်းဘကြီးက ငါ့ကိုတိုင်တယ်နော်၊ မင်း အိမ်မကပ်ဘဲ လျှောက်ချည်းလည်နေတယ်တဲ့။ မင်းအရီးက ဘယ်လောက်ရိုက်ရိုက် နားမထောင်ဘူးတဲ့။ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ သိပ်ပေမနေနဲ့လေကွာ၊ ကျောင်းမှာ စာလည်းမတော်တော့ဘူးလို့ ကြားတယ်၊ လူကြီးတွေစိတ်ညစ်အောင် မလုပ်နဲ့ဟ"

ဟု ဆုံးမတတ်၏။

ပျော့ပျော့ ပျော့ပျော့နှင့် ပြန်မပြော နားမထောင် ကျွန်တော်က ဆရာပြောသည့်စကားကို နားမဝင်ခဲ့ပါ။ ဆက်လက်၍ ပေမြဲ၊ တေမြဲ လေလွင့်မြဲနှင့် နောက်ဆုံးတော့ အိုးနင်းခွက်နင်းဖြင့် တက္ကသိုလ်ဝင်တန်းသို့တိုင် ရောက်လာပါတော့သည်။

ထိုအခါ အကြောင်းအပေါင်းသင့်၍ ဆရာနှင့်ပြန်ဆုံရ ပြန်သည်။ ဆရာက မူလတန်းပြဆရာမှ အဆင့်တိုးကာ ကျွန်တော်တို့ အထက်တန်းကျောင်းကြီးသို့ အလယ်တန်းပြဆရာအဖြစ် ရောက်လာသည်။ အလယ်တန်း၌ ဆရာအားသန်သည့် သင်္ချာ (၁) ခေါ် ရိုးရိုး သင်္ချာနှင့် သင်္ချာ (၂)ခေါ် အက္ခရာသင်္ချာ Algebra နှင့် ဂျီသြမေတြီ Geometry တို့ကို သင်ရလေသည်။

တက္ကသိုလ်ဝင်တန်းရောက်တော့ ကျွန်တော့်အသက်က ဆယ့်ခြောက်နှစ်ထဲတွင်ဖြစ်၏။ ကျွန်တော့်လို မိမဲ့ဖမဲ့တစ်ယောက်အတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ရေးသည်သာ ဘဝ၏ထွက်ရပ်လမ်းဟု ကျွန်တော် မြင်စပြုနေသည့်ကာလလည်းဖြစ်၏။

"ကဲ ဟော့ကောင်ရေ ဆယ်တန်းအောင်အောင် ကြိုးစားလိုက်စမ်းဟ"

ဟု ကိုယ့်ကိုယ်ကိုယ်မောင်းတင် အားပေးနေသည့်ကာလလည်း ဖြစ်၏။

ကျွန်တော်သည် ကျက်စာများကို မကြောက်သော်လည်း ငါးတန်းရောက်မှသင်ရသည့် အင်္ဂလိပ်စာနှင့် ဂျီသြမေတြီ အယ်ဂျီဘရာတို့ကိုတော့ အတော်လန့်၏။ သူတို့က ခွေမျိုးအရင်းတွေဟုတ်၊ တစ်ဝမ်းကွဲတွေ။ အသက်ကြီးမှတွေ့၍ အတော်စိမ်းနေ၏။ ဒါထက် ပိုရင်းနှီးအောင်လုပ်နိုင်မှ တက္ကသိုလ်ဝင်တန်းအောင်ပေမည်။

ထို့ကြောင့် ကျွန်တော်တို့အထက်တန်းကျောင်းကြီးသို့ အလယ်တန်းပြဆရာအဖြစ် ပြောင်းလာသည့် ဆရာဦးချစ်မောင်ထံ ပြန်ချဉ်းကပ်ရတော့၏။

"ဆရာရယ် ကျွန်တော့်ကို သင်္ချာတွေပြန်ပြီးပြပေးပါဦး။ အယ်ဂျီဘရာနဲ့ ဂျီသြမေတြီမှာ သိပ်မလိုက်နိုင်ဘူး။ ဒီနှစ်ဆယ်တန်းကို ကျွန်တော် နှစ်ချင်းပေါက် သိပ်အောင်ချင်ပါတယ်ဆရာ"

ကျွန်တော့်စကားကြားတော့ ဆရာက တစ်ချက်ပြုံးလိုက်၏။

"ဟိုတုန်းကလိုပဲ အိမ်ကို မင်းလာအိပ်လေကွာ၊ အချိန်ပိုဘာတော့ ညမှပဲသင်ပေးနိုင်မယ်ကွ"

ဤသို့သော ဆရာ့စကားကြောင့် ၁၉၆၀–ခုနှစ်၊ ဆောင်းတွင်းကာလ နှစ်လကျော်သုံးလခန့် ကျွန်တော်သည် သုံးမိုင်ခန့်ဝေးကွာသော ဆရာ့အိမ်သို့ နေ့စဉ်ခြေလျင်သွားပြီး ညအိပ်ကာ ကျွန်တော် အားနည်းနေသည့် သင်္ချာဘာသာရပ်များကို သင်ယူခဲ့ရပါသည်ခင်ဗျာ။

ဆရာက ညတွင် သင်္ချာများသင်ပေးရုံသာမဟုတ်။ နေ့စဉ် အိမ်စာများကိုလည်း ပေးတတ်၏။ ထို့အပြင် အောက်ပါသြဝါဒကိုလည်း ဆုံးမလေ၏။

"ဟော့ကောင်ရ အင်္ဂလိပ်စာတို့ သင်္ချာတို့ဆိုတာ အခက်ကြီးတွေကို စ,မသင်လိုက်နဲ့ မင်းစိတ်ညစ်သွားလိမ့်မယ်၊ အလွယ်ကစ,ရတယ်ကွ၊ မင်းကို ငါ အခုအိမ်စာပေးလိုက်တာ ရှစ်တန်းက သင်္ချာတွေ ရှာပေးလိုက်တာကွ၊ ဒါတွေကို မင်းကျွမ်းကျင်ပိုင်နိုင်ရင် ကိုးတန်း ဆယ်တန်း ကောင်းကောင်းဖြေနိုင်တယ်။ အခုဟာက မင်းရှစ်တန်းမှာ ဒါတွေမကျေခဲ့လို့ အခု ကိုးတန်း၊ ဆယ်တန်းမှာ ဒုက္ခရောက်နေတာ"



မြရတနာစာပေ
မြရတနာစာပေ
www.burmeseclassic.com

www.burmeseclassic.com



ဆရာသည် ထိုသို့ပြောဆိုကာ သချ်ာသုံးမျိုးအား တစ်လှည့်စီ တစ်နေ့အပုဒ်နှစ်ဆယ်၊ အစိတ်ခန့် အိမ်စာပေးပါလေတော့သည်။ ကျွန်တော့်မှာ ဆရာ့အိမ်စာများကြောင့် ဟိုဟိုသည်သည် ဘယ်မှမသွား နိုင်တော့။ တစ်ကိုယ်တော်လေလွင့်ခြင်းလည်း မလုပ်နိုင်တော့။

သို့ရာတွင် ဤသို့ နှစ်လသုံးလ ဆရာ၏ တွန်းတွန်းထိုးထိုးဖြင့် သင်ပေးလိုက်သောကျေးဇူးကြောင့် ၁၉၆၁–ခုနှစ်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီး၌ ကျွန်တော်သည် သချ်ာဘာသာရပ်များ၌ အမှတ်ကောင်း ကောင်းဖြင့် အောင်မြင်ခဲ့ပါသည်ခင်ဗျား။

❀

ဆယ်တန်းအောင်ပြီးတော့ ကျွန်တော် တက္ကသိုလ်ဆက်တက် သည်။ တက္ကသိုလ်မသွားမီ ဆရာ့ကိုသွား၍ကန်တော့၏။ သူ၏ ကျုံ့ကျုံ့လေး ထိုင်ကန်တော့သည့်အခါ ရှိမန်ကက်သလစ်ဂိုဏ်းဝင် ဆရာက ဗုဒ္ဓဘာသာဝင် ကျွန်တော့်အား–

''ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်ပါစေ၊ ပညာတတ်ကြီးဖြစ်ပါစေ''

ဟု ဗုဒ္ဓဘာသာဝင်တို့လို ဆုပေးလိုက်ရှာ၏။

သည့်နောက် တက္ကသိုလ်ရောက်ပြီး ကျွန်တော်နှင့်ဆရာတို့ ဝေးသွားရသည်။ ဘွဲ့ရပြီး တပ်ထဲဝင်လိုက်တော့ ပို၍ပို၍ဝေးသွားသည်။

၁၉၉၂–ခုနှစ်၌ ကျွန်တော် စစ်ကိုင်းပြောင်းရသည်။ ၁၉၉၃–၉၄ ခုနှစ်တွင် တာဝန်အရ ရွှေဘိုသို့ မကြာခဏသွားရသည်။ ထိုအခါ အခွင့်ကြုံ၍ ရွှေဦးရောက်ဖြစ်သည်။

ရွှေဦး ဒုတိယအခေါက်ရောက်သည့်နေ့က အတူလိုက်ပါလာ သည့် စစ်သည်များနှင့် မြို့ထိပ်ကထမင်းဆိုင်တွင် နေ့လယ်စာစားနေစဉ် ဆရာ စက်ဘီးစီးလာသည်ကို ရုတ်ခြည်းမြင်တွေ့လိုက်ရသဖြင့် ကမန်း ကတန်းလိုက်ခေါ်ပြီး နှုတ်ဆက်ရ၏။



ထိုအချိန်၌ ဆရာသည် အသက် (၇၀) ခန့် ရှိပြီ။ ပင်စင် ယူပြီးနောက် အိမ်တွင် သချ်ာအလွတ်ပညာသင်ကျောင်းလေး ဖွင့်ထား သည်ဆို၏။ ဆရာကား အရွယ်တော်တော်ကျသွားခဲ့ချေပြီ။ ကျွန်တော်က ဝမ်းသာအားရ စကားတွေပြောနေသော်လည်း ဆရာ့တွင် အရေးတကြီး ကိုယ်ရေးကိုယ်တာကိစ္စ ရှိနေပုံရ၏။ ထို့ကြောင့် စီးလာသောစက်ဘီးကို တန်းတပြင်ပြင်လုပ်နေသည်။ ကျွန်တော်ကလည်း အရေးကြီးကိစ္စရှိ၍ ထမင်းစားပြီးသည်နှင့် ရွှေဘိုသို့ အမြန်ပြန်ရမည်။ ကိုယ့်အကြောင်းနှင့် ကိုယ်မို့ ဆရာတပည့်နှစ်ယောက် စကားတွေဖောင်နေအောင် မပြောနိုင် ကြ။ အလွမ်းမသယ်နိုင်ကြ။ အမြန်တန်းဖြုတ်၍ ကိုယ့်ကိစ္စကိုယ်သာ ဆက်လုပ်ကြရသည်။

''စိတ်မကောင်းပါဘူး ဆရာရယ်''

ဆရာထွက်သွားတော့ စိတ်ထဲမှ တိုးတိုးတိတ်တိတ်ပြောလိုက် မိ၏။

သည့်နောက်တော့ ကျွန်တော်နှင့်ဆရာ ပြန်မတွေ့တော့ပါ။ ရွှေဦးသို့ နောက်ထပ်တစ်ခေါက်၊ နှစ်ခေါက် ရောက်သေးသော်လည်း အချိန် အကန့်အသတ်၊ အလုပ်အကန့်အသတ်ကြောင့် ဆရာ့အိမ်သို့ ကျွန်တော်မသွားနိုင်ခဲ့ပါ။ ယခုအချိန်တွင်တော့ ဆရာရှိသေးသလား။ ကွယ်လွန်ပြီလား ကျွန်တော်မသိပါ။

ဘယ်လိုပဲဖြစ်ဖြစ် ဆရာဦးချစ်မောင်သည် စတုတ္ထတန်း၌ ကျွန်တော် ပညာသင်ဆုစာမေးပွဲအောင်မြင်အောင် ဆောင်ရွက်ပေးခဲ့သူ၊ တက္ကသိုလ်ဝင်တန်း နှစ်ချင်းပေါက် ကျွန်တော်အောင်အောင် ဆောင်ရွက် ပေးခဲ့သူ၊ ကျွန်တော့်ဘဝ အလှည့်အပြောင်းအတွက် အရေးပါခဲ့သူ ဖြစ်ကြောင်းကိုကား ကျွန်တော် ရဲရဲဝံ့ဝံ့ပြောပါရစေခင်ဗျား။

(၂–၆–၂၀၀၆)

❀

www.burmeseclassic.com

www.burmeseclassic.com



**ဆရာ ဦးကိုကြီး**

ကျွန်တော့်ငယ်ဆရာများထဲ၌ အမှတ်တရဖော်ပြရန်ရှိသည်မှာ ဆရာဦးကိုကြီးပင်။

ဆရာနှင့်ကျွန်တော် စတွေ့တော့ ကျွန်တော် လေးတန်းအောင်ပြီး ငါးတန်းရောက်သည့်နှစ်။ ဆရာက ကျွန်တော်နေသည့် ငါးတန်း (F) အတန်းပိုင်ဆရာ။ သင်သည့်ဘာသာရပ်ကား အင်္ဂလိပ်စာ။ ကျွန်တော်တို့အတန်းမှာ ယောကျ်ားလေး၊ မိန်းကလေးရောထားသည့် အတန်းဖြစ်၍ ကျောင်းသား (၅၀) ကျော်ခန့်ရှိ၏။ ပဉ္စမတန်း စရောက်ရသည့် ကျွန်တော်အပါအဝင် ကျောင်းသား တော်တော်များများသည် အင်္ဂလိပ်စာကိုုတင် သင်ထားသူများမဟုတ်ကြ။ ထို့ကြောင့် ဆရာဦးကိုကြီးခမျာ အင်္ဂလိပ်စာဆို ဘာမှမသိသေးသည့် (A) ကိုလည်းဒေါက်ထင်နေသည့် ကျွန်တော်တို့ အင်္ဂလိပ်စာ Beginner များအား အင်္ဂလိပ်စာအရေးအဖတ်ကို မနက်ကျောင်းချိန်နှစ်ချိန်ခန့် လျှာထွက်အောင်သင်ရရှာသည်။

ကျောင်းဖွင့်ခါစ၌ ကျွန်တော်တို့သည် New Method Reader One ကို သင်ရသည်။ သို့ရာတွင် လအနည်းငယ်အကြာ၌ Oxford Reader One ကို ပြောင်းကိုင်ရ၏။ ဆရာဦးကိုကြီးသည် အင်္ဂလိပ်စာ အရေးအဖတ်ကို အဓိကထားသင်၏။ အင်္ဂလိပ်စာကို ဝါသနာပါ၍ တာဝန်ယူသင်သူလည်းဖြစ်၏။

''ဆရာဦးကိုကြီးတို့က ကုန်သည်မျိုးရိုးတွေ၊ ဝါသနာပါလို့ ကျောင်းဆရာဝင်လုပ်နေတာ''

ဟု ရွှေဘိုမှ ကျွန်တော့်အမျိုးများက တစ်ခါကပြောဖူးသည်ဟုတ်သည်။ ဆရာသည် ရွှေဘိုဇာတိ၊ ရွှေဘိုမင်းလမ်းမကြီးဘေးရှိ ပွဲစားကြီးဦးဘသစ်၊ ဒေါ်တင်မြင့်တို့၏မောင် ဖြစ်သည်။ ဦးဘသစ်၊ ဒေါ်တင်မြင့်တို့သည် ရွှေဘိုတွင် နာမည်ကြီးပွဲစားများဖြစ်ကြသည်။





ကသာ၊ ထီးချိုင့်၊ အင်းတော်တစ်ဝိုက်မှ ရေထွက်ကုန်ပစ္စည်းများကို ရေဝတီမြစ်ရိုးအတိုင်း သယ်ဆောင်၍ ကျောက်မြောင်းမှတစ်ဆင့် ရွှေဘိုသို့ မှာယူရောင်းချနေသည်။ ရေထွက်ကုန်ပစ္စည်းပွဲရုံလုပ်ငန်းကို ဆောင်ရွက်နေကြသူများဖြစ်၏။ ထိုပွဲရုံထွက်ပစ္စည်း ငါး၊ ငါးပိအမျိုးမျိုးကို ရွှေဘိုခရိုင်အတွင်းရှိ မြို့ရွာအသီးသီးသို့ ဖြန့်ချိရောင်းချလေသည်။ ကျွန်တော့်အရီး ဒေါ်သန်းသည်လည်း ရှေးဦးမှ ငါး၊ ငါးပိကုန်သည်တစ်ဦးဖြစ်သဖြင့် ဦးဘသစ်ပွဲရုံနှင့် မကင်းပါ။ လစဉ်လတိုင်း အဟောင်းပေး အသစ်ယူဖြင့် ဦးဘသစ်ပွဲရုံမှ ငါးပိကောင်ခြင်းများကို မှာယူရပါသည်။ ထို့ကြောင့် အရီးဒေါ်သန်းနှင့် ဦးဘသစ်၊ ဒေါ်တင်မြင့်တို့သည်လည်း ကောင်းစွာရင်းနှီးကြပါ၏။

''မင်းဆရာ ဦးကိုကြီးက လူချောကွယ့်။ ကျောင်းစာလည်း တော်တယ်။ သူက တို့လုပ်နေတဲ့ ငါးပိဆားပြားတွေလည်း ဝါသနာမပါဘူး၊ ရုပ်ကလေးကလည်း ခပ်ချောချော၊ သန့်သန့်ပြန့်ပြန့်ဆိုတော့ သူလုပ်ချင်တဲ့ ကျောင်းဆရာအလုပ်နဲ့ ကိုက်ပါတယ်''

ဟု အထက်ပါအတိုင်း ကျွန်တော့်အရီး ဒေါ်သန်းက ပြောသည်။

အရီးပြောလည်း ပြောလောက်စရာ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်ဆရာ ဦးကိုကြီးသည် ဗိုလ်အောင်ဒင်ဇာတ်ကားထဲမှ မင်းသားကြီးခင်မောင်ရင်ကဲ့သို့ ရုပ်ချောသူဖြစ်၏။ အသားဖြူဖြူ၊ မျက်လုံးမျက်ခုံးကောင်းကောင်း၊ မဟာနဖူးနှင့် အရပ်အမောင်းကလည်း ကောင်းပေသည်။ ဆရာသည် လူပျိုဘဝက ရွှေဘိုသူပျိုဖြူချောတွေ ဝိုင်းဝိုင်းလည်နေကြသည့်ကြားမှ မျက်စိလည်လမ်းမှား၍ ကျွန်တော်တို့ ရှေးဦးသူနှင့် အိမ်ထောင်လာကျသည်။ ဆရာရုပ်ချောသလောက် ဆရာကတော် ဒေါ်သိန်းကြွယ်မှာ အသားညိုညို၊ ဝဝတုတ်တုတ်ဖြင့် ဆရာ့လို ကြည့်၍မကောင်းပါ။ ထိုကိစ္စနှင့်ပတ်သက်ပြီး ကွယ်လွန်သူ ကျွန်တော့် အဒေါ်ဒေါ်ခင်ရီက ဆရာတို့ဇနီးမောင်နှံကိုကြည့်ပြီး–



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမရုပ်ဆိုးဆိုးတွေက ယောကျ်ားချောချောလည်း ရတတ်တာပဲနော်"

ဟု ဆရာ့အတွက် ကရုဏာသက်သလို ပြောခဲ့ဖူး၏။

ဈေးရောင်းဝါသနာမပါသောဆရာသည် ရတော့ ရေဦးက ဈေးသည်နှင့်ရသည်။ ဆရာကတော် ဒေါ်သိန်းကြွယ်သည် ရေဦး တရုတ်တန်းမှ နာမည်ကြီး ကုန်သည်ကြီးဦးတုံ၊ ဒေါ်အေးညွန့်တို့၏ တစ်ဦးတည်းသောသမီးဖြစ်၏။ ဈေးသည်ကို ယူထားသော်လည်း ဆရာသည် ဈေးဆိုင်သို့ကား ခဏခဏလာလေ့လာထမရှိ။ တစ်လ တစ်ခေါက်လောက်သာ ရောက်တတ်၏။ ဆရာတို့ဆိုင်နှင့် ကျွန်တော်တို့ဆိုင် ဖင်ချင်းပေါက်ကပ်နေ၍ ဆိုင်သို့ ဆရာဝင်ထွက်သွားလာခြင်း ရှိမရှိကို ကျွန်တော်သိနေပါသည်။

ဆရာသည် စာသင်ကြားရာ၌ အလွန်တက်ကြွ၏။ အပင်ပန်းလည်းခံ၏။ စတုတ္ထတန်းတွင် စနေကောလားရှစ်အောင်လာသော ကျွန်တော်သည် ယခုမှစသင်ရသည့် အင်္ဂလိပ်စာကြောင့် ဆရာ့အတန်း၌ ကျောင်းဖွင့်စမှာ အဆင့်မကောင်းပါ။ အင်္ဂလိပ်စာမှလွဲ၍ ကျန်ဘာသာရပ်များ၌ သာမန်အထက်ဖြစ်သော ကျွန်တော့်အား ဆရာကသတိပြုမိလာ၏။ အစမ်းစာမေးပွဲများ၌ အမှတ်ပေါင်းသောအခါ ကျွန်တော်သည် အတန်းထဲ၌ နံပါတ် (၃) လောက်ရှိနေသည်။ မျက်မှန်းတန်းမိလာချိန်၌ ဆရာက–

"သောင်းဝေလေး၊ အင်္ဂလိပ်စာ ကြိုးစားဟေ့"

ဟု ပြောတတ်သည်။

၁၉၅၇–ခုနှစ်တွင် ကျွန်တော်၏ အစ်မ မသိန်းကြည်နှင့် အရီးတို့ ဈေးထဲပြောင်းနေကြသည်။ ဆရာ့အိမ်က ဈေးအနောက်ဘက်တွင် ရှိသည်၊ အင်္ဂလိပ်စာညံ့သော ကျွန်တော့်အား ဆရာက သူ့အိမ်ခေါ်၍ အင်္ဂလိပ်စာသင်ပေး၏။ ဆရာက စေတနာဖြင့်အလကားမတ်တင်း အင်္ဂလိပ်စာခေါ်သင်ပေးသော်လည်း ဈေးကြမ်းပိုးဖြစ်စ ကျွန်တော်သည်



အကာစားမက်ပြီး ပေတေလေလွင့်ချင်သောစိတ် များနေ၏။ ထို့ကြောင့် ဆရာ၏ အခမဲ့အင်္ဂလိပ်စာသင်တန်းသို့ ပုံမှန်မသွားဖြစ်တော့ပါခင်ဗျာ။

ငါးတန်းအောင်၍ ခြောက်တန်းရောက်တော့ ဆရာနှင့်ဝေးသွား၏။ ထို့မှသည် တက္ကသိုလ်ဝင်တန်း ရောက်သည်အထိ ဆရာနှင့် စာမသင်ဖြစ်တော့။ တဖြည်းဖြည်း ဝေး၍ဝေး၍သာ သွားခဲ့ပါတော့သည်။

ဆရာနှင့် ဘယ်မှာမှပြန်မဆုံတော့ပါ။ ဆုံမယ့်ဆုံတော့လည်း အနှစ်လေးဆယ်ကျော်ကြာမှ ပြန်ဆုံရ၏။

၁၉၉၇–ခုနှစ် ရန်ကုန်၏ နေ့တစ်နေ့။

"အဘ အသားဖြူဖြူလူကြီးတစ်ယောက်က အဘနဲ့တွေ့ချင်လို့တဲ့၊ အဘဆရာလို့ပြောပါတယ်"

"ဘယ်သူတဲ့လဲ၊ နာမည်မေးပါဦးကွာ"

"ရေဦးက ဆရာဦးကိုကြီးတဲ့"

"ဟေ၊ ဟုတ်လား"

ဆရာဦးကိုကြီးဆိုပါလား။ မယာစဖူး အလာထူးပြီး ဘာများပါလိမ့်။

ကျွန်တော် ရန်ကုန်ရောက်ပြီးကတည်းက ရေဦးသူ ရေဦးသားများ မကြာခဏ ကျွန်တော့်ရုံးခန်းသို့ရောက်လာတတ်သည်။ ဟိုကိစ္စ သည်ကိစ္စ အကူအညီတောင်းတတ်ကြ၏။ ကျွန်တော်ကလည်း လိုလိုချင်ချင်လုပ်ပေးနေကျ။ ယခုလည်း မမျှော်လင့်ဘဲနှင့် ကျွန်တော့်ဆရာ ရောက်လာသည်။ ဆရာသည် ငယ်စဉ်က သူ့အတန်းတွင် ရှေ့ဆုံးတန်းမှ ထိုင်သည့် ကျွန်တော့်ကိုဂရုစိုက်၏။ စကောလားရှစ်အောင်ထားသော ကျွန်တော့်အား စာတော်သည်ဟုယူဆထားသည်ထင်၏။ ဆရာက တစ်ခါမျှမရိုက်ဘူးခဲ့။ မူလတန်းကျောင်းသားဘဝက မျက်နှာမွဲမို့ ကျွန်တော် ခဏခဏအရိုက်ခံခဲ့ရသည်။ စာတော်သော်လည်း အရိုက်

www.burmeseclassic.com

www.burmeseclassic.com



မလွတ်ခဲ့ပါ။ ဆရာ့အတန်းသို့ ကျွန်တော်ရောက်သောအခါ အရိုက်လွတ်သည်။ ဆရာက မျက်နှာမွဲရယ်၊ ဘာရယ်မဟုတ်။ စာတော်သူကို ချစ်၍ စာမကြိုးစားသူကို ကြိုးစားအောင်နှိပ်ကွပ်တတ်၏။

ကျွန်တော်တို့အတန်းထဲ၌ လမ်းဗိုလ်ဦးဂါစီ၏သား သန်းအောင်သည် အသက်ဆယ့်သုံးနှစ် ဆယ့်လေးနှစ် လူပျိုပေါက်အရွယ်မှ ငါးတန်းရောက်၏။ လူကထွားထွားကျိုင်းကျိုင်းလည်းဖြစ်၏။ လူပျိုပေါက်မို့ ရှုံးစမုံး အပြည့်နှင့် ကျောင်းလာသော်လည်း စာမကြိုးစား။ မေးလိုက်တိုင်း စာမရ။ တစ်ခါသော် ဆရာဦးကိုကြီးမှ ဒေါသပေါက်ကွဲ၍ သန်းအောင်အား ကျောင်းသုံးသစ်သားပေတံနှင့် လေးငါးဆယ်ချက် ဆင့်ကာ ဆင့်ကာ ရိုက်လေတော့သည်။

ပြဿနာက အိမ်စာမလုပ်ခဲ့သည့်ကိစ္စက စသည်။ ဆရာက–

''ဟေ့ကောင် သန်းအောင်၊ မင်း ဘာကြောင့် အိမ်စာမလုပ်ခဲ့သလဲ''

ဒေါ်သန်းရင်ကျောင်း၌ ကျွန်တော်နှင့်သန်းအောင် တစ်တန်းတည်း အတူနေခဲ့ရဖူး၏။ ထိုစဉ်က ယခုလိုအမူအကျင့်မျိုး သူ မကြာခဏလုပ်သည်။ သို့ရာတွင် သူ့အဖေ လမ်းဗိုလ်ကြီးဦးဂါစီမျက်နှာကြောင့် သူဘာမှမဖြစ်ခဲ့။ ယခုတော့ ဆရာဦးကိုကြီးနှင့် လာတွေ့နေပေပြီ။ ဆရာက ဆင်းရဲဆင်းရဲ၊ ချမ်းသာချမ်းသာ မျက်နှာမလိုက်တတ်။ စာကြိုးစားမှု ရှိ မရှိ၊ စာတော် မတော်သာကြည့်သူ။

''မလုပ်ချင်လို့''

''ဘာကွ၊ မလုပ်ချင်လို့ ဟုတ်လား''

''ဟုတ်တယ်၊ မလုပ်ချင်လို့''

သန်းအောင်သည် အိမ်စာ မကြာခဏပျက်ကွက်တတ်ရာ ဒီတစ်ခါတော့ ဆရာက မပျက်မကွက်လုပ်ရန် မှာလိုက်သည်။ သန်းအောင်က မလုပ်ခဲ့။ မလုပ်ရုံသာမက သူမျက်စိကျနေသော ရွှေရွှေတို့ ဆွေဆွေတို့ရှေ့ အဆူခံရ၍ထင်သည်။ သန်းအောင်က လက်သီး





ဆုပ်လိုက်သည်။ ရွှေရွှေ၊ ဆွေဆွေ၊ မြင့်မြင့်တို့ကား ကျွန်တော်တို့အတန်းက လှလှပပ အပျိုပေါက်ကလေးတွေ။ သန်းအောင်က သူတို့အစ်တွေအား ရှုံးကောင်းကောင်းဝတ်စားပြီး ခပ်ချိတ်တိတ်တိတ် သုပ်နေသည်။

သန်းအောင်က လက်သီးဆုပ်၍ ခံတန်တန်လုပ်သော အမူအရာကို မြင်သွားသည့်ဆရာက–

''ဟေ့ကောင်၊ မင်း ဒါဘာလုပ်တာလဲ''

ဟုဆိုပြီး ဆင့်ကာဆင့်ကာရိုက်ခြင်း ဖြစ်ပါတော့သည်။

ကျွန်တော်က ဆရာ့အကြောင်း အတွေးစဉ်မျှင်တန်းကို ဖြတ်၍ ဆရာ့ကို ခေါ်နိုင်းလိုက်၏။

''ဟေ့ကောင် သောင်းဝေ''

ငယ်မူငယ်သွေးမပျောက်သေးသည့် လှိုက်လှဲနွေးထွေးသော အသံ၊ အပြုံးတို့ဖြင့် ကျွန်တော့်ကို ဝမ်းသာအားရ ဆရာကစပြီး နှုတ်ဆက်၏။

ဆရာကား အသက်ရစ်ဆယ်ကျော်ပေပြီ။ သို့ရာတွင် ဖြူဖြူနုနုဖြင့် ကျန်းမာရေးကောင်းတုန်း။ သွက်လက်ဖျတ်လတ်တုန်း။

''ထိုင်ဆရာ၊ ဘယ်ကနေဘယ်လို သတင်းကြားပြီး ရောက်လာတာလဲ''

''ငါ ရန်ကုန်ရောက်နေတာကွ၊ ဒီကို အပြီးပြောင်းခဲ့ပြီ''

''ဆရာကတော်နဲ့ ကလေးတွေရော''

''မသိန်း ဆုံးတာကြာပြီကွ၊ သမီးကြီးမပြုံးက အပျိုကြီး။ သူ့အလုပ်နဲ့သူ ဟိုပြောင်း ဒီပြောင်းသွားနေရတာ။ အငယ်လေးတွေကလည်း သူ့အိမ်ထောင်နဲ့သူကွ၊ ငါက ဒီမှာ ငါ့အစီအစဉ်နဲ့ ငါ လာနေတာကွ''

''ဟုတ်လား ဆရာ''

ကျွန်တော်သည် ဆရာ့အား အသေအချာကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



သပ်သပ်ရပ်ရပ်ဝတ်စားပြီး လွန်ခဲ့သည့်အနှစ်လေးငါးဆယ်က ကဲ့သို့ပင်။ တစ်ခုထူးတာကတော့ အရွယ်ကြောင့် လူကြီးပုံပေါက်၍ ငယ်စဉ်ကလောက် တောင့်တောင့်တင်းတင်းမရှိတော့တာတစ်ခုပါပဲ။

"ကျွန်တော် ဘာလုပ်ပေးရမလဲဆရာ၊ ဘာများရှိလဲ"

"မင်းကို သိပ်တွေ့ချင်တာ အဓိကပါကွာ၊ ငါ့တပည့်တွေထဲမှာ ထွန်းထွန်းပေါက်ပေါက် ဖြစ်ကြတဲ့သူတွေကိုတွေ့တော့ မုဒိတာပွားပြီး ဂုဏ်ယူတယ်ကွ။ မင်းတို့ ဘခင်တို့ ဘိုကြည်တို့ဆိုတာ တပည့်ရင်းတွေလေ"

"ဟုတ်ကဲ့ပါ ဆရာ"

"ကျောင်းမှာလည်း မင်းတို့အကြောင်း ကျန်တဲ့ကလေးတွေကို ငါ ခဏခဏပြောဖူးတယ်ကွ။ မင်းနဲ့ ဘိုကြည် တပ်မတော်ထဲဝင်သွားတဲ့အကြောင်း၊ အထူးသဖြင့် ခရီးခယိုင် ပျော့တိပျော့ဖပ်ကလေးနဲ့ စစ်သားလုပ်သွားတဲ့ မင်းအကြောင်းကို နည်းနည်းပိုပြောဖြစ်တယ်၊ မင်းနဲ့ကလည်း ဆိုင်နီးချင်းဖြစ်ခဲ့သေးတာကိုးကွ"

"ဟုတ်ကဲ့ပါ ဆရာ"

"မင်းနဲ့တွေ့ရတာ ဝမ်းသာတယ်ကွာ၊ ငယ်ငယ်ကလို ပိန်ပိန်ကလေးမဟုတ်တော့ဘဲ အခုလို ဝဝဖြိုးဖြိုး၊ သားသားနားနားမြင်ရတော့ ဂုဏ်ယူတာထက် ဝမ်းသာတာက ပိုတယ်ကွ"

"ယုံကြည်ပါတယ် ဆရာ"

"ဩော် အေး၊ အခု ရန်ကုန်ရောက်တော့ ငါ လုပ်ချင်တာ တစ်ခု ရှိတယ်ကွ"

"ဘာပါလိမ့် ဆရာ"

"အဲဒါကတော့ တို့ရန်ကုန်မှာရှိတဲ့ရှေးအသင်းက ပျက်သလောက်ဖြစ်နေပြီ။ အဲဒါ ငါ အခုပြန်ပြီး ဖွဲ့စည်းချင်လို့ကွ။ ဟိုဟိုသည်သည် သွားပြီး လှုပ်ရှားနေတယ်။ ရန်ကုန်ရောက်နေတဲ့ ရှေးသားတွေနဲ့ ပြန်ဆက်သွယ်နေတယ်။ မင်းလည်း တတ်နိုင်တာ ကူညီကွာ"





"ကူညီပါ့မယ် ဆရာ"

ထိုနေ့က ဆရာသည် စကားတွေဖောင်လောက်အောင်ပြောပြီး နှုတ်ဆက်ကာ ထွက်ခွာသွား၏။ မသွားမီ ရှေးဆရာကန်တော့ပွဲကို သွားဦးမည့်အကြောင်းပြောသဖြင့် အလှူငွေများပါ ထည့်ဝင်လိုက်၏။ ရှေးအထက်တန်းကျောင်းက တက္ကသိုလ်ဝင်တန်းအောင်လာသူဖြစ်၍ ရှေးအထက်တန်းကျောင်းကြီးအတွက် တစ်တပ်တစ်အား ပါဝင်ကူညီပါလိမ့်မည်။ ထို့ပြင် ဆရာတွေ၊ ဆရာမတွေကိုလည်း ကန်တော့ရပါသည်။ အာစရိယဂုဏော အနန္တောပေပဲ။

ဤသို့ဖြင့် ငယ်ဆရာ၊ ဆရာဦးကိုကြီးနှင့် ပထမအကြိမ် ပြန်လည် တွေ့ဆုံခဲ့ရပါသည်။

ဆရာနှင့် ရုံးတွင် နောက်ထပ်သုံးလေးကြိမ် ထပ်ဆုံပြန်၏။ စကားများများ မပြောနိုင်ပါ။ ကျွန်တော့်အလုပ်က အလွန်ဗာဟီရ များသည်။ဧည့်သည်များကလည်း များလှ၏။ ဆရာလာတိုင်း ဧည့်ခန်း၌ ဧည့်သည် အများအပြားကိုတွေ့သွားသည်။

"မင်း ရုံးခန်းကလည်း ဧည့်သည်များလှချည်လားကွာ"

"ဒီလိုပါပဲ ဆရာရယ်၊ အလုပ်ကိုက အများနှင့်ဆိုင်တဲ့အလုပ် ဆိုတော့ အများအားလုံးကို လက်ခံတွေ့ရတော့တာပါပဲ။ လာတဲ့သူတွေကလည်း ကျွန်တော်နဲ့တွေ့ပြီး သူတို့ဖြစ်ချင်တာ၊ လိုအပ်တာ၊ ခံစားနေရတာတွေကို ပြောပြတာပါပဲ။ လုပ်ပေးနိုင်တာ မလုပ်ပေးနိုင်တာ ရှိတာ။ သူတို့ပြောတာတွေကို နားလည်စာနာပြီးတော့ နားထောင်ပေးရတာပဲ ဆရာရေ့"

"အင်း၊ မင်းလည်း လူကြီးဖြစ်နေပြီ"

ဆရာ့စကားကြောင့် ကျွန်တော် ပြုံးရ၏။ ဆရာက ကျွန်တော့်ဆီ ရောက်လာတိုင်း ၁၉၅၅–ခုနှစ်က ပဉ္စမတန်း (F) တွင် ရှေ့ဆုံးတန်းမှ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသည့် အလယ်တန်းကျောင်းသားပေါက်စလေး မောင်သောင်းဝေ ကိုပင် မြင်နေဟန်တူသည်။

ထို့ကြောင့်ထင်၏။

"မင်း နေကောင်းအောင်နေနော်၊ ဟိုဟိုသည်သည်တွေရော လျှောက်သွားသေးလား၊ အရက်တွေရော သောက်တတ်နေပြီလား"

စသည်ဖြင့် ရောက်လာတိုင်း ကျောင်းသားငယ်တစ်ယောက် အား မေးသလိုမေးတတ်၏။

တကယ်တော့ ဆရာ့တပည့်မောင်သောင်းဝေသည် ၁၉၉၇-ခုနှစ်၊ ဆရာနှင့် ပြန်တွေ့သည့်အချိန်၌ အသက်ငါးဆယ်ကိုပင် အတော်ကျော် သွားခဲ့ပါပြီ။ ဘဝတွင် အဖြစ်အပျက်အမျိုးစုံကိုကြုံခဲ့ပါပြီ။ မြန်မာနိုင်ငံ အရပ်ရပ်ကိုရောက်ခဲ့ပါပြီ။ ကမ္ဘာ့နိုင်ငံအချို့ကိုပင် လေးငါးခေါက် ရောက်ခဲ့ပြီးပါပြီ။ ဇနီးမယား၊ သမီးသားသာမက သူတို့ ပေါက်ဖွားလာသော အစွယ်အပွားများကိုပင် ထိန်းသိမ်းစောင့်ရှောက်နေ သူ ဖြစ်နေပါပြီ။

သို့ရာတွင် ဆရာက သူ့တပည့်ကို ကျောင်းသားငယ်ကလေး ဟုပင် ထင်နေဆဲ။

၁၉၉၈-ခုနှစ်တွင်တော့ ကျွန်တော်သည် ရန်ကုန်မြို့ကြီးပေါ်တွင် တာဝန်ထမ်းဆောင်နေရာမှ တောသို့ဆင်းရသည်။ တောတွင် လေးငါး ခြောက်နှစ်ကြာသွား၏။ ရန်ကုန်တွင်ရုံးမှန်မှန်မတက်နိုင်တော့။ တစ်ပတ် တစ်ရက်လောက်သာ ရောက်တော့၏။

ကျွန်တော်မရှိသည့်ရက်များ၌ ဆရာရောက်လာသေးသည် မတွေ့၍ ပြန်ပြန်သွားသည်ဟု ဆို၏။ ဘာမှလည်း မမှာခဲ့ပါ။ လူချင်း တွေ့ချင်၍သာ လာသည်ဟုဆို၏။ ဆရာ့အတွက် အသက်ကြီးလာသော် အပေါင်းအသင်းကလည်း နည်းသွားထင်၏။ ရန်ကုန်တွင် ဆရာ့အတွက် စကားပြောရမည့်အဖော်လည်း များများစားစားရှိဟန်မတူပါ။ ထို့ကြောင့် ရန်ကုန်မှာ ကျွန်တော်ရှိစဉ်က ကျွန်တော့်ထံ တစ်နှစ်၊ နှစ်နှစ်အတွင်း



သုံးလေးကြိမ်ရောက်လာခြင်းဖြစ်ပါလိမ့်မည်။ တွေ့လျှင်လည်း ဆရာ ကချည်း ပြောတာများ၍ ကျွန်တော်ကနားထောင်သမားသာ။

နောက်ဆုံးအခေါက်တွေ့ကြစဉ်က ရှေးဖြစ်ဟောင်းများ ပြန်ပြောင်း ပြောဖြစ်၏။ ရှေးဦးတွင် အချိန်ပိုသင်ပေးသည့် အင်္ဂလိပ်စာ လေ့ကျင့်ခန်း၌ ကျွန်တော်နှင့်တစ်တန်းကြီးသည့် ကိုဘခင်တို့အား အင်္ဂလိပ်စာ Fill in the blanks ကွက်လပ်ဖြည့်သင်ခန်းစာကို ဆောင်ရွက် ကြပုံအား သတိတရ ဆရာမှပြောပြ၏။

"အဲဒီတုန်းက ငါက မင်းနဲ့ဘခင်ကို Fill in the blanks မှာ ဆရာတက်တိုးရဲ့ Student Review ထဲက Beside နဲ့ Besides နှစ်လုံးကို ထည့်ခိုင်းလိုက်တာကွ။ တစ်တန်းကြီးတဲ့ဘခင်က ကွက်လပ်နှစ်ဆယ် အစိတ်ဖြည့်တာ လေးငါးလုံးမှားပြီး မင်းက အကုန်မှန်တာကို မှတ်မိ နေတယ်"

ထိုကိစ္စကို ကျွန်တော်လည်း သတိရပါသည်။ ကိုဘခင်က ဆရာ့အိမ်တွင် ဝိုင်းလုပ်ဝိုင်းစားနေပြီး ရှေးဦးအထက်တန်းကျောင်းကြီး အား လာတက်နေသူဖြစ်၏။ သူက ကျွန်တော့်ထက် တစ်တန်းကြီးပေ သည်။ အမှန်မှာ ထိုနေ့က အင်္ဂလိပ်စာလေ့ကျင့်ခန်းသည် ကိုဘခင် အတွက် လုပ်ထားခြင်းဖြစ်၏။ ဆရာ့ထံတွင် ညလာပြီးစာသင်နေသူက ကိုဘခင်နှင့်ကျွန်တော် နှစ်ယောက်သာရှိနေ၍ ဆရာက-

"ဘခင် အခုလုပ်မယ့် fill in the blanks ကို သောင်းဝေလည်း လုပ်ကြည့် ဖြည့်ကြည့်ကွာ"

ဟု ခိုင်းလိုက်ခြင်းဖြစ်၏။

Beside နှင့် Besides အင်္ဂလိပ်စာလုံးနှစ်လုံးအား ကွက်လပ် ဖြည့်ရာတွင် ကျွန်တော်သည် သိပ်ပြီးဘာမှသိ၍ မဟုတ်ပါ။

Beside ကို ဘေးမှာ၊ အနီးအပါးမှာဟုသာ နားလည်ထားပါ သည်။ ထို့ကြောင့် ဘေးမှာ အနားမှာရှိသည်။ နေရာညီဟူသော စာကြောင်းမျိုး တွေ့သည့်အခါ Beside ကိုဖြည့်လိုက်၏။ နောက်

www.burmeseclassic.com

www.burmeseclassic.com



Besides မှာ ထို့ပြင်၊ ဒါ့အပြင် ထိုမှတစ်ပါးဟု အဓိပ္ပာယ်ရသည်။ စာကြောင်းနှစ်ခုကို ဆက်သည့်စာကြောင်းမျိုး၌ ထို့ပြင် ဒါ့အပြင် အဓိပ္ပာယ်ရသည့် Besides အား ဖြည့်လိုက်ပါသည်။ ဘာမှတော့ သိပ်နက်နက်နဲနဲ မစဉ်းစားလိုက်ပါ။ ကလေးတွေးတွေး၍ ဖြည့်လိုက်ခြင်းသာ။

သို့ရာတွင် ကျွန်တော်၏ ခပ်လွယ်လွယ်ကလေးတွေးက အကုန်မှန်ပြီး အလေးအနက်တွေးပြီးဖြည့်သည့် ကိုဘခင်က လေးငါးလုံးမှားသွား၏။ ရယ်တော့ရယ်ရပါသည်။

ကိုဘခင်နှင့် ကျွန်တော်သည် တက္ကသိုလ်ဝင်တန်းကို တစ်နှစ်ကွာပြီး ရှေ့ဆင့်နောက်ဆင့်အောင်ကြ၏။ တက္ကသိုလ်တက်တော့လည်း ရန်ကုန်တက္ကသိုလ်ကို တစ်နှစ်ကွာ၍ရောက်သည်။ သူသည် တက္ကသိုလ် အမှုထမ်းရိပ်သာ၌နေသည့် သူ့ဦးလေးအိမ်မှ တက္ကသိုလ်တက်သည်။ စစ်သားလုပ်ရန် စိတ်အားထက်သန်လှသဖြင့် တက္ကသိုလ်အရန်တပ်ရင်းသို့ဝင်သည်။ သုံးလေးနှစ် တပ်မတော်ယူနီဖောင်းကြီးဝတ်ပြီး မကြာခဏကျောင်းတက်လေ့ရှိသည်။ နွေမှာ Camp တွေဘာတွေ လိုက်သည်။

"ကျောင်းပြီးရင် တပ်ထဲဝင်မယ်ကွာ"

ဟုလည်း လူချင်းဆုံတိုင်း မကြာခဏပြောတတ်သည်။

သူက ထိုကဲ့သို့ကြွေးကြော်နေချိန်၌ ကျွန်တော်က စစ်တပ်ဆိုဝေးဝေးရှောင်နေသည့်ကာလ။ သေနတ်မြင်ရင် လန့်နေသူ။

ကျောင်းပြီးတော့ ကိုဘခင်သည် အကြောင်းအမျိုးမျိုးဖြင့် တပ်မတော်ထဲ မဝင်ဖြစ်တော့ဘဲ နယ်ဘက်အုပ်ချုပ်ရေး အဖွဲ့အစည်းတစ်ခု၌ အရာရှိဖြစ်သွားတော့၏။

စစ်တပ်ဆို ဝေးဝေးရှောင်ခဲ့သည့် ကျွန်တော်သည်သာ စစ်သားဖြစ်လေတော့သည်။





လောက၌ ကြံသော်လည်း မဖြစ်။ မကြံသော်လည်း ဖြစ်တတ်၏ ဆိုသည့်သာဓကကို ကိုဘခင်နှင့်ကျွန်တော့်အဖြစ်အပျက်ကို နမူနာယူကြလျှင်ရပါ၏။

ထိုကိစ္စကိုလည်း ဆရာနှင့်ပြောဖြစ်တော့–

"အေးကွ၊ ဘခင်က ရှေဦးမှာကတည်းက စစ်သားလုပ်ချင်ကြောင်းပြောဖူးတယ်။ သူက လူကလည်း ထောင်ထောင်မောင်းမောင်း တောင့်တောင့်တင်းတင်းဆိုတော့ တို့က ဖြစ်မယ်ထင်ထားပြီးသား။ မင်းကိုတော့ ခရီးခယိုင်လေးဆိုတော့ မထင်ဘူးကွ။ မင်းတပ်ထဲဝင်တယ် ကြားတော့ အံ့ဩနေကြတာ။ ဖြစ်မှဖြစ်ပါ့မလားဆိုပြီးလည်း ဒါက စိုးရိမ်နေတာ။ မင်းထက်စာရင် ဘိုကြည်ကမှဟုတ်သေးတယ်"

ဆရာက အထက်ပါအတိုင်း ဆိုခဲ့၏။

"သူ့အကြောင်းနဲ့ သူပေါ့ဆရာရယ်"

ဟု ပြန်ပြောဖြစ်ခဲ့ပါသည်။

၁၉၉၈ နောက်ပိုင်း၌ ကျွန်တော် တောသို့ဆင်းပြီး တာဝန်ထမ်းဆောင်ရသဖြင့် ဆရာနှင့် လုံးဝမတွေ့ဖြစ်တော့ပါခင်ဗျား။

✿

မကြာသေးမီနှစ်အနည်းငယ်က ကျွန်တော် တာဝန်မှအနားယူခဲ့သည်။ အိမ်မှာနေ၍ ဝါသနာပါရာစာပေလုပ်ငန်းများနှင့် ပျော်မွေ့နေ၏။ ဂေါက်ကွင်းတွင် သူငယ်ချင်းပင်စင်စားများနှင့် တစ်လတစ်ခါတွေ့သည်မှလွဲပြီး မည်သူနှင့်မှ သိပ်မတွေ့ဖြစ်။ တယ်လီဖုန်းတွေ ဘာတွေလည်း ဘယ်မှမဆက်ဖြစ်။ ဘယ်သူကမှလည်း ကျွန်တော့်ထံ ဖုန်းမဆက်ကြ။

တစ်ရက်နေ့လယ်ခင်း စာရေးနေစဉ် ဖုန်းလာသည်။ သမီး အလတ်က နားထောင်၏။

"ဆရာ ဦးကိုကြီးတဲ့ ပါးပါးနဲ့ ပြောချင်လို့တဲ့ ပါးပါး ရှိသလားတဲ့" —



www.burmeseclassic.com

www.burmeseclassic.com



"ဟော၊ ဒါဆို ပေးပေး"

"ဟဲလို၊ ပြောပါခင်ဗျာ"

"သောင်းဝေလားဟေ့၊ ငါ ဆရာဦးကိုကြီးပါကွ"

"ဟုတ်ကဲ့ပါဆရာ၊ ပြောပါ"

"ငါ တောင်ဥက္ကလာရောက်နေတယ်ကွ၊ အခု မင်းအိမ်နဲ့ သိပ်မဝေးတော့ဘူး၊ မင်းဆီလာခဲ့ချင်တယ်"

"ဟာ၊ လာပါဆရာ လာခဲ့ပါ"

ခဏအကြာတွင် ဆရာနှင့် သမီးကြီးမပြုံးတို့ ဆလွန်းကားအဖြူလေးတစ်စီးဖြင့် ရောက်လာ၏။ လူချင်းတွေ့တော့ ထုံးစံအတိုင်း ဆရာက စကားတွေ အများကြီးပြော၏။

"မင်း ပင်စင်ယူသွားတာ မသိဘူးကွ၊ နောက်မှ သိတယ်"

"ဒီအိမ်ကိုရော ဘယ်သူပြောလို့ သိသလဲ ဆရာ"

"မင်းထုတ်တဲ့ စစ်သွေးမဂ္ဂဇင်းမှာ လိပ်စာတွေ့လို့ကွ၊ မင်းမဂ္ဂဇင်း ဆိုတော့ ဝယ်ပြီးအားပေးရတာပေါ့ကွာ။ ရှေးဦးအသင်းက မင်းမဂ္ဂဇင်းထုတ်ကြောင်းပြောလို့ ငါ သိတာကွ။ အဲဒါနဲ့ ရှာပြီးဝယ်ဖတ်တယ်။ လိပ်စာတွေ့တော့ အခု တောင်ဥက္ကလာပ အသိတစ်ယောက်အိမ်လာရင်း မင်းဆီ ဝင်လာတာကွ"

"ကျေးဇူးတင်ပါတယ် ဆရာ"

ဆရာက ဘာရယ်မဟုတ်၊ တပည့်ထံ သတိရ၍ ဝင်လာခြင်းသာ ဖြစ်၏။ အရင်ကလိုပင် စကားတွေအများကြီးပြောကာ ကျွန်တော့်ကို ကလေးငယ်လေးလိုပင် ကြည့်၏။ မြင်၏။ ပြော၏။ ထို့ကြောင့် ဝမ်းသာမိ၏။

ဆရာကသာ ကျွန်တော့်ကို ကလေးလိုထင်နေတာ။ ကျွန်တော့် အသက်ကား ခြောက်ဆယ်ပင်ကျော်ခဲ့ချေပြီ။

"ငါ ရှေးဦးအသင်း ပြန်ဖွဲ့စည်းပြီးပြီကွ၊ မင်းလည်း အသင်း ဝင်ကွာ"





ဝင်ပါ့မယ်ဟု ပြောလိုက်ရ၏။

ဆရာ့သမီးမပြုံးက အပျိုကြီးဘဝနှင့် နိုင်ငံ့တာဝန် ထမ်းဆောင်ရင်း မြန်မာနိုင်ငံမြောက်ဖျား ရောက်နေသည်။ ယခု ယာယီတာဝန်ဖြင့် ရန်ကုန်လာသည်။

"အဖေက ကြုံတုန်း တောင်ဥက္ကလာသွားရအောင်၊ သောင်းဝေဆီ ဝင်ရအောင်"

ဟု ပြောသဖြင့် ပါလာသည်ဆို၏။

ကျေးဇူးတင်ပါတယ် ဆရာ။

စကားတွေဖောင်လောက်အောင်ပြောပြီး ဆရာပြန်သွား၏။

"ဟေ့ကောင်ရေ၊ အဆက်အသွယ်တော့မပြတ်စေနဲ့ကွာ၊ ကျန်းမာရေးလည်း ဂရုစိုက်ဟေ့"

ဟု မှာသွား၏။

အသက်ရှစ်ဆယ်ကျော် အဘိုးကြီးက အသက်ခြောက်ဆယ်ကျော် အဘိုးကြီးပေါက်စနကို မှာခြင်းပင်။

ဆရာကား ယခုအချိန်ထိ ကျွန်တော့်ကို သံယောဇဉ်ကြီးနေတုန်း။ ကျောင်းသားငယ်လေးလို ထင်နေတုန်းပါတကား။

(၄-၆-၀၆)

❦

ဆရာ ဦးစံရှင်

ကျွန်တော့်ငယ်ဘဝအမှတ်တရ ဆရာများထဲတွင် ဆရာဦးစံရှင်သည်လည်း အပါအဝင်ပင်။

၁၉၅၉-ခုနှစ်၌ ကျွန်တော် သတ္တမတန်းအောင်သည်။ ရှေးဦးမြို့မဈေးအတွင်းမှာ အရီးဒေါ်သန်း၊ အစ်မ မသိန်းကြည်တို့နှင့် အတူနေရာမှ အောင်ခဲ့ခြင်းဖြစ်၏။ သတ္တမတန်းအောင်တော့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အသက် တစ်ဆယ့်လေးနှစ်။ အစ်မဝမ်းကွဲ မသိန်းကြည်က တစ်ဆယ့်ငါးနှစ်။ ကာလက အိမ်စောင့်အစိုးရအုပ်ချုပ်နေသည့်အချိန်။ ထို့ကြောင့် ထိုစဉ်က မြို့အုပ်ချုပ်ရေးအဖွဲ့အား မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဟု ခေါ်၏။ အတိုကောက် နလကဟု ခေါ်ကြသည်။

''ဈေးထဲမှာ လူမနေရ။ အိမ်ပိုင်ရာပိုင်မရှိသူများ နလကမှ မြေကွက် ပေးမယ်''

နလကမှ တရားဝင်ကြေညာသည်။ ကြေညာသည့်အတိုင်းလည်း မြေကွက်ပေး၏။ ရေဦးမြို့တောင်ဖျား လယ်ကွင်းများအား ပေလေးဆယ် ပေခြောက်ဆယ် အကွက်ရိုက်ပြီးပေးခြင်းဖြစ်၏။ အဒေါ်သန်းက တစ်ကွက်၊ မသိန်းကြည်အဖေ ဘကြီးဦးထွန်းရှံကတစ်ကွက် နှစ်ကွက်ဆက်ပြီး ပေရှစ်ဆယ် ပေခြောက်ဆယ်မြေကွက်ရလိုက်သည်။

မြေကွက်ရပြီးသည်နှင့် အဆောတလျင်အိမ်ဆောက်ရသည်။ သွပ်မိုး ထရံကာ ပျဉ်ခင်း ၂၀'×၃၀' အိမ်ငယ်လေးနှစ်လုံးဆောက်ဖြစ်၏။ ရက်ပိုင်းအတွင်း အိမ်ပြီးအောင်ဆောက်၍ ဈေးထဲမှ တူအရီးသုံးယောက် အပြေးအလွှားပင် အိမ်သစ်ကလေးသို့ ပြောင်းရ၏။

ကျွန်တော်တို့ရပ်ကွက်အား အောင်သုခရပ်ကွက်ဟု ခေါ်သည်။ ရေဦး အထက်တန်းကျောင်းကြီး၏ တောင်ဘက်တွင် ကပ်လျက်တည်ရှိ၏။ အောင်သုခသို့ ကျွန်တော်တို့လို ရေဦးဈေးအတွင်း နေသူများအပါအဝင် မြို့ပေါ်မှ အိမ်ထောင်စုပေါင်း လေးငါးရာ ပြောင်းရွှေ့လာကြသည်။

၁၉၅၉–ခုနှစ်မှစ၍ ထိုရပ်ကွက်ပေါ်ပေါက်လာရာ ၁၉၆၀–ခုနှစ် ကျောင်းဖွင့်ချိန်၌ ထိုရပ်ကွက်ကြီးသည် အတော်ပင်စည်ကားသိုက်မြိုက်လျက်ရှိပေပြီ။ ကျောင်းကြီးနှင့် ကပ်လျက်တည်ရှိသောကြောင့် အိမ်ပိုင်ရာပိုင်မရှိသေးသည့် ကျောင်းဆရာအများအပြား အောင်သုခသို့ ရောက်လာကြ၏။ အထက်တန်းကျောင်းကြီးမှ ဆရာဦးသိန်း၊ ဆရာဦးသန်းမောင်၊ ဆရာဦးသူ စသည့် လူကြီးပိုင်းဆရာများသာမက လူငယ်





ဆရာအချို့ပါ ပါဝင်၏။ ထိုအထဲတွင် ကျွန်တော့်ဆရာ ဦးစံရွှင်မပါ ပါလာ၏။

ဆရာဦးစံရွှင်အကြောင်း မဖော်ပြမီ ကျွန်တော်တို့ ရေဦး အထက်တန်းကျောင်းကြီးအကြောင်း အကျဉ်းမျှဖော်ပြလိုပါသေးသည်။

ရေဦးအထက်တန်းကျောင်းကြီးကို ကျွန်တော်စပြီးမှတ်မိသည်မှာ ရေဦးမြို့မဈေးကြီး၏ မြောက်ဘက် ဘောလုံးကွင်းကြီးထဲ၌ဖြစ်၏။ အတိအကျဆိုရပါက ဘောလုံးကွင်း၏မြောက်ဘက် ကပ်လျက်ပါပင်။ အဆောက်အဦများက မကောင်းပါ။ သက်ငယ်မိုး၊ ထရံကာဖြစ်၏။ တိုတစ်လုံးသည်တစ်လုံးဖြင့် ပြန့်ကျဲနေ၏။ ပြည်တွင်းစစ်မီးများ ငြိမ်းခါစကာလ ၁၉၅၀–ခုနှစ်လောက်က ဤကျောင်းကြီးကို ဖွင့်သည်ဟု မှတ်သားမိဖူးပါသည်။ ရှေးယခင် ရေဦး၌ အထက်တန်းကျောင်းရှိသည် မရှိသည်ကို ကျွန်တော်မသိပါ။ ကျွန်တော်မှတ်မိသမျှ ပြန်လည်တင်ပြနေခြင်းသာ ဖြစ်ပါ၏။

ကျောင်းအုပ်ကြီးမှာ ဆရာကြီးဦးသန်းမြင့်ဖြစ်သည်။ ၁၉၅၅–ခုနှစ်လောက်၌ ပညာရေးဌာနမှ ရေဦးအထက်တန်းကျောင်းကြီးအား ပိုမို ကျယ်ဝန်းလွတ်လပ်သည့် ရေဦးမြို့တောင်ဖျားသို့ရွှေ့ပြောင်းပေးခဲ့၏။ E ပုံသဏ္ဌာန်နှစ်ထပ် Brick Nogging အုတ်ညှပ်၊ မီးခံပြားမိုး အဆောက်အဦကြီးနှစ်လုံး ဆောက်ပေးသည်။ အလွန်ကောင်းလှပါ၏။ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ထားနိုင်သည့်ကျောင်းကြီးပင်။

လယ်ကွင်းများကိုသိမ်းပြီး ကျောင်းဝင်းလုပ်လိုက်ခြင်းကြောင့် မြေအကျယ်ကြီး ရလိုက်သည်။ ကျောင်းဝင်းကြီးမှာ ကျွန်တော့်အထင် ဧကတစ်ရာခန့်ပင် ရှိမည်ထင်ရ၏။

ကျွန်တော် စတုတ္ထတန်းအောင်၍ ပဉ္စမတန်းတက်သည့် ၁၉၅၆–ခုနှစ်၌ ထိုကျောင်းကြီးစဖွင့်ပါသည်။ ကျောင်းဖွင့်ခါစက ကျောင်းအုပ်ကြီးမှာ ဆရာကြီးဦးမောင်မောင်ဖြစ်၏။ နောက်တော့ ဦးမောင်မောင်က ဘွဲ့လွန်ဒီဂရီသွားယူသည်။ ကန့်သလူမှ ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးအုံကြီး ရောက်လာပြီး ကျောင်းအုပ်ကြီးတာဝန်ယူသည်။ ၁၉၆၀ ကျွန်တော် ရှစ်တန်းခေါ် အဋ္ဌမတန်း ရောက်သည့်နှစ်တွင် ကျောင်းအုပ်ကြီး တာဝန်ဖြင့် ဆရာကြီးဦးမောင်မောင် ရေဦးပြန်ရောက်လာသည်။ ထိုနှစ်မှာပင် ကျွန်တော်သတ္တမတန်းအောင်၍ အဋ္ဌမတန်းသို့ရောက်သည်။ အောင်သုခကွက်သစ်သို့လည်း အိမ်ပြောင်းပြီးဖြစ်၏။

ဤတွင် ကျွန်တော်နှင့် ဆရာဦးစံရွှင် စတွေ့ကြတော့၏။

❀

၁၉၆၀–ခုနှစ်၊ နွေနှောင်းကာလ ကျောင်းပြန်ဖွင့်သည့် ပထမနေ့။

သတ္တမတန်း အစိုးရစစ်အောင်ပြီး အလယ်တန်းကျောင်းသားဘဝမှ အထက်တန်းကျောင်းသားအဖြစ်သို့ ရောက်ရှိခါစ ကျွန်တော်တို့ တစ်တွေသည် အူမြူးချိုကြလျက်ရှိ၏။

ကျွန်တော်တို့တစ်တွေဆိုသည်ကား ကျွန်တော်၊ မြင့်မောင်၊ သောင်းညွန့်၊ ကျော်ညွန့် စသည့် အသက်ယယ် လူပျိုမဖြစ်တဖြစ် မဖြစ်ညစ်ကျယ်ကလေးများတည်း။

"ဟေ့ကောင် မြင့်မောင်၊ ငါတို့ ဒီနှစ်သင်ရမယ့် Treasure Island ကို ဘယ်သူသင်မှာတဲ့လဲ"

"မသိဘူးကွ"

"New Method Reader ကိုရော"

"ဆရာမကြီး ဒေါ်ကင်းမြလို့ ပြောတာပဲ"

"Time Table ပြန်ကြည့်ကွာ"

ကျွန်တော်တို့၏ အတန်းပိုင်ဆရာမှာ ဆရာဦးညွန့်မောင် ဖြစ်သည်။ သူသည် ရွှေစာ (ရေဦး) အမည်ဖြင့် ကဗျာများ၊ ဆောင်းပါးများ၊ ဝတ္ထုတိုများ ရေးနေသူဖြစ်ခြင်းကြောင့် သူသင်ရသည့် မြန်မာစာကိုတော့ ပိုင်နိုင်၏။ ပထမအချိန်မှာပင် ဦးပုည၏ ရေသည်ပြဇာတ်ကို





"ဆံထုံးတော်ကြီး တမာသီးနှင့် ခါးစည်းဝတ်လဲ ချုပ်စပြဲကို တည်းအပ်နှင့်တွယ် လူမြင်သမျှ စိတ်ပျက်အောင်လုပ်ပါတဲ့ မရေသည်" ဟု အာဝဇ္ဇန်း ကောင်းကောင်း၊ အမူအရာကောင်းကောင်းဖြင့် အလွတ်ရွတ်ဆိုပြကာ သင်ကြားသွားရာ တစ်ချိန်တည်းနှင့်ပင် ကျွန်တော်တို့ သဘောကျသွား၏။

"ဟေ့၊ ဆရာဦးညွန့်မောင်ကတော့ မြန်မာစာသင်တာ ကောင်းတယ်ကွ၊ အင်္ဂလိပ်စာဆရာပဲ ကြည့်ရမယ်"

"ဟေ့ကောင်တွေ၊ သိပ်ပြီး စကားများမနေနဲ့ မင်းတို့တွေ့ချင်တဲ့ အင်္ဂလိပ်စာပြမယ့်ဆရာ လာပါပြီဗျာ"

ဘေးခုံမှ ကျော်ညွန့်ကပြောလိုက်သည်။

"မင်္ဂလာပါ ဆရာ"

"မင်္ဂလာပါ၊ ထိုင်ကြပါ"

အရပ်ခပ်မြင့်မြင့်၊ အသက်က နှစ်ဆယ့်လေးငါးနှစ်အရွယ် အသားခပ်လတ်လတ် ဆံပင်ခပ်တိုတိုညှပ်ပြီး မျက်နှာထားက ရှုတည်တည် မပြုံးမရယ်နှင့် အင်္ဂလိပ်စာပြဆရာ အခန်းတွင်း ရောက်လာသည်။

ဆရာသည် စ,ဝင်လာကတည်းက–

"မင်္ဂလာပါ၊ ထိုင်ကြပါ"

ကိုသာ မြန်မာလိုပြောပြီး ကျန်အချိန်များ၌ အင်္ဂလိပ်လိုသာ ပြောတော့၏။ သင်သည့်စာအုပ်မှာ R.L Steveson ၏ Treasure Island စာအုပ်ဖြစ်သည်။

"My name is San Shwin"

"ငါ့နာမည် စံရွှင်"

"I am your English Teacher"

"ငါ မင်းတို့ အင်္ဂလိပ်စာဆရာပဲ"

"Open your text book"

"မင်းတို့ ဖတ်စာအုပ်ဖွင့်"



www.burmeseclassic.com

www.burmeseclassic.com



"You, read the first paragraph"

"မင်း ပထမအပိုဒ်ဖတ်စမ်း"

ဆရာက ဝင်လာကတည်းက ထန်းပလပ်တုတ် တစ်ချောင်း ကိုင်ပြီး ခပ်တည်တည်ဖြင့် အင်္ဂလိပ်လိုမှတ်တော့ရာ အင်္ဂလိပ်စာခပ်ညံ့ညံ့ ကျွန်တော်သည် ပါးစပ်ဟပြီးငေးနေရ၏။ ကိုယ့်အလှည့်ရောက်မှာပင် လန့်နေသည်။ ထန်းပလပ်ပါ ပါနေ၍ မလန့်လို့ကလည်းမဖြစ်။

"ဟိုက်၊ ဒီဆရာနဲ့တော့ မလွယ်ဘူးထင်တယ်"

ဆရာသည် သင်ခန်းစာအား အတော်များများ အင်္ဂလိပ်လိုပြော သော်လည်း မရှင်းမဖြစ်သည့်အဓိပ္ပာယ် ရှင်းလင်းပြောဆိုခြင်းကိုမူ မြန်မာ လို ပြန်ဆိုရှင်းလင်းလေသည်။ Meaning များကိုလည်း Black Board ပေါ်၌ မြန်မာလိုရေးပြ၏။ အသင်အပြမှာ တိကျပြတ်သားပြီး ရှင်းလင်းလှ သည်။ အသံထွက် လေယူလေသိမ်းလည်းကောင်း၏။ သို့ရာတွင် တစ်ချက်မှ ရယ်ခြင်း၊ ပြုံးခြင်းကားမရှိပါချေ။

သူ့အချိန်စေ့၍ ထွက်သွားသည်နှင့် –

"ဆရာဦးစံရှင်ကတော့ တစ်ချက်မှကို ရယ်တာပြုံးတာ မရှိဘူးကွ၊ စာသင်တာလည်းကောင်းတယ်၊ အူကြောင်ကြောင်လုပ်တဲ့ ကောင်တွေတော့ အတွယ်ခံရမယ်ထင်တယ်"

မြင့်မောင်က ပြောသည်။

"ဟေ့ကောင်ရေ၊ အတီးခံရမှာကတော့ မင်းတို့ငါတို့ အင်္ဂလိပ် စာ ကျူရှင်မယူနိုင်တဲ့ကောင်တွေပဲ ဖြစ်မယ်ကွ။ တို့အခန်းထဲက ကျန်တဲ့ သူတွေ အားလုံး အင်္ဂလိပ်စာ ကျူရှင်ယူကြတယ်ကွ။ အခုသင်မယ့် Treasure Island ဆို သူတို့ နွေကတည်းက ကျူရှင်တက်နေကြတာ"

"ကြည့်ရဦးမှာပေါ့ကွာ၊ ကောင်မလေးတွေရှေ့မှာ အရိုက်စံရရင် တော့ ရှက်စရာကြီးဟေ့၊ သူ့အင်္ဂလိပ်စာတော့ ကြိုးစားမှရမယ်ထင်တယ်"



ဤနည်းနှင်နှင်ဖြင့် ကျွန်တော်နှင့်ဆရာဦးစံရှင် စတင် ဆုံစည်းခဲ့ ပါသည်ခင်ဗျား။

ဆရာသည် ရေဦးအထက်တန်းကျောင်းသို့ အထက်တန်းပြ ဆရာအဖြစ် ရောက်လာသည့်အခါ အိုင်အက်စ်စီအောင်ပြီးခါစ ဖြစ်သည်။

ဇာတိက ရေဦးသားမဟုတ်။ မူးမြစ်အရှေ့ဘက်ကမ်းရှိ အင်းပတ်ရွာကလေးမှဖြစ်၏။ အင်းပတ်ရွာကလေးသည် ရေဦး–ခင်ဦး ကားလမ်းနှင့် သိပ်မဝေးလှ။ ဆရာ့တွင် အမေအိုကြီးနှင့် အစ်မတစ်ဦး၊ ညီမတစ်ဦးရှိ၏။ 'အဖေတော့မရှိတော့'ဟု ထင်ပါသည်။

ရေဦးရောက်တော့ ကျွန်တော်နေသည့် အောင်သုခကွက်သစ် (၁) လမ်းမှာ ဆရာနေသည်။ အိမ်တွင် ဆရာ့ညီမအရင်း မခင်ဌေးနှင့် ညီမဝမ်းကွဲနှစ်ယောက်၊ ညီဝမ်းကွဲနှစ်ယောက်တို့ နေကြ၏။ သူတို့ အားလုံး ကျွန်တော်နှင့် အတန်းတူများဖြစ်ကြသည်။

ကျွန်တော်က အောင်သုခကွက်သစ် (၄) လမ်းတွင်နေရာ နေ့စဉ် ကျောင်းတက်လျှင် ဆရာ့အိမ်ဘေးကဖြတ်၍ အထက်တန်း ကျောင်းဝင်းကြီးထဲဝင်ရသည်။ ဆရာ့အိမ်က ကျောင်းတောင်ဘက် အဝင်ဝ ထိပ်တွင် ရှိပေသည်။ ကျောင်းသွားတိုင်း ဆရာ့အိမ်ဘေးက ဖြတ်ဖြတ် သွားရသဖြင့် ကြာတော့ ဆရာနှင့်ကျွန်တော် မျက်မှန်းတန်းမိသွား သည်။ သို့ရာတွင် ဆရာ၏ မပြုံးမရယ် ခပ်တည်တည်မျက်နှာက ကျွန်တော့်ကိုမြင်သော်လည်း တစ်ခါမှပြုံး၍လည်းမပြပါ။ နှုတ်လည်း မဆက်ပါ။ ကျွန်တော်ကလည်း ဆရာ့ကိုကြောက်သဖြင့် အရောတဝင် နှုတ်မဆက်ရဲပါ။

ဆရာ့ကိုကြောက်၍ ဆရာကိုင်သည့်အင်္ဂလိပ်စာများကို တတ် နိုင်သမျှ ကြိုးစားသော်လည်း အခြားသူများကို လိုက်မမီပါ။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဆရာ့အရိုက်လွတ်ရုံသာရှိပါ၏။ သူ့စာမရသူများကို ဆရာက တကယ်တွယ်၏။

ဤသို့ဖြင့် နှစ်ကုန်ခါနီးလာ၏။ ကျွန်တော်၏အင်္ဂလိပ်စာ Graph ကား တက်မလာခဲ့။ ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရ ဖြစ်နေသည်။ အင်္ဂလိပ်စာကျူရှင်လည်း မယူနိုင်ပါ။

တစ်ရက်တွင် ကျွန်တော်နှင့်တစ်တန်းတည်းဖြစ်သည့် ဆရာ့ညီ ဝမ်းကွဲ အောင်ချစ်နှင့် နေ့လယ်အတန်းဖြုတ်ချိန် ခဏတွေ့ကြရာ-

''သူငယ်ချင်း၊ အစ်ကိုကြီး စံရွှင်က စာမေးပွဲမတိုင်ခင်မှာ တို့ကို အိမ်မှာ အင်္ဂလိပ်စာ အချိန်ပိုသင်ပေးဖို့ရှိတယ်၊ မင်းတက်ချင်ရင် လာပြောကွာ။ ငါလည်း ဝိုင်းပြောပေးမယ်''

ဟု ပြောရှာ၏။

ကျွန်တော်လည်း မဝံ့မရဲဖြင့် ဆရာ့အိမ်သွား၍ ဆရာ့အား ကြောက်ကြောက်ဖြင့် အချိန်ပိုတက်ချင်ကြောင်းတင်ပြရာ ဆရာက ခပ်တိုတိုပြတ်ပြတ်ပင် ''လာလေ'' ဟု တစ်ခွန်းတည်းသာပြော၏။

ဆရာ့ခွင့်ပြုချက်ရသဖြင့် ဆရာ့ညီဝမ်းကွဲ တင်အောင်၊ အောင်ချစ်၊ ဆရာ့ညီမအရင်း မခင်ဌေးနှင့် ဝမ်းကွဲညီမများဖြစ်သည့် မအုန်းကြင်တို့ အပါအဝင် ရှစ်တန်းကျောင်းသား ဆယ့်လေးငါးဦးတို့နှင့်အတူ ကျွန်တော် အင်္ဂလိပ်စာအချိန်ပိုသင်လိုက်ရသည်။ ထိုကျေးဇူးကြောင့် ထိုနှစ် ရှစ်တန်းအင်္ဂလိပ်စာကို ကျွန်တော် ဖြတ်ကျော်လိုက်နိုင်သည်။ ရှစ်တန်း အောင်စာရင်းထွက်တော့ ကျွန်တော် အောင်ပါသည်။ အခမဲ့မေတ္တာဖြင့် အင်္ဂလိပ်စာအချိန်ပိုသင်ပေးသော ဆရာ့အား အင်္ဂလိပ်စာအပိုချိန် တက်သွားသူများက ကောင်းနိုးရာရာ ပစ္စည်းများဖြင့် ကန်တော့ကြ၏။ ကျွန်တော်ကတော့ ဘာမှ ဟုတ်တိပတ်တိ ကန်တော့ရန်မရှိ၍ မြေပဲယိုကလေးတစ်ထုပ်ဖြင့် ကန်တော့လိုက်သည်။ ဆရာက ဘာမှမပြောပါ။





ရွှေဘိုမြို့အထွက် မဟာနန္ဒာကန်နှင့် ကန်တော်လမ်း



စာရေးသူငယ်စဉ်က ပညာသင်ကြားခဲ့သည့်

www.burmeseclassic.com

ရှစ်တန်းအောင်၍ ကိုးတန်းရောက်တော့လည်း ဆရာနှင့် ပြန်ဆုံရပါသည်။ ကိုးတန်းတွင် အင်္ဂလိပ်ဖတ်စာအုပ်မှာ Treasure Island နှင့် Round the World in Eighty days ဖြစ်၏။ စာအုပ်သစ်ဖြစ်သည့် Round the World in Eighty days အား ဆရာသင်ပါသည်။ Treasure Island ကိုတော့ ဆရာမဒေါ်ကင်းမြသင်သည်။ နောက်တော့ ရွှေစာ (ရေဦး) ခေါ် ဆရာဦးညွန့်မောင်သင်သည်။ ထိုစာအုပ်နှစ်အုပ်တွင် Round the World in Eighty days က ပိုခက်၏။ ထိုအခက်ကို ဆရာသင်သဖြင့် အတိုက်အလျောက် နားလည်ပါသည်။ မည်သို့ပင် ဖြစ်စေပင်ကိုက အခြေခံမကောင်း၍ အင်္ဂလိပ်စာတော့ ညံ့မြဲညံ့လျက်ပါပင်။

"အင်္ဂလိပ်စာအောင်ဖို့ကတော့ အမြဲအင်္ဂလိပ်စာကို ကြိုးစားဖတ်၊ ကြိုးစားရေး၊ မသိတာမေး၊ အဘိဓာန်လှန် အဲဒါပဲ"

ဟု ဆရာက တိုတိုပြတ်ပြတ် ဩဝါဒပေးသည်။

ဆရာ့ဩဝါဒကြောင့် ဦးထွန်းငြိမ်း၏ အင်္ဂလိပ်–မြန်မာအဘိဓာန်ကို တက္ကသိုလ်ဝင်တန်းအရောက်မှာ ကျွန်တော်ဝယ်ဖြစ်၏။ ကျွန်တော်တို့ခေတ်က ရှစ်တန်းအောင်၍ ကိုးတန်းခေါ် နဝမတန်းသို့ ရောက်ခြင်းအား တက္ကသိုလ်ဝင်တန်းဟု ခေါ်၏။ ဆယ်တန်းဆိုတာမရှိသေးပါ။ ၁၉၆၁–ခုနှစ်၊ ကျွန်တော်တို့ တက္ကသိုလ်ဝင်တန်းဖြေပြီး နောက်တစ်နှစ် ၁၉၆၂–ခုနှစ်ကျမှ ကိုးတန်းနှင့်ဆယ်တန်းခွဲပါသည်။

ဆရာ့ဩဝါဒအတိုင်း အင်္ဂလိပ်စာများများဖတ်၊ အလွတ်ကျက်၊ ချပြီး ပြန်ရေးကြည့်၊ မသိတာမေး၊ အဘိဓာတ်လှန် စာမေးပွဲကြီးနီးတော့ ကျောင်းအုပ်ကြီး၏ အထူးအင်္ဂလိပ်စာသင်တန်းများတက်နှင့် ကျွန်တော် တက္ကသိုလ်ဝင်တန်းအား နှစ်ချင်းပေါက်အောင်ခဲ့ပါသည်ခင်ဗျား။

၉

တက္ကသိုလ်ဝင်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ် ဆက်တက်ဖြစ်သည်။ တတ်နိုင်၍တော့မဟုတ်။ ပညာသင်ချင်လွန်း၍သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာသာတွဲရွေးတော့ ဘာမသိဘာမသိဖြင့် ဟိုစဉ်က GG Combination ခေါ် History, O.B, Logic သမိုင်းနှင့် စိတ်ကြိုက်မြန်မာစာ တက္ကဗေဒတို့ကို ယူလိုက်သည်။ ကျောင်းတက်ကြည့်၏။ သမိုင်းနှင့် စိတ်ကြိုက်မြန်မာစာက မြန်မာလိုသင်ရသဖြင့် သိပ်ပြဿနာမရှိ။ မြန်မာလို တစ်ဝက် အင်္ဂလိပ်လိုတစ်ဝက်သင်ရသည့် Logic ခေါ် တက္ကဗေဒက ပြဿနာဖြစ်နေ၏။

Logic နှင့်ပတ်သက်ပြီး ဆရာတွေကလည်း အင်္ဂလိပ်လို ပို့ချတော့ ဘာမှနားမလည်။ အရင်ကလည်း ဘာအတွေ့အကြုံမှမရှိ ဘာမှ နားမလည်သော အူတူတူအတတ ကျွန်တော်သည် Logic သင်တန်းများကို စိတ်ပျက်စပြုလာ၏။

လေးငါးဆယ်ရက် ကျောင်းတက်သော်လည်း Logic နှင့် ပတ်သက်၍–

I like the beauty.

The girls are so beautiful.

Therefore I like the girls.

လောက်သာသိခဲ့ပြီး ထိုအတန်းမှ အောင်မြင်စွာ ဆုတ်ခွာခဲ့ တော့၏။

ကျန်ဘာသာရပ်များအနက် အင်္ဂလိပ်စာကလည်း ခပ်ခက်ခက် ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ဆိုတော့ မြန်မာနိုင်ငံအရပ်ရပ်မှ စာထော သော စူပါ့စူပါများ စုဝေးရောက်ရှိလာပြီး သူထက်သူ လူစွမ်းကောင်းများ ဖြစ်နေကြ၏။ စိန့်ကျောင်းခေါ် ခရစ်ယာန်သာသနာပြုကျောင်းများနှင့် မက်သဒစ်ကျောင်းများမှ တက္ကသိုလ်ဝင်တန်း အောင်လာကြသူများ ရွတ်ရက်ဒွတ်ဒက်နေအောင် အင်္ဂလိပ်စကားများကို ပြောကြကုန်၏။ မြန်မာစာမှလွဲ၍ ကျန်ဘာသာရပ်များကိုလည်း အင်္ဂလိပ်လိုသင်သည့် အတန်းများ၌ တက်ကြကုန်၏။ ကျွန်တော့်မှာ သူတို့ကိုငေးပြီး အလူး အလဲ အားငယ်သွား၏။





သူတို့ကဲ့သို့ အင်္ဂလိပ်လိုအတန်းလိုက်တက်ဖို့နေနေသာသာ ခေသင့်မနေရ အင်္ဂလိပ်ပြဇာတ်စာအုပ်များကိုပင် အနိုင်နိုင်သင်ရတော့၏။ ထိုစဉ်နှစ်အတွက် ပြဇာတ်စာအုပ်များမှာ–

Charles Dicken ၏ David Copperfield နှင့် Modern Detective stories ဆိုသည့် စာအုပ်နှစ်အုပ်ဖြစ်၏။ David Copperfield က Abridge မို့ အထိုက်အလျောက် ဖတ်နိုင်ပြုနိုင်ပါသော်လည်း Modern Detective Stories ကား ခက်လှချေ၏။ ဘာမှနားမလည်ပါ။ ကြိုးစားကြည့်သည်။ မရပါ။ စိတ်ပျက်လက်ပျက်ဖြင့် ဘာလုပ်၍ ဘာကိုင် ရမှန်းမသိသဖြင့် ဆရာဦးစံရွှင်ဆီ အကျိုးအကြောင်းကို အားကိုးတကြီး စာရေးလိုက်တော့၏။

ဆရာခင်ဗျား၊

ကျွန်တော် မောင်သောင်းဝေ ရှိသေစွာစာရေးအပ်ပါသည်။ စာမလိုက်နိုင်၍ အလွန်စိတ်ဓာတ်ကျနေပါသည်။ အင်္ဂလိပ်ပြဇာတ်စာအုပ် တွေလည်း ခက်လှပါသည်။ စာမျက်နှာတိုင်းတွင် မသိသည့်စာလုံးချည်း လိုလို ဖြစ်နေပါသည်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိပါ။ ဘယ်သူ့ဆီ အကူအညီတောင်းရမှန်းလည်း မသိပါ။ နောက်ဆုံး ဘာမှကြံရာမရ တော့၍ အင်္ဂလိပ်စာလိုက်နိုင်ဖို့အရေး အကြံပေးပါရန် ဆရာ့ထံ ရှိသေစွာ စာရေးရခြင်း ဖြစ်ပါသည်ခင်ဗျား။

ရှိသေစွာဖြင့်

တပည့်

မောင်သောင်းဝေ

သိပ်မကြာပါခင်ဗျာ။ ဆရာ့ထံမှ အောက်ပါအတိုင်း စာပြန်လာ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာ စာပြန်လိုက်သည်။ တပည့် မောင်သောင်းဝေ မင်းပေးတဲ့စာ ရသည်။

လူဆိုသည်မှာ အခက်အခဲကြုံရင် ကြောက်စမြဲဖြစ်သည်။ အဲ မှာတော့ အရာရာသည် ခက်ခဲစမြဲဖြစ်သည်။ ကြောက်ရင် ပိုခက်မည်။ ကြိုးစားပြီး ကျက်မှတ်ပါ။ အားကိုးရမည့်သူမရှိက အဘိဓာန်ကိုပဲ အားကိုးပါ။ မသိတဲ့စာလုံးတွေ အဘိဓာန်မှာ ရှာပါ။ ဖတ်ပါ။ မှတ်ပါ။ ရေးကြည့်ပါ။ ကြာရင် အခက်များ တဖြည်းဖြည်းလွယ်သွားပါလိမ့်မည်။ မလျှော့သောဇွဲလုံ့လနှင့်သာ ဆောင်ရွက်သွားပါ။ တစ်ချိန်ချိန်မှာ မင်း ဒီအခက်အခဲကို ကျော်နင်းနိုင်ပါလိမ့်မည်။

ဘာမှ လွယ်လွယ်နှင့်မရပါ။ သို့ရာတွင် ယောက်ျားတစ်ခွန်း လူရည်ချွန်က ကောင်းကင်တမှတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်း ရမယ့်လမ်းတည်း ဟု စာဆိုရှိသည်။ အမှန်တကယ်ကြိုးစားရင် မင်းအောင်မြင်ပါလိမ့်မယ်။

**မင်းရဲ့ဆရာ**

ဆရာ၏ ဝိုင်းစက်သောလက်ရေးဖြင့် စာရွက်ဝါဝါလေးကို ဖတ်ရသောအခါ ကျွန်တော် အလွန်အားတက်သွား၏။

"ကဲ၊ ငါ့ဆရာကတောင် ဒါလောက် အားပေးနေတာ၊ ဘာရ မလဲ ကြိုးစားမယ်၊ ဘာတဲ့လဲ ငါဟဲ့ယောက်ျား"

ကိုယ့်ကိုယ်ကိုယ် အားပေးပြီး အင်္ဂလိပ်စာကိုကျုံးရုန်းပြီး ကျက်တော့၏။ တစ်နေ့ကို စာလုံးလေးငါးဆယ်လုံး ရအောင် ကျက်သည်။ တဖြည်းဖြည်းနှင့် ပြဋ္ဌာန်းအင်္ဂလိပ်စာအုပ်ကို ဖတ်နိုင်လာသည်။ အတန်းထဲ၌လည်း သူငယ်ချင်းများ များလာသောအခါ အင်္ဂလိပ်စာ တော်သူများအား ချဉ်းကပ်ပြီး မေးသင့်တာမေးရသည်။





ဤသို့နှင့် ဆရာ့စာကလေးကြောင့် အင်္ဂလိပ်စာအခက်အခဲကို ကျော်နင်းပြီး ရန်ကုန်တက္ကသိုလ်ပထမနှစ်အား အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပါသည်ခင်ဗျား။

ဒီနောက် ဆရာနှင့်ကျွန်တော် လုံးဝအဆက်အသွယ် ပြတ်သွားတော့၏။ လေးငါးနှစ် ရှုန်းရင်းကန်ရင်းဖြင့် ကျွန်တော်ဘွဲ့ရ၏။ တပ်မတော်ထဲဝင်သည်။ ၁၉၆၇–ခုနှစ်၊ အရာရှိပေါက်စလေးဘဝ၌ ရေဦးကို ခဏပြန်သည်။ ဆရာ့ဆီသွားသည်။ ရေဦး၌ ဆရာ့ကို မတွေ့တော့။

"ဆရာဦးစံရွှင် ရွှေဘိုကိုပြောင်းသွားပြီ"

သိသူများက ပြောကြသည်။

ရေဦးမှအပြန် အချိန်မပေးနိုင်၍ ရွှေဘိုရှိ ဆရာ့ထံမရောက်ခဲ့။

၁၉၆၈ ၌ ကျွန်တော် ဒုတိယအခေါက် ရေဦးရောက်ပြန်သည်။ သိသူများထံ အသေအချာမေး၍ ရွှေဘိုရောက်နေသော ဆရာ့ထံသို့ တကူးတက မရောက်ရောက်အောင်သွားသည်။

အလွန်ရက်တတ်သော ကျွန်တော့်ဆရာ လူပျိုကြီးကား အိမ်ထောင်သည်ဖြစ်နေပါပြီ။ သားကလေးနှစ်ယောက်ပင် ရနေပြီ။ ကျွန်တော်က ထိုင်ကန်တော့တော့ စကားနည်းသောဆရာက ဒီတစ်ခါ တော့ ဘုန်းကြီး၍သက်ရှည်ရန် ဆုပေးလိုက်၏။ တက္ကသိုလ် တက်ခါစက အင်္ဂလိပ်စာအခက်အခဲကြောင့် စိတ်ဓာတ်ကျနေရာ ဆရာ့စာကလေးကြောင့် ကျွန်တော်အားတက်သွားပြီး စာကြိုးစားဖြစ်ကြောင်း ပြောပြတော့ ပြုံးခဲရယ်ခဲသော ဆရာ့မျက်နှာတွင် အပြုံးရိပ်များ သမ်းသွား၏။

"ကြိုးစားရင် အောင်မြင်ရမှာပေါ့ကွာ"

ဟုသာ ခပ်တိုတိုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်တော်နှင့်ဆရာ ဝေးသွားပြန်ပါပြီ။

ယခု ဤစာရေးနေချိန်မှာတော့ ကျွန်တော်လည်း အသက်ခြောက်ဆယ်ကျော်ပြီ။ နိုင်ငံတာဝန်မှလွတ်မြောက်၍ တွေးချိန်ရေးချိန်ရသဖြင့် ငယ်ဆရာများအကြောင်းကို ပြန်ပြောင်းစဉ်းစားရင်း ဆရာ့ကျေးဇူးများကို သတိရသည်။ အာစရိယဂုဏောအနန္တောကို အောက်မေ့ဆင်ခြင်မိသည်။

ဆရာ ဘယ်ဆီဘယ်ဝယ်ရောက်နေမှန်းတော့မသိပါ။ အသက်လည်း ခုနစ်ဆယ်ခန့်သာရှိဦးမည် ထင်ပါသည်။ ဝေဝေဆာဆာ စကားမပြောသော်လည်း တပည့်များအပေါ် အမြဲစေတနာထားသည့်ဆရာ ကျန်းမာ အသက်ရှည်ပြီး ကောင်းကျိုးလိုရာဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်ဝစေရန်ကိုတော့ ကျွန်တော် အမြဲမေတ္တာပို့သနေပါသည်ခင်ဗျား။

(၆-၆-၂၀၀၆)

၅

**ဆရာမဒေါ်တင်အေး**

ကျွန်တော့် ငယ်ဆရာများအကြောင်းရေးရာ၌ အမျိုးသားများက များနေ၏။ ဆရာမတစ်ဦးမှ ပါမသွား။ ကျွန်တော်တို့ငယ်စဉ်က ဆရာနှင့် ဆရာမ ယှဉ်ကြည့်ပါမူ ဆရာအရေအတွက်များပေသည်။ ယခုအခါတွင်မူကား နေရာအနှံ့အပြား ဆရာမကများနေ၏။ ဘာကြောင့်မှန်းတော့ ကျွန်တော်မသိပါ။

ထားပါတော့ခင်ဗျာ။

ယခု ကျွန်တော့်အား စာသင်ခဲ့သည့် ဆရာမများအနက် တချို့အကြောင်းကို အမှတ်တရ ဖော်ပြချင်ပါသည်။

ငယ်စဉ်က မူလတန်းကျောင်းသားလေးဘဝမှ တက္ကသိုလ်ဝင်တန်း အောင်သည်အထိ ဆရာမများနှင့် စာသင်ခဲ့ဖူးပါသည်။



မူလတန်းကို ရေဦးကုန်းပေါ်ရပ်က ဒေါ်သန်းရင်ကျောင်းမှာ စ၍နေရ၏။ ဒေါ်သန်းရင်ကျောင်း၌ ကျောင်းအုပ်မှာ ဆရာမကြီးဒေါ်သန်းရင် ကိုယ်တိုင်ပင်ဖြစ်သည်။ ကျွန်တော် ကျောင်းစနေတော့ ကျွန်တော့် အတန်းကို လေးလေး ခေါ် ဆရာမဒေါ်ကြည်ကြည် ကိုင်သည်။ ဒေါ်ကြည်ကြည်သည် နှုတ်ဝစီ အလွန်ဆိုးသည့်အပြင် ကျွန်တော့်ဆိုလျှင် အလွန်ဆော့၍ မျက်စိနောက်ဟန်တူ၏။ နေ့စဉ်နီးပါး ရိုက်လေ့ရှိသည်။ ထို့ကြောင့် ဒေါ်ကြည်ကြည်အား ကျွန်တော်မချစ်ပါ။ ဒေါ်ကြည်ကြည်ပြီးတော့ ဒေါ်ခင်ရီနှင့် နေရသည်။ ဒေါ်ခင်ရီသည် နှုတ်ချိုသည်။ ရုပ်ကလည်း ကြည့်ကောင်းသည်။ ထို့ကြောင့် ကျွန်တော် သဘောကျပါသည်။ ဒေါ်ခင်ရီ နှင့်ကျတော့ ကျွန်တော် အရိုက်မခံရပါ။ ဒေါ်သန်းရင်ကျောင်း၌ ကျွန်တော် အချစ်ဆုံးဆရာမမှာ ဒေါ်မြဟန်ဖြစ်သည်။ ဒေါ်မြဟန်သည် စိတ်သဘော အလွန်ကောင်းမွန်၍ တပည့်များကို ရိုက်လေ့ရိုက်ထမရှိ။ အလွန်စိတ်ဆိုးသည့်အခါမှ ရိုက်တတ်၏။ ကျွန်တော် တတိယတန်း ရောက်တော့ အတန်းပိုင်ဆရာမမှာ ဒေါ်မြဟန်ဖြစ်သည်။

''မင်းတို့ ဒီနှစ် နှစ်လယ်အစမ်းစာမေးပွဲကြီးကို ကြိုးစားဖြေကြ၊ အစမ်းဆိုပြီး ပေါ့ပေါ့ဆဆ မဖြေကြနဲ့။ ဒီအစမ်းမှာ ပထမ၊ ဒုတိယ၊ တတိယ ရတဲ့သူတွေကို ဆရာမ ဆုပေးမယ်''

ထိုနှစ်က နှစ်လယ်စာမေးပွဲကြီးမတိုင်မီ ဒေါ်မြဟန်က အထက်ပါအတိုင်းပြောရာ ဆုလိုချင်သော ကျွန်တော်သည် စာအသည်းအသန်ကျက်ပြီး စာမေးပွဲဖြေ၏။ သင်္ချာပုစ္ဆာများကိုလည်း စေ့စေ့စပ်စပ် တွက်သည်။ ထို့ကြောင့် သင်္ချာအမှတ်ပြည့်ရ၏။ ကျက်စာများကလည်း အမှတ်ကောင်း၍ ကျွန်တော် တတိယတန်းအစမ်းစာမေးပွဲကြီး၌ ပထမရလေတော့သည်။

ဆရာမ ဒေါ်မြဟန်က ဆုရသူများကို သူမ၏ကိုယ်ပိုင်ငွေမှ ကျောင်းသုံးပစ္စည်းအမျိုးစုံဝယ်၍ ဆုချလေသည်။ အများတကာက



www.burmeseclassic.com

www.burmeseclassic.com



အဆော့သန်၍ မျက်စိနောက်နေသော ကျွန်တော့်အား စာတော်ကြောင်း အတန်းရှေ့၌ ချီးကျူးလေသည်။

"မောင်သောင်းဝေက ဘယ်လောက်ဆော့ဆော့ စာတော့ တော်တယ်"

ဟုလည်း မကြာခဏပြောတတ်သည်။ ကျွန်တော် ဆရာမကို ချစ်နေသည်မှာ ထို့ကြောင့်ပင်ထင်ပါ၏။

လေးတန်းခေါ် စတုတ္ထတန်းရောက်တော့ ကျောင်းအုပ် ဆရာမကြီး ဒေါ်သန်းရင်နှင့် တိုးတော့၏။ ထိုကျောင်းတွင် ဒေါ်သန်းရင် နှင့် ဒေါ်ကြည်ကြည်တို့ကား အပျိုကြီးများဖြစ်ကြ၏။ ထို့ကြောင့် စိတ်တို၏။ အရိုက်ကြမ်း၏။ လူငယ်တွေဒဏ်မခံတတ်။ မလိမ်မိုး မလိမ္မာ ကျွန်တော်တို့ကလည်း ဘုမသိဘမသိဖြင့် သူများပြောက်ပေးတိုင်း—

"အပျိုကြီးတွေ လင်မရလို့ လန်ဒန်မြေပဲယို"

ဆိုသော သံချပ်ကို ကျောင်းတွင်သွားဆိုမိရာ ဒေါ်သန်းရင်၏ တဖြောင်းဖြောင်း တုတ်ချက်နှင့် မိပါတော့၏။

"မြမောင်တူ မျက်နှာကြောကို မထည့်ဘူး"

ဟု ဆိုသေးသည်။

မြမောင်မှာ ဆရာမမျက်စိနောက်သည့် ကျွန်တော့်ဦးလေး ဖြစ်ပါသည်။ ကျွန်တော့်ဦးလေး ကိုမြမောင်သည် ထိုစဉ်က အိမ်ထောင် ကျပြီး ဆရာမကြီးအိမ်ဘေး၌နေ၏။ အပြောင်အပြက်ဝါသနာပါသော ကျွန်တော့်ဦးလေးသည် ဆရာမကြီးအား နာလိုနာညီဖြင့် မကြာခဏ မကြားတကြား စ,တတ်၏။ ဤသည်ကို ဆရာမကြီးကမကြိုက်။ ထို့ကြောင့် ကိုမြမောင်တူ ကျွန်တော်သည် ဆရာမကြီး၏စက်ကွင်းက မလွတ်တော့ပါချေ။

ဒေါ်သန်းရင်ကျောင်းမှ လွတ်မြောက်ပြီး ဒေါ်ရွှေစင်ကျောင်း ရောက်တော့ ဆရာမများနှင့် စာမသင်ရတော့ပါ။





အထက်တန်းကျောင်းကြီးသို့ ရောက်သည့်အခါမှသာ ယခု ကျွန်တော် ဖော်ပြမည့် ဆရာမဒေါ်တင်အေး အပါအဝင် နောက်ထပ် ဆရာမအသစ်များနှင့် ကြုံရပါသည်။

ထိုဆရာမများကား အလယ်တန်း၌ ဒေါ်စိန်စိန်၊ ဒေါ်မြသန်း၊ ဒေါ်မြင့်မြင့်၊ ကျွန်တော့်ဆရာမ ဒေါ်တင်အေး၊ အထက်တန်း၌ ဒေါ်ကင်းမြ၊ ဒေါ်နှင်း စသူတို့ပင်တည်း။

✿

ခြောက်တန်းခေါ် ဆဋ္ဌမတန်း ကျွန်တော်ရောက်သည့်နှစ်မှာ ဆရာမ ဒေါ်တင်အေးနှင့် စ,ဆုံရသည်။ ဆရာမသည် ကျွန်တော်နေ ရသည့် ခြောက်တန်း (A) ခေါ် ဆဋ္ဌမတန်း (က) အတန်းပိုင် ဖြစ်ရုံ သာမက ရှားရှားပါးပါး ကျွန်တော်တို့ကျောင်းကြီး၌ တစ်ဦးတည်းသော အပျိုဆရာမဖြစ်၏။ ကျန်အားလုံးက အိမ်ထောင်သည်များသာ။

ဆရာမ၏ရုပ်ရည်ကား အသားလတ်လတ် မျက်လုံးမျက်ခုံး ကောင်းကောင်း၊ ပိန်ပိန်သွယ်သွယ် သွက်သွက်လက်လက်နှင့် (Very vivacious) ဖြစ်၏။ လှပပြီး ကြည့်၍အတော်ကောင်းပေသည်။ ရုပ်လှ ရုံမဟုတ် ဆရာမသည် စိတ်သဘောထားလည်းကောင်းမွန်၏။ ဆျာသားရင်သား မခွဲခြားတတ်။ သူ့တပည့်အားလုံး တော်စေတတ်စေ ချင်သည်။

*အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ*
*သီပွမချန်၊ ဘေးရန်ဆီးကာ*
*သင့်ရာအပ်ပို့၊ ဆရာတို့*
*ကျင့်ဖို့ဝတ်ငါးဖြာ*

ဟူသော ဆရာ့ဝတ်ငါးပါးနှင့်အညီ ဆရာစိတ်ဓာတ် အပြည့် ရှိသူပင်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ခြောက်တန်းရောက်သည့်နှစ်၌ ကျွန်တော်တို့အတန်းသို့ ကန့်ဘလူဘက်မှ BMO ကုလားလေးတစ်ယောက် ပြောင်းရွှေ့ ရောက်ရှိလာ၏။ သူ့နာမည်မှာလှဆောင်။ လှဆောင်မှာ နာမည်ကသာ အလှကိုဆောင်ယူသည်။ လူကတော့ မလှပါ။ မည်းကျစ်နေသော အသား၌ ကျောက်ပေါက်မာကလေးကလည်း ရှိရှာသေး၏။ စာလည်းအလွန်ညံ့၏။ အင်္ဂလိပ်စာ ပို၍ညံ့သည်။ သူ့အား အရင်ကျောင်းများက ဘယ်လို ပဉ္စမတန်းအအောင်ပေးလိုက်မှန်း မသိပါ။

ဆရာမဒေါ်တင်အေးသည် အင်္ဂလိပ်စာဖတ်စာ Reader သင်သူဖြစ်၏။ လှဆောင်ကြောင့် တစ်ခါတစ်ရံ မနက်အင်္ဂလိပ်စာချိန် တစ်ချိန်လုံးနီးပါး ကုန်သွားရသည်လည်းရှိ၏။ အရုပ်ဆိုးဆိုးလှဆောင်အား အင်္ဂလိပ်ဖတ်စာကို ဆရာမကိုယ်တိုင် နှုတ်တိုက်ချပေးသည်။ ဆရာမသည် လှဆောင်ကို သနားပုံရသည်။ လှဆောင်သည် အရုပ်ဆိုးရသည့်ပြင် လူကလည်း အူတူတူအတတပုံ ပေါက်၏။ တကယ်လည်း အူအ၏။ ထိုအူအအကို ဆရာမသည် စိတ်ရှည်စွာ စာပြလေသည်။

နောက်တစ်ချက်ကား ဆရာမသည် ပုံပြောကောင်း၏။

စိတ်လိုလက်ရရှိသည့်အခါ ညနေအချိန်ပိုများ၌ တစ်ခါတစ်ရံ ပုံတိုပတ်စများ ပြောတတ်၏။ အထူးသဖြင့် ဂမ္ဘီရပုံဝတ္ထုများကို ပြောတတ်၏။ ဆရာမပြောပြသည့် ''ကိုကိုလေး၏ မှော်ဆရာမှတ်တမ်း'' ဝတ္ထုဇာတ်ကြောင်းများကား အလွန် နားထောင်ကောင်းလှ၏။ ထိုစဉ်က ကျွန်တော်သည် အပြင်စာများကို သဲကြီးမဲကြီး ဖတ်စပြုနေပြီဖြစ်၏။ အထူးသဖြင့် ထိုခေတ်က နာမည်ကြီး မြစကြာနှင့် မှော်စက်ရှင်တို့၏ သိုက်သမိုင်းဝတ္ထုများ၊ အထက်လမ်း အောက်လမ်းဝတ္ထုများကို ကျွန်တော်အလွန်ကြိုက်လှ၏။ ထို့ကြောင့် ဆရာမပုံပြောသည်များကို အထူးသဘောကျ၏။ ဆရာမသည် ဂမ္ဘီရ ဝတ္ထုများသာမက ရုံဖန်ရံခါ မဟာဆွေနှင့် တင့်တယ်တို့၏ အချစ် ဝတ္ထုများကိုလည်း ကြားညှပ်ပြောပြတတ်၏။ ထိုအချိန်မျိုး၌ကား ကျွန်တော်တို့ ယောက်ျားလေးများထက် အရွယ်မရောက်တရောက် ကျောင်းသူအပျိုပေါက် အပျိုသင်စလေးများက ပိုကြိုက်ကြပေသည်။

တစ်ခါတစ်ရံ၌ ဆရာမက ကျောင်းသူကျောင်းသားများကို တစ်ပြန်တစ်လှည့် ပုံပြောခိုင်းတတ်၏။ သို့ရာတွင် မည်သူမှ အတန်းရှေ့ထွက်ပြီး ပုံမပြောဘူးကြပါ။ မပြောတတ်တာလည်းပါမည်။ မပြောရဲတာလည်း ပါ,ပါလိမ့်မည်။

မှတ်မိနေသေးပါသည်။

တစ်ရက်ညနေနောက်ဆုံးချိန်၌ ပျက်ကွက်သည့် အခြား ဆရာတစ်ဦးအစား ဆရာမဝင်လာသည်။ ထိုဆရာပေးခဲ့သော အိမ်စာများကို စစ်ပေးသည်။ အချိန်ကနည်းနည်းပိုနေသေး၏။

ထိုအခါ ကျောင်းသူများက–

''ဆရာမ ပုံပြောပါ''

ဟုတောင်းဆိုကြသည်။

''မင်းတို့ကို ဆရာမကချည်းပဲ ပုံပြောရတာများနေပြီ။ ဒီတစ်ခါ မင်းတို့အလှည့်၊ ပုံပြောတတ်တဲ့ လူတစ်ယောက်ထွက်ပြော၊ တို့အားလုံး ဝိုင်းနားထောင်မယ်''

ဘယ်သူကမှ ထွက်ပြီးမပြောရဲပါ။

''ပုံမပြောရဲဘူးလား။ ကဲ ဒါဆိုရင်၊ သီချင်းတစ်ပုဒ်စီလောက် ထွက်ဆိုကွာ''

သီချင်းလည်း ဘယ်သူမှ ထွက်မဆိုကြပါ။ အတန်းထဲရှိ သင်းစိန်၊ မရွှေ၊ မသိန်းစသည့် သီချင်းသရဲများ ငြိမ်နေကြသည်။

''မိန်းကလေးထဲက ထွက်မယ့်သူ ရှိလား''

မထွက်လာပါ။

''ကဲ ယောက်ျားလေးရောရှိလား''

မရှိပါ။







www.burmeseclassic.com

www.burmeseclassic.com



''ဟဲ့ ငါ့အတန်းက ဒါလောက်ညံ့လား၊ ဘယ်သူမှ မထွက်နိုင်တော့ဘူးလား။''

ဒီစကားတော့ ကျွန်တော်လက်မခံနိုင်ပါ။ ဆရာမဒေါ်တင်အေးကိုင်သောအတန်းသည် ခြောက်တန်းတွင် (A) ဖြစ်သည်။ စာအတော်ဆုံးသူများကို စုထားသည့်အတန်းဖြစ်သည်။ (A) သည် ညံ့၍မရ ထို့ကြောင့် မညံ့ကြောင်းပြရတော့မည်။ ဘယ်သူမှမထွက်ချင်နေ ကျွန်တော်ထွက်မည်ဟု ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ကျွန်တော်က လက်ညှိုးထောင်ပြီး မတ်တတ်ရပ်လိုက်၏။

''ဟဲ့၊ မောင်သောင်းဝေ ပါလား၊ ကဲထွက်။ မင်းက သီချင်းဆို မယ်ပေါ့''

''ဟုတ်ကဲ့ပါ ဆရာမ''

''ဘာသီချင်းဆိုမှာလဲ''

''ကိုလှမိုးရဲ့ ညီမလေးရယ် စိုးရိမ်မိတယ်ပါ ဆရာမ''

''ဆိုကွယ်၊ နားထောင်ရအောင်''

''မွှင့်ဖူးစအရွယ် ××× ပန်းတော်ဝင်မာလာရယ် ××× အခါခါကွယ် ××× စာနာသနား ××× ကရုဏာထားမိတယ် ××× ညီမလေးရယ် ××× ညီမလေးရယ် ××× ငယ်ရွယ်နုနယ် ××× အစဉ်းစားဆင်ခြင် ကင်းလှတယ် ××× မြေသင့်လွှာမှီတကယ် ××× ကြွေလွင့်မှာ စိုး စိုးလှပါတယ်''

ကျွန်တော်က အထက်ပါအတိုင်း သီချင်းပထမအပိုဒ်ကို သီဆိုလိုက်ရာ အဆင်ပြေသွား၏။ ထို့ကြောင့် တစ်ပုဒ်လုံးကိုလည်း ဒွန်ကရိုဏ်းကျကျ ဆိုလိုက်နိုင်၏။

ကျွန်တော်သည် သီချင်းနှင့်ပတ်သက်ရင်တော့ ခေသူမဟုတ်ပါ ထိုစဉ်ကတည်းက ဇရပ်ဦးမြို့ အေးရိစတိုးမှ ရေဒီယို ချိုတေးသံမဂ္ဂဇင်းနှင့် စင်တော်ကောက် တေးတစ်ရာ စာအုပ်များအား စကောလားရှစ်မှရသည့် ငွေကလေးဖြင့် ဝယ်ဖတ်တတ်နေပါပြီ။ ခေတ်ပြားရတေးသီချင်းများကို





လည်း အတော်ပင် အလွတ်ရှတ်နိုင်နေပါပြီ။ ထို့ကြောင့် ယခုလို ဆိုနိုင်ခြင်းဖြစ်၏။

''မောင်သောင်းဝေက မဆိုးဘူးကွယ့်''

''နောက်တစ်ပုဒ် နောက်တစ်ပုဒ်''

အတန်းဖော်သူငယ်ချင်းများက တောင်းဆို၏။ ဆရာမမျက်နှာကို လှမ်းကြည့်အကဲခတ်လိုက်ရာ နှစ်ခြိုက်စွာပြုံးနေ၏။

''ဆိုပါ''

ဟု ပြော၏။

ဒီတစ်ခါတော့ ကျွန်တော်က ကိုခင်လတ်ရဲ့ နှောင်းသစ္စာကို ဆိုဖြစ်သည်။

''ဘယ်လိုပင် ဟောင်းပေမယ့် ××× နှောင်းသစ္စာက ××× မပြယ်လေတယ် ××× ပြောင်းချစ်ခါ ××× ပြောင်းချစ်ခါ ××× မရခဲ့တာမို့ ××× မေအသက်ရယ်တဲ့ ××× ပြေဘိ မေအသက်ရယ်တဲ့မှ ××× ခက်တယ်ကွယ်. . .

အတိတ်ကို အတိတ်မှာပဲ ထားခဲ့ရပါစေလား ××× နှောင်းခဲ့တဲ့ သစ္စာရှင်ကြီးရယ် ××× ပြန်ကာလှန်ကာ ××× မတွေးပါရစေနဲ့ကွယ် ××× ချစ်ခြင်းရဲ့မေတ္တာဟာကွယ် ××× အက္ခရာသင်္ချာနည်းနဲ့ ××× တွက်ဆလို့ရမယ်မထင်နဲ့ ××× အသက်ပျိုမြူရယ် ××× အသက်လောက် မကဘဲ ××× အသည်းလောက်ပါပဲ စွဲချစ်ရသူမှာကွယ် ××× မပြယ်နှမ်းတဲ့ နှောင်းသစ္စာရှင်ရယ်''

ဒီတစ်ပုဒ်မှာတော့ ကျွန်တော်က ဝါရင့်ဂီတသမားကြီးဟန်ဖြင့် ဆွဲဆွဲငင်ငင် လွမ်းလွမ်းဆွေးဆွေး ဆိုလိုက်ရာ မမျှော်လင့်ဘဲ လက်ခုပ်သံ တဖြောင်းဖြောင်းဖြင့် အတန်းသားများ၏ ဩဘာပေးခြင်းကို ခံလိုက်ရ

ဆရာမကလည်း သဘောကျသွား၏။

''မောင်သောင်းဝေ တော်တယ်ဟေ့၊ ကဲ နောက်ထပ် ထွက်ခဲ့ကြဦးလေ''



www.burmeseclassic.com

www.burmeseclassic.com



အရှိန်ရသွားသဖြင့် ကျောင်းမဆင်းမီ သောင်းညွန့်နှင့် မသင်းစိန်တို့ ထွက်လာ၏။ သောင်းညွန့်က ကိုတင်လှိုင်ရဲ့ ဘကြီး အောင်ညာတယ်။ မသင်းစိန်က မြင့်မြင့်ရှိန်ရဲ့ ချစ်အဘိဓာန် စသည်ကို ဆိုဖြစ်ကြသည်။ သူတို့လည်း မခေသော ဝါသနာရှင်များမို့ အတန်းသား များ အားပေးခြင်းကို ခံကြရ၏။

ထိုနေ့က တစ်တန်းလုံးပျော်ကြသည်။ ဆရာမလည်း ပျော် သည်။ ထိုကီစွကို နောင်ကြုံတိုင်း ကျွန်တော်တို့ပြောဖြစ်ကြပါသည်။

ထိုတစ်ကြိမ်သား ကျွန်တော်တို့တစ်တွေ စိတ်လိုလက်ရ သီချင်းဆိုဖြစ်ခဲ့ကြပြီး နောင်တစ်ခါမှ သီချင်းမဆိုခဲ့ကြရတော့သဖြင့် ထိုကီစွကို အမြဲသတိတရပါခင်ဗျား။

ခြောက်တန်းအောင်ပြီး ခုနစ်တန်းရောက်တော့ ဆရာမနှင့် ဝေးခဲ့ရပါသည်။ သို့ရာတွင် ဆရာမအကြောင်း ပြောစရာများက ကျွန်တော့်မှာ ရှိနေသေးသည်။

ထူးထူးဆန်းဆန်း ဆရာမမင်္ဂလာကိစ္စ။

ကျွန်တော်တို့အား စာသင်ပေးသည့် ၁၉၅၇–ခုနှစ်လောက်က ဆရာမအသက်ကား နှစ်ဆယ့်လေးငါးခြောက်နှစ်ထက်တော့ ပိုအုံ မထင်ပါ။ ဒါ အများဆုံးဖြစ်ပါလိမ့်မည်။ ကျွန်တော်တို့ အထက်တန်း ကျောင်းကြီးတွင် လှလှပပ ဆရာမအပျိုဆို၍ ကျွန်တော့်ဆရာမ ဒေါ်တင်အေး တစ်ဦးသာရှိ၏။ ဆရာမအား ရေဦးရောက် မင်းစိုးရာဇာ များက အတော်ကြိုက်ကြသည်ဟု ကြားဖူး၏။ သို့ရာတွင် ဆရာမက ပြန်မကြိုက်။ မင်းစိုးရာဇာများကို မကြိုက်ဘဲ ကြိုက်မယ့်ကြိုက်တော့ လည်း ဆရာအချင်းချင်း သွားကြိုက်၏။

ဆရာမအမျိုးသားက ရွှေဘိုမှ ရေဦးအထက်တန်းကျောင်း ပြောင်းလာသည့် အထက်တန်းပြဆရာ ဦးလှမြင့်ဖြစ်သည်။ ဆရာနှင့်





ဆရာမတို့ ရည်ငံပြီးသိပ်မကြာမီကာလ၌ စိုက်ပျိုးရေးဘွဲ့ရဆရာ ဦးလှမြင့် သည် ဗြုန်းစားကြီး တပ်မတော်ထဲဝင်သွား၏။ စစ်ဗိုလ်ဖြစ်ပြီး သိပ်မကြာမီမှာပင် ဆရာမအား လာရောက်တောင်းရမ်းလေတော့သည်။

ဤနေရာတွင် ဆရာမ၏ ကိုယ်ရေးရာဇဝင်ကို အနည်းငယ် တင်ပြပါရစေ ခင်ဗျား။

ဆရာမသည် ရေဦးမြို့ မူးကမ်းနားမှဖြစ်၏။ အဖေအမေကို ကျွန်တော် မြင်ဖူးသော်လည်း အမည်မသိပါ။ ညီအစ်မငါးယောက် ခြောက်ယောက် ရှိပါသည်။ ကိုကျော်ညွန့်အမည်ဖြင့် မောင်တစ်ယောက် ရှိပါသည်။ အစ်မကြီးများက ရေဦးဈေးထဲ၌ ဈေးထွက်ကြ၏။ မမြရှင်၊ မမြခင်ဟု ခေါ်သည်ထင်ပါသည်။ အမည်သိပ်မသေချာပါ။ အစ်မ အလတ်က ရေဦးအထက်တန်းကျောင်း၌ အထက်တန်းပြဆရာမ ဖြစ်သည်။ ဒေါ်နှင်းဟုခေါ်၏။ ကျွန်တော့်သူငယ်ချင်း မခြူး(ယခု အငြိမ်းစား တိုင်းပညာမင်းကြီး) ၏ အမေပင်။ ဆွေမျိုးအသိုင်းအဝိုင်း ကောင်းကောင်းမှ မွေးဖွားလာသူ ဖြစ်၏။ ဆရာမသည် မိန်းကလေးထဲ၌ အငယ်ဆုံးဖြစ်ရုံသာမက ညီအစ်မ အားလုံးထဲတွင်လည်း အလှဆုံးဟု ဆိုနိုင်၏။

ဆရာမနှင့် ဆရာဦးလှမြင့်ခေါ် ဗိုလ်လှမြင့်တို့ မင်္ဂလာဆောင် တော့ တပ်ကခွင့်မရသေး၍လား ဘာလွဲချော်သွားသလဲမသိ။ သတ်မှတ် မင်္ဂလာချိန်၌ သတို့သား အချိန်မီရောက်မလာသဖြင့် မင်္ဂလာပွဲမှာ အချိန် အတော်ဆွဲလိုက်ရသည် ဆိုပါသည်။ ဗိုလ်လှမြင့်က ထိုနေ့ညမှ ရောက် သည်ဟု ကြားရ၏။ ရန်ကုန်နားက မှော်ဘီကလာရသည်ဟုဆိုသည်။ ရန်ကုန်နှင့် ရေဦးက (၅၂၇) မိုင်တောင် ဝေးတော့ ထိုခေတ်ထိုအခါက လမ်းပန်း ဆက်သွယ်ရေး ယခုလောက်မကောင်းသေးရာ ထိုသို့ ကြုံရခြင်း ဖြစ်ပါလိမ့်မည်။ ဘာပဲဖြစ်ဖြစ် ထိုကိစ္စကို ရေဦးသူ ရေဦးသား များက သတိတရ မကြာခဏပြောကြပါသည်။ ကျွန်တော်က ရှစ်တန်း ဆိုတော့ ၁၉၆၀–ခုနှစ်လောက်က ဖြစ်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်ပြီး သိပ်မကြာမီမှာပင် ဆရာမလည်း ဗိုလ်လှမြင့်ရှိရာ တပ်ထဲသို့ လိုက်ပါသွားရသည်ဆို၏။

ဆင်ပြောင်ကြီးသွားရာ ဆင်မယဉ်သာ လိုက်ပါရစမြဲပေါ့ ခင်ဗျာ။

ဤသို့ဖြင့် သဘောမနောကောင်းသော ဆရာမဒေါ်တင်အေးနှင့် ကျွန်တော်တို့ ဝေးခဲ့ရပါသည်။

✿

၁၉၇၀ ပြည့်လွန် နှစ်တစ်နှစ်၊ နှစ်အတိအကျကိုတော့ ကျွန်တော် အမှတ်မရတော့။

ရန်ကုန်ရောက်သဖြင့် အင်းဝဘဏ်တွင် လစာငွေ ဝင်ထုတ်ဖြစ်သည်။ ကျွန်တော့်ရှေ့မှ ငွေထုတ်ကောင်တာတွင် အရပ်ဝတ်နှင့် အရာရှိတစ်ဦးက တိုကင်နှင့်ငွေ လဲလှယ်နေသည်။

ဒီပုဂ္ဂိုလ် မြင်ဖူးသလိုလိုပါပဲ။

သေသေချာချာကြည့်မိသည်။ သူကတော့ သူ့ကိစ္စနှင့်သူ ငွေရပြီး လှည့်ထွက်ရန်ပြင်လိုက်၏။

''ဆရာ''

ကျွန်တော့်ခေါ်သံကြောင့် သူအံ့သြသွားသည်။ တပ်မတော် အရာရှိတစ်ဦးအား ဗိုလ်ကြီးဟုမခေါ်ဘဲ ဆရာဟု ခေါ်လိုက်သဖြင့် သူ အံ့သြသွားခြင်းဖြစ်မည်။

''ဘယ်သူပါလိမ့်''

''ဆရာ ကျွန်တော့် သိချင်မှ သိမှာပါ။ ဆရာ ဦးလှမြင့်နော်''

''ဟုတ်ပါတယ်၊ ဘယ်သူလဲ ပြောပါဦး''

''ကျွန်တော်က ဆရာ့ဇနီး ဆရာမဒေါ်တင်အေးရဲ့တပည့်ပါ။ ရှေးဦးက သောင်းဝေပါ။ ဘွဲ့ရပြီး တပ်ထဲဝင်ခဲ့တာ အခု ကရင်ပြည်နယ်မှာ တာဝန်ကျနေပါတယ်ဆရာ''





''သြော်၊ ကိုသောင်းဝေ၊ နာမည်ကြားဖူးတယ်၊ အဲဒီတုန်းက ရှေးဦးက ကိုသောင်းဝေ၊ ကိုဘိုကြည်၊ ကိုကျော်မြင့်နဲ့ ကိုခင်မောင်ဦးတို့ လေးယောက် တပ်ထဲ တစ်ပြိုင်နက်ဝင်သွားကြတယ်လို့ ခင်ဗျားတို့ ဆရာမက ပြောဖူးတယ်ဗျာ''

''ဟုတ်ပါတယ် ဆရာ၊ အခု ဆရာတို့ ဘယ်မှာနေလဲ၊ ဆရာမရော''

ဆရာသည် မျက်နှာနည်းနည်းညှိုးသွား၏။

''ခင်ဗျားဆရာမ ကျောက်ကပ်မကောင်းလို့ ဆေးရုံတင်ထားရတယ်ဗျာ၊ အဲဒါ အရေးတကြီးငွေထုတ်ပြီး ခင်ဗျားဆရာမရှိတဲ့ မင်္ဂလာဒုံ ဆေးရုံကြီး လိုက်သွားမလို့ဗျာ''

''ဆောရီးပါ ဆရာ၊ ဒါဆိုရင်လည်း ဆရာမကို ကျွန်တော်နဲ့ တွေ့ကြောင်း ပြောပေးပါဆရာ၊ ကျွန်တော်လည်း ယာယီတာဝန်နဲ့ ကြီးကြပ်ကန့်သတ်ပစ္စည်းထုတ်လာတာမို့ ကိစ္စမပြီးမချင်း အလုပ်က များဦးမှာမို့ ဆရာမဆီ လာနိုင်မယ်မထင်ဘူး''

''ရပါတယ်ဗျာ၊ ခင်ဗျားနဲ့တွေ့ကြောင်း ပြောလိုက်ပါ့မယ်၊ သူလည်း ဝမ်းသာမှာပါပဲ''

ထိုနေ့က အင်းဝဘဏ်၌ ဗိုလ်ကြီးလှမြင့်ခေါ် ဆရာ ဦးလှမြင့်နှင့် တွေ့လိုက်ရပြီး အထက်ပါအတိုင်း စကားအနည်းငယ်ပြောဖြစ်၏။ ဆရာ့ မှာ ကျွန်တော့်ကို ပြောစရာရှိတာလေးပြောပြီး ရေးကြီးသုတ်ပျာနှင့် ပြန်ထွက်သွားတော့၏။

တွေ့ကြတာကလည်း ဖြုန်းစားကြီးမို့ ဘာမှရေရေရာရာ သေသေချာချာ မပြောဖြစ်ခဲ့။ မေးလည်းမမေးဖြစ်ခဲ့။ ဆရာတို့တွင် သားသမီးရှိမရှိလည်းကျွန်တော်မသိ။ ဘာမှ စုံစုံစေ့စေ့ မမေးလိုက်ခဲ့သဖြင့် စိတ်မကောင်းဖြစ်မိပါသေးသည်။

ပြီးတာတွေလည်း ပြီးသွားပါပြီ။ နှစ်တွေလည်း ကြာပြီ။ ယခုဆို နှစ်လေးဆယ်နီးပါး ရှိသွားပြီ။ အားလုံးလည်း အသက်တွေကြီးကုန်



www.burmeseclassic.com

www.burmeseclassic.com



ကြပါပြီ။ ကျွန်တော်ပင်လျှင် အသက်ခြောက်ဆယ်ကျော်သွားပြီဖြစ်ရာ ဆရာတို့ဆိုလျှင် ခုနစ်ဆယ်ကျော်ပေရော့မည်။ ဆရာတို့ ဖနီးမောင်နှင့် ကျန်းခန့်သာ၍ မာရဲ့လားဆိုတာလည်း ကျွန်တော် မသိပါ။

သို့ရာတွင် ငယ်ဘဝက စာသင်ပေးခဲ့သည့် ဆရာ၊ ဆရာမများ အနက်မှ ကျွန်တော့်ရင်တွင် စွဲထင်ကျန်ရစ်နေသည့် ရေဦးမြို့ကလေး ကျွန်တော့်ဆရာမဒေါ်တင်အေးအကြောင်းအား ရေးသားရင်း အတွေး ပုံရိပ် အတိတ်ဟိုဆီအနေဖြင့် မှန်းဆကာ လွမ်းလိုက်ရပါသည် ခင်ဗျား

(၆-၆-၂၀၀၆)

❦ ❦ ❦



# အခန်း(၉)

## အမှတ်တရ တိုက်ခိုက်ရေးကျောင်း

### တိုက်ခိုက်ရေးကျောင်းကို အောက်မေ့သည်

ကျွန်တော်၏ စစ်သားဘဝအနှစ်သုံးဆယ်ကာလ၌ ဗထူးတပ်မြို့က တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်းကြီးကို လေးခေါက် ပြန်ရောက်သည်။ နှစ်ခေါက်က သင်တန်းသား၊ တစ်ခေါက်က သင်္ချေဝင် အရာရှိ၊ နောက်ဆုံးတစ်ခေါက်ကတော့ ကကကျင့်က တွဲဖက်တာဝန်နှင့်။

လေးခေါက်ကြီးများတောင် ရောက်ထားရသည်မို့ ကျောင်းနှင့် ပတ်သက်၍ ကျွန်တော့်မှာ ပြန်ပြောင်းအောက်မေ့စရာ များလှချေ၏။ သို့ရာတွင် နောက်ဆုံးအခေါက်ကိုတော့ အောက်မေ့သတိရဆုံးပါတည်း။

❦

### ၁၉၈၈ ခုနှစ်၊ အရေးအခင်း မတိုင်မီကာလများ

ကကကျင့် တွဲဖက်တာဝန်ဖြင့် ဓမ်ှာ်ဘီဗိုလ်သင်တန်းကျောင်း တွင် ကျွန်တော်ရောက်နေသည်။ ကျွန်တော်တို့အဖွဲ့ခေါင်းဆောင်မှာ ဒုတိယဗိုလ်မှူးကြီးလှသိန်း (ယခုအငြိမ်းစားဗိုလ်မှူးကြီး)၊ အဖွဲ့ဝင်များမှာ ဗိုလ်မှူးစစ်မောင် (ကွယ်လွန်သူ ဗိုလ်ချုပ် သီဟသူရ၊ သူရစစ်မောင်)၊ ဗိုလ်မှူးအောင်ကြည် (ယခု ဗိုလ်ချုပ် အောင်ကြည်၊ ဒုတိယဝန်ကြီး)

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးမင်းလှအောင် (စီးပွားကူးသန်း)၊ ဗိုလ်မှူးခင်မောင်ဝင်း (ယ... ပျဉ်းမနားရေဆင်း လေ့ကျင့်ရေး)၊ ဗိုလ်မှူးကိုကိုထွေး (ယခု မြန်မာ့အ... အားလုံးစုစုပေါင်း ခုနစ်ယောက်။

ကျွန်တော်တို့အဖွဲ့၏ တာဝန်မှာ တပ်မတော်လေ့ကျင့်ရေ... ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ သင်တန်းကျောင်းများ၏ ကာ... ရှည်ကြာနေသော သင်ခန်းစာဟောင်းများအစား ခေတ်နှင့်လျော်ညီသည့် သင်ခန်းစာအသစ်များ အစားထိုးရန် ပြုစုပေးရခြင်းပင်ဖြစ်၏။

မော်ဘီမှာ ကျွန်တော်တို့အဖွဲ့ နှစ်အစပိုင်း သုံးလခန့်အ... အတူနေလိုက်ရ၏။ နိုင်ငံခြားပြန် လေးဦးဖြစ်သော ဒုတိယဗိုလ်မှူးကြီး လှသိန်းနှင့် ဗိုလ်မှူးစစ်မောင်၊ ဗိုလ်မှူးအောင်ကြည်၊ ဗိုလ်မှူး မင်းလှအောင်တို့မှာ ရာထူးတက်သူတက်၊ တပ်ပြောင်းသူပြောင်းနှင့် မော်ဘီဗိုလ်သင်တန်းကျောင်းမှ ပြန်လည်ထွက်ခွာသွားကြ၏။ ထိုအခါ နိုင်ငံခြားမရောက်ဘူးသည့် ကျွန်တော်၊ ကိုခင်မောင်ဝင်း၊ ကိုကိုထွေးတို့ ဆင်၊ မျောက်၊ ခါ သတ္တဝါသုံးဦးသား မော်ဘီတွင် ငေါင်စင်းစင်းနှင့် ကျန်ခဲ့၏။

"ကိုသောင်းဝေက တိုက်ခိုက်ရေးကျောင်းမှာ နည်းပြလုပ်ခဲ့သူ ဆိုတော့ တိုက်ခိုက်ရေးကျောင်း ခြေလျင်တပ်ခွဲမှူးသင်တန်းက သင်ခန်းစာတွေ ပြန်ရေးပေးပါ"

ကကကျင့်သို့ ရောက်သည်နှင့် ဂျီဝမ်း ဒုတိယဗိုလ်မှူးကြီး မြတ်သင်း က ကျွန်တော့်အား အထက်ပါအတိုင်း တာဝန်ပေးခဲ့၏။ ဆရာပြောသည့်အတိုင်း ရေးပါသည်။ သို့ရာတွင် ပုံတော့တယ်ပြီး မသော... သင်ခန်းစာ ပြည့်စုံရေးအတွက် မြေပုံကြည့်ရေးရုံဖြင့်တော့မရ။ တကယ့် ပကတိမြေ အခြေအနေအား ကွင်းဆင်းကြည့်မှသာ ရပါလိမ့်မည်။

ထိုနှစ် သင်္ကြန်မကျမီတစ်ရက်တွင် ဒုတိယဗိုလ်မှူးကြီးမြတ်သင်း က ကျွန်တော့်အား ခေါ်တွေ့၏။



"ဟေ့ ကိုသောင်းဝေ၊ တိုက်ခိုက်ရေးကျောင်းအတွက် သင်ခန်း စာတွေ ပြီးပြီလား၊ ကိုယ်ရေးနိုင်းထားတာ အားလုံးဆယ်ခုနော်၊ အခု ကျန်ခဲ့တဲ့ နှစ်ယောက်နဲ့ပေါင်းပြီး မြန်မြန်ပြီးအောင်ရေးကွာ"

"မြေအခြေအနေမကြည့်ဘဲ မပြီးနိုင်ဘူးထင်တယ် ဂျီဝမ်းကြီး"

"ဟာ၊ ဒါဆိုရင်လည်း လုပ်ဦးလေ၊ မောင်ရင်တို့ကို ဒီမှာ အမြဲတမ်း ခေါ်မထားနိုင်ဘူး၊ ဟိုလေးယောက်တောင် ကကကြည်းက ပြန်ခေါ်လို့ ပြန်လွှတ်ပေးလိုက်ရပြီ"

"အဲဒါဆိုရင်တော့ ဂျီဝမ်းကြီး ကျွန်တော်တို့ကို ဗထူးလွှတ်မှ ရမယ်ထင်တယ်"

"ဒါဆိုရင်လည်း သွားစေဗျာ"

ဤသို့ဖြင့် ၁၉၉၈ ခုနှစ်၊ ဧပြီလသင်္ကြန်ပြီးစ၌ ကျွန်တော်တို့ သုံးဦးသား ရန်ကုန်မှဗထူးသို့ မီးရထားစီး၍ ထွက်ခဲ့ကြ၏။ ဗထူး ရောက်တော့ တိုက်ခိုက်ရေးကျောင်းရှိ အများသိပြီးသား သီရိဂေဟာ အပေါ်ထပ်မှာနေရ၏။ သီရိဂေဟာ၌ ကိုအောင်ကြည်နှင့် ကျွန်တော်တို့ အပတ်စဉ်မှ ကိုကျော်သောင်းတို့ ရှိနှင့်ကြ၏။ သူတို့နှစ်ယောက်နှင့် ကျွန်တော်တို့သုံးယောက်ပေါင်းလိုက်တော့ စုစုပေါင်း ငါးယောက်ပါ။

မမေ့စရာများကား ဒီမှာတင်စပါပြီခင်ဗျာ။

❧

ဗထူးသို့ ကျွန်တော်တို့ရောက်သည့်အချိန်၌ တိုက်ခိုက်ရေး ကျောင်း ကျောင်းအုပ်ကြီးမှာ ဗိုလ်မှူးကြီးထွန်းလွင် (ယခု ကွယ်လွန်) ဖြစ်၍ ဒုတိယကျောင်းအုပ်ကြီးမှာ ဒုတိယဗိုလ်မှူးကြီးသောင်းစိန် (ယခု အငြိမ်းစား)၊ နည်းပြချုပ်မှာ ဒုတိယဗိုလ်မှူးကြီးအောင်ကြည် (ယခု အငြိမ်းစား)၊ တို့ဖြစ်၏။

ကျွန်တော်တို့သည် ကျောင်းအုပ်ကြီးမှတစ်ဆင့် လေ့ကျင့်ရေး ဌာနသို့ သတင်းပို့ပြီး ဘုရင့်နောင် ခြေလျင်ဌာနခွဲ၌ သင်ခန်းစာများ

www.burmeseclassic.com



လေ့ကျင့်ခန်းများကို ရေးသားကြ၏။ ကျောင်းမှပေးထားသည့် (Yel-low Ball) နစ်ဆန်းကယ်ရီယာ ကားကလေးဖြင့် ဗထူးပတ်ဝန်းကျင်တွင် မြေအခြေအနေများအား လှည့်ကြည့်ကြ၏။

မနက်ကို ဗထူးပတ်ဝန်းကျင် ကားတစ်ပတ်စီးပြီး ပြန်ရောက်သည်နှင့် ဖြစ်စဉ်အကြောင်းအရာများ ဖွင့်ကြသည်။ ဖြစ်စဉ်ကို ထုံးစံအတိုင်း အသူရာများဖြင့် ဖွင့်ကြ၏။ ဖြစ်စဉ်(၁) လိုလားချက်-၁၊ ဖြစ်စဉ် (၂) လိုလားချက်-၂၊ ဖြစ်စဉ် (၃) လိုလားချက်-၃ စသည်ဖြင့် ဖြစ်စဉ် (၁) မှ (၇) အထိ ဖွင့်လိုက်ပိတ်လိုက်ဖြင့် အလုပ်ရှုပ်ကြ၏။ အသူရာတပ်များကိုလည်း တပ်ရင်းအဆင့်မှ တပ်တော်အဆင့်ထိ လှုပ်ရှားခိုင်းကြ၏။

သင်ခန်းစာရေးရင်းရေးရင်းဖြင့် ကျွန်တော်တို့သည် တပ်မဲ့အသူရာဗိုလ်ချုပ်ကြီးများ ဖြစ်သွားကြ၏။ လက်နက်ကြီးများကိုလည်း စာရွက်ပေါ်၌ တရစပ် ပစ်ခိုင်းကြ၏။

"ဗျို့ဆန့်ဖုအဖွဲ့တွေ၊ သိပ်ပစ်မနေနဲ့၊ ကျည်ဆန်ဈေးကြီးတယ်ဗျို့"

ကျွန်တော်တို့ သင်ခန်းစာအသစ်များကို ဒိုင်ခံလေ့လာသုံးသပ်ရသည့် အမြောက်သံချပ်ကာဌာနမှူး ဗိုလ်မှူးကြည်ဝင်း (ယခု ဗိုလ်ချုပ်ကြည်ဝင်း၊ ဒုဝန်ကြီး) က မကြာခဏ အစည်းအဝေးများတွင် စတတ်သည်။ ဗိုလ်မှူးကြည်ဝင်းက ကိုခင်မောင်ဝင်းနှင့် တစ်ပတ်တည်းကျောင်းဆင်းသော (DSA) (၁၁) မှ ဖြစ်သည်။

မြေအခြေအနေလည်း ကွင်းဆင်းကြည့်ရ ဘယ်မှလည်းလည်စရာ ပတ်စရာမရှိ၍ တစ်လအတွင်း သင်ခန်းစာလေးငါးခု ရေးပြီးသွား၏။ ကျွန်တော်တို့ရေးပြီးသည့် သင်ခန်းစာများအား ကျောင်းတနည်းပြများနှင့် စုပေါင်းသုံးသပ်၍ နည်းပြချုပ်နှင့် ကျောင်းအုပ်ကြီးထံ တင်ပြရ၏။ ကျောင်းအုပ်ကြီးက အတည်ပြုပြီးက သင်ခန်းစာပြီးသွားပါပြီ။



ကျွန်တော်သည် စရောက်လျှင်ရောက်ချင်း ကျောင်းအုပ်ကြီးအိမ်သွား၍ ရန်ကုန်မှပါလာသည့် လက်ဆောင်များနှင့် ဂါရဝပြုရာ ကျောင်းအုပ်ကြီးက–

"ဆရာသောင်းဝေက ဘယ်ဆိုးလို့လဲ"

ဟု အသိအမှတ်ပြုလိုက်၏။ ရောက်စက "ဘယ်ဆိုးလို့လဲ" ဟု မှတ်ချက်ပြုခဲ့သော်လည်း ထိုမှတ်ချက်မှာ ကြာကြာမခံပါ။

ကျောင်းအုပ်ကြီးသည် စကားပြောလျှင် အသံကျယ်ကျယ်ပြောတတ်၏။ လူကလည်း ထောင်ထောင်မောင်းမောင်းနှင့် ဗလကောင်းကောင်းမို့ အသံနှင့်ရုပ်အလွန်လိုက်၏။ သူကသာ အသံကျယ်ကျယ် စကားပြောသော်လည်း သူများအသံကျယ်ကျယ် စကားပြောလျှင်မူကား မကြိုက်။

တစ်ရက်တွင် ကျောင်းအစည်းအဝေးခန်း၌ လက်နက်ကြီးအမြောက်၊ တင့်ကားနှင့် လေကြောင်းပစ်ကူယူသော တစ်ရင်းတိုက်စစ်အား ဆွေးနွေးကြ၏။ နည်းပြချုပ်မှ ဦးဆောင်ဆွေးနွေးသော်လည်း အရေးပေါ်ကိစ္စပေါ်လာသဖြင့်–

"ဆရာသောင်းဝေပဲ ဦးဆောင်ဆွေးနွေးပါ"

ဟု မှာ၍ နည်းပြချုပ်က အပြင်ထွက်သွားသည်။

ဆွေးနွေးပွဲကို ကျွန်တော်ဦးဆောင်ရ၏။ ဆွေးနွေးရင်း လက်နက်ကြီး ပစ်ကူပေးရာ၌ Tempo ရေချိန်တက်သွား၍ ပစ်သံ၊ ခတ်သံများ တရစပ် ဆူညံသွားသည်။ သူ့ဘက်ကိုယ့်ဘက် ငြင်းခုံကြ သည်။ ငြင်းခုံကြရင်း ကျွန်တော့်အသံ အတော်ကျယ်သွားရာ၊ DQ ဗိုလ်မှူးသန်းထွန်း ပြေးလာသည်။

"ဟေ့ ကိုသောင်းဝေ၊ တိုးတိုးဆွေးနွေးပါဗျာ၊ ခင်ဗျားအသံကြီးက ကျယ်လွန်းတယ်"

"ဟာ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းအုပ်ကြီး ရုံးခန်းမှာ အနားယူနေလို့"

အစည်းအဝေးခန်းမနှင့် ကျောင်းအုပ်ကြီးရုံးခန်းမှာ ကော်ရစ်ဒါသာ ခြား၏။

"ကျောင်းအုပ်ကြီးအနားယူနေလို့ တိုးတိုးဆွေးနွေးပါ" ဆိုသော ဗိုလ်မှူးသန်းထွန်း၏ သတိပေးမှုကို သိပ်ဘဝင်မကျပါ။ သို့ရာတွင် ကိုသန်းထွန်းမှာ ကျွန်တော်နှင့်တစ်မြို့တည်း ရေဦးသားဖြစ်၏။ ထို့ပြင် သနက (၁) တွင်လည်း တစ်နှစ်၊ နှစ်နှစ် အတူနေခဲ့ဖူး၏။ ထို့ကြောင့် အလွန်ရင်းနှီးသည့် ရပ်ဆွေရပ်မျိုးဖြစ်ရာ သူ့အား ဘာစောဒကမှ မတက်လိုက်တော့ပါ။ ကျယ်သည်ဆိုသော ကျွန်တော့်အသံ (volume) ကိုသာ လျှော့လိုက်ရတော့၏။

ကျွန်တော့်အသံကလည်း ဘယ်လောက်များ ကျယ်သွားသလဲတော့ မသိ။ နောက်တစ်ရက် ကျောင်းအစည်းအဝေး၌-ကျောင်းအုပ်ကြီး အောက်ပါအတိုင်း မေးတော့၏။

"ဟေ့ ဆရာသောင်းဝေ၊ မောင်ရင် မနေ့က ကျယ်ကျယ်ကျယ်ကျယ်နဲ့ ဘာတွေပြောနေတာလဲကွ"

"လက်နက်ကြီးပစ်ကူယူတဲ့ တပ်ရင်းတိုက်စစ်ပါ ခင်ဗျာ၊ ပစ်ကူပေးမယ့် အမြောက်သံချပ်ကာအဖွဲ့တွေနဲ့ ငြင်းနေတာပါ"

"အားလား၊ မောင်ရင်က အသံကျယ်ကျယ်နဲ့ အတော် ငြင်းနိုင်တာပဲ၊ ခေါက်ပြန်ရထားမှာ လျက်ဆားရောင်းဖို့ကောင်းတယ်"

ကျောင်းအုပ်ကြီးစကားကြောင့် အားလုံးက ဝါးခနဲ ပိုင်းရယ်မောလိုက်ကြ၏။

ထိုနေ့မှစ၍ ကျွန်တော့်အသံကျယ်ခြင်းအား သူသဘော မကျဘူးဟု မှတ်သားထားပြီးနောက် ဆွေးနွေးပွဲများတွင် ကျွန်တော် လေကို လျှော့ခဲ့ရပါသည်ခင်ဗျား။

✿





ကကကျင့် တွဲဖက်အမိန့်ထွက်စဉ် ကျွန်တော်သည် အောင်လံခလရ (၇၁) မှ ဒုတိယတပ်ရင်းမှူးဖြစ်၏။ ထိုတပ်ကား ကျွန်တော်နေခဲ့ဖူးသမျှ တပ်များထဲ၌ အသက်သာဆုံးတပ်ဖြစ်ပါသည်။ ပထမဖွင့်ခါစက သစ်တောရေးရာဝန်ကြီးဌာနအား လုံခြုံရေးပေးရသည့်တပ် ဖြစ်သည်။ နောက်တော့ အကြောင်းအမျိုးမျိုးဖြင့် အခြားခြေလျင်တပ်များနည်းတူ စစ်ဆင်ရေးတာဝန် ထမ်းဆောင်ရသည်။ သို့ရာတွင် တိုက်ရခိုက်ရတာ မရှိသလောက်ဝါပင်၊ တာဝန်ကား ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခတိမ်းဒေသ၌ (Garrison Duty) ခေါ် နယ်မြေထိန်းတာဝန်ယူရင်း ဝင်ပင်ပန်းပန်းမဟုတ်ဘဲ ပေါ့ပေါ့ပါးပါးသာ တာဝန်ထမ်းဆောင်ရ၍ ဒုတိယတပ်ရင်းမှူးဖြစ်ခါစက ပေါင် ၁၀၀ သာသာရှိသော ကျွန်တော်သည် စားကောင်းသောက်ကောင်းနှင့် ကိုယ်အလေးချိန်များ လျင်မြန်စွာ တိုးတက်လာရာ တစ်နှစ်အတွင်း ပေါင် (၁၂၀) ခန့်ဖြစ်သွား၏။ နေရတာလည်း အလွန်ပျော်၏။ ထိုသို့ ပျော်ရွှင်နေစဉ် ကကကျင့်သို့ တွဲဖက်လိုက်ရခြင်းပင်တည်း။

"ဘာဖြစ်လို့များ ကကကျင့် တွဲလိုက်ရပါလိမ့်"

စဉ်းစားသည်။ အဖြေမရခဲ့ပါ။ ထိုအဖြေကို တိုက်ခိုက်ရေးကျောင်းရောက်မှ သိရတော့၏။

သိပုံက ဒီလိုပါခင်ဗျာ။

ဖွန်လဆန်းတစ်ရက်တွင် ကျွန်တော်တို့ တွဲဖက်ဆရာသုံးဦး ဥစတခေါ် စစ်ဦးစီးတက္ကသိုလ်သို့ စာသွားရေးကြ၏။ ဥစတ်တွင် ကျွန်တော်တို့အပတ်စဉ်မှ ဗိုလ်မှူးတင်အောင်နိုင် (ယခု နယ်စပ်စည်ပင်) နှင့် ဗိုလ်မှူးအောင်ကြည် (ယခုအငြိမ်းစား) တို့ရှိကြ၏။

ရံဖန်ရံခါ သင်ခန်းစာများရေးရာတွင် သူတို့နှင့်တိုင်ပင်ရ၏။ သူတို့က ဥစတက နည်းပြကြီးများဆိုတော့ အကြံကောင်း၊ ဉာဏ်ကောင်းများ ပေးတတ်၏။ ထိုနေ့က သူတို့နဲ့တွေ့ရင်း ကျွန်တော်က မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့၊ ငါ့ကို ဘာဖြစ်လို့ ကကကျင့် တွဲလိုက်တာလဲ မသိဘူးကွ"

"မင်းမသိဘူးလား"

ကိုတင်အောင်နိုင်က မေးသည်။

"မသိဘူးလေကွာ"

"မင်းတကယ်ပြောတာလား"

"တကယ်ပါကွ"

"ဒါဖြင့်လာ၊ ဟော့ကောင်အောင်ကြည့် မင်းပါလိုက်ခဲ့"

ကျွန်တော်တို့သုံးဦးသား ဥစတနည်းပြချုပ်ကြီးရုံးခန်း ရောက်သွားသည်။ ရုံးခန်းတွင် ဘယ်သူမှမရှိပါ။ ကိုတင်အောင်နိုင်က နည်းပြ ချုပ်ကြီး အသေအချာသိမ်းထားသည့် (Grading) စာအုပ်ကြီးထုတ်၍ ပြပါ တော့သည်။

၁၉၈၆ ခုနှစ်၊ စစ်ဦးစီးတက္ကသိုလ် အထူးသင်တန်းအမှတ်စဉ် (၂) မှ သင်တန်းသားများ၏ အမှတ်စာရင်းအရ အဆင့်လိုက် တန်း စာရင်း။

အဆင့်လိုက်ဇယားကို သုံးဦးသား လှန်ကြည့်ကြ၏။

အဆင့်တစ်မှာ ဗိုလ်မှူးစိုးဝင်း၊ နှစ်မှာ ဗိုလ်မှူးစိုးလွင်၊ သုံးမှာ ဗိုလ်မှူးစိန်ဝင်းတို့ဖြစ်ကြ၏။ သုံးယောက်လုံး တပ်ရင်းမှူးတွေ ဖြစ်နေကြပါပြီ၊ လေးမှာ တခြားသူမဟုတ်ပါ၊ ထိုစာရင်းကြီးကို လှန်ပြနေသည့် ဗိုလ်မှူးတင်အောင်နိုင်ကိုယ်တိုင် ဖြစ်နေပါသည်။ ငါးကတော့ တခြားလူဟုတ်ပါရိုးလား၊ ကျွန်တော်ပါခင်ဗျာ။

"အဲဒါပဲ ဟော့ကောင်ရေ၊ ရှေ့ကသုံးယောက် တပ်ရင်းမှူး ဖြစ်နေပြီ။ ငါကလည်း နည်းပြဖြစ်နေပြီ။ သင်ခန်းစာအသစ်တွေပြုစု ဥစတက ကောင်းတဲ့လူတွေရွေးရွေးဆိုတော့ မင်းပဲကျန်တာနဲ့ မင်း ခေါ်လိုက်တာပဲ"



"ဒါဆို တို့အပတ်စဉ်က ကိုစိုးဝင်းနဲ့ ကိုစိုးလွင်တို့တောင် တပ်ရင်းမှူး ဖြစ်နေပြီ၊ ငါ့ကို တွဲဖက်ပေးလိုက်တော့ ငါတပ်ရင်းမှူးဖြစ်ဖို့ ဝေးသေးတာပေါ့၊ တော်တော်နဲ့ မဖြစ်တော့ဘူးပေါ့နော်"

"ဒါကတော့ ဆရာတွေစိတ်ထဲမှာ ရှိတယ်လေကွာ"

ကျွန်တော်သည် (Grading) စာရင်းကြီးအားကြည့်ပြီး စံရွှေမြင့်၏ ကာတွန်းကားထဲကလို ဝမ်းနည်းရမလား၊ ဝမ်းသာရမလား မိသိန်းကြည် ဖြစ်သွားသည်။

ကိုယ် (Grading) ကောင်းတာကိုတော့ ဝမ်းသာပါ၏။ သို့ရာတွင် ဒီအတိုင်းဆို တပ်ရင်းမှူး တော်တော်နှင့် ဖြစ်မည်မထင်။ ကျွန်တော် ဖြစ်ချင်သည်က တပ်ရင်းမှူး။

အခုတော့ သွားပါပြီဗျာ။

ထိုစာရင်းကြီးကိုကြည့်မိပြီး လူကမအီမသာ ဖြစ်သွားသည်။ ထို့ကြောင့် နေ့စဉ်ဂေါက်ကွင်းဆင်း၍ မတတ်တတတ်နှင့် ဂေါက်သီးကိုသာ ဖိရိုက်တော့၏။ ဘောလုံးများကို ပါလာသည့် တုတ်ကလေးများ ကျိုးသွားအောင်ရိုက်ပစ်လိုက်သည်။

"နည်းနည်းလျှော့ပါဦး အစ်ကိုကြီးရာ" ဟု ကိုခင်မောင်ဝင်းနှင့် ကိုကိုထွေးတို့ကပင် တားယူရ၏။

ဖွန်လ ၂၈ ရက်နေ့ ညနေစောင်းတွင် ကျောင်းအုပ်ကြီးနှင့် ဂေါက်ကွင်းတွင်တွေ့သည်။ ကျောင်းအုပ်ကြီးကလည်း ဂေါက်သီးဝါသနာရှင်ကြီးဖြစ်၏။ ဂေါက်သီးကစားသော်လည်း ပါးစပ်က စီးကရက်တော့ မပြတ်၊ စီးကရက်ကိုက်၍ ရှားရှားပါးပါး ဂေါက်ရိုက်တတ်သူဖြစ်၏။

"ဟော့၊ မောင်ရင့်ကို တွေ့တာနဲ့ အတော်ပဲကွ"

"ဟုတ်ကဲ့ အမိန့်ရှိပါ ကျောင်းအုပ်ကြီး"


www.burmeseclassic.com

www.burmeseclassic.com



"ဟိုင်နဲက တောင်ကြီးမှာ သူ့မိန်းမပစ္စည်းတွေ ကျန်ခဲ့လို့တဲ့၊ ကိုယ့်ကိုလှမ်းပြီး အကူအညီတောင်းတယ်၊ အဲဒါ မောင်ရင် သွားယူစမ်းပါ။ သူ့တပည့်တွေ ဗထူးရောက်နေတယ်။ အပြန်ထည့်ပေးလိုက်ရအောင်"

"ဟိုင်နဲဆိုတာက ဘယ်သူပါလဲခင်ဗျာ"

"ဩော်၊ ဂျီဝမ်းကြီးလား"

"ဟုတ်ပါ့ဗျာ၊ နက်ဖြန် မောင်ရင် တောင်ကြီးကို ကသကမှ ဗိုလ်မှူးမြင့်လွင်နဲ့ တက်သွားလိုက်ပါ။ သူ့လည်း ကိုယ်ပြောထားတယ်"

နောက်နေ့ ဖွန်လ ၂၉ ရက်နေ့တွင် တောင်ကြီးကို ကသကမှ ဗိုလ်မှူးမြင့်လွင်ဦးစီးသော (T.-2000) ကားလေးဖြင့် တက်ခဲ့၏။ ရပခသို့ မနက် ၁၀ နာရီခန့်တွင်ရောက်၍ ဂျီဝမ်း ဒုတိယဗိုလ်မှူးကြီးအေးသောင်းအား ဝင်၍ သတင်းပို့၏။

"မောင်သောင်းဝေလေးပါလား။ ဘယ်လိုလဲ သူငယ်ချင်းလေးရဲ့ တပ်ရင်းမှူးလေးဘာလေး မဖြစ်သေးဘူးလားဟ"

ဒုတိယဗိုလ်မှူးကြီးအေးသောင်းက ဆီးပြောသည်။

"မသိဘူးလေဗျာ။ အဲဒါ အစ်ကိုကြီးကိုမေးမလို့၊ ဘာများကြာသေးလဲလို့"

"ဖြည်းဖြည်းပေါ့ ကိုယ့်လူရာ"

"ကကကျင့် တွဲဖက်မို့ ကျွန်တော်လည်း ခါတ်ပျက်နေတယ် အစ်ကိုကြီးရာ"

ကျွန်တော်က ခိုတစ်ကောင်လိုညည်းညူလိုက်၏။ သူက တဟဲဟဲ ရယ်ရင်း–

"သူ့အကြောင်းနဲ့သူပေါ့ ငါ့လူရာ၊ အချိန်တန်တော့ ဖြစ်လာမှာပါ" ဟု နှစ်သိမ့်လိုက်၏။

ဒုတိယဗိုလ်မှူးကြီးအေးသောင်းနှင့် ကျွန်တော့်မှာ တိုင်းသုံးတိုင်းတွင် ဆုံခဲ့ဖူးကြသူများဖြစ်၍ အလွန်ရင်းနှီးပါသည်။ ရပခအား





သတင်းပို့ပြီး ဖြစ်၍ ဒုတိယဗိုလ်မှူးကြီးမြတ်သင်းဇနီး ဒေါ်ခင်ခင်ရွှေ၏ ပစ္စည်းများကို တောင်ကြီးကောလိပ်မှာ သွားသယ်ရ၏။ ဆရာမကြီးက ရန်ကုန်ပြောင်းသွားပြီး ပစ္စည်းများက ကျန်နေခဲ့ခြင်းကြောင့်ဖြစ်၏။

ထိုနေ့က တောင်ကြီးမှ ညနေ (၄) နာရီလောက် ပြန်ထွက်ဖြစ်သည်။ မိုးက သည်းသည်းမည်းမည်း ရွာချသည်။ ပင်ဖြစ်အထွက်တွင် ကားကစလစ်ဖြစ်ပြီး မှောက်မလိုဖြစ်သွားသေး၏။ ကြိုဟ်မင်းတို့ မောင့်ကို မွှေနေလေသလားမသိ။ သီရိဂေဟာ ပြန်ရောက်တော့ ညနေ ၆ နာရီကျော်ပြီ။ မိုးရိပ်ကြောင့် မှောင်စပြုနေပြီ။

"ဗျို့ တပ်ရင်းမှူးကြီး၊ ပြန်လာပြီလားဗျ"

သီရိဂေဟာ အပေါ်ထပ်မှ ဗိုလ်မှူးအောင်ကြည်က လှမ်းအော်၏။ သူက ကျွန်တော် တပ်ရင်းမှူးအလွန်ဖြစ်ချင်နေမှန်း သိသည်။ ထို့ကြောင့် စလိုက်ခြင်းဖြစ်၏။

"ကိုယ့်လူ နောက်မနေနဲ့၊ ဒီမှာ ဆရာဗိုးရဲ့လေဒီပစ္စည်းတွေ သွားသယ်ရတာ၊ မရှိမဲ့ရှိမဲ့ကြားက ငွေလေးငါးရာလောက်ကုန်သွားသေးတယ်။ အရေးထဲ ကားကစလစ်ဖြစ်ပြီး မှောက်ဦးမလို့၊ ရာထူးမတက်ဘဲ အချောင်သေဦးမလို့။ လာဆင်းခဲ့ မောင်ရင့် ဆရာကတော်ပစ္စည်းတွေ ဝိုင်းကူသယ်ပေး"

ကိုအောင်ကြည်က ပြုံးဖြဲဖြဲဖြင့် အောက်ဆင်းလာ၏။ ပစ္စည်းများ ဝိုင်းကူသယ်ရင်း မျက်နှာထားပြန်တည်လိုက်၏။

"အစ်ကိုကြီး၊ ခင်ဗျားကနောက်နေတယ် ထင်သလား၊ နောက်နေတာ မဟုတ်ဘူး။ အောင်လံက အစ်ကိုကြီးအမျိုးသမီးဆီက ဟယ်လီဖုန်းလာတယ်။ အစ်ကိုကြီး ခလရ (၆) ကို တပ်ရင်းမှူးနဲ့ ပြောင်းရတယ်တဲ့ဗျာ"

ကျွန်တော် တွေသွားသည်။ ဟုတ်ပါ့မလားပေါ့။

"ပစ္စည်းတွေထားခဲ့ပြီး အိတ်ချိန်းသွားမေးလိုက်ပါလား"

ကိုအောင်ကြည်က ထပ်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကမီးမက ဖုန်းဆက်တယ်ဆိုရင်တော့ ဖြစ်နိုင်၏။ သူက တပ်ရင်းမှူးကတော် အတော်လုပ်ချင်သူဖြစ်၏။ ဒီကိစ္စအတွက်တော့ မနောက်တန်ရာ၊ ထို့ကြောင့် သီရိဂေဟာနှင့် မျက်စောင်းထိုးရှိ ဆက်သွယ်ရေးတာဝန်စုသို့ ထွက်ခဲ့သည်။ တပ်စုမှ စစ်သည်အားလုံးနှင့် ကျွန်တော်က သိဟောင်းကျွမ်းဟောင်းများ ဖြစ်၏။

"ဟာဗိုလ်မှူး၊ အစ်မဆီက ညနေက တယ်လီဖုန်းလာတယ်၊ ဗိုလ်မှူး ခလရ (၆) ကို တပ်ရင်းမှူးနဲ့ ပြောင်းရတယ်တဲ့"

"ဟေ ဟုတ်လား၊ ကျေးဇူးတင်ပါတယ်ကွာ"

ကျေးဇူးတင်စကားပြောပြီး သီရိဂေဟာသို့ ကမန်းကတန်း ပြန်ပြေး လာ၏။ ကိုအောင်ကြည်တို့၊ ကိုခင်မောင်ဝင်းတို့၊ ကိုကိုထွေးတို့ တစ်ယောက်မှမတွေ့။

စိတ်မငြိမ်၊ လူမငြိမ်ဖြစ်နေ၍ ရေပြေးချိုးလိုက်၏။ အဝတ်အစားလဲကာ တပ်ရင်းမှူး သင်တန်းဆောင်များဘက်သို့ ထွက်ခဲ့၏။ သင်တန်းဆောင်တွင် ရဲမှူးဦးထင်ကျော်နှင့် ဆုံသည်။ သူက တက္ကသိုလ်တုန်းက ကျွန်တော့်သမိုင်းနည်းပြဆရာ၊ နောက်တော့ တပ်ထဲရှေ့ဆင့် နောက်ဆင့် ရောက်ကြပြီး ဟိုဆုံ ဒီဆုံ ဆုံဖြစ်ကြ၏။ ဆရာက ညနေစောင်းမို့ နည်းနည်းပေါက်နေသည်။

"ဟေ့ ဖိုးသောင်းဝေ၊ မောင်ရင် တပ်ရင်းမှူးဖြစ်ပြီ၊ ကိုယ့်ကို ရမ်တိုက်ရမယ်"

"ဆရာ ဘယ်လိုသိတာလဲ၊ ဘယ်သူလာပြောတာလဲ"

"ညနေက တာဝန်မှူးရုံးခန်းရောက်လို့ ကြေးနန်းတွေ ဖတ်လိုက်တော့ မောင်ရင်တပ်ရင်းမှူးဖြစ်တာကို စစ်ရုံးက ကြေးနန်း ပို့ထားတာ ဖတ်ရလို့လေကွာ"

"ဒါဆို ခဏဆရာ"

တိုက်ရိုက်ရေးကျောင်း တာဝန်မှူးရုံးခန်း၌ ကြေးနန်းများကို တွေ့ရပါသည်။





"အမှတ် (ရ၁) ခြေလျင်တပ်ရင်းမှ လေ့ကျင့်ရေး ညွှန်ကြားရေးမှူးရုံးသို့ တွဲဖက်လာသည့် ဒုတိယ တပ်ရင်းမှူး ကြည်း ၁၁၂၀၅ ဗိုလ်မှူး သောင်းဝေအား အမှတ် (၆) ခြေလျင်တပ်ရင်းသို့ ယာယီတပ်ရင်းမှူးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်သည်" ဆိုပါလား။

ဇွန်လ ၂၉ ရက်နေ့ ရက်စွဲဖြင့်ထုတ်ပြန်ထားသည့်အမိန့်အား ကျွန်တော့်ထံသို့ပေးသည့်ကြေးနန်းများတွင် အထက်ပါအတိုင်း တွေ့ရပါသည်။

ကျွန်တော်အင်မတန်ဖြစ်ချင်သော တပ်ရင်းမှူးကို တိုက်ရိုက်ရေးကျောင်း သီရိဂေဟာအပေါ်ထပ်မှာနေရင်း ဖြစ်သွားပါပြီခင်ဗျား။

ထိုညက ကျွန်တော် ကောင်းကောင်းမအိပ်ရပါ။ ဆရာထင်ကျော် ခေါင်းဆောင်သော မိတ်ဆွေများက ကွန်ဂရက်ကျူလေးရှင်းလုပ်ကြရင်း ဒင်နာပေးရန်တောင်းဆိုကြရာ နောက်ဆုံးကျန်သည့် ငွေကလေးဖြင့် စိုးသီတာဆိုင်ကလေး၌ စားသောက်ဖြစ်၏။ ညတစ်နာရီထိုးသွားသည်။ သီရိဂေဟာပြန်ရောက်တော့လည်း တော်တော်နှင့်အိပ်မပျော် တလူးလူး တလိမ့်လိမ့်နှင့် မိုးလင်းသွားသည်။

"ဟော့၊ ကိုယ်တပ်ရင်းမှူး ဖြစ်ပြီကွ"

မိုးလင်းလျှင်လင်းချင်း ကိုခင်မောင်ဝင်းနှင့် ကိုကိုထွေးတို့အား အကျိုးအကြောင်း ပြောရသည်။

"ကွန်ဂရက်ကျူလေးရှင်း အစ်ကိုကြီး၊ ဒါဆို ဘာဆက်လုပ်မလဲ"

"ပြန်မယ်လေကွာ"

"အစ်ကိုပြန်ရင် ကျွန်တော်တို့တော့ မထားခဲ့နဲ့နော်၊ တစ်ပတ်နှစ်ပတ်နားရအောင် ကျောင်းအုပ်ကြီးကို ပြောပေးဦး"

"ရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ရှားရှားပါးပါး ကုတ်ကတ်ချန်ထားသည့် နောက်ထပ် ဝီစကီပုလင်းလေးအား ရင်ခွင်ပိုက်ပြီး ကျောင်းအုပ်ကြီး၏ အိမ်သို့ထွက်ခဲ့၏။

"ဟော့ ဆရာသောင်းဝေ၊ စောစောစီးစီးပါလားကွ၊ ဘာကိစ္စ ရှိလဲ"

"တင်ပြစရာလေးတစ်ခုရှိလို့ပါ ကျောင်းအုပ်ကြီး"

"ပြောပါဗျာ"

"ကျွန်တော် ခမရ (၆) ကို တပ်ရင်းမှူးနဲ့ မနေ့က ပြောင်းမိန့် ထွက်ပါတယ် ကျောင်းအုပ်ကြီး၊ အဲဒါကြောင့် ဒီနေ့သင်တန်းဆင်းမယ့် တပ်ရင်းမှူး သင်တန်းသားတွေနဲ့အတူ ပြန်လိုက်သွားပါရစေ"

"ဟ၊ တပ်ရင်းမှူးဖြစ်ပြီပဲကွ။ သွားစေဗျာ၊ သွားစေ၊ သွားစေ"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ နောက်ထပ်တစ်ခု တင်ပြချင်ပါ သေးတယ်"

"ပြော"

"ကျွန်တော့်အဖွဲ့က ဗိုလ်မှူးခင်မောင်ဝင်းနဲ့ ဗိုလ်မှူးကိုကိုထွေး တို့လည်း ဒီရောက်တာ နှစ်လသုံးလဆိုတော့ (family pass) ခဏ ပြန်ခေါ်သွားချင်ပါတယ်"

"ခေါ်သွားစေဗျာ၊ ခေါ်သွားပါ"

"ဟုတ်ကဲ့ပါ ကျောင်းအုပ်ကြီး ခင်ဗျား"

ကျွန်တော်က ပါလာသည့် ဝီစကီပုလင်းလေးအား ဂါရဝပြုရင်း ကျောင်းအုပ်ကြီးအား အလွန်စမတ်ကျစွာ အလေးပြုပြီး ပြန်ထွက်ခဲ့၏။

"ကွန်ဂရက်ကျူလေးရှင်း ဆရာသောင်းဝေ"

ဗိုလ်မှူးကြီး ထွန်းလွင်ကား ဟောဟောဒိုင်းဒိုင်းနှင့် စိတ်သား ပီသသူ ဖြစ်၏။ ဘာကိုမှ ရင်ထဲတွင် မျိုသိပ်ထားတတ်သူမဟုတ်။ ယခု ကျွန်တော်မှ ရိုးရိုးသားသား သွားတင်ပြရာ ချက်ချင်းလက်ခံခွင့်ပြု လိုက်၏။ ဤကိစ္စအတွက် အမှန်ပင်ကျေးဇူးတင်မိပါသည်။





သီရိဂေဟာသို့ မြူးကြွစွာပြန်ခဲ့၏။

"အစ်ကိုကြီး အဆင်ပြေခဲ့ရဲ့လား"

ရဲဘော်ရဲဘက်နှစ်ဦးက အပေါ်ထပ်က လှမ်းမေးကြ၏။

"All OK"

ကျွန်တော်က လက်မထောင်ပြလိုက်ရာ

"ဒါမှ တို့အစ်ကိုကြီးကွ" သူတို့နှစ်ယောက်က ပြန်အော်ကြ သည်။

ကမန်းကတန်း ယူနီဖောင်းလဲပြီး ကျောင်းရုံးသို့ အပြေးအလွှား ထွက်ခဲ့၏။ နည်းပြချုပ် ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ကို ဝင်သတင်း ပို့ရပါဦးမည်။

"ဟော့ ဖိုးသောင်းဝေ၊ ဘယ်လိုလဲ သင်ခန်းစာတွေ ပြီးပြီလား"

"ဆယ်ခုလုံးပြီးသွားလို့ လေ့ကျင့်ရေးတပ်ရေးဆီ အပ်ပြီးပါပြီ။ ဆွေးနွေးတာလည်း ပြီးသွားပါပြီ၊ စီအိုင်ကြီးနဲ့ ကျောင်းအုပ်ကြီး အတည်ပြု ပေးဖို့ပဲ ကျန်ပါတော့တယ်၊ ကျွန်တော်တို့ အပိုင်းကတော့ ပြီးပါပြီ။ အဲဒါလာသတင်းပို့တာပါ ခင်ဗျ။ ကျွန်တော်လည်း တပ် ပြောင်းမိန့်ထွက်လို့ ဒီသင်တန်းအဖွဲ့နဲ့ တစ်ခါတည်း ပြန်ဖို့ရှိပါတယ် ခင်ဗျ"

"တို့ တပ်ရင်းမှူးသင်တန်းကဟာတွေလည်း ကူဦးလေကွာ၊ မင်းက တူးအိုင်စီလုပ်ရမှာ မဟုတ်လား၊ ဖြည်းဖြည်းပေါ့ကွ"

"ကျွန်တော်က တူးအိုင်စီနဲ့ ပြောင်းရမှာမဟုတ်ပါဘူး။ တပ်ရင်းမှူး တာဝန်နဲ့ ပြောင်းရမှာပါ။ ဒီကိုလာကတည်းက တူးအိုင်စီနဲ့ လာတာပါ"

"ဟေဟုတ်လား၊ မင်းက တပ်ရင်းမှူးတောင် ဖြစ်သွားမှကိုး"

ဒုတိယ ဗိုလ်မှူးကြီးအောင်ကြည်သည်လည်း ခလရ (၆)တွင် နေဖူးပါသည်။ ထိုနေ့မနက် ၉ နာရီ တပ်ရင်းမှူးသင်တန်းဆင်းပွဲတွင် ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးထွန်းလွင်က စီအိုင်ဖြစ်သူအား–

www.burmeseclassic.com

www.burmeseclassic.com



''ဟေ့ ကိုအောင်ကြည်၊ ဆရာသောင်းဝေ ခလရ (၆) တပ်ရင်းမှူး ဖြစ်သွားပြီကွ၊ အဲဒါ ရန်ကုန်ပြန်ခိုင်းလိုက်တော့၊ သူ့လူနှစ်ယောက်လည်း (family pass) ပြန်ထည့်ပေးလိုက်ပါ''ဟု ပြောပါတော့သည်။

နောက်တစ်နေ့ ဇူလိုင်လ ၁ ရက်နေ့တွင် တပ်ရင်းမှူးသင်တန်းသားများနှင့်အတူ ဗထူးမှ ပြန်ထွက်ခဲ့၏။ လွတ်ပြီ ကျွတ်ပြီပေါ့။

နေရစ်တော့ သီရိဂေဟာနဲ့ တိုက်ခိုက်ရေးကျောင်းကြီးရေ။

*

တပ်မတော်တွင် ဘာအဖြစ်ချင်ဆုံးလဲဟု ကျွန်တော့်အား မေးလာပါက ''တပ်ရင်းမှူး'' ဟုသာ ကျွန်တော်ဖြေပါမည်။

အဘယ်ကြောင့်နည်းဟုမူကား တပ်ရင်းမှူးသည် တိုက်ပွဲဝင်တပ်တွေနှင့် အတူနေရသည့် ခေါင်းဆောင်များ၌ အဆင့်အမြင့်ဆုံးဖြစ်သည်။ ထို့ထက် ပိုမြင့်သွားလျှင် တပ်တွေနှင့်အတူ မနေရတော့ဘဲ ဌာနချုပ်များတွင်သာ သီးခြားနေရတော့သည်။ ထိုတိုက်ပွဲဝင်တပ်များနှင့် လက်ပွန်းတတီးနေပြီး အလုပ်လုပ်ကိုင်ရသော အကောင်းဆုံးနေရာမှာ တပ်ရင်းမှူးသာလျှင်တည်း။

ကျွန်တော်အဖြစ်ချင်ဆုံး တပ်ရင်းမှူးတာဝန်ကို ဘယ်လိုမှ ထင်မထားသည့် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း၊ သီရိဂေဟာအပေါ်ထပ်မှာနေရင်း၊ ဘုရင့်နောင်မှာ သင်ခန်းစာတွေ ရေးရင်း ဖြစ်ခဲ့ရ၏။ ဗထူးမှာနေသည့် မိုးဦးကျချိန်ကာလ နွားလပို့တောင်မှ မိုးတွေညို့လာရင် ဗထူး၌ မိုးရွာတတ်၏။ မိုးကတစ်ခါတစ်ရံ အရှေ့မြောက် အနောက်မြင် တောင်တွေဘက်ကလည်း လာတတ်၏။ မိုးမ တောင်ဘက်ကလည်း လာတတ်၏။ သီရိဂေဟာအပေါ်ထပ်မှာနေရင်း မိုးတိမ်တွေကိုကြည့်ပြီး တွဲဖက်မို့ ငါတော့တော်တော်နဲ့ တပ်ရင်းမှူးဖြစ်မှာ မဟုတ်ပါဘူးဟု မကြာခဏ အားငယ်ခဲ့ဖူး၏။ တပ်ရင်းမှူးဖြစ်ပြီဆိုသည့်





ညကလည်း တလူးလူးတလိမ့်လိမ့်နှင့် စိတ်မငြိမ် လူမငြိမ်ဖြစ်ပြီး တော်တော်နှင့် မအိပ်နိုင်ခဲ့။

ဒါတွေကို ပြန်ပြောင်းပြီး အောက်မေ့မိပါသည်။ ကြာတော့လည်းကြာခဲ့ပါပြီ။ ဘာလိုလိုနဲ့ ဆယ့်ခြောက်နှစ်တောင် ကျော်သွားပါပကော။ ဒါပေမယ့် စိတ်ထဲမှာတော့ မနေ့တစ်နေ့ကလိုပင် ထင်နေသေး၏။ နောက်ဆုံးအခေါက်ထွက်လာပြီးကတည်းက ဗထူးနဲ့တိုက်ခိုက်ရေးကျောင်းကြီးကို လုံးဝပြန်မရောက်တော့ပါ။ တစ်ခါတစ်ခေါက် ပြန်ရောက်ချင်ပါသေးသည်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ဘဝ တစ်ဆစ်ချိုးတွင် အရေးပါသည့် နေရာဖြစ်သော တိုက်ခိုက်ရေးကျောင်းကြီးကိုတော့ အမြဲထာဝရ အောက်မေ့သတိရလျက်ပါခင်ဗျား။

၁၀-၁၁-၂၀၀၄

*

## တပ်ခွဲမှူးသင်တန်းတက်ခဲ့စဉ်က အမှတ်တရများ

၁၉၇၈ ခုနှစ်၊ နွေကာလများ။ ကြည့်လေတိုင်း မြူခိုးများနှင့် မှိုင်း နေ၏။ ကမ္ဘောဇ၏နွေက အကျည်းတန် ရုပ်ဆိုးနေသည်။ စိတ်ထဲ၌ တင်းကျပ်မှုများကို ခံစားနေရ၏။ စစ်သားတစ်ဦးအတွက် တိုက်ပွဲတွင် အရေးနိမ့်ခြင်းကို စစ်သက် ဆယ်နှစ်ကျော်အကြာ၌ ပထမဆုံးအကြိမ် နဖူးတွေ့ဒူးတွေ့ ခံစားလိုက်ရသဖြင့် မကျေနိုင် မချမ်းနိုင်ဖြစ်နေ၏။ ရန်သူကို လက်စားချေနိုင်ရေး အချိန်ပြည့်တွေးနေသည်။ သို့ရာတွင် ရန်သူများက သံလွင်အရှေ့ဘက်သို့ ဆုတ်ခွာသွားကြပြီဖြစ်၏။ ဘာမှ လုပ်၍မရတော့။ ထို့ကြောင့်ပင် အရာရာကို ကျွန်တော် ကျေမနပ် ဖြစ်နေသည်။

''ဗိုလ်ကြီးသက်ဦး ဗထူးမှာသင်တန်းတက်ရမယ်တဲ့''

www.burmeseclassic.com

www.burmeseclassic.com



''ဘာသင်တန်းလဲ''

''ခြေလျင်တပ်ခွဲမှူးသင်တန်းပါ''

ဩော်၊ စစ်တိုက်ချင်တယ်ဆိုပါမှ သင်တန်းသွားတက်ရဦးမှာ တဲ့လား။

ဘယ်လိုမှ ငြင်းဆန်မရသဖြင့် ၁၉၇၈ ခုနှစ် သင်္ကြန်အပြီးတွင် ကျောပိုးအိတ်တစ်လုံးလွယ်၍ ကျွန်တော့်တပ်ရင်းရှိရာ ''မိုင်းရယ်'' မြို့လေးမှ ရှမ်းပြည်နယ်တောင်ပိုင်း ဗထူးတပ်မြို့သို့ သင်တန်းတက်ရန် ထွက်လာခဲ့ရ၏။

''ကဲ မေရေ၊ ကိုယ်တော့ သုံးလလောက် ဟိုမှာကြာမယ်။ ကလေးတွေကို ဂရုစိုက်နော်။ သင်တန်းဆင်းလာမှ အေးအေးဆေးဆေး ပြောဖို့ကျန်တာလေးတွေ ပြောကြသေးတာပေါ့''

၁၉၇၈ မတ်လတွင် ဖြစ်ပွားခဲ့သည့် ''နောင်လိုင်ပါဖန်'' တိုက်ပွဲကြီး၌ ကျွန်တော်ပါဝင်သော တပ်ခွဲသည် မိမိထက်အင်အား ဆယ်ဆခန့်ရှိသည့် ဗကပ တပ်မဟာတစ်ခုနှင့် ရင်ဆိုင်တိုးပြီး အကျအဆုံးများစွာဖြင့် ဒရောသောပါးနှင့် ဆုတ်ခွာခဲ့ရ၏။ ရန်သူဗကပများက ကျည်အားလူအား၊ လက်နက်ကြီးပစ်အား လျှိုင်လျှိုင်သုံးကာ တရကြမ်းထိုးစစ်ဆင်ခဲ့သဖြင့် ကျွန်တော်တို့တပ်ခွဲတစ်ခွဲလုံး ရဲရဲတောက် အသေခံကာ တိုက်ပွဲဝင်ခဲ့သော်လည်း ရန်သူ့ထိုးစစ်ကို တစ်ရက်သာ ဟန့်တားနိုင်ပြီး အကျအဆုံးများစွာနှင့် ခွာစစ်ဆင်ခဲ့ရလေသည်။

ထိုစဉ်က ''ကြည့်၊ မလို့၊ မထိ၊ ထိန်းပ၊ ချန်ပ၊ ချန်'' ဆိုသည့် ခွာစစ်နည်းနာများကိုလည်း မလိုက်နာနိုင်ခဲ့တော့ပါ။ ဖရိုဖရဲဖြင့်သာ ဆုတ်ခွာခဲ့ရ၏။ စစ်ပညာမပြည့်ဝသဖြင့် ခံ၊ ခွာ၊ တိုက်၊ ချီစစ်ကဏ္ဍကြီး ၄ ရပ်၏ စစ်ဥပဒေသကြီးများကိုလည်း (Apply) မလုပ်ခဲ့မိပ်။ ထို့ကြောင့် အထိနာသင့်သည်ထက် ပိုနာခဲ့ရပါသည်။ မတ်လအကုန် တပ်မနှစ်ခုဖြင့် ကျဆုံးသွားသော စခန်းများကို ပြန်လည်တိုက်ယူနိုင်ခဲ့ပါသည်။ ပွိုင့် ၆၀၄၁၊ နောင်လိုင်၊ ပါဖန်စခန်းအားလုံးကို ပြန်သိမ်းနိုင်



သည်။ ဧပြီလဆန်း၌ တိုက်ပွဲဝင်တပ်များကို ဒေသခံဗျူဟာမှူးမှ ဂုဏ်ပြုညစာ ထမင်းပွဲတည်ခင်း၏။ နိဂုံးချုပ် အမှာစကားပြောကြားရာ၌–

''နိဂုံးချုပ်မှာချင်တာကတော့ တိုက်ပွဲဝင်တပ်မှူးတွေ စစ်ပညာကျွမ်းကျွမ်းကျင်ကျင်တတ်ထားဖို့လိုတယ်။ မဆုတ်တမ်းခံစစ်စခန်းတွေ သတ်မှတ်ချက်နဲ့ မကိုက်ညီဘူး။ ရန်သူဝင်တိုက်ခံရတဲ့အခါ နာရီပိုင်းအတွင်း ကျသွားတယ်။ အတားအဆီးကောင်းကောင်း မရှိဘူး။ ကြာခံစစ်နေရာတွေ လုပ်မထားဘူး၊ ရန်သူ့လက်နက်ကြီးဒဏ် ခံနိုင်အောင်လည်း ဘာမှုလုပ်မထားဘူး။ ပွိုင့် ၆၀၄၁ တုန်းက ဗိုလ်မှူးသိန်းထွန်းတင်နှင့်အဖွဲ့ကောင်းလို့ ရန်သူကလားရှုံးထိတောင် ဆင်းမယ်လို့ ကြိမ်းဝါးတဲ့အထိ ဖြစ်လာတယ်။ ဒါ့ကြောင့် စစ်မြေပြင်မှာ တိုက်ပွဲဝင် တပ်မှူးတွေ ကိုယ့်အဆင့်နဲ့ကိုယ် လိုက်လျောညီထွေအောင် စစ်ပညာတွေတတ်ဖို့လိုတယ်။ တပ်ရင်းတစ်ရင်းဆိုရင် ချီစစ်မှာ ''ကျယ်၊ ချီ၊ လေ၊ လက်၊ မှန်၊ ချီ၊ စိတ်၊ အုပ်'' ဆိုတဲ့ ချီစစ် ဥပဒေသကို ရနိုင်သလောက် (Apply) မလုပ်ဘူး။ ဒါကြောင့် ကျင်းတူးပြီးစောင့်နေတဲ့ ရန်သူနဲ့တွေ့ပြီး သိပ်နာသွားတယ်။ စိတ်ဓာတ်လည်း မကြံ့ခိုင်ဘူး။ တပ်ရင်းမှူး ကိုယ်တိုင်က ဒဏ်ရာမရဘဲနဲ့ တိုက်ပွဲအတွင်းမှာ ရောဂါပြပြီး ဆေးရုံတက်ပါရစေလို့ တို့ဆီမှာ ခွင့်တောင်းတယ်။ ဒီလိုစိတ်ဓာတ်နဲ့ ဘယ်အောင်မြင်မှာလဲ၊ အဲဒါကို တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး စတဲ့ အရာရှိများ အလေးအနက် နှလုံးသွင်းထားကြပါ။

ကျွန်တော်သည် တပ်ပြန်ရောက်တော့ အထက်ပါ ဗျူဟာမှူး၏ စကားများကို မကြာခဏ ကြားယောင်နေ၏။ တစ်လခန့် စစ်မြေပြင်တွင် အမြောက်သံ၊ စိန်ပြောင်းသံ၊ ဗုံးသံတွေကြား သက်စွန့်ဆံဖျားနေခဲ့ရသည်ကို မမေ့နိုင်ပါ။ ကျဆုံးသွားခဲ့သည့် ရဲဘော်များအတွက်လည်း သွေးကြွေးများပေးဆပ်ချင်သည်။ သို့ရာတွင် ဗျူဟာမှူးကြီး အမိန့်ရှိခဲ့သလို စစ်ပညာမပြည့်ဝဘဲနဲ့တော့ ဘယ်လိုမှ ဒီသွေးကြွေးတွေကို

www.burmeseclassic.com

www.burmeseclassic.com



ကျေအောင်ဆပ်နိုင်မည်မဟုတ်ပါ။ အဲ ဒီလိုတော့လည်း သင်တန်းတက်ရတာ ကောင်းပါသည်။

"ကဲ ဗကပတွေရေ သင်တန်းပြီးမှ တွေ့ကြသေးတာပေါ့"

ဗထူးမသွားခင်တော့ ဖနီးသည်ကိုမှာသင့်တာမှာခဲ့ရ၏။ ရှေ့တန်းက ပြန်လာတာ သိပ်မကြာသေး၊ ရက်အနည်းငယ်သာရှိသေး၏။ ထို့ကြောင့် ပြောစရာတွေကမကုန်ပါ။ သို့ရာတွင် သင်တန်းသွားတက်ရမည် ဆိုတော့လည်း သွားရပါမည်။

အဆိုတော်ကြီး ကိုသိန်းတန်ရဲ့ "မှာချင်တယ် မေမလွမ်းနဲ့ မောင်ကြီးချစ်တဲ့ပန်းကြာနွဲ့ရယ်" ပေါ့ခင်ဗျာ။

ဗထူးကို ဗိုလ်သင်တန်းဆင်းခါစက တစ်ခေါက်သာရောက်ဖူး၏။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့ကလေးနှင့် တစ်ဆက်တည်းဖြစ်ပါ၏။ ရွှေညောင်မှ ၃၆ မိုင်ကွာဝေး၏။ မြောက်ဘက်သို့သွားသော် အင်တော၊ ကျောက်ဂူဒေသသို့ ရောက်၏။ ဂျပန်တော်လှန်ရေးကာလက ကျဆုံးသွားသူ ဗမာ့တပ်မတော်မှ ဗိုလ်မှူးကြီးဗထူးအား ဂုဏ်ပြု တည်ထားသည့် တပ်မြို့ကလေးဖြစ်၏။ စိန့်ပန်းနီနီ၊ လမ်းနီနီ၊ မြေနီနီတွင် အုတ်တိုက်နီနီကလေးများဖြင့် တည်ဆောက်ထား၏။

ဗထူးတပ်မြို့ကလေးကား ကျွန်တော် ပထမအကြိမ် ရောက်စဉ်က ခပ်သေးသေးလေးပါ။ ယခုတစ်ခေါက်ရောက်ပြန်တော့လည်း ခပ်သေးသေးပါပဲ၊ ထူးမခြားနားပါ။ (၁၉၈၈ ခုနှစ်နောက်ပိုင်းတွင်ကား၊ ကားလမ်းရထားလမ်းများနှင့် (Fort Bahtoo) ကား အလွန်သာယာနေပါပြီ)။

ကျွန်တော်တို့သင်တန်းမှာ သင်တန်းသား တစ်ရာခန့်ရှိ၏။ အရှေ့မြောက်တိုင်းမှ ကျွန်တော်အပါအဝင် သင်တန်းသား(၄)ဦးဖြစ်သည်။ သင်တန်းဝင်ဆန်းစစ်ရာတွင် ကျွန်တော်တို့လေးဦးသည် မီတာ (၁၀၀) အပြေးတွင်လည်းကောင်း၊ မီတာ (၁၅၀၀) တွင် လည်းကောင်း၊ (၅)မိုင်လမ်းလျှောက်ရာတွင်လည်းကောင်း၊ ရှေ့ဆုံးမှ ပန်းဝင်နိုင်ကြ၏။

"ဟ နေတံဆိပ်တွေ၊ တယ်အပြေးကောင်းပါလား"



ဟု အခြားသော သင်တန်းသားသူငယ်ချင်းများက စကြ၏။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ လက်မောင်းတံဆိပ်က "နေ" ဖြစ်၏။ ကျွန်တော်တို့ နေတံဆိပ်များသည် ဗကပများနှင့်လည်း ပွဲပေါင်းအတော်များအောင် နွှဲခဲ့ကြသူများဖြစ်၏။ ဥပမာပြရပါက ကွမ်းလုံ ရက် (၄၀) တိုက်ပွဲ၊ ပထမ နောင်လိုင်-ပါဖန်တိုက်ပွဲ၊ ခြူးရွှေတိုက်ပွဲစသည်များဖြစ်၏။ ပွဲများကလည်း အားလုံးပွဲကျဉ်းပွဲကျပ်များဖြစ်၏။ ထိုပွဲစဉ်များကို ရည်ညွှန်း၍ စကြခြင်းဖြစ်၏။

"ဟေ့ အပြေးကောင်းတာမဟုတ်ဘူးကွ၊ လျင်မြန်ဖျတ်လတ်တာ၊ လှုပ်ရှားမှုကောင်းတာ၊ (Mobility) ကောင်းတာ"

ဟု ခေါင်းငုံ့မခံဘဲ ကျွန်တော်တို့က ပြန်လည်ချေပကြသည်။

မှတ်မိပါသေးသည်။ ထိုစဉ်က ကျွန်တော်နေခဲ့သည့် တပ်ခွဲမှူး သင်တန်းဆောင်မှာ စိုးသီတာဘက်က စ,ရေတွက်လိုက်ရင် အဆောင်နံပါတ် 'လေး' ဖြစ်သည်။ ယခုတော့ အဆောင်နံပါတ် ဘယ်လောက်မှန်းမသိတော့ပါ။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က လက်မောင်းတံဆိပ်တပ်ထားသူများအနက် ကျွန်တော်နှင့် အခင်မင်ဆုံးကား D. S. A အမှတ်စဉ် (၉) မှ ဗိုလ်ကြီးစိုးသိန်းဖြစ်၏။ သူနှင့် မော်လမြိုင်ဒေသ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေမှာကတည်းက ခင်မင်လာခဲ့၏။ ကျွန်တော်က ခလရ (၁၉) ဖာပွန်၊ သူက ခမရ (၁၀၂) မဒမ (မုတ္တမ) ခမရ(၁၀၂)ရိပ်သာ၌ ဝင်အိပ်ရပါသည်။ ထိုရိပ်သာလေးက ကျွန်တော်တို့အတွက် အိုအေစစ်လေးလို ဖြစ်နေသည်။ တည်းခိုတိုင်း ရိပ်သာတာဝန်ခံ တပ်ကြပ်ကြီးနှင့်အဖွဲ့က လိုလေသေးမရှိ ပြုစု၍ ကျေးဇူးကြီးလှပါ၏။

"တို့ရိပ်သာကို လာလည်တဲ့လူတွေ၊ စိတ်ချမ်းသာလက်ချမ်းသာဖြစ်အောင် မင်းတို့တတ်နိုင်တာလုပ်ပေးကြ။ သူတို့လည်း မတတ်သာလို့ ဝင်တည်းရတာ၊ တစ်ညတလေတည်းတာ စိတ်ညစ်အောင် မလုပ်လိုက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအတိုင်း မဒမ တပ်ရင်းမှူးကြီးက ရိပ်သာတာဝန်ရှိသူများအား မှာထားသည်ဆို၏။ တပ်ရင်းမှူးမှာ ဒုတိယဗိုလ်မှူးကြီး မြဒင်ဖြစ်ပြီး ဒုတိယတပ်ရင်းမှူးမှာ ဗိုလ်မှူးဂျေအာဒင်တို့ ဖြစ်ကြ၏။ ထိုစဉ်ကပင် အသက်ငါးဆယ်လောက် ရှိနေကြရာ ယခုအခါ အသက်ထင်ရှား ရှိချင်မှရှိမည်။ ရှိရင်လည်း အသက် ၈၀ ကျော် ၉၀ နားကပ်နေကြပါပြီ။

မဒမမှာ ခင်မင်ခဲ့သော ဗိုလ်ကြီးစိုးသိန်းနှင့် လားရှိုးဒေသ၌ပြန်လည်တွေ့နေ၏။ ယခုဗထူးတွင်လည်း ဆုံပြန်သည်။ ကျွန်တော်နေသောအဆောင်၌ ကျွန်တော်တို့အပတ်စဉ်တွင် ဘိတ်လွတ်ရုံသာကျောင်းဆင်းလာသော ကျွန်တော်၏ ဘီစီနံပါတ်နှင့် နံပါတ်ချင်းကပ်နေသည့် စစ်တက္ကသိုလ်အမှတ်စဉ် (၉) မှ ဗိုလ်ကြီးစိုးသိန်း၊ ဗိုလ်ကြီးတင်မြင့်၊ ဗိုလ်ကြီးမောင်မောင်၊ ဗိုလ်ကြီးတင်စိုး၊ ဗိုလ်ကြီးမြင့်စိန်၊ ဗိုလ်ကြီးဝေလင်း၊ ဗိုလ်ကြီးဖိုးရွှေးတို့ဟု ထင်ပါသည်။ အနှစ် (၃၀) ကျော်နေ၍ မှားတာပြုတာလည်း ရှိနိုင်ပါသည်။ သူတို့ပြီးတော့ စစ်တက္ကသိုလ် အမှတ်စဉ် (၁၀)မှ ဗိုလ်ကြီးနေဝင်းဦး၊ ဗိုလ်ကြီးမောင်မောင်သိန်းတို့လည်းပါသည်။ သူတို့နှစ်ဖွဲ့ကြားတွင် ကတ်သီးကတ်သတ်ကြားညှပ်၍ O. T. S (၃၇) မှ ဗိုလ်ကြီးမောင်သိန်းတစ်ယောက် ပါလိုက်သေးသည်။

ကျွန်တော်နေသည့်အဆောင်တွင် ကျွန်တော်က အဆောင်မှူးဖြစ်၏။ ရှေ့တန်းပြန် ကျွန်တော်သည် အထွေထွေ ချွတ်ခြုံကျနေသဖြင့် စာမကြိုးစားပါ။ ညနေသင်တန်းဖြုတ်လျှင် ရွှေလိမ္မော်၊ ရှန်မရှူးမျောက်ညိုနှင့် (Lawk Sawk Rum) စသည့် ဒေသထွက် ယမကာကို မှီဝဲပြီး ပေါက်ကွဲလေ့ရှိ၏။ ကိုစိုးသိန်းတို့အုပ်စုကတော့ စာသရဲများဖြစ်သဖြင့် စာကျက်ကြ၏။ ကိုနေဝင်းဦးနှင့် ကိုမောင်မောင်သိန်းတို့နှစ်ယောက်ကလည်း စာအလွန်တော်၏။ တစ်နေ့ပေးသည့်စာကိုတစ်နေ့ရအောင်ကျက်သည်။ ကျွန်တော်၏ အခန်းဖော် ကိုတင်မြင့်ကြီးလည်း စာတော်သည်။ အမြဲစာကျက်သည်။ ရုံဖန်ရံခါ ဖရိတ်ကြီး (၁၁) သုတ်ပါရွတ်တတ်၏။ သူကရုံးကြီး၊ ကနားကြီးမှာနေခဲ့ဖူးသူမို့ နူးညံ့သိမ်မွေ့၏။ ယမကာဆိုလည်း ဝေါင်ဝေါင်ရှေး၊ ဝေးဝေးရှောင်လေသည်။ ကျွန်တော့်ကိုလည်း –

"ရှုပ်တွေချည်းပဲလိမ့်တွတ်မနေနဲ့ ကိုသက်ဦးလေး၊ စာလေးဘာလေး ကျက်ဦးလေ"

ဟု မကြာခဏ သတိပေးတတ်၏။ အခန်းဖော်ကြီးကို ကျေးဇူးတင်ရပါသည်။

ကျွန်တော်သည် တပ်စုမှူးသင်တန်းမတက်ဘူးပါဘဲ တပ်ခွဲမှူးသင်တန်းကို တန်းတက်ရရာ ဗိုလ်သင်တန်းတက်တုန်းကလို အများအကာ၏နောက်မှ မြက်စားလိုက်နေရ၏။ အရေးထဲ အစာအိမ်ရောဂါပြန်ထလာ၍ ပြင်ပလေ့ကျင့်ခန်းများ၌ သူများလို ဒေါင်ဒေါင်မြည်လုပ်နိုင်ခဲ့။ သို့ရာတွင် နောင်လိုင်တိုက်ပွဲ၌ အထိနာခဲ့သဖြင့် ခံ၊ ခွာ၊ ချိုက်၊ ချီ စစ်ကဏ္ဍကြီး (၄) ရပ်ကိုတော့ ဂဃနဏသိအောင် လေ့လာခဲ့မိပါသည်။ ထိုကိစ္စများနှင့်ပတ်သက်၍ မှတ်မိနေတာလေးတစ်ခု ရှိပါသည်။

ကျွန်တော်တို့ သင်တန်းမှူးမှာ ဗိုလ်မှူးစောမေလ်တန် ဖြစ်သည်။ သူနှင့်ကျွန်တော်က ၁၉၇၂ ခုနှစ်ကတည်းက သိလာကြသည်။ ကျွန်တော့်တပ်က မော်လမြိုင်ကျောက်တစ်လုံး၊ သူက မော်လမြိုင်ရှာခတိုင်း ကွန်မန်ဒိုတပ်ဖွဲ့မှူး သူ့တပ်ဖွဲ့ ကျွန်တော်တို့တပ်တွင်လာနေရသည်။ ထိုအခါ မျိုးချစ်စိတ်ဓာတ် အပြည့်ရှိသော ကျွန်တော့်ဖနီးအရင်မကြီးနှင့် ဗိုလ်မှူးစောမေလ်တန်တို့သည် အမျိုးတူ စကောကရင်များဖြစ်၍ မကြာခဏဆိုသလို ကျွန်တော့်အိမ်လာလည်လေ့ရှိပါသည်။ အတတ်တတတ်ဖြင့် ကျွန်တော်ကရင်လိုမှုတ်သည်ကိုလည်း သူကအားပေးထောင်တတ်၏။

"မောင်ရင့်လေသံက တောသံသိပ်ပေါက်နေတယ်၊ အသုံးအနှုန်း မယဉ်ကျေးဘူး။ ဘယ်ကသယ်ယီလာခဲ့တာလဲ"







www.burmeseclassic.com

www.burmeseclassic.com



ဟုမေးတတ်၏။

ထိုသို့ ပြောသည့်အခါ ကျွန်တော်က မချိုမချဉ်ပြုံးလိုက်ပြီး–

"ဟဲ ဟဲ၊ ဖာပွန်ကလေ"

ဟု ရယ်ကျဲကျဲနှင့် ပြန်ဖြေလိုက်သည်။

"မြို့သံပေါက်အောင် လုပ်ဦး"

ဟု သူကပြောသောအခါ–

"တောသံပေါက်တာ မကောင်းဘူးလား"

ဟု ကျွန်တော်က စောဒက တက်လိုက်၏။

သူနှင့်တစ်နှစ်ခန့် ကျောက်တစ်လုံးတပ်တွင် ဆုံလိုက်ပါသည်။ ယခု ဗထူးတွင် ဆရာတပည့်လာတော်နေရ၏။ တစ်ရက်၌ တိုက်ပွဲ သုံးသပ်ချက်တစ်ခုကို သူကိုယ်တိုင်ပို့ချသည်။ တိုက်ပွဲမှာ ဗိုလ်မှူး သီဟသူရကျင်စံ ကျဆုံးခဲ့ရသည့် ငှက်ဥငှက်ကာ တိုက်ပွဲဖြစ်၏။ ထို တိုက်ပွဲ၌ ဗိုလ်မှူးသီဟသူရကျင်စံ၏ အသက်စွန့်ကာ နောက်ဆုံးမှ ခွာစစ်ဆင်လာခဲ့ပုံအား သင်တန်းမှူးက ချီးကျူးပြောကြားသွား၏။ ထိုတိုက်ပွဲနှင့်ပတ်သက်ပြီး ဆွေးနွေးလိုသူများ ဆွေးနွေးနိုင်ကြောင်း သင်တန်းမှူးမှပြောလေသည်။ အားလုံးက ညနေတန်းဖြုတ်ချိန်နီး၍ သင်တန်းမှူးကြီးကို အတိုက်အခံလုပ်ပြီး မည်သူမျှ မဆွေးနွေး မနေနိုင်မထိုင်နိုင် ဗာလာနမိုက်မဲကျွန်တော်က ဤတိုက်ပွဲ၌ ခွာစစ်ဆင် လာသည်မှာ ခွာစစ် (Procedure) ဖြစ်သည့် "ကြည့်၊ မလို၊ မ ထိန်းပ၊ ချန်ပ၊ ချန်" နှင့် မကိုက်ညီကြောင်း၊ ထို့ကြောင့် ဗိုလ်မှူးကျင်စံ ကျဆုံးရကြောင်းကို ခပ်တည်တည်နှင့် ထဆွေးနွေး လိုက်၏။ ထိုအခါ ဆရာစောမေလ်တန်က ပြုံးလေသည်။

"ကိုသက်ဦးလေးက လုပ်ရော့မယ်၊ "ကြည့်၊ မလို၊ မ ထိန်းပ၊ ချန်ပ၊ ချန်" ဆိုတာ တကယ့် (Conventional) သမားရိုးကျ ကို ပြောတာ။ အခုလို ကွန်မန်ဒိုတိုက်ပွဲကို ပြောတာမဟုတ်ဘူး။ ဒါ လျှပ်တစ်ပြက် ထိုးဖောက်တိုက်ပွဲလေ"





"ကျွန်တော်က ကျသွားတဲ့ ဗိုလ်မှူးကျင်စံကို နှမြောလို့ ပြောမိတာပါ သင်တန်းမှူးကြီးခင်ဗျ"

"မောင်ရင်မှ မဟုတ်ပါဘူး၊ တို့လည်း နှမြောတာပေါ့"

ကျွန်တော် အဆွေးနွေးကောင်းသဖြင့် အချိန်ကြာသွားရာ သင်တန်းသားများက တန်းဖြုတ်ခါနီးမှ အချိန်မကြာကြာအောင် မေးရသလား ဆိုပြီး–

"အတော်လျှာရှည်တဲ့ မိကျောင်းသား"

ဟု ဩဘာပေးကြလေသည်။ ဆရာစောမေလ်တန်ကတော့ သူ့တပည့်အကြောင်းကို သိလာသူမို့ ခွင့်လွှတ်ရှာပါသည်။ သင်တန်းဆင်းတော့–

"ကိုသက်ဦးလေးရေ၊ Conventional သမားရိုးကျစနစ်နဲ့ Special Warfare အထူးစစ်နည်းဗျူဟာတွေ မရောစေနဲ့ မှတ်သွားဦး။ ပစ်ကူး စစ်ဆင်ရေး၊ တောတွင်းစစ်ဆင်ရေး၊ ပြောက်ကျားစစ်ဆင်ရေး၊ ကွန်မန်ဒို ဆိုတာတွေက အထူးစစ်နည်းဗျူဟာတွေ၊ ခံ၊ ခွာ၊ တိုက်၊ ချီ ဆိုတာက သမာရိုးကျစစ်" ဟု မှာလိုက်သည်ခင်ဗျား။

ဆရာစောမေလ်တန်သည် ကျွန်တော်တို့ သင်တန်းပြီးတော့ နယ်ဘက်ကို ပြောင်းသွားရ၏။ စစ်ပညာတော်သူ တစ်ယောက်မို့ တပ်မှ နှမြောသူများ နှမြောကြသည်။ ဆရာကံမကောင်းပါ။ နယ်ဘက်တွင် ရန်ကုန်–ပုသိမ်ခရီးစဉ်၌ ရောနဒီသင်္ဘောနစ်မြုပ်ရာတွင် ဆရာပါသွား သည်ဟု ကြားလိုက်ရ၏။ သူတတ်ကျွမ်းသော စစ်ပညာများ၊ စာနဲ့ပေနဲ့ ကျန်ရစ်ခဲ့သဖြင့် သူသေဆုံးသွားပြီဆိုမှ သူ့ကိုကျွန်တော်တကယ်နှမြော မိပါတော့သည်။ သတ္တဝါတစ်ခု ကံတစ်ခုပေါ့ခင်ဗျာ။

ကျွန်တော်တက်ခဲ့ရသည့် ခြေလျင်တပ်ခွဲမှူးသင်တန်းမှာ သင်တန်းအမှတ်စဉ် (၇၄) ဖြစ်ပါသည်။ ခေတ္တကျောင်းအုပ်ကြီးမှာ ဒုတိယဗိုလ်မှူးကြီးကျော်ဇေယျဖြစ်ပြီး၊ ကျွန်တော်တို့ သင်တန်းပြီးခါနီး တွင် ဗိုလ်မှူးကြီးဝင်းဆွေ ရောက်လာသည် ထင်ပါသည်။ ဒုတိယ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအုပ်ကြီးကား ကျွန်တော့်တပ်ရင်းမှူးဟောင်း ဒုတိယဗိုလ်မှူးကြီး မောင်မောင်ထွန်းဖြစ်၏။

သင်တန်းမှူးမှာ ဖော်ပြခဲ့သည့် ဗိုလ်မှူးစောမေလ်တန်ဖြစ်ပြီး ခြေလျင်နည်းပြများမှာ ဗိုလ်ကြီးထွန်းရီ၊ ဗိုလ်ကြီးမျိုးညွန့်၊ ဗိုလ်ကြီး ထွန်းကြည်၊ ဗိုလ်ကြီးစိုးလှိုင်တို့ဟု မှတ်မိနေ၏။ ဗိုလ်ကြီးထွန်းရီမှာ ရုပ်ရှင်မင်းသမီး မေသဉ္ဇာဦး၏ အဖေဖြစ်သည်။

အမြောက်ဌာနမှူးမှာ ဗိုလ်မှူးမောင်စိုးဖြစ်ပြီး၊ သံချပ်ကား ဌာနမှူးမှာ ဗိုလ်မှူးမြမင်း ထင်ပါသည်။ သိပ်မသေချာပါ။ နှစ်ဦးစလုံး စာသင်အလွန်ကောင်းကြ၏။ ရှင်းခနဲလင်းခနဲ၊ ကွင်းခနဲနေအောင် သင်နိုင်ကြသည်။ ဗိုလ်မှူးမောင်စိုးကား ယခုမန္တလေးစက်မှုဇုန်တွင် မော်တော်ကားများ ထုတ်နေကြောင်းကြားရပါ၏။ နောင်တော်ကြီး အမြောက်မပစ်ရတော့၍ ကားလုပ်နေသည်ထင်ပါ၏။

သင်တန်းသားများထဲ၌ မှတ်မိနေသူများမှာ စာအလွန် ကြိုးစား ပြီး ပထမ၊ ဒုတိယ၊ တတိယရသွားကြသည့် ဗိုလ်ကြီးတင်သောင်း O.T.S (၃၈)၊ ဗိုလ်ကြီးတင်စိုး O.T.S (၃၈) နှင့် သံချပ်ကား ဗိုလ်ကြီးမောင်မောင် O.T.S (၃၁) တို့ဖြစ်ကြသည်။ ဗိုလ်ကြီးတင်စိုးနှင့် ဗိုလ်ကြီးတင်သောင်းတို့ သင်တန်းတွင် သူမသာ ကိုယ်မသာ ဖြစ်နေ ရာက နည်းပြများ အကဲဖြတ်ချက်ဖြင့် နောင်အခါ ဗိုလ်မှူးတင်သောင်း က (Best CC) ဖြစ်သွားပါသည်။ ဗိုလ်ကြီးမောင်မောင်ကတော့ ဉာဏ်အလွန်ထက်သဖြင့် ပုံမှန်ခပ်အေးအေးကြိုးစားရုံဖြင့် တတိယနေရာ ရသွားသည်။ ကျွန်တော်တိုက်ခိုက်ရေးကျောင်းကို နည်းပြနဲ့ ပြန်ရော တော့ ကျောင်းတွင် သူနှင့်ပြန်ဆုံ၏။ သူက သံချပ်ကာနည်းပြ ကျွန်တော်က ခြေလျင်နည်းပြ၊ မကြာခဏသူနှင့်အတူတူ တက်ခဲ့ သည့် ခြေလျင်တပ်ခွဲမှူး သင်တန်းအကြောင်းတွေပြောပြီး ရယ်ရမော ပါသေးသည်။ သူကား ခပ်တည်တည်နှင့် ရယ်စရာ ပြောတတ်သူတည်း။



သင်တန်းသားများထဲ၌ ကျွန်တော် မမေ့နိုင်သူတစ်ဦးမှာ O.T.S (၃၄)မှ ဗိုလ်ကြီးသီဟဗလမောင်ရီ ဖြစ်သည်။ သူ့အားရင်းနှီးသူများက မောင်ရီးဟု ခေါ်ကြ၏။ သူက ရခိုင်ဖြစ်သည်။ ရှိုးသားကြိုးစားရင်း စစ်မြေပြင်တွင် ရဲဝံ့စွန့်စားခြင်းများဖြင့် အခြားအဆင့်မှ ဗိုလ်ဖြစ်လာ သူဖြစ်၏။ ကျွန်တော်နှင့် ၁၉၆၇ ကတည်းက သိကြသည်။ ထိုစဉ်က သူကတိုင်းဗဟို (၄)၊ ဝဲကလိမှ ကျွန်တော်က ခလရ (၁၉) ဖာပွန်၊ ဝဲကလိ၌ တိုက်ပွဲဝင်သင်တန်းတက်ရင်း စတင်တွေ့ကြသည့်အခါ သူက သေးကွေးလှသည့် ကျွန်တော့် ကိုယ်လုံးလေးကိုကြည့်ပြီး–

''ညီလေးက ပျော့ပျော့ဖပ်ဖပ်ကလေးနဲ့ စစ်သားလုပ်တာတို့ ကိုယ့်ညီကစစ်သားမလုပ်ဘဲ ရွှေပိုင်းပြဇာတ်မှာ မင်းသားဝင်လုပ်ရင် ကောင်းတယ်'' ဟု နောက်သလိုပြောင်သလို ပြောတတ်သည်။ ပြောစ မှာပေါ့၊ သီဟဗလမောင်ရီက အလွန်တောင့်တင်းသန်မာ၍ အရပ် ကလည်း ၆ ပေနီးပါးရှိသည်။ ကိုယ်အလေးချိန်ကလည်း ပေါင် ၂၀၀ နီးပါးရှိမည်ထင်သည်။

တောင့်တင်းကြံ့ခိုင်ရုံမက အပင်ပန်းလည်း အလွန်ခံနိုင်သည်။ ထို့ကြောင့် အစာအိမ်ရောဂါဖြင့် ချည့်နဲ့နေသော ကျွန်တော့်အား တပ်ခွဲမှူးသင်တန်း၌ မကြာခဏ ဖေးမစောင့်ရှောက်သည်။ LRP ခေါ် ခရီးရှည် ထိုးဖောက်ချီတက်ခြင်းများတွင် ကျွန်တော့်ကျောပိုးအိတ်ကို ကူသယ်ပေးသည်။

''ညီလေး၊ မနိုင်တာတွေရှိရင် အစ်ကို့ကိုပေး''

ဟုလည်း မကြာခဏပြောတတ်၏။ ကျွန်တော့်ပစ္စည်းများကို အတင်းယူပြီး ထမ်းပေးတတ်၏။ တစ်ယောက်တည်းသေနတ် ၃–၄ လက်လည်း ထမ်းနိုင်သည်။ ထမ်းတတ်သည်။ ကျွန်တော် အစာအိမ် ရောဂါဖြင့် သင်တန်းမှ RTU ဖြစ်လုဆဲဆဲ အခြေအနေတွင် ဗိုလ်ကြီး မောင်ရီနှင့် ကျွန်တော်နှင့် တစ်ပတ်စဉ်တည်းဆင်း သူငယ်ချင်းများ ဝိုင်းဝန်းကူညီကြသဖြင့် သင်တန်းပြီးဆုံးခဲ့ရပါသည်။ ကျွန်တော်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်စဉ်တည်းဆင်း သူငယ်ချင်းများကား ဗိုလ်ကြီးသူရအောင်ထွန်း၊ ဗိုလ်ကြီးတင်အောင်၊ ဗိုလ်ကြီးသောင်းတင်နှင့် ဗိုလ်ကြီးမောင်မောင်ထင်တို့ဖြစ်ကြသည်။ ၎င်းတို့အနက် ဗိုလ်ကြီးသူရအောင်ထွန်းတစ်ယောက်သာ တာဝန်ထမ်းဆောင်ဆဲဖြစ်ပြီး ကျန်အားလုံးကတော့ အငြိမ်းစားယူသူယူ၊ သေသူသေနှင့် တပ်မတော်တွင် မရှိကြတော့ပါ။ ကျွန်တော့်၏ နောင်တော်ကြီး ဗိုလ်ကြီး သီဟဗလမောင်ရီလည်း ဒုတိယ ခြူးရွှေပန်ကောက်တိုက်မွဲဝင်ရင်း (၁၉၈၀) ပတ်ဝန်းကျင်ကာလများက ဂုဏ်ရောင်ပြောင်စွာ ကျဆုံးသွားသည်ဟု သိရပါသည် ခင်ဗျား။

၁၉၇၈ ခုနှစ်၊ ဇွန်၊ ဇူလိုင် မိုးဖြိုင်ဖြိုင်ရွာသည့်ကာလများ၌ တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ခြေလျင်တပ်ခွဲမှူးသင်တန်းတက်နေရာမှ သင်တန်းပြီးဆုံးခဲ့ပါသည်။ ထိုစဉ်က ကျွန်တော်အသက် (၃၀) သာသာ။ ထိုကာလကို ပြန်စဉ်းစားတော့ ယခု အနှစ်(၃၀)နီးပါးရှိပြီ။ ကျွန်တော့်အသက်သည်လည်း (၆၀) ကျော်ခဲ့ပါပြီ။ နောက်ထပ်လူ့ဘဝမှာနေရလှ အနှစ်နှစ်ဆယ် အစိတ်ပေါ့ ခင်ဗျာ။

ကျန်ခဲ့သည့်အနှစ်(၃၀) ဟိုးအဝေးကို နောက်ကြောင်းပြန်မျှော်ကြည့်ရင်း အတိတ်ကိုမှန်းပြီး တပ်ခွဲမှူးသင်တန်းသားဘဝအား လွမ်းလိုက်ရပါတော့သည်ခင်ဗျား''

❧

## ပြည်ထောင်စုကို အသက်ပေးလို့ ခိုကာကွယ်မလေ

အရပ်သားဆရာများအကြောင်း ပြီးသွားတော့ အမှတ်တရအဖြစ် တပ်မတော်က ကျွန်တော့်ဆရာတစ်ယောက်အကြောင်းကို ဖော်ပြလိုပါသည်။ စစ်တပ်ထဲတွင် ကျွန်တော်တို့၏ မူလဆရာများမှာ ဗိုလ်လောင်းဘဝက နည်းပြများဖြစ်၏။ ပထမဆုံးတွေ့ရသည့် ဆရာများ



ဖြစ်၍ သူတို့ကို ဘယ်တော့မှမမေ့ အမြဲသတိရနေသည်။ အရာရှိဖြစ်ပြီးသည့် နောက်တွင်လည်း ဆရာသမားများနှင့် မကြာခဏ ပြန်တွေ့ရသည်။ ထိုသို့ တွေ့ကြသည့်အခါ ရှေးဟောင်းနှောင်းဖြစ်များကို အမှတ်တရ ပြောဖြစ်သည်။ ဗိုလ်လောင်းမဟုတ်တော့၍ ရင်းနှီးမှုကလည်း ယခင်ကထက် ပိုလာ၏။

ယခု ကျွန်တော်၏ဆရာမှာ တိုင်းရင်းသားဖြစ်သည်။ ရှားရှားပါးပါး သူနှင့်ကျွန်တော် သံယောဇဉ်သွားဖြစ်မိ၏။ သူသည် တပ်ရင်းမှူးဘဝ၌ စစ်မြေပြင်တွင် ကျဆုံးသွားခဲ့သည်။ ဆရာ့ကိုဂုဏ်ပြု၍ ဝတ္ထုတစ်ပုဒ် ကျွန်တော် ရေးမိပြန်သည်။ ထိုဝတ္ထုအား ယခု ထည့်သွင်းဖော်ပြလိုက်ပါသည်။

❧

ကျွန်တော်တို့ ဗိုလ်လောင်းကျောင်းသားဘဝက သင်ကြားပြသပေးခဲ့သော နည်းပြအားလုံးအား လက်ဦးဆရာအဖြစ် လူတိုင်းက ယခုထက်တိုင် ချစ်ခင်နေကြသည်။ လွန်ခဲ့သည့် အနှစ် ၄၀ ခန့်က ဆရာတပည့် သံယောဇဉ်မှာ ယခုအချိန်ထိ ခိုင်မြဲနေဆဲ။

၁၉၆၆ က ဆရာဖြစ်ခဲ့သည့် နည်းပြအရာရှိကြီးများနှင့် ကျွန်တော်တို့ ယခုအချိန်ထိ နှစ်စဉ်တွေ့ဆုံကြစမြဲ အားလုံးလိုလိုပင်စင်စားများ ဖြစ်နေကြပြီ။ ထိုသို့ဆုံတိုင်းရှေးဟောင်းနှောင်းဖြစ်များကို ပြောဖြစ်စမြဲ။ ထိုအခါ ရှိသူနှင့်မရှိသူ မရှိသူအကြောင်းကို ပိုပြောဖြစ်စမြဲ။ ယခုလည်း ပြီးခဲ့သည့်ရုံးပိတ်ရက်က မမျှော်လင့်ဘဲ ဆရာများနှင့် တပည့်များဆုံကြရာ ဆရာများထဲမှ မရှိတော့သူတစ်ဦးအကြောင်းကို ပြောဖြစ်ကြ၏။

ထိုဆရာနှင့်ပတ်သက်၍ ကျွန်တော့်မှာလည်း ပြောစရာလေးတွေ ရှိနေပါသည်။

မြရတနာစာပေ
www.burmeseclassic.com

www.burmeseclassic.com



၁၉၆၆ ခုနှစ်၊ သင်္ကြန်ပြီးစတွင် ကျွန်တော်တို့ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃၆) အား မှော်ဘီဗိုလ်သင်တန်းကျောင်း၌ ဖွင့်၏။ ကျွန်တော်တို့ရှေ့၌ အမှတ်စဉ် (၃၅) စည်သူတပ်ခွဲရှိသည်။ ကျွန်တော်တို့ အမှတ်စဉ် (၃၆) က သူရတပ်ခွဲ။

စည်သူတပ်ခွဲ တပ်ခွဲမှူးမှာ ဗိုလ်ကြီးထွန်းရွှေ၊ သူရတပ်ခွဲ တပ်ခွဲမှူးမှာ ဗိုလ်ကြီးကျော်ခင်ဝင်း၊

ဗိုလ်ကြီးကျော်ခင်ဝင်းက ဘိုင်းရင်းသား စကောကရင်လူမျိုးဖြစ်ပြီး သဘောသကာယ အလွန်ကောင်း၍ သူရတပ်ခွဲမှ ဗိုလ်လောင်းများက အလွန်ချစ်ကြ၏။ ဗိုလ်ကြီးကျော်ခင်ဝင်းက ဗိုလ်လောင်းများကို ညင်ညင်သာသာ ကိုင်တွယ်၏။ ကြင်ကြင်နာနာ ဆက်ဆံ၏။ တပ်ခွဲမှူးကြီးက သဘောထားပျော့ပျောင်းသော်လည်း တပ်ခွဲအရာရှိများဖြစ်သော ဗိုလ်ကြီးမောင်ချစ်၊ ဗိုလ်ကြီးမောင်သိန်း၊ ဗိုလ်ကြီးတင်ဝင်းနှင့် ဗိုလ်လှမြင့်ကျော်တို့က ကျွန်တော်တို့အား စစ်ပုံစံကျအောင် စည်းကမ်းကို ခပ်တင်းတင်းကြပ်ကြပ် ကိုင်လေသည်။

တပ်ခွဲအရာရှိများသာမဟုတ်။ စစ်ရေးပြမှူး ဗိုလ်ကြီးသိန်းလင်းကလည်း စည်းကမ်းအတော်ကိုင်၏။ ထို့ကြောင့် ဗိုလ်လောင်းများ စစ်ရေးပြကွင်းတွင် သိပ်မသက်သာကြပါ။ ပထမအခြေခံသုံးလ၌ နေ့စဉ် လျှာထွက်အောင် လေ့ကျင့်ကြရပါသည်။ နေပူပူလေပူပူမို့ စစ်ရေးပြကွင်းထဲတွင် လူတိုင်း အမောဆို့၍ ချွေးစက်စက် ချောင်းလျှံထွက်ကြရ၏။

''ချွေးထွက်များမှ သွေးထွက်နည်းမယ်တဲ့ဟေ့၊ လုပ်ထား ဘာတဲ့လဲ၊ ငါဟဲ့ယောက်ျား''

ကိုယ့်ကိုယ်ကိုယ်လည်း အားပေးရသေး၏။

စစ်ရေးပြပြီးတော့ နေ့လယ်ပိုင်းတွင် လက်နက်ငယ်များ သင်ရသည်။ W T Shed ခေါ် လက်နက်ငယ် သင်တန်းဆောင်များတွင် သင်ကြားရရာ အရိပ်အောက်မို့ စစ်ရေးပြထက် အများကြီး သက်သာ၏။





လက်နက်ငယ် တာဝန်ခံနည်းပြအရာရှိမှာ ဗိုလ်ကြီးအောင်လှစိန်ဖြစ်၏။ သူကား အရွယ်အတော်ရပြီ။ အပြောအဆို အသင်အပြကောင်းပြီး ရှားရှားပါးပါး နည်းပြထဲ၌ ဗိုလ်လောင်းကျောင်းသားများအား ညှာညှာတာတာ ဆက်ဆံတတ်သူဖြစ်၍ ဗိုလ်လောင်းများက သဘောကျကြ၏။ အခြား နည်းပြအရာရှိများက အပြစ်ဖြစ်သူ ဗိုလ်လောင်းများအား အမှတ်ဖြတ်ခြင်း၊ ရုံးတင်ခြင်းပြုသော်လည်း သူကတော့ အပြစ်ဖြစ်သည့် ဗိုလ်လောင်းအား–

''ဟို ဗိုလ်လောင်းနော်''

ဟု လက်ညှိုးထောင်သတိပေးလောက်သာ လုပ်တတ်၍ ကျွန်တော်အပါအဝင် ခပ်ညံ့ညံ့ဗိုလ်လောင်းများက သူ့ကို အလွန်ကြိုက်၏။

နေ့စဉ် မနက်ပိုင်း နေ့တစ်ဝက်လောက် ပင်ပန်းခဲ့ကြသော ဗိုလ်လောင်းများသည် နေ့လယ်စာ စားပြီးချိန်၌ နားနားနေနေ သင်ရသည့် လက်နက်ငယ်သင်တန်းချိန်ကိုသာ တမ်းတကြ၏။ ထိုအချိန်ကျမှ အရိပ်အောက်၌ နားရပြီး လေလေးတဖြူးဖြူးတွင် ငိုက်ရမည်။ နည်းပြများအလစ်တွင် ထမင်းလုံးစီရမည် မဟုတ်လား။

နှစ်ဝက်လောက်တွင် ကျွန်တော်တို့အလွန်ကြိုက်သော ဗိုလ်ကြီးအောင်လှစိန်တစ်ယောက် ဖြုန်းခနဲ မပြောမဆိုနှင့် ဗိုလ်သင်တန်းကျောင်းမှ ရုတ်တရက် ပြောင်းရွှေ့သွား၏။ ကျွန်တော်တို့ ဗိုလ်လောင်းကျောင်းသားများ စိတ်မကောင်းဖြစ်သွားကြသည်။

သူ့နေရာ ဘယ်သူရောက်လာမှာပါလိမ့်။

ဖွဟဲ့၊ ဘုရားသိကြားမလို့ လူကောင်းပဲ ရောက်ပါစေဗျား။

✿

ဗိုလ်ကြီးအောင်လှစိန်အစား နည်းပြအရာရှိအသစ် ရောက်လာပြီ။ ဒီနေ့ လက်နက်ငယ်အကြောင်း စသင်မည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် ကျွန်တော်နှင့်လက်နက်များအကြောင်း အနည်းငယ် ပြောလိုပါသေးသည်။

ကျွန်တော်သည် လက်နက်များဖြင့် အလွန်အလှမ်းဝေးသူဖြစ်သည်။ လက်နက်များကို ကြောက်လည်းကြောက်၏။ ငယ်စဉ်က သေနတ်ဆို ဝေးဝေးကရှောင်၏။ ဗဟုသုတမရှိသော တောသားဖြစ်၍ အလကားနေရင်း သေနတ်ပြောင်းဝမှ ကျည်ထွက်လာမည်ဟု ထင်တတ်၏။ တက္ကသိုလ်ရောက်၍ ဘွဲ့ရပြီးသည့်တိုင် ထိုသို့ ဖြစ်မည်ဟု ထင်နေဆဲ။ ထို့ကြောင့် တကယ်တမ်း သေနတ်နှင့်နဖူးတွေ့ ဒူးတွေ့တွေ့တော့ လက်နက်ငယ်တွေအကြောင်း နားလည်အောင် အထူးကြိုးစားသည်။ ကလေးဘဝက ရှေးရွာနတွင် မကြာခဏ အထူးအဆန်းသဖွယ်မြင်ခဲ့ရသော ဘရင်းဂန်းသေနတ်ကြီးအကြောင်း သင်ရသည့်အခါ ထိုသေနတ်ကြီး၏ စက်အစိတ်အပိုင်းလှုပ်ရှားမှုကိုသာမက သေနတ်၏စွမ်းရည်နှင့် လက္ခဏာအရပ်ရပ်ကိုပါ သိအောင် အထူးကြိုးစားခဲ့၏။ မေးခွန်းများလည်း နည်းပြများအား မကြာမကြာမေး၏။ အမေးကောင်းသဖြင့် အခြားဗိုလ်လောင်းများမှ လှာရှည်ရန်ကောဟု မေးငေါ့ခြင်းကိုပင် ခံခဲ့ရဖူးပါသည်။

ယခုလည်း လက်နက်အသစ်အဆန်းတစ်မျိုးလာပြန်ပါပြီ။ စိန်ပြောင်းတဲ့။ ယနေ့မှစသင်သည့် စိန်ပြောင်းက အခြားလက်နက်ငယ်များနှင့်မတူပါ။ ဟိုတုန်းကလည်း မမြင်ဘူးခဲ့ပါ။ ယခုဗိုလ်သင်တန်းတက်မှ စိန်ပြောင်းကို ဂဃနဏမြင်ဖူးပါတော့သည်။

''ဒီနေ့ ဗိုလ်လောင်းများကို သင်ကြားပြသမှာကတော့ စိန်ပြောင်း အမျိုးမျိုးအကြောင်းပါပဲ။ စိန်ပြောင်းကို အင်္ဂလိပ်လို Mortar လို့ ခေါ်တယ်။ စိန်ပြောင်းဟာ အခြားလက်နက်ငယ်များလို ပြောင်းထဲမှာ ကျည်သွင်းပြီး ပြောင်းရစ် Rifling နဲ့ ပစ်ရတဲ့ လက်နက်မဟုတ်ဘဲ ပြောင်းချောလက်နက် ဖြစ်တယ်''





''စိန်ပြောင်းရဲ့ ထူးခြားချက်ကတော့ သူ့ကျည်ဟာ Bullet မဟုတ်ဘဲ။ ပေါက်ကွဲစေတဲ့ Explosive ဗုံးသီးသာဖြစ်တယ်။ ဗုံးသီးများကို Cartridge ပို့ကျည်များနဲ့ ပစ်ရတယ်။ ပို့ကျည်ယမ်းအားပေါ်မှာမူတည်ပြီး ဗုံးသီးက အကွာအဝေးသွားလေ့ရှိတယ်''

''စိန်ပြောင်းအမျိုးအစားကတော့ အငယ် နှစ်လက်မစိန်ပြောင်း၊ ၆၀ မီလီမီတာစိန်ပြောင်း၊ အလတ် သုံးလက်မစိန်ပြောင်း၊ ၈၁ မီလီမီတာ စိန်ပြောင်း၊ ၈၂ မီလီမီတာ စိန်ပြောင်းနဲ့ အကြီးဆုံးကတော့ ၁၂၀ မီလီမီတာ စိန်ပြောင်းများပဲ ဖြစ်ပါတယ်။''

''စိန်ပြောင်းဟာ Aim Fire တည့်မတ်စွာ ချိန်ပစ်ရတဲ့ လက်နက် မဟုတ်ဘဲ ၄၅ ဒီဂရီခန့် ရှေ့ကိုစောင်းပြီးပစ်ရတဲ့ ကွက်ကျယ်ပစ် လက်နက်ဖြစ်တယ်။ စိန်ပြောင်းကျည်လို့ ပြောရတဲ့ဗုံးသီးများကို စိန်ပြောင်းထိပ်ဝကနေပြီး ထည့်ရတယ်။ စိန်ပြောင်းငယ်များမှာတော့ ဗုံးသီးထည့်ပြီး ခလုတ်ကိုနှိပ်ရတယ်။ စိန်ပြောင်းအလတ်နဲ့ အကြီးများကတော့ ပစ်ခလုတ်အသေတပ်ဆင်ထားတဲ့အတွက် ဗုံးသီးများကိုထည့်လိုက်တာနဲ့ ပစ်ငုတ်နဲ့ Cartridge ပို့ကျည်ထိပြီး ချက်ချင်းပစ်ပြီးသားဖြစ်တယ်''

''ဒါဟာ စိန်ပြောင်းများနဲ့ပတ်သက်ပြီး ပဏာမဖြစ်တယ်''

''ဗိုလ်လောင်းကျောင်းသားများ အခုပြောသွားတဲ့ ပဏာမရှင်းလင်းချက်ကို သဘောမပေါက်တာရှိရင် မေးနိုင်တယ်''

ကျွန်တော်တို့အားလုံး ကနေ့ လက်နက်ငယ်နည်းပြ အရာရှိအသစ်နှင့် ရင်ဆိုင်ရသည်။ အရာရှိအသစ်မှာ ဗိုလ်အဆင့်ရှိ၍ သင်ကြားမှုမှာ နည်းပြကောင်းများတွင်ရှိရမည့် ဟန်အမူအရာနှင့် မိမိသင်ကြားမည့်ဘာသာရပ်၌ ကျွမ်းကျင်ပိုင်နိုင်ပုံပေါက်၏။

ရုပ်ချောချော၊ အသက်ငယ်ငယ်၊ အင်္ဂလိပ်လိုလည်း အတော်ကြည်မြပီသအောင်ပြောနိုင်၍ တက္ကသိုလ်မှဘွဲ့ရပြီး တပ်သို့ဝင်လာကြသည့် ကျွန်တော်တို့ ဗိုလ်လောင်းများက သဘောကျကြသည်။ ယခု



www.burmeseclassic.com

www.burmeseclassic.com



နည်းပြအရာရှိလေးနှင့် ယခင်ဗိုလ်ကြီးအောင်လှစိန်မှာ အစ်ကိုကြီးနှင့် ညီငယ်လေးလောက်သာ ရှိမည်ထင်၏။ သူသည် ကျွန်တော်တို့ တပ်ခွဲမှ အချို့ဗိုလ်လောင်းများထက်ပင် အသက်ငယ်ပေလိမ့်ဦးမည်ထင်၏။ လေသံအရမူ တိုင်းရင်းသားတစ်မျိုးမျိုး ဖြစ်လိမ့်မည်ဟု ယူဆရသည်။

ထို့ကြောင့် ဘေးနားရှိ ကျောင်းသားနံပါတ် ၁၂ ကိုအေးကိုကြီးကို လက်ကုတ်၍ မေးလိုက်မိသည်"

"ဒီနည်းပြအရာရှိက စာသင်ကောင်းသားပဲ၊ ဘယ်သူလဲ မသိဘူး"

"ကိုယ့်လူကလည်း ဒိုက်နေပြီးတော့ Time Table အချိန်စာရင်းမှာ ဘယ်သူဆိုတာ မဖတ်ခဲ့ဘူးလား"

"မဖတ်မိခဲ့ဘူးဗျ"

"ဗိုလ်ကြီးအောင်လှစိန်နေရာရောက်လာတဲ့ ဗိုလ်အယ်လ်ဇော်ဘွမ်းတဲ့"

"အင်း ထင်တော့ထင်တယ်ဗျ၊ စကားနည်းနည်းဝဲသလိုလိုမို့ တိုင်းရင်းသားတစ်မျိုးမျိုးတော့ ဖြစ်မယ်လို့"

"ကိုယ့်လူကလည်း အယ်လ်ဇော်ဘွမ်းပါဆိုမှတော့ တိုင်းရင်းသားပဲပေါ့ ဟ၊ ကချင်လေ"

"ကဲ တော်ပြီ တော်ပြီ၊ စကားများလို့ အမှတ်ဖြတ်ခံနေရဦးမယ်"

နည်းပြဗိုလ်အယ်လ်ဇော်ဘွမ်းက ပဏာမရှင်းလင်းပြီး၍ ဆက်လက်သင်ကြားရန် ဟန်ပြင်၏။ မသင်မီ သင်တန်းထုံးစံအတိုင်း မေးလိုက်သည်။

"ဗိုလ်လောင်းများ ဘာမေးစရာရှိလဲ"

"ဟုတ်ကဲ့၊ မေးချင်ပါတယ်ခင်ဗျ၊ လက်မနဲ့မီတာ ဘာကွာပါသလဲ ခင်ဗျ"

ကျွန်တော်၏ အူကြောင်ကြောင်အမေးကို အခြားဗိုလ်လောင်းများက ဝါးခနဲရယ်ကြ၏။



"ကျောင်းသားနံပါတ် ၁၁ ကတော့ ကယောင်ချောက်ချားနဲ့ လုပ်ပြီဟေ့"

ဗိုလ်လောင်းအချို့က ဆိုကြသည်။

အချင်းချင်းက သဘောမပေါက်သော်လည်း နည်းပြအရာရှိကတော့ သဘောပေါက်ပုံရသည်။

'နှစ်လက်မစိန်ပြောင်းတို့ သုံးလက်မစိန်ပြောင်းတို့ဆိုတာက အင်္ဂလိပ်တွေ သုံးတာပါ။ မီလီမီတာစိန်ပြောင်းတွေကတော့ အမေရိကန်နဲ့ ဥရောပနိုင်ငံအတော်များများက သုံးကြတာဖြစ်တယ်'

"ကဲ ဘာမေးဦးမလဲ"

"ဟုတ်ကဲ့ မေးချင်ပါတယ်ခင်ဗျ၊ ချိန်ပစ်လို့မရဘူးဆိုတော့ စိန်ပြောင်းနဲ့မှန်အောင် ဘယ်လိုပစ်မလဲခင်ဗျာ"

ကျွန်တော့်အမေးကို နည်းပြအရာရှိက နားထောင်ပြီး ပြုံးလိုက်၏။ ဘေးနားရှိ သင်တန်းသားအတော်များများက ဒီကောင် လျှာရှည်နေပြန်ပြီဟု ဆိုကြ၏။ နည်းပြအရာရှိက ကျွန်တော့်ကျောင်းသားနံပါတ်အား စူးစူးစိုက်စိုက်ကြည့်ပြီး–

"ကျောင်းသားနံပါတ် ၁၁၊ အဲဒါတွေ နောက်သင်ခန်းစာမှာ ပါမယ်လေ၊ လာမှာပေါ့"

ဟု ဆိုလေတော့သည်။ ပထမဆုံးသင်ခန်းစာတွင် စမေးခံရသဖြင့် မေးသူကျွန်တော့်အား ကောင်းကောင်းမှတ်မိသွားပုံရ၏။ ထို့ကြောင့် နောင်တွင် လက်နက်ငယ်လာရောက်ပို့ချတိုင်း ဗိုလ်ကြီးအယ်လ်ဇော်ဘွမ်းက ကျွန်တော့်အား "ကျောင်းသားနံပါတ် ၁၁ ဘာမေးဦးမလဲ" ဟု အမြဲလိုလို မေးတတ်၏။

ဤကဲ့သို့ ပေါက်ပေါက်ရှာရှာ မေးခွန်းများ မေးတတ်သူ ကျွန်တော့်အား ဗိုလ်သင်တန်းကျောင်းမှ နည်းပြတိုင်းရင်းသား အရာရှိများက အားလုံးလိုလို သိကြပါသည်။ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်

www.burmeseclassic.com

www.burmeseclassic.com



၃၆ ၌ ကျောင်းသားနံပါတ် ၁၁ ကား ခေသူမဟုတ်၊ နာမည်ကြီး ကယောင်ချောက်ချားမို့ လူတိုင်းက သိကြပါသည်ခင်ဗျား။

ထိုစဉ်က ဗိုလ်သင်တန်းကျောင်း၌ တိုင်းရင်းသားအရာရှိ လေးငါးဦး ရှိသည်။ ဗိုလ်မှူးဖခန်းမွန်း၊ သူကရှမ်း။ ဗိုလ်ကြီးဝဖိုင်နော်၊ ဗိုလ်ကြီးရှမ်ထမ်းဂမ်တို့က ကချင်နှင့် ကျွန်တော်တို့သူရတပ်ခွဲ တပ်ခွဲမှူး ဗိုလ်ကြီးကျော်ခင်ဝင်းတို့က ကရင်တို့ပင်တည်း။

ဒါတောင် လေထီးသင်တန်းကျောင်းက လာတွဲထားသည့် သရုပ်ပြတပ်ခွဲမှူး ဗိုလ်ကြီးမင်းအောင်စိန်မပါသေး။ သူကား မွန်လူမျိုး ဖြစ်၏။

ယခုရောက်လာသည့် ဗိုလ်အယ်လ်ဇော်ဘွမ်းမှာလည်း ဗိုလ်ကြီး ဝဖိုင်နော်နှင့် ဗိုလ်ကြီးရှမ်ထမ်းဂမ်တို့လို ကချင်ပင်ဖြစ်၏။ သို့ရာတွင် ငယ်ရွယ်ဖျတ်လတ်ပြီး အင်္ဂလိပ်စာ လေယူလေသိမ်းကောင်း၊ အပြော ကောင်းသဖြင့် ဗိုလ်လောင်းများက သဘောကျကြ၏။ ကျွန်တော်လည်း သဘောကျပါသည်။ လပေါင်းအတော်ကြာသောအခါ ဆရာတပည့် ပို၍ပို၍ ရင်းနှီးလာပါသည်။ ဗိုလ်ကြီးအယ်လ်ဇော်ဘွမ်းကား ကွတ်နိုင် ခရိုင် မုံးစီးနားလယ်ဇာတိဖြစ်ပြီး ငယ်စဉ်က သာသနာပြုကျောင်းများမှာ အင်္ဂလိပ်စာသင်ခဲ့ရသဖြင့် သူ့အင်္ဂလိပ်စာအသံထွက်မှာ မြန်မာ့အသံ အင်္ဂလိပ်ပိုင်းအစီအစဉ်က လွှင့်နေသလားထင်ရ၏။ ဒူဝါ အယ်လ်ဇော် လွမ်းနှင့် ဒူကျာအမ်နန်မိုင်တို့မှ မွေးဖွားသည်ဟု ဆို၏။ ဆရာသည် ကျွန်တော်နှင့်နောက်ပိုင်းတွင် အလွန်ရင်းနှီးခဲ့သည်။

ကျောင်းဆင်းတော့ ဆရာနှင့်ဝေးခဲ့ရပါသည်။

ဆယ့်နှစ်ကျော်ကြာသွားပါပြီ။

၁၉၇၇ ခုနှစ်၊ နှစ်ဦးအစ။



မိုင်းရယ်တပ်၌ တပ်ရေးဗိုလ်ကြီးတာဝန် ခေတ္တယူနေစဉ် တိုင်းက အစည်းအဝေးတက်ရန်ခေါ်သဖြင့် လားရှိုးသို့ Convoy အကြီးဖြင့် လိုက်ပါခဲ့ရ၏။ ရိပ်သာတွင်တည်းခိုရ၏။ သူငယ်ချင်းဗိုလ်ကြီးသန်းမြင့်တ ကျိုသရီး. ခေါ် စစ်ဦးစီးမှူးတတိယတန်း၊

''ဟေ့ သူငယ်ချင်း၊ မင်း တို့ဆရာနဲ့ တွေ့ပြီးပြီလား''

''ဘယ်သူလဲ''

''ဟ၊ ငါတို့ ဗိုလ်လောင်းတုန်းက လက်နက်ငယ်ဌာနကိုင်သွား တဲ့ ဆရာအယ်လ်ဇော်ဘွမ်းလေ။ အခု ဒီမှာကျိုတူးကွ''

''ဟုတ်လား၊ နို့သိမှသိပဲ''

''နို့တွေ ကော်ဖီတွေလုပ်မနေနဲ့ သူငယ်ချင်း၊ ရောက်တုန်း ပေါက်တုန်း ဆရာ့ကို သွားတွေ့ပြီး ဂါရဝပြုလိုက်ဦး၊ ကိုယ် ဖုန်းဆက်ပြီး သတင်းပို့လိုက်မယ်''

ဗိုလ်ကြီးသန်းမြင့် သတင်းပေး၍ ငယ်ဆရာဗိုလ်မှူး အယ်လ် ဇော်ဘွမ်းအား ရမခတွင် စစ်ဦးစီးမှူး ဒုတိယတန်း (ထောက်လှမ်းရေး) တာဝန်ဖြင့် ပြန်တွေ့ရ၏။ တွေ့လျှင်တွေ့ချင်း ကျွန်တော်က အလေး ပြုလိုက်ရာ ဆရာကပြုံး၍ ချက်ချင်းပင် ကျွန်တော့်အားကြည့်ပြီး–

''ကျောင်းသားနံပါတ် ၁၁ လားဟေ့'' ဟု ပြောတော့၏။

ကျွန်တော်က–

''ဟုတ်ကဲ့ပါ ဆရာ'' ဟုဆို၍ တစ်ဆက်တည်းမှာပင်–

''ဆရာက ချောတုန်းပဲခင်ဗျ'' ဟု အဆက်အစပ်မရှိ ပြောချ လိုက်၏။

''ကိုယ့်လူက မြှောက်နေပြန်ပါပြီ''

ကျွန်တော်က မမြှောက်ရပါ။ ဆရာအယ်လ်ဇော်ဘွမ်းမှာ အသား ဖြူဖြူ ကိုယ်လုံးသွယ်သွယ်နှင့် ဂျပန်ရုပ်ရှင်မင်းသားကြီး ဆန်နီချီဘာနှင့် ခပ်ဆင်ဆင်ဟု ထင်မိ၏။ ကိုယ့်ဆရာမို့ ကိုယ်ထင်မိ ဖြေသလားမသိ

''အခု ဘာလာလုပ်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"တပ်ရေးဗိုလ်ကြီးအစည်းအဝေးလာတက်တာခင်ဗျ"

"ဟိုမှာ တပ်ရေးဗိုလ်ကြီးပေါ့"

"ဟုတ်ပါတယ်။"

"အင်း၊ မိုင်းရယ်တပ်က ကောင်းပါတယ်။ တပ်ရင်းမှူးကြီးကလည်း လူကြီးလူကောင်းပဲ၊ ရန်သူ့အခြေအနေကလည်း တန့်ယန်းတို့လို သံလွင်မြစ်ဘေးက တပ်တွေထက် ပိုပြီးအေးချမ်းပါတယ်။ အဓိကကတော့ ဗကပပဲ သတိထား။ ကျုန်တဲ့ သောင်းကျန်းသူကတော့ တို့တပ်မတော်ကို အထိနာသွားအောင် လုပ်နိုင်တဲ့ လူ၊ လက်နက် အင်အား မရှိဘူး။

ဗိုလ်မှူးအယ်လ်ဖော်ဘွမ်းက ကွတ်ခိုင်ခရိုင် မုံးစီးဇာတိမှ ဤဒေသသားဖြစ်၏။ ဘာသာစကား ကျွမ်းကျင်သည့်အပြင် ဒေသ၏ အထာကိုပါ ပေါက်သူဖြစ်၍ ရန်သူ့အကြောင်း ကောင်းကောင်းသိသည်။ ထို့ကြောင့် ကြုံတုန်းကြုံခိုက် ငယ်တပည့်ဖြစ်သူ ကျွန်တော့်အား သတိပေးနေ၏။ အရင်တပ်များတွင် ကျွန်တော့်တပ်ခွဲမှူးများ ဖြစ်ခဲ့ကြသူ သည့် ဗိုလ်ကြီးအေးကျော်၊ ဗိုလ်ကြီးစောမာဗယ်၊ ဗိုလ်ကြီးဒေးဗစ် စသူတို့နှင့် တစ်ပတ် တည်းဆင်း ဗိုလ်သင်တန်း အမှတ်စဉ် (၂၈)က ဖြစ်၏။ သူတို့အမှတ်စဉ် (၂၈)က အရာရှိများကား အတော်များများ ကျွန်တော့်ဆရာရင်း ဖြစ်ခဲ့ကြသူများပါပင်။

"ဟုတ်ကဲ့ပါ ဆရာ"


"လားရှိုးရောက်တဲ့အခါတိုင်း ဝင်လာလေ"

"ဟုတ်ကဲ့ပါ ဆရာ"

ဆရာသမားက လိုလိုလားလား ဖိတ်ခေါ်မှုကြောင့် ဆရာ တပည့် တွေ့ဆုံမှုမှာ နွေးနွေးထွေးထွေးဖြင့် ပြီးဆုံးသွား၏။

"တို့ဆရာက ဘာမှပြောင်းလဲမသွားဘူးကွ။ အရင်ကအတိုင်း ရိုးရိုးသားသား၊ ဖော်ဖော်ရွေရွေပါပဲ၊ 'ဂျီတူးဖြစ်သွားလို့ စခန်းလည်း ကြီးမသွားဘူး"





www.burmeseclassic.com



ဗိုလ်ကြီးသန်းမြင့်နှင့်တွေ့တော့ ထိုအကြောင်းကို ပြောရသေး၏။ ဆရာကောင်းကြောင်း အတော်များများကို သူငယ်ချင်းနှစ်ယောက် ပြောဖြစ်ကြပါသည်။

လားရှိုးကပြန်တော့ ဆရာနှင့်ဝေးသွားပြန်၏။

၆

၁၉၇၈ နောင်လိုင်ပါဖန်တိုက်ပွဲကြီးတွင် ရမခကွပ်ကဲမှုအောက်မှ တပ်များ ပါဝင်တိုက်ခိုက်ခဲ့ကြရ၏။

ကျွန်တော်လည်း ထိုတိုက်ပွဲကြီးတွင် ပါဝင်ခဲ့၏။ ကံကောင်း၍ သေကံမရောက် သက်မပျောက်ဖြစ်ခဲ့ရသည်။

ထိုတိုက်ပွဲကြီးအတွက် တင်ရှိခဲ့သော သွေးကြွေးများကို ထိုနှစ် နှီးတွင်းတွင် ပြုလုပ်သည့် အောင်ကျော်မိုးစစ်ဆင်ရေး၌ တပ်ခွဲတစ်ခွဲ ကိုဦးစီးပြီး ကျွန်တော် ပြန်ဆပ်လိုက်နိုင်၏။

သီတင်းကျွတ်အပြီး၌ အောင်ကျော်မိုးစစ်ဆင်ရေး၊ ပထမပိုင်း ပြီးဆုံးသွားသဖြင့် တပ်သို့ခဏအနားပြန်ရသည်။ ဒါပြီးက သံလွင် တမ်းနားဆင်းပြီး ဝိတ်ဆို့ရေးတာဝန် ထမ်းဆောင်ရပါမည်။

အောင်ကျော်မိုးစစ်ဆင်ရေး၌ ကျွန်တော့်တပ်ခွဲသည် လူ သက်နက်၊ လား၊ မြင်းနှင့် ဘိန်းထုပ် စသည့်ပစ္စည်းအမျိုးစုံရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး တိုက်ပွဲဝင် တပ်ခွဲ (၁၃) ခွဲတွင် တန့်ယန်းဗျူဟာ၏ အမှတ်ပေးဇယား၌ ပထမရခဲ့သဖြင့် တပ်ရင်းမှ ကျွန်တော့်တပ်ခွဲအား ဂုဏ်ပြုပွဲတစ်ရပ် ပြုလုပ်ပေးခဲ့၏။ ထိုဂုဏ်ပြုပွဲသို့ တန့်ယန်းဗျူဟာမှူးကြီး ကိုယ်တိုင် တက်ရောက်ချီးမြှင့်လေသည်။ ထိုမျှသာမက တန့်ယန်း တပ်ရင်းမှ ဧည့်သည်တော်အဖြစ် အဆင့်မြင့်အရာရှိတစ်ဦး လိုက်ပါ လာမည်ဆိုသည်။ ဘယ်သူပါလိမ့်။

ထိုနေ့က ယာဉ်တန်းအား ဧည့်ရိပ်သာရှေ့မှ စောင့်ကြိုရသည်။

"ဟာ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဖိုးသက်ဦး"

ညည့်သည်တော်မှာ တခြားသူဟုတ်ပါရိုးလား၊ ကျွန်တော့်ဆရာ ဗိုလ်မှူးအယ်လ်ဖော်ဘွမ်းပါလား။

"ဗျူဟာမှူးကြီးက မောင်ရင်တို့ဂုဏ်ပြုပွဲကို လိုက်ခဲ့ပါဦးဆိုတော့ လိုက်လာခဲ့ရတာပေါ့ကွာ"

"ကောင်းတာပေါ့ ဆရာရယ်"

"ကိုယ်လည်း တန့်ယန်းတပ်ရင်းကို ပြောင်းလာတာ မကြာသေးဘူး"

"သတင်းကြားပါတယ် ဆရာ"

"တပ်နဲ့နယ်မြေအခြေအနေ လေ့လာဆဲပေါ့ကွာ"

ထိုနေ့က ဆောက်ပြီးစ ရိပ်သာအသစ်၌ ကျွန်တော်တို့တပ်ဂုဏ်ပြုပွဲသို့ ကြွရောက်လာသည့် ဗျူဟာမှူးကြီးနှင့်ဇနီး၊ ဗိုလ်မှူးအယ်လ်ဖော်ဘွမ်းနှင့်ဇနီးတို့အား နေရာချပေးရ၏။ မိုင်းရယ်တပ်မှ ပြောင်းသွားသည့် ဗိုလ်ကြီးညီရှင်နှင့်ဇနီးမမြင့်မြင့်စန်းတို့လည်း လိုက်ပါလာ၏။

ညစာစားပွဲတွင် ဆရာ့ဇနီးနှင့် ကျွန်တော့်ဇနီးတို့ တွေ့ကြရာ အမျိုးတူ စကောကရင်များဖြစ်၍ ကျွန်တော်ပင်ဆွေမျိုးစပ်မပေးရပါ။

လားရှိုးပထမဆုံးကြိမ်ရောက်စဉ်ကပင် ရမခမှ ကျွန်တော့်ဇနီးအဝမ်းကွဲများ ဖြစ်သည့် ဗိုလ်ကြီးစောမိဟူးနှင့် ဇနီးဒေါ်နော်ဖော့ဂေတို့က မိတ်ဆက်ပေးမှုကြောင့် သူတို့ချင်း သိကျွမ်းနေကြပါပြီ။

"မေတို့က လားရှိုးရောက်ပြီးနောက်နေ့ ဗိုလ်ကြီးစောမိဟူးအိမ်သွားလည်ကတည်းက သိနေကြပြီ။ အစ်မက ဖာအံနားက ဒုံရင်းကလေ မေတို့အမျိုးတွေနဲ့ ငယ်ငယ်ကတည်းက သိကြတာဆိုတော့ ရပ်နေ ရပ်မျိုးတွေပေါ့"

"ဩော်"

အတွေးပုံရိပ် အတိတ်ဟိုဆီ ၂၈၉

ဒုံရင်းဆိုသည်မှာ ဖာအံအတွက် ဖွဲ့ကပင်တောင်ခြေရင်းမှ နာမည်ကြီး ကရင်ဒုံးယိမ်းရွာဖြစ်၍ ဖာအံဆိုလည်းရပါ၏။

ထိုနေ့က ညစာစားပွဲတွင် ဗျူဟာမှူးကြီးမှ ကျွန်တော်တို့တပ်ရင်းနှင့် အောင်ပွဲရ ကျွန်တော့်တပ်ခွဲအား ဂုဏ်ပြုစကားပြောကြားသည်။ ထိုအခါ ဗိုလ်မှူးအယ်လ်ဖော်ဘွမ်းက ကျေနပ်ဂုဏ်ယူနေသော ထမင်းဝိုင်းပြီးတော့–

"ဟော့ ဗိုလ်သက်ဦး၊ မင်းရယ်၊ ကိုဖော်ဘွမ်းရယ် ကရင်ဒုံးယိမ်းတကွာ"

ဗျူဟာမှူးက ကျွန်တော့်ကို မစ,စပူး စ၏။ ယမကာအရှိန်လေးနည်းနည်းရနေသော ကျွန်တော်ကလည်း–

"ဗျူဟာမှူးကြီးခင်ဗျ၊ ကျွန်တော်က ဒုံးမကတတ်ဘူး ဖြည်းဖြည်းပဲ ကတတ်တယ်ခင်ဗျ"

ဟုပြန်ပြောရာ အားလုံးက ဝါးခနဲ ဝိုင်းရယ်ကြ၏။

"မင်းက ကရင်မျိုးဟော့ ဒို့ဗမာဆိုတော့ ဒုံးမကတတ်လို့ မရဘူး ဒီတစ်ခါ ကရင်ပြည်နယ်ပြန်ရောက်ရင် ကတတ်အောင် သင်ထား"

ဗျူဟာမှူးပြောသလို တကယ်လည်း အသက်ကြီးတော့ ကရင်ပြည်နယ်ကို ပြန်ရောက်ခဲ့ပါသည်။

ထိုညက အောင်ပွဲခံနေသဖြင့် လူကြီးများအားလုံး ပျော်ကြ၏။ ဗျူဟာမှူးကြီးကလည်း ရာထူးတိုးသဖြင့် ပျော်နေ၏။ တပ်ရင်းမှူးကြီးနှင့် ကျွန်တော်တို့ကလည်း ဂုဏ်ပြုခံရသဖြင့် ပျော်၏။ ဗိုလ်မှူးအယ်လ်ဖော်ဘွမ်းကတော့ သူလေ့ကျင့်သင်ကြားပေးလိုက်သည့် သူ့တပည့် အောင်မြင်မှုရပြီး ဂုဏ်ပြုခံရသည်ကို မြင်သဖြင့် မုဒိတာပွားကာ ဝမ်းသာရှာ၏။

"ဂုဏ်ပြုပါတယ် ဖိုးသက်ဦးရယ်"

ညစာစားပွဲပြီးတော့ အားရပါးရ ကျွန်တော့်လက်ကိုဆွဲပြီး နှုတ်ဆက်ရင်း အထက်ပါအတိုင်း ပြောသွား၏။



www.burmeseclassic.com

www.burmeseclassic.com



လအနည်းငယ်အကြာ၌ ဗိုလ်မှူးအယ်လ်ဖော်ဘွမ်း အောက် မြန်မာနိုင်ငံသို့ တပ်ရင်းမှူးတာဝန်ဖြင့် ရာထူးတက်ပြီး ပြောင်းသွား ကြောင်း သတင်းကောင်းကြားရ၏။ ထိုအခါ ဆရာနှင့်ကျွန်တော်တို့ ဝေးသွားကြသည်။ သူကတောင်ဖျား၊ ကိုယ်ကမြောက်ဖျား။

❀

နှစ်အတန်ငယ် ကြာသွားပါပြီ။

အချိန်က ၁၉၈၄ ခုနှစ်၊ ပွင့်လင်းရာသီ။ နေရာကား ကျိုင်းတုံ ရှေ့တန်းတပ်မဌာနချုပ်။

ရန်ကုန်လေးလပတ် အစည်းအဝေးမှ ပြန်ရောက်လာသည့် တပ်မမှူးက ကျိုင်းတုံတပ်နယ်မှ အရာရှိများနှင့် နည်းဗျူဟာမှူးများ ပါဝင်သည့် အစည်းအဝေးတစ်ရပ် ပြုလုပ်သည်။ ထိုအစည်းအဝေးတွင် သောင်းကျန်းသူများ၏ နောက်ဆုံးအခြေအနေနှင့် သူသိလာသည့် ထူးခြားဖြစ်စဉ်များကို ရှင်းလင်းပြောပြ၏။

"အရေးတကြီးမှာချင်တာကတော့ မဆုတ်တမ်းခံစစ်တွေကို ခိုင်မာသည်ထက် ခိုင်မာအောင် လက်နက်ကြီးနဲ့ စိန်ပြောင်းဒဏ်တွေ ခံနိုင်အောင် ပြင်ဆင်ထားဖို့လိုမယ်။ ပွင့်လင်းရာသီမှာ ရန်သူထိုးစစ်တွေက လာနိုင်သေးတယ်"

"နောက်တစ်ခုက ရန်သူက စိန်ပြောင်းနဲ့ပစ်တဲ့အခါမှာ ကွက်ကျယ်ပစ်လက်နက်ဆိုပြီး အပစ်ခံရတဲ့တပ်တွေက ပေါ့ပေါ့ဆဆ မနေဖို့ သတိပေးချင်တယ်။ မထင်မှတ်ဘဲနဲ့ ထိတာခိုက်တာတွေရှိတယ်။ ဒီဘက်မှာဆိုရင် မနှစ်က ယမ်းကောင်ထိုးဖောက်တုန်းက ဒုဗိုလ်မှူးကြီး ကြည်ဝင်း စိန်ပြောင်းထိပြီးကျဖူးတယ်။ အခုလည်း ရတခဘက်မှာ စိန်ပြောင်းထိပြီး တပ်မှူးကြီးတစ်ဦးကျသွားတယ်"

"အဲဒါ ကျိုးတူးနဲ့ဦးစီးအရာရှိတွေက ငါယူလာတဲ့ ဖြစ်စဉ်စာတမ်း တွေကို တပ်တွေသိအောင် ဖြန့်ဝေပါ။ မလိုလားအပ်ဘဲ စိန်ပြောင်းထိပြီး





အကျအဆုံးမရှိအောင် ဂရုပြုဖို့ ညွှန်ကြားပါ။ တို့ ရင်ဆိုင်နေရတဲ့ ရန်သူကလည်း စိန်ပြောင်းကျည် ဖောဖောသီသီ သုံးနိုင်တယ်"

ထိုနေ့က အစည်းအဝေး၌ တပ်မမှူးက စိန်ပြောင်းကိစ္စကို အလေးအနက် ပြောကြားသွား၏။ အစည်းအဝေးပြီးတော့ ရန်ကုန်က တပ်မမှူးနှင့်အတူ ပြန်လာသည့် ဗိုလ်ကြီးရာလှုံမှန်းအား–

"ဟေ့ ကိုရာ၊ ရတခမှာ ကျသွားတဲ့အရာရှိကြီးက ဘယ်သူလဲ ဘယ်နားမှာကျတာလဲ"

"ဒုတိယဗိုလ်မှူးကြီးအယ်လ်ဖော်ဘွမ်းလေ၊ ၆၀ မီလီမီတာ ထိပြီး မဲလစခန်းမှာ ကျသွားတာတဲ့"

"ဟာ"

လွှတ်ခနဲ ကျွန်တော့်ပါးစပ်မှ ထွက်သွား၏။ ရုပ်ချောချော သဘောကောင်းကောင်း ကွတ်ခိုင်ခရိုင်တွင် လုပချစ်စရာကောင်းသည့် ကချင် မိန်းမပျိုလေးများ ဝိုင်းဝိုင်းလည်နေသည့်ကြားမှ ရှားရှားပါးပါး မြန်မာနိုင်ငံအောက်ပိုင်း ကရင်ပြည်နယ်မှ တာဝန်လာထမ်းဆောင်သည့် ကရင်အမျိုးသမီးအား လက်ထပ်ခဲ့သော ပြည်ထောင်စုစိတ်ဓာတ်အပြည့် ရှိသည့် ကျွန်တော့်လက်ဦးဆရာ ဒုတိယဗိုလ်မှူးကြီး အယ်လ်ဖော်ဘွမ်း ကျသွားပြီတဲ့လား။

ဖြစ်မှဖြစ်ရလေ ဆရာရယ်။

ထိုနေ့က ကျွန်တော့်မှာ တစ်နေ့လုံး နေမထိ ထိုင်မထိဖြစ်နေ၏။ ထိုင်ရမလို ထရမလိုဖြစ်နေ၏။ ၁၉၆၆ က ဆရာ ကျွန်တော်တို့ ဗိုလ်လောင်းသင်တန်းကျောင်း ရောက်လာပုံ၊ သင်ခန်းစာဝင်ရာ၌ စိန်ပြောင်းများအကြောင်း စတင်သင်ကြားပုံ၊ ကျွန်တော်က မေးခွန်းတွေ တစ်ခုပြီးတစ်ခု မေးသည့်အခါ စိတ်ရှည်လက်ရှည်ဖြေကြားပုံ၊ ထိုမေးခွန်း များကြောင့်ပင် ကျောင်းသားနံပါတ် ၁၁ ကလေးအား မှတ်မိသွားပုံ၊ နောင်ဆယ်နှစ်အကြာ ရမခ၌ ပြန်တွေ့ကြသည့်အခါ "ကျောင်းသား နံပါတ် ၁၁ လားဟေ့" ဟု ပြုံးစစနှင့် မေးခဲ့ပုံ၊ မိုင်းရှယ် ညစာစားပွဲတွင်



www.burmeseclassic.com

www.burmeseclassic.com



တပည့်အတွက် ဆရာဂုဏ်ယူနေပုံများကို ရုပ်ရှင်များပြသလို ကျွန်တော့် စိတ်အာရုံ၌ တစ်ခုပြီးတစ်ခု ထင်မြင်လာလေ၏။

"ဩော် ဆရာရယ်"

ပြည်ထောင်စုစိတ်ဓာတ်ရှိသည့် ကျွန်တော့်ဆရာ ဒုတိယ ဗိုလ်မှူးကြီးအယ်လ်ဇော်ဘွမ်းကား ပြည်ထောင်စုအတွက် အသက်ပေးပြီး ကာကွယ်သွားပါပကော။

✿

၂၀၀၆ ခု၊ မတ်လထုတ် စစ်သွေးမဂ္ဂဇင်းမှ ကူးယူဖော်ပြပါသည်။

၂၉-၇-၂၀၀၉

**အမှတ်တရ ဗထူးဂေါက်ကွင်း**

ဂေါက်သီးအကြောင်း တောရေးတောင်ရေး ရေးလိုက်ပြီး သိပ်မကြာပါ။ သူငယ်ချင်းများနှင့် မြန်မာပြည်ဂေါက်ကွင်းတွင် တွေ့ကြသည်။

ဂေါက်ဆရာကြီး ကိုမောင်မောင်စန်းက–

"ဟေ့ကောင်၊ ရန်ကုန်ဂေါက်ကွင်းတွေအကြောင်းချည်း သိပ်မရေးနဲ့ကွ၊ နယ်ကွင်းလေးတွေအကြောင်းလည်း ရေးစမ်းပါဦး"

ဟု ဆိုလာ၏။

"ဘာဖြစ်လို့လဲ"

"ဟ၊ ရန်ကုန်ကွင်းတွေအကြောင်းက မင်းမရေးလည်း Golfer တွေက သိနေကြတာပဲ။ နယ်ကွင်းတွေက အားလုံးသိတာမဟုတ်ဘူး။ မင်းရေးလိုက်လို့ မင်းစာလေးဖတ်လိုက်ရတော့ ဩော် ဘယ်မှာတော့





ဂေါက်ရိုက်လို့ရတာပဲ၊ ဘယ်သွားရင်ဖြင့် Golf set ယူသွားလို့ ရတာပဲ ဘယ်မှာဖြင့် ဘာညာကွိကွလုပ်လို့ရတာပဲ၊ အဲဒီလို သိရတာပေါ့ကွာ"

"ကောင်းပါပြီ ဆရာရယ်"

တကယ်တော့ ကိုမောင်မောင်စန်းသည် ကျွန်တော့်ဂေါက်ဆရာများအနက် တစ်ဦးအပါအဝင်ဖြစ်၏။ သူနှင့်ကျွန်တော်သည် (၁၉၆၆) တပ်မတော်ထဲ အတူဝင်ကြတော့ အမှတ် (၂) စစ်ဆေးရုံ၌ ဆေးအတူ စစ်ကြရ၏။

ကျွန်တော်က ပေါင် (၉၀)သာ ရှိပြီး ပေါင်မပြည့်၊ ပေါင်မပြည့်ရုံသာမက မျက်မှန်ကလေးကလည်း တပ်ထားရ၏။ ဘီအေ ပထမနှစ်ကတည်းက စတပ်ရသည်။ Minus အဝေးမှုန်မျက်မှန် ဖြစ်ပါသည်။

ထိုနေ့က လူဆယ့်လေးငါးယောက် ဆေးစစ်ကြသည်။ ၁၉၆၆ ခုနှစ်၊ ဧပြီလ (၁၁) ရက် သင်္ကြန်အကြိုနေ့ဟု မှတ်မိနေပါသည်။

"ဟေ့ သူငယ်ချင်း မျက်မှန်လေး၊ မင်းက ပေါင်ပြည့်မှာ မဟုတ်ဘူး။ ဆေးရုံထိပ်သွားပြီး ငှက်ပျောသီးသွားစား၊ ပြီးတော့ ရေများများ သောက်ခဲ့ကွ"

ဟု ကျွန်တော့်အားလာပြောရင်း သူနှင့်ကျွန်တော် ပထမဆုံး အကြိမ် စတွေ့ကြခြင်းဖြစ်ပါသည်။ ထိုစဉ်ကတည်းက သူသည် စကား အတော်ပြောပြီး နှစ်လိုဖွယ်ရာရှိ၏။ ဆေးမအောင်မှာစိုး၍ သူအကြံပေး သည့်အတိုင်း ငှက်ပျောသီးသုံးလေးလုံး ဖျစ်ညှစ်စားပြီး ရေတစ်ခွက် အတင်းသောက်ကာ ပေါင်ချိန်ခဲ့ရ၏။ အလွန်သေးကွေးကြုံလှီသူ ဖြစ်သဖြင့် ငှက်ပျောသီးသုံးလေးလုံး စားပြီး ရေတစ်ခွက်သောက်ခဲ့သော် လည်း ပေါင်ကတော့ (၉၀) ကျော်ကျော်သာရှိပါ၏။ ထိုငှက်ပျောသီး သုံးလေးလုံးနှင့် ရေတစ်ခွက်ကျေးဇူးကြောင့် ထိုင်ထအခါဆရာ လုပ်ခိုင်းသည့်အခါ ဗိုက်အောင့်ပြီး လူကတော့ အတော်အီစလုံ့ဝသွားပါ တော့သည်။ ဆေးစစ်သူများ၏ မေတ္တာ၊ ကရုဏာနှင့် သက်ညှာစွာ ဆေးအအောင် ပေးလိုက်၍သာ ကျွန်တော်စစ်သားဖြစ်လာခဲ့ရခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေကာမူ ကိုမောင်မောင်စန်းက စစ်သားမဖြစ်မီ အရပ်သားဘဝကတည်းက ကျွန်တော့်ကို အကြံပေးလာခဲ့သူ။

၁၉၇၉ ခုနှစ်၊ ဗထူးတိုက်ခိုက်ရေးကျောင်းရောက်တော့ သူနှင့် ပြန်ဆုံသည်။ ကျွန်တော်တို့ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၃၆) မှ ကျောင်းဆင်းလာသည့် အရာရှိငါးဦး တိုက်ခိုက်ရေးမှာ သွားစုသည်။ အားလုံးလည်း ဘုရင့်နောင်ခြေလျင်ဌာနခွဲတွင် နည်းပြတာဝန် ထမ်းဆောင်ကြရ၏။ ကျွန်တော်က ဗထူးသို့မိသားစုပါလာ၏။ ခေါ်မလာ လည်း မိန်းမနဲ့ကလေးလေးယောက်ကို ဘယ်မှာမှ ထားစရာမရှိပါ။ ကိုမောင်မောင်စန်းကတော့ ရန်ကုန်တက္ကသိုလ်က ကထိကမကြီးကို ယူထားသူဖြစ်၏။ ဆရာမကြီးနှင့်သူ့တွင် ကလေးမရှိ။ မိန်းမနှင့်ကလေး ကို သွားလေရာ ခေါ်ထားစရာမလို၊ ထို့ကြောင့် တိုက်ခိုက်ရေးကျောင်း၏ နာမည်ကျော် သိရိဂေဟာရိပ်သာကြီး၌ Single နေထိုင်၏။ သူ့လိုပင် ထိုရိပ်သာကြီး၌ Single နေထိုင်သူ အရာရှိလေးငါးခြောက်ဦး ရှိကြပါ သည်။ ကိုမောင်မောင်စန်းလိုပင် ဆရာမများယူထားသည့် ဗိုလ်ကြီး အောင်ဝင်း၊ ဗိုလ်ကြီးညိုသိန်း၊ ဗိုလ်ကြီးလှမောင် စသူတို့ဖြစ်ကြ၏။

ထိုအထဲတွင် ဗိုလ်ကြီးလှမောင်မှလွဲပြီး ကျန်သုံးလေးဦးက ညနေ သင်တန်းခန်းမမှ ပြန်လာပြီဆိုလျှင် ဂေါက်တုတ်ကလေးများ တယမ်းယမ်းနှင့် ဂေါက်သီးကစားကြ၏။ သူတို့သည် မိသားစုခေါ်မထား သူများဖြစ်၍ ကိုယ်ပိုင်အချိန်များအား ဂေါက်ကွင်းတွင် အကျိုးရှိစွာ အသုံးချကြ၏။ ဂေါက်ကွင်းတွင် ကျင်းစိမ်ကြ၏။ ထိုအချိန်က ကျောင်းအုပ်ကြီး၊ လက်ထောက်ကျောင်းအုပ်ကြီးနှင့် စစ်ဦးစီးမှူး ဒုတိယ တန်းများကလည်း ဂေါက်သီးကစားကြရာ တိုက်ခိုက်ရေးကျောင်း သင်္ချေဝင်အရာရှိများချည်း လေးယောက်တွဲသုံးတွဲခန့်ရ၏။ ဒါ့သာမကပါ ဗထူးတပ်နယ်ရှိ သင်တန်းကျောင်း အသီးသီးမှ သင်္ချေဝင်အရာရှိများ သင်တန်းသား အရာရှိများ အထူးသဖြင့် စစ်ဦးစီးတက္ကသိုလ်လာတက်



သည့် အရာရှိကြီးများပါ ပေါင်းစပ်လိုက်ပါက ဗထူးဂေါက်ကွင်းသည် အမြဲတမ်းလူစည်ကား လျက်ရှိပါ၏။

"ဟော့ကောင်၊ ငါတို့နဲ့ ဂေါက်သီးလိုက်ကစားလေကွာ"

ကိုမောင်မောင်စန်းက မကြာခဏခေါ်၏။

ကျွန်တော်က တုတ်ဖြင့်ရိုက်ရသည့် အားကစားဆိုက ကျည်းသားလောက်သာ ရိုက်တတ်သူတောသားမို့ သူခေါ်တိုင်းငြင်းခဲ့၏။

ကျွန်တော်တိုက်ခိုက်ရေးကျောင်းမှ လက်ထောက်ကျောင်းအုပ် ကြီး ဗိုလ်မှူးကြီးသောင်းစိန်သည် နေ့စဉ်ဂေါက်သီးကစားသည့် Regular Golfer ကြီးဖြစ်၏။ ဗထူးတွင် ဂေါက်ကစားသည်ကလည်း Caddy ခမကုန် ဘာမကုန်နှင့် အလွန်စျေးချိုလှသည်။ Green Fee ကလည်းမရှိ၊ ဝင်ကြေးကလည်းမရှိမို့ မြန်မာနိုင်ငံ၏ စျေးအချိုဆုံးဂေါက်ကွင်းဟု ဆိုရ လိုပင်။ ထို့ကြောင့် လက်ထောက်ကျောင်းအုပ်ကြီးသာမက သားများ ဖြစ်သည့် ကိုဟန်ထွန်းတို့ညီအစ်ကိုတစ်တွေလည်း ဂေါက်သီးကစားကြ၏။ ထိုအချိန်က သူတို့အစ်ကိုဝမ်းကွဲ ကိုကြည်လှဟန်တစ်ယောက် မှာဂေါက်သီးလောကတွင် ကျော်ကြားစပြုနေသည့်ကာလလည်း ဖြစ်၏။ ဆွေစဉ်မျိုးဆက်တစ်ခုလုံး ဂေါက်သီးကစားနေကြသည်။

လက်ထောက်ကျောင်းအုပ်ကြီးက သူ့တပည့် တပ်ရေးဗိုလ်ကြီး ကျွန်တော့်အား ဂေါက်သီးကစားရန်အားပေး၏။ ကိုမောင်မောင်စန်းလိုပင် မကြာခဏခေါ်၏။ သူနှင့်ကျွန်တော်သည် လွန်ခဲ့သည့် (၁၀) နှစ်ကျော် ကသင် မော်လမြိုင်၌ သင်တန်းနှစ်လသုံးလ အတူတက်ရင်း အထူးရင်းနှီး ခဲ့ခြင်းဖြစ်၏။ အဓိကမှာ အားလပ်ချိန်များ၌ Indoor Game ဟု ခေါ်နိုင်သည့် Scrabble ကစားခြင်း၊ စစ်တုရင်ထိုးခြင်းဖြင့် ခင်မင်ခဲ့ကြခြင်း ဖြစ်လေသည်။ တစ်ရက်တွင် ဗထူးစမ်း၌ ဂေါက်သီး ကစားနေသည့် လက်ထောက်ကျောင်းအုပ်ကြီးနှင့် ကျောင်းအုပ်ကြီးထံသို့ အရေးကြီးရုံးစာ တစ်စောင် သွားတင်ပြရ၏။ သူတို့နှစ်ဦးသည် ပထမကိုးကျင်းပြီးသဖြင့် Club House လေး၌ ခဏနားနေကြသည်။ ကိုမောင်မောင်စန်းနှင့်

www.burmeseclassic.com



အခြားကစားဖော်တစ်ဦးလည်း ရှိနေ၏။ အလုပ်ကိစ္စပြီး၍ ဂေါက်ကွင်းမှ ပြန်ထွက်မည့်အလုပ်တွင်–

"ဟော့ကောင် တပ်ရေးဗိုလ်ကြီး၊ ငါတို့နဲ့ ဂေါက်လိုက်ရိုက်ပါလား"

ထုံးစံအတိုင်း ဗိုလ်မှူးကြီးသောင်းစိန်က ပြုံးစစနှင့်ခေါ်၏။

ကျွန်တော်က မထုံတက်သေး။

ကျောင်းအုပ်ကြီးက ကျွန်တော်၏သဘောသဘာဝကို လက်ထောက်ကျောင်းအုပ်ကြီးလောက် သဘောပေါက်သူမဟုတ်။ ကျွန်တော်၏ အူကြောင်ကြောင်အပြောအဆို အမူအရာများကိုလည်း သိပ်ပြီး ဘဝင်မကျ။

"ကိုသောင်းစိန်၊ ခင်ဗျားဒီကောင်ကို ခဏခဏခေါ်မနေနဲ့ ဒီကောင်က သူ့မိန်းမကစားမှ လိုက်ကစားမယ့်ကောင်"

ဟု ခပ်တည်တည်ဖြင့် ဆိုပါလေတော့သည်။

ဒါကလည်း အကြောင်းရှိပါသည်။ ယခု ကျောင်းအုပ်ကြီး မရောက်မီ ယခင်ကျောင်းအုပ်ကြီးများသည် ဂေါက်သီးမကစားဘဲ အောင်ဆန်းခန်းမကြီးထဲ၌ ကြက်တောင်သာ ကစားကြသည်။ ကျွန်တော်ဇနီးသည်က ကြက်တောင်သရဲမို့ အောင်ဆန်းခန်းမကြီးက ကြက်တောင်ပွဲများသို့ နေ့တိုင်းသွားခွဲသည်။ စမ်းစမ်းအေးတို့ မေသဇ္ဇာဦးတို့လည်း လာတတ်သည်။ စမ်းစမ်းအေးက ကြက်တောင်အတော်ကောင်းပေသည်။ သူတို့အမေ မမနွယ်လည်းပါ၏။ ထိုကြက်တောင်ပွဲများ၌ ရံဖန်ရံခါ Mixed Double ကျားမနှစ်ယောက်တွဲပွဲများ ကစားရတတ်၏။ ထိုပွဲများ၌ ကျွန်တော့်ဇနီးက အခြားအမျိုးသားကြက်တောင်သမားများနှင့် မကြာခဏ တွဲရ၏။ ကြက်တောင်ရုံသို့ ကျွန်တော်လိုက်ပါသွားခဲ့သော်လည်း ကြက်တောင် မရိုက်တတ်သူမို့ ကိုယ့်မိန်းမ သူများနှင့် တွဲကစားနေသည်ကို ထိုင်ကြည့်ပြီး ငေးရုံငေးရတော့၏။ ကျွန်တော့်ဇနီးသည်က ကြက်တောင်အတော်ကောင်းသူမို့ ထိုပွဲမျိုးတွင် အမျိုးသားကြက်တောင်





သမားများက သူတွဲချင်၊ ငါတွဲချင်နှင့် အထူးသဖြင့် စုမှူး၊ ခွဲမှူး သင်တန်းများလာတက်ကြသည့် သင်တန်းသားကြက်တောင်သမားများ ဖြစ်ကြ၏။

ထိုမြင်ကွင်းကို လပေါင်းအတော်ကြာမြင်နေရသောအခါ ဘေးက သနားလာသည်လားမသိပါ။ ကျောင်းအုပ်ကြီးကိုယ်တိုင်က ကျွန်တော့်အား အတင်းကြက်တောင်ရိုက်ခိုင်းတော့၏။ စစ်သားဆိုတော့ ဒါအမိန့်ပဲဟု သဘောရပြီး ကျွန်တော်ကြက်တောင်ရိုက် ဖြစ်တော့သည်။ မလုပ်ရင်သာနေတာပါ၊ လုပ်တော့လည်း ဖြစ်တာပါပဲ၊ ချွေးသံရွှဲရွှဲဖြင့် တစ်လကျော် နှစ်လခန့် အပြင်းအထန် လေ့ကျင့်လိုက်သောအခါ သောင်းဝေဦး ကြက်တောင်အတော်ရိုက်တတ်သွားပါသည်။ တကယ့်ကြက်ရေးငှက်ရေးတွင် အတို့အမြှုပ်တွေ အထောင် အခုတ်တွေတောင် လုပ်တတ်သွားတော့၏။ ထိုအခါကျမှ ကြက်တောင် ကွင်းတွင် ကိုယ့်မိန်းမနှင့်ကိုယ်ပြန်တွဲနိုင်ပါတော့သည်။

ဤသည်ကို အကြောင်းသိသူများက ယခုကျောင်းအုပ်ကြီးအား သတင်းပို့ထားကြသည် ထင်ပါ၏။ သို့မဟုတ် ကျောင်းအုပ်ကြီးကိုယ်တိုင်က Inquisitive ဖြစ်သူမို့ သူ့နည်းသူ့ဟန်နှင့် သိထားခြင်းလည်း ဖြစ်ပါလိမ့်မည်။ ထို့ကြောင့်–

"သူ့မိန်းမကစားမှ လိုက်ကစားမယ့်ကောင်"

ဟု ဆိုလိုက်ခြင်းဖြစ်ပါမည်။

မည်သူတွေမည်သို့ပြောပြော ဗထူးတိုက်ခိုက်ရေးကျောင်း သန္ဓေဝင်အရာရှိဘဝမှာ ဂေါက်သီးမကစားနိုင်ခဲ့ပါ။

သို့ရာတွင် နောင်(၁၀) နှစ်ခန့်အကြာ ကကကျင့်တွဲဖက်နှင့် တိုက်ခိုက်ရေးကျောင်း ပြန်ရောက်သည့်အခါတွင်မူကား ကျွန်တော်သည် ကိုမောင်မောင်စန်းတို့လိုပင် သီရိဂေဟာ၌ တစ်ယောက်တည်းနေရစဉ် ဂေါက်သီးကလည်း Crazy ဖြစ်ခါစမို့ ငွေကြေးကုန်ကျ အသွင်သက်သာသည့် ဗထူးဂေါက်ကွင်း၌ အသည်းအသန်ဂေါက်ကစားတော့၏။ အဖော်



www.burmeseclassic.com

www.burmeseclassic.com



မရှိရင်တောင် တစ်ယောက်တည်းရိုက်တော့သည်။ ထို့ကြောင့် နယ်ဂေါက်ကွင်းများအနက် ကျွန်တော်အလွန်ရင်းနှီးသော ဂေါက်ကွင်းများတွင် ဗထူးဂေါက်ကွင်းအား ပထမဟုပြောရပါမည်။

အဘယ်ကြောင့်ဆိုသော် ဂေါက်သီးမရိုက်ဘူးခင်ကတည်းက အကြောင်းအမျိုးမျိုးနှင့် တိုက်ခိုက်ရေးကျောင်း ဗထူးစမ်းဘေးက ဗထူးဂေါက်ကွင်းကို နေ့စဉ်နီးပါး ရောက်ခဲ့ခြင်းကြောင့်ပါတည်း။

❀

**ဗထူးဂေါက်ကွင်း၏ အလှအပ**

ဗထူးဂေါက်ကွင်းသည် ကျွန်တော်ကြုံခဲ့ဖူးသည့် ဂေါက်ကွင်းများအနက် အလှပဆုံးဂေါက်ကွင်းများတွင် အပါဝင်ဖြစ်၏။ ကိုးကျင်းပါကွင်းဖြစ်၏။ ယခု (၁၈) ကျင်းဖြစ်ပြီလားမသိပါ။

တည်နေရာက တိုက်ခိုက်ရေးကျောင်းအရှေ့ဘက်ရှိ ဗထူးစမ်းဘေးက တောင်ကုန်းကလေးများပေါ်ဖြစ်သည်။ ဂေါက်ကွင်းဆိုသည်မှာ မြေပြန့်ပေါ် Flat ဆိုပါက သိပ်ပြီး Feeling မလာပါ။ ပမာဆိုက ခပ်ရိုးရိုးမိန်းမကြီးကို ယူထားရသလိုနှယ်ပါပင်။ ကျွန်တော်တို့ယောက်ျားဆိုသည့် ကျားသတ္တဝါများကလည်း ရင်ခုန်ချင်သူ၊ စွန့်စားချင်သူများဖြစ်၏။ ဂေါက်ကစားသူများက Adventurer များမို့ ပိုဆိုး၏။ သိပ်လွယ်သည့်ဂေါက်ကွင်းကိုမရိုက်ချင်။ ခပ်ခက်ခက်ကလေးမှ၊ ခက်ခက်ကိုမှ လိုချင်သူများဖြစ်၏။ ပလီစီချောက်ချက်ပြောပြီး အရှောင်အတိမ်းကောင်းသည့်မိန်းကလေးများနှယ် အနိမ့်အမြင့် အမို့အမောက်နှင့် တက်လိုက်ဆင်းလိုက် ခပ်ခက်ခက်ရိုက်ရသည့် မူရာမာယာများသော ဂေါက်ကွင်းကိုကြိုက်ကြသည်။ ထိုဂေါက်ကွင်းများမှာ Par, Birdie ရသည်များကို ပိုဂုဏ်ယူကြသည်။ ဗထူးဂေါက်ကွင်းကား ထိုကဲ့သို့ ကုန်းဆင်း၊ ကုန်း





တက်နှင့် ယူကလစ်ပင်ကြီးများ ရေကန်များနှင့် Hazardous ဖြစ်သောကွင်းပင်ဖြစ်ပါပေ၏။ ဤသည်ကို ဂေါက်သမားများ ကြိုက်ကြပါသည်။

ဂေါက်သမားများ ဂေါက်ကွင်းရောက်သည်နှင့် ကြည်လင်သောချောင်းရေနှင့် ဗထူးစမ်းကိုဦးစွာကြုံရ၏။ နွေမိုးဆောင်း လုံးဝရေမပြတ်ဘဲ တပ်နယ်တစ်ခုလုံး အားထားနေရသည့် မြေအောက်စမ်းတွင်းဖြစ်၏။ တိုက်ခိုက်ရေးကျောင်း သန္ဓေဝင်အရာရှိဘဝက တစ်ခါတစ်ရံ ရေစက်ပျက်သည့်အခါများတွင် ဗထူးစမ်းကိုပြေးရသည်။ ဗထူးစမ်းကတော့ ရေအလိုရှိသူ ဘယ်သူလာလာ ဘယ်လောက်လာလာ ဖြည့်ဆည်းပေးနေ၏။ ဤဗထူးစမ်းက ကျွန်တော်တို့ ဂေါက်သမားများကို ဆီးကြိုနေပါသည်။

ဒါပြီးတော့ ပတ်ဝန်းကျင်အလှအပပါ။

ဗထူးစမ်းနှင့် ဂေါက်ကွင်းဘေးတွင် ခေတ်အဆက်ဆက်က စိုက်ပျိုးခဲ့သည့် ယူကလစ်ပင်ကြီးများက (၁၂) ရာသီကာလပတ်လုံး လေတိုးတိုင်းအရွက်များ တဟဲဟဲ တရှဲရှဲမြည်ကာ ရှိနေ၏။ ဂေါက်သမားများအတွက် အရေးကြီးသော Land mark မြင်မှတ်ကြီးများဖြစ်၏။ ရံဖန်ရံခါ ရင်ခုန်ရသည့် Hazard လည်းဖြစ်၏။ ကွင်းအစပ်များ၌ တောပန်း ရောင်စုံကလေးများကလည်း ပွင့်ဖူးနေကြ၏။ ချိုး ခါ ဥဩစသည့် ကျေးငှက်သာရကာလေးများလည်း မြည်ကြွေးတွန်ကျူးနေကြ၏။

မလှမ်းမကမ်းတွင်မူ အင်းမီးနှင့် လွယ်ဆင်အမည်ရှိ ရှမ်းရွာကလေးနှစ်ရွာရှိပါသည်။ တစ်ရွာလျှင် အိမ်လေးငါးဆယ်ရှိ၏။ သူတို့သဘာဝ လယ်ယာများလုပ်ကိုင်စားသောက်ကြ၏။ သဘောသကာလကောင်းမွန်၏။ ဂေါက်ကွင်းနှင့် မဝေးလှသော်လည်း ဘယ်တော့မှ ဂေါက်ကွင်းဘက်သို့ လာလေ့လာထမရှိ။ သူတို့ဘာသာဘာသာ အေးချမ်းစွာ နေကြ၏။ လွယ်ဆင်သူကြီး ကိုထွန်းကျော်ကား ထိုစဉ်က ကျွန်တော့်ထက်အသက် သုံးလေးငါးနှစ်ကြီးသောသူဖြစ်ပြီး သဘောသကာလ



www.burmeseclassic.com

www.burmeseclassic.com



အလွန်ကောင်း၏။ ဘာအကူအညီတောင်းတောင်း၊ လိုလိုလားလား ကူညီတတ်၏။ ယခုအခါ ရှိသေးသလား။ ကွယ်လွန်သွားပြီလား မသိတော့ပါ။ ရှိသေးရင်ဖြင့် အသက် (၇၀) နားကပ်နေလောက်ပါပြီ။

အင်းမီးနှင့် လွယ်ဆင်ရွာများကို ကျော်ပြီး အရှေ့ဘက်သို့ ကြည့်လိုက်ပါက နာမည်ကျော် နွားလဘိုတောင်ကို မြင်ရမည်ဖြစ်၏။ နွားတစ်ကောင် ဝပ်စင်းနေသလိုလိုပုံနှင့် နွားလည်ဘို့ပုံသဏ္ဍာန်တောင်မို့ နွားလဘို့တောင်ဟု ခေါ်ခဲ့ကြသည်ဟု ကြားဖူးထား၏။ မှန်မမှန်တော့ အတတ်မပြောနိုင်ပါ။ နွားလဘို့တောင်မှာ ဗထူးနှင့်မဝေးလှပါ။ တစ်မနက်ခရီးနှင့် ရောက်ပါ၏။ လေ့ကျင့်ရေးတာဝန်ဖြင့် လေးငါးဆယ်ခေါက် နွားလဘို့တောင်ခြေသို့ ရောက်ခဲ့ဖူးပါသည်။ ရှမ်းပြည်နယ်ဒေသခံ ထင်းရှူးပင်များနှင့်အတူ အပူပိုင်းဒေသကျွန်းတောများပါ ထူးဆန်းစွာ ရောနှောပေါက်ရောက်နေသည်ကို မြင်ခဲ့ရပါသည်။ ကျွန်းသာမက အင်၊ ကညင်နှင့် အင်ကြင်းစသော အပင်များကိုလည်းတွေ့ခဲ့ရ၏။ ဂေါက်ကွင်းမှ အရှေ့တောင်ဘက်ကြည့်လိုက်ပြန်တော့ သိပ်မဝေးလှသည့် အကွာအဝေး၌ နာမည်ကျော် မိုးမခတောင်ကိုမြင်ရပြန်၏။ မိုးမခကား ဗထူးသို့ ကျောင်းလာတက်သည့် သင်တန်းသားများအတွက် ပြောစရာဆိုစရာ မြောက်မြားစွာကို ပေးနေသည့် ထူးခြားသောမြင်မှတ်တစ်ခုဖြစ်၏။

ဗထူးတွင် သင်တန်းတက်ပြီး ပြန်သွားသူများအနက် စာပေဝါသနာရှင်များက စာတွေရေးကြရာ၌ မိုးမခကမပါလျှင် မပြီး။

စာတွေရေးကြသည်။ ဘာတဲ့-

မိုးမခ သက်သေတဲ့၊

မိုးမခ အလွမ်းတဲ့၊

မိုးမခ ချစ်သူတဲ့၊

မိုးမခ သီပါစေတဲ့၊

မိုးမခ အမုန်းတဲ့၊

အစုံပါပဲ။





စာရေးသူကျွန်တော်ပင်လျှင် ၁၉၈၈ ခုနှစ် မိုးဦးကျစကာလ သီရိဂေဟာအပေါ်ထပ်မှာနေပြီး နေ့စဉ်ဂေါက်သီးကစားရင်း မိုးမခမှ မိုးတိမ်တွေညို့လာလျှင် မနေတတ်၊ မထိုင်တတ်ဖြင့် မိုးမခအလွမ်း ခံစားခဲ့ရဖူးပါသည်။

အနီကဲ့သို့သော မိုးမခခံစားမှုကို ဗထူးဂေါက်ကွင်းမှ ဂေါက်ရိုက်ရင်း ခံစားနိုင်ကြ၏။

ပတ်ဝန်းကျင်လှပပြီး လေကောင်းလေသန့်လည်းရ၏။ သော လူနေအိမ်ခြေမရှိ။ ကာသံ၊ လူသံ၊ ဆူညံမှုမရှိ။ ဂေါက်သီးဆိုသည်မှာ Concentrate လုပ်ရသည့်အားကစားဖြစ်ရာ ဆိတ်ငြိမ်လေကောင်းလေ ဖြစ်၏။ ဗထူးဂေါက်ကွင်းကား ထိုဆိတ်ငြိမ်မှုအပြည့်ရှိ၏။ ရံဖန်ရံခါ ယူကလစ်ပင်များပေါ်မှ ချိုးငှက်ကလေးများ၊ ဥဩငှက်ကလေးများ မြည်ကျူးသံကို ကြားရတတ်၏။ ကွင်းစပ်မှ ခါကလေးများ၏ "တက် တက် တူ ခါး ခါး" ဆိုသည့် ခါတွန်သံကိုကြားရတတ်၏။ ထိုအသံမျိုး ကတော့ ဂေါက်ကစားသူအတွက် အနှောင့်အယှက်မဟုတ်တော့ စိတ်ကြည်နူးစရာတစ်ခုသာ ဖြစ်သွားတော့၏။

နောက်တစ်ခုကတော့ Fairway ဖြစ်၏။ ဗထူးတွင် Fairway မှာ ရေကြိုက်သော ဘဲစားမြက်ဖြစ်၏။ ဗထူးစမ်းကြော ဘဲစားမြက်များ အမြဲစိမ်းလန်းနေရာ ဘယ်နေရာဘောလုံးကျ မြက်ပေါ်တင်နေပြီး အခက်အခဲမရှိ တုတ်မနာဘဲရိုက်၍ရပါသည်။ တစ်ခုတော့ ပြောစရာရှိပါသည်။ မြေကမညီမညာ ကုန်းတ ကုန်းဆင်းများမို့ ရိုက်ရတော့နည်းနည်းခက်ချင်၏။ ဒါကလည်း ကိ မရှိပါ။ ဂေါက်သမားတွေပဲဗျာ။ ဘယ်လို ခက်ခက်ရိုက်တတ်ကြ ခက်ခက်ကိုမှ လိုချင်သူတွေ မဟုတ်လားဗျာ။

Green တွေ အကုန်လုံးကတော့ ဟိုတုန်းကတည်းက ရှ မြက်များဖြစ်ပါသည်။ ယခု ပို၍ပင်ကောင်းနေသည်ဟု ကြားရပါသည်



www.burmeseclassic.com

www.burmeseclassic.com



ဗထူးကွင်း၏ နောက်ဆုံးအားသာချက်ကို တင်ပြပါမည်။ ဒါကတော့ မိန်းကလေး Caddy မရှိခြင်း၊ စားသောက်ဆိုင်မရှိခြင်းဖြစ်ပါသည်။ ဒါက အားနည်းတာလား၊ အားသာတာလားဟု မေးပါက အားသာတာဟုပင်ဖြေပါမည်။ စားသောက်ဆိုင်ရှိရင် ၁၉ ကျင်းဆက်ရိုက်၍ ယမကာလေး ထွေထွေနှင့် ရေး ၃ စပ်ချင်စပ်ပါလိမ့်မည်။ သင်တန်းကျောင်းဖြစ်၍ မတစ်ထောင်သားများစုဖွဲ့ထားရာ ရေး ၃ တွေ ခဏခဏဖြစ်လို့မရပါ။ ဤသည်ကြောင့်ပင် မိန်းကလေး Caddy များမထားခြင်း၊ Club House တွင် စားသောက်ဆိုင်မထားခြင်း ဖြစ်ပါလိမ့်မည်။

နိဂုံးချုပ်အနေဖြင့် ရှမ်းမျှော်ခင်းလှလှကြည့်ပြီး စိတ်အေးလက်အေး ဂေါက်သီးရိုက်ချင်ပါက ရှမ်းပြည်နယ်တောင်ပိုင်းက ဗထူးတပ်မြို့ကိုသာ သွားပါဟု လမ်းညွှန်ပါရစေခင်ဗျား။

၁၃-၄-၂၀၀၆

❧ ❧ ❧





၂၀၀၅ - ခုနှစ် မြဝတီမဂ္ဂဇင်းအကောင်းဆုံးဝတ္ထုတိုဆုရစဉ်က စာရေးသူအား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆုချီးမြှင့်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

# ကျွန်တော်နှင့် စာပေဆုများ

### ကျွန်တော်စာပေဆုရခဲ့စဉ်က

ကျွန်တော်သည် ၁၉၉၄ ခုနှစ်၌ စာများစတင်ရေးသားဖြစ်သည်။ ဗျူဟာမှူးဘဝဖြင့် တောထဲတောင်ထဲတွင်နေရင်း ရေးခဲ့ခြင်းဖြစ်သည်။ ရေးပြီးစာများအား ရန်ကုန်ရောက်သည့်အခါ မဂ္ဂဇင်းတိုက်များသို့ ပို့ဖြစ်သည်။ စစ်သားဖြစ်နေ၍ တပ်မတော်နှင့်မကင်းသော ဝတ္ထုများသာရေးဖြစ်သည်။ ထို့ကြောင့် ဝတ္ထုများပို့တော့လည်း မြဝတီ၊ ငွေတာရီ၊ စစ်ပြန်မဂ္ဂဇင်းများသို့သာ ပို့ဖြစ်၏။ ၁၉၉၅ ခုနှစ်စ၌ ကျွန်တော့်ဝတ္ထုတိုများ ထိုမဂ္ဂဇင်းအသီးသီး၌ စတင်ပါလာ၏။ ကျွန်တော်အလွန် ဝမ်းသာသွားသည်။ စာရေးသူတစ်ဦးဖြစ်ချင်၍ သူငယ်ချင်းဖါရင့်စာရေးဆရာကြီးများအား အကူအညီတောင်းသည်။ ရေးပြီးစာမူများကိုပြသည်။ အဆင်မပြေပါ။ အားပေးထောက်ခံမှု အပြည့်အဝမရခဲ့ပါ။ "ကြိုးစားပါဦး၊ လိုပါသေးတယ်" ဆိုသည့်များနှင့်သာ ပြီးခဲ့၏။ နောက်ဆုံးတော့ သူတို့ကို စိတ်ပျက်သွားပြီး ကိုယ့်ဟာကိုယ်ရေး၍ ကိုယ့်ဟာကိုယ် မဂ္ဂဇင်းတိုက်များသို့ သွားပို့လိုက်သည်။ ဤသို့ဖြင့် ၁၉၉၅ နှစ်ကုန်၌ ကျွန်တော့်ဝတ္ထုဆယ့်လေးငါးပုဒ် ထိုမဂ္ဂဇင်းများ၌ ဖော်ပြခံရ၏။ ထိုနှစ်အကုန်တွင် တပ်မတော်ငွေ့ စာပေပြိုင်ပွဲသို့ ဝင်ပြိုင်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကုန် ရန်ကုန်ရောက်တော့ စာတွေဆက်ရေးသည်။ ၁၉၉၆မှ ကျွန်တော်တပ်မတော်နေ့ စာပေပြိုင်ပွဲဝတ္ထုတိုဆု၌ ပထမရသည်။ အလွန်အားတက်သွား၏။ ကျွန်တော့်ဌာနကလည်း ကျွန်တော့်ကို စာပေ အနုပညာရပ်များ ဥက္ကဋ္ဌခန့်အပ်သည်။ ထို့နောက် ဌာန၏သမိုင်းရေးပေးရန် တာဝန်ပေးအပ်လာ၏။ လပေါင်းအတော်ကြာအောင် ဌာနသမိုင်းကို ကျွန်တော်ရေးခဲ့သည်။ ထိုစာအုပ်ကလည်း အကျိုးပေးပါသည် ခင်ဗျာ။ ၁၉၉၇ ခုနှစ် အမျိုးသားစာပေဆုအတွက် ကျွန်တော်ရေးသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သမိုင်းစာအုပ်သည် သုတ ဝဒေသာဝိဇ္ဇာ ဝိဇ္ဇာဆုကို ဆွတ်ခူးရရှိခဲ့၏။ ထိုစဉ်က ကျွန်တော်နှင့်အတူ မကြာသေးမီက ကွယ်လွန်ခဲ့သည့် ဝင်းဝင်းလတ် (ခ) ဒေါက်တာ ဒေါ်ဝင်းဝင်းရှိန်သည်လည်း ''အချစ်၏ နောက်ဆက်တွဲ စာမျက်နှာ'' အမည်ဖြင့် ဝတ္ထုရှည်ဆုရရှိခဲ့သည်ကို မှတ်မိနေပါသေးသည်။ အမျိုးသားစာပေဆုကို ရရှိမည်ဟု ကျွန်တော် လုံးဝ မမျှော်လင့်မိပါ။ ဆုရတော့ အလွန်အံ့ဩသွား၏။

''ဘယ်လိုဖြစ်လို့ ဆုပေးတာလဲ၊ အရေးအသား ကောင်းလို့လား''

''အရေးအသားကောင်းလို့ရယ် မဟုတ်ပါဘူး။ အဖွဲ့အစည်းကြီးတစ်ခုရဲ့ မရှိသေးတဲ့ သမိုင်းကိုပြုစုလိုက်လို့ ပေးလိုက်တာပါ''

အမျိုးသားစာပေဆုရလိုက်တော့ ကျွန်တော် စာများ အဆက်မပြတ် ရေးဖြစ်ပါတော့သည်။ အလုပ်မအားသည့်ကြားမှပင် ဖြစ်ရပ်မှန်လုံးချင်းမှတ်တမ်းများကို ရေးဖြစ်သည်။ ထုတ်ဖြစ်သည်။ ဝန်ထမ်းဘဝနှင့် စာတွေရေးနေခဲ့ရာ တာဝန်မှအနားယူသည့်အခါ ကိုယ်ပိုင်ချိန်များတွင် စာပေလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဖြစ်လာသည်။ မကြာသေးမီ လအနည်းငယ်က ကိုယ်ပိုင်မဂ္ဂဇင်းပါထုတ်ဖြစ်လာခဲ့၏။ မဂ္ဂဇင်းထုတ်ဖြစ်တော့ အလုပ်ရှုပ်လာသည်။ စာကို ကြိုးစားရေးရတော့၏။ စစ်ဝတ္ထုများလည်း ယခင်ကလို သိပ်မရေးနိုင်တော့၊ ရေးထားသည့်



ဝတ္ထုလေးတစ်ပုဒ်အား မြဝတီတိုက်သို့ မနှစ်ကပေးပို့ခဲ့သည်။ မြဝတီက ထိုဝတ္ထုလေးကို အကောင်းဆုံးဝတ္ထုတိုဆုပေးလိုက်ပြန်၏။ ကျွန်တော် ဝမ်းသာရပြန်ပါသည်။

ဤနေရာတွင် ကြုံကြိုက်၍ တစ်ခုတင်ပြလိုပါသည်။ ၁၉၉၂ ခုနှစ်က ကျွန်တော်စာရေးဖို့ လက်သွေးနေချိန်ဖြစ်သည်။ စစ်ကိုင်းမှ မန္တလေးအသွားကြုံကြိုက်၍ ပုဏ္ဏားဗေဒင်ဆရာနှင့်တွေ့ပြီး လက္ခဏာနှင့် ဗေဒင်မေးသည်။ သူက မေးချင်တာမေးပါဟု ဆိုလာသည့်အခါ ကျွန်တော်၏မေးခွန်းထဲ၌–

''စာရေးချင်တယ် ဖြစ်ပါ့မလား''

ဟု မေးခွန်းတစ်ခုပါသွား၏။

''ဖြစ်ပါတယ်။ သိပ်ကိုဖြစ်ပါတယ်၊ စာပေဆုတောင် လေးခုလောက် ရဖို့ရှိတယ်''

ဗေဒင်ဆရာက အထက်ပါအတိုင်း ရဲရဲတောက် ဟောလိုက်သည်။ စာတောင်ဘယ်လိုရေးမယ်မှန်းမသိသေးဘူး၊ စာပေဆုက လေးခုလောက် ကြီးများတောင် ရမယ်တဲ့၊ ကျွန်တော်ပြုံးမိပါသည်။ သူပြောတာ မယုံပါ။ ကိုယ့်ကိုယ်ကိုယ်လည်း ဒီလိုစာတွေရေးနိုင်လိမ့်မယ်လို့လည်း မထင်ပါ။ ရေးဖြစ်လိမ့်မယ်လို့လည်း မထင်ပါ။ ဒါပေမယ့် လူတွေရဲ့ ကံကြမ္မာဆိုတာ ဆန်းကြယ်သားလားခင်ဗျာ။ ယခု ကျွန်တော် စာရေးသက် ဆယ်နှစ်ခန့်ရှိပါပြီ။ စာပေဆုသုံးခု ရခဲ့သည်။ ဘယ်ဆုကိုမှ မမျှော်မှန်းပါ။ အားလုံး မမျှော်မှန်းဘဲ ရလိုက်ခြင်းသာဖြစ်၏။ စာရေးခြင်းကိုလည်း အသက်အရွယ်အိုမင်းသည်အထိ လုပ်ဖြစ်သွားမည်ဟု ထင်မြင်ပါသည်။ ဘာပဲဖြစ်ဖြစ် မန္တလေးဗေဒင်ဆရာရဲ့ ဟောပြောချက်တွေကတော့ မှန်နေပါပြီ။

ယခု မနေ့တစ်နေ့က မြဝတီမှ ဆုပေးလိုက်သည့် ဝတ္ထုတိုလေးအား အများမျှဝေခံစားနိုင်ရန် ထည့်သွင်းဖော်ပြလိုက်ပါသည်ခင်ဗျား။

✿



www.burmeseclassic.com

www.burmeseclassic.com



လူသေသော်လည်း နာမည်ကမသေပါ

"ဟေး ဖိုးသက်ဦး ဟိုမှာလေ၊ မောင်ရင်ခဏခဏပြောနေတဲ့ ကိုကျင်စံ၊ မြင်ဖူးတယ်ရှိအောင် ကြည့်ထား"

မော်လမြိုင်စစ်ဆေးရုံတွင် ငှက်ဖျားရောဂါကြောင့် ဆေးရုံတက်နေသည့်ကာလ၏ နေ့တစ်နေ့နံနက်ခင်း၌ ဆောင်းတွင်းနေခြည် နွေးနွေး၏ အရသာလေးဖြင့် အတွေးကောင်းနေစဉ် တစ်ခန်းတည်း အတူနေ ဗိုလ်ခင်ငြိမ်းက ကျွန်တော့်အား ရုတ်တရက် အထက်ပါအတိုင်း ပြောလိုက်၏။

အသားဖြူဖြူ ပိန်ပိန်သွယ်သွယ်နှင့် ဗိုလ်ကြီးအဆင့် ကြည်းတပ်ယူနီဖောင်းဝတ်ထားသည့် အသက်သုံးဆယ်အရွယ် အရာရှိတစ်ဦးသည် ရဲမေအချို့အား နှုတ်ဆက်ထွက်ခွာသွားသည်။

"ဩော်၊ ဒီဖြူဖြူပိန်ပိန်သွယ်သွယ်လေးက သိပ်နာမည်ကြီးနေတဲ့ ဗိုလ်ကျင်စံဆိုတာပါလား။ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

၁၉၅၂ ခုနှစ်၊ ကျွန်တော် မော်လမြိုင်ဒေသရောက်ပြီး မကြာမတင်မှာပင် ဗိုလ်ကျင်စံနာမည်ကို စပြီးကြားရ၏။ နောက်တော့ ဆက်ခါဆက်ခါ ကြားလာရသည်။ မကြာသေးမီကလည်း–

"ရန်သူ့တပ်မဟာ (၁) ဌာနချုပ်ကို ဗိုလ်ကျင်စံနဲ့ ကွန်မန်ဒိုတပ်ခွဲက ဝင်စီးလိုက်နိုင်သတဲ့၊ အလောင်း၊ လက်နက်တွေ တစ်ထမ်းကြီး ရလိုက်သတဲ့"

"ဟာ၊ တယ်ဟုတ်ပါလား"

ရန်သူ့တပ်မဟာ(၁)ကား သထုံခရိုင်တွင် အလွန်စွာ၏။ ဒုံသမိချောင်းရိုး၊ ဘီးလင်းမြစ်ရိုးတွင် "တပ်မဟာ (၁) ဟေ့" ဆိုက အားလုံးက လက်ရှောင်ကြရသည်။ ဟိုအရင်တပ်မင်းကြီးလင်းထင် ရှိကတည်းက လင်းထင်တို့၊ ဆလံတို့ဆိုသည်ကား နာမည်ကြီး Fighter တွေ၊ သူတို့ မရှိသည့်နောက်ပိုင်းတွင်ကား ထွန်းမြင့်၊ ကျော်ဟိုး၊ ဗိုလ်ကြာစသည့်





အတွဲများက မြန်မာ့တပ်မတော်ကို အလွန် အလုပ်ပေး၏။ သူတို့တာ ရန်ကုန်–မော်လမြိုင် ရထားလမ်းမြောက်ခြမ်းရှိ တောတောင်လျှိုမြောင်များတွင် ခိုအောင်းရင်း လစ်ရင်လစ်သလို မြို့ရွာများကို ဝင်ရောက်စီးနင်း တိုက်ခိုက်၏။ မြန်မာ့တပ်မတော်မှ စခန်းငယ်လေးများကို အပိုင်တိုက်တတ်၏။ တပ်မတော်က တပ်တွေထိုး သောအခါ မြောက်ဘက်မဲဝိုင်အထိ တက်သွားတတ်၏။

"သူစုလျှင်ကိုယ်ခွဲ သူခွဲလျှင်ကိုယ်စု" ဆိုသည့် ပြောက်ကျားသီအိုရီအရ အစုကလေးများခွဲပြီး၊ ကိုယ်ယောင်ဖျောက်သွားတတ်၏။ ဒေသခံ တောကြက်တောငှက်များမို့ သူတို့နောက်လိုက်ရသည်ကလည်း မလွယ်၊ နောက်ကထက်ကြပ်လိုက်လို့ လွတ်ပုံမပေါ်လျှင် သေနတ်ဖွက်ပြီး လူထု ကြားမှာ ဖဲရောနောကိုယ်ယောင်ဖျောက်လိုက်၏။ အလွန်လွယ်ပါသည်။ ဒေသခံပြောက်ကျားဆိုတော့ လူထုနှင့်က ရေနဲ့ငါးပမာ လုပ်လို့လည်းရ၏။ မချစ်ရင်တောင် အကြောက်တရားနှင့် စိုးမိုးထား၍ လူထုကလည်း သူတို့ကို အောင့်အည်းသည်းခံနေရ၏။

တပ်မဟာ (၁) ၏ ဒုက္ခပေးမှုကို ကျောင်းဆင်းခါစ ဗိုလ်ပေါက်စလေးဘဝမှာ ကျွန်တော် အတော်ခံရဖူး၏။ ကတိုင်တိစခန်း တာဝန်ယူခဲ့ရစဉ်က ကျွန်တော့်ကွပ်ကဲမှုအောက်မှ ကတိုင်တိရဲစခန်းမှူး ဦးချစ်တင်နှင့် တပ်သားလေးငါးယောက် တပ်မဟာ (၁) လက်ချက်ဖြင့် ကျဆုံးခဲ့ဖူး၏။ ကညင်ဒုံရဲစခန်းကိုလည်း နှစ်ကြိမ်တိုင် ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီး ရဲစခန်းမှူး ဦးရွှေတီးနှင့် ဦးစောလုံတို့အား အပြတ်ရှင်းသွားကြ၏။ သေနတ်တွေ ပါသွားသည်။ ဒါသာမက တစ်ဦးချင်းအရပ်ဝတ်ဖြင့်လာ၍ စစ်သည်များကို ချောင်းမြောင်း ပစ်ခတ်၏။ ကတိုင်တိတွင် တပ်သားမြဟန် ကျဆုံးခဲ့ရသည်။ ဂျီသရီးတစ်လက် ပါသွား၏။ တပ်မဟာ (၁)ကြောင့် စိတ်ညစ်ရပေါင်းများပါပြီ။

ထိုတပ်မဟာ (၁) ကို ဦးကျိုးသွားအောင် နှိမ်နင်းနိုင်သူကား ကျွန်တော်တို့ တပ်မတော်မှဗိုလ်ကျင်စံသာတည်း။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျွန်တော်နှင့် ရှေ့ဆင့်နောက်ဆင့်ပင် မော်လမြိုင်ဒေသသို့ ရောက်လာ၏။

သူရောက်ခါစက တပ်မဟာ (၁) မှ ကျိုက်ထီးရိုး တောင်ပေါ်တွင် ဘုရားဖူးများကို ဓားပြတိုက်၏။ ဈေးဆိုင်များကို ဆက်ကြေး ကောက်၏။ ထို့နောက် အားရအောင် စားသောက်နားနေပြီ။ တောင်ပေါ်က အဆင်း တွင်–

''မင်းတို့ ဗမာ့တပ်မတော်ကို သွားပြောစမ်းပါကွာ၊ တို့တပ် မဟာ (၁) က သတ္တိရှိရင် လိုက်ခဲ့ဖို့ မှာသွားတယ်လို့''

ဟု မခန့်လေးစား ပြောသွား၏။ သူတို့သည် ဝင်းတလုပ် တိုက်ပွဲ၌ အောင်မြင်မှုရထားသဖြင့် စစ်မာန်လည်း အလွန်ယစ်နေ၏။ ထိုသတင်းကို ကျိုက်ထိုရောက်ခါစ ဗိုလ်ကျင်စံက ကြားလျှင်ကြားချင်း တပ်ရင်းမှူးထံ ခွင့်တောင်းပြီး သူ့လူနည်းနည်းဖြင့် လိုက်သွား၏။ နောက်ကမလိုက်ဘဲ ဖြတ်လမ်းကသွား၍ လာမည်ထင်သည့်လမ်းက ကြိုစောင့်လိုက်၏။ ကျိုက်ထီးရိုးကဆင်းသွားပြီး တစ်နေပင် မကုန်လိုက် ပါ။ ဓမ္မန္တရာယ်များနှင့် ဗိုလ်ကျင်စံတွေ့ကြရာ လက်မြန်ခြေမြန် ဗိုလ်ကျင်စံ၏လက်ချက်ဖြင့် ရန်သူလေးငါးဆယ်ဦး ကျဆုံး၍ ဘုရားပေါ်က တိုက်ရာပါ ပစ္စည်းများ အားလုံး ပြန်ရလိုက်၏။

ရန်သူကလည်း အလွန်အံ့သြသွားသည်။ မြန်မာ့တပ်မတော်က တစ်ခါမှဒီလောက်မြန်တာ သူတို့မတွေ့ဘူးသေး။ ဒါလောက် မြန်မြန် လိုက်လာနိုင်တာ ဘယ်သူပါလိမ့်။ သူတို့ကို ထိပ်ပြခေါင်းကွဲနှင့် အရှက် တကွဲ အကျိုးနည်းဖြစ်အောင်လုပ်တာ ဘယ်သူပါလိမ့်။

''တခြားသူ ဟုတ်ရိုးလား၊ ကျိုက်ထိုက ဗိုလ်ကျင်စံတဲ့ဟေ့''

ထိုတစ်ချီတည်းနှင့်ပင် လူထုကြား၌ ဗိုလ်ကျင်စံနာမည် ဟိုးဟိုး ကျော် သွားပါလေတော့သည်။ ဗိုလ်ကျင်စံကား စကတည်းက နိုင်ပွဲနှင့် လာသူတည်း။





ဗိုလ်ကျင်စံသည် ပြောက်ကျားစစ်နည်းဗျူဟာတွင် အလွန် တော်၏။ သူ့လက်နှစ်ဖက်လုံး၏ အင်္ဂါကြိုဟ်ခုံ အဖိုအမတွင် ''စတား'' ပါသည်ဆို၏။ ထို့ကြောင့် စစ်နှင့် အလွန်အကျိုးပေးသူဖြစ်၏။ ဒါ့သာမက သောကြာဂြိုဟ်ခုံ၌လည်း သံဆန်ခါကွက်များပါ၏။ ဒါက ဆန့်ကျင်ဘက် လိင်များကို ဆွဲဆောင်မှု အလွန်အားကောင်းသည့် လက္ခဏာဖြစ်၏။ ထိုလက္ခဏာများက ဗိုလ်ကျင်စံကို အမြဲတမ်း လှုပ်ရှားသွားလာနေစေ၏။ ဗိုလ်ကျင်စံကား အားရင်စစ်တိုက်ရန် စိတ်ကူးနေသူသာဖြစ်၏။ စစ် မတိုက်ရရင် စာရေးနေတတ်၏။ စစ်ပညာဂျာနယ်တွင် စာရေးဖူးရာ သူ၏ ''ရန်သူ့စခန်းများကို တစ်ကြောင်းထိုး ချီတက်တိုက်ခိုက်နည်း'' ဆိုသည့် စစ်ဆောင်းပါးက ကျွန်တော်တို့ မော်လမြိုင်ဒေသရောက် အရာရှိငယ်များ အလွန်စံထားရသည့် ဆောင်းပါးပင်။

မည်သည့်တပ်မတော်ဖြစ်ဖြစ် စစ်ချီစစ်တက်လုပ်သည့်အခါ Formation ဖြင့် မချီတက်နိုင်ပါ။ Formation ခေါ်ပုံစံဖြင့် ချီတက်ခြင်း အား စစ်ရေးပြများတွင်သာ သုံးပါသည်။ တကယ်တမ်း ချီတက်သည့် အခါ တန်းပျက်ပုံဖြင့် တစ်ကြောင်းထိုးချီတက်ကြရသည်သာ များပါ သည်။ ထိုတစ်ကြောင်းထိုးနည်းဖြင့် ရန်သူ့စခန်းငယ်များကို ဗိုလ်ကျင်စံ တာ စီးနင်းတိုက်ခိုက်ပြီး အောင်ပွဲအကြိမ်ကြိမ် ရခဲ့ပြီးပြီ။

''တစ်ကြောင်းထိုးချီတက်တဲ့အခါမှာ ပွိုင့်သမားကို ရဲဘော် မထားနဲ့ကွ ဒုတိယတပ်ကြပ်၊ တပ်ကြပ်ထား။ သူက အတွေ့အကြုံရှိရင် တယ်။ ပြီးတော့ ကာဘိုင်ကိုင်ထားတာဆိုတော့ လှုပ်ရှားမှုကောင်းပြီး ဒိုပြီး ဖျတ်လတ်တယ်။ ဒါကြောင့် ရန်သူနဲ့တွေ့ရင် လက်ဦးအောင် ပစ်နိုင်ခတ်နိုင်တာပေါ့ကွာ''

''တစ်ကြောင်းထိုးတိုက်ပွဲက အကြာကြီးတိုက်ရမှာ မဟုတ်ဘူး မိနစ်ပိုင်းအတွင်း အပြီးသတ်ရမှာ။ ဒါကြောင့် တိုက်ပွဲဝင်စစ်သည် အားလုံး ပထမတန်းကျည်ပဲယူပြီး ပေါ့ပေါ့ပါးပါး မြွေလိုလက်လို အသံမပြည်ဘဲ ချီတက်နိုင်အောင်လုပ်ပါ။ မလိုတာတွေ ဘာမှမယူသွားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် ဟန်းကောတို့ဘာတို့တောင် မယူဘဲ နေနိုင်ရင်ကောင်းတယ်။ ကိုယ်ဆိုရင် ထမင်းထုပ်နဲ့ ပလပ်စတစ်ရေခွက်ပဲပါတယ်''

''ရန်သူရဲ့ ရွှေကျင်နဲ့မဲပိုင်ကြားမှာရှိတဲ့ တပ်ရင်း (၁၉) ဌာနချုပ်ကို ဝင်တိုက်ခဲ့တုန်းက ကိုယ့်မှာ M-16 တစ်လက်၊ စောင်ကျားတစ်ထည်၊ ထမင်းထုပ်တစ်ထုပ်နဲ့ ရေဘူးတစ်လုံးပဲပါတယ်။ တောစီးဖိနပ်မစီးဘူး။ ညှပ်ဖိနပ်ပဲစီးတယ်။ လိုအပ်တဲ့နေရာမှာ ဖိနပ်ချွတ်ပြီး Barefoot လျှောက်တယ်။ ထမင်းကတော့ လုံးဝမချက်ရဘူး။ စကားမပြောရဘူး။ ရေမချိုးရဘူး။ ဆေးလိပ်မသောက်ရဘူး။ ပါတဲ့ထမင်းထုပ်ကို ဖြေစားပြီးရင် လက်စသိမ်းဖျောက်ဖျက်ခဲ့၊ နားတဲ့ စားတဲ့နေရာမှာ ဘာခြေရာလက်ရာမှ မကျန်ခဲ့ရဘူး။ ယုတ်စွအဆုံး အခင်းကြီးသွားတာတောင် ကျင်းကလေးတူး သွားပြီးရင် အပေါ်က မြေပြန်ဖုံးခဲ့။ အဲဒီလိုလုပ်အပင်ပန်း အဆင်းရဲခံပြီးမှ ဝင်တိုက်ခဲ့တာ၊ ဒါကြောင့်လည်း စခန်းကြီးတစ်ခုလုံး စီးမိပြီး လူ၊ လက်နက်တွေအများကြီး ရခဲ့တာပေါ့''

''သူတို့စခန်းကြီးအတိုက်ခံရတယ်လည်း ကြားရော၊ တပ်မဟာ (၁) က သူ့လူတွေအကုန်စုပြီး၊ တို့ ကျိုက်ထိုအပြန်မှာ တိုက်နိုင်အောင် ပြန်မယ့်လမ်းအကုန်လုံးမှာ တပ်ဖြန့်ထားတယ်။ တပ်မဟာ (၁) က လူအင်အားတောင့်တယ်ကွ၊ အားလုံးစုလိုက်လို့ ဒေသခံပြောက်ကျားတွေပါ ပေါင်းရင် လူတစ်ထောင်ထက်မနည်းဘူး''

''အဲဒါနဲ့ ကိုယ်လည်းမဖြစ်ချေဘူးဆိုပြီး၊ မဲပိုင်ကနေ ရွှေကျင်ဖောက်ထွက်၊ ရွှေကျင်က ရထားစီးပြီး ကျိုက်ထိုကို ပြန်ခဲ့တော့တာပဲဟေ့။ ရန်သူမထင်တာ လုပ်လိုက်တာပေါ့ကွာ၊ ဒီကောင်တွေ တောက်တခေါက်ခေါက်နဲ့ ကျန်ခဲ့တော့တယ်''

ဤသည်တို့ကား မော်လမြိုင်တွင် ဖွင့်လှစ်သည့် ကွန်မန်ဒိုသင်တန်း၌ သင်တန်းမှူးတာဝန်ယူထားသော ဗိုလ်ကြီးကျင်စံမှ သင်တန်းသား အရာရှိငယ်များကို ပို့ချစဉ်ကပြောခဲ့သည့်စကားများ ဖြစ်၏။ ထိုစဉ်က ကျွန်တော်တို့တပ်မှ ဗိုလ်ကောက်တင်၊ ဗိုလ်သန်းမောင်ဝင်း၊ ဗိုလ်တင်ငွေတို့ သင်တန်းသွားတက်ကြရ၏။

ဗိုလ်တင်ငွေက ဗိုလ်ကြီးကျင်စံကို အန္တေဝါသိက တပည့်ခံထားသူမို့ မော်လမြိုင်သင်တန်းက နားရက်ရ၍ တပ်ပြန်လာတိုင်း သူ့ဆရာအကြောင်း အားပါးတရ ပြောတတ်၏။ ယခုလည်း ဒါတွေကို သူပြော၍ သိရပါသည်။

စစ်ရေးစစ်ရာတွင် သတင်းရရှိရေးက အလွန်အရေးကြီး၏။ သတင်းရမှ တိုက်ပွဲကို ဖော်ထုတ်နိုင်၏။ ဗိုလ်ကျင်စံက သတင်းရရေးကို နည်းမျိုးစုံသုံး၏။ အမာခံမွေး၏။ အထောက်တော်လွှတ်၏။ ပေး၏။ ကျွေး၏။ မွေး၏။ ရသည့်သတင်းကို အနက်ကောက်၏။ တည်ဆောက်၏။ အဓိပ္ပာယ်ဖွင့်ဆို၏။ ပြီးမှ တိုက်ပွဲဖော်ထုတ်ရေးကို ဆောင်ရွက်၏။ သတင်းရရေးက အဓိကမို့ သတင်းကို ကလေးနှင့်အဘိုးကြီး၊ အဘွားကြီးများ၊ ယုတ်စွအဆုံး ရဟန်းတော်များထံမှပင် ဥပါယ်တံမျဉ်ဖြင့် ရအောင်ယူနိုင်ခဲ့၏။ ထိုနည်းဖြင့် တစ်ခါက ပျဉ်းမပင်ဆိပ် ဘုန်းကြီးကျောင်းတွင် ရှပ်ခေါင်းမိုးပေါ် တက်ပုန်းနေသည့် ရန်သူ့ဆက်ကြေး တာဝန်ခံတစ်ဦးနှင့် ရန်သူ၏လက်နှိပ်စက်အပါအဝင် ရုံးသုံးပစ္စည်းများကို ပစ္စတိုသေနတ်တစ်လက်နှင့်အတူ ဖမ်းဆီးရမိဖူး၏။

နောက်ဆုံးကုန်ကုန်ပြောရပါက သတင်းရရေးအတွက် သူ၏သက္ကတာမှ သောကြာဂြိုဟ်ခုံရှိ အတွင်းအားကိုပင် သူ အသုံးချခဲ့သည်ဟုဆို၏။ Venus ခေါ် သောကြာဂြိုဟ်ခုံက သူ့အား အကြံကုန်နေသည့်အခါများ၌ ဂျွန်ဆားချက်နိုင်အောင် ကူညီခဲ့ဖူးသည်ဟု ကျွန်တော်အကြိမ်ပေါင်းများစွာ ကြားခဲ့ဖူးပါသည်။

Everything is right in love and war.

''စစ်နဲ့အချစ်မှာ အားလုံးတရားတယ်''ဆိုသည်မဟုတ်ပါလားခင်ဗျား။







www.burmeseclassic.com

တပ်မဟာ (၁) ဌာနချုပ်ကို ဝင်မစီးခင်က ဗိုလ်ကျင်စံနှင့် အဖွဲ့သည် ရန်သူတပ်ခွဲမှူး ဗိုလ်ကြီးစောလုပ်နှင့် လူအင်အား ၂၀ ညအိပ်အခြေပြုနေသည့် တောတွင်းစခန်းတစ်ခုအား S. R. P လျှောက်ပြီး စခန်းအနီးသို့ ရောက်သွားသောအခါ Crawling ဖြင့် တွားတက်၍ အနီးကပ် ပစ်ခတ် ချေမှုန်းခဲ့၏။ ဗိုလ်ကြီးစောလုပ် အပါအဝင် စခန်းတွင်းရှိရန်သူအားလုံး ကျဆုံးသွား၏။ အပေါ့အပါး သွားနေသူတစ်ဦးသာ ကံကောင်းထောက်မ၍ လွတ်သွား၏။ ထိုသူ သတင်းပြန်ပို့နိုင်၍သာ တပ်မဟာ (၁) က သူတို့ အလွန်အားထားရသည့် Fighter ဗိုလ်ကြီးစောလုပ် ကျဆုံးသွားကြောင်း သိရတော့၏။

ထိုအခါ တပ်မဟာ (၁) က အောက်ပါအတိုင်း အမိန့်ထုတ်ရ တော့သည်။

"ကျင်စံ ခေါ် ကျည်ဆန်၏ သတင်းရရှိပါက သင်တို့သည် အနည်းဆုံး (၁၀) မိုင် အကွာမှ ရှောင်တိမ်းရန်၊ ဖြစ်နိုင်က မိုင် ၂၀ ခန့် အကွာထိ ရှောင်တိမ်းရန် ညွှန်ကြားသည်"

"ရန်သူကတောင် ဗိုလ်ကျင်စံကို နာမည်ပေးလိုက်ပါပြီ၊ ဘာတဲ့ ကျင်စံ ခေါ် ကျည်ဆန်တဲ့ဟေ့"

ထိုကဲ့သို့ ရန်သူကပင် ဖိမ့်ဖိမ့်တုန်အောင် ကြောက်နေရသည့် ဗိုလ်ကြီးကျင်စံသည် မော်လမြိုင်ဒေသမှ တစ်ဆင့်မြှင့်ရာထူးဖြင့် မြန်မာ နိုင်ငံအလယ်ပိုင်းသို့ ပြောင်းရွှေ့သွားခဲ့ရ၏။ ကျွန်တော့်အရင် ပြောင်းသွား ခြင်းဖြစ်ပါသည်။ သူ့တပည့်ဖြစ်ခဲ့ဖူးသည့် အရာရှိငယ်များနှင့် ကျွန်တော် တို့တစ်တွေ ကိုကျင်စံအကြောင်းအား ကြုံတိုင်းဆုံတိုင်း ပြောပြီး သူ့ကို လွမ်းကာကျန်ရစ်ခဲ့ကြ၏။

"တို့ ပြောက်ကျားခေါင်းဆောင်ကြီးတော့ အရှေ့မြောက်ဗကပနဲ့ တွေ့နေပြီထင်တယ်။ ဘယ်လိုများ နေမှာပါလိမ့်"





သမားရိုးကျစစ်နှင့် ပြောက်ကျားစစ်မှာ ကွဲပြားခြားနားလှ၏။ မော်လမြိုင်ဒေသရှိ ရန်သူကဒေသခံလူမျိုးစု သူပုန်များဖြစ်၍ ပြောက်ကျားစစ်ထက် ပိုပြီးလှုပ်ရှားနိုင်မှု များများစားစားမရှိ၊ ၎င်းတို့ ဗဟိုနှင့်ဝေးသော ဒေသများ၌ကား ပြောက်ကျားလှုပ်ရှားမှုများသာ ဆောင်ရွက်နိုင်ကြ၏။ ထိုပြောက်ကျားများကို ပြောက်ကျားပါရဂူ ဗိုလ်ကျင်စံက ခေါင်းမဖော်နိုင်အောင် နှိပ်ကွပ်နိုင်ခဲ့၏။ လူအင်အား များများစားစားနှင့် လက်နက်ကြီးပစ်အားကောင်းသော ဗကပများကို လည်း နောင်တော်ကြီးကိုကျင်စံ အောင်ပွဲခံမည်ဟု ကျွန်တော်တို့ယုံကြည် မျှော်လင့်ထားကြပါသည်။

သူပြောင်းသွားပြီး တစ်နှစ်ကျော်ကျော်ကြာသွားပြီ။ ကျွန်တော်တို့ လည်း ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေကြ၏။ မော်လမြိုင်မှ ထားဝယ်ဘက် ဆင်းရ၍ သတင်းဆက်များပြတ်နေကြ၏။ ထားဝယ်ဘက်တွင် လပေါင်း အတော်ကြာပြီး မော်လမြိုင်ပြန်ခဲ့ရသည်။ ခရီးရောက်မဆိုက်ဝင် တိုင်းကွန်မန်ဒို၌ တွဲထားသည့် ဗိုလ်တင်ငွေကဆီးပြော၏။

"အစ်ကိုရေ၊ နောင်တော်ကြီးကိုကျင်စံ ကျသွားပြီဗျာ"

"ဟေ ဟုတ်လား၊ ဘယ်မှာလဲ ဟ"

"ကျိုင်းတုံနားမှာ ဗကပတပ်မဟာစခန်းကြီးကို တိုက်ရင်း ကျသွားတာတဲ့၊ ဗကပတပ်မဟာမှူးကိုတောင် လက်ရဖမ်းနိုင်တော့တဲ့ ဒါပြီးမှ လက်နက်ကြီးထိတာတဲ့ တိုင်းကပြောတာပဲလေ"

ဗိုလ်တင်ငွေက ဝမ်းနည်းခြင်းကြီးစွာဖြင့်ပြောရာ ကျွန်တော့်မှာ ကိုယ်ကြည်ညိုလေးစားနေသူတစ်ဦး ကျဆုံးသွားမှုအတွက် များစွာ ကြေကွဲရတော့သည်။ တပ်မတော်အတွက် ကြီးမားသော ဆုံးရှုံးမှုကြီး ပေပဲ။

"စွမ်းရည်ဘွဲ့ တင်ပေးထားသတဲ့"

"သွားပေဦးတော့ နောင်တော်ကြီးရေ၊ ရဲသော်မသေ သေသော် ငရဲမလားပါ"

www.burmeseclassic.com



တောင်ကြီးမှ ကျိုင်းတုံသို့တက်သည့် စစ်ယာဉ်တန်းကြီးက ယနေ့နံနက် မိုင်းပျဉ်းကထွက်၏။

"ဗိုလ်မှူး၊ ဟိုကတောင်တန်းပြာပြာကြီးတွေ မြင်လား"

"အင်း မြင်တယ်"

"အဲဒီနေရာဟာ ငှက်ဥငှက်ကာ ဒေသလေ၊ အဲဒီမှာ ကျွန်တော်တို့ ဗိုလ်မှူးကျင်စံ ကျသွားတာပေါ့"

နောက်ဆုံးက Brake down ကားနှင့်အတူ လိုက်ပါလာသည့် ကျွန်တော့်အား ခွဲထောက်တပ်ကြပ်ကြီး မောင်သောင်းက ပြည်ထောင်စု လမ်းမကြီး၏ မြောက်ဘက်ဟိုးအဝေးဆီက ပေလေးငါးခြောက်ထောင် မြင့်သည့် အရှေ့ရိုးမ တောင်တန်းပြာပြာကြီးများကို လှမ်းကြည့်ရင်း ပြော၏။

ဗိုလ်မှူးကျင်စံ နောက်ဆုံးနေခဲ့သည့် မြေလတ်တပ်ရင်းသို့ ကျွန်တော်လည်း တစ်ဆင့်မြင့်ရာထူးဖြင့် ရောက်နေခဲ့သည်မှာ တစ်နှစ်ကျော် နှစ်နှစ်နီးပါးရှိပါပြီ။

"ကျွန်တော်တို့စစ်ကြောင်းက စသွားတုန်းကတော့ သတင်းထောက်ရုံပါ။ ရန်သူ့တပ်မဟာဌာနချုပ်ကြီးတစ်ခု တောင်ဘက်ကို ဆင်းလာတယ်၊ အဲဒါဟုတ်မဟုတ်စုံစမ်းဖို့ အထက်အမိန့်အရ ဗိုလ်မှူးကျင်စံနဲ့ စစ်ကြောင်း (၂)ကို တာဝန်ပေးလိုက်တာ၊ ဗိုလ်မှူးကလည်း လက်ရွေးစင်လူထုတ်ပြီး ဗိုလ်ကြီးခင်ညို့နဲ့ထွက်သွားတာ၊ ကျွန်တော့်လည်း ဟော့ ကရင်လေးမောင်သောင်း၊ မင်းလည်းလိုက်ခဲ့ဆိုတော့ ပါသွားတာ။ ကျွန်တော်တသူ့အနီးကပ်ပေါ့ ဗိုလ်မှူးရာ"

"ပြောပါဦး"

"တစ်နေ့နဲ့တစ်ည ချီတက်ရတယ်။ ဒီဘက်ကလည်း ဗိုလ်မှူး သိတဲ့အတိုင်း သက်ငယ်တောကြီးပဲ၊ တောတိုးပြီး သူ့တစ်ကြောင်းထိုးနည်းအတိုင်း သူကိုယ်တိုင် ရှေ့က ချီတက်သွားတာ၊ ဘွားခနဲ ရန်သူ့တပ်မဟာ ဌာနချုပ်ကို တည့်တည့်ကြီးတိုးတော့တာပဲ"



"ဗိုလ်မှူးတိုက်မလား၊ ပြန်မလား"

"ကျွန်တော်တို့က သတင်းထောက်ရုံလာတာ၊ မတိုက်လည်း ရတယ်"

"ည လရောင်အောက်မှာ ရန်သူ့စခန်းကြီးကိုမြင်တော့ ဗိုလ်မှူးကျင်စံက မရိုးမရွ ဖြစ်လာတယ်ထင်ပါရဲ့"

"ဘာပြောလဲ"

"ဟ၊ ရန်သူ့စခန်းတွေ့မှတော့ မတိုက်ဘဲလှည့်ပြန်တဲ့ရာဇဝင် ငါ့မှာ မရှိဘူးကွ၊ ဘာပဲဖြစ်ဖြစ်တိုက်မယ်၊ အခုမှတော့ တစ်သက်လုံး လုပ်လာတာ နာမည်ပျက်မခံနိုင်ဘူး"

"ကျွန်တော်တို့ လူအင်အားနဲ့ဖြစ်ပါ့မလားဗိုလ်မှူးလို့ မေးတော့"

"ဟ၊ အင်အားနည်းတာများတာ ပဓာနမဟုတ်ဘူး။ လုပ်ရည်ကိုင်ရည်က ပဓာနပါကွာ။ တို့က ကွန်မန်ဒိုကွ။ ငါကိုယ်တိုင် ဦးဆောင်တိုက်မယ်ဆိုပြီး အတင်းဝင်တိုက်တာ"

"မတိုက်ခင်မှာလည်း ပြောသေးတယ်။ ဒါတို့ပြည် တို့မြေကွ၊ တို့ဘိုးဘွားအမွေအနှစ်တွေ၊ ဗကပကပြည်ပဩဇာခံ၊ ပြည်ပအကူအညီနဲ့ ပြည်ပအားကိုးပုဆိန်ရိုးကွ၊ ချကိုချမယ်ဆိုပြီး ပါတဲ့လူလေး လေးငါးဆယ်နဲ့ ရန်သူ့တပ်မဟာစခန်းကြီးကို စီးတော့တာပါပဲ"

"ရုပ်ရှင်ထဲကလိုပေါ့ ဗိုလ်မှူးရာ၊ ညတိုက်ပွဲဆိုတော့ ရှုပ်ယှက်ခတ်နေတာပါပဲ။ ရန်သူ့တပ်သားတွေ အတော်ကျဆုံးပြီး၊ ရန်သူ့တပ်မဟာမှူးကြီးနဲ့ လက်နက်တိုက်ကြီးကို သိမ်းမိတယ်။ ဒါလောက်ကြီးတဲ့ လက်နက်တိုက်ကြီးလည်း မတွေ့ဘူးတော့၊ အားလုံးက မင်းသက်မိကုန်တာပေါ့၊ M21 နဲ့ M22 သေနတ်တွေဆို အလက်ပေါင်း ရာချီတယ်။ လက်ပစ်ဗုံးတွေလည်း တစ်ပုံကြီးပဲ၊ ဗကပတပ်မဟာမှူးကြီးက သူနိဖောင်းတောင် မချွတ်နိုင်သေးဘူး။ လည်ပင်းမှာ ကော်ဟာတံဆိပ်အနီကြီးနဲ့ ညစာစားနေတုန်း အဖမ်းခံရတာ"

www.burmeseclassic.com

www.burmeseclassic.com



"သေနတ်သံတွေ ဆူညံသွားတော့ အစပထမမှာ ဗကပ တအုံ တသြနဲ့ ကစဉ့်ကလျားဖြစ်ရော၊ ကျွန်တော်တို့လည်း လူပြန်စုရင်း နည်းနည်း အချိန်ကြာသွားတယ်။ ဗကပတပ်မဟာမှူးကလည်း ဗမာစကားတောင် မတတ်ဘူး။ ဘူးသီးငါးပေါင်းကြော်လေ၊ အဲဒါ စစ်ဆေးနေတုန်း ကုလီကူမာနဲ့ သေနတ်ဆွဲပြန်ခုခံလို့ ဗိုလ်မှူးကျင်စံ ကိုယ်တိုင်ပစ်လိုက်တာ ကျသွားရော၊ သူ့ဘေးနားက ဆက်သွယ်ရေး စက်ကလည်း ခေါ်နေတာ တကြော်ကြော်ပဲ၊ ရန်သူ့တပ်မဟာမှူး ကျသွားတော့ ကျွန်တော်တို့က ရတာကောက်ပြီး ရန်သူ့ဝှက်စာတွေ စက်တွေ သယ်ပြီးပြန်ဆုတ်ဖို့ တင်ပြတော့ ဗိုလ်မှူးကျင်စံက နေပါဦးကွ ပိုက်စိပ်တိုက်ပြီး ရှင်းကြသေး တာပေါ့ဆိုပြီး ရန်သူ့တဲတစ်လုံးပြီတစ်လုံး ၃ . ၅ လောင်ချာနဲ့ သူကိုယ်တိုင် အတင်းဝင်ပစ်တော့တာပဲ၊ ဒါနဲ့ အချိန်လင့်လာရော၊ အဲဒီကုန်းကြီးမှာ ရန်သူ့အင်အားက ထောင် ဂဏန်းလောက်ရှိတာ ရန်သူက လက်နက်ကြီးနဲ့ ပြန်ပစ်လာတယ်။ လက်နက်ကြီးကျည်တွေ မိုးမွှန်အောင်ကျလာမှ ရှေ့မတိုးနိုးဘဲ ပြန်ဆုတ်ခဲ့ကြရတာ"

"ဗိုလ်မှူးကျင်စံက ဘယ်မှာကျသွားတာလဲ"

"ပြန်အဆုတ်တောင်ခြေမှာ လက်နက်ကြီးထိပြီး ကျသွားတာ ကျွန်တော့်ဘေးမှာပဲ၊ သူကသိပ်ပြီး ရန်သူ့ပစ်အားများလာတော့ ကိုခင်ညို ခေါင်းဆောင်ပြီး မင်းတို့ရှေ့ကဆုတ်သွားနှင့် ငါနောက်က ဟန့်စစ်ဆင်ပြီး လိုက်ခဲ့မယ်ဆိုပြီး ဆုတ်လာတာ၊ ကံဆိုးချင်တော့ သူနေရာယူထားတဲ့ တောင်ခြေက ကတုတ်ကျင်းဟောင်းလေးမှာ ရန်သူ့ လက်နက်ကြီးကျည်တည့်တည့်ထိပြီး ကျသွားတာ"

"အလောင်းကိုရော"

"ပြန်မသယ်နိုင်လို့ အဲဒီမှာပဲ မြှုပ်ခဲ့ရပါတယ်။ တကယ်တော့ ငယ်သားတွေအတွက် သူ့အသက်ကို အသေခံသွားတာပါ။ သူဆုံးသွားတော့ ကျွန်တော်တို့တစ်တွေ ငိုကြရတာပေါ့"



ဆရာမောင်သောင်းက မြောက်ဘက်တောင်တန်းပြာပြာကြီး တွေဆီကို ငေးရင်း ဆွေးဆွေးမြည့်မြည့် ပြောပြနေ၏။

"သေတူရှင်ဘက် ဆောင်ရွက်မကောင်း
အချင်းချင်းတွင် အခင်းကြီးငယ်
ရှိခါဝယ်လည်း မဒယ်မသွေ
ညီညာကုန်း၍ ရှန်းကြလေ"

(ရှင်မဟာသီလဝံသ)

BURMESE CLASSIC

ဩော် သေတူရှင်ဖက်တွေဆိုတော့ ဆရာမောင်သောင်းတို့ တစ်တွေ ငိုကြပေမပေါ့၊ ကျွန်တော်ပင်လျှင် ဒီဇာတ်လမ်းကို ကြားရ တော့ မျက်ရည်လည်ချင်ချင်။

ထိုနေ့ညနေတွင် ကားတန်းကြီး ကျိုင်းတုံသို့ဝင်၏။ နောက်ဆုံး က လိုက်ရသည်မို့ အားလုံးစုံကြောင်း ဗျူဟာကုန်းသို့ သွားသတင်း ပို့ရ၏။ ဗျူဟာရုံး၌ အမှတ်မထင် စားပွဲပေါ်မှ သတင်းစာတစ်စောင်ကို ကျွန်တော်သွားလှန်ကြည့်မိ၏။

"လွမ်းဆွတ်သတိရခြင်း
ဗိုလ်မှူးသီဟသူရ ကျင်စံ
(အသက် – ၃၂ နှစ်)
စစ်တက္ကသိုလ် အပတ်စဉ် (–)"

၁၉၈၀ မတိုင်မီကာလများက မြန်မာ့တပ်မတော်တွင် အသက် အငယ်ဆုံး ဗိုလ်မှူးဖြစ်ခဲ့သည့် ဗိုလ်မှူးသီဟသူရကျင်စံ၏ ခုနစ်နှစ် မြောက် အလွမ်းကြော်ငြာလေးကို အမှတ်မထင် ဖတ်လိုက်ရ၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com




သူ့ရဲဘာသာ အသက်ကိုစွန့်မြဲ၊
သူ့ရဲမှုလျက် အသက်ကိုချစ်ဖွယ်မရှိ၊
အသက်ကိုချစ်သော် သူ့ရဲမှုဖွယ်မရှိ၊

သူ့ရဲမှုလျက် အသက်စွန့်သွားသည့် နောင်တော်ကြီး ဗိုလ်မှူး သီဟသူရကျော်စံ ကောင်းရာသုဂတိလားပါစေသတည်း။

၂၉-၄-၂၀၀၅

၂၀၀၆ ခု၊ မေလထုတ် စစ်သွေးမဂ္ဂဇင်းမှ ကူးယူဖော်ပြပါသည်။






www.burmeseclassic.com